**မှတ်ချက်။** ။အာကာသံ သံဝဏ္ဏနာကိုထောက်၍ နိမိတ္တံပုဒ်ကို(အတ္ထုဒ္ဓေသဥ္ အနေကျ) ကောဒေသျှပ်စာ၊ သမုဒ္ဒါယပ္ပစာတင်။

က-ဝါကျ၌ သဥ္ဇာနိ. သလ္လက္ခေသိ-ဖြင့် နိမိတ္တံ အဂ္ဂဟေသိ=အမှတ်အသားကို ယူ၏ဟူသည် ကောင်းစွာသိခြင်း၊ မှတ်မိခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ။နိမိတ္တံ၊(လူဖြစ်စဉ်အခါက မှတ်သားထားဖူးသော) အမှတ်အသားကို။ အဂ္ဂဟေသိ၊ ယူပြီ။ (သဒ္ဒတ္ထ။ ကောင်းစွာသိပြီ၊ မှတ်မိ(အမှတ်ရ)သွားပြီ။ (အဓိပ္ပာယတ္ထ။)

ခ-ဝါကျ၌ နိပါတောဖြင့် နိပါတပဒပြ။ အာရောစနတ္ထဖြင့် နိပါတလိင်္ဂတ္ထပြ။ သို့ဖြစ်၍ နိပါတလိင်္ဂပဒတ္ထ။ ဂ-ဝါကျ၌ အာဘောဂ်သံဝဏ္ဏနာလည်း ယင္ဆေတိ စသည်နှင့်တူပြီ။

**မှတ်ချက်။** ။ဝေဠိဝါကျ မှတ်ဖွယ်ကို ပါ၊ဖြေ။ ၁၅၆-၌ ရေးခဲ့ပြီ။

---

(က) အညတရံ ကုဋ္ဋမူလန္တိ တသ္မိံ ကိရ-လ-ဂဏ္ဍာနိ။(ခ) တဿာ တမ္ပိ အညတရဿ ကုလဿ-လ-ကုဋ္ဋမူလန္တိ ဝေဒိတဗ္ဗံ။ (ဂ) နဟိ ပဗ္ဗဇိတာ-လ-နိသီဒိတွာ ဘုဥ္ဇန္တီ။ ၄၊ ၁၇၅။

### ❁ ဝါကျခွဲနှင့် ကျမ်းတက်

က-ဝါကျတွင် အာသနာနိ စေတ္ထ ပညတ္တာနိ ဟောန္တိ-ဝါကျကား ဝါကျာရမ္ဘဝါကျ။

ဆရာ၊ ဆရာသည် အညတရံ စသောဝါကျဖြင့် ထိုအရပ်၌ အလှူရှင်တို့၏ အိမ်တို့၌ တခုသောအစွန်၌ ဇရပ်တို့ရှိကုန်သောဟု ဆို၏။(ဘာသာပြန်၄ပနာ။) ဤဇရပ်၌ အခင်းတို့မခင်းဘဲ(ပစ်စလက်ခတ်) ထားကြကုန်သလော-ကြောင့် အာသနာနိ စသည်မိန့်။

က-ဝါကျတွင် ဥပဋ္ဌာပိတံ ဥဒကကဥ္စိယံကား ဝါကျာရမ္ဘဝါကျ။ ထို-၍ အာသနာနိဝါကျကား အာရဒ္ဓ။ (အဖြေရှောင်တက်လေ။)

က-ဝါကျတွင် တတ္ထ-လ-ဘုဥ္ဇန္တိ-ကား ဝါကျာရမ္ဘ။ ထို-၍ တသ္မိံ ကိရ -လ-ကဥ္စိယံကား အာရဒ္ဓဝါကျ။

F.14.B

http://www.dhammadownload.com



ခ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၌ က-ဝါကျကား လဒ္ဓဂုဏီယ၊ ဝါ-ကာရဏဝါကျ။

ဂ-ဝါကျကား ကာရဏဝါကျ။ ဝါ-ဗျတိရေကယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို-၌ ခ-ဝါကျကား ဖလ၊ ဝါ-ဗျတိရေကယုတ္တိဒဋ္ဌိယဝါကျ။

ရှင်းလင်းချက်။ ။နာ ဟိ တက်ရာ၊ ဟိနက်မှာ၊ ဟိတ်ပါဒဋ္ဌိစွဲ-နိယံအရ-န ဟိ ချိ၍တက်လာသောဝါကျကို (၁) ဟေတုဝါကျ၊ ဝါ-ကာရဏဝါကျ။ (၂) ယုတ္တိဒဋ္ဌိကရဏဝါကျဟု နှစ်မျိုးခွဲနိုင်သည်။ သာရတ္ထ၊ ၂။ ဂ-၌ ကသ္မာ ပန ဤဒိသာယမေဝ သာလာယ အညတရံ ကုသမူလန္တိ အဃမတ္တော ဝုတ္တောတိ အာဟ "န ဟိ ပဗ္ဗဇိတာ" တိ-ဟု ကျမ်းတက်ပြသည်။ ကသ္မာနှင့် ကျမ်းတတ်ပြသဖြင့် ဂ-ဝါကျကို ကာရဏဝါကျဟု ဆိုသည်။ အကြောင်းပြ နိုင်မြဲစေသဖြင့် ယုတ္တိဒဋ္ဌိကရဏဝါကျဟုလည်း ဆိုနိုင်သည့်ပြင် န ပဋိသေဓ ပါနေ သဖြင့် ဗျတိရေကယုတ္တိဒဋ္ဌိကရဏဝါကျဟုလည်း ဆုံးဖြတ်နိုင်ပေသည်။

### ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ပါဠိ၌ အညတရံ ကုသ္မမူလံဟု သာမညရှိ သည်ကို ဤဒိသာယ သာလာယ အညတရံ ကုသ္မမူလံ (ဤသို့သဘောရှိသောဆွမ်း စားဇရပ်၏ နံရံခြေ)ဟု ဆိုသနည်း။ အညတရံ ကုသ္မမူလံ (အမှတ်မရှိသောဇရပ် ၏ နံရံခြေ) ပင် မဟုတ်လော-ကြောင့် န ဟိ စသည်မိန့်။ (တသ္မာ ဝေဒိတဗ္ဗံ ထိအောင် အနက်ပြန်၍ အဓိပ္ပာယ်ရေးပါ။) (သာရတ္ထ၊ ၂၊ ဂ။ ပါရာ ဂံ၊ သစ်၊ ၂။ ၄၁၉။)

---

### ❀ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

ဒါနပတီနံ။ ။ဒါနဿ ပတယော ဒါနပတီ (တေသံ)။ ဒါနဿ၊ လှူ ဖွယ်ဝတ္ထု၏။ ပတယော၊ ပိုင်ရှင်တို့တည်း။ ဒါနပတီ=တို့။ ဆဋ္ဌီတပ္ပုရိသ်-သမာသ်။ ဒါန+ပတိ။

ဒါန-အရကား လှူဖွယ်ဝတ္ထုသည် မှချ။ ယင်း၏ပိုင်ရှင်နှင့် သံ သာမိ၊ အာရုံ အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဌာနူပစာ။ ဒါနပတိ အရကား အလှူရှင်တို့ရ၏။

မှတ်ချက်။ ။ဒါနပတီနံပုဒ်ကား ဗဟုဝုစ်ပုဒ်ဖြစ်၍ဗဟုဝုစ်ဝိဂ္ဂြိုဟ်ပြုရသည်။ သတိပြု။

† ဒါနပတိ (အံ၊ ၂။ ၃၃-၄) တိ ယံ ဒါနံ ဒေတိ၊ တဿ ပတိ ဟုတွာ ဒေတိ။ (အံ၊ ဋ္ဌ။ ၃။ ၂၀။) ဒါနပတိတိ ဒါနသာမိနော။ (သီ၊ ဋ္ဌီ။ သစ်၊ ၂။ ၇၃။)

---

http://www.dhammadownload.com



## ဓာတုပစ္စယာဒိဝိဘာဂ

**ဃရ**။ ။ဃရဓာတ်+ဏ-ပစ္စည်း။ ဝါ-ဂဟ ။

† ဃရ-သေစနေ ဏော။ ဃရတိ (သွန်းလောင်းတတ်၏) ကိလေသ-ဝဿ (ကိလေသာမိုး) မေတ္ထာတိ ဃရံ။ ဂဃတီတိ ဝါ ဃရံ။ ဂဟဿ ဃရာဒေသော။ ကမ္မနိ ဏော။ (သူစိ။)

**သာလာ**။ ။သလဓာတ်+အ-ပစ္စည်း+အာပစ္စည်း။ (သူစိ။)

**ကဋ္ဌိယ**။ ကပုဒ်+အဋ္ဌိယပုဒ်+တ-ပုဒ်။ ဗဟုဗ္ဗီဟိသမာသ်။

† ကေန ဇလေန အဋ္ဌိယံ အဘိဗျတ္တံ အဿာတိ ကဋ္ဌိယံ။ (သူစိ။)

## ပါဠိဝိနိစ္ဆယ

**ကုဋ္ဋမူလံ၊ ကုဋ္ဌမူလံ**။ ။ကုဋ္ဋ ဆေဒနေ၊ ကုဋ္ဋတိ မဂ္ဂန္တိ ကုဋ္ဋံ။ (ဓာန်၊ ဋီ၊ ၂၀၄။) ကုဋ္ဋဓာတ်+အပစ္စည်း။ ဋ္ဋလာ၍ ကုဋ္ဌဟုဖြီးသည်။ ကုဋ္ဌသင့်။ (သူစိ၌ ကုဋ္ဌဟု ပါဠ်ပျက်လျက်ရှိ၏။)

**မှတ်ချက်**။ ။ကဋ္ဌိယံ၊ ကဋ္ဌိယံ-ဟုမေးနိုင်သည်။ ၅-အဖြေကြည့်။

## နည်းနှင့် ဥပစာ

**ဃရေသု သာလာ ဟောန္တိ**။ ။အနီးရှိသောအိမ်၏ ဃရေသုအမည်ကို အနီးဖြစ်သော တခုသောအစွန်း (ကေမန္တ) ၌ တင်စား၍ တခုသောအစွန်းကို ဃရေသု ဟု ဆိုသောကြောင့် သမီပူပစာ။

**ဥပစာ ဖြစ်လာပုံ**။ ။ဂင်္ဂါယံ ဃောသော ဝသတီကို ဂင်္ဂါယ သမီပေ ဝသတီတိ အတ္ထော (ရူ၊ နှာ။ ၁၇၁။) ဖွင့်သလို ဃရေသု သာလာ ဟောန္တိကို ဃရေသု ကေမန္တေ ဘောဇနသာလာ ဟောန္တိ ဟု (သာရတ္ထ။ ၂။ ဂ။) ဖွင့်သဖြင့် သမီပူပစာ ကြံရသည်။

**ဥဒကကဋ္ဌိယ**။ ။အစိတ်ဖြစ်သော ရေ-ပအုံးရည်၏ ဥဒကကဋ္ဌိယအမည်ကို အပေါင်းဖြစ်သော ရေ-ပအုံးရည် ယာဂု၌ တင်လေ။ ကေဒေသူပစာ။ အဝယဝူပစာ။ (ဥပလက္ခဏ၊ ပဓာန၊ နိဒဿန။)

**ဥပစာ ဖြစ်လာပုံ**။ ။ဥဒက=ရေ။ ကဋ္ဌိယ=ပအုံးရည်ဟော၏။ ဝိမတိ၊ ၁။ ၁၀၀-၌ ဥဒကကဋ္ဌိယန္တိ ပါနိယပရိဘောဇနီယဋ္ဌ ယာဂု စ-ဟု ဖွင့်၏။ သို့ဖွင့်သဖြင့် ဥဒက=သောက်ရေ။ ကဋ္ဌိယ=ဆွမ်းဘုဉ်းပေးရာမှာ အသုံးပြုသော ပအုံးရည်ဟု အဓိပ္ပာယ်ရသည့်အပြင် ယာဂုကိုလည်း ဥဒကကဋ္ဌိယ၌ ဖြည့်စွက်ယူလေဦးဟု ဖွင့်သဖြင့် ကေဒေသူပစာ၊ အဝယဝူပစာ ကြံရသည်။

http://www.dhammadownload.com


(က) အတ္ထီတိ ဝိဇ္ဇမာနတ္တေ။ (ခ) နာမာတိ ပုစ္ဆနတ္တေ မညနတ္တေ စ နိပါတော။ (ဂ) ဣဒဥ္စ ဝုတ္တံ ဟောတိ-(၁) အတ္ထိ နု ခေါ တာတ သုဒိန္န-လ-ပရိဘုဉ္ဇိဿသိ။ (၂) တထာ အတ္ထိ နု ခေါ-လ-ပရိဘုဉ္ဇိဿသိ။ (၃) တထာ အတ္ထိ မညေ-လ-ပရိဘုဉ္ဇိဿသိ။ ဋ္ဌ။ ၁၇၅။

## ❀ ဝါကျခွဲနှင့် ကျမ်းတက်
## လျဉ်းပါး၍ကျမ်းတက်

ဆရာ၊ ဥပါလိထေရ်သည် အတ္ထိဟုမိန့်၏။ အတ္ထိသည် အာချာတ်ပုဒ်လော၊ နိပါတ ပဋိရူပက နာမ်ပုဒ်လော-ကြောင့် ဝိဇ္ဇမာနတ္တေဟူသော သံဝဏ္ဏနာကိုမိန့်။

ဆရာ၊ ဥပါလိထေရ်သည် နာမဟုမိန့်၏။ နာမသဒ္ဒါသည် ကဲ့ရဲ့ခြင်း=ဂရဟတ္ထကို ဟောသလော-ကြောင့် ပုစ္ဆနတ္တေ စသော သံဝဏ္ဏနာကိုမိန့်။

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။ ခ-ဝါကျတွင် မညနတ္တေ စ နိပါတော-ကား ပက္ခန္တရ။ ထို-၍ ပုစ္ဆနတ္တေကား ပက္ခ။ ။

မှတ်ချက်။ ။အတ္ထိ နာမ တာတ သုဒိန္န အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဉ္ဇိဿသိဟူသော ပါဠိတော်စကား၌ (သုဒိန်၏ မိဘများ သားကိုတွေ့ခါစ၌ ကရုဏာဒေါသဖြင့် ကယောင်ကတမ်း ပြောသဖြင့်) မပြည့်မစုံ ဖြစ်နေသည်ကို ပြည့်စွက်ဖွင့်ပြ ဝါကျပိဏ္ဍတ္ထကိုဆိုလို၍ ဂ-ဝါကျကိုမိန့်သည်။

ဂ-ဝါကျကား (ဝါကျပိဏ္ဍတ္ထပြ) ဝိတ္ထာရဝါကျ၊ ဝါ-(ဥပမာစသည်ဖြင့် ထင်ရှားအောင်ဖွင့်သဖြင့်) တပ္ပကာသိကရဏဝါကျ။ ထို-၍ က-ခ-ဝါကျကား သင်္ခေပ။ ဝါ-ဥပမာ စသည်ဖြင့် ထင်ရှားအောင် ဖွင့်ပြအပ်သောကြောင့် တပ္ပကာသိကရဏီယဝါကျ။ ဝါ-အပါကဋဝါကျ။

## အနုသန္ဓေတက်

ဤသို့ က-ခ-ဝါကျတို့ဖြင့် အတ္ထိသဒ္ဒါ ဝိဇ္ဇမာနတ္ထ၊ နာမသဒ္ဒါ ပုစ္ဆနတ္ထ၊ တနည်း-မညနတ္ထဟု အကျဉ်းသင်္ခေပ၊ ဝါ-အပါကဋကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ အတ္ထိ နာမ စသောပါဠိတော် တဝါကျလုံး၏ ပိဏ္ဍတ္ထ (ဝါကျပိဏ္ဍတ္ထ) အကျယ်ကို၊ ဝါ-ဥပမာစသည်ဖြင့် ထင်ရှားအောင်ပြကြောင်း ဖြစ်သော တပ္ပကာသိကရဏ ဝါကျကို ပြခြင်းငှာ ဂ-ဝါကျမိန့်။

၂-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ ခ-ဝါကျကား ပက္ခ။

http://www.dhammadownload.com

## ၂-ဝါကျအနုသန္ဓေတက်

ဤသို့ ၁-ဝါကျဖြင့် အတ္တိသဒ္ဒါ၏ ဝိဇ္ဇမာနတ္ထနှင့် နာမသဒ္ဒါ၏ ပုစ္ဆနတ္ထ အကျယ်ကိုလည်းကောင်း၊ အတ္ထိသဒ္ဒါ၏ ကတ္တားကား အမှာက် ခန်တည်း ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း ပြတော်မူပြီး၍ ယခုအခါ၌ တပါးသော အပြားအားဖြင့်လည်း နာမသဒ္ဒါ၏ ပုစ္ဆနတ္ထအဖြစ်ကိုသာလျှင် လည်းကောင်း၊ အတ္ထိသဒ္ဒါ၏ ကတ္တားတမျိုးကိုလည်းကောင်း ပြခြင်းငှာ ၂-ဝါကျကိုမိန့်။

မှတ်ချက်။ ။၁-ဝါကျ၌ ကတ္တားကား အမှာက် ခန်။ ၂- ဝါကျ၌ ကတ္တားကား အမှာက် ဇီဝိတ်တည်း။

† တထာတိ သမုစ္စယတ္ထော၊ အညေနပိ ပကာရေန နာမသဒ္ဒဿ ပုစ္ဆနတ္ထမေဝ ဒဿေန္တော အာဟ တထာ အတ္ထိ န ခေါ တာ-တာတိ။ (သာရတ္ထ၊ ၂။ ဂ။)

၁-ဝါကျတွင် အတ္ထိ နု ခေါ-ဝါကျကား အန္တယဝါကျ။

နု-လ-ဝတ္တဗ္ဗာ-ကား ဗျတိရေကဝါကျ။

၁-ဝါကျတွင် အတ္ထိ နု ခေါ ဝါကျကား နိယတ်ဝါကျ။ ယေသံ နော-ဝါကျကား အနိယတ်။

၂- ဝါကျတွင် အတ္ထိ နု ခေါ-လု-ဇီဝိတံကား အန္တယ။ န မယံ ဝါကျ ကား ဗျတိရေကဝါကျ။ (အတ္ထိ နု ခေါကား နိယတ် ဝါကျ။ ယေသံ နော ကား အနိယတ်ဝါကျ။)

## ၁-ဝါကျနှင့် အညီ ပါဠိတော်အနက်ပေး

တာတ သုဒိန္န ယေသံ နော(အမှာက်)၊ အကြင်ငါတို့၏။ ပုတ္တော၊ သား ဖြစ်သော။ တွံ၊ သည်။ ဤဒိသေ ဌာနေ နိသီဒိတွာ အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဉ္ဇိဿသိ။ တေသံ အမှာက် ခန် အတ္ထိ နာမ။(အတ္ထိ နု ခေါ=ရှိသည် မဟုတ်လော။)

မှတ်ချက်။ ။၂-ဝါကျနှင့် အညီအနက်ပေးရာ၌ တေသံ အမှာက် ဇီဝိတံ အတ္ထိ နာမ (အတ္ထိ နု ခေါ)ဟု ပြင်၍အနက်ပေး။ ၁-၂-နှစ်ဝါကျလုံး၌ ဗျတိရေကဝါကျတို့ကား အဓိပ္ပာယ် ထင်ရှားအောင်ဖွင့်သည်။

၃-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍-၁-၂-ဝါကျကား ပက္ခ ဝါကျ။

http://www.dhammadownload.com


အနုသန္ဓေတက်

ဤသို့ ၁-၂-ဝါကျတို့ဖြင့် အတ္ထိသဒ္ဒါ၏ ဝိဇ္ဇမာနတ္ထ၊ နာမသဒ္ဒါ၏ ပုစ္ဆနတ္ထနှင့် အတ္ထိသဒ္ဒါ၏ ကတ္တားတို့ကို အကျယ်ဖွင့်ပြပြီး၍ ယခုအခါ၌ နာမ-သဒ္ဒါ၏ မညနတ္ထနှင့် အတ္ထိသဒ္ဒါ၏ ကတ္တားတမျိုးကို အကျယ် ဖွင့်ပြခြင်းငှာ ၃-ဝါကျကို မိန့်။

✝ ဣဒါနိ နာမသဒ္ဒဿ မညနတ္ထတံ ဒဿေန္တော အာဟ တထာ. အတ္ထိ. မညေတိအာဒိ။ (သာရတ္ထ၊ ၂။ ၇။)

၃-ဝါကျနှင့်အညီ အနက်ပေး

ထာတ သုဒိန္န အာဘိဒေါသိကံ ကုမ္မာသံ အမတမိဝ ပရိဘုဉ္ဇိဿသိ၊ တဝ အဗ္ဘန္တရေ သာသနံ နိဿာယ ပဋိလဒ္ဓေါ သမဏဂုဏော အတ္ထိ နာမ (ဝိဇ္ဇတိ မညေ) ရှိယောင်တကား၊ ဝါ-ရှိဟန်ရှိ၏၊ ဝါ-ရှိပုံရ၏။

### ဝိဂ္ဂဟနှင့် ညှသ်ကောက်

နိဗ္ဗိကာရော။ ။နတ္ထိ ဝိကာရော ဧတဿ သုဒိန္နဿာတိ နိဗ္ဗိကာရော။ (ပါရာ၊ ယော။ ၁၀၇။) ဧတဿ သုဒိန္နဿ၊ အား။ ဝိကာရော၊ အမူအရာ ဖောက်ပြန်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ သော နိဗ္ဗိကာရော။ တဂ္ဂုဏ-သံဝိညာဏ ဗဟုဗ္ဗီဟိ။ နိ+ဝိကာရ+ဧ။

နိ+ဝိကာရ-အရကား အမူအရာဖောက်ပြန်မှု မရှိခြင်း နိဗ္ဗိကာရ ဘော ဂုဏ်သည်မှချ။ သံလ္လေခပဋိပတ်သည် ဖလူပစာအားဖြင့် ရ၏။ ယင်းနိဗ္ဗိကာရ ဘောဂုဏ် ဝါ-သံလေခပဋိပတ်၏ ရှင်သုဒိန်ဒြပ်နှင့် ဂုဏ်ဂုဏေအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဧဟူသော အညပုဒ်အရကား ထို-အပ်သော အမူအရာ ဖောက်ပြန်မှုမရှိသော ဝါ-သလ္လေခပဋိပတ်နှင့် ပြည့်စုံသော ရှင်သုဒိန် ရ၏။

### ဓာတုပစ္စယာဒိဝိဘာဂ

အမတံ။ ။မရတိ အနေနာတိ မတံ။ (သေကြောင်းတရားရ၏။) န မတံ အမတံ။ မသေကြောင်း သုခဘုတ်ရ၏။ (သူစိ။)

ဓနံ။ ။ဓန+အ။ ဓန ဓညေ၊ အ။ ဓနသဒ္ဒေါဝါ။ မမယိဒန္တိ(ဤဥစ္စာကား ငါ့ဥစ္စာဟူ၍) ဓနာယိတဗ္ဗံ သဒ္ဒါယိတဗ္ဗ (ပြောကြားအပ်၏) န္တိ ဓနံ။ (သူစိ။)

http://www.dhammadownload.com


## ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဝိဇ္ဇမာနတ္တေ (နိပါတော -- လိုက်စပ်) ဖြင့် အတ္ထိသဒ္ဒါကား အာချာတ်ပုဒ်၊ နာမ်ပုဒ်မဟုတ်၊ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း၏ ထင်ရှားခြင်း=ဝိဇ္ဇမာနအနက် ဟောသည်-ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ၊

### အတ္ထိ သုံးမျိုး

၁။ အာချာတ်အတ္ထိ=အသဓာတ်+တိဝိဘတ်။ အတ္ထိ၊ ရှိ၏ဟု အနက်ပေး။

၂။ နာမ်အတ္ထိ=အတ္ထိယာ နဝ စသည်။

၃။ နိပါတ်အတ္ထိ=ရှိ၏ဟု ဧကဝုစ်၊ ရှိကုန်၏ဟု ဗဟုဝုစ် အနက်ပေး။ (သတပဒိကပုစ္ဆာအဖြေ။)

နီတိ၊ ဓာ၊ ၁၇၆-၌ကား အတ္ထိတိပဒံ အာချာတနိပါတဝသေန ဒုဝိဓန္တိ-ဝေဒိတဗ္ဗံ-ဟု ဆိုသည်။ ဤအလို အတ္ထိယာပုဒ်ကို နိပါတ်၌ သွင်းလေ။

ခ-ဝါကျ၌ ပုစ္ဆနတ္တေ နိပါတောဖြင့် နာမသဒ္ဒါကား နာမ်ပုဒ်မဟုတ်၊ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း နာမသဒ္ဒါ၏ ပုစ္ဆနအနက်ကို ဟောသည်-ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

**မှတ်ချက်။** ။မညနတ္တေ နိပါတောဖြင့်လည်း နိပါတလိင်္ဂပဒ၊ နိပါတ-လိင်္ဂတ္ထကိုပင်ပြသည်။ လွယ်ပြီ။

၁-ဝါကျ၌ ဓနံ။ ၂-ဝါကျ၌ ဇီဝိတံ။ ၃-ဝါကျ၌ သမဏဂုဏော ဖြင့် အတ္ထိသဒ္ဒါ၏ ကတ္တားကို သိစေသည်။ (ဘာဝတ္ထ။)

---

## ❀ နည်းနှင့် ဥပစာ

**နိဗ္ဗိကာရော။** ။အကျိုးဖြစ်သော အမူအရာဖောက်ပြန်မှုမရှိခြင်း၏ နိဗ္ဗိ-ကာရ ဟူသောအမည်ကို အကြောင်းဖြစ်သော သလ္လေခပဋိပတ်၌ တင်စား၍ အကြောင်းဖြစ်သော သလ္လေခပဋိပတ်ကို "နိဗ္ဗိကာရ" ဟု ဆိုသောကြောင့် ဖလူ-ပစာ။ (အဝိနာဘာဝနည်း။)

**မှတ်ချက်။** ။ပုပ်သိုးနေသော အစားအစာကို ရွံရှာမှုမရှိ ပကတိအတိုင်း (ဟန်မပျက်) စားနိုင်သည်မှာ ခေါင်းပါးအောင်ကျင့်ခဲ့သော သလ္လေခပဋိပတ် ကြောင့်ဟု မှန်းဆသိနိုင်သည်။ အကျိုးထောက်ဆ၊ ကြောင်းသိရ၊ ဖလာနု-မာနာ (ဖလူပစာ) တည်း။

http://www.dhammadownload.com



**ဒုက္ခာဘိတုန္နတာယ**။ ။အပေါင်းကာယိကဒုက္ခ မာနသိက ဒုက္ခ၏ ဒုက္ခအမည်ကို အစိတ်မာနသိက ဒုက္ခ၌ တင်လေ။ကေဒေသျူပစာ၊ဝါ-သမုဒါယူစာ။

† ဒုက္ခာဘိတုန္နတာယာတိ မာနသိကေန ဒုက္ခေန အာဘိပီဠိတတ္တာ။ **(သာရတ္ထ၊ ၂။ ဂ။)**

---

(က) အက္ခရစိန္တကာ-လ-ဝဒန္တိ။ (ခ) အဇ္ဈောကပ္ပနာမရိသနတ္ထဝသေန ဇတ်ာ အတ္ထ-လ-ကတံ။ (ဂ) တဿာယမတ္ထော-လ-န မရိသယာမီတိ။ ဋ။ ၁၇၆။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား အာကာရဝါကျ။ ထို-၍ က-ဝါကျကား အာကာရဝန္တဝါကျ။

ဂ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ခ-ဝါကျကား သင်္ခေပဝါကျ။

**မှတ်ချက်**။ ။အတ္ထီတိ ဝိဇ္ဇမာနတ္ထော စသည်ဖြင့် မိမိဝါဒကို ပြပြီး၍ သဒ္ဒါဆရာတို့၏ဝါဒကို ပြလို၍ အက္ခရစိန္တကာပန စသည် မိန့်သည်။ ဂဟပတိနာ (ကတံ)ဟု ကတ္တားဖြည့်၍အနက်ပေး။

### မရိသန။ ပရိသဟန။ မရိသယာမိ။ ပရိသဟာမိ။

အဇ္ဈောကပ္ပနာပရိသေသုအာကီဝုတ္တောပိ ဟူသော ဤမှတ်ကြောင်းလက္ခဏာ၊ ဝါ-ပါဏိနီသုတ်ကိုထောက်၍လည်းကောင်း၊ န မရိသယာမိတိ န ဝိသဟာမိ (သာရတ္ထ၊ ၂။ ၉။)ဟု မရိသဓာတ်ဖြင့် ပြီးသောပုဒ်ကို မူလတည်ပါဠိပြု၍ ဖွင့်သောကြောင့် လည်းကောင်း၊ မရိသဓာတ်ဖြင့်ပြီးသော မရိသန၊ မရိသ-ယာမိပါဌ်သင့်သည်။

† သဟ ပရိသဟနေ ပရိသဟနံ ခန္တိ....သဟတီတိ ရူပံ။ (နီတိ၊ ဓာ။ ၃၅၀။) မရိသ တိတိက္ခာယံ မရိသေတိ မရိသယတိ။ (နီတိ၊ ဓာ၊ ၃၄၈။)

---

(က) တတာယံ အာဘိဒေါသိကောတိ-လ-လဒ္ဓေါတိ အတ္ထော။ (ခ) တတောယန္တိပိ ပါဌော။ (ဂ) တဒါယန္တိပိ ပဌန္တိ။ (ဃ) တံန သုန္ဒရံ။ ဋ။ ၁၇၆။

## အနက်ယောဇနာ

က-ဝါကျ၌ လဒ္ဓေါ၏ကတ္တားကား မယာ။ ခ-ဝါကျ၌ ကြိယာကား အတ္ထိ။ ဂ-ဝါကျ၌ ပဌန္တိ-ကြိယာ၏ကတ္တားကား ကေစိ။ဃ-ဝါကျ၌ တံ-ပုဒ်ကိုတံပဌနံ၊ ထိုသို့ တဒါယံဟု ရွတ်ဆိုခြင်းသည်ဟု ကြိယာကိုစွဲ၍အနက်ပေး။(တံ၊ထိုတဒါယံ

F.15 A

http://www.dhammadownload.com


ဟူသောပါဌ်သည်ဟု စွဲ၍အနက်ပေးလျှင် မကောင်း။ ပါရာ ယော။ ၁၀ဂ-၌ တန္တိ တဒါယန္တိ၀စနံဟု စွဲသည်။

## ၀ါကျခွဲနှင့် ကျမ်းတက်

ဆရာ၊ဆရာသည် က-၀ါကျဖြင့် တတောယံကို တံတောအယံဟု ပဒစ္ဆေဒပြုရမည်ကိုလည်းကောင်း၊တံတောကို တံ၀ဂေဟတောဟု စွဲရမည်ကိုလည်းကောင်း၊ ကုမ္ပသောကို လဒ္ဓေါ၌ စပ်ရမည်ကိုလည်းကောင်း ဖွင့်ပြတော်မူ၏။ တတောယံ ဟူသော(ဝေအာဘော်)ပါဌ်ရှိပါသလော။ အဘယ်ပါဌ် ရှိပါသေးသနည်း-ကြောင့် ခ-၀ါကျမိန့်။ -ကား-တံတောယံဟုလည်း ပါဌ်ရှိသေး၏ဟူလို။

ခ-၀ါကျကား ပက္ခန္တရ။ ထို-၍ က-၀ါကျကားပက္ခ။

မှတ်ချက်။ ။ခ-၀ါကျ၌ သမုစ္စည်းပိသဒ္ဒါကိုရှု၍ "နောက်သမုစ္စယ၊အဖြေပြ၊ ဝေအာဘော်ဆင်" သည်။

ဂ-၀ါကျကား ၀ါကျာရမ္ဘ။ ထို-၍ ခ-၀ါကျကား အာရဒ္ဓ။

## အနုသန္ဓေတက်

ဤသို့ ခ-၀ါကျဖြင့် တတောယံဟူ၍လည်း ပါဌ်ရှိသေးကြောင်းကို ပြဆိုတော်မူပြီး၍ ယခုအပါ၌ အချို့ပုဂ္ဂိုလ်တို့ ရွတ်ဆိုကြပုံကို ဆက်လက်ပြခြင်းငှာ ဂ-၀ါကျမိန့်။

ဃ-၀ါကျကား ၀ါကျာရမ္ဘ၀ါကျ။ ထို-၍ ဂ-၀ါကျကား အာရဒ္ဓ။

## အဘိယာစကကျမ်းတက်

ဆရာ၊ ဆရာသည် ဂ-၀ါကျဖြင့် အချို့တဒါယံဟု ရွတ်ဆိုကြကုန်သောဟု ဆိုတော်မူ၏။ ယင်းသို့ တဒါယံဟု ရွတ်ဆိုခြင်းကို သင့် မသင့် ဆရာမပြက သောတုဇနတို့ မသိနိုင်ပါ။ (အဘိယာစကာတောဂ) သင့် မသင့်ကို ဆရာပြတော်မူပါဦးလော့ (အဘိယာစနာ)ဟု သောတုဇနတို့ လျှောက်ထားတောင်းပန်ဖွယ်ရှိသောကြောင့် ဃ-၀ါကျကိုမိန့်။

မှတ်ချက်။ ။ယင်း ဃ-၀ါကျ၌ တံသဒ္ဒါကား ဂ-၀ါကျ၌ ပဌန္တိ ကြိယာကို သုံးသပ်သော ကြိယာပရာမသနဖြစ်သည်။ သို့ဖြစ်၍ အနိယတ် ယံသဒ္ဒါမလို။ အဘိယာစကကျမ်းတက်နည်း အကျယ်ကို သိ+ဖြေ၊ ၂၀၊ ၇၉-၌ ရေးခဲ့ပြီ။

E.15 B

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ပါဋ္ဌေ**။ ။ပဋ္ဌီယတေတိ ပါဋ္ဌော။ ယော . တတောယန္တိသဒ္ဒေါ၊ အကြောင်းဟတတောယံ ဟူသောသဒ္ဒါကို။ ပဏ္ဍိတေဟိ၊ တို့သည်။ ပဋ္ဌီယတေ၊ ရွတ်ဆိုအပ်၏။ ဣတိ သော တတောယန္တိသဒ္ဒေါ ပါဋ္ဌော။ ကမ္မသာဓန။ ပဌဓာတ်+ဏ-ပစ္စည်း။

ပဌ-ဓာတ်အရ ကတ္တုဋ္ဌကြိယာကား ရွတ်ဆိုသောပညာရှိ၏ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည်မှတ်ျ။ ကမ္မဋ္ဌကြိယာ အရကား ထို-အားတပ်သော တတောယ်ဟူသောသဒ္ဒါ၏ အာရုမ္မဏပစ္စယာကျွဲသည့် ဖလူပစာ။ ဏ-ပစ္စည်း အရကား ထို-အပ်သော တတောယ်ဟူသော သဒ္ဒါရှိ၏။

† ပဌ ဝိယတ္တိယံ ဝါစာယံ ဏော။ ပဋ္ဌီယတေတိ ပါဋ္ဌော။ (သူစိ။)

---

## ဓာတုပစ္စယာဒိဝိဘာဂ

**ဂေဟ**။ ။ဂဟဓာတ်+အ-ပစ္စည်း။ ဒဗ္ဗသမ္ဘာရံ ဂဏှာတီတိ ဂေဟံ၊ ဂဟံ ဝါ။ **ကစ္စည်း**၊ ၆၂၉။

**သူန္ဒရ**။ ။သုပုဗ္ဗ+ဒရဓာတ်+အ-ပစ္စည်း။ သုဋ္ဌု ဒရီယတီတိ သုန္ဒရံ။ (သူစိ)

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ တတောအယံဖြင့် တတာ ယံကို ထတော အယံဟု ပဒစ္ဆေဒ ပြုရမည်ဟု သိစေသည်။ (သန္ဓိလိင်္ဂပဒ။),

က-ဝါကျ၌ ဂေဟတောဖြင့် တတော၌ တ-သဒ္ဒါသည် အိမ်=ဂေဟကို စွဲသတည်းဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ။)

က-ဝါကျ၌ တဝဖြင့် ဂေဟာ၏ သမ္ဗန်ကို သိစေသည်။ (ဘာဝတ္ထ။)

လဒ္ဓေါ-ဖြင့် ကုမ္ဘာသော ဟူသောပုဒ်ကို လဒ္ဓေါဟူသော ပါဌသေသ၌ စပ်ရမည်-ကိုလည်းကောင်း¹၊ ကုမ္ဘာသော၌ ပထမာကေဝုစ် သိဝိဘတ်သည် ဝုတ္တကမ္မတ္ထ၌ သက်သည်-ကိုလည်းကောင်း² သိစေသည်။

၁။ သမ္ဗန္ဓ။ ၂။ ဝိဘတျတ္ထ။

---

## ပါဌဝိနိစ္ဆယ

**တတာယံ**။ ။တတော အယံဟု ပဒစ္ဆေဒပြု။ သရ သရေ လောပံဖြင့် ရှေ့သြသရ ချေ။ ဒီဃံဖြင့် နောက်အသရကို အာဒီဃပြု၍ ပြီးသောကြောင့် "တတာယံ" ပါဌ် သင့်သည်။

http://www.dhammadownload.com


**တတောယံ။** ။တတော အယံဟုပင်ပဒစ္ဆေဒပြု၊ ဝါပရော အသရှုပါဖြင့် နောက် အ-သရကို ချေလျှင် "တတောသံဟု ပြီးသည်။ ဆိုဖြစ်၍ "တတောယံ" လည်း သင့်သည်။

**မှတ်ချက်။** ။အကျဉ်းချုပ်ကား သရာသရေလောပံ သုတ်ဖြင့်စီရင်လျှင် တတောယံ၊ ဝါပရောဖြင့် စီရင်လျှင် တတောယံ သင့်။ (ပါရာ၊ ယော။ ၁၀၈။)

**တဒါယံ။** ။ယင်းသို့ရှိလျှင် တံ အယံဟုသော် လည်းကောင်း၊ တအယံဟု သော်လည်းကောင်း ပုဒ်ဖြတ်ရမည်ဖြစ်ရာ တတော အယံဟု ပဒစ္ဆေဒပြု၍မရ။ ရုပ်စီရင်၍မရ။ သို့မရလျှင် တတော တဝဂ္ဂေဟတောဟု ဖွင့်သော ပဒစ္ဆေဒပြု သံဝဏ္ဏနာနှင့် ညီညွတ်မည် မဟုတ်ချေ၊ ဆိုဖြစ်၍ ယင်းတဒါယံဟု ပါဌ်ကို ရွတ်ခြင်းသည် မကောင်း။ (တံ န သုန္ဒရံ) ဟု အဋ္ဌကထာ ဖွင့်ဆိုသည်ဖြစ်ရာ ယင်း "တဒါယံ" မသင့်ဟု မှတ်အပ်၏။

---

(က) ယေန သကပိတု နိဝေသနန္တိ ယေန သကဿ ပိတု အ-တ္တနော ပိတု နိဝေသနန္တိ အတ္ထော။ (ခ) ထေရော ပိတရိ ပေမေ နေဝ သုဗ္ဗစော ဟုတွာ အဂမာသိ။ (ဂ) အဓိဝါသေသီတိ ထေရော-လ-အနုကမ္ပာယ အဓိဝါသေသိ။ ဋ္ဌ၊ ၁၇၆။

**ဝါကျခွဲနှင့် ကျမ်းတက်**

ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ၊ ထို-၍ ဂ-ဝါကျကား အာရဒ္ဓဝါကျ။

**ဂ-ဝါကျလိနတ္ထရတက်**

ဆရာ၊ဥပါလိထေရ်သည်"အထခေါ အာယသ္မာ သုဒိန္နော ယေန သကပိတု-နိဝေသနံ တေနုပသင်္ကမိ=ထိုအခါ ရှင်သုဒိန်သည် မိမိ၏ ဖခင်၏ အိမ်သို့ (ဖခင် ပင့်လျှောက်သဖြင့်) ချဉ်းကပ်၏ဟု ဆိုတော်မူ၏ (ပါဠိတော်ကိုကြည့်ပါ။) ရှင်သုဒိန်သည် ဆွမ်းဘုဉ်းပေးပြီးပြီမဟုတ်လော။ အဘယ်ကြောင့် အဖ (ဖခင်) အိမ်သို့သွားပြန်သနည်းဟု လိနတ္ထရစောဒနာဖြင့် စောဒနာဖွယ်ရှိ၍ ခ--ဝါကျ မိန့်။ ပါရာ၊ ဂံ၊ သစ်-၂။ ၄၂၁။

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ ခ-ဝါကျကား ပက္ခဝါကျ။

**ဂ-ဝါကျလိနတ္ထရတက်**

ဆရာ၊ ဥပါလိထေရ်သည် အဓိဝါသေသိ=ဆွမ်းစားပင့်သည်ကို ရှင်သုဒိန် သည်းခံ (လက်ခံ) သည်ဟု ဆို၏။ ရှင်သုဒိန်သည် ဥက္ကဋ္ဌ ပိဏ္ဍပါတ်ဓုတင်ဆောင် ဖြစ်သည်မဟုတ်လော။ (ဥက္ကဋ္ဌပိဏ္ဍပါတိကောပိ သမာနော-ဟူသောလက္ခဏာ ရှိဝါကျကိုအာဘော်ပြု။) ယင်းသို့ ဥက္ကဋ္ဌ ပိဏ္ဍပါတ်ဓုတင်ဆောင်ဖြစ်လျက်

http://www.dhammadownload.com


အဘာယ်ကြောင့် ဆွမ်းစားပင့်သည်ကို လက်ခံသ ယာသနည်း-ကြောင့် ဂ-ဝါကျပြိန္ဓ။

မှတ်ချက်။ ။ပညာရှိများသည် မိဘဆရာသမားများ အတွက် ငဲ့ကွက်၍ ဓုတင်အကျင့်ကိုပင် ဖျက်ကြသည်။ (သာရတ္ထ။ ၂။ ၉။)

† အထ ကသ္မာ အဓိဝါသေသီတိ အာဟ-သစေဧဘတ္တမ္ပိ နဂဟေဿာမီတိအာဒိ။ (သာရတ္ထ၊ ၂။ ၉။)

* လက္ခဏာကို၊ ပိန္နင့်ဆိုမူ၊ ထိုလက္ခဏာ၊ စောဒကာ၏၊ ပြင်ရပေတု အာဘော်တည်း။

---

## ဝိဂ္ဂဟနှင့် ဉာဏ်ကော့က်

သုဗ္ဗစော။ ။သုဋ္ဌုဝစော ဧတသ္မိန္တိ သုဗ္ဗစော။ (ပါရာ၊ ယော၊ ၁၀၈။) ဧတသ္မိံ သုဒ္ဓိန္နေ၊ ၌။ သုဋ္ဌု၊ ကောင်းသော။ ဝစော၊ စကားသည်။ အတ္ထိ၊ ၏။ ဣတိ သော သုဒ္ဓိန္နော သုဗ္ဗစော။ သုပုဒ်+ဝစပုဒ်-ဧတပုဒ်။သတ္တမီဗဟုဗ္ဗီဟိ-သမာသ်။

သုဝစ-ပုဒ်အရကား ကောင်းသောစကား၊ ဝါ-စကားကိုနာလွယ် (နားထောင်လွယ်ခြင်း) သုဗ္ဗစဘောဂုဏ်သည် မုချ။ ယင်း၏ သုဒ္ဓိန်ဒြပ်နှင့်ဂုဏ်ဂုဏေ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ဥာန္နပစာ။ဧတ-အရကား ထို-အပ်သော/ကောင်းသောစကားရှိသော၊ ဝါ-ဆိုလွယ်သောစကား။ ဝါ-နားထောင် လိုက်နာလွယ်ခြင်းရှိသော သုဒ္ဓိန်ဒြပ်ရ၏။

ဉာတိန်။ ။အယံ အဇ္ဈတ္တိကောတိ ဇာနန္တီတိ ဉာတိ။ ယေ ဉာတကာ၊ တို့သည်။ အယံ အဇ္ဈတ္တိကောတိ၊ ဤသူကား အတွင်းလူတည်းဟု။ ဇာနန္တိ၊ သိတတ်ကုန်၏။ ဣတိ တေ ဉာတကာ ဉာတိ။ ကတ္တုသာဓန။ ဉာဓာတ်+တိ ပစ္စည်း။

ဉာဓာတ်အရကား ဤသူကား အတွင်းလူတည်းဟု သိသော ဆွေမျိုးတို့၏ သညာသည်မုချ။ ရှေးရှေး၌ ဖြစ်သောသညာသည် ဖလူပစာ။ နောက်နောက်၌ဖြစ်သော အကျိုးဟူသမျှသည် ကာရဏူပစာ။ တိပစ္စည်းအရကား ထို-မှတ်အပ်သော ဆွေမျိုးတို့ ဒြပ်ရ၏။

တနည်း။ ။အယံဇ္ဈတ္တိကောတိ ဉာယန္တီတိဉာတိ။ ယေ ဉာတကာ၊ တို့ကို။ အယံ အဇ္ဈတ္တိကောတိ၊ ဟူ၍။ ဉာယန္တိ၊ သိအပ်ကုန်၏။ ဣတိ တေ ဉာတိ။ ကမ္မသာဓန။

ဉာဓာတ်၏အရ ကတ္တုနှင့်ကြိယာကား ဤသူကား အတွင်းလူတည်းဟု သိသောသူတပါးတို့၏ သညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မတ္ထကား

http://www.dhammadownload.com


ထို-အားတပ်သော ဆွေမျိုးတို့ဖြင့်၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစာ။ တိ-ပစ္စည်းအ့ရကား ထို-အပ်သော ဆွေမျိုးဖြင့်ရ၏။

† အယံ အဇ္ဈတ္တိကောတိ ဇာန န္တိ ဉာယန္တိ စာတိ ဉာတိ။(သံဝရဋ္ဌ၊ ၂။၃။)

## ◎ ဓာတုပစ္စယဒီဝိဘာဂ

သက။ ။သ-နိပါတ်ပုဒ် (အတ္တဝါစက=မိမိအနက်ဟော။)+က-အာဂုံ။ တနည်း၊ က-ပစ္စည်း။ သက=မိမိ။

† အတ္တဝါစက သ-နိပါတတော သမ္ဘာတော့ဇ္ဈာဒိနာ ကာဂမော ဝါ။ သောဝေ ဝါ တသ္မာယ ဝါ သကော။ (သူစိ။)

မှတ်ချက်။ ။ထေရောပုဒ် ဝိဂ္ဂဟအမျိုးမျိုးကို သိ+ဖြေ ၃၁--၃၂-၌ ရေးပြီးပြီ။

## ◎ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ သကဿ ပိတုဖြင့် သကပိတုပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း[၁]၊ အတ္တနော ပိတုနိဝေသန်ဖြင့် သကသဒ္ဒါ မိမိ=အတ္တအနက်ကို ဟောသည်-ကိုလည်းကောင်း[၂]၊ သကပိတုနှင့် နိဝေသနံကို လည်း သကပိတု နိဝေသနံ သကပိတုနိဝေသနံဟု (ဒုက္ကရမဂ္ဂ၊ ဝါ-ဒုရာဇာနမဂ္ဂ) ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်ကို လည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ၊ ၂။ နာမလိင်္ဂဋ္ဌ၊ ၃။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ။

မှတ်ချက်။ ။ရညော ပုတ္တော ရာဇပုတ္တော၊ ရာဇပုတ္တဿ ဒါသော ရာဇပုတ္တဒါသော၊ ရာဇပုတ္တဒါသဿ ဓနံ ရာဇပုတ္တဒါသဓနံ-ပြယုဂ်ကဲ့သို့ ဤ သကပိတုနိဝေသနံ ပုဒ်ကိုဝိဂ္ဂဟ်အပြု ခက်သောကြောင့် ဒုက္ကရမဂ္ဂဆဋ္ဌီတပ္ပုရိသ် သိဖို့ရန် ခက်ခဲသောကြောင့် နုရာဇာနမဂ္ဂတပ္ပုရိသ် သမာသ်ဟုမှတ်။ နီတိ၊ သုတ္တ။ ၁၉၇။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၄၂၁။ မဏိသျှ-၌ သကပိတုနှင့် နိဝေသနံကား သမာသ်မဟုတ်၊ ဝါကျသာ။ ဗြာဟ္မဏဿ နိဝေသနံ ဝိ။ ၁။ ၁၁၂-ကို ထောက်ဟုဆိုသည်။ သကပိတု နိဝေသနံသည် သမာသ်လော၊ ဝါကျလောဟုမေးလျှင် ပါရာ၊ဂံ၊သစ်-အလို သမာသ်။ မဏိသျှအလို ဝါကျဟု ဖြေဆိုရာ၏။

## ◎ နည်းနှင့် ဥပစာ

ဥက္ကဋ္ဌပိဏ္ဍပါတိကော။ ။အစိတ်ဖြစ်သော ဥက္ကဋ္ဌပိဏ္ဍပါတိက ဓုတင် ဆောင်ခြင်း၏ ဥက္ကဋ္ဌပိဏ္ဍပါတိကအမည်ကို အပေါင်းဖြစ်သော ဥက္ကဋ္ဌပိဏ္ဍပါတ်.

http://www.dhammadownload.com


ဓုတင်ဆောင်ခြင်း၊ သပဒါနစာရိ ဓုတင်ဆောင်ခြင်း၌ တင်စား၍ အပေါင်းဖြစ်သော ဥက္ကဋ္ဌပိဏ္ဍပါတ်ဓုတင်ကိုဆောင်ခြင်း သပဒါနစာရီ ဓုတင်ကိုဆောင်ခြင်းကို ဥက္ကဋ္ဌပိဏ္ဍာပါတိကောဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ဝါ-အဝယဝူပစာ၊ ဥက္ကဋ္ဌပိဏ္ဍပါတ်ဓုတင်တည်းဟူသော အထင်ကိုဆိုသဖြင့် ဥက္ကဋ္ဌပိဏ္ဍပါတ်ဓုတင်ဥက္ကဋ္ဌသပဒါနစာရိဓုတင်တို့ကိုလည်း ရသောကြောင့် နိဒဿနနည်း။

† ဥက္ကဋ္ဌပိဏ္ဍပါတိကောပိ သမာနောတိနိဒဿနမတ္တမိဒံ။ ထေရော သပဒါနစာရိကောပိ ဥက္ကဋ္ဌောယေဝ။ (သာရတ္ထ၊ ၂။ ၉။)

---

(က) ဩပုဋ္ဌာပေတ္ဘာတိ ဥပလိမ္ပာပေတ္ဘာ။ (ခ) ဧကံ ဟိရညဿာတိ ဧတ္ထ ဟိရညန္တိ ကဟာပဏော'ဝေဒိတဗ္ဗော။ (ဂ) ပုရိသောတိ နာတိဒီဃော နာတိရဿော မဇ္ဈိမပ္ပမာဏော ဝေဒိတဗ္ဗော။ ဌ။ ၁၇၆။

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဥပလိမ္ပာပေတွာဖြင့် ဩပုဋ္ဌာပေတွာ၌ ဩပုဇိဓာတ်၊ဝါ-အဝ ရှေးရှိသော ပုဇိဓာတ်သည် ဤ၌ အစုအပုံကိုပြုခြင်း=ရာသိကရဏ အနက်ကို မဟော၊ လိမ်းကျံခြင်း = ဝိလိမ္ပနအနက်ကို ဟောသတည်း ဟု သိစေသည်။ ဒုတိယ ဓာတ္တ။)

† ဩပုဇိ–ဝိလိမ္ပနေ။ (နီတိ၊ ဓာ။ ၄၉။)

† ပုဇိ ရာသိကရဏေ အဝလိမ္ပနေ။(ဓာတ္ထ။)

ခ-ဝါကျ၌ ကဟာပဏော ဝေဒိတဗ္ဗာဖြင့် ဟိရညသဒ္ဒါသည် ရွှေဟူသော အနက်ကိုမဟော၊ ဥစ္စာ အသပြာဟူသော အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**တနည်း**။ ။ကဟာ-လ-ဗ္ဗောဖြင့် ဟိရညအရ ရွှေနှင့် ဥစ္စာအသပြာကို ရသော်လည်း ဤ၌ ပါရိသေသနည်းအားဖြင့် ဥစ္စာအသပြာကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဂ-ဝါကျ၌ နာတိဒီဃော-လ-ဝေဒိတဗ္ဗောဖြင့် ပုရိသအရ ယံ ဝါ တံ ဝါ ဟူးဟူးငြားငြားသော ယောကျ်ားကို မယူရ၊ မရှည်လွန်း မပုလွန်းသော(မဇ္ဈိမပမာဏ) ယောကျ်ားကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

---

## ❁ ပါဌဝိနိစ္ဆယ

ဩပုဋ္ဌာပေတွာ။ ။ဩပုဋ္ဌာပေတွာ။ ။ဖ-နံပါတ်အဖြေ၌ လာသော နီတိ၊ဓာ၊ဓာတွတ္တ-တို့ကို ကိုးကား၍ ဩပုဋ္ဌာပေတွာ သင့်ကြောင်းဆုံးဖြတ်ပါ။

http://www.dhammadownload.com



**ကဟာပဏ**။ ဂဟာပဏ။ ၈ကရိသပုဒ်+ပဏပုဒ်။ ကရိသေန ပဏောဟု တဒ္ဓိတပဒ်ဟူရိသ်တွဲ။ ကရိသပဏဟု ဆိုလိုလျက် ကရိသဒ္ဒါ-ရိသကို ဟာပြု၍ ကဟာပဏဟု ပြီးသောကြောင့် ကဟာပဏ ပါဌ်သာသင့်သည်။

† ကရိသပ္ပမာဏေန (တစ်ကရိသအတိုင်း အရှည်ရှိသော) ရူပိယေန (ငွေဖြင့်) ကတော (ပြုအပ်သော)ပဏော ပဏိယော(ရောင်းဝယ် အပ်သော)ဒဗ္ဗဘေဒေါ(ဒြပ်အထူးတည်း)၊ ရိသဿ(ရိသကို) ဟာ ဒေသော။(ဓာန်။ ဋီ။ ၄၇၁။)

† အထဝါ ကဟာပဏော နိတ္ထိ။ (ဓာန်။ ၄၇၁။)

---

### နည်းနှင့် ဥပစာ

**ကော် ဟိရညဿ**။ ၈အပေါင်းဖြစ်သော ရွှေနှင့် အသပြာငွေတို့၏ ဟိရညအမည်ကို အစိတ်ဖြစ်သော အသပြာ၌ တင်စား၍ အစိတ်ဖြစ်သော အသပြာငွေကို ဟိရညဟုဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ)

ကော် ဟိရညဿ-ဟူသောနည်းသည် ဆိုလတ္တံ့ဖြစ်သော ကော် သုဝဏ္ဏဿအရ ရွှေမှကြွင်းသော အသပြာ ငွေကိုယူရသောကြောင့် ပါရိသေသနည်း-မည်၏။

### နည်းဥပစာဖြစ်လာပုံ

ဟေမေ ဝိတ္တော ဟိရညဥ္စ။ဓာန်။၁၀၆၂-ကို ထောက်၍ ဟိရညသဒ္ဒါသည် ရွှေနှင့် ဥစ္စာ (အသပြာငွေ) အနက်ကိုဟောသည်။ သို့သော် ဤ၌ ဆိုလတ္တံ့ ကော်သုဝဏ္ဏဿဖြင့် ရွှေကိုယူလတ္တံ့ဖြစ်၍ ကော် ဟိရညဿဖြင့်ဥစ္စာ (အသပြာငွေ) သာယူရသောကြောင့် ကေဒေသျူပစာ၊ ပါရိသေသနည်း ဖြစ်လာရသည်။ ဤသို့ ဥပစာပုဒ်ဖြစ်၍ ဟိရညပုဒ်ကို အောက်ပါအတိုင်း ဉာဏ်ကောက်ရသည်။

### ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

ဇဟာတိ သတ္တာနံ ဟိနတ္တံန္တိ ဟိရညံ။ (မောဂ်၊ ၇။ ၅၁။( ယံ ဓနံ သုဝဏ္ဏဥ္စ၊ သည်။သတ္တာနံ။ တို့၏။ ဟီနတ္တံ၊ ယုတ်ညံ့သည်၏ အဖြစ်ကို၊ ဝါ-အောက်တန်းကျသော ဘဝကို။ ဇဟာတိ၊ စွန့်တတ်၏။ ဣတိ တံ ဟိရညံ။ ကတ္တုသာဓနေ။ ဟာဓာတ်+အညပစ္စည်း။

ဟာဓာတ်၏ အရကား သတ္တဝါတို့၏ အောက်တန်းကျသော ဘဝကို စွန့်တတ်သော (အထက်တန်းကျအောင် မြှင့်တင်ပေးတတ်သော) ရွှေနှင့်ဥစ္စာ အသပြာငွေတို့၏ ဥပါဒ်သည် ၆ ။ အညပစ္စည်း အရကား ဥပါဒဝန္တဖြစ်

http://www.dhammadownload.com


သော ရွှေနှင့်ဥစ္စာ အသပြာငွေရှိ၏။ ထိုသို့ပင်ရွေးသော်လည်း ဤဟိရညသဒ္ဒါ၏ ပါရှိသောသနည်း၊ ကေဒေသျှပစာသဒ္ဒါဖြစ်သောကြောင့် ဆိုလတ္တံ့ ရွှေမှကြွင်းသော ဥစ္စာအသပြာငွေ ရှိ၏။

ရုပ်ပြီးပုံ

ဟာဓာတ်+အညပစ္စည်း၊ ဟာကို ဟိရပြု၍ ဏ်ရညပြီးသည်။

† ဟာသ္သ ဟိရဋ္ဌာဒေသော။ (မောဂ်၊ ၇။ ၅၁။)

မှတ်ချက်။ ။ပုရိသော၌ အလုံးစုံသော ယောက်ျား၏ ပုရိသောအမည်ကို မဋ္ဌိမပုရိသ၌တွင်။ ကေဒေသျှပစာ၊ ဝါ-သမုဒါယူပစာ၊

(က) တိရောကုဍ္ဍကဏ္ဍ ကရဏဏ္ဍေ ဘုမ္မံ။ (ခ) သာဏိပါကာရေန ပရိက္ခိပိတွာတိ အတ္ထော။ (ဂ) အထ ဝါ တိရော ကရော္ဍ္တိ ဝေတနာတိ တိရောကုဍ္ဍကဏ္ဍ၊ (ဃ) တံ ပရိက္ခိပိတွာ (င) သမန္တ တော ကတွာတိ အတ္ထော။ ဋ္ဌ။ ၁၇၆။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိဂ္ဂဟာရဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပဝါကျ။ (ဝါကျာရမ္ဘ+အာရဒ္ဓလည်း ကြံနိုင်သည်။)

### ခ-ဝါကျအနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် ဝိဘတ္တိပဒ၊ ဝိဘတျတ္ထတို့ကို ဖွင့်ပြပြီး၍ ယခုအခါ၌ အတ္ထယောဇနာကို ပြခြင်းငှာ ခ-ဝါကျမိန့်။

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ခ-ဝါကျကား ပက္ခ။

### ဂ ဝါကျအနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် တိရောကုဍ္ဍကဏ္ဍကား တိရောကုဍ္ဍသဒ္ဒါ၊ တိရောကုဍ္ဍယာဟု တတိယာဖြင့် ဆိုလိုလျက် ကရိုဏ်းအနက်၌ သတ္တမီဝိဘတ် သက်၍ တိရောကုဍ္ဍကဏ္ဍဖြစ်သည်ဟု ဖွင့်ပြပြီး၍ ယခုအခါ၌ တင်းတိမ်ကန့် လန့်ကာဟော တိရောကုဍ္ဍ သဒ္ဒါဖြင့် ပြီးသည်ကို ဖွင့်ပြလိုရကား ဂ-ဝါကျမိန့်။

မှတ်ချက်။ ။အာဘော်နှင့် ယှဉ်ကြည့်ပါ။

† တိရောကုဍ္ဍသဒ္ဒေါ ဝါ အယံ သာဏိပါကာရပရိယာယော တိ ဒဿေန္တော အာဟ "အထ ဝါ" တိအာဒိ။ (သာရတ္ထ၊ ၂၊ ၉။)

ဃ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓ။

F.16 A

http://www.dhammadownload.com


**မှတ်ချက်။** ။ဂ–ဝါကျဖြင့် ဝစနတ္ထ ဖွင့်ပြပြီးနောက် ယင်းတိရော-ကရဏီယံပုဒ်ကို အဘယ်၌ အဘယ်သို့ စပ်ရမည်နည်းဟု စောဒနာဖွယ်ရှိ၍ ဃ–ဝါကျမိန့်။

င–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ ဃ–ဝါကျကား သင့်ပါ။

---

## ဝိဂ္ဂဟနှင့် ညသ်ကောက်

**တိရောကရဏီ။** ။တိရော ကရောန္တိ ဧတာယာတိ တိရောကရဏီ။ ဧတာယ ဇဝနိကာယ၊ ဤ ကန့်လန့်ကာဖြင့်။ ဇနာ၊ တို့သည်။ တိရော၊ ဖီလာကန့်လန့်။ ကရောန္တိ၊ ကုန်၏။ ဣတိ သာ တိရောကရဏီ။ ကရဏသာဓန။ တိရောသဒ္ဒါပုပဒ+ကရဓာတ်+ယုပစ္စည်း။ ဣတ္ထိ ဤပစ္စည်း။ (နဒီဗိုဂ်ဏ်း။)

တိရောဟူသော ဝိသေသနပုဒ်အရကား ဖီလာကန့်လန့်သဘောသည် မှုချ။ ယင်း၏ပြုခြင်းကြိယာနှင့် ဝိသေသန ဝိသေသျစပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ (သမာသ်ကောက်။)

ကရဓာတ်အရ ကတ္တုငွကြိယာကား ကန့်လန့်ကာ ကာသောသူတို့၏ ဝီရိယစသည်ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည်မှုချ။ ကရဏတ္ထကြိယာအရကား ထိုအံ့ားတပ်သော ကန့်လန့်ကာ၏ ပက်တူပန်ဿယသတ္တိသည် ဖလူပစာ။ ယုပစ္စည်းအရကား ထို–အပ်သော ကန့်လန့်ကာရုံ၏။ ဤပစ္စည်းကား ဣတ္ထိလိင်ဇောတကမျှသာတည်း။)

**မှတ်ချက်။** ။ဂ–ဝါကျအလို တိရောကရဏီယံပုဒ်ကား အနီယပစ္စည်းသာထူးသည်။ အာဘော်နှင့်ယှဉ်ကြည့်။

---

## ဓာတုပစ္စယာဒိဝိဆာဂ

**သာဏီ။** ။သာဓာတ်+ဏီပစ္စည်း။ ဣတ္ထိလိင် ရတ္တာဒိဂိုဏ်း။ သာတိ ဒုက္ခံ တနုံ ကရောတိ (ဆင်းရဲခြင်းကို ခေါင်းပါးအောင် နည်းအောင်ပြုတတ်၏) တိ သာဏီ=တိရောကရဏီ၊ (**မောဂ်**။ ၇။ ၆၁။)

**ပါကာရ။** ။ပပုဗ္ဗ+ကရဓာတ်+ဏပစ္စည်း။

† ပကာရေန ကရီယတီတိ ပါကာရော။ (**သူစိ**)

**မှတ်ချက်။** ။သမာနတ္တာ ဇဝနိကာ သာ တိရောကရဏီ သိယာ။ **ဓာန်၊** ၂၉ဂ–အရ တိရောကရဏီကား တိလိင်။ တိရောကရဏီယံ၊ တိရောကရဏီယံ–ဟု ဏီ၌ ဒီဃရဿ ၂–ချက်သင့်။ ဒုဿမေတ္တ တိရောကရဏီယံ။ (**သီ၊ ဋီ၊ သစ်**။ ၂၊ ၂၇၂။) တိရောကရဏီယကား နပုလ္လိင်။

E.16 B

http://www.dhammadownload.com



## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဘုန်းဖြင့် တိရောကုဍ္ဍကဏ္ဍ၌ ယံသဒ္ဒါသည် ဒုတိယာဝိဘတ် ကာရိယပဟုတ် (အံယမိတော ပသည့်အော အာစီရင်မဟုတ်)၊ သတ္တမီဝိဘတ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း[1] (ယပတောသို့ ယံဝါ အာစီရင်)၊ ကရဏတ္ထေ ဖြင့် သတ္တမီဝိဘတ်သည် သတ္တမျတ္ထ၌ မသက်၊ ကရဏတ္ထ၌သက်သည်၏အဖြစ်ကို လည်းကောင်း[2]၊ ဤတိရောကုဍ္ဍသဒ္ဒါ၏အဖြစ်ကိုလည်းကောင်း[3] သိစေသည်။

၁။ ဝိဘတ္တိပဒ။　　၂။ ဝိဘတျတ္ထ။　　၃။ ဘာဝတ္ထ။

ခ-ဝါကျဖြင့် တိရောကုဍ္ဍသဒ္ဒါ၏ တင်းတိမ်ကန့်လန့်ကာဟော=သာဏီ-ပါကာရ၏ ဝေဝုစ်စကားလုံး ပရိယာယ်၏ အဖြစ်ကိုလည်းကောင်း[1]၊ တနည်း တိရောကုဍ္ဍယသဒ္ဒါ၏ တင်းတိမ်ကန့်ကာအနက်ဟော၏ အဖြစ်ကိုလည်း ကောင်း[2] တိရောကုဍ္ဍယံ ပုဒ်ကို ပရိက္ခိပိတွာ၌ ကရိုဏ်းစပ်ရမည်၏ အဖြစ်ကို လည်းကောင်း[3] သိစေသည်။

၁။ အဘိဓေယျတ္ထ။　　၂။ နာမလိင်္ဂတ္ထ။　　၃။ သမ္ဗန္ဓ။

ဂ-ဝါကျဖြင့် တိရောကုဍ္ဍယံပုဒ်ကို တိရော ကရောန္တိ ဧတေနာတိ တိရောကုဍ္ဍယံဟု ကရဏသာဓနကိတန္တသမာသ် ဝိဂ္ဂဟပြုရမည်-ကိုလည်း ကောင်း[1]၊ အနီယပစ္စည်း၏ ကရဏသာဓန၌ သက်သည်ကို-လည်းကောင်း[2]၊ ဤ၌ တိရောကုဍ္ဍယပုဒ်ရင်း၏အဖြစ်ကိုလည်းကောင်း[3] သိစေသည်။

၁။ အဘိဓေယျတ္ထ၊ သမာသလိင်္ဂပဒတ္ထ။　　၂။ ဒုတိယပစ္စယတ္ထ။　　၃။ ဘာဝတ္ထ။

ဃ-ဝါကျဖြင့် တိရောကုဍ္ဍယံ၌ ဒုတိယာဝိဘတ်၏ ကံအနက်၌ သက် သည်-ကိုလည်းကောင်း[1]၊ ယင်းတိရောကုဍ္ဍယံပုဒ်ကို ပရိက္ခိပိတွာ၌စပ်ရမည် ကို လည်းကောင်း[2] သိစေသည်။

၁။ ဝိဘတျတ္ထ။　　၂။ သမ္ဗန္ဓ။

င-ဝါကျဖြင့် ပရိက္ခိပိတွာ၌ ပရိသဒ္ဒါသည် ပရိစ္ဆေဒအနက်ကို မဟော၊ သမန္တာအနက်ကိုဟောသည် ကိုလည်းကောင်း[1]၊ အထက်ဝန်းကျင်မှချ၍ ဟူသည် ထက်ဝန်းကျင်မှကာရံခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[2] သိ စေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။　　၂။ ဘာဝတ္ထ။

**အနက်ယောဇနာ။** ။ပရိက္ခိပိတွာ။ ထက်ဝန်းကျင်မှဆွဲချ၍ (သဒ္ဒတ္ထ)။ ဝါ-ထက်ဝန်းကျင်မှကာရံမှုကိုပြု၍ (အဓိပ္ပာယတ္ထ။)

http://www.dhammadownload.com


### ❁ နည်းနှင့် ဥပစာ

**ကရဏတ္ထေ ဘုမ္မံ။** အကြောင်းဖြစ်သောကရိယာ်အနက်၏ ကရဏတ္ထေ အမည်ကို အကျိုးဖြစ်သော တိရောကရဏီယသဒ္ဒါ၌ တင်စား၍ အကျိုးဖြစ်သော တိရောကရဏီယသဒ္ဒါကို ကရဏတ္ထေဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။)

**မှတ်ချက်။** ။ပါ+ဖြေ။ ၂၆၆-၇။ ဣတ္ထမ္ဘူတချာနတ္ထေနှင့် တူသည်။

(က) တေန ဟိတိ-လ-တေန ကာရဏေန။ (ခ) ဟိတိ ပဒပူရဏ-မတ္တေ နိပါတော။ (ဂ) တေနာတိ အယမ္ပိ ဝါ ဥပယောဇနတ္ထေ နိပါတောယေဝ။ ဋီ။ ၁၇၆။

### ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ယာသွာ-လ-အာဂမိယတိဖြင့် တေန-ဟူသောနိယတ်၏ အနိ-ယတ်ကို သိစေသည်။ (ဘာဝတ္ထ။)

က-ဝါကျ၌ တေန ကာရဏေနဖြင့် တေန၌ တသဒ္ဒါ၏ ကာရဏာကိုစွဲသည်ကို လည်းကောင်း ၁၊ တတိယာဝိဘတ်၏ ဟိတ်အနက်၌ သက်သည်ကိုလည်းကောင်း ၂ သိစေသည်။

၁။ သဗ္ဗနာမလိင်္ဂပဒတ္ထ။ ၂။ ဝိဘတျတ္ထ။

ခ-ဝါကျဖြင့် ဟိသဒ္ဒါ၏ နိပါတ်၏အဖြစ်ကိုလည်းကောင်း ၁၊ ယင်းဟိနိပါတ်၏အနက်မဲ့ ပဒပူရဏ၏ အဖြစ်ကိုလည်းကောင်း ၂ သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

**အနက်ယောဇနာ။** ။တေန၊ ယန္တေ့ သုဒိန် လာလတ္တံ့ ဟူသောအကြောင်းကြောင့်။ (ဟိသဒ္ဒါအနက်မဲ့။)

ဂ-ဝါကျ၌ ဝါသဒ္ဒါဖြင့် အတ္ထန္တရကို သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ အယမ္ပိ နိပါတောဖြင့် ဟိသဒ္ဒါသာ နိပါတ်ဖြစ်သည်မဟုတ်၊ ဤ တေနသဒ္ဒါသည်လည်း ဝိဘတ္တိပဋိရူပကနိပါတ်ပင်။ သဗ္ဗနာမ်ပုဒ်မဟုတ်ဟု သိစေသည်။ (နိပါတလိင်္ဂပဒ။)

ဂ-ဝါကျ၌ ဥပယောဇနတ္ထေဖြင့် တေန နိပါတ်သည် တိုက်တွန်းခြင်း = ဥပယောဇနအနက်ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

**အနက်ယောဇနာ။** ။တေနဟိ၊ တိုက်တွန်းပါ၏။

† ဝိဘတ္တိပဋိရူပကောပိ နိပါတော ဟောတီတိ အာဟ "တေနာတိ အယမ္ပိ ဝါ" တိအာဒိ။ (**သာရတ္ထ။** ၂။ ၉။)

† ပိယဒ္ဓေါ ဟိတိပဒံ အပေက္ခတိ၊ ဝေသဒ္ဓေါ တေနာတိပဒဿ သဗ္ဗနာမဘာဝံ နိဝတ္တေတိ။ (ပါရာ။ ယော။ ၁၀၈။)

http://www.dhammadownload.com


## ပါဠိဝိနိစ္ဆယ

ပဒပူရဏမတ္တော။ ပဒပူရဏမတ္တော။ ။ပဒဿ ပူရဏံ ပဒပူရဏံ၊ ပဒပူရဏမေဝ မတ္တံ ပဒပူရဏမတ္တံ။ ဤသို့ အစိတ်အပေါင်းဝိဂ္ဂဟပြုပြီးသောကြောင့် ပဒပူရဏမတ္တောသင့်။ (မအူသျှ။)

ပဒပူရဏမတ္တောတိ ပဒပူရဏတ္ထော၊ မ ကာရာဂမော။ (ပါရာ၊ ယော၊ ၁၀၈။) ဤအလို ပဒပူရဏ၊ အတ္ထ။ မ အာဂုံလာ၍ ပဒပူရဏမတ္ထဟု ဖြစ်သည်။ သို့ဖြစ်၍ ပဒပူရဏမတ္တော်လည်း သင့်သည်။

---

ပုဗ္ဗဏှသမယန္တိ တွေ့(က) ကိဉ္စာပိ ပါဠိယံ ကာလဿာရောစနံ န ဝုတ္တံ။ (ခ) အထ ခေါ် အာရောစိတေယေဝ ကာလေ အဂမာသီတိ ဝေဒိတဗ္ဗော။ ဋ္ဌ။ ၁၇၆။

## အနက်ယောဇနာ

ပါဠိယံ၊ ၌။ "ကာလော တာတ သုဒိန္န၊ နိဋ္ဌိတံ ဘတ္တ"န္တိ၊ ကာလော-လ-ဘတ္တံဟူ၍။ ကာလာရောစနံ၊ ကို။ ကိဉ္စာပိ န ဝုတ္တံ။ အထခေါ၊ သော်လည်း။ အာရောစိတကာလေယေဝ ဂမနဿ သမ္ဘာဗ္ဗတ္တာ (လျှောက်ကြားရာအချိန်မှာသာလျှင် ကြွသွားခြင်း၏ ရဟန်းကျင့်ဝတ် ဖြစ်သောကြောင့်။ ပရိဟာရဘောဂဟိတ်) အာရောစိတေယေဝ ကာလေ အဂမာသီတိ ဝေဒိတဗ္ဗော။

မှတ်ချက်။ ။ခ-ဝါကျ၌ ပရိဟာရဘောဂဟိတ်ကား အတ္တနောမတိမျှသာ။ ဋီကာ၊ ယောဇနာ၊ သျှတို့ အဆိုအမိန့် အဖွင့် မရှိ။

---

(က) မာတူတိ ဇနေတ္တိယာ။ (ခ) မတ္တိကန္တိ မာတိတော အာဂတံ။ (ဂ) ဣဒံ တေ-လ-ဒိန္နမနန္တိ အတ္တော။ ဋ္ဌ။ ၁၇၇။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ဝိတ္ထာရ။ ထို-၍ ခ-ဝါကျကား သခေ်ပ။

## ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် အမိမှလာသော ဥစ္စာဟု ဆို၏။ အမိမှ လာသော ဥစ္စာ ဟူသည် အမိသည် ရောင်းဝယ်ကူးသန်း၍ ရသော ဥစ္စာလော။ (ပါရာ၊ ဂံ၊ သစ်။ ၂။ ၄၂၂။) အဘယ်သို့ရအပ်သော ဥစ္စာဖြစ်ပါသနည်း-ကြောင့် ဂ-ဝါကျမိန့်။ (အမိပွာယ် ဘာသာပြန်လေ။)

---

http://www.dhammadownload.com



### ဝါကျခွဲနှင့် ကျမ်းတက်

၁-ဝါကျကား (အနက်အကျယ်ပြ)ဝိတ္ထာရဝါကျ။ ထို-၌ က-ဝါကျကား (အနုသန္ဓေပြ) သခေ်ပဝါကျ။

### အနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် အနုသန္ဓေကို ပြပြီး၍ ယခု အခါ၌ အနက်ကို ဖွင့်ပြခြင်းငှာ ခ-ဝါကျမိန့်။

**မှတ်ချက်။** ။ပါရာ၊ ဂံ၊ သစ်၊ ၂။ ၄၂၂-၌ "ဟိနာကာရကိုပြပြီး၍ ယင်းအနက်ကို ဖွင့်ခြင်းငှာ ဠတ္တိကာယ နာပ စသည်မိန့်"-ဟု ကျမ်းတက်သည်။ ဤအလို က-ဖြင့် ဟိနာကာရပြ၍ ခ-ဖြင့် အနက်အကျယ်ဖွင့်သည်ဟု ဆိုလိုသည်။

---

### ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဠတ္တိကာ။** ။ကုစ္ဆိတာ ဠတ္တိ ဠတ္တိကာ။ (ကုစ္ဆိတာ၊ စက်ဆုပ်အပ်သော။ ဠတ္တိ၊ မိန်းမတည်း။ ဠတ္တိကာ၊ စက်ဆုပ်အပ်သော မိန်းမ။) ကုစ္ဆိတ၊ ဝါ-နိန္ဒာတဒ္ဓိတ်။ ဠတ္တိပုဒ်+ကပစ္စည်း+အာပစ္စည်း။

ဠတ္တိဟူသော တဒ္ဓိတ်ပုဒ်အရကား မိန်းမဖြပ်သည် မှချ။ ယင်း၏ ကုစ္ဆိ-တဘောဂုဏ်နှင့် ဂုဏ ဂုဏ် စပ်ငြင်း သမ္မန်သည် ဌာနူပစာ။ က-ပစ္စည်းအရကား ကုစ္ဆိတဘောဂုဏ်ကို အဦး ပစာနပြု၍စက်ဆုပ်အပ်သော မိန်းမရ၏။

**မှတ်ချက်။** ။ကုစ္ဆိတော သမဏော သမဏကော-ဟု ဝိဂ္ဂဟပြုသော သဒ္ဒါကျမ်းတို့ကို မှီး၍ ပြုသော ဝိဂ္ဂဟနှင့် ဉာဏ်ကောက်တည်း။ **ပါရာ၊ ဂံ၊ သစ်၊ ၂**။ ၄၂၂-၌ ဠတ္တိ ဧဝ ဠတ္တိကာ ပြု။ က-ပစ္စည်းကား ဟီဠနတ္ထ။ ထို့ကြောင့် ဟီဠေန္တော အာဟ မိန့်ဟု ဆိုသည်။ ယင်းအလို အောက်ပါအတိုင်း ကောက်ရာ၏။

ဠတ္တိ ဧဝ ဠတ္တိကာ။ ဠတ္တိပုဒ်+ကပစ္စည်း+အာပစ္စည်း။ ဟီဠနတဒ္ဓိတ်။ ဠတ္တိ ဧဝ။ ယောကျ်ားမှ ထောက်ဆက အောက်တန်းကျသော မိန်းမသည် ပင်လျှင်။ ဠတ္တိကာ၊ ဠတ္တိကာ၊ မည်၏။

ဠတ္တိဟူသော တဒ္ဓိတ်ပုဒ်အရကား ယောကျ်ားမှ ထောက်ဆက အောက်တန်းကျသော မိန်းမဖြပ် ရ၏။ က-ပစ္စည်း အရလည်း ယင်း ယောကျ်ားမှ ထောက်ဆက အောက်တန်းကျသော မိန်းမပင် ရ၏။

**မှတ်ချက်။** ။သွတ္တတဒ္ဓိတ်အတိုင်း ကောက်သည်။ ဠတ္တိအရ သာမံ မိန်းမ မကောက်ရ၊ က-ပစ္စည်းနှင့် ယှဉ်သောကြောင့် အောက်တန်းကျသော မိန်းမကို ကောက်ရသည်။ ကုစ္ဆိတ=နိန္ဒာ=ဟီဠန အတူတူပုမှတ်။

---

http://www.dhammadownload.com



## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဟိင္ဂုစ္ဆေသြပြင့် ဠက္ကိကာပုဒ်ကို ကုစ္ဆိတာ ဠက္ကိ ဠက္ကိကာ။ (ရှုအလို။) ဠက္ကိ ဝေ ဠက္ကိကာ (ဂံ၊ သစ်၊ အလုံ) ဟု ကုစ္ဆိတ၊ ဝါ-ဟိင္ဂုန တဒ္ဓိတ် ဝစနတ္ထပြုရမည်-ကို လည်းကောင်း[၁]၊ က-ပစ္စည်း၏ ယင်းတဒ္ဓိတ်အနက်၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနဋ္ဌ၊ ၂။ ပဉ္စယဋ္ဌ။

ခ-ဝါကျ၌ ဠက္ကိပရိဘောဂ ါနံယော၀-လ-ခန့်-ဖြင့်ဠက္ကိနံ ပရိဘောဂတ္ထာယ လဒ္ဓံ ခနံ ဠက္ကိခနံ ဟု မဇ္ဈေလောပီသဒ္ဒိတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ။)

**တနည်း။** ။ခ-ဝါကျ၌ ဠက္ကိပရိဘောဂ ါနံ-လ-ခန့်ဖြင့် ဠက္ကိကာပုဒ်ကို ဠက္ကိနံ ပရိဘောဂ ါ ဠက္ကိကာဟု ပရိဘောဂတဒ္ဓိတ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း[၁]၊ က—ပစ္စည်း၏ ပရိဘောဂ တဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း[၂]။ ဠက္ကိကာနံ အတ္ထော ဠက္ကိကတ္ထောဟု ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၃]၊ ဠက္ကိကတ္ထာယဟု ဆိုလိုလျက် အတ္ထကျေသည်-ကိုလည်းကောင်း[၄]၊ ဝါ-အတ္ထာယ ဖြင့် ဠက္ကိကာယ၌ အာယသဒ္ဒါ၏ စတုတ္ထီ သ-ဝိဘတ်၏ ကာရိယ၏အဖြစ်ကို လည်းကောင်း[၅]၊ ယင်း သ-ဝိဘတ်၏ တဒတ္ထသမ္ပဒါန်၌ သက်သည်-ကိုလည်း ကောင်း[၆] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ပစ္စယဋ္ဌ၊ ၃။ အဘိဓာနဋ္ဌ။ ၄။ ဘာဝဋ္ဌ။ ဝါ-၅ ဝိဘတ္တိပဒ။ ၆။ ဝိဘတျဋ္ဌ။

**မှတ်ချက်။** ။ပထမအာဘော်ကား **ပါရာ၊ ဂံ၊ သစ်။** ၂။ ၄၂၂—လာ "ဠက္ကိပရိဘောဂ ါနံ-လ-ခနံ့-ဖြင့် ဠက္ကိခနံကို ဖွင့်သည်။ ဠက္ကိနံပရိဘောဂတ္ထာ-ယ ဝေ လဒ္ဓံ ခနံ ဠက္ကိခနံပြု" ဟူသောစကားနှင့်အညီ အာဘော် သံဝဏ္ဏနာ တည်း။ ယင်းအလို ပါဠိတော်ကို အောက်ပါအတိုင်း အနက်ယောဇနာပါ။

**အနက်ယောဇနာ။** ။ဠက္ကိကာယ၊ စက်ဆုပ်အပ်သော မိန်းမ၏။ ဝါ— ယောကျ်ားမှ ထောက်ဆက အောက်တန်းကျသော မိန်းမ၏။ ဠက္ကိခနံ။ မိန်းမတို့ အသုံးအဆောင် (အသေးသုံး) ဖြစ်သော ရေးချိုးကသယ်မှုန့်စသည် အကျိုး ငှာ ရအပ်သော ဥစ္စာ။

ဒုတိယအာဘော်ကား-ဆင်တဲဂဏ္ဌိ ၃၆၂—နှင့်အညီ ဖော်သောအာဘော် တည်း။ ဤအလို ဠက္ကိပရိဘောဂ ါနံ စသည်ဖြင့် ဠက္ကိကာယကို ဖွင့်သည်ဟု မှတ်။ ဤအလို ပါဠိတော်ကို အောက်ပါအတိုင်း အနက် ယောဇနာ။

F.17 A

http://www.dhammadownload.com



**အနုက်ယောဇနာ။** ။ဝုတ္တိကာယ၊ မိန်းမတို့၏ အသုံးအဆောင် (ရေချိုးကသယ်မှုန့်စသည်) အကျိုးငှာ။ ဝုတ္တိခန့်၊ မိန်းမတို့၏ ဥစ္စာ။

ခ-ဝါကျ၌ ကိတ္တကံ ဘဝေယျ-လ-ပဿဖြင့် ပါဠိတော်၌ အဓိပ္ပာယ်ပြည့်စုံအောင် ယင်းပါဠိများ ဖြည့်စွက်၍ အနုက်ယောဇနာရမည်ဟု သိစေသည်။ (ဘာဝတ္ထ။)

**ဝါဒန္တရ။** ။အချို့ကား ဝုတ္တိကာယ-ကို သံဝဏ္ဏေတဗ္ဗကြ၍ ဝုတ္တိပရိဘောဂါနိယေဝ-လ-ခန့်ကို သံဝဏ္ဏနာကြ၍ အာဘော်တမျိုး ဖော်ကြသေးသည်။ မိမိတို့ သဘောမမိ။

---

## ပါဠိဝိနိစ္ဆယ

**ဟိင္ဒေ့န္တော။ ဟိင္ဒန္တော။** ။ဟိဋ္ဌ စု နိုန္ဒာယံ -ဟု ဓာတုတ္တဆိုလည်း။ ဟိဋ္ဌဓာတ်+ဏော-ပစ္စည်း+အန္တပစ္စည်းဖြင့် ပြီးသည်။ ဤအလို ဟိဏ္ဍေန္တောသင့်သည်။

**နိတိ၊ ခ၁။** ၂၀၀-၌ ဟိဋ္ဌ အနာဒရေ ဟိဋ္ဌတိ-ဟု လာသည်။ ဟိဋ္ဌ-ဓာတ်+ဘူဝါဒိ အ-ပစ္စည်း+အန္တပစ္စည်းဖြင့် ပြီးသည်။ ဤအလို ဟိဋ္ဌန္တသင့်သည်။

---

(က) အထ ဝါ ဝုဒ္ဒံ တေ-လ-ခန့်။ (ခ) တဋ္ဌ ခေါ မတ္တိကံ၊ န မယာ ဒိန္နံ။ (ဂ) တဝ မာတုယေဝ သန္တကတ္တိ ဝုတ္တံ ဟောတိ။ (ဃ) တံ ပနေတံ-လ-ဝုတ္တိကာယ ဝုတ္တိခန့်။ (င) ယံ ဝုတ္တိကာယ-လ-အတ္တော ဒဋ္ဌဗ္ဗော။ ဋ္ဌ။ ၁၇၇။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

**မှတ်ချက်။** ။က-ဝါကျဖြင့် ပါဠိ၌ ဝုဒ္ဒံ တေ တာတ-သုဒိန္န မာတု-ကို ဖွင့်၍ ခ-ဂ-နှစ်ဝါကျဖြင့် မတ္တိကံပုဒ်ကို ဖွင့်သဖြင့် ပက္ခ၊ ပက္ခန္တရဝါကျခွဲသည်။

ထို ခ-ဝါကျတွင် တဋ္ဌ ခေါ မတ္တိကံကား အန္ဝယဝါကျ၊ န မယာ ဒိန္နံကား ဗျတိရေကဝါကျ။

ဂ-ဝါကျကား ဝိတ္ထာရဝါကျ၊ ထို-၍ ခ-ဝါကျကား သင်္ခေပဝါကျ။

## ဂ-ဝါကျ ကျမ်းတက်

ဆရာ ဆရာသည် ခ-ဝါကျဖြင့် မတ္တိကံပုဒ်ကို အကျဉ်းအားဖြင့် ဖွင့်တော်မူ၍ ယင်းမတ္တိကံပုဒ်၏ အကျယ်ကား အဘယ်နည်း၊ ယင်းမတ္တိကံပုဒ်၏ အကျယ်ကို ပြလို၍ ပြိုလော-ကြောင့် ဂ-ဝါကျမိန့်။

E.17 B

http://www.dhammadownload.com



## ဂ-ဝါကျအဓိပ္ပာယ်တက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် မတ္တိကာပုဒ်ကို အန္ဒယ ဗျတိရေကအားဖြင့် ဖွင့်တော်မူ၏။ ယင်းမတ္တိကာပုဒ်ကို ပဌမဝိကပ်(မတ္တိကန္တိမာတိုတော အာဂတံ)၌ကဲ့သို့ အာဂတတဒ္ဓိတ် ဝစနတ္ထပြုရမည်လော၊ အဘယ် တဒ္ဓိတ်ဝစနတ္ထပြုရမည်နည်း-ကြောင့် ဂ-ဝါကျမိန့်။

**မှတ်ချက်။** ။ဖ-နံပါတ်အဖြေကိုရှု၍ အဓိပ္ပာယ်ပြန်လေ။

ဃ-င-ဝါကျတို့ကား (ဣတ္ထိကာယ ဣတ္ထိဓနံပုဒ်တို့၏အဖွင့်ကို ပြသောကြောင့်) ပက္ခန္တရ၊ ထို့-၍ က-ခ-ဂ-ဝါကျတို့ကား ပဘ္ဘ။

ဃ-ဝါကျတွင် တံ ပနေတံ-လ-သမ္ဗန္ဓံ-ကား ဗျတိရေက ဝါကျ။ ထို့-၍ အပိစ-လ-ဣတ္ထိဓနံကား အန္ဒယဝါကျ။

င-ဝါကျကား ဝိတ္ထာရ၊ ထို့-၍ ဃ-ဝါကျကား သခေ်ပ။

† ယန္တိအာဒိ ဝိဂ္ဂဟ။ (ပါရာ၊ ယော။ ၁၀၇။)

---

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဓနံ။** ။မမယိဒန္တိ ဓနာယိတဗ္ဗံ သဒ္ဒါယိတဗ္ဗန္တိ ဓနံ။

ယံ ဝိတ္တံ၊ အကြင်ဥစ္စာကို။ သာမိကေဟိ၊ ပိုင်ရှင်တို့က။ ဣဒံ၊ ဤဥစ္စာသည်။ မမ၊ ငါ၏။ ဝိတ္တ၊ ဥစ္စာတည်း။ ဣတိ၊ ဤသို့။ ဓနာယိတဗ္ဗံ သဒ္ဒါယိတဗ္ဗံ၊ အသံပြုအပ် ပြောဆိုအပ်၏။ ဣတိ တံ ဓနံ။ ကမ္မသာဓန။ ဓန-ဓာတ်+အ ပစ္စည်း။

ဓနဓာတ်အရ ကတ္တုရုပ္ပကြိယာကား ပိုင်ရှင်၏တဏှာပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည် မုချ။ ကမ္မတ္ထကြိယာအရကား ထို-အားတပ်သော ဥစ္စာဒြပ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော ဥစ္စာဒြပ် ရ၏။

† ဓန ခဉေ၊ အ။ ဓနံ။ ဓန သဒ္ဒေ ဝါ။ (သူစိ။)

### ဝိဂ္ဂဟမှတ်ဖွယ်များ

**ကသိယာ။** ။ကသ ဝိလေခနေ၊ဣ။ကသနံ(ထွန်ယက်ခြင်း)ကသိ။(သူစိ။)

**ဝဏိဇ္ဇာယ။** ။ဝဏိဇာနံ ကမ္မံ ဝဏိဇ္ဇာ။ ဏျော။ ဣတ္ထိယံ အာ။(သူစိ။)
(ဝါဏိဇာနံ ကမ္မံ ဝါဏိဇ္ဇံဟုလည်း ရှိသည်။)

**သန္တကံ။** ။အန္တေန သမီပေန သဟာတိ သန္တကော။ သကတ္ထေ ကော။ (သူစိ။) ဤ၌ သန္တကံကား နပုလ္လိင်။)

---

http://www.dhammadownload.com


## ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ခန်ဖြင့် မာတုမတ္တိကံပါဋိဝယ် မာတုပုဒ်ကို (သုဂတဿ သုဂတစီဝရံပြယုဂ်တွင် သုဂတဿကို စီဝရံ၌စပ်၊ တိလဿ တေလံပြယုဂ်တွင် တိလဿကို တိလဿ ဇ္ဇဒံ ဟူသော ဝါကျအခိုက် ဇ္ဇဒံ၌ပင် စပ်ရသကဲ့သို့)မာတု-သန္တကံဟူသော ဝိဂ္ဂဟဝါကျအခိုက်၌ သန္တကံ၊ မတ္တိကံဟု ပုဒ်ပြီးသောအခါ ဏိကပစ္စည်းဟူသော ဗဲဟျတ်၌ စပ်ရမည်ဟု သိစေသည်။ (သမ္ဗန္ဓ။)

ဂ-ဝါကျ၌ တဝဖြင့် တေသဒ္ဒါသည် ဏ-ဝံဗ္ဗနာမ်ပုဒ်၊ ပထမာယောဝိဘတ်ဖြင့်ပြီးသောပုဒ်မဟုတ်၊နာဝိဘတ်နှင့်တကွ တုမှသဒ္ဒါ၏ကာရိယ တေသဒ္ဒါလည်း မဟုတ်၊ ဆဋ္ဌီဝိဘတ်နှင့်တကွ တုမှသဒ္ဒါ၏ ကာရိယ တေသဒ္ဒါတည်းဟု သိစေသည်။ (နာမလိင်ပဒ။ ဝိဘတ္တိပဒ။)

ဂ-ဝါကျ၌ မာတုယေဝ သန္တကံဖြင့် မတ္တိကံပုဒ်ကို မာတုသန္တကံ မတ္တိကံ ဟု သန္တကတဒ္ဓိတ်ဝစနတ္ထပြုရမည်-ကို လည်းကောင်း[၁]၊ ဏိကပစ္စည်း၏ သန္တက-တဒ္ဓိတ်၌သက်သည်-ကို လည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

**မှတ်ချက်။** ။ပထမဝိကပ်မတ္တိကံ၌ မာတုအရကား သုဒ္ဒိန်မိခင်၏ မိခင် (အဘွား)ရ၍ ဒုတိယဝိကပ်မတ္တိကံ၌ မာတုအရကား တဝ (မာတုယေဝ) ဖွင့်သည်ကိုထောက်၍ သုဒ္ဒိန်၏မိခင် ရသည်။

---

## ❀ ပါဠိဝိနိစ္ဆယ

**နှာန။ နဟာန။** ။နှာ သောစေယျေ။ နှာယတိ၊ အပ္ပက္ခရာနံ ဗဟုဘာဝေ နဟာယတိ-လ-နဟာနံ၊ နှာန်-ဟူသော သဒ္ဒနီတိ၊ ဓာတုမာလာ။ ၂၄၁-ကို ထောက်၍ နှာနနှင့် နဟာနကား အပ္ပက္ခရ ဗဟက္ခရမျှသာထူး၍ အနက် မထူးရကား ၂-ပါဠိသင့်သည်။

† နဟာ သောစေယျေ။ ဒိဝါဒိ။ ကုရုဏော ယုံ၊ နဟာနံ။ (သူစိ။)

---

(က) အညံ ပေတ္တိကံ အညံ ပိတာမဟတ္တိ ယံ ပန တော ပိတု စ ပိတာမဟာနဉ္စ သန္တကံ၊ တံ အညံယေဝ။ (ခ) နိဟိတဉ္စ ပယုတ္တဉ္စ အတိဝိယ ဗဟုံ။ (ဂ) တွေ စ ပိတာမဟန္တိ တဒ္ဓိ တလောပံ ကတွာ ဝေဒိတဗ္ဗံ။ (ဃ) ပေတာမဟန္တိ ဝါပါဌော။ ဋ္ဌ။ ၁၇၇။

http://www.dhammadownload.com


(ဤဝါကျ ၁၃၄၁—ခုနှစ် အစိုးရမေးပြီး ဖြစ်သည်။ မေးခွန်းအဖြေနှင့် ဖြစ်သင့်ရာ အဖြေတို့ကို တွဲဖက်ဖြေလိုက်သည်။

❀ (၁) နိယာမ ဝါကျ၌ အညအပါဒါနိခံ၍(က)အမှတ်ပြ ဝါကျ ကိုသာ အနက်မှန်မှန် သမ္ဗန်ပါ။

ဖြေ။ အညံယေဝ။ (ရွှေပုံ ငွေပုံမှ) တပါးသာတည်း။ (အည၏ အပါ ဒါန်ကား ပါဠိ၌ တေ ပုဥ္ဆတည်း။ကြွင်းအဋ္ဌကထာပါဠ်ကို သျှအတိုင်းပေး။)

---

❀ (၂) ခ-အမှတ်ပြ ဝါကျကို သာဘောဂပုစ္ဆာ တက်ခဲ့ပါ။

ဖြေ။ ။ခ-ဝါကျ သာဘောဂပုစ္ဆာတက်

ဆရာ ဆရာသည်၊ က-ဝါကျဖြင့် သင့်ဖခင်၏ လည်းကောင်း၊ အဘိုး တို့၏လည်းကောင်း၊ ဥစ္စာသည် ရွှေပုံငွေပုံမှ တပါးသာတည်းဟု ဆို၏။ ယင်း ဥစ္စာ၏ တည်ရှိရာဌာနနှင့် ပမာဏကို မပြဆိုပြီလော။ ယင်းဥစ္စာ၏ တည်ရှိရာ ဌာနနှင့် ယင်း၏ပမာဏကား အဘယ်နည်း–ကြောင့် ခ-ဝါကျမိန့်။

–ကား ခ-ဝါကျ၌ နိဟိတဥ္စ ပယုတ္တဥ္စ-ဖြင့် ဥစ္စာတည်ရှိရာကို လည်း ကောင်း၊အတိဝိယဗဟုဖြင့် ပမာဏကိုလည်းကောင်း ငါပြဆို၏ ဟူလို။

ဂ-ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ပိတု သန္တကံ ပေတ္တိကံ၊ ပိတာမဟာနံ သန္တကံ ပိတာမဟံဟူသော ဝစနတ္ထကို ဆို၏။ ပေတ္တိကံဟု သဝုဒ္ဓိက (ဝုဒ္ဓိရှိ သော) ပါဠ်ဖြစ်သကဲ့သို့ ပေတာမဟံဟု သဝုဒ္ဓိကပါဠ် ဖြစ်သင့်သည် မဟုတ် လော။ အသို့မူ၍ ပိတာမဟံဟု ဆိုပါသနည်း–ကြောင့် ဂ-ဝါကျမိန့်။ (အဓိပ္ပာယ် ပါဠ်လျှောက်ပြန်။)

**မှတ်ချက်။** ။ဤကား မိမိ၏ ကျမ်းတက်တည်း။ မအူသျှ၌“ပါဠိတော်၌ ပိတာမဟံဟူ၍သာ ရှိ၏။ ပိတာမဟိကံဟူ၍ကား မရှိ၊ ထိုသို့မရှိပါဘဲလျက် ပိတာမဟာနဥ္စ သန္တကံ ဟူ၍ သန္တကတဒ္ဓိတ်ဖွင့်ခြင်းသည် သင့်ပါမည်လော– စုဒ်ကြောင် တွေ့ စ-စသည်မိန့်”ဟု ကျမ်းတက်သည်။

ဃ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် တဒ္ဓိတ်ပစ္စည်းကျေခြင်းကိုပြ၍ ဝါ– ကျေလျှင် ပိတာမဟံဟု သိအပ်သောဟု ဆို၏။ တဒ္ဓိတ်ပစ္စည်း မကျေလျှင် အဘယ်သို့ ပါဠ်ရှိသင့်ပါသနည်း–ကြောင့် ဃ-ဝါကျမိန့်။

---

(၃) ခ-ဂ-ဃမှတ်ပြ ဝါကျတို့ကို အကြောင်းပြ၍ ဝါကျ အမည်ညွှန်ပြခဲ့ပါ။

ဖြေ။ ။ခ ဝါကျကား (ဖခင်နှင့် အဘိုး အဘေးတို့ ဥစ္စာ၏ ဌာနနှင့် ပမာဏကို ဆက်၍ပြသောကြောင့်) ဝါကျာရမ္ဘဝါကျ။ ထို-၍ က—ဝါကျ ကား အာရဒ္ဓ။

မှတ်ချက်။ ။အစိုးရပုစ္ဆာ၌ ဤဝါကျမပါ၊ ပြည့်စုံအောင်ထည့်သည် ဟု မှတ်။

ဂ—ဝါကျကား (ပေတာမဟံဟု သတ္တဒ္ဓိကပါဠ်ရှိသင့်သည် မဟုတ်လော ဟု စောဒနာဖွယ်ကို ဆက်လက်ပြသောကြောင့်) ဝါကျာရမ္ဘဝါကျ။ ထို-၍ က—ဝါကျကား အာရဒ္ဓ။

ဃ-ဝါကျကား (ပါဌ္ဌန္တရကိုပြသောကြောင့်) ပက္ခန္တရဝါကျ။ ထို-၍ ဂ—ဝါကျကား ပက္ခ။

---

(၄) (ဃ) မှတ်ဝါကျပါ"ပေတာမဟံ"ပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြ၍ အပေါင်း ဝစနတ္ထကိုသာ ဉာသိနည်းအရ ကောက် ပြခဲ့ပါ။

ဖြေ။ ။ပိတု ပိတာ ပိတာမဟော။(မတ္တိကံဝါကျ၌ ရေးခဲ့ပြီ။) အစိတ် ဝိဂ္ဂဟ။ ပိတာမဟာနံ သန္တကံ ပိတာမဟံ။ ပိတာမဟာနံ၊ အဘိုးတို့၏၊ သန္တကံ၊ ဥစ္စာတည်း။ ပိတာမဟံ၊ တို့၏ ဥစ္စာ။ သန္တကတဒ္ဓိတ် ဝိဂ္ဂိုဟ်။ ပိတာ မဟာပုဒ်+ဏပစ္စည်း။ (ဏိကပစ္စည်း။)

ပိတာမဟာဟူသော တဒ္ဓိတ်အရကား သုဒိန်၏ အဘိုး အဘေးစသည်တို့ ဒြပ်ရ၏။ ယင်း၏ မြေဥ္စမြုပ်ထား များစွာသော ဥစ္စာ၊ အတိုးရင်းပွား၍ချထာ သော ဥစ္စာနှင့် သာမိ သံအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ဏ-ဝါ ဏိကပစ္စည်းအရကား ထို-ဖြင့်မှတ်အပ်သော မြေဥ္စမြုပ်ထား များစွာသော ဥစ္စာ၊ အတိုးရင်းပွား ချထားသော များစွာသောဥစ္စာ ရ၏။

ပေတ္တိကံ။ ။ပိတု သန္တကံ ပေတ္တိကံ။ ပိတု၊ ၏။ သန္တကံ၊ ဥစ္စာတည်း၊ သန္တကတဒ္ဓိတ်။ ပိတုပုဒ်+ဏိကပစ္စည်း။

ပိတု-အရကား သုဒိန်၏ ဖခင်ဒြပ်သည် မုချ။ ယင်း၏ မြေဥ္စ-လ-ဥစ္စာနှင့် သာမိ သံစပ်။ ဏိကအရ မြေဥ္စ-လ-ဥစ္စာရ၏။ (ရှေးနည်းမှီး၍ အကျယ် ကောက်လေ။)

---

http://www.dhammadownload.com



(၅) ခ-မှတ်ပြဝါကျပါ နိဟိတံ-ပုဒ်၏ ဓာတ်ပစ္စည်း ဝိဘတ်ပစ္စည်း ဝိဘတျတ္တကိုလည်းကောင်း၊ မည်သည့် ကြိယာနှင့် မည်သို့ ကြိယာကာရက ဆက်စပ်ပုံကိုလည်းကောင်း ဖြေဆိုခဲ့ပါ။

ဖြေ။ ။နိဟိတံကား နိပုဗ္ဗ ဓာဓာတ်+တ-ပစ္စည်း။ ဝိဘတျတ္တကား လိင်္ဂတ္ထ။ နိဟိတံ-ပုဒ်ကို ဗဟုဒ္ဓ တုလျတ်၊ ဗဟုကား လိင်္ဂတ်။ ဝါ-နိဟိတံပုဒ်ကို ဟောတိပါဌ်သေသဉ္ဇ ပကတိကတ္တား၊ ဟောတိကား ထိုကတ္တား၏ ကြိယာအဖြစ်ဖြင့် ဆက်စပ်သည်။

† ဓာ ဓာရဏေ-လ-တာဝ သုနိဟိတော သန္ဓော။ (နီတိ။ ဓာ။ ၁၀၅။)

ဗဟု။ ။ဗဟ+ဥ။ ဓနံဟူသော တုလျတ်လိင်သို့လိုက်၍ ဤဌိနပုလ္လိင်၊ ဥကာရန္တ၊ ရတ္တာဒိဂိုဏ်း။ (စကျွန်နှင့်တူ။)

† ဗဟ ဝုဒ္ဓိယံ ဥ။ ဗဟတိ ဝုဒ္ဓိံ ဂစ္ဆတီတိ ဗဟု။ (သူစိ။)

---

(၆) က-မှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ရှိးရင်းနှလုံးသွင်းကိုထုတ်ပြ၍၊ သံဝဏ္ဏနာအမည်ကိုလည်း ညွှန်ပြခဲ့ပါ။

**အာဘာဂနှင့် သံဝဏ္ဏနာ**

ဖြေ။ ။က-ဝါကျ၌ ပိတုသန္တကံ-ဖြင့် ပေတ္တိကံပုဒ်ကို ပိတုသန္တကံ ပေတ္တိကံဟု သန္တကတဒ္ဓိတ်ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ဏိကပစ္စည်း၏ သန္တကတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ၊      ၂။ ပစ္စယတ္ထ။

ပိတာမဟာနံ သန္တကံဖြင့် ပိတာမဟံပုဒ်ကို ပိတာမဟာနံ သန္တကံ ပိတာမဟံဟု ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၊ ဝါ-ဏိကပစ္စည်း၏ သန္တကတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[၂]၊ ပိတာမဟာနံဟု ဗဟုဝုစ်နှင့် ဆိုသဖြင့် အဘိုးသာမက အဘေးအဘီစသည် အထက် ဆွေ ၇-ဆက်ကိုလည်း ရသည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ၊      ၂။ ပစ္စယတ္ထ၊      ၃။ အဘိပ္ပေတ္တ

က-ဝါကျ၌ တံ အညံယေဝဖြင့်-ပေတ္တိကံပုဒ် ပိတာမဟံပုဒ်ကို သက်ဆိုင်ရာ အညံပုဒ်၌စပ်ရမည်ဟု သိစေသည်။ (သမ္ဗန္ဓ။ ဝါ-ဘာဝတ္ထ။)

**တဒ္ဓိတလောပံကတ္ဘာ အစီပွာယ်အမျိုးမျိုး**

ပိတာမဟာနံ သန္တကံ ပိတာမဟိကံဟူလိုလျက် တဒ္ဓိတ်ဏိကပစ္စည်းချေ။ (ဆင်တဲဂဏိ။ ၃၆၂။)

http://www.dhammadownload.com



ပိတာမဟာသ ဝုဒ္ဓိ ပိတာမဟံ။ ဏာပစ္စည်းလုံးလုံးကျေခြင်းကို တဒ္ဓိတလောပ ဟုဆိုသည်။ (ရွှေဥမင်သျှ။ ၁၀၇။)

တဒ္ဓိတ် ဏာပစ္စည်းကြောင့် ကာရိယအထူး မရောက်သည်ကို တဒ္ဓိတလောပ ကာဘွာဟုဆိုသည်။ (ပါရာ၊ ဂံ၊ သစ်။ ၄၂၃။)

ပိတာမဟာပုဒ်+ဏာပစ္စည်း။ နိမိတ် ဏာပစ္စည်းချေလျှင် နိမိတ်မရှိတော့သော ကြောင့် ပိ-၌ ဝုဒ္ဓိပြုဖွယ်မလို၊ ယင်းသို့ ဏာပစ္စည်းချေထား (ကျေ) သည်ကို တဒ္ဓိတလောပဟုဆိုသည်။ (အတ္တနောမတိ။)

**မှတ်ချက်။** ။ဝိမတိ၊ ၁။ ၁၀၁-၌ တဒ္ဓိတလောပကိုတမျိုးတဖုံ ဖွင့်သေး၏။ ကြွင်းအဋ္ဌကထာပါဠိ အာဘောဘ်များကို အဓိပ္ပာယ်အာဘောဘ်ဖြစ်၍ အသီး အခြား မရေးတော့။ ကျမ်းတက်ရှု၍လည်းကောင်း ဘာသာပြန်၍ လည်း ကောင်း အာဘောဘ်ဖော်လေ။

---

❁ (၇) ဃ—မှတ်ပြပါကျ၌ **ပေတာမဟန္တိ၊ ပေဘာမဟန္တိမှ** ပ နှစ်ထွေ နှစ်ပါဌ် ကွဲပြားလျက် ရှိတတ်ကြရာ ယုတ္တိသာဓကပု ထောက်ပြ၍ မှန်ရာပါဌ်ကို ဆုံးဖြတ်ခဲ့ပါ။

**ဖြေ။ ။ ပါဌ်ဝိနိစ္ဆယ**

ပက္ခန္တရ၊ ဝါ-နယန္တရဇောတက 'ဝါ' ပါပြီးဖြစ်၍ ယင်းဇောတက အ သဒ္ဒါ ပါဖွယ်မလိုတော့သောကြောင့် ပေတာမဟန္တိပါဌ်သာသင့်သည်။

---

❁ (၈) က-မှတ်ပြပါကျ၌ "ပိတာမဟာနဥ္စ သန္တကံဝယ် နည် တာတ သုဒိန္န ဗီဇကမ္ပိဒေဟိ" ၌ ဗီဇကမ္ပိ ဒေဟိဝယ် ဥပစာတို့ ဆိုရိုးကျ ထုတ်ဆောင်တင်ပြခဲ့ပါ။

ဖြေ။ ။အစိတ်ကို မှတ်၍ ဆိုသဖြင့် အပေါင်းကိုလည်း ရသောနည်း သည် ဥပလက္ခဏနည်းမည်၏။ ပြယုဂ်ကား—ပိတာမဟာနံ ဟူသည့်တည် ဤ-၌ ပိတာမဟာနံ ဟူသောနည်းသည် အဘိုးတည်းဟူသော အစိတ်ကိုမှတ် ဆိုသဖြင့် အဘေးအဘီစသော အဆက်ဆွေ ၇-ဆက် ဟူသောအပေါ ကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။ (ကေဒေသူပစာ။ အဝယ ဝူပစာ။)

သဒိသဿ နာမံ သဒိသိမှိ ဥပစာရော ဝေါဟာရော သဒိသူပစာရောဟူသော ဝစနတ္ထနှင့်အညီ အတူဖြစ်သော ဝတ္ထု၏အမည်ကို အတူရှိသော ဝတ္ထု တင်စား၍ ခေါ်ဝေါ်ခြင်းသည် သဒိသူပစာသဒ္ဒါမည်၏။ ပြယုဂ်ကား—ဗီဇ

http://www.dhammadownload.com


ဒေဟိဟူသည်တည်း။ ဤ၌-အတူဖြစ်သော မျိုးစေ့၏ ဗီဇကဲ့ဟူသော အမည်ကို အတူရှိသောသုဒိန်၏ သားဖြပ်၌ တင်စား၍ အတူရှိသောသုဒိန်၏ သားကို ဗီဇကံဟု ဆိုသောကြောင့် သဗီသူပစာသဒ္ဒါမည်၏။

† ကုလရုက္ခပတိဋ္ဌာပနေ ဗီဇသဒိသတ္တာ ကုလဝံသပတိဋ္ဌာပကော ပုတ္တော ဣဓ ဗီဇကောတိ အဓိပ္ပေတောတိ အာဟ ကုလဝံသဗီဇကံ ကေံပုတ္တန္တိ။ (သာရတ္ထ၊ ၂။ ၁၁။)

---

(၉) အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာဖြင့် ဝါကျ စီကုံးခဲ့ပါ။ သုဒိန် သင်သည် မွေ့လျော်သည်ဖြစ်၍ မြတ်သောအကျင့်ကို အကယ်၍ ကျင့်ပါအံ့။ ကျင့်ပြီး၍ ကောဝ်းကဝ်၌ ထိုင်၍ ပရိနိဗ္ဗာန် ပြုပါလော၊ ငါတို့အား အမျိုးအနွယ်၏ မျိုးစေ့ဖြစ်သော တယောက်သော သားကိုပေးခဲ့ပါ။

ဖြေ။ ။သစေ တွံ အဘိရတော ဗြဟ္မစရိယံ စရေသိ၊ စရိတွာ အာကာသေ နိသီဒိတွာ ပရိနိဗ္ဗာယိတာဟောဟိ၊ အမှာကံ ပန ကုလဝံသဗီဇကံ ကေံ ပုတ္တံ ဒေဟိ။ ၄။ ၁၇၈။

---

(က) လဗ္ဘာ တာတ သုဒိန္န-လ-ဘောဂါ ဘုဉ္ဇိတုံ၊ (ခ) န အလဗ္ဘာ ဘုဉ္ဇိတုံ။ (ဂ) န တွံ ရာဇဘီတော ပဗ္ဗဇိတော။ (ဃ) န ဣဏာယိကေဟိ ပလိဗုဒ္ဓေါ ဟုတွာတိ။ ၄။ ၁၇၇။

## အာဘောဂသံဝဏ္ဏနာစသည်

က-ဝါကျတွင် ဟီနာယ အာဝတ္တိတွာဖြင့် ဟီနာယာဝတ္တိတွာကို ဟီနာယ အာဝတ္တိတွာဟု ပဒစ္ဆေဒ ပြုရမည်ဟု သိစေသည်။ (သန္ဓိလိင်ပဒ။)

ဂိဟိဘာဝါယ-ဖြင့် ဟီနအံ့ရ လူအဖြစ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဥတ္တမံ-လ-ပဟာယဖြင့် ဟီနာယာဝတ္တိတွာဟူသည် ရဟန်းအသွင်ကို စွန့်ပစ်ခြင်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊ လူ့အဖြစ် (ဂိဟိဘာဝ) လူ့အသွင်အပြင်ကား ရဟန်းအဖြစ် ရဟန်းအသွင်အပြင်မှ ထောက်သော် ဟီနသာတည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊ သိစေသည်။

၁။ ၂။ ဘာဝတ္ထ။

### အရိယဒ္ဓဇောသ်ကောက်ဥပစာ

အရိယာနံ ဓဇော အရိယဒ္ဓဇော။ အရိယာနံ၊ တို့၏။ ဓဇော၊ တံခွန်တည်း။ အရိယပုဒ်+ဓဇပုဒ်။

F.18 A

http://www.dhammadownload.com



အရိယ-အရကား အရိယာပုဂ္ဂိုလ်တို့ဖြစ်သည် မုချ။ ယင်း၏ တံခွန်ဖြစ်နှင့် လက္ခ လက္ခဏာ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာန္တပစာ။ အရိယဒ္ဓဇ-ဟူသော သမာသ်ပုဒ်လုံး-အရကား ထို-ဖြင့် မှတ်အပ်သော အရိယာတို့၏ တံခွန်ရ၏။

ထိုသို့ပင် ရဖြားသော်လည်း အရိယဒ္ဓဇ သဒ္ဒါ၏ သဒိသူပစာ သဒ္ဒါဖြစ်သောကြောင့် အရိယာတို့၏ တံခွန်သဖွယ်ဖြစ်သော ရဟန်းအသွင်(ပဗ္ဗဇိတလိင်)ရ၏။

ဥပစာ။ ။အတူဖြစ်သော တံခွန်၏ ဓဇအမည်ကို အတူရှိသော ရဟန်းအသွင်(ပဗ္ဗဇိတလိင်)၌တင်။ သဒိသူပစာ။

**ရာဇဘီတော**

ရာဇကုလဘီတောဟုဆိုလိုလျက် ကုလသဒ္ဒါကျေသောကြောင့် ဝဏ္ဏလောပ နိရုတ္တိနည်း။

† န ရာဇဘီတောတိ အပရာဓကောရဏာ န ရာဇကုလတီတော။ (သာရတ္ထ။ ၂။ ၁၀။)

**ဣဏာယိကေဟိ**။ ။န ဘိက္ခဝေ ဣဏာယိကော ပဗ္ဗာဇေတဗ္ဗော-၌ ဣဏာယိကသဒ္ဒါသည် ကြွေးယူသူ၊ ဝါ-မြီးစား အနက်ကိုဟော၏။ (ခန်။ ၄၇၀။ ဣဏံ ဂဏှာတီတိ ဣဏာယိကော။ အာယိကော။ ဣဏံ အယတိ ပဝတ္တေတီတိ ဝါ။ ဏွု။ သူစိ။) သို့သော် ယေသံ သန္တကံ ဓနံ ဂဟိတံ။ တေ (ဥတ္တမရှင် ငွေရှင်ကြွေးရှင်တို့သည်။) ဣဏာယိကာ-ဟု ဖွင့်သော သာရတ္ထ၊ ၂။ ၁၀-အလို ဣဏာယိကေဟိ ၌ ဣဏာယိကသဒ္ဒါကား မြီရှင် (ငွေရှင်ကြွေးရှင်)အနက်ကို ဟောသည်။ ဣဏံ ဒဒါတီတိ ဣဏာယိကော-ဟု ဒဒါ-တိတဒ္ဓိတ် ကြံရဖွယ်ရှိသည်။

**ပလိဗုဒ္ဓေါ**။ ။ပရိဗုန္ဓီယတီတိ ပလိဗုဒ္ဓေါ။ပရိ+ဗုဓိ+တ။ဗုဓိ+ဟိံ သာယံ။ (ခာတ်ကျမ်း။) ရ-ကို လ-ပြု၍ ပလိဗုဒ္ဓေါ ပြီးသည်။ ဝဏ္ဏဝိကာရ နိရုတ္တိနည်း။

---

(က) တာတ န ဥဿဟာမီတိ တွေ့ ပန တာတာတိဝစနံ ဂေဟသိတပေမေန အာဟ၊ န သမဏတေဇေန။ (ခ) န ဥဿဟာမီတိ န သက္ကောမိ။ (ဂ) န ဝိသဟာမီတိ နပ္ပဟောမိ န သမတ္ထောမှိ။ ဋ္ဌ။ ၁၇၇။

**အာဘောဂနှင့် သံဝဏ္ဏနာစသည်**

က-ဝါကျ၌ တာတာတိ-လ-တဇေနဖြင့် သုဒိန်က ဖခင်ကို တာတ (ဖခင်)ဟု ခေါ်သည်မှာ အိမ်သား(လူသုံး) ဝေါဟာရဖြင့် ခေါ်ခြင်း

http://www.dhammadownload.com


တည်း၊ သမဏာတေဇ=ရဟန်း၏ အရှိန်အဝါ၊ ဝါ-ရဟန်းသုံးဖြင့် ခေါ်ခြင်းကား မဟုတ် (ရဟန်းသုံးဖြင့်ဆိုလျှင် ဂဟပတိ=ဒကာကြီး-ဟုခေါ်ရပေမည်။ ဝဒေယျာမ ခေါ်တော် ဂဟပတိ-ကြည့်ပါ။) ဟု သိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျ၌..သက္ကောမိဖြင့် ဥဿဟာမိ၌ ဥ-ဥပသာရ၏ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း¹၊ သဟဓာတ်သည် ပရိသဟန=သည်းခံခြင်းအနက်ကို မဟော၊ သတ္တိ=စွမ်းနိုင်ခြင်းအနက်ကိုဟောသည်-ကိုလည်းကောင်း² သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

ခ-ဝါကျ၌ ပဟောမိဖြင့် ဝိသဟာမိ၌ ဝိဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း¹၊ သဟဓာတ်၏သတ္တိအနက်ဟော၏ အဖြစ်ကိုလည်းကောင်း² သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

ခ-ဝါကျ၌ သမတ္ထောမှိ-ဖြင့် ပဟောမိ၌ ပဟုဓာတ်သည် သတ္တိအနက်ကိုဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

† သဟ ပရိသဟနေ။ ပရိသဟနံ ခန္တိ။ (နီတိ၊ ဓာ။ ၁၉၇။ ၃၅၀။)

† သဟ သုဟ သတ္တိယံ။ (ဝုဏ်။ ၂၄၀။)

## ဂေဟာသိတဥပစာ

ပေဟာသိတပေမ။ ။ဂေဟေ သိတော နိဿိတော ဂေဟသိတော။ ဂေဟသိတော စ သော ပေမော စာတိ ဂေဟသိတပေမော။

ဌာနဖြစ်သောအိမ်၏ ဂေဟအမည်ကို ဌာနီဖြစ်သော အိမ်နေလူ၌ တင်စား၍ ဌာနီဖြစ်သောအိမ်နေလူကို ဂေဟဟုဆိုသောကြောင့်ဌာနူပစာ။ (နာနန္တရိကနည်း။)

## ပုတ္တော စမ သက်ဟံ

မေ ငါ၏။ ပုတ္တော၊ သည်။ မေ၊ ငါ့အား။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို-ဟု မေသဒ္ဒါကို ပုတ္တော၌ သမွန်၊ သင်္ဂဟံ၌ သမ္ပဒါန်စပ်ရသောကြောင့် ကာကောလောကနနည်း။ (ဆိုရိုးကျတင်လေ။)

---

(က) တေနဟိတိ ဥယျောဇနတ္တေ-လ-နိပါတော၊ (ခ) တတော-နိဒ္ဒါနန္တိ တံနိဒ္ဒါန်-လ-ဝေဒိတဗ္ဗော။ (ဂ) သမာသေ စသာ လောပါဘာဝေါ။ ဋ္ဌ။ ၁၇၇။

http://www.dhammadownload.com



## ❁ ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ခ-ဝါကျတွင် ဉာတိပစ္စတ္တဝစနသ္မ တောအာဒေသော ဝေဒိတဗ္ဗော-ကား ဝါကျာရမ္ဘဝါကျ။ထို-၍ တတောနိဒါနန္တိ တံနိဒါနံ တံဟေတုကံ-ကား အာရဒ္ဓဝါကျ။

**ရှင်းလင်းချက်။** ။တတောနိဒါနံကို တံနိဒါနံဟု ဖွင့်၊ တံနိဒါနံကို တံ-ဟေတုကံဟု ဖွင့်။ တံဟေတုကံ၌ သမာသန္တက-ကို မြင်သဖြင့် တံနိဒါနံကို ဗဟုဗ္ဗီဟိဟု သိနိုင်၏။ (ဗဟုဗ္ဗီဟိကို ဗဟုဗ္ဗီဟိဖြင့်ဖွင့်သည်။) တံနိဒါနံအဖွင့်သည် ဗဟုဗ္ဗီဟိဖြစ်လျှင် တတောနိဒါနံဟူသော သံဝဏ္ဏေတဗ္ဗသည်လည်း ဗဟုဗ္ဗီဟိသမာသ်ပင် ဖြစ်ရာ၏။ သို့ဖြစ်လျှင် ဒိန္နနှင့် သုက်တွဲသော် ဒိန္နသုက်ဖြစ်သကဲ့သို့ တံနှင့်နိဒါနတွဲသော် တံနိဒါနသာဖြစ်ရာ၏။ ဝါ-ဖြစ်ရာသည်မဟုတ်လော-ဟု စောကြောဖွယ်ရှိ၍ ဉာတိ ပစ္စတ္တ-လ-ဝေဒိတဗ္ဗော-ဝါကျတက်လာရသည်။ သို့ဖြစ်၍ ဉာတိ-လ-ဝေဒိတဗ္ဗောကို ဝါကျာရမ္ဘဟု ဝါကျခွဲ။ အောက်ပါအတိုင်း ကျမ်းတတ်လေ။

### ခ-ဝါကျတွင် ဒုတိယ ဝါကျသို့ကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျတွင် ပထမဝါကျဖြင့် တတောနိဒါနံပုဒ်ကို တံ နိဒါနံ တံ ဟေတုကံဟု ဖွင့်၏။ (အနက်မပြန်ဘဲထားသော သဒ္ဒထပနာမျိုးတည်း။) ယင်းသို့ဖွင့်သော်၊ ဝါ-ယင်းအဖွင့်ကို ထောက်၍ "တံ နိဒါနံ" ဟုသာ ဖြစ်သင့်သည် မဟုတ်လော။ ယင်းသို့ ဖြစ်လျက် အဘယ်ကြောင့် ပါဠိတော်၌ "တတောနိဒါနံ"ဟု ဆိုအပ်သနည်း-ကြောင့် ခ-ဝါကျတွင် ဒုတိယဝါကျ မိန့်။

ကား-ခ-ဝါကျတွင် ဒုတိယ ဝါကျဖြင့်ပထမာဝိဘတ်၏ "တော" အပြုကို သိရသောကြောင့် ပါဠိတော်၌ "တတောနိဒါနံ"ဟု ဆိုအပ်၏ ဟူလို။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ခ-ဝါကျတွင် ဒုတိယဝါကျကား အာရဒ္ဓ။

### ဂ-ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျတွင် ဒုတိယဝါကျဖြင့် ပထမာဝိဘတ်၏ တောအပြုကို သိအပ်သောဟု ဆို၏။ ဝါကျ၌ ပထမာသိဝိဘတ်ကို "တော" ပြု၍ တတောနိဒါနံဟု ရှိ၏။ သမာသ်၌ကား ပထမာသိဝိဘတ်၏ ကံရိယ

http://www.dhammadownload.com


တော-ကို ချေ၍ တနိဒါန်ဟု ရှိရာသည် မဟုတ်လော။ (မဏ္ဍူသျှ၊ ၃၀။) အဘယ်သို့ သိအပ်ပါသနည်း-ကြောင့် ဂ-ဝါကျမိန့်။

## ❁ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**တတောနိဒါန်။** ။တတော နိဒါနံ အဿ ဘယာဒိကဿာတိ တတော နိဒါနံ။ အဿ ဘယာဒိကဿ၊ ထိုကြောက်ခြင်း စသည်အား၊ တတော၊ ထိုရွှေ့ငွေ့ဟူသော။ နိဒါနံ၊ အကြောင်းသည်။ အတ္ထိ၊ ၏။ ဣတိ တံ ဘယာ-ဒိကံ၊ သည်။ တတောနိဒါနံ၊ မည်၏။ အတဂ္ဂုဏသံဝိညာဏ စတုတ္ထီ ဗဟုဗ္ဗီဟိ သမာသ်။ တ-ပုဒ်+နိဒါန ပုဒ်+တ-ပုဒ်။

တ+နိဒါနဟူသော ဗဟုဗ္ဗီဟိသမာသ် ပုဒ်လုံးအရကား ထိုရွှေ့ငွေ့ဟူသော အကြောင်းသည် မုချ။ ယင်း၏ ကြောက်ခြင်း စသည်နှင့် အကြောင်းအကျိုး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဥဒ္ဒနူပစာ။ တ-ဟူသော အညပုဒ်အရကား ထို-မုချ+ဥဒ္ဒနူပစာ တို့ဖြင့် မှတ်အပ်သော ကြောက်ခြင်း စသည်ရ၏။ ၄ါ-ဘယ၊ လောမဟံသ၊ ဆမ္ဘိတတ္တ၊ အာရက္ခ ရ၏။ (ဝိသေသန ဆက်ကောက်။ တတော နိဒါန်ပုဒ်ကို ဘယ်စသည်၌ စပ်ရသည်ကို သတိပြု။)

**အနက်ယောဇနာ။** ။တတောနိဒါနံ၊ ထိုရွှေ့ငွေ့ဟူသော အကြောင်း ရှိသော။

† တံ ခနံ နိဒါနံ ကာရဏမဿာတိ တံနိဒါနံ။ သာရတ္ထ။ ၂။ ၁၀။)

**မှတ်ချက်။** ။တံနိဒါနံ=တ+နိဒါန=တ, ထက်၌ နိဂ္ဂဟိတ်လာ၍ တံနိဒါန-ဟု ပြီးသည်။ တတောနိဒါန်နှင့် ဉာဏ်ကောက်တူပြီ။ တံဟောတုကံလည်း ထိုနည်းအတူပင်။

## ❁ ဓာတုပစ္စယာဒိဝိဘာဂ

**ဝိဘတ္တိ။** ။ဝိပုဗ္ဗ+ဘဇဓာတ်+တိပစ္စည်း။ (နီတိ၊ ဓာ။ ၂၉၅-၌ ဘဇ ပုထုကမ္မနိ-လ-ဝိဘတ္တိ-ဟု ဆိုသေး၏။)

† ကမ္မာဒိဝသေန ကေတ္တာဒိဝသေန စ လိင်္ဂတ္ထံ ဝိဘဇန္တီတိ ဝိဘတ္တိ ယော။ ရူ။ ၆၂။)

**ပစ္စတ္တဝစနံ။** ။ပစ္စတ္တဿ ပရိဒီပကံ ဝစနံ ပစ္စတ္တဝစနံ။ (ပစ္စတ္တဿ၊ သလိင် အလိင် စသည်အပြားရှိကုန်သော အနက်တို့၏ မိမိကိုစွဲ၍ ဖြစ်သော သဘောမျှကို။ ပရိဒီပကံ၊ ပြတတ်သော။ ဝစနံ၊ သဒ္ဒါတည်း၊ ဝါ-ဝိဘတ် တည်း။) မဇ္ဈေလောပီကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ်။ ပစ္စတ္တပုဒ်+ဝစနပုဒ်။

ပစ္စတ္တဟူသော ဝိသေသနပုဒ်အရကား သလိင် အလိင် စသည်အပြား ရှိကုန်သော အနက်တို့၏ မိမိကိုစွဲ၍ဖြစ်သော သဘောမျှသည် မုချ။ ယင်း၏ ပြတတ်သောသဒ္ဒါ၊ ဝါ-ဝိဘတ်နှင့် ဒီပေတာဗ္ဗ ဒီပက၊ ဝါ-ဝါစ္စ ပါဓက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဥဒ္ဓူပစာ။ ပစ္စတ္တဝစနံဟူသော သမာသ်ပုဒ်လုံး အရကား ထို-ဖြင့်မှတ်အပ်သော သဒ္ဒါ၊ ဝါ-ပထမာဝိဘတ်ရ၏။

† သလိင်္ဂါလိင်္ဂါဒိ ဘေဒါနမတ္ထာနံ ပစ္စတ္တသဘာဝမတ္တပရိဒီပကဝစနံ ပစ္စတ္တဝစနံ နာမ။ (ရူ။ ဋီ၊ နှာ။ ၁၂၇။)

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က—ဝါကျ၌ ဥယျောဇနတ္တေ နိပါတောဖြင့် တေနဟိသဒ္ဒါ၏ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းနိပါတ်ပုဒ်၏ တိုက်တွန်းခြင်း ဥယျောဇန အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

က—ဝါကျ၌ ဝိဘတ္တိ ပတိရူပကော—ဖြင့် တေနကား ဝိဘတ်အဆုံးရှိသော (တေနသဗ္ဗနာမ်) ပုဒ်နှင့်တူသော နိပါတ် (အနွယ)၊ တသဗ္ဗနာမ်ပုဒ် နာဝိဘတ် ဖြင့် ပြီးသော တေနသဗ္ဗနာမ်ပုဒ်ကား မဟုတ် (ဗျ) ဟု သိစေသည်။ (ဘာဝတ္ထ။)

† ဝိဘတ္တိပတိရူပကောတိ ယေနာတိပဒံ သန္ဓာယာဟ။ (သာရတ္ထ။ ၂။ ၁၀။)

ခ-ဝါကျ၌ တံနိဒါနံဖြင့် တတောနိဒါနံကို တတော နိဒါနံ အဿာတိ တတောနိဒါနံ ဟု ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိ-ဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

ခ-ဝါကျ၌ တံဟေတုကံဖြင့် တံနိဒါနံပုဒ်ကို တံနိဒါနံ အဿာတိ တံနိဒါနံဟု ဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ နိဒါန သဒ္ဒါ၏ ဟေတုပရိယာယ်၏ အဖြစ်ကိုလည်းကောင်း[၂]၊ တနည်း-နိဒါနသဒ္ဒါ ဟေတုအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။ တနည်း-နာမလိင်္ဂတ္ထ။

ခ—ဝါကျ၌ ဣတိ ပစ္စတ္တဝစနဿ-လ-ဝေဒိတဗ္ဗော-ဖြင့် တတော၌ တောသဒ္ဒါကား တောပစ္စည်းမဟုတ်။ (ဗျ။) ပထမာ ဝိဘတ်၏ ကာရိယ တည်း—ဟု သိစေသည်။ (ဝိဘတ္တိပဒ။)

http://www.dhammadownload.com



မှတ်ချက်။ ။ပါရာ။ ယော။ ၁၀၉-၌ ပစ္စတ္တဝစနဿာတိ ယဒန္တတိ သဒ္ဒေန တံသဒ္ဒဿ တောအာဒေသော ဟုဖွင့်သည်။

ဂ-ဝါကျဖြင့် တတော နိဒါနံ အဿဟူသော ဝါကျ၌ လည်းကောင်း၊ တတောနိဒါနံ ဟူသော သမာသ်၌လည်းကောင်း ပထမာဝိဘတ်၏ တော အပြုမကျေဟု သိစေသည်။ (ဘာဝတ္ထ။)

မှတ်ချက်။ ။ဂ-ဝါကျ၌ သမုစ္စည်းအနက်ရှိသော စသဒ္ဒါဖြင့် ယင်း အဓိပ္ပာယ်ကို ပြသည်။

## ပါဠိဝိနိစ္ဆယ

ပတိရူပကံ။ ပဋိရူပကံ။ ။ပတိရူပဒေသဝါသော-ပုဒ်၌ ကွစိ ပဋိ ပတိဿ သုတ် အစီအရင် မဖြစ်သကဲ့သို့ အတူ=(သဒိသ) ဟော ပတိရူပကပုဒ်လည်း ယင်းသုတ် အစီရင် မဖြစ်သောကြောင့်လည်းကောင်း၊ သာဒိသေ-ပတိရူပကံဟု နီတိ၊ သုတ္တ။ န္တာ။ ၃၆၂-၌လာသောကြောင့်လည်းကောင်း ပတိရူပကံပါဠိ၌ သာ သင့်သည်။

## နည်းနှင့် ဥပစာ

ဝိဘတ္တိပတိရူပကော။ ။ဌာနီဖြစ်သော ဝိဘတ်၏ ဝိဘတ္တိ ဟူသော အမည်ကို ဌာန ဖြစ်သော ဝိဘတ်အဆုံးရှိသော ပုဒ် (ဝိဘတျန္တပုဒ်)၌ တင်စား၍ ဌာနဖြစ်သော ဝိဘတျန္တ ပုဒ်ကို ဝိဘတ္တိဟုဆိုသောကြောင့် ဌာနျူပစာ။ (အဝိနာဘာဝနည်း။)

ရှင်းလင်းချက်။ ။ဝိဘတ္တိပတိရူပကော၊ ဝိဘတျန္တပုဒ်နှင့်တူသော-ဟု အနက်ပြန်သော ပါရာ၊ ဂံ၊ သစ်။ ၂။ ၄၂၃-နှင့်ညှိ၍ ဥပစာကြံသည်။ မအ္ဘသျှ၌ကား ဝိဘတ္တိယာ ပတိရူပကော ဝိဘတ္တိပတိရူပကောဟု ဝိဂ္ဂဟပြု၍ ဝိဘတ္တိပတိရူပကော၊ ဝိဘတ်၏ အတုဖြစ်သော-ဟု အနက် ပြန်သည်။ ယင်း အလို ဥပစာ မကြံရ။

---

(က) ဘယံဝါတိ-လ-ဝုတ္တံ ရာဇာဒိဘယံ။ (ခ) စိတ္တုတြာသောတိ အတ္ထော။ (ဂ) ဆမ္ဘိတတ္တန္တိ-လ-ကာယဓိဥ္မနံ ကာယကမ္ပော ဟဒယ မံသစလနံ။ (ဃ) လောမဟံသောတိ ဥပ္ပန္နေ ဘယေ လောမာနံ ဟံသနံ ဥဒ္ဓဂ္ဂဘာဝေါ။ (င) အာရက္ခောတိ အန္တော စ ဗဟိ စ ရတ္တိဉ္စ ဒိဝါ စ အာရက္ခရဏံ။ ဌ။ ၁၇၇။

http://www.dhammadownload.com


## အာဘောဂနှင့် သံဝဏ္ဏနာ

ခ-ဝါကျဖြင့် ဘယအရ ဉာဏဘယ အာရမ္မဏဘယ, ဩတ္တပ္ပဘယတို့ကို မယူရ၊ စိတ္တုတြာသ (စိတ်၏ ထိတ်လန့် တုန်လှုပ်ခြင်း) ဘယကိုယူရမည်ဟု သိစေသည်။(အဘိဓေယျတ္ထ။)

**မှတ်ချက်။** ။ဘယ(၄)မျိုးကို ဒီ၊ ဋ၊ ၁။ ၁၃၆-ကြည့်။ ဘတသဒ္ဒါ၏ ဝိဂ္ဂဟနှင့်တရားကိုယ်ကို သီ+မြေ။ ၅၀၉။ ၅၁၁-ကြည့်။

**အယံဥ္စနည်းဥပစာ။** ။အပေါင်းဖြစ်သော ဉာဏဘယ အာရမ္မဏဘယ ဩတ္တပ္ပဘယ စိတ္တုတြာသဘယတို့၏ ဘယဟူသောအမည်ကို အစိတ်ဖြစ်သော စိတ္တုတြာသဘယ၌ တင်လေ။ ဧကဒေသူပစာ။

ဂ-ဝါကျ၌ ကာယိဥ္စန်ဖြင့် ဆမ္ဘိတတ္တံ၌ တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်သည်-ကိုလည်းကောင်း[¹] ဆမ္ဘိတဿဘာဝေါ ဆမ္ဘိတတ္တံဟု ဘာဝတဒ္ဓိတ်-ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[²]၊ ဆမ္ဘိတတ္တအရ ကိုယ်တုန်လှုပ်ခြင်းကို ယူရမည် ကိုလည်းကောင်း[³] သိစေသည်။

၁။ ဒုတိယပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ အဘိဓေယျတ္ထ။

**မှတ်ချက်။** ။သံဝဏ္ဏေတဗ္ဗတဒ္ဓိတ်ပုဒ်ကို ကိတ်ဘောဖြင့် ဖွင့်ပြလျှင် သံဝဏ္ဏေတဗ္ဗတဒ္ဓိတ်ပုဒ်ကို ဘာဝတဒ္ဓိတ် ပြုရမည်။ ဤ ဆမ္ဘိတတ္တဟူသော တဒ္ဓိတ်ပုဒ်ကို ကာယိဥ္စန်ဝယ် ဣဉ္စနံ၌ ယုပစ္စည်းဖြင့်ဖွင့်သဖြင့် တဒ္ဓိတ်ဘော အာဘောဂ် ဖော်သည်။

* သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ကိတ်ဘာဝနှင့်၊ ဖွင့်၍ပြ၊ တဒ္ဓိတ်ဘာဝ ကြံစရာ။ **(သံဝဏ္ဏနာနိယံ။)**

ဂ-ဝါကျ၌ ကာယကမ္မော-ဖြင့် ကာယိဥ္စန်၌ ဣဉ္စနသဒ္ဒါသည် တုန်လှုပ်ခြင်း(ကမ္ပ)အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**တနည်း**—ကမ္ပောဖြင့် ဣဉ္စနံ၌ ဣဉ္စဓာတ်၏ တုန်လှုပ်ခြင်း(ကမ္ပ)အနက်ကို ဟောသည်ကို-လည်းကောင်း[¹]၊ ယုပစ္စည်း၏ ဘာဝသာဓန၌ သက်သည်-ကိုလည်းကောင်း[²]၊ ဣဉ္စိယတေ ကမ္ပတေ ဣဉ္စနံဟု ဘာဝသာဓန ဝစနတ္ထပြုရမည် ကိုလည်းကောင်း[³] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ဂ-ဝါကျ၌ ဟဒယမံသစလနံ-ဖြင့် ကာယကမ္ပော၌ ကာယအရ သာမညအားဖြင့် အလုံးစုံသောကာယ ဝိသေသအားဖြင့် နှလုံးသား(ဟဒယမံသ)ကို

http://www.dhammadownload.com



ယူရမည်–ကိုလည်းကောင်း[1]၊ ကမ္ဗောဋ္ဌကပိဓာတ်၏ စလနအနက်ကို ဟောသည် ကို–လည်းကောင်း[2]၊ အ–ပစ္စည်း၏ဘာဝဘာဝနေ၌သက်သည်–ကိုလည်းကောင်း[3]၊ ကမ္ပနံကမ္ဗောဟု ဘာဝသာဓနေ ဝစနတ္ထပြုရမည်ကို–လည်းကောင်း[4] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ ဒုတိယဓာတွတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။

† ဝိသေသတော ပန ဟဒယမံသစလနန္တိ အာဟ ကာယကမ္ဗော ဟဒယမံသစလနန္တိ။ (သာရတ္ထ၊ ၂။ ၁၀။)

## ဆမ္ဘိတမှတ်ဖွယ်

ဆမ္ဘိတဿာတိ ထမ္ဘိတဿ၊ ထ–ကာရဿ ဆကာရာဒေသော။ (သီ။ ဋီ၊ သစ်။ ၂။ ၂၄။) ထမ္ဘိတတ္တံ ဟိ ဆမ္ဘိတတ္တန္တိ ဝုစ္စတိ။ ဝိ။ ဋ္ဌ။ ၂။ ဂ–အလို ထမ္ဘိတ၌ ထ–ကို ဆ–ပြု၍ ဆမ္ဘိတဟုပြီးသည်။ ဆမ္ဘိတော ဝိယာတိ ဝိတ္ထာယန္တော ဝိယ ဘီတော ဝိယာတိ ကေစိ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၁၂၇–အလို ဆမ္ဘဓာတ်+တ–ပစ္စည်းကြံရဖွယ်ရှိသည်။ အချို့ကား သဥ္ဇာတော ဆမ္ဘော အဿ အတ္ထီတိ ဆမ္ဘိတောဟုလည်း ကြံကြသည်။

## ဆမ္ဘိတတ္တဉာဏ်ကောက်

ဆမ္ဘိတဿ ဘာဝေါ ဆမ္ဘိတတ္တံ။ ဆမ္ဘိတဿ၊ တုန်လှုပ် ထိပ်လန့် ကြောက်ရွံ့သောသူ၏။ ဘာဝေါ၊ တည်း။ ဆမ္ဘိတတ္တံ၊ ဆုန်လှုပ်–လ– အဖြစ်။ ဘာဝတဒ္ဓိတ်။ ဆမ္ဘိတ–ပုဒ်+တ္တ–ပစ္စည်း။

ဆမ္ဘိတဟူသော တဒ္ဓိတ်ပုဒ်အရကား မင်းတို့သည်လည်းကောင်း၊ ခိုးသူတို့သည်လည်းကောင်း၊ ဥစ္စာကိုပေးလော (ပေးရမည်)ဟု ညှဉ်းပန်း နှိပ်စက် ခံရသဖြင့် တုန်လှုပ်ထိပ်လန့် ကြောက်ရွံ့သောသူဖြစ်သည် မှချ။ ယင်း၏ ကိုယ်တုန်လှုပ်ခြင်း၊အထူးသဖြင့် နှလုံးသားတုန်လှုပ်ခြင်းနှင့် ကိရိယဝန္တကိရိယာ၊ သတ္တိမန္တ သတ္တိ၊ ဌာန ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာနူပစာ။ တ–ပစ္စည်း အရကား ထို့–ဖြင့်မှတ်အပ်သော မင်းတို့သည်လည်းကောင်း၊ ခိုးသူတို့သည် လည်းကောင်း၊ ဥစ္စာကိုပေးလော (ပေးရမည်)ဟု ညှဉ်းပန်းမှု ပြုခံရသူ၏ ကိုယ်၏တုန်လှုပ်ခြင်း၊ (အထူးသဖြင့်) နှလုံးသား၏ တုန်လှုပ်ခြင်းရ၏။

မှတ်ချက်။ ။ရာဇူဟိ ဝါ–လ–ဟဒယမံသစလနံ ဟူသော အဖွင့်နှင့်အညီ ပြည့်စုံစွာကောက်ရသည်ကို သတိပြုပါ။

ဃ–ဝါကျ၌ လောမာနံ ဟံသနံ–ဖြင့် လောမဟံသော၌ ဟံသော ပုဒ်ကို ဟံသနံ ဟံသောဟု ဘာဝသာဓနေ ဝစနတ္ထပြုရမည်–ကိုလည်းကောင်း[1]၊ ယုပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်ကို–လည်းကောင်း[2]၊ လောမနှင့်ဟံသော

F.19 A

http://www.dhammadownload.com



ပုဒ်ကို လောမာနံ ဟံသော လောမဟံသောဟု သာမညတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပဋ္ဌယဋ္ဌ။ ၃။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂဗဒ္ဓ။

ဃ-ဝါကျ၌ ဥဒ္ဒဂ္ဂဘာဝေါ-ဖြင့် အမွေးတို့၏ ရှင်ခြင်းဟူသည် အမွေးတို့၏ အထက်၌အဖျားရှိသည်၏အဖြစ်၊ အမွေးထောင်ခြင်း၊ ဝါ-ကြက်သီးမွေးညင်း ထခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

မှတ်ချက်။ ။ဥဒ္ဓံ (အထက်၌) အဂ္ဂါ (အဖျားတို့သည်) ဧတေသန္တိ ဥဒ္ဒဂ္ဂါ။ (ဧတေသံ လောမာနံ။)

င-ဝါကျ၌ အာရက္ခန်-ဖြင့် အာရက္ခော၌ အ-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်-ကိုလည်းကောင်း[၁]၊ အာရက္ခဏံ အာရက္ခောဟု ဘာဝသာဓနဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ ပစ္စယဋ္ဌ။ ၂။ အဘိဓာနဋ္ဌ။

## ပါဠိဝိနိစ္ဆယ

**ကမ္မကာရဏံ။ ကမ္မကရဏံ။** ။မ၊ဋီ၊ ၃။ ၃၆၃-အလို ကမ္မကာရဏာပုဒ်ကို ကာရီယတိ ဝေါယာတိ ကာရဏာ။ ကတ္တဗ္ဗန္တိ ကမ္မံ။ ကာရဏာဝေ ကမ္မံ ကမ္မကာရဏာဟု အစိတ်ပေါင်း ဝစနတ္ထပြု၍ ပြီးသောကြောင့်လည်းကောင်း၊ ကာရဏာ တု စ ယာတနာ။ ဓာန်။ ၄၀၇။ ကာရဏံဃာတဟေတူသု။ ဓာန်။ ၁၁၂၇-ကိုထောက်၍ လည်းကောင်း၊ ကမ္မကာရဏံ၊ နှိပ်စက် ညှဉ်းပန်းကြောင်းအမှု၊ နှိပ်စက်ညှဉ်းပန်းခြင်းအမှု၊ ကံကြမ္မာ-ဟု နှိပ်စက်ညှဉ်းပန်းခြင်း အနက်သာ ဖြစ်သင့်၍ ယင်းအနက်ကိုလည်း ကာရဏာသဒ္ဒါကသာ ဟော၍ ကရဏသဒ္ဒါက မဟောနိုင်သောကြောင့်လည်းကောင်း ကမ္မကာရဏဟု "ကာ" ၌ ဒီဃရှိသောပါဌ်သာသင့်သည်။

**ကရိယမာနဿ။ ကာရိယမာနဿ။** ။ယခုစာမူ၌ ကာရိယနှင့်ချည်းရှိသည်။ ရာဇူဟိ၊ စောရဟိ၊ တိုသည်။ ကမ္မကာရဏံ၊ ကို။ ကရိယမာနဿ၊ ပြုအပ်သော၊ ပြုခံရသောဟူသော ကာရိုက်မဲ့ သုဒ္ဓကမ္မရုပ် အနက်ပေးသင့်သောကြောင့် "ကရိယမာနဿ" ပါဌ်သာ သင့်သည်။

**မှတ်ချက်။** ။ပါရာ၊ ဂံ၊ သစ်၊ ၂။ ၄၂၄-၌လည်း ကရိယမာနဿ၊ ပြုအပ်သောသူ၏-ဟု သုဒ္ဓကမ္မရုပ်ကိုသာ အနက်ယောဇနာသည်။

**ကာယိဋ္ဌနံ။ ကာယိဋ္ဌနံ။** ။ဋ္ဌဇိ ဋ္ဌဋ္ဌော တု ကမ္မနေ-ဟူသော ဓာတွတ္ထနှင့်အညီ ဋ္ဌဇိ (သို့မဟုတ်) ဋ္ဌဋ္ဌဓာတ်ဖြင့် ပြီးသော ဋ္ဌဋ္ဌနပုဒ်နှင့် ကာယပုဒ်တွဲစပ်၍ ပြီးသောကြောင့် ကာယိဋ္ဌနံရှိသောပါဌ်သာ သင့်သည်။ (ကာယဿ ဋ္ဌဋ္ဌနံကာယိဋ္ဌနံ-ဟုတွဲ။)

http://www.dhammadownload.com


### နည်းနှင့် ဥပစာ

ထင်ရှားရှိသော လူစသော သက်ရှိသတ္တဝါတို့၏ ပြုံးရွှင်ခြင်း၏ ဟံသ (ဟံသန+ဟံသန္တိ) အမည်ကို ထင်ရှားမရှိသော အမွေးတို့၏ ရှင်ခြင်း၌ တင်စား၍ ထင်ရှားမရှိသော အမွေးတို့၏ ရှင်ခြင်းကို လောမာနံ ဟံသော (ဟံသနံ။ လောမာနိ ဟံသန္တိ) ဟု ဆိုသောကြောင့် တဒ္ဓမ္မူပစာ။

**မှတ်ချက်။** ။ငွေ၊ ၁၅၇—လောမာနိ ဟံသန္တိပုဒ် ဥပစာကို ပါ+မြေ ပထမ၊ ၇၅၀-၌ ဖြေခဲ့ပြီ။ ဤပုဒ်နှင့် အတူပင်။

---

(က) ပုရာဏ ဒုတိယိကန္တိ-လ-ဂိဟိကာလေ ဒုတိယိကာ။ (ခ) ဂေဟသိတသုခမဘောဂ-လ-ဘူတပုဗ္ဗဘရိယန္တိ အတ္ထော။ (ဂ) တေန ဟိ တိ ယေန-လ-မာတုဂါမဿဒိသံ ဗန္ဓနံ နတ္ထိ။ (ဃ) ပါဒေသု ဂဟေတွာတိ ပါဒေ ဂဟေတွာ။ (င) ဥပယောဂတ္ထေ ဘုမ္မဝစနံ။ (စ) ပါဒေသု ဝါ တံ ဂဟေတွာ။ ငွေ၊ ၁၇၈။

### အနက်ယောဇနာ

အာယသ္မတော သုဒိန္နဿ ပါဒေသု ဂဟေတွာ။ (ဝိ၊ ၁။ ၂၀)

အာယသ္မတော သုဒိန္နဿ၊ ၏။ ပါဒေသု၊ ခြေတို့ကို။ ဂဟေတွာ၊ ကိုင်၍။

**ရှင်းလင်းချက်။** ။ဤကား ဃ-င-သံဝဏ္ဏနာနှင့်အညီ အနက်ယောဇနာ ခြင်းတည်း။ ဂဟေတွာ၌ ဂဟဓာတ်သည် သကမ္မကဖြစ်၍ ပါဒေသုကို ကံ အနက်ပေးစေလိုသဖြင့် ပါဒေ ဂဟေတွာဟု အဋ္ဌကထာဖွင့်သည်။ ဤသို့လျှင် ဂဟာရွေမှ ပါဒေသု—ဟူသော အာဓာရကို ကံအနက် ပြန်ဆိုသောအခါ ရှေ့ပုဒ် (သုဒိန္နဿ) မှာပါသော ဆဋ္ဌီကို သမ္ဗန်အနက်၌ သက်သည်ဟု မှတ်။

* ဂဟာရွေမှ အာဓာရကို၊ ကံဆိုလိုမူ၊ ထိုရှေ့ပုဒ်မှာ၊ ဆဋ္ဌီပါက၊ သမ္ဗန်မှာသက်၊ ထို အချက်လည်း၊ မိန့်မြွက်အဋ္ဌကထာအလို တည်း။ (သစ်)

**တနည်း။** ။အာယသ္မတော သုဒိန္နဿ၊ ရှင်သုဒိန်ကို။ ပါဒေသု၊ ခြေတို့၌။ ဂဟေတွာ၊ ကိုင်၍။

**ရှင်းလင်းချက်။** ။ဤကား စ-သံဝဏ္ဏနာနှင့်အညီယောဇနာခြင်းတည်း။ ဂဟေတွာ၌ ဂဟဓာတ်၏ရှေ့တွင် ပါဒေသုဟူသော အာဓာရကို ဘုမ္မတ္ထ (သတ္တမျတ္ထ) အနက်ယောဇနာလျှင် ရှေ့၌ပါသော အာယသ္မတော သုဒိန္နဿဟူသော သမ္ဗန်ပုဒ်ကို ကံ အနက် ယောဇနာရမည်ဟုမှတ်။

http://www.dhammadownload.com



* ဂဟာရွှေမှု၊ အာခေ ကို၊ ဘူမတ္ထပင်၊ ယူစေချင်မှု၊ ရွှေတွင်ပုဒ်မှာ၊ ဆင့်ပါက-ကံမှာသ...ဘု၊ မိန့်မြွက်ဆရာတဦး အလိုတည်း။(ဘုရားကြီး။)

**စာစပ်မှတ်ဖွယ်**

ပထမဝိကပ်၌ အာယသ္မတော သုဒိန္နဿ-ကို ပါဒေသ၌ သမ္ဗန် သမ္ဗန္ဓီ၊ အပေါင်းအစိတ်စပ်။ ပါဒေသကို ဂတေတ္ထာ၌ အစိတ်ကံ ဂဟေတွာကား ထို ကံကိုမဟောသော-ကိတ်ကြိယာ။ ဒုတိယဝိကပ်၌ အာယသ္မတော သုဒိန္နဿ ကို ဂဟေတွာ၌ အပေါင်းကံ၊ ဂဟေတွာကား ထို ကံကို မဟောသော ကိတ်ကြိယာ။ ပါဒေသကား ဂဟေတွာ၌ အစိတ်အာခါရ၊ ဂဟေတွာ ကား အာခည်တည်း။ (သုဒိန်ကား အပေါင်း၊ ခြေထောက်ကား အစိတ်။)

* ဂဟာဒိကံ၊ အပေါင်းမှန်။ နောက်ဌာန်အာခါရမှာ အစိတ်တည်း။ (ဘုရားကြီး။)

**သီးသန့်မှတ်ဖွယ်။** ။ဂဟခါတ်၏ရှေ့၌ အာခါရကို ကံအနက်ပြန်လျှင် ထိုဂဟခါတ်ပါဝင်သောပုဒ်၏ရှေ့၌ ဒုတိယာဝိဘတ်ကို ဆဋ္ဌီ အနက်မှာသက်၊ အဋ္ဌီအနက်ပြန်ရမည်။

**ရှင်းထင်းချက်။** ။ထေရော ရာဇာနံ ဒက္ခိဏာဟတ္ထေ အဂ္ဂဟေသိ။ (ဝိ၊ ၄၊ ၁။ ၄၃။)

ထေရော၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်သည်။ ရာဇာနံ၊ သီရိဓမ္မာသောကမင်း၏။(ဒုတိယာဝိဘတ်ဆဋ္ဌီအနက်။)ဒက္ခိဏာဟတ္ထေ၊လက်ယာလက်ကို။ (ဂဟာရှေ့၌ အာခါရကို ကံအနက်ပြန်။) အဂ္ဂဟေသိ၊ ကိုင်ပြီ။ (အဂ္ဂဟေသိကား ဂဟခါတ် အဇ္ဇတနီ ဤဝိဘတ်။)

* ဂဟာရှေ့မှု၊ အာခါရကို၊ ကံဆိုလိုမူ၊ ထိုရှေ့ပုဒ်မှာ၊ ဒုတိယာကို၊ ဆဋ္ဌီမှာသက်၊ ဤအချက်လည်း၊ မိန့်မြွက်ဆရာတဦးအလိုတည်း။ (ဘုရားကြီး။)

---

**ဝါကျခွဲနှင့် ကျမ်းတက်**

ခ-ဝါကျကား ဝိတ္ထာရ။ ထို၏ က-ဝါကျကား သခေ်ပ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို၏ က-ခ-ဝါကျကား ပက္ခ။

ဃ-ဝါကျကား ပက္ခန္တရ။ ထို၏ ဂ-ဝါကျကား ပက္ခ။

င-ဝါကျကား ယုတ္တိဒဋ္ဌီကရဏ၊ ဝါ-ကာရဏဝါကျ။

ထို၏ ဃ-ဝါကျကား ယုတ္တိဒဋ္ဌီယဝါကျ။ ဝါ-ဖလဝါကျ။

### င-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဃ-ဝါကျဖြင့် ပါဒေသုကို ပါဒေဟု ဖွင့်၏။ အဘယ်ကြောင့် ပါဒေသု-ပုဒ်ကို ပါဒေ-ဟုဖွင့်သနည်း။ ယင်းသို့ ဖွင့်နိုင်ခြင်း၏ အကြောင်းကို မဆိုပြီလော-ကြောင့် င-ဝါကျမိန့်။

င-ဝါကျဖြင့် ဒုတိယာအနက်၌ သတ္တမီဝိဘတ်သက်သည်ကို သိစေလိုသောကြောင့် ပါဒေသုကို ပါဒေဟု ဖွင့်ဆိုခဲ့၏ ဟူလို။ (ယုတ္တိဝါကျကို ကာရဏတက်သည်။ ယုတ္တိတက်လည်း တက်လေဦး။)

စ-ဝါကျကား ပက္ခန္တရ။ ထို-၍ ဃ-င-ဝါကျကား ပက္ခ။

### စ-ဝါကျ အနုသန္ဓေတက်

ဤသို့ ဃ-င-ဝါကျတို့ဖြင့် ပါဒေသု၌ သတ္တမီဝိဘတ်ကား ဒုတိယာအနက်၌ သက်၏ဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ ပါဒေသုသဒ္ဒါ၏ အနက်တမျိုးကို လည်းကောင်း၊ အာယသ္မတော သုဒိန္နဿပုဒ်၏ အနက်တမျိုးကို လည်းကောင်း ဖွင့်ပြလိုရကား စ-ဝါကျမိန့်။ (ဇ-အဖြေ ကြည့်။)

### ❁ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ပုရာဏာ**။ ။ပုရ ဘဝါ ပုရာဏာ။ ပုရာ၊ ရှေး လူဖြစ်စဉ်အခါ၌။ ဘဝါ၊ ဖြစ်သောဇနီးတည်း။ ပုရာဏာ၊ ရှေး လူဖြစ်စဉ်အခါ၌ဖြစ်သော ဇနီး။ ဘာဝတဒ္ဓိတ်။ ပုရာပုဒ်+ဏပစ္စည်း။

ပုရာဟူသော တဒ္ဓိတ်ပုဒ်အရကား ရှေးလူဖြစ်စဉ်အခါသည် မုချ။ ယင်း၏ ဇနီးဒြပ်နှင့် ကာလ ကာလဝန္တအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏ-ပစ္စည်းအရကား ထို-ဖြင့်မှတ်အပ်သော ရှေးလူဖြစ်စဉ်အခါ၌ ဖြစ်သော ဇနီးဒြပ်ရ၏။ (ဝိသေသနဆက်ကောက်။)

### ဝိဂ္ဂဟမှတ်ဖွယ်များ

**ဒုတိယိကာ**။ ။ဒွိန္နံ ပူရဏီ ဒုတိယာ။ ဒုတိယာဧဝ ဒုတိယိကာ။

**ပုရာဏဒုတိယိကာ**။ ။ပုရာဏာ စ သာ ဒုတိယိကာ စာတိ ပုရာဏဒုတိယိကာ။ ပုရာဏာ စ၊ ရှေးလူဖြစ်စဉ်အခါ၌ ဖြစ်သည်လည်း။ ဟောတိ ဟုတ်၏။ ဒုတိယိကာ စ၊ အဖော်ဖြစ်သော ဇနီးသည်လည်း။ ဟောတိ။ ဣတိ ပုရာဏဒုတိယိကာ=ရှေး လူဖြစ်စဉ်အခါ၌ဖြစ်သော အဖော်ဇနီး။ ဝါ-ဇနီးဟောင်း။ (ကမ္မဓာရယ်သမာသ်။ ဉာဏ်ကောက်လွယ်ပြီ။)

† ပုရာတော ဏော စ။ (မောဂ်။ ၄။ ၂၂။)

**ဘူတပုဗ္ဗဘရိယာ**။ ။ပုဗ္ဗေ ဘူတာ ဘူတပုဗ္ဗာ။ ဘူတပုဗ္ဗာ စ သာ ဘရိယာစာတိ ဘူတပုဗ္ဗဘရိယာ။

http://www.dhammadownload.com

## ❀ မာတုပစ္စယာဒိဝိဘာဂ

**မာတုဂါမ။** ။မာတုယာ ဂါမော ဝိယ ဂါမော ယဿာ သာ မာတု-ဂါမော။ (ယဿာ ဣတ္ထိယာ၊ အား။ မာတုယာ၊ ၏။ ဂါမော ဝိယ၊ သွားခြင်းကဲ့သို့။ ဂါမော၊ သည်။ အတ္ထိ။ ဣတိ သာ မာတုဂါမော။ မာတာဝိယ ဂစ္ဆတီတိ မာတုဂါမော။ မာတု+ဂမု+ဏ-စသည် သူစိ-၌လာ၏။ ဤ မာတုဂါမပုဒ်သည် အတ္ထကား ဣတ္ထိလိင်၊ သဒ္ဒကား ပုလ္လိင်ပုရိသာဒိဂိုဏ်း အကာရန္တတည်း။ မာတုဂါမော။ မာတုဂါမာ စသည် ဂိုဏ်းပြေးလေ။ ညာသ်ကောက်ကို ပုပ္ပ-အဖွင့် (၄-၁၇၉) အဖြေ၌ ရှုလေ။

---

## ❀ အာဒေသာဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ပုရာဏံ ဒုတိယိကံ-ဖြင့် ပုရာဏဒုတိယိကံပုဒ်ကို ပုရာဏာ စ သာ ဒုတိယိကာ စာတိ ပုရာဏဒုတိယိကာ (တံ) ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

က-ဝါကျ၌ ပုဗ္ဗေဖြင့် ပုရာဏံပုဒ်၌ ပုရာသဒ္ဒါ၏ ရှေးဟူသောအနက်ကို ဟောသည်-ကိုလည်းကောင်း[၁]၊ ဝိဟိကာလေဖြင့် ရှေးဟူသည် လူ့ဘဝတုန်းက (လူဖြစ်စဉ်အခါက) တည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

ခ-ဝါကျ၌ ဘူတပုဗ္ဗ-ဖြင့် ပုရာဏပုဒ်ကို ပုရာ ဘဝါ ပုရာဏာဟု ဘာဝ တဒ္ဓိတ်ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ဘာဝတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

**မှတ်ချက်။** ။ဘူတပုဗ္ဗ(ပုဗ္ဗေဘူတ)နှင့်ပုရာဘဝ=ရှေး၌ဖြစ်၏ဟူသည်အနက်တူ၏။ ဘူတပုဗ္ဗဘရိယံ၌ ဘူတပုဗ္ဗဟူသော သမာသ်ပုဒ်ဖြင့် ပုရာဏာဟူသော တဒ္ဓိတ်ပုဒ်ကိုဖွင့်သည်။

* သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတ၊ ဘူတပုဗ္ဗ၊ သမာသဖြင့်၊ ဖွင့်ကာပြ၊ ဘာဝ တဒ္ဓိတ် ကြံစရာ။ (သစ်)

ခ-ဝါကျ ဘူတပုဗ္ဗဘရိယံ၌ ဘရိယံ-ဖြင့် ဒုတိယိကာသဒ္ဒါသည် မယားဟော ဘရိယာသဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်းဟု သိစေသည်။ တနည်း-ယင်း ဘရိယံဖြင့် ဒုတိယိကာသဒ္ဒါသည် မယားအနက်ကို ဟောသတည်းဟု သိစေသည်။ (အဘိဓေယျတ္ထ၊ တနည်း-နာမလိင်္ဂတ္ထ။)

ခ-၀ါကျ၌ ဂေဟာသိတသုခံမဟောဂသဟာယိက်ဖြင့် ဘာ၀တ္တကို ပြသည်။ အနက်အတိုင်း အာဘော်ဖော်လေ။

ဂ-၀ါကျ၌ ယေန-လ-နတ္တိဖြင့် တေန တ-သဒ္ဒါ၏အကြောင်း(ကာရဏ) ကိုစွဲသည်-ကိုလည်းကောင်း[၁] ယင်း တေနနိယတ်၏အနိယတ်ကို ယေန-လ-နတ္တိ ဟု ထည့်ရမည်-ကိုလည်းကောင်း[၂]၊ ဟိနိပါတ်၏အနက်မဲ့ ပဒါလင်္ကာရ-ကို လည်းကောင်း[၃] သိစေသည်။

၁။ သဗ္ဗနာမလိင်္ဂတ္ထ။ ၂။ ဘာ၀တ္ထ။ ၃။ နိပါတလိင်္ဂတ္ထ။

**အနက်ယောဇနာ**။ ။တေန၊ ထိုသို့ မာတုဂါမနှင့်တူသော အနှောင်အဖွဲ့ မည်သည် မရှိခြင်းကြောင့်။(အနိယတ်ဝါကျကို နိယတ်အဖွင့်ရှု၍ အနက်ပေး။)

ဃ-၀ါကျ၌ ပါဒေ-ဖြင့် ပါဒေသို့၌ သတ္တမီဝိဘတ်သည် သတ္တမီအနက်= ဘုမ္မတ္ထ၌ မသက်၊ ဒုတိယာအနက် (ဥပယောဂတ္ထ)၌ သက်သတည်းဟု သိစေ သည်။(ဝိဘတျတ္တ။)

င-၀ါကျဖြင့် ပါဒေသုပုဒ်၏ သတ္တမီ ဝိဘတျန္တ၏အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းသတ္တမီဝိဘတ်၏ ဒုတိယာအနက် (ဥပယောဂတ္ထ)၌ သက်သည်ကို လည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတ္တိုပဒ။ ၂။ ဝိဘတျတ္တ။

ခ-၀ါကျ၌ ၀ါသဒ္ဒါဖြင့် အတ္ထန္တရ (အနက်တမျိုး) ကို သိစေသည်။ (ဘာ၀တ္ထ။)

စ-၀ါကျ၌ ပါဒေသု တံ ဂဟေတွာ-ဖြင့် သုဒ္ဓိနယ၌ ဆဋ္ဌီဝိဘတ်သည် သာမျတ္တ၌ မသက်၊ ကမ္မတ္ထ၌ သက်သည်-ကိုလည်းကောင်း[၁]၊ အာယသ္မတော သုဒ္ဓိနဿပုဒ်ကို ဂဟေတွာ၌အပေါင်းကံအဖြစ်ဖြင့် စပ်ရမည်-ကိုလည်းကောင်း[၂]၊ (ဤအာဘော် ၂-ချက်ကို တံဟူသော သံ၀ဏ္ဏနာက ပြသည်။) ပါဒေသု၌ သတ္တမီဝိဘတ်သည် ပဌမဝိကပ်၌ကဲ့သို့ ဥပယောဂတ္ထ၌မသက်၊ ဘုမ္မတ္ထ၌သက် သည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဝိဘတျတ္တ။ ၂။ သမ္ဗန္ဓ။ ၃။ ဝိဘတျတ္တ။

---

## ပါဠိဝိနိစ္ဆယ

**ဂေဟာသိတသုခုပ(သုခုမ) ဘောဂသဟာယိကံ**။ ။ဂေဟာသိတသုခ+ဥပ- ဘောဂသဟာယိက်-ဟု ပဒစ္ဆေဒပြုသင့်သောကြောင့်လည်းကောင်း၊ ဂေဟာ- လ-သဟာယိကန္တိ ဂေဟာသိတသုခဿ ဗိဇ္ဇမာနသုခဿ ဥပဘောဂေ သဟာ- ယိက်-ဟု **ပါရာ၊ ယော**။ ၁၁ဂ-ဖွင့်ပြသောကြောင့် လည်းကောင်း၊

ယင်းအလို ဂေဟေ သိတံ ဂေဟသိတံ။ ဂေဟသိတဉ္စ တံ သုခဉ္စာတိ ဂေဟသိတသုခံ။ ဥပဘုဉ္ဇနံ ဥပဘောဂေါ၊ ဂေဟသိတသုခဿ ဥပဘောဂေါ ဂေဟသိတသုခုပဘောဂေါ-ဟု အစိတ်အပေါင်း ဝစနတ္ထ ပြုသင့်သော ကြောင့်လည်းကောင်း၊ ယင်းအဖွင့်များနှင့်အညီ-အိမ်၌ မှီသောချမ်းသာကို ခံစားခြင်း၌ အပေါ်ဖြစ်သော ဟု အနက်ယောဇနာသော် အတ္ထယုတ္တိရှိသော ကြောင့်လည်းကောင်း၊ အချို့ပေ၌ သုခမဟု သဏှာပရိယာယ် ရှိ၏။ မသင့်ဟု ပါရာ၊ ဋီ။ သစ်။ ၂။ ၄၂၄-၌ ပယ်သောကြောင့်လည်းကောင်း သုခုပရှိ သော ပါဌ်သာ သင့်သည်။ သုခမ-ရှိသော ပါဌ်ကား မသင့်။

မှတ်ချက်။ ။ဂေဟသိတဟု ဒွေဘော်မဲ့၊ ဂေဟဿိတ-ဟုဒွေဘော်ရှိ။ ၂-ချက်သင့်။

---

## နည်းနှင့် ဥပစာ

ဂေဟသိတ။ ။အတူဖြစ်သောအိမ်၏ ဂေဟဟူသော အမည်ကို အတူရှိ သော ကာမဂုဏ်၌ တင်စား၍ အတူရှိသော ကာမဂုဏ်ကို ဂေဟဟုဆိုသော ကြောင့် သဒိသူပစာ။

မှတ်ချက်။ ။ဂေဟသိတာတိ ပဉ္စကာမဂုဏနိဿိတာ။ (မ။ ဋ္ဌ။ ၂။၃။ မ။ ဋ္ဌ။ ၄။ ၁၀၂။) ကာမဂုဏာ ဂေဟံ ဝိယ ဂေဟံ။ တေ စ သိတာ နိဿိတာတိ ဂေဟဿိတာ တိ ဝုတ္တာ။ မ၊ ဋီ၊ ၁။ ၇၇-နှင့် အညီ ဥပစာ တင်သည်။ ဂေဟသိတပေမေန-၌ ဌာနူပစာ တင်ခဲ့သည်။ အရာ ဌာနလိုက်၍ ဥပစာ ကြံရသည်။

> (က) သမုဒါစရတီတိ ဝေါဟရတိ ဝဒတိ။ (ခ) တတ္ထေဝ မုစ္ဆိတာ ပပတာတိ-လ-တသ္မိံ ယေဝ ပဒေသေ မုစ္ဆိတာ-ပပတာ။ (ဂ) ပတိတာတိ အတ္ထော။ ဋ္ဌ။ ၁၇၇။

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဝေါဟရတိဖြင့်-သမုဒါစရတိ (သံ+ဥ+အာ+စရ+အ+တိ)၌ သံဥပသာရ၊ ဥ ဥပသာရတို့၏ အနက်မဲ့၏ အဖြစ်ကိုလည်းကောင်း[၁] အာ-ဥပသာရ၏ ဓာတွတ္ထဝိသေသ၏ အဖြစ်ကိုလည်းကောင်း[၂]၊ စရဓာတ်သည် ဤ၌ စရဏ၊ ဂတိဘက္ခနအနက်တို့ကို မဟော၊ ဝေါဟာရ=ပြောဆိုခြင်း အနက်ကို ဟောသည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဥပသဂ္ဂလိဂ်ဏ္ဏ။ ၂။ ဥပသဂ္ဂလိဂ်ဏ္ဏ။ ၃။ ဓာတွဏ္ဏ။

http://www.dhammadownload.com



† စရ စရဏေ။ စရ ဂတိဘက္ခနေသု။ နီတိ၊ ဓာ။ ၁၄၇။)

ခ-ဝါကျ၌ တသ္မိံ ယေဝ ပဒေသေ-ဖြင့် တတ္ထေဝ၌ တ-သဒ္ဒါ၏ (ပဒေသ အနက်ကိုစွဲသည်-ကို လည်းကောင်း[1]၊ တ္ထပစ္စည်း၏ သတ္တမီအနက်ကိုဟောသည်-ကို လည်းကောင်း[2] သိစေသည်။

၁။ သဗ္ဗနာမလိင်္ဂတ္ထ။　　၂။ ဝိဘတျတ္ထ။

ဂ-ဝါကျ၌ ပတိတာဖြင့် ပပတာ၌ ပ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[1]၊ ပတတီတိ ပပတာဟု ဝိဂ္ဂဟပြုရမည်-ကိုလည်း ကောင်း[2]၊ အ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်-ကိုလည်းကောင်း[3] သိ စေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။　၂။ အဘိဓာနတ္ထ။　၃။ ဒုတိယပစ္စယတ္ထ။

မှတ်ချက်။　။ပပတာ=ပ+ပတ+အ+အာ—ကို ပတိကာ=ပတ+တ—ဖြင့် ဖွင့်ရာ ပ-အနက်မဲ့။ အ—ပစ္စည်းကတ္တုသာဓ်ဟု ဖွင့်ပြသည်။

† ပတ ဂတိယံ။ ပတတိ။ ပပတတိ ပပါတံ။ (နီတိ၊ ဓာ။ ၆၃။)

---

(က) မာ နော ဝိဟေဌယိတ္ထာတိ-လ-ဝိဟေဌယိတ္ထ။ (ခ) ဝိဟေ သာ ဟေသာ ပဗ္ဗဇိတာနန္တိ။ (ဂ) တေနဟိ-လ-ဒေဟီတိ တွေ တေန ဟီတိ အဘိရတိယံ ဥယျောဇေတိ။ (ဃ) သစေ တွံ အဘိရတော-လ- ကုလဝံသဗီဇကံ ဧက ပုတ္တံ ဒေဟိ။ ဋ္ဌ။ ၁၇ဂ။

## ❁ အနက်ယောဇနာ

နော၊ ငါတို့ကို။ မာ ဝိဟေဌယိတ္ထ၊ (ဥစ္စာကိုပြ၍လည်းကောင်း၊ မာတုဂါမ ကိုလွှတ်လိုက်၍လည်းကောင်း မညှင်းဆဲကြပါကုန်လင့်—ဟု ပါဠိတော်ကို အနက်ပေး။

တေနဟိ၊ မွေ့လျော်ပျော်ပါးရန် တိုက်တွန်း၏။....ဗီဇကမ္ပိ။ (အမျိုးအနွယ် ၏) မျိုးစေ့ဖြစ်သော သားကို။ ဒေဟိ၊ ပေးလော့။ (အာဘော်ကြည့်ပါ။)

---

## ❁ ဝါကျခွဲနှင့် ကျမ်းတက်

ဆရာ၊ ဆရာသည် က—ဃ ါကျဖြင့် ငါတို့ကိုဥစ္စာပြ၍လည်းကောင်း၊မာတုဂါမ ကိုလွှတ်လိုက်၍လည်းကောင်း မညှင်းဆဲကြပါကုန်လင့်-ဟုဆို၏။ ရှိက်နှက် ပုတ် ခတ်သောအရာ မထင်ပါတကား။ (မထင်သည်မဟုတ်လော။) ဂံ၊ သစ်။ ၄၂၅။ တစုံတခုနှိပ်စက်ကလူမပြုတကား။(မပြုသည်မဟုတ်လော။)ဂံ၊ဟောင်း။၃၆၄။ (အာဘော်) အဘယ်ကြောင့် မညှဉ်းဆဲလင့်ဟူသောစကားကို ဆိုအပ်လေ သနည်း။ ဂံ၊ ဟောင်း။ ဤသို့-ကြောင့် ခ-ဝါကျမိန့်။

http://www.dhammadownload.com


-ကား-ခ-ဝါကျဖြင့် ဤဥစ္စာကိုပြခြင်း မာတုဂါမကို လွှတ်လိုက်ခြင်းသည် ရဟန်းတို့အား ညှဉ်းဆဲခြင်းတည်း၊ ထို့ကြောင့် က-သံဝဏ္ဏနာကို ငါဖွင့်ခဲ့၏ဟု အသင့်ယုတ္တိကို ငါပြဆို၏ဟူလို။

ခ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏ။ ထို-၍ က-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။ ဂ-ဝါကျ ပက္ခန္တရ။ ဃ-ဝါကျ ပက္ခန္တရ။ (ပါဠိတော်နှင့်ယှဉ်ကြည့်။)

## ❁ ဗိဂ္ဂဟနှင့် ဉာဏ်ကောက်

ဗီဇ။ ဝိသေသန ဇာယတေတိ ဗီဇံ။ ဝိပုဗ္ဗော ဇနိ ပါတုဘာဝေ၊ ကွိ။ ရဿဿ ဒီဃတာ။ ((သူစိ။)

ဗီဇက။ ။ဗီဇံ ဝိယာတိ ဗီဇကံ။ ဗီဇံ ဝိယ၊ မျိုးစေ့ကဲ့သို့တည်း။ ဣတိ ဗီဇံ။ ဥပမာတဒ္ဓိတ်။ ဗီဇ-ပုဒ်+ဏ-ပစ္စည်း။

ဗီဇဟူသော တဒ္ဓိတ်ပုဒ်အရကား မျိုးစေ့ဖြပ်သည် မုချ။ ယင်း၏သားဖြပ်နှင့် ဥပမာန ဥပမေယျအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏပစ္စည်းအရကား ထို-ဖြင့်မှတ်အပ်သော မျိုးစေ့နှင့်တူသော သားဖြပ်ရ၏။ (အာဒ ဘော်အဖွင့်ရှု။)

ကုလဝံသဗီဇကံ။ ။ကုလ ဉ္စဝံသော စ ကုလဝံသော။ (အစိတ်) ကုလဝံသဿ (အမျိုး အနွယ်၏) ဗီဇကံ၊ (မျိုးစေ့ကဲ့သို့ ဖြစ်သောသူ) ကုလ-ဝံသဗီဇကံ။ သားမျိုးစေ့ကား နောက်ဖြစ်လတ္တံ့သော အမျိုးအနွယ်၏ အကြောင်းဖြစ်သဖြင့် ကုလဝံသနှင့် ဗီဇကပုဒ်ကို အကျိုးအကြောင်း သမ္ဗန် စပ်၍ ဉာဏ်ကောက်လေ။

## ❁ ဓာတုပစ္စယာဒိဝိဘာဂ

ဝိဟေသာ။ ။ဝိပုဗ္ဗ+ဟေသ၊ ဝါ-ဟိံသဓာတ်+အ-၊ ပစ္စည်း + အာ ပစ္စည်း။ ဟေသ ဂတိယံ။ (နီတိ၊ ဓာ။ ၁၇၁။)

ပရိနိဗ္ဗာယိတာ။ ပရိပုဗ္ဗ+နိပုဗ္ဗ+ ဝါဓာတ်+ဒိဝါဒိ ယ-ပစ္စည်း+တ ဝိဘတ်။ (နိဗ္ဗာန်သို့ကြွသွားစတတ်၏ဟူလို။)

† ဝါ ဂတိဂန္ဓနေသု။ ဝါယတိ။ ဓာတ်ကျမ်း။

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ အမှေဖြင့် နေဘသဒ္ဒါသည် နိပါတ်၊ ဝါ-နံ-ဝိဘတ်နှင့်တကွ အမှုသဒ္ဒါ၏ ကာရိယမဟုတ်၊ ဒုတိယာ ယောဝိဘတ်နှင့်တကွ အမှုသဒ္ဒါ၏ ကာရိယတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ။ ဝိဘတျတ္တ။)

http://www.dhammadownload.com


က-ဝါကျ၌ ခန့်-လ-ဥယျောဇေတွာဖြင့် ဥစ္စာကိုပြခြင်း,မာတုဂါမကိုလွှတ်လိုက်ခြင်းသည် ရဟန်းများအား ညွှန်းဆဲရာရောက်၏ ဟူသော အဓိပ္ပာယ်ကို သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ သံဝဏ္ဏနာ-ဖြင့် တေနဟိသဒ္ဒါကား ပျော်ပါးရန် တိုက်တွန်းခြင်းအနက်၌ နိပါတ်ပုဒ်တည်းဟု သိစေသည်။ (နိပါတလိင်ပဒ။ နိပါတလိင်္ဂတ္ထ။)

ဃ-ဝါကျ ကုလဝံသဗီဇကံ ဓမာ ပုတ္တံ-ဖြင့် ဗီဇကံပုဒ်ကို ဗီဇံ ဝိယာတိ-ဗီဇကံဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း¹၊ က-ပစ္စည်း၏ ဥပမာတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း²၊ ဗီဇကအရ သားကို ယူရမည်-ကိုလည်းကောင်း³ သိစေသည်။

၁။ အဘိဓာနတ္ထ။  ၂။ ပစ္စယတ္ထ။  ၃။ အဘိဓေယျတ္ထ။

**အနက်ယောဇနာ။** ။ဗီဇကမ္ဗိ၊ မျိုးစေ့ကဲ့သို့ ဖြစ်သော သားကိုလည်း။

† ကုလရက္ခပတိဋ္ဌာပနေ ဗီဇသဒိသတ္တာ ကုလဝံသပ္ပတိဋ္ဌာကော ပုတ္တော ဣဓ ဗီဇကောတိ အဓိပ္ပေတောတိ အာဟ "ကုလဝံသဗီဇကံ မေပုတ္တ" န္တိ။ **သာရတ္ထ၊ ၂။ ၂၀။**

---

## ❁ ပါဠိဝိနိစ္ဆယ

ဝိပေဌယိတ္တ။ ဝိဟေဌယိတ္တ။ ။ဌေ ဟေဌ ဝိဗာဓာယံ (**နီတိ။ ဓာ။ ၅၇။**) ဟု ညှဉ်းဆဲခြင်း အနက်ကို ဟောရာ၌ ဟေဌဓာတ်သာ လာသည်၊ ပေဌ-ဓာတ်မလာ။ ဤ၌ ညှဉ်းဆဲခြင်းကိုသာ လိုအပ်သည်။ သို့ဖြစ်၍ ဝိ ပုဗ္ဗ+ဟေဌ ဓာတ်+တွာဝိဘတ်ဖြင့်ပြီးသော "ဝိဟေဌယိတ္တပါဠ်သာ သင့်သည်။

---

## ❁ နည်းနှင့် ဥပစာ

**ဗီဇကံ။** ။အတူဖြစ်သော မျိုးစေ့၏ ဗီဇ (ဗီဇက) အမည်ကို အတူရှိသော သားဒြပ်၌ တင်စား၍ အတူရှိသောဒြပ်ကို ဗီဇ (ဗီဇက) ဟု ဆိုသောကြောင့် သဒိသူပစာ။ (နေယျတ္ထ၊ ရုဠှိ။)

ဝိ၊ ၁။ သျှသစ်၌ "ဝိဝိဓံ ကုလကုရံ ဇနေတီတိ ဗီဇော။ သော ယေဝ ဗီဇကော" ဟု မှုချဝိဂ္ဂဟ်ပြ၏။ ဥပစာမရဟုမှတ်။

---

မာ နော အပုတ္တက -လ- အတိဟရာပေသုန္တိ (က) မယံ ဟိ လိစ္ဆဝီနံ-လ-ဝသာမ။ (ခ) တေ တေ ပိတုနော အစ္စယေန ဣမံ သာပတေယျံ-လ-အတိဟရာပေယျုန္တိ။ (ဂ) တံ တေ မာ အတိဟရာပေသုံ။ (ဃ) မာ အတိဟရာပေန္တုတိ။ **ဋ္ဌ။ ၁၇၇။**

http://www.dhammadownload.com

## ဝါကျခွဲနှင့် ကျမ်းတက်

ဂ-ဝါကျကား ဖလဝါကျ။ ထို-၍ က-ခ-ဝါကျကား ကာရဏဝါကျ။

က-ခ-ဝါကျတွင် တေ တေ-လ-အတိဟရာပေယျုံ ဟူသော ခ-ဝါကျကား ဖလဝါကျ။ ထို-၍ မယံ ဟိ-လ-ဓသာမ ဟူသော က-ဝါကျကား ကာရဏဝါကျ။

### ခ ဝါကျမှ က-ဂ ဝါကျသို့ စာထွက်ပုံ

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် လိစ္ဆဝီမင်းတို့သည်-လ-ဆောင်စေကုန်ရာ၏ဟု ဆိုတော်မူ၏။ အဘယ်ကြောင့် လိစ္ဆဝီမင်းတို့သည် ဆောင်စေကုန်ရာ အံ့နည်း။ (ဂံ၊ သစ်။ ၄၂၅။) လိစ္ဆဝီမင်းတို့ ဆောင်စေကုန်ရာ အံ့သော အကြောင်းကို မဆိုပြီလော-ကြောင့် က-ဝါကျမိန့်။

မှတ်ချက်။ ။ဤကား ဖလဖြစ်သော နောက်ဝါကျမှ ကာရဏဖြစ်သော ရှေ့ဝါကျသို့ စာထွက်ပုံတည်း။

ဂ-ဝါကျကား ဖလဝါကျ။ ထို-၍ ခ-ဝါကျကား ကာရဏဝါကျ။

ဃ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓဝါကျ။

### ဃ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် တံ တေ မာ အတိဟရာပေသုံ-ဟု ဆို၏။ အနက်မပြန်ပဲ သဒ္ဒါသက်သက်ဌပနာထားသည်။ (သဒ္ဒဌပနာတည်း။) အဇ္ဇတနီ ဝိဘတ်သည် အတီတကာလိကဖြစ်သဖြင့် အတိဟရာပေသုံ-၌ ဥဝိဘတ်သည် အတီတကာလကို ဟောပါသလော။ အဘယ်ကာလကို ဟောပါသနည်း-ကြောင့် ဃ-ဝါကျမိန့်။

ကား-ဃ-ဝါကျဖြင့် ယင်းဥဝိဘတ်သည် အတီတကာလိကဖြစ်စေကာမူ ဤ၌ မာ သဒ္ဒါနှင့် ယှဉ်သောကြောင့် အနုတ္တကာလ၊ ဝါ-အာဏတ္တိအနက်ကို ဟော၏ဟု ပြဆို၏ ဟူလို။ (ဂံ၊ သစ်။ ၂။ ၄၂၆။ မအူသျှ။ ၄၆။)

---

## ဝိဂ္ဂဟနှင့် ညသိကောက်

သပတိ (သံပတိ)။ ။သဿ နေသာ ပတိ သပတိ (သံပတိ)။ (ဥစ္စာနှင့် အရှင် သံသာမီစပ်။)

သာပတေယျံ။ ။သပတိနော (သံပတိနော) ဟိတံ သာပတေယျံ။ ဏ်ာတ-ဓာဒ္ဓိတ်။ သပတိ (သံပတိ) ပုဒ်+ဏေယျပစ္စည်း။

http://www.dhammadownload.com


သပတိ(သံပတိ)အရကား ဥစ္စာရှင်ရ၏။ ယင်း၏ စည်းစိမ်ဥစ္စာဒြပ်နှင့် သာမိ သံအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာန္နပစာ။ ဏေယျပစ္စည်းအရကား ထို-ဖြစ်မှတ်အပ်သော စည်းစိမ်ဥစ္စာ ရ၏။ (အာဘောဂ်နှင့်ယှဉ်ကြည့်။)

**အပုတ္တကံ**။ ။ပုတ္တကေန ဝိဟရတံ အပုတ္တကံ။ပဥ္စမျတ္ထ တတိယာတပ္ပုရိသ်။ န-ပုဒ်+ပုတ္တက-ပုဒ်။

ပုတ္တက အရကား (အမျိုး၏စည်းစိမ်ဥစ္စာကိုစောင့်ရှောက်တတ်သော) သားဒြပ်သည် မုချ။

ယင်း၏ ကင်းသောစည်းစိမ်ဥစ္စာဒြပ်နှင့် အပါဒါန်အပါဒီအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာန္နပစာ။ အပုတ္တကဟူသော သမာသ်ပုဒ်လုံးအရကား ထိုဖြင့်မှတ်အပ်သော အမျိုး၏ဥစ္စာကို စောင့်ရှောက်တတ်သော သားမှကင်းသော စည်းစိမ်ဥစ္စာ(ဝိဘဝ)ရ၏။(အပုတ္တကံကို သာပတေယျံ၌စပ်၊ဝိသေသနကောက် ဆက်ကောက်။)

---

## ဓာတုပစ္စယာဒိဝိဘာဂ

**ရဋ္ဌ**။ ။ရာဇပုဒ်+ဏျပစ္စည်း။ နပုံလ္လိင်။

† ရညော ဘာဝေါ ရဋ္ဌံ။ (မောဂ်။ ပဥ္စိကာ။ ၄။ ၅၉။)

**အစ္စယ**။ ။အတိပုဗ္ဗ+ဣ ဓာတ်+ဏပစ္စည်း။

**အစ္စယေန**။ ။လွန်၍ဖြစ်သဖြင့်။(သဒ္ဒတ္ထ။)ကွယ်လွန်သေဆုံးသဖြင့်။(ဝေါဟာရတ္ထ။) ဓာန်။ ၄၀၄။

† အတိက္ကမိတ္တွာ အယနံ အစ္စယော။ အတိပုဗ္ဗော ဣ ဂတိယံ ဏော။ (သူစိ။)

**ဝိဘဝ**။ ။ဝိပုဗ္ဗ+ဘူဓာတ်+အ-ပစ္စည်း။

† ဝိဘဝန္တိ ပဘဝန္တျနေနာတိ ဝိဘဝေါ၊ အ။ ဝိပုဗ္ဗော ဘူ သတ္တာယံ။ (သူစိ။)

---

## အာဘောဂနှင့် သံဝဏ္ဏနာ

ခ-ဝါကျ၌ ဝိဘဝံဖြင့် သာပတေယျံပုဒ်ကို သဿ ပတိ သပတိ (သံပတိ)။ သပတိနော(သံပတိနော) ဟိတံ သာပတေယျံ-ဟု ဝစနတ္ထပြု၍ သာပတေယျ အရ (ပစ္စုပ္ပန်အကျိုး တမလွန်အကျိုးကိုဆောင်တတ်သော။သာရတ္ထ။) စည်းစိမ်ဥစ္စာကို ယူရမည်။ တနည်း-သာပတေယျသဒ္ဒါသည် စည်းစိမ်ဥစ္စာဟော ဝိဘဝသဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်း။ တနည်း-သာပတေယျ သဒ္ဒါသည် စည်းစိမ်ဥစ္စာ(ဝိဘဝ)ဟူသော အနက်ကို ဟောသည်-ဟု သိစေသည်။(သရုပ်ကြားအဘိဓေယျတ္ထ။ ပရိယာယ်ပြအဘိဓေယျတ္ထ။ နာမလိင်္ဂတ္ထ။)

http://www.dhammadownload.com


**မှတ်ချက်**။ ။ဋီကာများ၌ သာပတေယျပုဒ်၏ ဝစနတ္ထ ဖွင့်ပြသည်ကို ထောက်၍ သရုပ်ကြား အဘိဓေယျတ္ထအာဘော် ဖော်သည်။ ဒုတိ ဝိတ္တံ သာပတေယျံ ဝသု တွော ဝိဘဝေါ ဘဝေ-ဟူသော ဓာန်။ ၄၈၅-ကို ထောက်၍ ပရိယာယ်ပြနှင့် နာမလိင်္ဂတ္ထဖော်သည်။

ခ-ဝါကျ၌ အမှာက်ဖြင့်ပါဠိတော်ဝယ်နေသောသဒ္ဒါသည်ဒုတိယာယောဝိဘတ်နှင့်တကွ အမှသဒ္ဒါ၏ ကာရိယမဟုတ်၊ ဆဋ္ဌီ သ-ဝိဘတ်နှင့်တကွ အမှသဒ္ဒါ၏ ကာရိယတည်းဟု သိစေသည်။(ဝိဘတ္တိပဒ။ဝိဘတျတ္ထ။)

မဟန္တ်ဖြင့် ဝိဘဝံဟူသည် အနည်းငယ်သော စည်းစိမ်မဟုတ်၊ များစွာသော စည်းစိမ်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျ ပုတ္တေန ဝိရဟိတံ-ဖြင့် အပုတ္တကံ၌ ပုတ္တကသဒ္ဒါကို ပုတ္တော ဧဝ ပုတ္တကောဟုသွတ္ထတဒ္ဓိတ်ဝစနတ္ထပြုရမည်ကို-လည်းကောင်း[၁]၊ က-ပစ္စည်း၏ သွတ္ထတဒ္ဓိတ်၌သက်သည်-ကိုလည်းကောင်း[၂] အပုတ္တကံ၌ န-သဒ္ဒါ၏ ဝိရဟိတ=ကင်းခြင်းအနက်ကိုဟောသည်ကို-လည်းကောင်း[၃]၊ ပုတ္တေန ဝိရဟိတံ အပုတ္တကံ ဟူ ပဉ္စမျတ္ထတတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ နိပါတလိင်္ဂတ္ထ။
၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျ၌ ကုလဓနရက္ခကေနဖြင့် ပုတ္တေနဟူသည် အမျိုး၏စည်းစိမ်ဉစ္စာကို စောင့်ရှောက်တတ်သောသားတည်းဟု သိစေသည်။(ဘာဝတ္ထ။)

**အပုတ္တကံ**။ ။အမျိုး၏စည်းစိမ်ဉစ္စာကို စောင့်ရှောက်တတ်သော သားမှ ကင်းသော။

**မှတ်ချက်**။ ။နတ္ထိ ပုတ္တကော ဧတဿ သာပတေယျဿာတိ အပုတ္တကံ-ဟု ဗဟုဗ္ဗီဟိကြံ၍ အပုတ္တကံ၊ အမျိုး၏စည်းစိမ်ဉစ္စာကို စောင့်ရှောက်တတ်သော သားမရှိသော-ဟုအနက်ပေး၍ ဉာဏ်ကောက်လျှင်လည်း သင့်သည်။

## သာပတေယျံပုဒ်မှတ်ဖွယ်

သဿ အတ္တနော အယံ သော၊ သမ္ဗိ။(ဓာန်၊ ဋီ။ ၄၅၈။)အတ္တအနက်ဟော သ-ပုဒ်နောက်၌ ဣဒံတဒ္ဓိတ်၌ ဏ ပစ္စည်းသက်၍ သ-ဟုဖြစ်သည်။ပုလ္လိင်၊ နပုလ္လိင်။၂-လိင်။ဤအလိုသဿ ပတိ သပတိဟုတွဲ။သပတိနော(ဓနဿာမိနော) ဟိတံ ဟု ဟိတတဒ္ဓိတ်ဆင့်။ **ဝိမတိ**၊ **သာ** ၁၀၁-၌ ဣဒံတဒ္ဓိတ်ဟုဆို၏။

http://www.dhammadownload.com


သံနာမ ခန်း၊ တဿ ပတီတိ သံပတ်၊ ခန်း ဝါ ဝိဘဝသမ္ဗန္ဓော-လ-တဿ ဟိတန္တိ၊ သာပတေယျံ။ သာရတ္ထ။ ၂။ ၁၁-အလို သံပုဒ်+ပတိဖြင့် သံပတ်ဖြစ်၍ သံပတိပုဒ်နောက်၌ ဏေယျပစ္စည်းသက်။ နိဂ္ဂဟိတ်ချေ။ သ-၌ ဝုဒ္ဓိရောက် သာပတေယျံ ပြီးသည်-ဟု ၂-ဝါဒမှတ်ရာ၏။

ဃ-ဝါကျဖြင့် အတိဟရာပေသုံ အဇ္ဇတ္တနီဝိဘတ်သည်ဤ၌ အတိတ်ကာလကို မဟော၊ မာသဒ္ဒါနှင့်ယှဉ်သောကြောင့် အနုတ္တကာလ၊ ဝါ-အာဏတ္တိအနက်ကို ဟောသတည်းဟု သိစေသည်။ (အာချာတ်ဝိဘတ်၏ ကာလအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဝိဘတျတ္ထ သံဝဏ္ဏနာပင် ဟုမှတ်။)

## ပါဠိဝိနိစ္ဆယ

**လိစ္ဆဝယော**။ **လိစ္ဆဝိယော**။ ။ဇေ် တေ (၁) နိစ္ဆဝိတာယ ဝါ-(၂) လီနစ္ဆဝိတာယ ဝါ လိစ္ဆဝီတိ ပညာယိံသုဟု (**သာရတ္ထ**။ ၂။၁၇၀)၌ ဖွင့်သည်။ ယင်း၌ (၁) ဝိကပ်အလို နိစ္ဆဝိဟုဆိုလိုလျက် န-ကို လ-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် လိစ္ဆဝိ-ဟု ဖြစ်လာသည်။ နတ္ထိ ဆဝိယော ဧတေ-သန္တိ လိစ္ဆဝယော-ဟု ဝိဂ္ဂဟပြု။

(၂) ဝိကပ်အလို လီနစ္ဆဝိမှ ဤ-ကို ဣ-ရဿပြုခြင်း ဝဏ္ဏဝိကာရ၊ န-ကို ချေခြင်း ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် လိစ္ဆဝိဟု ဖြစ်လာသည်။ လီနာ အပါကဋ္ဌာ ဆဝိယော ဧတေသန္တိ လိစ္ဆဝယော-ဟု ဝိဂ္ဂဟပြု။

ခန်း။ ၃၃၆-၌ ပုမေ လိစ္ဆဝိ ဝဇ္ဇီစဟု ဆိုသည်။ အထက်ပါ သာရတ္ထ အဖွင့်နှင့် ခန်ပါဠိကိုထောက်၍ လိစ္ဆဝိသဒ္ဒါကား ပုလ္လိင်ဣကာရန္တ၊ ရတ္တာဒိဂိုဏ်းတည်း။ သို့ဖြစ်၍ အဂ္ဂယောရုပ်ပြီးသကဲ့သို့ လိစ္ဆဝယောဟု ရုပ်ပြီးသည်။ ထို့ကြောင့် လိစ္ဆဝယောပါဠိသာ သင့်သည်။ လိစ္ဆဝိယောကား မသင့်။

**ဝါဒကွဲ**။ ။ပါရာ၊ ယော။ ၁၀၉-၌ လိစ္ဆဝိယော လိစ္ဆဝယောတိ စ ဒွေ ပါဌာ၊ ပစ္ဆိမေ ဣကာရဿ အကာရော-ဟု ဖွင့်သည်။ဝါဒန္တရဟုမှတ်။

## နည်းနှင့် ဥပစာ

**လိစ္ဆဝယော**။ ။(၁) ဝိကပ်အလို ဝဏ္ဏဝိကာရနိရုတ္တိနည်း။ (၂) ဝိကပ်အလို ဝဏ္ဏဝိကာရ။ ဝဏ္ဏလောပနိရုတ္တိနည်း။

(က) ပုပ္ဖန္တိဥတုကာလေ-လ-နာမံ။ (ခ) မာတုဂါမဿ ဟိ-လ-ပဌ္ဌရတိ။ (ဂ) တဿေတံ နာမံ ပုပ္ဖန္တိ။ (ဃ) တံ ပန ယာဝ ဖလဝိ-လ-သဒ္ဒိံ ပဌ္ဌရတိ။ (င) ဒေါသေ ပန -လ- ခိပ္ပံ ပတိဋ္ဌာတိ။ ဋ္ဌ။ ၁၇၉။

http://www.dhammadownload.com


## ဝါကျလျှင်းချက်

ဆရာ၊ သုဒိန်၏မိခင်သည် ပုပ္ဖံ တေ ဥဂ္ဂ ။ပ။ တိ–ဟုဆို၏။ (သံဝဏ္ဏေ–တဗ္ဗပါဠိကို ဌပနာထားသည်။) ယင်းပုပ္ဖသဒ္ဒါသည် ပြကတေ့ပန်းဟူသော အနက်ကိုဟောပါသလော၊ ယင်း၌ ပုပ္ဖသဒ္ဒါ အဘယ်အနက်ကို ဟောပါသနည်း–ကြောင့် ဥတုကာလေ စသော သံဝဏ္ဏနာကို မိန့်။

ကား–ဥတုကာလေ စသောသံဝဏ္ဏနာဖြင့် ပုပ္ဖသဒ္ဒါသည် ပြကတေ့ပန်းဟူသောအနက်ကို မဟော၊ ဥတုလာသောအခါ ဖြစ်သောသွေး (ဥတုသွေး) အနက်ကို ဟော၏ဟု ပြဆို၏ဟူလို။

မှတ်ချက်။ ။တတ္ထ ဥတုသမည၊ ပုပ္ဖံသမညာစာတိ အာဟ "ပုပ္ဖတ္တိ–လာနာမ" တ္တိ။(သာရတ္ထ၊ ၂။ ၁၁။) ပုပ္ဖန္တိ ကုသုမေ၊ ဥတုသုံ။(ဓာန်။ ၁၀၉၁။) ဤအဖွင့်တို့ကိုရှု၍ ကျမ်းတက်သည်။ ၆–နံပါတ်နှင့် ယှဉ်ကြည့်။

ခ–ဝါကျကား ဝိတ္ထာရ။ ထို၏ က–ဝါကျကား သင်္ခေပ။

### ဝါကျမှတ်ဖွယ်

က–ခ–ဂ သုံးဝါကျတွင် က–ဝါကျနှင့် ခ–ဝါကျ အစိပ္ပာယ်တူနေသည်ကို တွေ့ရမည်။ ခ–ဝါကျ၌လည်း ဥပ္ပန္နလောဟိတ=ဥတုသွေးဖြစ်ပေါ်လာပုံတွေ့ ဖော်ပြထားသည်ကို တွေ့ရမည်။ သို့ဖြစ်၍ က–သံခိပ် (သင်္ခေပ)၊ ဂ–နိဂမန (နိဂုံး) ဝါကျ ၂–ခုအလယ်၌ အစိပ္ပာယ်တူ ကျယ်ဝန်းစွာ ဖွင့်ပြသဖြင့် ခ–ဝါကျကို ဝိတ္ထာရဝါကျဟု ဆုံးဖြတ်ရမည်။ "သံခိပ် ဝါကျ၊ ပခါနထုံး၊ စကားဆုံးက၊ အလယ်ဝါကျ၊ ဝိတ္ထာရချည်းသာ–"ဟူသည်နှင့် အညီ က–သံခိပ်၊ ခ–ဝိတ္ထာ၊ ဂ–နိဂုံး–ဟုမှတ်။

### ခ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့်–လု–ဆိုတော်မူ၏။ (ဘာသာပြန်ဌပနာထား။) ဥတုသွေး ဖြစ်ပေါ်လာပုံကို မပြပြီလော။ ဥတုသွေးသည် အဘယ်သို့ အဘယ်ပုံ ဖြစ်ပေါ်လာသနည်း–ကြောင့် ခ–ဝါကျမိန့်။

ဂ–ဝါကျကား နိဂမန (နိဂုံး)။ ထို၏ ခ–ဝါကျကား နိဂမနိယ။ ဝါ–စုဏ္ဏိယ။

ဃ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို၏ က–စသော ဝါကျကား အာရဒ္ဓ။

### ဃ–ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် ပုပ္ဖတ္တိ–စသောဝါကျဖြင့် ပုပ္ဖံဟူသည် ဥတုလာသောအခါ၌ ဖြစ်သောသွေး၏ အမည်တည်းဟု ဆိုတော်မူ၏။ ဥတုလာဆဲ (လာ

http://www.dhammadownload.com



နေစဉ်) အခါ၌ ပဋိသန္ဓေကိုပေးလျှင် ပဋိသန္ဓေတည်ပါသလော။ အဘယ်သို့ မှတ်ရမည်နည်း-ကြောင့်-ဃ-ဝါကျမိန့်။(အစိပ္ပာယ် ဃ-ဝါကျဘာသာပြန်။)

ဃ—ဝါကျ၌ တံ ပန ယာဝ-ကား အနိယမ (အနိယတ်)။ တာဝ—လ-န တိဋ္ဌတိကားနိယာမ(နိယတ်)။အနိယမ နိယမ ၂-ပါးစုံသောကြောင့် ဥတ္တမ ဝါကျ။

ဃ-ဝါကျတွင် ဒေါဝေနေဝ ပဋ္ဌရတိကား ဝါကျာရမ္ဘ။ တံ ပန-လ-န တိဋ္ဌတိကား အာရဒ္ဓ။

မှတ်ချက်။ ။ပေးအပ်ပါလျက် ပဋိသန္ဓေ မတည်လျှင် အဘယ်သို့ ဖြစ်ပါသနည်း၊ ယင်း ပဋိသန္ဓေသည် အလိုလိုကွယ်ပျောက်ပါသလော (ပဋ္ဌရတိ နဿတိ-ဟု အဖြေရှောင်တက်သည်။)-ကြောင့် ဒေါဝေနေဝ စသည်တက်လာ၏။

င-ဝါကျကား အနွယ။ ထို-၍ ဃ-ဝါကျကား ဗျတိရေက။

**ဂဗ္ဘသဏ္ဌာနမှတ်ဖွယ်**

အမျိုးသမီးများ အပျိုဖြစ်သည်မှ နောက်ဆုံးအရွယ် (သွေးဆုံးသည်)တိုင် အောင် အန္တရာယ်မရှိလျှင် (ရောဂါမနှိပ်စက်လျှင်) ရှစ်ခုမြောက်သတ္တာဟမှာ ၂=လ တကြိမ် တတိယအူ အာခွေဟူသော သားအိမ်၌ သွေးအဆင်းရှိသော အဖုငယ်များ ပေါ်ပေါက်လာ၍ ပြည်အဖြစ်မရောက်မီ ပေါက်ကွဲကျလာ၏။ သို့ ပေါက်ကွဲကျလာသော သွေးကို ဥတုဟူ၍ လည်းကောင်း၊ ပန်းဟူ၍ လည်းကောင်း (ဥတုပန်းဟု) ခေါ်သည်။ (ရှစ်ခုမြောက် သတ္တာဟဆိုသော စကားနှင့် ယခုခေတ်ဖြစ်ပုံ ညီပါ၏လော။)

ဓမ္မတာလာပြီးနောက် လေးရက်မြောက်မှစ၍ သုဒ္ဓဝတ္ထု (သားအိမ် စင်ကြယ်မှု) ဖြစ်သည်။ ယင်းသုဒ္ဓဝတ္ထုဖြစ်ခိုက် မိဘနှစ်ပါး တကြိမ်စည်းဝေး လျှင် ၇-ရက်အတွင်း ပဋိသန္ဓေ တည်နိုင်သော ခေတ်ကာလဖြစ်၏။အကြောင်း မှာ ကိုယ်ဝန်တည်နိုင်လောက်သော အနည်းငယ်မျှသော မိဘသုတ်သွေးသည် သားအိမ်အတွင်း၌ ထင်ရှားရှိနေသေးသောကြောင့်တည်း။ (သမာနဝါဒ)။ ကေစိဆရာတို့ကား ပဋိသန္ဓေတည်နိုင်သော ခေတ်ကို လခွဲ (၁၅) ရက်ဟု ဆိုသည်။ သာရတ္ထ၊ ၂။ ၁၁။)

---

**❀ ဝိဂ္ဂဟနှင့် ညှသ်ကောက်**

**မာတုဂါမ**။ ။ဂမနံ ဂါမော (ဂမု+ဏ)၊မာတုယာ ဂါမော မာတုဂါ- မော။(အစိတ်ဝိဂ္ဂဟ။)မာတုဂါမော ဝိယ ဂါမောယဿာ သာ မာတုဂါမော။

http://www.dhammadownload.com


(အပေါင်းဝိဂ္ဂဟ။)ယဿ၊ အကြင်မိန်းမအား။ မာတုဂါမော ဝိယ၊ အမိ၏ သွားခြင်းကဲ့သို့။ ဂါမော၊ သွားခြင်းသည်။ အတ္ထိ၊ ၏။ ဣတိ သာ မာတုဂါမော။(တဂ္ဂုဏသံဝိညာဏစတုတ္ထီ။ မာတုဂါမပုဒ်+ဂါမပုဒ်+ ယ-ပစ္စည်း။)

မာတုဂါမအရကား အမိ၏သွားခြင်းကဲ့သို့သော သွားခြင်း၊ ဝါ-အမိ၏ ဖြစ်ခြင်းကဲ့သို့သော ဖြစ်ခြင်းသည် မုချ။ ယင်း၏မိန်းမဖြစ်နှင့် ဌာနီဌာန သတ္တိသတ္တိမန္တ အဖြစ်ဖြင့်စပ်ခြင်းသမ္မန်သည် ဌာနူပစာ။ ယ-ကား အမိ၏ သွားခြင်းကဲ့သို့သော သွားခြင်း၊ ဝါ-အမိ၏ဖြစ်ခြင်းကဲ့သို့သော ဖြစ်ခြင်း ရှိသော မိန်းမဖြစ်ရ၏။

---

## ❁ ဓာတုပစ္စယာဒိဝိဘာဂ

**ပုပ္ဖံ**။ ။ပုပ္ဖ+အ။ ပုပ္ဖ ဝိကသနေ အ။ ပုပ္ဖတီတိ ပုပ္ဖံ။ (သူစိ။) ဥတုသွေး ရှအောင် ပုပ္ဖံ ဝိယ ပုပ္ဖံဟုဆင့်။ ပုပ္ဖံပုဒ်+ဥပမာတဒ္ဓိတ်+ဏ ပစ္စည်း။

**ဥတု**။ ။အရဓာတ်+တုပစ္စည်း။ အရ-ကိုဥပြု။

† အရတိ ပဝတ္တတီတိ ဥတု။ (မောဂ်၊ ၇။ ၇၁။)

† အရတိ ပဝတ္တတိ တေသွံ ဟိမာဒိကမိတိ ဥတု။(သူစိ။)

**လောဟိတ**။ ။ရုဟဓာတ်+တ-ပစ္စည်း၊ ဝါ-ဣတ-ပစ္စည်း။

† ရုဟ ဇနနေ တော၊ဣတော ဝါ။ရုဟတိ သရီရေ ဗျာပနဝသေနာ-တိ လောဟိတံ။(သူစိ။)

**မှတ်ချက်**။ ။ဥတု၊ လောဟိတပုဒ်တို့မှာ နိရုတ္တိနည်းရသည်ကို သတိပြု။

**ဒိဝသ**။ ။ဒိဝုဓာတ်+အသက်ပစ္စည်း။

† ဒိဗ္ဗန္တိ တတ္ထာတိ ဒိဝသော=ဒိနံ။ (မောဂ်၊ ၇။ ၂၁၈။)

**လောဟိတ**။ ။ရုဟဓာတ်+ဣက၊ ဝါ-တ-ပစ္စည်း။ ရ-ကိုလပြု။

† ရုဟ ဇနနေ ဣတော လတ္တံ။ ရုဟ ဇနနေ တော၊ ဤတော ဝါ။ ရုဟတိ သရီရေ ဗျာပနဝသေနာတိ လောဟိတံ။ (သူစိ။)

**ဗလဝံ**။ ။ဗလ+ဝန္တု။ ဗလံ အဿ အတ္ထီတိ ဗလဝံ။ဗလဝံ=အားရှိသည်။

**တနည်း**။ ။ဗလဝံကား နိပါတ်ပုဒ်။ ဗလဝံ=လွန်ကဲသည်ဟု အနက်ပေး။

† ဗလဝံ သုဋ္ဌုစာတိ ပါ၊ တိသယေ ကိမုတသွတိ။(ဓာန်။ ၁၁၃၈။)

† အတိသယတ္ထေ နိပါတော။(သူစိ။)

**ဝတ္ထု**။ ။ဝသဓာတ်+ရတ္ထုပစ္စည်း။ (ရတ္ထုဖြင့်ပြီးသော်လည်း သတ္ထာ-ဒိဂိုဏ်းမဟုတ်၊ ရတ္ထာဒိဂိုဏ်း ဥကာရန္တ နပုလ္လိင်တည်း။ (စက္ခုနှင့်အတူမှတ်။)

http://www.dhammadownload.com


† ဝသန္တိ တွောတိဝတ္ထု။ ရတ္တု။ (သူစိ။)
ခိပ္ပံ။ ။ခိပဓာတ်+အပ္ပစ္စည်း။
† ခိပတိ ပေရတိတိ ခိပ္ပံ။ ခိပ ပေရဏေ။ (သူစိ။)

---

## ❁ အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျသံဝဏ္ဏနာဖြင့် ပုပ္ဖသဒ္ဒါသည် ပြကတေ့ ပန်းအနက်ကို မဟော၊ ဥတုသွေး အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**တနည်း။** ။ယင်းပုပ္ဖပုဒ်ကို ပုပ္ဖတီတိ ပုပ္ဖံဟု ဝစနတ္ထပြု၍ ပုပ္ဖံအရ ပြကတေ့ ပန်းကို မယူရ၊ ပုပ္ဖံ ဝိယာတိ ပုပ္ဖံဟု ဝစနတ္ထပြု၍ ဥတုသွေးကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

**မှတ်ချက်။** ။က-ဝါကျကျမ်းတက်နှင့် ယှဉ်ကြည့်။

---

## ❁ ပါဠိဝိနိစ္ဆယ

**ပိဋ္ဌကာ။ ပိဋ္ဌကာ။** ။ပိဋ္ဌကာကား ပိဋ္ဌဓာတ်+ဏ္ဍုပစ္စည်း။ ယင်း ဏ္ဍုကို အကပြု၊ ဣတ္ထိလိင် အာပစ္စည်းသက်၍ ပိဋ္ဌကာဟု ပြီးသောကြောင့် ပိဋ္ဌကာဟု ရသာနှင့် ရှိသော ပါဠိသင့်သည်။

**မှတ်ချက်။** ။ဖောဋ္ဌော တု ပိဋ္ဌကာ ဘဝေ (ခါန်။ ၃၂၄။) ဟု ရသာနှင့် ရှိ၍ ယင်း၏ မှီရာ အမရကောသ၌လည်း ပိဋ္ဌကာဟု ရသာနှင့်ပင် ရှိသည်။ ဣတ္ထိလိင်တည်း။ ခါန်။ ဋီ။ သူစိ တို့၌ ပိဋ္ဌကာ ပိဋ္ဌကော ပိဋ္ဌကံ တိသ္ဓပိ-ဟု လိင်သုံးပါး ရှိကြောင်းဆိုသည်။

---

## ❁ နည်းနှင့် ဥပစာ

**ဒိန္နာပိ ပဋိသန္ဓိ န တိဋ္ဌတိ။** ။အကျိုးဖြစ်သော ပဋိသန္ဓေ၏ ပဋိသန္ဓိ ဟူသော အမည်ကို အကြောင်းဖြစ်သော သုက်သွေး၌ တင်စား၍ အကြောင်း ဖြစ်သော သုက်သွေးကို ပဋိသန္ဓိဟု ဆိုသောကြောင့် ဖလူပစာ။

**မှတ်ချက်။** ။ဒေါသေနေဝ သဗ္ဗံ ပဋ္ဌရတိ၌ ဥပစာ မေးလျှော်လည်း အထက်ပါအတိုင်း ဖလူပစာပင် ဖြေပါ။

**ပုပ္ဖံ။** ။အပေါင်းဖြစ်သော ပန်းဥတုသွေးတို့၏ ပုပ္ဖံဟူသော အမည်ကို အစိတ်ဖြစ်သော ဥတုသွေး၌ တင်စား၍ အစိတ်ဖြစ်သော ဥတုသွေးကို ပုပ္ဖံဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

**တနည်း။** ။အတူဖြစ်သော ပန်း၏ ပုပ္ဖံဟူသော အမည်ကို အတူရှိသော ဥတုသွေး၌ တင်စား၍ အတူရှိသော ဥတုသွေးကို ပုပ္ဖံဟု ဆိုသောကြောင့် သဒိသူပစာ။

---

http://www.dhammadownload.com


(က) ပုပ္ဖံသာ ဥပ္ပဇ္ဇိတိ ပုပ္ဖံ အသာ ဥပ္ပဇ္ဇိ၊ (ခ) အာကာရလောပေန သန္ဓိ။ (ဂ) ပုရာဏ ဒုတိယိကာယ ဗာဟာယံ ဂဟေတွာတိ ပုရာဏ-လ-အတ္ထော။ ဋ္ဌ။ ၁၇၉။

## ❁ အာဒေသာဂမနှင့် သံဝဏ္ဏနာ

က-ဝါကျသံဝဏ္ဏနာဖြင့် ပုပ္ဖံသာကို ပုပ္ဖံ အသာဟု ပဒစ္ဆေဒပြုရမည်ဟု သိစေသည်။ (သန္ဓိလိင်္ဂပဒ။)

ဂ-ဝါကျ၌ အာဒေသ်သံဝဏ္ဏနာကား ပါဒေသု တံ ဂဟေတွာနှင့် တူပြီ။

## ဝါကျမှတ်ဖွယ်

ခ-ဝါကျကား ပုပ္ဖံ အသာဟု ပဒစ္ဆေဒပြုရခြင်း၏ အကြောင်းယုတ္တိကို ပြသောကြောင့် "သန္ဓိဝသေန ဥကာရလောပေါ"။ ဝိ၊ ဋ္ဌ၊ ၁။ ၂၄၉-ဝါကျကဲ့သို့ ယုတ္တိဒဋ္ဌိကရဏ ဝါကျဟုမှတ်။

---

(က) အပညတ္တေ သိက္ခာပဒေတိ-လ-အဋ္ဌုပ္ပိတော။ (ခ) ဘဂဝတော ကိရ-လ-အဇ္ဈာစာရ မကံသု။ (ဂ) တံ သန္ဓာယေဝ ဝုတ္တံ သုတ္တမာဟ-လ-စိတ္တန္တိ။ (ဃ) အထ ဘဂဝါ အဇ္ဈာစာရံ-လ-ဝေ ပညပေသိ။ (င) တေန ဝုတ္တံ "အပညတ္တေ သိက္ခာပဒေ" တိ။ ဋ္ဌ။ ၁၇၉။

## က ဝါကျလျှဉ်းပါးတက်

ဆရာ၊ ဥပါလိထေရ်သည် အပညတ္တေ သိက္ခာပဒေဟု လျှောက်၏။ သိက္ခာပဒေ၊ ကို။ အပညတ္တေ၊ မပညတ်အပ်သေးမီ-ဟု သာမညဆိုရာ ယင်း အပညတ္တေ သိက္ခာပဒေ-ဖြင့် သိက္ခာပုဒ် အားလုံး မပညတ်ရသေးမီ အချိန်အခါဟု ဆိုလိုပါသလော။ အဘယ်သို့ ဆိုလိုပါသနည်း-ကြောင့် "ပထမပါရာဇိက သိက္ခာပဒေ အဋ္ဌုပ္ပိတေ" ဟူသော သံဝဏ္ဏနာကို မိန့်။

## ခ-ဝါကျဋီကာတက်

ဝုတ္တမေဝတ္ထံ ဝိဘာဝေန္တော အာဟ "ဘဂဝတော ကိရ ပထမဗောဓိယန္တိ" အာဒိ။ (သာရတ္ထ။ ၂။ ၁၁။)

မှတ်ချက်။ ။ယင်းဋီကာအလို က-ဝါကျကို ခ-ဝါကျဗျတိရေက အနွယများဖြင့် ချဲ့ပြသည်ဟုမှတ်။ အောက်ပါအတိုင်း ဝါကျခွဲ၊ ကျမ်းတက်ရာ၏။

ခ-ဝါကျကား ဝိတ္ထာရ။ ထို-၌ က-ဝါကျကား သခေပ။

http://www.dhammadownload.com


အနုသန္ဓေတက်

ဤသို့ က—၀ါကျဖြင့် အပညတ္တေ သိက္ခာပဒေ—ဟူသည် ပထမပါရာဇိက သိက္ခာပုဒ်ကို မပညတ်ရသေးသော အချိန်အခါတည်းဟု ပြဆိုတော်မူပြီး၍ ယခု ခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကိုပင် (ဝုတ္တမေဝတ္ထံ) ထင်စွာပြလိုရကား (ဝိဘာဝေန္တော) ခ—၀ါကျမိန့်။

တနည်း ၀ါကျခွဲ

အာဂမဒဋ္ဌိကရဏ ဂ—၀ါကျကို ထောက်၍ ယင်း ဂ—၀ါကျနှင့် အစိပ်ုယ် တူ ခ—၀ါကျကို ယုတ္တိဒဋ္ဌိယ၀ါကျဟု ဆိုနိုင်သည်။ "အာဂမ၏၊ ရှေးနားရှိ၊ ယုတ္တိများသတည်း" နှင့် အညီတည်း။

တနည်း။ ။ခ—၀ါကျကား ယုတ္တိဒဋ္ဌိကရဏ၀ါကျ။ ထို့၍ က—၀ါကျ ကား ယုတ္တိဒဋ္ဌိယ၀ါကျ။

ဋ္ဌပနာ မှတ်ဖွယ်

က—သခေ်ပ၊ ခ—ဝိတ္တာရ၊ ဂ—အာဂမဒဋ္ဌိဟု ပထမနည်း သုံး၀ါကျတွင် ဂ—၀ါကျကို ကျမ်းတက်လိုလျှင် မူလ ခ—၀ါကျကို ဌပနာထား။

က—ယုတ္တိဒဋ္ဌိယ။ ခ—ယုတ္တိဒဋ္ဌိကရဏ။ ဂ—အာဂမဒဋ္ဌိကရဏ ဟု ဒုတိယနည်း သုံး၀ါကျတွင် က—မူလ၀ါကျကို ခ—ဂ—နှစ်၀ါကျဖြင့် ခိုင်မြဲစေသည်။ သို့ဖြစ်၍ ဂ—၀ါကျသို့ကျမ်းတက်လိုလျှင် မူလ က—၀ါကျကို ဌပနာထား။

ခ—၀ါကျတွင် ဘဂဝတော—လ—အာရုဓေယံ သုကား အန္တယ။ န ဝေ ရှပံ အဇ္ဈာစာရမကံသုကား ဗျတိရေက။

ဂ—၀ါကျကား အာဂမဒဋ္ဌိကရဏ။ ထို့၍ ခ—၀ါကျကား တနည်း—က— ၀ါကျသည် အာဂမဒဋ္ဌိယ။

ဃ—၀ါကျကား ၀ါကျာရမ္ဘ။ ထို့၍ က—၀ါကျကား အာရဒ္ဓ။

ဃ—၀ါကျအနုသန္ဓေတက်

ဤသို့ က—၀ါကျဖြင့် အပညတ္တေ သိက္ခာပဒေဟူသည် ပထမပါရာဇိက သိက္ခာပုဒ် မပညတ်မီအချိန်တည်းဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ မပညတ်ရ သေးသော သိက္ခာပုဒ်, ပညတ်ပြီးသောသိက္ခာပုဒ်တို့ကို ဆက်လက်၍ပြခြင်းငှာ ဃ—၀ါကျမိန့်။

ဃ—၀ါကျတွင် အထ ဘဂဝါ—လ—န ပညပေသိ—ကား ဗျတိရေက။ တသ္မိံ —လ—ပညပေသိကား အန္တယ။

င—၀ါကျကား နိဂမန။ ထို့—၍ ခ—ဂ—ဃ—၀ါကျကား နိဂမနိယ၊ ၀ါ— စုဏ္ဏိယ။

http://www.dhammadownload.com


## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**သံဃာဒိသေသ**။ ။သံဃော အာဒိမှိ စ သေသေ စ ဣစ္ဆိတဗ္ဗော အဿာတိ သံဃာဒိသေသော။ (အဿ အာပတ္တိဝုဋ္ဌာနဿ၊ ထိုအာပတ်မှထခြင်း၏။ အာဒိမှိ စ၊ ပရိဝါသ်ပေးရာအစ၌လည်းကောင်း။ သေသေ စ၊ မူလာယပဋိကဿနနှင့်တကွ မာနတ်ပေးရာအလယ်, အဗ္ဘာန်သွင်းရာ အဆုံးဟူသော ကြွင်းသောအခါ၌လည်းကောင်း။ သံဃော၊ သံဃာကို။ ဣစ္ဆိတဗ္ဗော၊ အလိုရှိအပ်၏။ ဣတိ တံ အာပတ္တိဝုဋ္ဌာနံ သံဃာဒိသေသော။ ဣစ္ဆိတဗ္ဗတဒ္ဓိတ်။ သံဃာဒိသေသပုဒ်+အပစ္စည်း။

သံဃာဒိသေသ—ကား ပရိဝါသ်ပေးရာအစ၌လည်းကောင်း, မူလာယပဋိကဿနနှင့်တကွ မာနတ်ပေးရာအလယ်အဗ္ဘာန်သွင်းခြင်း အဆုံးဟူသောအခါ၌လည်းကောင်း အလိုရှိအပ်သော သံဃာဒြပ်သည်မုချ။ ယင်း၏ အာပတ္တိဝုဋ္ဌာနနှင့် အကြောင်းအကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ အ-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သောအာပတ္တိဝုဋ္ဌာနရ၏။ ထိုသို့ပင်ရငြားသော်လည်း သံဃာဒိသေသ သဒ္ဒါ၏ ဖလူပစာသဒ္ဒါ၏ အဖြစ်ကြောင့် အကြောင်းဖြစ်သော အာပတ္တိနိကာယ ရ၏။

> † ဖလဘူတံ အာပတ္တိဝုဋ္ဌာနံ ကာရဏဘူတာယ အာပတ္တိယာ အာရောပေတွာ အာပတ္တိနိကာယဿာတိ ဝုတ္တံတွာ ဥပစာရေတိ ဝုတ္တံ ဟောတိ။ (ကင်္ခါဝိတရဏီ-ဇနော မဟာဋီကာ။ ၂။ ၁၆၇။)

### သံဃာဒိသေသမှတ်ဖွယ်

ဣစ္ဆိတဗ္ဗေ အ-လ-သံဃော အာဒိမှိစေဝ သေသေ စ ဣစ္ဆိတဗ္ဗော အဿာတိ သံဃာဒိသေသော၊ ဝေနာမကော အာပတ္တိကောဋ္ဌာသော။ (နီတိ၊ သုတ္တ။ ၂၄၂။) ဤအလို ဝိ၊ ဋ္ဌ၊ ၂။ ၁၀၉—နှင့် ကင်္ခါတို့ဖွင့်ပြသော သံဃာဒိသေသပုဒ် ဝိဂ္ဂဟ်ကို ဣစ္ဆိတဗ္ဗတဒ္ဓိတ်ဟု မှတ်။ ကင်္ခါဝိတရဏီ-ဇနော မဟာဋီကာ။ ၂။ ၁၆၇—၌ ဆရာတို့အလို (အာစရိယဝါဒ) တိပဒဗဟုဗ္ဗီဟိသမာသ်။ ကျမ်းဆရာအလို အာဒိ စ သေသော စ အာဒိသေသာ၊ သံဃော အာဒိသေသေသု ဣစ္ဆိတဗ္ဗော အဿာတိ သံဃာဒိသေသော-ဟု ဝိဂ္ဂဟပြု၍ ဒွိပဒဗဟုဗ္ဗီဟိ ကြံသည်။

---

## ဓာတုပစ္စယာဒိဝိဘာဂ

**ဘိက္ခု**။ ။ဘိဒိဓာတ်၊ ဝါ-ဘိက္ခဓာတ်၊ ဝါ-ဘိသဒ္ဒူပပဒ+ဣက္ခဓာတ်+ရူပစ္စည်း။

http://www.dhammadownload.com



† ဘိဒိ ဘိက္ခုခာတု ဝသာ၊ အထ ဝါ ဘယဝါစကံ။ ဘီသဒ္ဒံ ပုရိမံ ကတွာ၊ ဣက္ခုဓာတုံ သေန စ။ ဘိက္ခုသဒ္ဒဿ နိပ္ဖတ္တိ ကထယေယျ ဝိစက္ခဏော။ (နီတိ၊ ဓာ။ ၃၆၉။)

**အာဘောဂနှင့် သံဝဏ္ဏနာ**

က–ဝါကျ၌ အဋ္ဌပိတေ–ဖြင့် အပညတ္တေ၌ ပ–ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက ၏ အဖြစ်ကိုလည်းကောင်း၊ ဥ ပဓာတ်၏ ဥ ပနအနက်ကိုဟောသည်–ကိုလည်းကောင်း သိစေသည်။

၁။ ဥပသဂ္ဂလိဂ်တ္ထ၊ ၂။ ဒုတိယဓာတွတ္ထ။

**မှတ်ချက်။** ။ပပုဗ္ဗ ဥ ပဓာတ်ကို ဌပဓာတ်ဖြင့်ဖွင့်သည်ဟုကြံ။

† ဥ ပ ဌာသနနိသာနေသု–လ–မပုဗ္ဗော နိက္ခိပနေ။ (**နီတိ၊ ဓာ။ ၃၂၂။**)

**တနည်း။** ။အဋ္ဌပိတေ–ဖြင့် အပညတ္တေ၌ ပညတ္တပုဒ်ကို ဌပိတဟုဖွင့်သဖြင့် ပညတ္တသဒ္ဒါသည် ဌပိတ=ထားခြင်း (ပညတ်ခြင်း) အနက်ကို ဟောသည်ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

## နည်းနှင့် ဥပစာ

**ဝေရုပ္ပံအစ္ဆာစရံ။** ။ပြယုဂ်ကား န ဝေရုပ္ပံ အစ္ဆာစရံ မက်ဆုတ်တည်း။ ဤ၌ ပါရာဇိကပညတ်အားလျော်သော လွန်ကျူး၍ ကျင့်ခြင်းတည်းဟူသော အထင်ကို ဆိုသဖြင့် ပါရာဇိကပညတ်အားလျော်သော လွန်ကျူး၍ ကျင့်ခြင်း၊ သံဃာဒိသိသ် ပညတ်ခြင်းအားလျော်သော လွန်ကျူး၍ ကျင့်ခြင်းတည်း ဟူသော အလုံးစုံကိုလည်း ရသောကြောင့် နိဒဿန နည်း။

အစိတ်ဖြစ်သော ပါရာဇိကပညတ်ခြင်းအား လျော်သော လွန်ကျူး၍ ကျင့်ခြင်း၏ "ဝေရုပ္ပံ အစ္ဆာစရ" ဟူသောအမည်ကို အပေါင်းဖြစ်သော ပါရာဇိကပညတ်ခြင်းအားလျော်သော လွန်ကျူး၍ကျင့်ခြင်း၊ သံဃာဒိသိသ်ပညတ်ခြင်းအားလျော်သော လွန်ကျူး၍ ကျင့်ခြင်း၌ တင်စား၍ ယင်း–ကို ဝေ ရုပ္ပံ အစ္ဆာစရံဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ–အဝယဝူပစာ။

† ဝေရုပ္ပန္တိ ပါရာဇိကပညတ္တိယာ အနုရူပံ နိဒဿနမတ္တမ္ဓေတံ သံဃာဒိသေပညတ္တိယာအနုရူပမ္ပိ အစ္ဆာစရမက်သုယေဝ။ (**သာရတ္ထ။ ၂။ ၁၁။**)

**အပညတ္တေသိက္ခာပဒေ။** ။အပေါင်းဖြစ်သော သိက္ခာပုဒ်အားလုံး၏ သ သိက္ခာပဒေဟူသောအမည်ကို အစိတ်ဖြစ်သော ပဌမပါရာဇိကသိက္ခာပုဒ်၌

http://www.dhammadownload.com


တင်စား၍ အစိတ်ဖြစ်သော ပထမပါရာဇိကသိက္ခာပုဒ်ကို သိက္ခာပဒေဟု ဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ သမုဒါယူပစာ။ (နေယျတ္ထ၊ ရှင်္ဂီတင်။)

မှတ်ချက်။ ။သိက္ခာပဒေကို ပထမပါရာဇိကသိက္ခာပဒေဟု ဖွင့်သည်နှင့်အညီ ဥပစာကြံပုံတည်း။

**ပထမပါရာဇိကသိက္ခာပဒေ။** ။ပြယုဂ်ကား- ပထမပါရာဇိကသိက္ခာပဒေဟူသည်တည်း။ ဤ၌ ပထမပါရာဇိကသိက္ခာပုဒ်တည်းဟူသော အထင်ကို ဆိုသဖြင့် ပါရာဇိကသိက္ခာပုဒ် သံဃာဒိသိသ်သိက္ခာပုဒ်တည်းဟူသော အလုံးစုံကိုလည်း ရသောကြောင့် နိဒဿနနည်း။

အစိတ်ဖြစ်သော ပထမပါရာဇိကသိက္ခာပုဒ်၏ ပထမပါရာဇိက သိက္ခာပဒေဟူသော အမည်ကို အပေါင်းဖြစ်သော ပထမပါရာဇိကသိက္ခာပုဒ် သံဃာဒိ-သိသ်သိက္ခာပုဒ်၌ တင်စား၍အပေါင်းဖြစ်သော ပထမပါရာဇိကသိက္ခာပုဒ် သံဃာဒိသိသ်သိက္ခာပုဒ်ကို ပဌမ ပါရာဇိကသိက္ခာပဒေဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။

မှတ်ချက်။ ။အထ ဘဂဝါစသော ဝါကျ၌ ပါရာဇိက ဝါ သံဃာဒိသေသ ဝါ န ပညပေသိ အဖွင့်ကိုထောက်၍ နည်းဥပစာတင်ပုံတည်း။

**ပဥ္စခုဒ္ဒကာပတ္တိက္ခန္ဓေ။** ။အပေါင်းဖြစ်သော ပညတ်အပ်ပြီးသော အာပတ်ငယ် ငါးပုံ၏ ပဥ္စခုဒ္ဒကာပတ္တိက္ခန္ဓေဟူသော အမည်ကို အစိတ်ဖြစ်သော မပညတ်ရသေးသော အာပတ်ငယ်၌ တင်စား၍ မပညတ်ရသေးသော အာပတ်ငယ်ကိုလည်း ပဥ္စခုဒ္ဒကာပတ္တိက္ခန္ဓေ-ဟုဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ။ ရှင်္ဂီ။)

မှတ်ချက်။ ။သာရတ္ထ၊ ၂။ ၁၁-ဋ္ဌဒ္ဒ ထုလ္လစ္စယာဒီနံ စသော အဖွင့်နှင့်အညီ ဥပစာကြံပုံတည်း။

---

(က) အနာဒီနဝဒဿောတိ-လ-အဝဇ္ဇသညီ ဟုတွာ။ (ခ) သစေ ဟိ အယံ-လ-ပါပုဏာန္တောပိ န ကရေယျ။ (ဂ) တွေ ပန အာဒီနဝံ-လ-အဟောသိ။ (ဃ) တေန ဝုတ္တံ အာဒီနဝဒဿောတိ။ ဋ္ဌ။ ၁၇၉။ (၁၃၂၈၊ ခု၊ အစိုးရမေးပြီး။)

---

### ❀ ခ-ဝါကျ သံဘောဂပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဘုရားရှင်ပြတော်မူလတ္တံ့ သောအဖြစ်ကို မမြင်သည် ဖြစ်၍ (မမြင်သောကြောင့်) အပြစ်မရှိဟု အမှတ်ရှိသဖြင့် မေထုန်

http://www.dhammadownload.com


မှိုဝဲသောဟု ဆိုတော်မူ၏။ အပြစ်ကို မြင်က ရှောင်ကြဉ်မည့်သူလော။(ပါရာ၊ ဂံ၊ သစ်။ ၂။ ၄၂၇။) အပြစ်ကို မြင်လျှင် အဘယ်သို့ ပြုမည်နည်း-ကြောင့် ခ-ဝါကျမိန့်။ (န ကရေယျ၌ န-ကိုပယ်၍ ကျမ်းတက်သည်။)

## ဝါကျမှတ်ဖွယ်

က-ဝါကျ၌ ပဓာနစကား ကား တံ အပဿန္တော အနဝဇ္ဇသညီ ဟုတ္တာ-တည်း။ ယင်းစကားနှင့် ဂ-ဝါကျ စကားရပ်တို့ အဓိပ္ပာယ်ချင်းတူသည်ကို လည်းကောင်း၊ ခ-ဝါကျ၌ န ကရေယျဟူသော ဗျတိရေကစကား၊ ဂ-ဝါကျ အန္ဒယ စကားတို့ကို ထောက်၍ မူလ က-ဝါကျကို ဗျတိရေက အန္ဒယဖြင့် ခိုင်မြဲပြုသောကြောင့်လည်းကောင်း၊ က-သံခိပ်၊ ဃ-နိဂုံး နှစ်ဝါကျကို ထောက်ဆ၍ အလယ် ခ-ဂ ဝါကျများကို ဝိတ္ထာရဟုသင့်သောကြောင့်လည်းကောင်း။ ခ-ဂ နှစ်ဝါကျကို ဝိတ္ထာရဟု ဆုံးဖြတ်သင့်၏။ ဂံ၊ သစ်၊ နှင့် မအူသျှတို့၌ ဟိသဒ္ဒါကို မည်သည့်အနက်ဟု မဆိုကြ။ ရှေးဥမင်သျှ၌ကား ဟိသစ္စံ ဟူ၏။

ခ-ဂ-နှစ်ဝါကျကား ဝိတ္ထာရ။ ထို့ကြောင့် က-ဝါကျကား သခေပ။ ထို ခ-ဂ-နှစ်ဝါကျတွင် ခ-ဝါကျကား ဗျတိရေက။ ဂ-ဝါကျကား အန္ဒယ။ ဃ-ဝါကျကား နိဂမန (နိဂုံး)။ ထို့ကြောင့် ခ-ဂ-ဝါကျကား နိဂမနိယ၊ ဝါ-စုဏ္ဏိယ။

## ဂ-ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် အသက်ကုန်ခြင်းသို့ ရောက်သော်လည်း မေထုန်အမှုကို မပြုရာဟု ဆိုတော်မူ၏။ မပြုရာပါဘဲလျက် အဘယ်ကြောင့် ပြုဘိသနည်း။ (မအူသျှ။ အာဒီနဝံ အပဿန္တော ရှု၍တက်။)ကြောင့် ဂ-ဝါကျမိန့်။

---

## ❁ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဝဇ္ဇ။** ဝဇ္ဇေတဗ္ဗာနီတိ ဝဇ္ဇာနိ။ (ပါစိတ်၊ ယော။ ၆၄၆၊) ဝဇ္ဇဓာတ်+ အ-ပစ္စည်း။ အပြစ်ရ၏။

**တနည်း။** ။ဝဇ္ဇီတဗ္ဗံ ဂရဟိတဗ္ဗန္တိ ဝဇ္ဇံ။ ဝဇ္ဇဓာတ်+အ-ပစ္စည်း။

**အဝဇ္ဇ။** ။ဝဇ္ဇမေဝ အဝဇ္ဇံ။ အသဒ္ဒါ တဗ္ဘော။

**အနဝဇ္ဇ။** ။နတ္ထိ အဝဇ္ဇံ ဧတသ္မိံ အဘိဝိညာပနေတိ အနဝဇ္ဇံ။ (မေထုန်မှီဝဲခြင်းသည် အပြစ်မရှိ။ အပြစ်မရှိသော မေထုန်မှီဝဲခြင်း။)

အနဝဇ္ဇံဣတိ သညာ အနဝဇ္ဇသညာ။ မေထုန်မှီဝဲခြင်းသည် အပြစ်မရှိ ဟူသော အမှတ်သညာ။

F.22 A

http://www.dhammadownload.com

**အနဝဇ္ဇသညီ**။ ။အနဝဇ္ဇသညာ ဧတဿ အာယသ္မတော သုဒိန္နဿာတိ အနဝဇ္ဇသညီ။ ဧတဿ၊ အား။ အနဝဇ္ဇသညာ။ မေထုန်မှီဝဲခြင်းသည် အပြစ်မရှိဟူသော အမှတ်သညာသည်။ အတ္ထိ၊ ဣတိ သော အနဝဇ္ဇသညီ။ အဿတ္ထိ တဒ္ဓိတ်။ အနဝဇ္ဇသညာ+ဤ။

အနဝဇ္ဇသညာကား အပြစ်မရှိသော်အမှတ်သညာသည်မှုချ။ ယင်း၏ သုဒိန်ဒြပ်နှင့် ဌာနီဌာနစပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဤ—ပစ္စည်းအရကား ထို—ဖြင့် မှတ်အပ်သောသုဒိန်ဒြပ်ရ၏။

---

## ❁ ဓာတုပစ္စယာဒိဝိဘာဂ

**ဆစ္ဆာယ**။ ။ဆိဒ-ဓာတ်။ ဝါ—ဆေဒဓာတ်+ဏျပစ္စည်း၊နပုလ္လိင်၊ စတုတ္ထီကေဝုစ် သ-ဝိဘတ်။

**အာဒီနဝ**။ ။အာဒီန သဒ္ဒူပပဒ+ဝာ-ဓာတ်+အပစ္စည်း။ (နီတိ၊ ဓာ။) တနည်း—အာ ပုဗ္ဗ+ဒီနသဒ္ဒူပပဒ=ဝါ-ဓာတ်။ တနည်း။ ဝီဓာတ်+အပစ္စည်း။

† ဒီ ခယေ။ ဒီယတေ ဒီနော။ အာဒီနဝေါ-လ—အာဒီနံ ဒုက္ခံ ဝါ တိ အဓိဂစ္ဆတိ (ရတတ်၏) ဧတေနာတိ အာဒီနဝေါ။ ဒေါသော။ (နီတိ၊ ဓာ။ ၂၂၆။)

† အာဘုသော ဒီနံ ဝါယတိ ဂမယတီတိ အာဒီနဝေါ၊ ဒီနဒုဂ္ဂတဘာဝေ။ ဝေါ။ ဝိဂမနေ စ။ (ဓာန်။ ဋီ။ ၇၇၆။ သူစိ၊)

**မှတ်ချက်**။ ။အထက်ပါ အာဒီနဝသဒ္ဒါ၏ ဓာတုပစ္စယရုပ်ပြီးပုံ အဖွင့်တို့ကို ထောက်၍ "အာဒီနဝ"ဟု ဒီဃရှိသောပါဠ်သာ သင့်သည်။ အာဒိနဝဟု ရဿရှိသော ပါဠ်ကားမသင့်ဟုမှတ်။

## ❁ အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဌ် တံ အပဿန္တော-ဖြင့် အာဒီနဝံ ပဿတီတိ အာဒီနဝဒဿော-ဟု ကတ္တုသာဓနကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်—ကိုလည်းကောင်း[1]၊အ-ပစ္စည်း၏ ကတ္တုသာဓနဌ် သက်သည်-ကိုလည်းကောင်း[2]၊ န အာဒီနဝဒဿော အနာဒီနဝဒဿောဟု အယုတ္တမိဿက တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်—ကို လည်းကောင်း[3] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်**။ ။သဗ္ဗံ ဂုဏံ န ဒဒါတီတိ အသဗ္ဗဂုဏဒါယကောကဲ့သို့ အာဒီနဝံ န ပဿတီတိ အနာဒီနဝဒဿော—ဟု လဟုကနည်း ဝိဂ္ဂဟပြုနိုင်သည်။

F.22 B

http://www.dhammadownload.com



က–ဝါကျ၌ အနဝဇ္ဇသည်– ဖြင့် အပြစ်ကိုမမြင်ဟူသည် အပြစ်မရှိဟု မှတ်ထင်ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ။အနာဒီနဝဒဿာ၊ အပြစ်ကို မမြင်သည်။(သဒ္ဒတ္ထ။) ဝါ–အပြစ်မရှိဟု အမှတ်ရှိသည်။ (အဓိပ္ပာယတ္ထ။)

က–ဝါကျ၌ ယုတ္တ–ဖြင့် အနာဒီနဝဒဿာပုဒ်ကို အဘိဝိညာပေယျ၌ မစပ်ရ၊ ဟုတ္ဂာဟူသော ပါဠိသေသ၌ စပ်ရမည်ဟု သိစေသည်။ (သမ္ဗန္ဓသံဝဏ္ဏနာ။)

**မှတ်ချက်။** ။ပါဠိတော်၌ အာယသ္မာ သုဒိန္နောဟု ကတ္တားတခုရှိသဖြင့် အနာဒီနဝဒဿာဟူသော ကတ္တားကို ဟုတ္ဂာ၌စပ်ဟု သိစေသည်။

* ကတ္တား လွန်တို့၊ စပ်စေဖို့ရာ၊ ပုဒ်မပါ၊ ဟုတ္ဂာ ထည့်လေမင်း၊ (ပေါရာဏ)

**တနည်း။** ။ဟုတ္ဂာ–ဖြင့် အနာဒီနဝဒဿာကား မေထုန်ကိုဖြစ်စေခြင်း (အဘိဝိညာပေယျ) ၏ အကြောင်းတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ။ကတ္တားလွန် စပ်ဖို့ရန် လည်းကောင်း၊ ကမ္မဓာရယ် သမာသ်ပြလို၍ လည်းကောင်း၊ ဘူတသဒ္ဒါရှိရာ၌ လည်းကောင်း၊ အကြောင်းကိုပြလို၍ လည်းကောင်း ဟုတ္ဂာသဒ္ဒါဖြင့် ဖွင့်တတ်သည်။

င–ဝါကျ၌ ဘုမ္မဝစနံဖြင့် ပုရာဏဒုတိယိကာယ၌ အာယသဒ္ဒါကား နာ, သ, သ္မာ, သ–ဝိဘတ်တို့၏ ကာရိယမဟုတ်၊ သ္မိံ ဝိဘတ်၏ ကာရိယတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ။)

---

## ပါဠိဝိနိစ္ဆယ

**ဇီဝိတက္ခယံ။ ဇီဝိတခယံ။** ။ရဿာကာရတော ပရံ ဝဂ္ဂဒုတိယေသု–ဟူ ရုပသဒ္ဓိ၌လာသည်။ ရှေ့၌ရဿအက္ခရာလည်း ရှိသည်ဖြစ်စေ၊ နောက်၌ ဒုတိယ အက္ခရာလည်း ရှိသည်ဖြစ်စေ ဤအင်္ဂါနှစ်ပါးနှင့်ညီလျှင် ပထမက္ခရာ၌ အသဒိသ ဒွေဘော်လာရ၏။ ဤ၌လည်း ဇီဝိတဟူသော ရဿအဆုံးဖြစ်သောပုဒ် ခယ ဟူသော ဒုတိယက္ခရာအစ၌ ရှိသောပုဒ်ဖြစ်၍ အသဒိသဒွေဘော်ပြုရမည့် လက္ခဏာနှင့် ညီညွတ်သောကြောင့် အာယုက္ခယေန စသောပုဒ်ကဲ့သို့ အသဒိသ ဒွေဘော်လာ၍ ပြီးရကား “ဇီဝိတက္ခယံ” ဟု ဒွေဘော်နှင့်ရှိသော ပါဠိသာသင့် သည်။ (မူလစ္ဆေဇ္ဇ၌လည်း နည်းတူပင် ဒွေဘော်ရှိ ပါဠိသင့်။)

---

(က) အဘိဝိညာပေယျာတိ ပဝတ္တေယျ။ (ခ) ပဝတ္တနာပိ ဟိ ကာယ ဝိညတ္တိံ ဇနေတိ ဝိညာပနာတိ ဝုစ္စတိ။ (ဂ) တိက္ခတ္တုံ အဘိဝိညာပ နေန္တော [illegible] မကာသီတိ ဝေဒိတဗ္ဗော။ ဌ။ ၁၇၉။ (၂၅ ခုနှစ် အစိုးရမေးပြီး။)

http://www.dhammadownload.com


## ဝါကျခွဲနှင့် ကျမ်းတက်

ခ—ဝါကျကား ယုတ္တိဒင်္ဂကရုဏ်။ ထို—၍ က—ဝါကျကား ယုတ္တိဒင်္ဂယ။

### ဝါကျကြံပုံ

မူလ က-ဝါကျ၌ အဘိဝိညာပယေသိကို ပဝတ္တေသိဟု ဖွင့်၏။ အဘိဝိညာပေသိကို ဗောဓေသိဟု ဖွင့်လျှင် ဉာဏ်စာတ်သည် ဗောဓနအနက်ကိုဟောနေကျ ဖြစ်သဖြင့် ဗောဓနအနက်ကို ဟောနိုင်ပါသလောဟု သံသယ ဖြစ်ဖွယ်မရှိ။ ယင်းသို့ သံသယဖြစ်ဖွယ် မရှိလျှင် ဗောဓေသိဟူသော သံဝဏ္ဏနာကို ထောက်ခံစရာ စကားတရပ်မလိုအပ်ချေ။ ပဝတ္တေသိဟု ဖွင့်ရာ၌ကား သံဝဏ္ဏေတဗ္ဗ ဉာဏ်စာတ်နှင့် သံဝဏ္ဏနာဝတ္တ စာတ်၊ ဝါ—ဝတုစာတ်တို့ အလွန်ကွာလှမ်းနေသည်။ ဉာဏ်စာတ်ကပဝတ္တန အနက်ကို ဟောရိုးဟောစဉ်မဟုတ်။ သို့ဖြစ်၍ အဘိဝိညာပေသိကို ပဝတ္တေသိဟု ဖွင့်နိုင်ပါမည်လောဟု သံသယဖြစ်ဖွယ်ရှိ၏။ အဘိဝိညာပေသိကို ပဝတ္တေသိဟုဖွင့်ဆိုနိုင်ကြောင်း အသင့်ယုတ္တိ ပြလိုသဖြင့် ခ-ဝါကျတက်လာသည်။ သာရတ္ထဋီကာ၌ ကထံနှင့် တက်သော်လည်း ဝိတ္ထာရဟု မမှတ်လင့်။ ယုတ္တိဒင်္ဂကရုဏ်ရလျှင် ကာရဏဝါကျ ရနေကျဖြစ်သည်ကို သတိပြု၍ ကျမ်းတက်ရာ၌ ကာရဏဝါကျကျမ်းတက် ထားသည်ဟုမှတ်ပါ။

### ခ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် အဘိဝိညာပေသိကို ပဝတ္တေသိဟု ဖွင့်ဆိုတော်မူ၏၊ (ဘာသာမပြန်ပဲ သဒ္ဒရုပနာ ထားသည်။) အဘိဝိညာပေသိဟူသော ကြိယာပုဒ်၏ ပဝတ္တေသိဟူသော ကြိယာအနက်ကို အဘယ်သို့လျှင်၊ ဝါ-အဘယ်ကြောင့် ရအပ်ပါသနည်း၊ ဟောနိုင်ပါသနည်း။ အဘိဝိညာပေသိ ဟူသော ကြိယာပုဒ်၏ ပဝတ္တေသိဟူသော ကြိယာအနက်ကို ရခြင်း (ဟောနိုင်ခြင်း) ၏ ယုတ္တိ (ဝါ-) အကြောင်းကို မပြဆိုပြီလော-ကြောင့် ခ-ဝါကျမိန့်။

မှတ်ချက်။ ။ကထံနှင့် တက်သဖြင့် အယုတ္တစောဒနာတက်ဟု မှတ်။

† အဘိဝိညာပေသီတိ ဣမဿ ပဝတ္တေသီတိ အယံ အတ္ထော ကထံ လဗ္ဘတီတိ အာဟ "ပဝတ္တနာပိ ဟိ" တိအာဒိ။ (သာရတ္ထ၊ ၂။ ၁၂။)

### ခ-ဝါကျ မအူသျှကျမ်းတက်

သိစေခြင်းကိုသာလျှင် ဝိညာပနဟု ဆိုအပ်သည် မဟုတ်လော။ (အာဘောဂ။) ဖြစ်စေခြင်းကိုလည်းအဘယ်ကြောင့်ဝိညာပနဟု ဆိုအပ်သနည်း။(ပုစ္ဆာ။)

### ဂ ဝါကျပညတ် သာဘောဂစောဒနာတက်

ဆရာ၊ ဥပါလိထေရ်သည် သုဒိန်သည် မေထုန်အမှုကို သုံးကြိမ်ဖြစ်စေသော (တိက္ခတ္တုံ အဘိဝိညာပေသိ)ဟု လျှောက်၏။ သုဒိန်သည် သဒ္ဓါပဗ္ဗဇိတ

http://www.dhammadownload.com


ဖြစ်၍ မေထုန်အမှုကို အလိုမရှိသည် မဟုတ်လော။ အဘယ်ကြောင့် မေထုန်အမှုကို သုံးကြိမ်ဖြစ်စေပါသနည်းဟု ပညတ်သာ်ဘောဂစောဒနာ အားဖြင့် စောဒနာဖွယ် ရှိသောကြောင့် ဂ–ဝါကျမိန့်။

မှတ်ချက်။ ။"အာဘော်နှင့်သာ၊ မေးခဲ့ရာ၊ စောဒနာဟူ၍မှတ်" နှင့် အညီ စောဒနာတက်ဟုဆိုသည်။ မိမိတို့ အာစရိယဝါဒကား ဒေါသာရောပန ပါမှ စောဒနာတက်ဟူ၏။

† ကသ္မာ ပနေသ မေထုနဓမ္မေန အနတ္ထိကောပိ သမာနော တိက္ခတ္တုံ အဘိဝိညာပေသီတိ အာဟ တိက္ခတ္တုံ အဘိဝိညာပနဥ္စေသာတိ အာဒိ။ (သာရတ္ထ။ ၂။ ၁၂။)

## ဂ–ဝါကျ ဝါကျကြံပုံ

အထက်ပါအတိုင်း စောဒနာဖွယ်ရှိ၍ ယင်း စောဒနာကို ပယ်ရန် ဂ–ဝါကျတက်လာသောကြောင့် ယင်း ဂ–ဝါကျကို အကြောင်းဆက် ဝါကျမျိုးဟု မှတ်ရာ၏။ သို့ဖြစ်၍ အောက်ပါအတိုင်း နှစ်မျိုးခွဲလေ။

ဂ–ဝ ါကျကား ပါကျာရမ္ဘဝါကျ၊ ထို–၌ က–ခ–ဝါကျကား အာရဒ္ဓ။ တနည်း။ ဂ–ဝါကျကား ကာရဏဝါကျ၊ ထို–၌ က–ဝါကျကား ဖလဝါကျ။

---

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဂဗ္ဘ**။ ။ဂဣ္ဍတိ အတ္တဘာဝဘာဝေန ပဝတ္တတီတိ ဂဗ္ဘော။ ကလလာဒိ အဝတ္ထော ဓမ္မပ္ပဗန္ဓော။ (သာရတ္ထ၊ ၂။ ၁၄။) ယော ကလလာဒိအာတ္ထော ဓမ္မပ္ပဗန္ဓော၊ အကြင်ကလလ ရေကြည်စသည့် အခိုက်အတန့်ဖြစ်သော ရုပ်နာမ် တရားအစဉ်သည်။ ဂဣ္ဍတိ အတ္တဘာဝဘာဝေန ပဝတ္တတိ၊ အတ္တဘော၏ အဖြစ်ဖြင့်ဖြစ်၏။ ဣတိ သော ဂဗ္ဘော၊ ကတ္တုသာဓနေ။ ဂဗ္ဘဓာတ်+အပစ္စည်း။

ဂဗ္ဘဓာတ် အရကား အတ္တဘော၏အဖြစ်ဖြင့် ဖြစ်သော ကလလရေကြည် စသည် အခိုက်အတန့်ဖြစ်သော ရုပ်နာမ်တရားအစဉ်၏ ဉပါဒ်သည်မှချ။ရှေးရှေး၌ဖြစ်သော အဝိဇ္ဇာ တဏှာ ကံ အာဟာရတို့သည် ဖလူပစာ။ နောက်နောက် ၌ဖြစ်သော ဇရာ ဗျာဓိ မရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿ စသော ဒုက္ခအစု သည်ကာရဏူပစာ။ အပစ္စည်း အရကား ထို–ဖြင့် မှတ်အပ်သော ဉပါဒဝန္တ ဖြစ်သောအတ္တဘော၏အဖြစ်ဖြင့်ဖြစ်သောကလလရေကြည်စသည်အခိုက်အတန့် ဖြစ်သော ရုပ်နာမ်တရားအစဉ်၏ ဉပါဒ်။ ဓါ–ကိုယ်ဝန်ရ၏။

http://www.dhammadownload.com


မှတ်ချက်။ ။အဝိဇ္ဇာ သခ်ါရစသော ပဋိစ္စသမုပ္ပါဒ် အကြောင်းအရာကို လည်း ဖလူပစာ ကောက်နိုင်သည်။ ဂဗ္ဘအရကား နေတ္တိကောက်၌ လောကော အရနှင့်တူသည်ဟု မှတ်။

## ဝိဂ္ဂဟမှတ်ဖွယ်များ

ကာယေ၀ ဝိညတ္တိ ကာယဝိညတ္တိ၊ ကာယေနဝိညတ္တိကာယဝိညတ္တိ။(အဘိ၊ ဋ္ဌ၊ ၁။ ၃၆၀။)စောပီယတေ စောပနံ(လှုပ်ရှားစေခြင်း။) ကာယဝိညတ္တိယာ၊ ကာယဝိညတ်ကို။ စောပနံ၊ ခြင်း။ ကာယဝိညတ္တိ စောပနံ။

သုဋ္ဌု၊ ကောင်းစွာ။ ဌာနံ၊ တည်ခြင်းတည်း။ သဏ္ဌာနံ၊ ခြင်း။ ဂဗ္ဘဿ၊ ၏။ သဏ္ဌာနံ၊ တည်း။ ဂဗ္ဘသဏ္ဌာနံ၊ ခြင်း။ သုဋ္ဌု၊ ကောင်းစွာ။ နိဋ္ဌာနံ၊ ပြီးဆုံး ခြင်းတည်း။သန္နိဋ္ဌာနံ၊ခြင်း။ဂဗ္ဘသဏ္ဌာနဿ၊ ကိုယ်ဝန်၏ ကောင်းစွာတည်းခြင်း ၏။ သန္နိဋ္ဌာနံ။ကောင်းစွာပြီးဆုံးခြင်းတည်း။ ဂဗ္ဘသဏ္ဌာနသန္နိဋ္ဌာနံ၊ ခြင်း။

---

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ပဝတ္တေသိ-ဖြင့် အဘိဥပသာရသည် ဓာတွတ္တာနုဝတ္တက ဓာတွတ္ထဝိသေသကမဟုတ်၊ ဓာတွတ္ထဗာဓကော၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဉာဓာတ်သည် အဝဗောဓနတ္ထကို မဟော၊ ပဝတ္တနတ္ထကို ဟောသည်၏အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

---

## ❁ နည်းနှင့် ဥပစာ

### ဂဗ္ဘသဒ္ဒါ၌ ဥပစာများ

၁။ သာရတ္ထပထမဝိကပ်အလို ဌာန (အကြောင်း) ဖြစ်သော ကလလာဒိ-အဝတ္ထာမမ္မပ္ပဗန္ဓ၏ ဂဗ္ဘဟူသောအမည်ကို ဌာနီ (အကျိုး) ဖြစ်သော သတ္တ-သန္တာနန၌တင်စား၍ ဌာနီ(အကျိုး)ဖြစ်သော သတ္တသန္တာနကို ဂဗ္ဘဟုဆိုသော ကြောင့် ဌာနူပစာ။ (ကာရဏူပစာ။) နာနန္တရိကနည်း။

၂။ ဒုတိယဝိကပ်အလို ဌာနဖြစ်သော အမိဝမ်း၏ ဂဗ္ဘဟုသောအမည်ကို ဌာနီဖြစ်သော သတ္တသန္တာန၌ တင်စား၍ ဌာနီဖြစ်သော သတ္တသန္တာနကို ဂဗ္ဘဟု ဆိုသောကြောင့် ဌာနူပစာ။ နာနန္တရိကနည်း။

၃။ တတိယဝိကပ်အလို အတူဖြစ်သော တိုက်ခန်း၏ ဂဗ္ဘဟူသောအမည် ကို အတူရှိသော အမိဝမ်း၌ တင်စား၍ အတူရှိသော အမိဝမ်းကို ဂဗ္ဘဟု ဆိုသောကြောင့် သဒိသူပစာ။

မှတ်ချက်။ ။ဂစ္ဆသဏ္ဌာန်၊ ဂစ္ဆံ ဂဏ္ဍိ=တို့၌ ၂-နံပါတ်ဥပစာ ရသည်။

† ဥတ္တေ စ ဂစ္ဆတိ အတ္တဘာဝဘာဝေန ပဝတ္တတီတိဂစ္ဆော။ ကလလာဒိ အဝတ္ထော ဓမ္မပ္ပဗန္ဓော။ (၁) တံ နိဿိတတ္တာ ပန သတ္တသန္တာနော "ဂစ္ဆော"တိ ဝုတ္တော ယထာ "မဉ္စာဉက္ကုဋ္ဌိံ ကရောန္တိ" တိ (၂) တံ နိဿယဘာဝတော မာတုကုစ္ဆိ "ဂစ္ဆော"တိ ဝေဒိတဗ္ဗော။ (၃) ဂစ္ဆော ဝိယာတိ ဝါ။ (သာရတ္ထ။ ၂။ ၁၄။)

---

(က) သာ တေန ဂစ္ဆဂဏ္ဍိတိ သာ စ တေနေဝ အဇ္ဈာစာရေန ဂစ္ဆံ ဂဏ္ဍိ။ (ခ) န အညာသိ။ (ဂ) ကိံ ပန အညာသိ ဂစ္ဆဂ္ဂဟဏံ ဟောတီတိ? (ဃ) ဟောတိ။ (င) ကထံ? (စ) ကာယသံသဂ္ဂေန စောဠဂ္ဂဟဏေန အသုစိပါနေန နာဘိပရာမသနေန ရူပဒဿနေန သဒ္ဒေန ဂန္ဓေန။ (ဆ)ဣတ္ထိယော ဟိ-လ-သာဒိယန္တိယော ပိ ဂစ္ဆံ ဂဏှန္တိ။ (ဇ) ဝေံ ကာယသံသဂ္ဂေန ဂစ္ဆဂ္ဂဟဏံ ဟောတိ။ ဋ္ဌ။ ၁၈၀။

## ⊛ ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဗျတိရေကဝါကျ။ ဝါ-နိဝတ္တေတဗ္ဗဝါကျ။ ထို-၍ က-ဝါကျကား အန္ဒယဝါကျ၊ ဝါ-ဂဟေတဗ္ဗဝါကျ။

မှတ်ချက်။ ။က-ဝါကျဖြင့် အန္ဒယ၊ ဝါ-ဂဟေတဗ္ဗကို ပြပြီး၍ ယခုအခါ၌ နိဝတ္တေတဗ္ဗကို ပြခြင်းငှာ ခ-ဝါကျမိန့်ဟု ကျမ်းတက်လေ။

ဂ-ဝါကျကား ပုစ္ဆာ။ ဃ-ဝါကျကား ပရိဟာရ။

## ဂ-ဝါကျဋီကာတက်

ဤသို့ က-ဝါကျဖြင့် ထိုမယားဟောင်းသည်လည်း ထိုရှင်သုဒိန်၏ လွန်ကျူးခြင်းကြောင့်သာလျှင် ကိုယ်ဝန်ကိုယူပြီဟု အဝဓာရဏဇဝသဒ္ဒါနှင့် တကွဖွင့်ပြပြီး၍ ယခုအခါ၌ ယင်းဧဝသဒ္ဒါဖြင့် နှစ်စေအပ်သော အနက်ကို ပြလိုကားကိံ ပန စသည်မိန့်။

† ဣဒါနိ အဝဓာရဏေန နိဝတ္တိတမတ္ထံ ဒဿေတုကာမော အာဟ ကိံ ပန-လ-ဟောတီတိ အာဒိ။ (သာရတ္ထ၊ ၂။ ၁၂။)

င-ဝါကျကား ပုစ္ဆာ။ စ-ဝါကျကား ပရိဟာရ။

မှတ်ချက်။ ။ကထံဟူသောပုစ္ဆာ၏ အကျဉ်းအဖြေကား စ-ဝါကျတည်း။ ခ-ဝါကျ အကျဉ်းအဖြေကို အကျယ်ဖြေလို၍ ဣတ္ထိယော ဟိ ဝါကျတက်လာသည်။ ယင်း ဣတ္ထိယော ဟိ ဝါကျမှ ဝေံဂန္ဓေန ဂစ္ဆဂ္ဂဟဏံ

http://www.dhammadownload.com


ဟောတိ-တိုင်အောင်သော ဝါကျသည် စ-ဝါကျအကျဉ်းအဖြေ၏ အကျယ်အဖြေ(ဝိတ္ထာရ)တည်း။ ထိုတွင် ဆ-ဝါကျကား ကာယသံသဂ္ဂေန၏ အကျယ်(ဝိတ္ထာရ)ဝါကျ။ ဧဝံ ကာယသံသဂ္ဂေန ဂဏှဂ္ဂဟဏံ ဟောတိ-ကား နိဂုံးဝါကျတည်း။ သို့ဖြစ်၍ အောက်ပါအတိုင်း ဝါကျအစိတ်အပိုင်းကို သတိပြုလေ။

(၁) ကာယသံသဂ္ဂေန။ သခေ်ပ။
(၂) ဣတ္ထိယော ဟိ-လ-ဂဏှ-လ-ဂဏှန္တိ။ ဝိတ္ထာရ။
(၃) ဧဝံ ကာယသံသဂ္ဂေန ဂဏှံ ဂဏှန္တိ။ နိဂုံး။

ဤနည်းတူပင် စောဋဂ္ဂဟဏေန စသောပုဒ်တို့၏ အကျယ်ဝါကျ၊ နိဂုံးဝါကျတို့ကို သိလေ။ ဣဓ ပနာယံ။ ဋ၊ ၁၀၁-ဖြင့် ဤ၌ လိုအပ်သော ကိုယ်ဝန်တည်ကြောင်းကို ပြသည်။ ဝိသေသဝါကျမျိုတည်း။ အကိုးသာဓကေ ပြလို၍ ယံ သန္ဓာယ ဝုတ္တံ မိန့်သည်ဟု ဝါကျများကို ခွဲ၍ကြည့်ပါလေ။

## ဆ ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် စ-ဝါကျ၌ ကာယသံသဂ္ဂေန-ဖြင့် ကိုယ်ကိုနှီးနှော့ခြင်းဖြင့် ကိုယ်ဝန်ယူသောဟု ဆို၏။ ကိုယ်ကို နှီးနှောခြင်းဖြင့် အဘယ်သို့ ကိုယ်ဝန်ယူပါသနည်း။ ယင်းသို့ကိုယ်ကိုနှီးနှောရာ၌ အဘယ်သို့လျှင် သက်သွေးဖြစ်ပေါ်လာပါသနည်း-ကြောင့် ဆ-ဝါကျမိန့်။

**မှတ်ချက်။** ။အဋ္ဌကထာ၌ ပထမပုစ္ဆာ၏ အဖြေသာပါသည်။ ဒုတိယပုစ္ဆာ၏အဖြေကိုကား **သာရတ္ထ။ ၂။ ၁၃-၌ရှုလေ။**

† ကထံ ပန ကာယသံသဂ္ဂေန ဟောတိ၊ ကထဉ္စ တတ္ထ သုက္ကသောဏိ တဿ သမ္ဘဝေါတိ အာဟ "ဣတ္ထိယော ဟိ"တိ အာဒိ။

**(သာရတ္ထ။ ၂။ ၁၂။)**

ဇ-ဝါကျကား နိဂမနဝါကျ။ ထို-၍ ဆ-ဝါကျကား နိဂမနီယ၊ ဝါစုဏ္ဏိယဝါကျ။

---

## ❀ ဝိဂ္ဂဟနှင့် ညသ်ကောက်

**အဇ္ဈာစာရ။** ။မရိယာဒါ ဓိကော အာစာရော အဇ္ဈာစာရော။ (သုစိ။) မရိယာဒါဓိကော၊ အပိုင်းအခြားကိုလွန်သော။ အာစာရော၊ အကျင့်တည်း။ အဓိပုဒ်+အာစာရပုဒ်။ ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ်။

အစိ-ကား အပိုင်းအခြားကိုလွန်ခြင်း အစိကဘောဂဏ်သည်မှချ။ ယင်း၏ အကျင့်နှင့် ဂဏ်ဂဏအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ အဇ္ဈာစာရော-ကား ရှင်သုဒိန်၏ အပိုင်းအခြားကို လွန်သောအကျင့်၊ ဝါ-မေထုန်အမှုကို လွန်ကျူးခြင်းရ၏။

## ဝိဂ္ဂဟမှတ်ဖွယ်များ

**အညထာ**။ ။အညေန ပကာရေန အညထာ။ (ပါရာ၊ ယော။ ၁၀၉။)

**ဥတုသမယေ**။ ။ဥတုနော အာဂတော သမယော။ ဥတုသမယော။

**စောဠ**။ ။စဝတီတိ စောဠော။ စုဓာတ်+ဠပစ္စည်း (မောဂ်၊ ၇၊ ၂၂၅။)

† စိလ ဝသနေ။ (စိလတိ ဝသတိ စောနာတိ စောဠောဟု ဝိဂ္ဂဟကြံ) ယော။ ဠသောတ္တံ၊ (ဠကိုဥပြု။) စု စဝနေ ဝါ၊ ဠော။ စောဠော။ (သုစိ။)

**အသုစိ**။ ။န သုစိ အသုစိ။

† သုစ သောစေ၊ ဣ။ သုစိ။ သုစိသာ ပဋိပက္ခော အသုစိ။ တွေ့ အကာရော ဝိရုဒ္ဓေ။ (သုစိ။)

**နာဘိ**။ ။နဘတိ ဟိံသတီတိ နာဘိ။ နဘဓာတ်+ဣဏ်ပစ္စည်း။ (မောဂ်၊ ၇။ ၁၀။)

**သာဒိယန္တိယော**။ ။သာဒေန္တိ အဿာဒေန္တီတိ သာဒိယန္တိယော။ သဒ-ဓာတ်+ယ-ပစ္စည်း+အန္တပစ္စည်း+နဒါဒိ ဤပစ္စည်း။

---

## ❁ အာဒ်ဘာဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ သာ စ-ဖြင့် (ပါဠိတော်၌ သာ-ဟုရှိသည်ကို သာစ ဟုဖွင့်သဖြင့်) ရှင်သုဒိန်ကလည်း မေထုန်အမှုကိုသုံးကြိမ်ဖြစ်စေ၏၊ (ယင်းသုံးကြိမ်ဖြစ်စေခြင်းကား အကျိုးမဲ့မဟုတ်၊ မအောင်မမြင်မဟုတ်။ (မယားဟောင်းကလည်း ရှင်သုဒိန်ကျူးလွန်မှုကြောင့် ကိုယ်ဝန်ယူပြီ။ (သော စ အဘိဝိညာပေသိ၊ သာ စ ဂဏှိ) ဟူသောသမုစ္စည်း အဓိပ္ပာယ်ကို သိစေသည်။ (ဘာဝတ္ထသံဝဏ္ဏနာတည်း။ နိပါတလိင်္ဂတ္ထဟု မမှတ်လင့်။)

က-ဝါကျ၌ တေနေဝ-ဖြင့် ပါဠိတော် တေနပုဒ်ဝယ် ဝေသဒ္ဒါ မရှိဘဲ တေနေဝဟု ဝေဖြည့်စွက်ဖွင့်သဖြင့် သဗ္ဗဝါကျ၊ သာဝဓာရဏ-ဟူရကား ပုဒ်ခပ်သိမ်းသည် ဝေဖလရှိသောကြောင့် ဝေသဒ္ဒါနှင့် ကင်း၍လည်း ဝေအနက်

http://www.dhammadownload.com

ကို သိသင့်သည်ဟု သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ။ နိယါတလိင်္ဂတ္ထဟု မမှတ်လင့်။)

† သဗ္ဗေသမ္ပိ ပဒါနံ အဝခါရကဏဖလတ္တာ ဝိနာပိ ဝေကာရံ အဝခါ ရဏတ္ထော ဝိညာယတီတိ အာဟ "တေနေဝ အဇ္ဈာစာရေနာ"တိ။ (သာရတ္ထ၊ ၂။ ၁၂။)

က-ဝ ကြံ၍ အဇ္ဈာစာရေန-ဖြင့် တေန၌ တ-သဒ္ဒါကား အဇ္ဈာစာရ(ကျူး လွန်မှု) ကို စွဲသတည်းဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ။).

---

## ❁ နည်းနှင့် ဥပစာ

**စောဠဂ္ဂဂဟဏာနံ**။ ။ဌာနဖြစ်သော ပုဆိုး၏ စောဠအမည်ကို ဌာနီဖြစ် သော သုက်၌ တင်စား၍ ဌာနီဖြစ်သောသုက်ကို စောဠဟုဆိုသောကြောင့် ဌာနူပစာ။ နာနန္တရိကနည်း။

**မှတ်ချက်**။ ။စောဠဂ္ဂဟဏနှင့် အဲသုစိပါန အတူပင်ဖြစ်သော်လည်း အတ္ထုပ္ပတ္တိသို့လိုက်၍ နှစ်မျိုးဆိုသည်ဟုကြံ။ (နေ့ာမတိ။)

**သာမတ္တာပသဒ္ဒါရကံ**။ ။သာမတ္တာပသော စ သော ဒါရကော စာတိ သာမတ္တာပသဒ္ဒါရကော (တံ)။ ယင်းအလို သာမတ္တာပသဒ္ဒါရကံ၊ သုဝဏ္ဏသာမ ရသေ့ဟူသောသူငယ်ကိုဟု အနက်ပေး။ ဤအလို အောက်ပါအတိုင်း နည်းတင် ရမည်။

ထိုဌ်ထင်သောအားဖြင့် ဤဌ်ခေါ်ဝေါ်အပ်သောနည်းသည် ရုဠှီနည်း မည်၏။ ကား-သာမတ္တာပသဒ္ဒါရကံတည်း။ ဤသာမတ္တာပသဒ္ဒါရကံဟူသော နည်းသည် သုဝဏ္ဏသာမဟူသော ထိုဌ်ထင်သောအားဖြင့် သုဝဏ္ဏသာမလောင်း လျာ သူငယ်ဟူသော ဤဌ်ခေါ်ဝေါ်အပ်သောကြောင့် ရုဠှီနည်း။

### နည်းမရသောဝိဂ္ဂဟ

သာမတ္တာပဿေတိ ဥပ္ပဇ္ဇနကော ဒါရကော သာမတ္တာပသဒ္ဒါရကော(တံ)။ သာမတ္တာပသောတိ၊ သာမရသေ့ (သုဝဏ္ဏသာမရသေ့) ဟူ၍။ ဥပ္ပဇ္ဇနကော၊ ဖြစ်လတ္တံ့သော။ ဒါရကော၊ သူငယ်တည်း။ သာမတ္တာပသဒ္ဒါရကော၊ ငယ်။ ဤအလိုသာမတ္တာပသဒ္ဒါရကံ၊ သုဝဏ္ဏသာမဖြစ်လတ္တံ့သောသူငယ်ကို ဟု အနက် ပေး။ နည်းကြံဖွယ်မလိုတော့။

**သာမတ္တာပသော**။ ။သုဝဏ္ဏသာမတာပသဟူလိုလျက် ဒတ္တောကဲ့သို့ ကေ ဒေသဝေါဟာရနည်းဖြင့် သာမတာပသဟုဆိုသည်။

---

http://www.dhammadownload.com



## ပါဌ်ဝိနိစ္ဆယ

**ဗလာကာသု။ ဗကာသုံ။** ။ဗလာကာ ဝိသကတ္တိကာ(ခန်)ကိုထောက်၍ ဗလာကသဒ္ဒါ ဗျိုင်းအောက် ဗျိုင်းနှမ်းကိုဟော၏။ ဗကော တု သုက္ကကာကောထ(ခန်)ကို ထောက်၍ ဗကသဒ္ဒါကား ဗျိုင်းဖြူအနက်ကိုဟော၏။ ပုရိသော နာမ နတ္ထိ(အဖိုမရှိ)ဟူသောစကားကို ထောက်၍ မည်သည့်ဗျိုင်းမျိုး၌ အမသာရှိ၍အဖိုမရှိသည်ကို စိစစ်ရမည်၊ ဗျိုင်းနှစ်မျိုးလုံး၌ အဖိုမရှိ အမသာရလျှင် ဗလကာသု ဗကာသုနှစ်ပါဌ်မှန်ဟု ဆုံးဖြတ်ရမည်။ ဗျိုင်းဖြူမျိုးမှာ အဖိုမရှိလျှင် ဗကာသုပါဌ်မှန်၍ ဗလာကာသုပါဌ်မှား။ ဗျိုင်းအောက်ဗျိုင်းနှမ်းမျိုးမှာ အဖိုမရှိလျှင် ဗလာကာသုပါဌ်မှန်၍ ဗကာသုပါဌ်မှားဟု ဆုံးဖြတ်ရမည်။

> ယထာ ဗလာကာ ယောနိမှိ၊ န ဝိဇ္ဇတိ ပုမေ သဒါ။
> မေဃေသု ဂဇ္ဇမာနေသု၊ ဂဗ္ဘံ ဂဏှန္တိ တာ သဒါ။ (ဥပါလိထေရာပဒါန်ပါဠိ။)

ဤပါဠိတော်တို့ထောက်လျှင် ဗျိုင်းအောက် ဗျိုင်းနှမ်း၌ အဖိုအထီးမရှိ၊ အမသာရှိသည်ဟု သိရ၏။ သို့ဖြစ်၍ ပုရိသော နာမ နတ္ထိဟူသော-ဝိ၊ ဋ္ဌ၊ ၁-စကားသည်-န ဝိဇ္ဇတိဟူသော ပါဠိတော်စကားနှင့် ထပ်တူထပ်မျှဖြစ်၍ ဗလာကာသုဟူသော ဝိ၊ ဋ္ဌ၊ ၁-စကားသည် ဗလာကာယောနိမှိဟူသော ပါဠိတော်စကားနှင့် ထပ်တူထပ်မျှ ဖြစ်သောကြောင့် "ဗလာကာသု" ရှိသောပါဌ်သာ သင့်သည်။

**မှတ်ချက်။** ။ဗလာကာ ယောနိမှိ၊ န ဝိဇ္ဇတိ ပုမေ သဒါ--ဟူသော ဥပါလိထေရာပဒါန်ပါဠိတော်ကို ထောက်၍ "ဗလာကာသု" ပါဌ်သာသင့်သည်ဟု စာဖြေရာ၌ အတိုချုံးဖြေလေ။

---

## နည်းနှင့်ဥပစာ

**မာတာပိတရော စ သန္နိပတိတာ။** ။အကြောင်းဖြစ်သော မိဘနှစ်ပါး ပေါင်းဆုံမိခြင်း၏ မာတာပိတရော စ သန္နိပတိတာ အမည်ကို အကျိုးဖြစ် (ပေါင်းဆုံမိခြင်းကြောင့်ဖြစ်)သော သုက်၌တင်စား၍ အကျိုးဖြစ်သော သုက်ကို "မာတာပိတရော စ သန္နိပတိတာ" ဟု ဆိုသောကြောင့် ဖလူပစာ။ အဝိနာဘာဝနည်း။

† သုက္ကံ သန္ဓာယ "မာတာပိတရော စ သန္နိပတိတာ ဟောန္တိ" တိ။ (သာရတ္ထ၊ ၂။ ၈၃။ ဝိမတိ၊ ၁။ ၁၀၂။)

http://www.dhammadownload.com



ဂန္ဓဗ္ဗော။ ။အတူဖြစ်သော ကချေသည်၏ ဂန္ဓဗ္ဗအမည်ကို အတူရှိသော အမိဝမ်း၌ကိန်းလတ္တံ့သော သတ္တဝါ၌ တင်စား၍ အတူရှိသော အမိဝမ်း၌ ကိန်းလတ္တံ့သော သတ္တဝါကို ဂန္ဓဗ္ဗဟု ဆိုသောကြောင့် သဒိသူပစာ။

† အထ ဝါ ဂန္ဓဗ္ဗာ နာမ ရင်္ဂန္ဋာ။ တေ ဝိယ တတြ တတြ ဘဝေသု နာနာဝေသဂ္ဂဟဏတော အယမ္ပိ ဂန္ဓဗ္ဗောတိ ဝုတ္တော။ (ဝိမတိ၊ ၁။ ၁၀၂။)

**မာတာ စ ဥတုနီ**။ ။အနီးရှိသော ဥတုလာခြင်း၏ ဥတုနီအမည်ကို အနီးဖြစ်သော ဥတုလာ၍ စဲခြင်း၌တင်စား၍ အနီးဖြစ်သော ဥတုလာ၍ စဲခြင်းကို ဥတုနီဟု ဆိုသောကြောင့် သမီပူပစာသဒ္ဒါ။

† မာတာ စ ဥတုနီ ဟောတီတိ ဣဒံ ဥတုသမယံ သန္ဓာယ ဝုတ္တံ၊ န လောကသမညာကရဇဿ လဂ္ဂနဒိဝသမတ္တံ။(သာရတ္ထ၊ ၂။ ၁၃။)

---

### ဂန္ဓဗ္ဗောပုဒ်မှတ်ဖွယ်

**ဂန္ဓဗ္ဗော**။ ။ဂန္တဗ္ဗောဟူလိုလျက် တ-ကို ဓ-ပြုခြင်း ဝဏ္ဏဝိကာရနည်းဖြင့် ဂန္ဓဗ္ဗောဟု ပြီးသည်။(သာရတ္ထ၊ ၂။ ၁၄။)

**ဝစနတ္ထ**။ ။အဝဿံ ဂမိဿတီတိ ဂန္ဓဗ္ဗော။ ယော သတ္တော၊ သည်။ တတြ၊ ထို အမိဝမ်းသို့။ အဝဿံ၊ မချွတ်။ ဂမိဿတိ၊ ရောက်လတ္တံ့။ ဣတိ၊ ထို့ကြောင့်။ ဝသော။

ဂမုဓာတ်အရကား ပုရိမဘဝ၌တည်၍ ဂတိနိမိတ်စသည်ကို အာရုံပြုသော အနာဂတ်ဘဝပဋိသန္ဓေသို့ ရှေးရှုနေသော အမိဝမ်း၌ဖြစ်လတ္တံ့သော သတ္တဝါ၏ဥပါဒ်သည့် မုချ။(ကမ္မယန္တြတော်ပန-လ-အဓိပ္ပာယော။ (သာရတ္ထ၊၂။၁၄။) အဖွင့်ရှု၍ ကောက်သည်။) ရှေးရှေး၌ဖြစ်သော စိတ္တုပ္ပါဒ်သည် ဖလူပစာ။ နောက်နောက်၌ဖြစ်သော ပစ္ဆိမဘဝိကပဋိသန္ဓေ စသည်သည် ကာရဏူပစာ။ တဗ္ဗပစ္စည်းအရကား ထို-ဖြင့်မှတ်အပ်သော ဥပါဒဝန္တဖြစ်သော အမိဝမ်း၌ ဖြစ်လတ္တံ့ဖြစ်သော သတ္တဝါဒြပ် ရ၏။

**အနက်ယောဇနာ**။ ။ဂန္ဓဗ္ဗော၊ အမိဝမ်းသို့ မချွတ်ကပ်ရောက်လတ္တံ့သော သတ္တဝါ။

**တနည်း—ဂန္ဓ**။ ။နိမိတ္တုပဋ္ဌာနေန ဥပ္ပဇ္ဇနကဂတိံ ဂန္ဓေတိ သူစေတိ ဒီပေတီတိ ဂန္ဓော။ ယံ ဘဝဂါမိကမ္မံ၊ အကြင် ဘဝသို့ရောက်စေတတ်သော ကံသည်။ နိမိတ္တုပဋ္ဌာနေန၊ နိမိတ်၏ထင်ခြင်းဖြင့်။ ဥပ္ပဇ္ဇနကဂတိံ၊ ဖြစ်လတ္တံ့သော ဘဝကို။ ဂန္ဓေတိ သူစေတိ ဒီပေတိ၊ ပြတတ်၏။ ဣတိ တံ ဂန္ဓော၊ (ဂန္ဓဓာတ်+အ-ပစ္စည်း။)

http://www.dhammadownload.com



ဂန္ဓခေတ်အရကား နိမိတ်၏ ထင်ခြင်းဖြင့် ဖြစ်လတ္တံ့သော ဂတိကိုပြတတ်သော ဘဝင်္ဂမိုက်၏။ ဝါ-နာနက္ခဏိက စေတနာ၏ သတ္တိ လက္ခဏသဘာဝ ရှ၏။ အာ-ပစ္စည်း အရကား သတ္တိမတ္တ လက္ခဏဝန္တ သဘာဝဝန္တဖြစ်သော ဘဝင်္ဂမိုက်၊ ဝါ-နာနက္ခဏိက စေတနာ ရှ၏။

အဗ္ဘ။ ။အဗ္ဘတိ ပဝတ္တတီတိ အဗ္ဘော။ ဖြစ်သောသတ္တဝါရှ၏။

ဂန္ဓဗ္ဗော။ ။ဂန္ဓေန အဗ္ဘော ဂန္ဓဗ္ဗော။ ဂန္ဓေန၊ နိမိတ်၏ ထင်ခြင်းဖြင့် ဖြစ်လတ္တံ့သော ဂတိကိုပြတတ်သော ဂန္ဓဟုရအပ်သော အမည်ရှိသော ဘဝင်္ဂမိုက်ကြောင့်။ အဗ္ဘော၊ ဖြစ်သောသတ္တဝါတည်း၊ ဂန္ဓဗ္ဗော—သတ္တဝါ။ (တတိယာတပ္ပုရိသ်။ ဂန္ဓ+အဗ္ဘ။)

ဂန္ဓ အရကား နိမိတ်၏ ထင်ခြင်း-လ-ဘဝင်္ဂမိုက်သည် မုချ။ ယင်း၏ သတ္တဝါနှင့် နာနက္ခဏိက အကြောင်း အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဌာန။ ဂန္ဓဗ္ဗ-ပုဒ်လုံးအရကား ထို-ဖြင့် မှတ်အပ်သော နိမိတ်၏ထင်ခြင်း-လ-ကြောင့်ဖြစ်သော သတ္တဝါရှ၏။

အနက်ယောဇနာ။ ။ဂန္ဓဗ္ဗော၊ နိမိတ်၏ ထင်ခြင်း—လ—ကြောင့် ဖြစ်သော သတ္တဝါသည်။

---

## ❁ ပါဠိဝိနိစ္ဆယ

ဂဗ္ဘာဝက္ကန္တိ။ ဂဗ္ဘဿဝေါက္ကန္တိ။ ။ဂဗ္ဘာဝက္ကန္တိ ဟုရှိက ဂဗ္ဘာ+အဝက္ကန္တိဟု ပဒစ္ဆေဒပြု၊ အဝက္ကန္တိသဒ္ဒါကား-အဝပုဗ္ဗ+ကမုဓာတ်+တိပစ္စည်း။ ပက္ကမန္တောကဲ့သို့ ပက္ကမာဒီဟိ န္တောစ သုတ်ဖြင့်စီရင်၍ အဝက္ကန္တိဟုပြီးသည်။ (သဒ္ဒယုတ္တိ။) ယင်းအဝက္ကန္တိ သဒ္ဒါသည် သက်ဝင်ခြင်း သက်ရောက်ခြင်း၊ ဝါ-ပဋိသန္ဓေနေခြင်းကို ဟောသည်။ (အတ္ထယုတ္တိ။) ထို့ကြောင့် ဂဗ္ဘာနှင့် အဝက္ကန္တိသန္ဓိစပ်၍ ဂဗ္ဘာဝက္ကန္တိရှိသောပါဠိ သင့်သည်။

ဂဗ္ဘဿဝေါက္ကန္တိဟုရှိလျှင် ဝိပုဗ္ဗ+အဝပုဗ္ဗ+ကမုဓာတ်+တိပစ္စည်း။ ပက္ကမာဒီဟိ န္တောစ သုတ်ဖြင့်ပင် စီရင်၍ ဝေါက္ကန္တိဟုပြီးသည်၊ (သဒ္ဒယုတ္တိ။) ဝေါက္ကန္တိ သဒ္ဒါသည်လည်း ပဋိသန္ဓေ နေခြင်းအနက်ကို ဟောနိုင်သည်။ (အတ္ထယုတ္တိ။) ရတနာသုတ်နိဒါန်း၌ ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိ ဟု လာသည်။ (အာဂမယုတ္တိ။) သို့ဖြစ်၍ ဂဗ္ဘဿ ဝေါက္ကန္တိ ဟု သန္ဓိမစပ်ဘဲရှိသော ပါဠိလည်းသင့်သည်။

http://www.dhammadownload.com


### နေတ္တိမှတ်ဖွယ်

ဂန္ထဗ္ဗော ၌ ဂန္ထအာရ တရားကိုယူ၍ ပဒဋ္ဌာနသာဟာရနေတ္တိထုတ်ပါဟု မေးလျှင် "ဂန္ဓောတိ လဒ္ဓနာမေန ဘဂဂါမိကမ္မုနာ" ဋီကာကိုရှု၍ မေးသည်ဟုမှတ်။

(က) ဘုမ္မာဒေဝါ သဒ္ဒမနုဿာဝေသုန္တိ-လ-ပကုဗ္ဗတော။ (ခ) သဗ္ဗပဠမံ ဟိဿ-လ-ပရစိတ္တဒူနိယော ဒေဝတာ။ (ဂ) တဿာဿ တံ ပါပံ-လ-အနုဿာဝေသုံ။ (ဃ) ယထာ အညေပိ-လ-နိစ္ဆာရေသုံ။ (၁၃၄၂-ခု အစိုးရမေးပြီး။)

### ❁ အနက်ယောဇနာ

ဘုမ္မာ၊ မြေ၌မှီကုန်သော (ဘုမ္မစိုးဖြစ်ကုန်သော) ဒေဝါ၊ (သူတပါးတို့၏စိတ်ကို သိလေ့ရှိကုန်သော အလုံးစုံသော စောအုပ်ကိုမှီကုန်သော) နတ်တို့သည်။ အဿ၊ ထိုသုဒိန်။ တံ အဇ္ဈာစာရံ၊ ထိုလွန်ကျူး၍ ကျင့်ခြင်းကို။ ဒိသွာ၊ မြင်ကြကုန်၍။ သဒ္ဒံ၊ အသံကို။ အနုဿာဝေသုံ၊ အဆင့်အားဖြင့်ကြားစေကုန်ပြီ။ (သဒ္ဒတ္ထ။) တခြားနတ်များကြားလောက်အောင် ပြောဆိုကြကုန်ပြီ။ (အဋ္ဌကထာ၊ အဓိပ္ပါယတ္ထ။) မကြားမချင်း အသံကိုကြီးစွာဖန်ဆင်း၍ ကြွေးကြော်ကြကုန်ပြီ။ (သာရတ္ထ။)

မှတ်ချက်။ ။အာဘော်အဖြေနှင့် ယှဉ်ကြည့်ပါ။

### ❁ ဝါကျခွဲနှင့် ကျမ်းတက်

က-ဝါကျကား ကာရကဝါကျ။ အနိယမ (အနိယတ်) ဝါကျ။ ဂ-ဝါကျကား ဖလဝါကျ၊ နိယမ (နိယတ်) ဝါကျ။

ခ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ဝါ-ကာရကဝါကျ။ ထို-၍ က-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။ ဝါ-ဖလဝါကျ။

ဃ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ဂ-ဝါကျကား သခေံပဝါကျ။ တနည်း-ဃ-ဝါကျကား ဥပါကျာရမ္ဘ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓ။ ဃ-ဝါကျ၌ ယထာ-လ-သုဏန္တိ။ အနိယမ။ တထာ နိစ္ဆာရေသုံ။ နိယမ။

### က-ဝါကျသံဝဏ္ဏနာရှု၍ ကျမ်းတက်

ဆရာ၊ ဥပါလိထေရ်သည် ဘုမ္မာဒေဝါ သဒ္ဒမနုဿာဝေသုံ=ဘုမ္မစိုး နတ်တို့သည် အသံကို အဆင့်ကြားစေကုန်ပြီ-ဟု ဆော်ဟောက်၏။ ရှင်သုဒိန်သည် မေထုန်အမှုကိုမဟာဝုန်တောအုပ်ဟူသော ဆိတ်ကွယ်ရာ၌ပြုသည် မဟုတ်လော။

http://www.dhammadownload.com

ထိုသို့ပြုပါလျက် အဘယ်ကြောင့် ဘုမ္မစိုးနတ်တို့သည် အသံကိုအဆင့် ကြားစေပါကုန်သနည်း–ကြောင့် က–ဝါကျကိုမိန့်။

ကား–က–ဝါကျဖြင့် လောက၌ မကောင်းမှုကို ပြုသောသူအား ဆိတ်ကွယ်ရာအရပ်မည်သည် မရှိသောကြောင့် (သူတပါး၏စိတ်ကို သိကုန်သော အလုံးစုံသော တောအုပ်၌ မှီကုန်သော) ဘုမ္မစိုးနတ်တို့သည် (ထိုရှင်သုဒိန်၏ ထိုလွန်ကျူးမှုကို မြင်ကုန်၍) အသံကို အဆင့်ကြားစေကုန်ပြီဟု ငါပြဆို၏ ဟူလို။

**မှတ်ချက်။** ။(က) ဝါကျ၌ ယသ္မာ နတ္ထိကို (ဂ) ဝါကျ၌ တသ္မာသို့ စပ်၍ အဓိပ္ပာယ်ယူရမည်။ က–ဝါကျသက်သက် အဓိပ္ပာယ်ပြန်လိုလျှင် လက်သည်းကွင်း စကားရပ်များကို ချန်လှပ်ထားပါ။

**ရှင်းလင်းချက်။** ။ယသ္မာ နတ္ထိ–လ–ပကုဗ္ဗတော တသ္မာ–လ–အဇ္ဈာစာရံ ဝိသွာ အနုဿာဝေသုံဟု ဝါကျချင်းစပ်၍ အဓိပ္ပာယ်ယူရမည်။ ယင်းက-ဝါကျ စကားကို အကြောင်းပြခိုင်မြဲစေလိုသောကြောင့် ခ-ဝါကျတတ်လာသည်။ သို့ဖြစ်၍ ခ–ဝါကျကို....

၁။ ကသ္မာ နတ္ထိ လောကေ ရဟောနာမ ပါပကမ္မံ ပကုဗ္ဗတော။

၂။ ဟိယသ္မာ သဗ္ဗပဉ္စမံ အဿတံပါပံ–လ–ပရစိတ္တဝိဒူနိယော ဒေဝတာ။

၃။ တသ္မာ နတ္ထိ လောကေ ရဟောနာမ ပါပကမ္မံ ပကုဗ္ဗတော–ဤအရင်း အဖျားအကြောင်းအကျိုး အပြန်အလှန်ယောဇနာ။ သို့သွားပြီးမှ ဂ–ဝါကျ၌ တသ္မာကို တသ္မာ နတ္ထိတာယ–လ–အနုဿာဝေသုံ–ဟု ယောဇနာလေ။ သို့ယောဇနာလျှင် က–ခ–ဂ–ဝါကျတို့ အချင်းချင်း ဆက်သွယ်ပုံကို သိရပေမည်။

## ဃ–ဝါကျကျမ်းတွက်

ဂ–ဝါကျဖြင့် သူတပါးစိတ်ကိုသိကုန်သော–လ–အသံကို အဆင့်ကြားစေကုန်၏သော–ဟု ဆို၏။ (ဂ–ဝါကျ ဘာသာပြန်၍ ထပနာထား။) အသံကို ကြားစေ၏ဟူသည် သွား၍ပင်ပြောသလော။ ဒေသဝေးကွာသည်နှင့် မတန်–စုဒ်ကြောင့် ဃ–ဝါကျမိန့်။ (ပါရာ၊ ဂံ၊ သစ်၊ ၂။ ၄၃၁။)

## ဃ ဝါကျအနက်ယောဇနာ

ယထာ၊ အကြင်သို့သော အခြင်းအားဖြင့်။ သဒ္ဒေ၊ အသံကို။ နိစ္ဆာရိယမာနေ၊ မြွက်အပ်သည်ရှိသော်။ (တနည်း) ယထာ၊ အားဖြင့်။ ဘုမ္မေသု၊ ကုန်သော။ ဒေဝေသု၊ တို့သည်။ သဒ္ဒံ၊ ကို။ နိစ္ဆာရေန္တေသု၊ ကုန်သည်

http://www.dhammadownload.com

ရှိသော်။ အညေ၊ ကုန်သော။ ဒေ ပိ၊ တို့သည်လည်း။ သုဏန္တိ၊ ကုန်၏။ တထာ၊ အားဖြင့်။ နိစ္ဆာရေသုံ။ ကုန်ပြီ။ (မအူသျှ။ ၅၅။)

* ယထာတထာ၊ ဥပမာမဟုတ်၊ ယင်းသို့ထုတ်မှု တထာစပ်ရာ၊ ကြိယာသည်၊ မှန်စွာလက္ခဏာဖြစ်မြဲတည်း။ (ဘုရားကြီး။)

စာစပ်ပုံ

ဂ–ဝါကျ၌ အသာပုဒ်ကို တံ အဇ္ဈာစာရံ၌ သမ္ဗန် သမ္ဗန္ဓီစပ်။

မှတ်ချက်။ ။အသာနှင့် တံ အဇ္ဈာစာရံပုဒ်တို့ ဝေးကွာနေသဖြင့် အသာကို တံ အဇ္ဈာစာရံမှာ စပ်ရမည်ကို သိစေလိုသဖြင့် သာရတ္ထ၊ ၂၊ ၁၄–၌။ အသာ တံ အဇ္ဈာစာရန္တိ သမ္ဗန္ဓော–ဟု သမ္ဗန္ဓော သဒ္ဒါဖြင့်ဖွင့်သည်။

* ပါဌ်သေသ၊ ဒူရတထွေ၊ ဝိသေဝိသေသ်၊ ရှေ့ဖြစ်နောက်ပြန်၊ ဤသုံးတန်ကြောင့်၊ သမ္ဗန္ဓောကို သဘောကျမ်း၌ ထားမြဲ။ (ဘုရားကြီး။)

---

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**အာရက္ခ။** ။အာရက္ခဏံ အာရက္ခော။ စောင့်ရှောက် ကြိယာ။ အာ ပုဗ္ဗ+ရက္ခ+အပစ္စည်း။

**ဒေဝတာ။** ။ဒိဗ္ဗန္တိ ပဉ္စကာမဂုဏေဟိ ကီဠန္တီတိ ဒေဝါ။ (သူစိ) ဒေဝါ ဧဝ ဒေဝတာ။

**အာရက္ခဒေဝတာ။** ။အာရက္ခာယ ဌိတာ ဒေဝတာ အာရက္ခဒေဝတာ။ အာရက္ခာယ။ (ထိုသူအား) စောင့်ရှောက်ခြင်းငှာ။ ဌိတာ၊ တည်ကုန်သော။ ဒေဝတာ၊ နတ်တို့တည်း။ အာရက္ခဒေဝတာ၊ –နတ်တို့။ အာရက္ခာပုဒ်+ဒေဝ တာပုဒ်။ မဇ္ဈေလောပီ စတုတ္ထီတပ္ပုရိသ်သမာသ်။

အာရက္ခ–အရကား ထိုသူအားစောင့်ရှောက်ခြင်း ကြိယာသည် မုချ။ ယင်း၏ တည်သောနတ်နှင့် ဌာနီဌာန စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ အာရက္ခ–ဒေဝတာ–အရကား ထိုသူအား စောင့်ရှောက်ခြင်းငှာ တည်ကုန်သော နတ်တို့ ရ၏။

† အာရက္ခဒေဝတာတိ အာရက္ခတ္ထာယ ဌိတာ ဒေဝတာ။ သာရတ္ထ၊ ၂၊ ၁၄။

**ဘုမ္မာ။** ။ဘူမိယံ ဌိတာ ဘုမ္မာ။ ဘူမိပုဒ်+ဏ ပစ္စည်း။ ပါ+ဖြေ၊ ပထမ။ ၁၀၇–ကြည့်။

http://www.dhammadownload.com


ပရစိတ္တဝိဒူ။　။ပရေသံ စိတ္တံ ပရစိတ္တံ။ ပရစိတ္တံ ဝိဒန္တိ ဇာနန္တိ ဧတေ နာတိ ပရစိတ္တဝိဒူ။

ဝနသဏ္ဍော။　။သဏ္ဍ ဒါနေ။ ဓာတ်။ သမူဉပသမေဝါ သမန် သဏ္ဍုံ။ သူစိ။ ပုလ္လိင် နပုလ္လိင်။ ဝနဿ သဏ္ဍော ဝနသဏ္ဍော ဟုတ္တဲ့။ ဝနဿ၊ တော၏။ သဏ္ဍော၊ အပေါင်းအစု (အုပ်) တည်း။ ဝနသဏ္ဍော၊ တော၏အပေါင်းအစု (တောအုပ်)။

† ပဒုမာဒီသမ္ဗူဟေတု၊ ဘဝေ သဏ္ဍ မဂ်နိတ္တိယံ။ ဓာန်။ ၆၇၇။

---

## ဓာတုပစ္စယာဒိဝိဘာဂ

ရဟော။　။ပရမ္ပုခဝါစီ နိပါတ်ပုဒ်။ သတ္တမီအနက်။

† ပရမ္ပုခါ တုစ ရဟော၊ ဓာန်။ ၁၁၅၈။ သတ္တမျတ္တေ နိပါတော။ သူစိ။

ပကုဗ္ဗတော။　။ပကုဗ္ဗန္တ+သ (စတုတ္ထီ)။ ဂစ္ဆန္တာဒိဂိုဏ်း၊ ပုလ္လိင်။

အတ္တနာ။　။လိင်အနက်၌ တတိယာဝိဘတ်။ (ရူ) သယံသဒ္ဒါနှင့် အနက်တူ၊ တတိယာအနက်၌ တတိယာဝိဘတ်။ တနည်း ဝိဘတျန္တ ပဋိရူပကနိပါတ်။ (နီတိ။)

† ပစ္စတ္တေ အတ္တနာဝ အတ္တာနံ သမ္ဘုနတိ၊ ရူ။ နှာ။ ၁၄၀။

† တတိယတ္တေ တတိယန္တဝစနတ္တော-လ-ဝိဘတျန္တ ပဋိရူပကော အဗျယသဒ္ဒေါ။ နီတိ၊ သုတ္တ။ ၅၆၇။

အညာ။　။ပဌမာယော ဝိဘတ်။

အဿ။　။ဆဋ္ဌီဝိဘတ်၊ ပရစိတ္တဝိဒူ၊ ပထမာယော ဝိဘတ်။

အညေ။　။ပဌမာယော ဝိဘတ်။

ဒိသွာ။　။ဒိသဓာတ်၊ ပေက္ခဏအနက်။ ရူ။ ၆၄၄။ တွာပစ္စည်း။ကတ္တုတ္ထ။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

ဂ-ဝါကျ၌ ပရစိတ္တဝိဒူသကလဝနသဏ္ဍနိဿိတာ-ဖြင့် ဘုမ္မာဒေဝါအရ သူတပါးတို့၏စိတ်ကို သိကုန်သော အလုံးစုံသော တောအုပ်ကို မှီကုန်သော ဘုမ္မစိုးနတ်တို့ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဂ-ဝါကျ၌ အဿ တံ အဇ္ဈာစာရံ ဒိသွာဖြင့် ပါဠိတော်၌ ယင်းပုဒ်များ ဖြည့်စွက်၍ အနက်ယောဇနာရမည်ဟု သိစေသည်။ (သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။)

ဂ-ဝါကျ၌ သဒ္ဒံ အနုဿာဝေသုံ-ဖြင့် သဒ္ဒမနုဿာဝေသုံကို သဒ္ဒံ အနုဿာဝေသုံဟု ပဒစ္ဆေဒပြုရမည်ဟု သိစေသည်။ (သန္ဓိလိင်ပဒ။)

http://www.dhammadownload.com


ဿ-၈ါကျဖြင့် အသံကိုအဆင့်ကြားစေ၏ ဟူသည် သွား၍ ပြောသည် မဟုတ်၊ အခြားနတ်များမကြားကြားအောင် ကြီးစွာသော အသံဖန်ဆင်း၍ ပြောသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ။ဿ-၀ါကျ ကျမ်းတက်အာဘော်ကို ပြန်ကြည့်။

† တထာနိစ္ဆာရေသု တ္တိ တထာ မဟန္တံ သဒ္ဒံ ကတွာ နိစ္ဆာရေသုံ။ သာရတ္ထ၊ ၂။ ၁၄။

---

## ပါဌ်ဝိနိစ္ဆယ

**ပကုဗ္ဗတော၊ ပကြုဗ္ဗတော။** ။ဗပုဗ္ဗ+ကရဓာတ်+ဩပစ္စည်း+အန္တပစ္စည်း+ သ-ဝိဘတ်။ ကုကြုတောဿ ဝတ္တံ သဗ္ဗတ္ထ-ဟူသော နီတိသုတ်(၁၀၂၇) ဖြင့် ကရဓာတ်ကို ကု၊ ဝါ-ကြုပြု၊ ဩပစ္စည်းကိုဝပြု။ ဝ-ဒွေဘော်လာ။ ဝ၂-လုံးကို ဗွလုံးပြု၍ ပကု(ကြု)ဗ္ဗန္တပြီးသည်။ တော့တိတာသုတ်ဖြင့် စီရင်၍ ပကုဗ္ဗတော၊ ပကြုဗ္ဗတော ပြီးသောကြောင့် ၂-ပါဌ်လုံး သင့်သည်။

**ပဌမံ။ ပထမံ။** ။ပါ၊ ဖြေ။ ပထမအုပ်။ ၄၅-၌ ဖြေခဲ့ပြီ။

---

## နည်းနှင့် ဥပစာ

**ဒေဝါသုဏန္တိ။** ။ဆိုခဲ့ပြီးသည်မှလည်းကောင်း၊ ဆိုလတ္တံ့သည်မှလည်းကောင်း အကြွင်းကိုသာ ယူရသောနည်းသည် ပါရိသေသနည်း မည်၏။ ပြယုဂ်ကား၊ ဒေဝါဟူသည်တည်း။ ဤဒေဝါဟူသောနည်းသည် ဆိုခဲ့ပြီးသော ဘုမ္မစိုးနတ်မှ ကြွင်းနတ်တို့ကိုယူရသောကြောင့် ပါရိသေသနည်း။

အပေါင်းဖြစ်သော နတ်အားလုံး၏ ဒေဝါဟူသောအမည်ကို အစိတ်ဖြစ်သော ဘုမ္မစိုးနတ်မှကြွင်းသော နတ်တို့၌တင်စား၍ အစိတ်ဖြစ်သော ဘုမ္မစိုးနတ်မှကြွင်းသော နတ်တို့ကို ဒေဝါဟု ဆိုသောကြောင့် ကေဒေသျူပစာ။ ဝါ-သမုဒါယူပစာ။

**အဇ္ဈာစာရံဒိသွာ။** ။အကြောင်းဖြစ်သောတဏှာ၏ အဇ္ဈာစာရအမည်ကို အကျိုးဖြစ်သော မေထုန်မှီဝဲခြင်း(လွန်ကျူးခြင်း)၌ တင်စား၍ အကျိုးဖြစ်သော မေထုန်မှီဝဲခြင်းကို အဇ္ဈာစာရ ဟု ဆိုသောကြောင့် ကာရဏူပစာ။ နာနန္တရိကနည်း။

မှတ်ချက်။ ။သုဒိန်၏ လွန်ကျူးခြင်း (အဇ္ဈာစာရ) အရကား တဏှာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်တည်း။ ယင်းကြောင့် အကျိုးမေထုန်အမှု ပေါ်လာ

ဇိဿွာအရ မြင်၏ဟုဆိုရာ အကြောင်းတရားကို မမြင်ရ၊ အကျိုးမေထုန်မှုကိုသာမြင်နိုင်သည်။ ဇိဿွာဟူသော သဒ္ဒန္တရိက်ကိုထောက်၍ အဇ္ဈာစာရ ပုဒ်ကို ကာရဏူပစာကြံရသည်။

## ❁ နေတ္တိ

အဇ္ဈာစာရ အရ တရား ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် သာယာအပ်သော ကြောင့် အဿာဒမည်၏။ ထိုကိုသာယာတတ်သောတရားသည်လည်း အဿာဒ မည်၏။ သာယာအပ် သာယာတတ်သောတရားသည် သံကိလေသပက္ခဖြစ်၍ အာဒီ-နဝမည်၏။ လောကုတ္တရာမဂ် နိဗ္ဗာန်သည် နိဿရဏမည်၏။ မေထုန်လွန်ကျူး သောကြောင့်ကုက္ကုစ္စဝိပ္ပဋိသာရဖြစ်ရခြင်း၊ အသွေးအသားခြောက်ကပ် ပိန်ချုံး လူလုံးမလှ ဖြစ်ရခြင်း၊ စိတ်ဆင်းရဲခြင်း၊ မဂ်ဖိုလ်မရခြင်း စသော အကျိုးသည် ဖလမည်၏။ ထိုဖလကိုရခြင်း၏ အကြောင်းဖြစ်သော ဇနီးဟောင်း၌ မေထုန်မှီဝဲ ခြင်းသည် ဥပါယမည်၏။ မေထုန်မှီဝဲသဖြင့် ရအပ်သော မကောင်းကျိုးတို့မှ ကြောက်ကုန်သောသူတို့သည် မေထုန်အမှုမှ ရှောင်ကြဉ်ကြကုန်ဟု မဆိုသော် လည်း ဆိုသကဲ့သို့ဖြစ်ခြင်းသည် အာဏတ္တိမည်၏။ဤသို့ဒေသနာဟာရမည်သော သံဝဏ္ဏနာဝိသေသသည် အဿာဒ စသည်ကို ဖွင့်ပြတတ်၏။ ထို အဿာဒ စသည်တို့တွင်--လ--သစ္စာလေးပါးကို ဟောကြားတတ်၏ ဟူလို။

**မှတ်ချက်။** ။နေတ္တိကောက်နှင့် ယှဉ်ကြည့်ပါ။

## ❁ နည်းနှင့် ဥပစာ

**အာကာသဋ္ဌာနံ စာတုမဟာရာဇိကာ။** ။အာကာသဋ္ဌဒေဝတာအရ အာကာသဋ္ဌနတ်မှ ကြွင်းသော မြင်းမိုရ်တောင်ခါးပန်းအာလိန်၌တည်သော ပဗ္ဗတဋ္ဌက နတ်တို့ကို စာတုမဟာရာဇိကအရယူရသောကြောင့် ပါရိသေသနည်း။

အပေါင်းဖြစ်သော အာကာသဋ္ဌနတ်၊ ပဗ္ဗတဋ္ဌကနတ်တို့၏ စာတုမဟာရာဇိ-ကာအမည်ကို အစိတ်ဖြစ်သော ပဗ္ဗတဋ္ဌကနတ်၌ တင်လေ။ ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာ (**သာရတ္ထ၊ ၂။ ၁၄။**)

(က) ဗြဟ္မကာယိကာတိ အသညသတ္တေ စ အရူပါဝစရေ စ ဌပေ-တွာ သဗ္ဗေပိ ဗြဟ္မာနော အဓိပ္ပေတာ။ (ခ)သုတွာ စ သဒ္ဒံ အနုဿာ-ဝေသုန္တိဝေဒိတဗ္ဗော။ (ဂ) ဣတိဟ တေန ခဏေနာတိ ဧဝံ တေန သုဒိန္နဿ အဇ္ဈာစာရက္ခဏေန။(ဃ) ယာဝဗြဟ္မလောကာတိ ယာဝ အကနိဋ္ဌဗြဟ္မလောကာ။ (င) အဗ္ဘုဂ္ဂစ္ဆီတိ အဘိဥဂ္ဂစ္ဆိ အဗ္ဘုဋ္ဌာသိ ကောလာဟလ မဟောသီတိ။ ဋ္ဌ။ ၁၇၁။

## ဝါကျခွဲနှင့် ကျမ်းတက်

### က-ဝါကျ လျဉ်းပါး၍ သာဘောဂယုတ္တပုစ္ဆာတက်

ဆရာ၊ ဥပါလိထေရ်သည် ဗြဟ္မကာယိကာ-ဟု လျှောက်ဆို၏။ ဗြဟ္မ-ကာယိကာဟူသည် အကြွင်းမရှိအလုံးစုံကုန်သော ဗြဟ္မာတို့လော၊ ဗြဟ္မကာယိ-ကာဟူသည် အဘယ် ဗြဟ္မာတို့နည်း-ကြောင့် က-ဝါကျသံဝဏ္ဏနာကို မိန့်။
ခ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ က-ဝါကျကား အာရဒ္ဓ။

### ခ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် အသညသတ်၊ အရူပါဝစရ ဗြဟ္မာတို့ကို ချန်ထား၍ အလုံးစုံသော ဗြဟ္မာတို့သည် ကြားကုန်ပြီဟုဆို၏။ ယင်းဗြဟ္မာတို့ကား ကြားကာမျှ ကြားကုန်သလော၊ အသို့ပြုကြကုန်သေးသနည်း-ကြောင့် ခ-ဝါကျမိန့် ပါဠိလျှောက်ပြန်လေ။

မှတ်ချက်။ ။ဂ-ဃ-င-ဝါကျများကို ပက္ခ၊ ပက္ခန္တရ အဆင့်ဆင့်ခွဲလေ။

### ဂ-ဝါကျ လျဉ်းပါးတက်

ဆရာ၊ ဥပါလိထေရ်သည် ဉာတိဟ တေန ခဏေန ဟုလျှောက်ဆို။ ဉာတိ သဒ္ဒါသည် ဟေတုအစရှိသော အနက်ရှိသလော၊ ဉာဟသည် သာသန၊ လောက၊ ဒေသအစရှိသောအနက်ကို စွဲရမည်လော၊ ခဏသည် အနုဿဝန ခဏလော-ကြောင့် ဧဝံ တေန စသော သံဝဏ္ဏနာမိန့်။

---

## ဝိဂ္ဂဟနှင့် ဉာသ်ကောက်

**ဗြဟ္မာနော။** ။ဥပရူပရိ ဗြူဟန္တီတိ ဗြဟ္မာနော။ ယေ ပိတာမဟာ၊ အကြင်ဗြဟ္မာတို့သည်၊ ဥပရူပရိ၊ အဆင့်ဆင့်။ ဗြူဟန္တိ၊ ပွားတတ်ကုန်၏။ ဉာတိ တေ ဗြဟ္မာနော။ ကတ္တုသာဓန်။ ဗြူဟဓာတ်+မပစ္စည်း။

ဗြူဟဓာတ်အရကား အသညသတ် အရူပကြဉ်သော ရူပါဝစရဗြဟ္မာတို့၏ ရူပါဝရစိတ်သည် မုချ။ ရှေးရှေး၌ ဖြစ်သော ကသိုဏ်းပရိကံ စသည်သည် ဖလူပစာ။ နှောက်နှောက်၌ ဖြစ်သော အထက်အထက်သော ဘုံတို့၌ ဖြစ်ရခြင်းစသည်သည် ကာရဏူပစာ။ မ-ပစ္စည်းအရကား ထို-ဖြင့်မှတ်အပ်သော အသညသတ် အရူပကြဉ်သော ရူပါဝစရဗြဟ္မာတို့ဒြပ်ရ၏။ (အဖွင့်ကို ရှု၍ ကောက်သည်။)

† ဗြူဟ ဝဍ္ဎနေ၊ ဥပရူပရိ ဗြူဟတီတိ ဗြဟ္မာ။ တေဟိ တေဟိ ဂုဏဝိသေသေဟိ ဗြူဟိတောတိ ဗြဟ္မာ။ နီတိ၊ ဓာ။ ၁၉၈။

http://www.dhammadownload.com

က-ဝါကျ၌ အသညသတ္တေ စ အရူပါဝစရေ ဌပေတွာဖြင့် သဗ္ဗေဟိ၌ သဗ္ဗသဒ္ဒါကား အကြွင်းမရှိသော အနဝသေသ သဗ္ဗမဟုတ်၊ အကြွင်းရှိသော သာဝသေသ သဗ္ဗတည်းဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ။)

က-ဝါကျ၌ သဗ္ဗေပိ ဗြဟ္မာနော-ဖြင့် ဗြဟ္မကာယိကာ အရ-(မ၊ ဋ၊ ၁။ ၃-မှာကဲ့သို့) ပဌမဈာန် ဗြဟ္မာမျှလောက်ကိုသာ မယူရ။ အသညသတ်၊ အရူပကိုထား၍ အလုံးစုံသော ရူပါဝစရ ဗြဟ္မာ တို့ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဂ-ဝါကျ၌ ဝေံဖြင့် ဣတိဟ သဒ္ဒါ၏ နိပါတသမုဒါယ၏ အဖြစ်ကိုလည်းကောင်း[1]၊ ယင်း ဣတိဟ နိပါတ်၏ ဝေံသဒ္ဒါ၏အနက် (နိဒဿနအနက်) ကို ဟောသည်-ကိုလည်းကောင်း[2] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

† ဣတိဟာတိ နိပါတသမုဒါယော၊ ဝေံသဒ္ဒဿ အတ္ထော ဒဋ္ဌဗ္ဗောတိ အာဟ "ဧဝ" န္တိ။ သာရတ္ထ၊ ၂၊ ၁၄။ (ဝိမတိ၊ ၁။ ၁၀၂။)

**ထနည်း။** ။ဂ-ဝါကျ၌ ဧဝံ-ဖြင့် ဣတိဟ၌ ဣတိသဒ္ဒါသည် ဟေတုစသော အနက်ကိုမဟော၊ ဧဝံအနက်(နိဒဿနအနက်)ကိုဟောသည်-ကိုလည်းကောင်း[1]၊ ဣဟကား သာသန, လောက, ဒေသ စသောအနက်ကိုမစွဲ။ ပဒပူရဏ၏ အဖြစ်ကိုလည်းကောင်း[2]၊ ဝါ-ဟ-အက္ခရာ၏ ပဒပူရဏ၏ အဖြစ်ကိုလည်းကောင်း[2] သိစေသည်။ (မအူသျှ။ ၅၆၊ ပါရာ၊ ဂံ၊ သစ်။ ၄၃၃။)

၁။ နိပါတလိင်္ဂတ္ထ။ ၂။ နိပါတလိင်္ဂတ္ထ။ ဝါ-နိပါတလိင်္ဂတ္ထ။

ဂ-ဝါကျ၌ တေန သုဒိန္နဿ အဇ္ဈာစာရကမ္မေန-ဖြင့် တေန ခဏေန(ပါဠိတော်)အရ သုဒိန်၏ လွန်ကျူးဆဲခဏကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

## ပရိယာယ်ဖွင့် အာဘော်ဖော်နည်း

ပါဠိတော်၌ တေန ခဏေန တေနမုဟုတ္တေနဟုရှိရာ တေနမုဟုတ္တေနဖြင့် မုဟုတ္တသဒ္ဒါသည် (ကတ္တား) ခဏသဒ္ဒါ၏ (သမ္ဗန်) ဝေဝစ်၊ စကားလှယ် ပရိယာယ်တည်းဟု သိစေသည်ဟု အာဘော်ဖော်ရမည်။ အဖွင့်ခံပုဒ်ကို သမ္ဗန်၊ အဖွင့် သံဝဏ္ဏနာကို ကတ္တားထား၍ ရေးရမည်။ အောက်ပါ ဝိမတိအာဘော်ဖော်ပုံကို ရှုပါ။

† မုဟုတ္တေနာတိ ဣဒံ ခဏေနာတိပဒဿ ဝေဝစနံ။ ဝိမတိ၊ ၁။ ၁၀၂။

http://www.dhammadownload.com


**ဗြဟ္မကာယိကာ။** ။ဗြဟ္မာနော ဝေ ဗြဟ္မကာယိကာဟု တဗ္ဘာဝဝုတ္တိ ကမ္မဓာရယ်သမာသ်ပြု။ ဗြဟ္မာ့လျှို့ပြပ်ပဝ်ရ၏။ ဤကား ဗြဟ္မကာယိကာကို ဗြဟ္မာနော ဖွင့်သော အဋ္ဌကထာ အလိုတည်း။

ဗြဟ္မကာယိကာနံ့ ဒေဝါနန္တိ ပဌမဈာန ဘူမိဒေဝါနံ။ မ၊ ဋ္ဌ၊ ၁။ ၃။ ဗြဟ္မာနံ ကာယော သမူဟောတိ ဗြဟ္မကာယော။ တပ္ပရိယာပန္နတာယ တတ္ထ ဂတာတိ ဗြဟ္မကာယိကာ။ မ၊ ဋီ၊ ၁။

ယင်း ဋ္ဌ-ဋီတို့အလို ဗြဟ္မာနံ ကာယော သမူဟောတိ ဗြဟ္မကာယော။ (အစိတ်။) ဗြဟ္မကာယေ ဂတာ ဗြဟ္မကာယိကာ။ ဗြဟ္မကာယိကာနံ၊ ဗြဟ္မာတို့၏ အပေါင်း၌ ဖြစ်ကုန်သော၊ ဒေဝါနံ၊ ဗြဟ္မာတို့အား-ဟု အနက်ပေး။ ယင်း ဋ္ဌ-ဋီ-အလို ဗြဟ္မာကာယိကာနံဒေဝါနံကား ဗြဟ္မာအပေါင်းနှင့် ဗြဟ္မာမပြားဘဲ ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာတည်း။

---

## ❁ ဓာတုပစ္စယာဒိဝိဘာဂ

**ခဏ။** ။ခဏဓာတ်+အပစ္စည်း။ ဝါ-ခီဓာတ်+ယုပစ္စည်း။

† ခဏ ဟိံသာယံ အ။ ခဏောတီတိ ခဏော။ သတ္တာနံ အာယု ခီယတိ ယာယတိ ဧတ္ထကာလေတိ ခဏော။ ခီ ခယေ ယု၊ ရဟာဒိတော ဏော။ သူစိ။

**မုဟုတ္တ။** ။ဟုဋ္ဌဓာတ်+တ-ပစ္စည်း။ (ဟုဋ္ဌ+တ။ ဓာတ်အစ၌ မုလာ။ ဋ္ဌချေ။ တ-ဒွေဘော်လာ။ မုဟုတ္တ ဖြစ်။)

† ကုဋ္ဋိလယတိ ရတ္တိဒိဝသေ သုဘာသုဘာဒယာနတောတိ မုဟုတ္တော။ ဟုဋ္ဌ ကောဋ္ဋိလျေ တော။ ဓာတုယာဒိမှိ (ဓာတ်၏အစ၌) မုကာ ရာဂမော (မုအက္ခရာလာ) ဋ္ဌ လောပေါ စ။ သူစိ။

**ကောလာဟလ။** ။ပုလ္လိင် နပုလ္လိင်။ ၇-အဖြေကြည့်။

---

## ❁ အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဗြဟ္မာနောဖြင့် ဗြဟ္မကာယိကာ ပုဒ်ကို ဗြဟ္မာနော ဝေ ဗြဟ္မ-ကာယိကာ ဟု တဗ္ဘာဝဝုတ္တိ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်း ကောင်း[၁]၊ ကာယိကာပုဒ်၏ အနက်မဲ့၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂမဒတ္တ။　၂။ အနတ္ထမိကောယေဝ တေသံ နာမံ ဟူသကဲ့သို့ အနက်မရှိဟု ဖွင့်ပြခြင်းသည်ပင် အနက်ကို ဖွင့်ပြရာ ရောက်သဖြင့် နာမလိင်္ဂတ္ထ သံဝဏ္ဏနာ။

ဃ-ဝါကျ၌ အကနိဋ္ဌပြဟ္မလောကာဖြင့် ယာဝ ပြဟ္မလောကာ၌ ပြဟ္မ-လောကအရ ပြဟ္မဘုံအားလုံးကို မယူရ။ အကနိဋ္ဌပြဟ္မဘုံကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

**မှတ်ချက်။** ။ပြဟ္မလောကာ-ကား ပဥ္စမိဝိဘတျန္တပုဒ်။ ယာဝနိပါတ်နှင့် ယှဉ်သဖြင့် "တိုင်အောင်"ဟု အနက်ပေး။

* ယာဝနိပါတ်၊ ယှဉ်တုံလတ်၊ မှတ်လေပဥ္စမီ။(သစ်)

* ယာဝယှဉ်မှီ၊ ပဥ္စမီ၊ စဉ်ညီတိုင်အောင်ပေး။(မအူ)

င-ဝါကျ၌ အဘိဉဂ္ဂစ္ဆိဖြင့် အဗ္ဘုဂ္ဂစ္ဆိကို အဘိဉဂ္ဂစ္ဆိ-ဟု ပဒစ္ဆေဒ ပြုရမည်ဟု သိစေသည်။ (သန္ဓိလိင်္ဂပဒ။)

င-ဝါကျ၌ အဗ္ဘုဋ္ဌာသိဖြင့် အဘိဉဂ္ဂစ္ဆိ၌ ဉသဒ္ဒါသည် အဝ-သဒ္ဒါ၏ ကာရိယမဟုတ်၊ ဉဟူသော ဉပသာရ၏ အဖြစ်ကိုလည်းကောင်း¹၊ ယင်းဉ ဟူသော ဉပသာရ၏ ဓာတုတ္တဝိသေသက၏အဖြစ်ကိုလည်းကောင်း²၊ ဂမုဓာတ်သည် အောက်သို့သက်ခြင်း အဝဂမနတ္ထကိုမဟော၊ အထက်သို့တက်ခြင်း ဉဂ္ဂမ-နတ္ထကို၊ ဝါ-ဉဋ္ဌာနတ္ထကိုဟောသည်-ကိုလည်းကောင်း³ သိစေသည်။

၁။ ဉပသဂ္ဂလိင်္ဂပဒ။ ၂။ ဉပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဓာတွတ္ထ။

## ဉ သဒ္ဒါမှတ်ဖွယ်

ဉသဒ္ဒါကား ဉပသာရဖြစ်သော ဉ၊ အဝ၏ ဝိပရိတ် ဉဟု နှစ်မျိုးရှိ၏။ ဉပသာရဖြစ်သော ဉသဒ္ဒါကား အတက်, အမြင့်, အမြတ်ကိုဟော၏။ အဝ၏ ဝိပရိတ်ဉသဒ္ဒါကား အသက်, အနိမ့်, အယုတ်ကိုဟော၏။ ဉဂ္ဂတေတိအဝဂတေ ဟု ဖွင့်လျှင် ဉသဒ္ဒါကို အဝမှပြောင်းလာသော ဉ-ဟုသိပါ။ ဉဂ္ဂတေတိ ဉဒ္ဒ-ဂတေဟုဖွင့်လျှင် ဉသဒ္ဒါကို ဉပသာရ-ဉသဒ္ဒါဟု မှတ်ရာ၏။ ဤ၌ကား အဘိ-ဉဂ္ဂစ္ဆိကို အဝဋ္ဌာသိ သေည်မဖွင့်ဘဲ ဉ-သဒ္ဒါကို ဉသဒ္ဒါအတိုင်း ဖွင့်ပြသဖြင့် ဉဂ္ဂစ္ဆိ၌ ဉသဒ္ဒါကား အဝသဒ္ဒါ၏ ကာရိယမဟုတ်၊ ဉပသာရဖြစ်သော ဉသဒ္ဒါတည်းဟု သိနိုင်သည်။ သို့ဖြစ်၍ အထက်ပါအတိုင်း အာဘော်ဖော်သည်။

င-ဝါကျ၌ ကောဋကောလာဟလမကာသိ-ဖြင့် ပုံ့နှံ့တက်၏ဟူသည် အုတ်အုတ်ကျက်ကျက်အသံဖြစ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ။အဗ္ဘုဂ္ဂစ္ဆိ၊ ပုံ့နှံ့တက်ပြီ။(သဒ္ဒတ္ထ။) တခဲနက် အုတ်အုတ်ကျက်ကျက် အသံဖြစ်ပြီ။ (အဓိပ္ပာယတ္ထ။)

http://www.dhammadownload.com

## ❀ ပါဠိဝိနိစ္ဆယ

**ကောလာဟလ။ ကောဠှာဟလ။** ။ကုလ သင်္ခါတော၊ ကောလန် ကောလော။ ကောဘာဝေ၊ တံ အာဟလတိ ဝိန္ဒတီတိ ကောလာဟလော။ ဓာန်၊ ဋီ။ ၁၃၀-နှင့်အညီ ကောလသဒ္ဒူပ ပဒ+အာပုဗ္ဗ+ဟာလဓာတ်ဖြင့် ပြီးသောကြောင့် ကောလာဟလပါဠိသာ သင့်သည်။

---

## ❀ နည်းနှင့် ဥပစာ

**ဗြဟ္မကာယိကာ။** ။အပေါင်းဖြစ်သော ဗြဟ္မာအားလုံး၏ ဗြဟ္မကာယိကာ အမည်ကို အသညသတ်၊ အရူပဝစရ ဗြဟ္မာမှတပါး အစိတ်ဖြစ်သော ကြွင်းသောဗြဟ္မာ၌တင်စား၍ ကြွင်းသောဗြဟ္မာကို ဗြဟ္မကာယိကာဟုဆိုသော ကြောင့် ကေဒေသျူပစာ။ (နေယျတ္ထ၊ ရှင်ဋီ။)

**အသညသတ္တေ။** ။ပြဋ္ဌာန်းသောသညာကို ဆိုသဖြင့် မပြဋ္ဌာန်းသော သညာမှကြွင်းသော နာမက္ခန္ဓာကိုလည်း ရသောကြောင့် ပဓာနနည်း။

အစိတ်ဖြစ်သော သညာ၏ သညာအမည်ကို အပေါင်းဖြစ်သော နာမက္ခန္ဓာလေးပါး၌တင်စား၍ အပေါင်းဖြစ်သော နာမက္ခန္ဓာ လေးပါးကို သညာဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။

† နတ္ထိသညာ တံ မုခေန ဝုတ္တာဝသေသာ အရူပက္ခန္ဓာ စ ဧတေသန္တိ အသညာ။ တေယေဝ သတ္တာတိ အသညသတ္တာ။ ဝိဘာဝိနီ။ ၁၆၄။

**မှတ်ချက်။** ။နတ္ထိ သညာ ဧတေသန္တိ အသညာ၊ အသညာယေဝ သတ္တာ အသညသတ္တာ-ဟု တွဲလေ။

**ယာဝ ဗြဟ္မလောကာ။** ။အပေါင်းဖြစ်သော ဗြဟ္မာဘုံအားလုံး၏ ဗြဟ္မလောကာအမည်ကို အစိတ်ဖြစ်သော အကနိဋ္ဌဗြဟ္မာ့ဘုံ၌ တင်စား၍ အစိတ်ဖြစ်သော အကနိဋ္ဌ ဗြဟ္မာ့ဘုံကို ဗြဟ္မလောကာဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

† ယာဝ ဗြဟ္မလောကန္တိ ယာဝ အကနိဋ္ဌဗြဟ္မလောကာ။ ဋ္ဌ။ ၁၇၁။

http://www.dhammadownload.com


(က) ပုတ္တံ ဝိဇာယီတိ သုဝဏ္ဏ-လ-ဇနေသိ။ (ခ) ဗီဇကောတိ နာမ မကံ သုတိ-လ-နာမမကာံသု။ (ဂ) ပုတ္တဿ ပန-လ-မာတာပိတူနမ္ပိဿ နာမ မကံသု။ ဋ္ဌ။ ၁၈၁။

## အနက်ယောဇနာ

ခ-ဝါကျ၌ အဒံသု၊ အကံသု တို့၏ ကတ္တားကား သုဒိန္နဿ သဟာယကာ (ပါဠိ။ ၂၂)တည်း။

ဂ-ဝါကျ၌ အဿကို ဗီဇကဿဟုစွဲ။ မာတာ ပိတူနမ္ပိ၌ သမ္ဗန်စပ်။

† အဿာတိ ဗီဇကဿ၊ မာတာပိတူနမ္ပီတိ ပဒေ သမ္ဗန္ဓော။ ပါရာ၊ ယော။ ၁၁၀။

---

## ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို၌ က-ဝါကျကားပက္ခ။

### ခ-ဝါကျလျှဉ်းပါးတက်ပုံ

ဆရာ ဥပါလိထေရ်သည်“ဗီဇကောတိ နာမ မကံသု” (=သုဒိန်၏ မိတ်ဆွေရဟန်းတို့က ဗီဇကဟူသောအမည်ကို မှည့်ကုန်၏။) ဟု လျှောက်ဆို၏။ ဗီဇကမှ တပါးသောနာမည်ကို မှည့်သင့်ကုန်သည် မဟုတ်လော။ (န-လ-မဒံသု၌ န-ကို ပယ်၍ အာဘော်ပြု။) အဘယ့်ကြောင့် ဗီဇက ဟူသောအမည်ကို မှည့်ကြကုန်သနည်း။ (အန္ဒယ။) အဘယ်ကြောင့် တပါးသော အမည်ကို မမှည့်ကြကုန်သနည်း။ (ဗျတိရေက။) ကြောင့် န အည ့ စသော ဗျတိရေက အန္ဒယသံဝဏ္ဏနာကို မိန့်။

ခ-ဝါကျ၌ န-လ-မဒံသုကား ဗျတိရေက။ ဗီဇကမ္ပိ-လ-နာမ မကံသုကား အန္ဒယ။

မှတ်ချက်။ ။မအူသျှ။ ၅၇-၌။ ဗီဇကဟူသောအမည်သည် ရှင်ဋီလော-စုဒ်ကြောင့် ဗီဇကောတိ စသည်မိန့်ဟု သံဝဏ္ဏနာရှု၍ လျှဉ်းပါးတက်သည်။ ဝုတ္တ...ာဝဿ ပါကဋတ္တာ စသော အနုတ္ထပြဟိတ်ကို ရှု၍ ကျမ်းတက် သည်ဟု မှတ်။

၂ ဂ-ဝါကျကား ပက္ခန္တရ။ ထို-၌ ခ-ဝါကျကား ပက္ခ။ (ခ-ဝါကျဖြင့် ဗီဇက နာမည် ရကြောင်း ပြ၍ ဂ-ဝါကျဖြင့် ဗီဇကမာတာ ဗီဇကပိတာ နာမည်ရကြောင်း ပြသဖြင့် ဤသို့ဝါကျခွဲသည်။)

http://www.dhammadownload.com


## ဂ-ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ဗီဇကဟူသော အနွတ္တနာမည်ရခြင်းမှာ အကြောင်းကို ဆို၏။ မျိုးစေ့ကို ယူသည်၏အဖြစ် မျိုးစေ့ကို ပေးသည်၏ အဖြစ်ကြောင့် အမိအဖတို့အား ဗီဇကမာတာ, ဗီဇကပိတာ ဟူသော အမည် ကို ပြုကြကုန်သလော၊ အဘယ်ကြောင့် ဗီဇကမာတာ, ဗီဇကပိတာဟူသော အမည်ကို မှည့်ကြကုန်သနည်း—ကြောင့် ဂ-ဝါကျမိန့်။

---

## ဝိဂ္ဂဟနှင့်ညာသ်ကောက်

**ပစ္ဆိမ**။ ။ပစ္ဆာ ဇာတော ပစ္ဆိမော။ ပစ္ဆာပုဒ်+ဣမပစ္စည်း။

**ပစ္ဆိမဘာဝ**။ ။ပစ္ဆိမော စ သော ဘာဝေါစာတိ ပစ္ဆိမဘာဝေါ။

**ပစ္ဆိမဘာဝိက**။ ။ပစ္ဆိမဘာဝေ နိုဗ္ဗတ္တော ပစ္ဆိမဘာဝိကော။

**ပစ္ဆိမဘာဝိကသတ္တ**။ ။ပစ္ဆိမဘာဝိကော စ သော သတ္တော စာတိ ပစ္ဆိမ ဘာဝိကသတ္တော။ နောက်၌ဖြစ်သောဘဝ (နောက်ဆုံးဘဝ) ၌ ဖြစ်သော သတ္တဝါ။ (သဒ္ဒတ္ထ။) ရဟန္တာအလောင်း သတ္တဝါ။ (အဓိပ္ပာယတ္ထ။)

**ဝုတ္တ**။ ။ဝစီယတေတိ ဝုတ္တံ။ ယံ ဗီဇကမ္ပိ ဒေဟီတိဝစနံ မာတာမဟိယာ ဝစီယတေ (ပြောအပ်၏) ဣတိ တံ ဝုတ္တံ။ ကမ္မသာဓန။ ဝစဓာတ်+တ- ပစ္စည်း။

ဝစဓာတ်—ကား မျိုးစေ့ပေးပါဟု ပြောသော အဘွား၏ ဂေဟာဿိတ တဏှာပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည် မှုချ။ ကမ္မတ္ထကြိယာအရကား မျိုးစေ့ ပေးပါဟု ပြောသော စကား၏ သဟဇာတာဒိပစ္စယုပ္ပန္နဘောဂဏ် ရ၏။ တ-ပစ္စည်းအရကား မျိုးစေ့ပေးပါဟူသော စကားဒြပ်ရ၏။

**ဝုတ္တဘာဝ**။ ။ဝုတ္တဿ ဘာဝေါ ဝုတ္တဘာဝေါ၊ ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ဝုတ္တ+ဘာဝ။

ဝုတ္တ ကား မျိုးစေ့ပေးပါဟု ဆိုအပ်သော စကားဒြပ်သည် မှုချ။ ယင်း၏ မျိုးစေ့ပေးပါဟု ပြောဆိုခြင်းကြိယာ (အဘွား၏ ဂေဟာဿိတ တဏှာပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်)နှင့် အကျိုးအကြောင်း စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဝုတ္တဘာဝကား မျိုးစေ့ပေးပါဟု ဆိုအပ်သောစကား၏ ဖြစ် ကြောင်းပြောဆိုခြင်းကြိယာရ၏။

http://www.dhammadownload.com



### ❀ ဓာတုပစ္စယာဒိဝိဘာဂ

သုဝဏ္ဏံ။ ။သောဘဏော ဝဏ္ဏော ယဿ တံ သုဝဏ္ဏံ။ သူစိ။

ဗိမ္ဗံ။ ။ပိတ္တာဒယော ပမာဏံ ဥဂ္ဂိရတီတိ ဗိမ္ဗံ၊ သဒ္ဒနီတိ။ ဝမုဓာတ်+ဗ—ပစ္စည်း။ ဝ-ကို ဗိပြု။ ဗိမ္ဗပြီး၏။ မောဂ်၊ ၇။ ၁၂၂။ (ဓာန်၊ ဋီ၊ သူစိတို့၌ တမျိုးလာသေး၏။) ဗိမ္ဗသဒ္ဒါ အနိတ္ထိယံ=ပုလ္လိင် နပုလ္လိင်။

သုဝဏ္ဏဗိမ္ဗ။ ။သုဝဏ္ဏေန ကတံ ဗိမ္ဗံ သုဝဏ္ဏဗိမ္ဗံ။ ပကတိ၊ ဝိကတိ၊ ဝါ-ဝိကာရ ဝိကာရစပ်။

---

### ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဇနေသိ-ဖြင့် ဝိဇာယိ-၌ အကမ္မကဇနီဓာတ်သည် ဝိ ရှေးရှိသောကြောင့် သကမ္မကဓာတ် ဖြစ်လာခြင်းကိုလည်းကောင်း၊ ¹ သို့ သကမ္မက ဖြစ်လာသဖြင့်ဖြစ်စေ၊ ဝါ-မွေးဖွား-ဟူသော သကမ္မကအနက်ကို ဟောခြင်းကိုလည်းကောင်း ² သိစေသည်။

၁။ ဓာတုပဒ၊   ၂။ ဓာတွတ္ထ၊

† ဇနီ ပါတုဘာဝေ ဤကာရန္တော ယံ အကမ္မကော ဓာတု။ ဝိ ပုဗ္ဗော စေ၊ သကမ္မကော။-လ-ပုတ္တံ ဝိဇာယတိ။ နီတိ၊ ဓာ။ ၂၃၃။

က-ဝါကျ၌ သုဝဏ္ဏ-လ သဒ္ဒ-ဖြင့် ပုတ္တအရ ယံ ဝါ တံ ဝါ ဟူးဟူး ညားညားသော သားကို မယူရ၊ ရွှေရုပ်တုနှင့်တူသော ပစ္ဆိမဘဝိက (ရဟန္တာ အလောင်း) သားကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ ဗီဇကမ္ပိ-လ-ပါကဋ္ဌတ္တာ-ဖြင့် ဗီဇကနာမည် မှည့်ကြခြင်း၏ အကြောင်း၊ ဝါ-"ဗီဇကောတိနာမ မကံသု"၏ ဟိတ်၊ ဝါ-ဟေတာလင်္ကာရ ယောဇနာကို သိစေသည်။ (ဘာဝတ္ထ။)

---

### ❀ ပါဠိဝဏ္ဏနိစ္ဆယ

ပါကဋ္ဌ။ ပါကဋ။ ။ပပုဗ္ဗ+ကဋဓာတ်+အ ပစ္စည်း။ ပ-ဥပသာရ၏ အ-ကို အာဒီဃပြု၍ ပြီးသောကြောင့် ပါကဋပါဌ်သာ သင့်သည်။

† ကဋ ဂတိယံ။ ဒဿနံ ကဋတီတိ ပါကဋော၊ ဥပသဂ္ဂဿ ဒီဃော။ ဓာန်၊ ဋီ၊ ၇၂၄။

#### ရှင်သုဒိန် ရဟန္တာဖြစ် သလော

ဧဝံ မာတာ ပုတ္တာနံ ပဗ္ဗဇ္ဇာ သဖလာ အဟောသိ၊ ပိတာ ပန ဝိပ္ပဋိသာရာဘိဘူတော ဝိဟာသိ။ (ဝိ၊ ဋ္ဌ၊ ၁။ ၁၈၁။) ကိုထောက်၍ ရှင်သုဒိန် ရဟန္တာ မဖြစ်။ (သာရတ္ထ၊ ၂။ ၁၅-ယာ သမာနဝါဒ)

http://www.dhammadownload.com



ပုဗ္ဗေ ကတပုညတာယ စောဒိယမာနဿ သဗ္ဗကုလပုတ္တဿ (ဝိ၊ ၃၊ ၁။ ၁၆၉-) ကိုထောက်၍ ရှင်သုဒိန်သည် ဖြစ်ဖော်ကြ်နေသော ကုက္ကုစ္စကို ဖျောက်နိုင်သဖြင့် ရဟန္တာဖြစ်သွားသည်။ သာရတ္ထ၊ ၂။ ၁၅-လာ ကေစိဝါဒ။)

မှတ်ချက်။ ။ကေစိဝါဒ မသင့်ဟု သာရတ္ထ၊ ၂။ ၁၅-၌ အကျယ်ဖွင့်ဆိုသည်။

---

(က) ဓာတ္တ အဟုဒေဝါတိ အဟုဝေ။ (ခ) ဒကာရော ပဒသန္ဓိကရော။ (ဂ) အဟောသိယေဝါတိ အတ္ထော။ (ဃ) ကုက္ကုစ္စန္တိ အဇ္ဈာစာရပဟောတုကော ပစ္ဆာနုတာပေါ။ (င) ဝိပ္ပဋိသာရောတိပိ တဿေဝ နာမံ။ (စ) သော ဟိ ဝိညူဟိ—သ—ကုက္ကုစ္စံ။ (ဆ) ကတံ အဇ္ဈာစာရံ-လ-ဝိပ္ပဋိသာရောတိ ဝုစ္စတိ။ ၃။ ၁၈၂။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ဝါ-ကာရဏဝါကျ။ ထို—၍ က—ဝါကျကား ယုတ္တိဒဋ္ဌိယ၊ ဝါ—ဖလဝါကျ။

## ဝါကျခွဲပုံ ရှင်းလင်းချက်

မူလ (က) ဝါကျဖြင့် အဟုဒေဝကို အဟုဝေဟု ပဒစ္ဆေဒပြုရမည်ဟု ဖွင့်ပြသည်။ ပဒ, အတ္ထ, ပဒတ္ထသံဝဏ္ဏနာ သုံးမျိုးတွင် ပဒသံဝဏ္ဏနာသုံးမျိုးတည်း။ သန္ဓိလိင်ပဒသံဝဏ္ဏာတည်း။ အဟုဒေဝကို အဟုဝေဟု ပဒစ္ဆေဒပြုရမည်ဖြစ်ကြောင်း ဖွင့်ပြရာတွင် မိမိသံဝဏ္ဏာ (က—ဝါကျအဖွင့်) ကို ထောက်ခံဖို့ လိုအပ်လာသည်။ သို့ဖြစ်၍ ခ-ဝါကျတက်လာသည်။ ယင်း ခ-ဝါကျကို ဒကာရဿ ပဒသန္ဓိကရတ္တာဟု ဟေတု (ကာရဏ) ဝါကျပြင်၍ မူလ က—ဝါကျ၌ စပ်လျှင်၊ ဝါ-ဒကာရဿပဒသန္ဓိကရတ္တာ အဟုဝေါတိ ပဒစ္ဆေဒေါ ကာတဗ္ဗော ဟု အကြောင်းအကျိုးစပ်လိုက်လျှင် မူလ က—ဝါကျကိုထောက်ခံဖို့ ခ-ဝါကျတက်လာကြောင်း ထင်ရှားပါသည်။ သို့ဖြစ်၍ အထက်ပါအတိုင်း ဝါကျခွဲခဲ့ပေသည်။

## ကျမ်းတက်မှတ်ဖွယ်

က-ဝါကျကား ပဒသံဝဏ္ဏနာမျိုးဖြစ်၍ ယင်းဝါကျမျိုးကို ဥပနာထားရာတွင် ဘာသာပြန်ကာ ဥပနာထားသော အဓိပ္ပာယတ္ထ ဥပနာမျိုး မထားရ။ သဒ္ဒဥပနာသာ ထားရသည်။

http://www.dhammadownload.com



## ခ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် အဟုဒေဝကို အဟုဝေဟု ပဒစ္ဆေဒပြု ရမည်ဟု ဆိုတော်မူ၏။ (သဒ္ဒဋ္ဌပနာထားပုံ။) အဟုံ ဝေဟု ပဒစ္ဆေဒပြုသင့် သည် မဟုတ်လော၊ ယင်းသို့ဖြစ်လျက် အဘယ်ကြောင့် အဟု ဝေဟု ပဒစ္ဆေဒ ပြုရမည်ဟု ဆိုပါသနည်း-ကြောင့် ခ-ဝါကျမိန့်။

ကား-ခ-ဝါကျဖြင့် ဒ အက္ခရာသည် ပဒသန္ဓိကိုပြု၏ဟု အသင့် ယုတ္တိကို ငပြဆိုသောကြောင့် က-ဝါကျသံဝဏ္ဏနာ မှန်ကန်သင့်တန်၏ ဟူလို။

ဂ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ က-ခ-ဂ-ဝါကျကား အာရဒ္ဓဝါကျ။

ဃ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဝါကျကား ပက္ခ။

င-ဝါကျကား ပက္ခန္တရ။ ထို-၍ ဃ-ဝါကျကား ပက္ခ။

မှတ်ချက်။ ။ယင်းလွန်ကျူး၍ ကျင့်ခြင်းလျှင် အကြောင်းရှိသော နောက်၌တဖန် ပူပန်ခြင်း (ပစ္ဆာနုတာပ) သည် ကုက္ကုစ္စသာ မည်ပါသလော။ (၉၀ အာဘော်ဆင်။) အဘယ်သို့ မည်ပါသေးသနည်း-ဟု ကျမ်းတက်။

စ-ဆ-နှစ်ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ဃ-င-နှစ်ဝါကျကား သင်္ခေပဝါကျ။

မှတ်ချက်။ ။စ-ဝါကျဖြင့် ကုက္ကုစ္စ၊ ဆ-ဝါကျဖြင့် ဝိပ္ပဋိသာရ-မည် ခြင်း၏ အကြောင်း ဟေတု, သကတ်,ဗျုပ္ပတ်အကျယ်ကို ဖွင့်ပြသည်။ ထို့ကြောင့် ဝိတ္ထာရဟု ဆိုသည်။ ရှေးနိသျတို့၌ကား ဤသို့ ဟိတ်ဖြင့် ထင်ရှားအောင် ဖွင့်ပြသော ဝါကျ မျိုးကို တပ္ပာကဋီကရဏဟု ဆိုကြသည်။

ဆ-ဝါကျကား (ဝိပ္ပဋိသာရ မည်ခြင်း၏ အကြောင်း တမျိုးကို ပြသော ကြောင့်) ပက္ခန္တရ။ ထို-၍ စ-ဝါကျကား (ကုက္ကုစ္စ မည်ခြင်း၏ အကြောင်း ကို ပြခဲ့သောကြောင့်) ပက္ခ။

---

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

ကတ။ ။ကရဏံ ကတံ။

ကုကတ။ ။ကုစ္ဆိတံ ကတံ ကုကတံ။ ကုနိပါတပုဗ္ဗပဒကမ္မဓာရယ်။ ကုပုဒ်+ကတပုဒ်။

ကု-အရကား စက်ဆုပ်အပ်သည်၏ အဖြစ်ဟူသော ကုစ္ဆိတဘောဂုဏ် ရ၏။ ယင်း၏ အမူအရာကြိယာနှင့် ဂုဏ်ဂုဏေစပ်။ ကုကတ အရကား ထို-သော စက်ဆုပ်အပ်သော အမူအရာ ကြိယာရ၏။

ကုက္ကုစ္စ။ ။ကုကတမေဝ ကုက္ကုစ္စံ။ သွတ္ထတဒ္ဓိတ်၊ ကုကတ+ဏျ။

http://www.dhammadownload.com

ကုကတအရကား စက်ဆုပ်အပ်သော အမူအရာ ကြိယာရ၏။ ဤပနည်းအရလည်း သုတ္တတန္တိတ်တို့၏ သဘောသည် ပုဒ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် စက်ဆုပ်အပ်သော အမူအရာ ကြိယာပင်ရ၏။ ထိုသို့ပင် ရငြားသော်လည်း ကုက္ကုစ္စသဒ္ဒါသည် ဝိနည်း ဋီကာအလို ဖလူပစာသဒ္ဒါဖြစ်သောကြောင့် အကြောင်းဖြစ်သော နောင်တ တဖန် ပူပန်ခြင်း (ပစ္ဆာနုတာပ)သည် သာ ပဓာန အားဖြင့်ရ၏။

မှတ်ချက်။ ။ကုစ္ဆိတံ ကတံ ကိရိယန္တိ ကုကတံ။ ကုကတမေဝ ကုက္ကုစ္စန္တိ အာဟ၊ ကုစ္ဆိတကိရိယဘာဝတော ကုက္ကုစ္စန္တိ။ သာရတ္ထ၊ ၂။ ၁၅—ဤဋီကာအလို သုတ္တကြံ၍ ဉာဏ်ကောက် လိုက်သည်။ ကုစ္ဆိတကြိယဘာဝတော-ဟိတ်ဖြင့် ကုကတဿ ဘာဝေါ ကုက္ကုစ္စံပြုသည်ဟုယူလျင်ပို၍ အဓိပ္ပာယ်ဖြောင့်သည်။ အောက်ပါအတိုင်း ဉာဏ်ကောက်ရမည်။

ကုကတ အရ-စက်ဆုပ်အပ်သော အမူအရာကြိယာရ၏။ ယင်း၏ ပစ္ဆာနုတာပနှင့် အကျိုးအကြောင်းစပ်။ ဤပစ္စည်းအရ ထို—သော ပစ္ဆာ နုတာပ ရ၏။ (ဤကား ,နောမတိ။)

## တနည်းကုက္ကုစ္စ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

အာဒိမ္မော အဖွင့်မျာ်း အလို-ကာတဗ္ဗန္တိ ကတံ၊ ကုစ္ဆိတံ ကတံ ကုကတံ။ စက်ဆုပ်အပ်သော အမှုရ။ ကုပုဒ်+ကတပုဒ်။ ကုအရ စက်ဆုပ်အပ်သည်၏အဖြစ်ဟူသောကုစ္ဆိတဘောဂုဏ်ရ၏။ ယင်း၏ပြုအပ်ပြီးသော ဒုစရိုက်,မပြုလိုက်မိသောသုစရိုက် တရားနှင့် ဂုဏ်ဂုဏီစပ်။ ကုကတပုဒ်လုံးအရ ထို-သော စက်ဆုပ်အပ်သော ပြုအပ်ပြီးသော ဒုစရိုက် မပြုလိုက်မိသော သုစရိုက်ဒြပ်ရ၏။ ထိုသို့ပင်ရငြားသော်လည်း ဤအရာ၌ ကုကတ သဒ္ဒါ၏ ကာရဏူပစာ သဒ္ဒါ ဖြစ်သောကြောင့် အကြောင်းဖြစ်သော ပြုအပ်ပြီးသော ဒုစရိုက် မပြုလိုက်ရသော သုစရိုက်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော နောင်တ တဖန် ပူပန်သော စိတ္တုပ္ပာဒ် ရ၏။

မှတ်ချက်။ ။ကုကတသည် ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက် ဟူသော မုချ ကုကတ၊ နောင်တ တဖန် ပူပန်မှု စိတ္တုပ္ပာဒ် ဟူသော ကာရဏူပစာ ကုကတဟု နှစ်မျိုးရှိသည်။ သို့ဖြစ်၍ "ကုကတဿ ဘာဝေါ ကုက္ကုစ္စံ" ၌ အောက်ပါအတိုင်း ဉာဏ်ကောက်ရမည်။

ကုကတဿ၊ ပြုအပ်ပြီးသော ဒုစရိုက် မပြုလိုက်မိသော သုစရိုက်ကို အာရုံပြု၍ဖြစ်သော နောင်တ တဖန် ပူပန်မှု စိတ္တုပ္ပာဒ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းဖြစ်သော စေတသိက်တည်း။ ကုက္ကုစ္စံ ပြုအပ်ပြီးသော ဒုစရိုက် မပြုလိုက်မိ

http://www.dhammadownload.com


သော သုစရိုက်ကို အာရုံပြု၍ ဖြစ်သော နောင်တတတဖန် ပူပန်မှု စိတ္တုပ္ပာဒ်၏ ဖြစ်ကြောင်း ဖြစ်သော စေတသိက်။ . ကုကတ+ဏျ။

ကုကတအရ ပြုအပ်ပြီးသော ဒုစရိုက်-လ-စိတ္တုပ္ပာဒ်သည်မှချ။ ယင်း၏ကုက္ကုစ္စ စေတသိက်နှင့် အကျိုးအကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏျအရ ထို-အပ်သော ကုက္ကုစ္စ စေတသိက် ရ၏။

**ဝိပ္ပဋိသာရပုဒ်**

**သာရ။** ။သရဏံ သာရော။ (အောက်မေ့ခြင်း။)

**ပဋိသာရ။** ။ကတံ အဇ္ဈာစာရံ ပဋိစ္စ သာရော ပဋိသာရော။ ကတံ၊ ပြုအပ်ပြီးသော။ အဇ္ဈာစာရံ၊ လွန်ကျူး၍ ကျင့်ခြင်းကို၊ပဋိစ္စ၊ စွဲ၍။ သာရော၊ အောက်မေ့ခြင်းတည်း။ (ပဌမာတပ္ပုရိသ်။ ပဋိ+သာရ။)

ပဋိအရ ပြုအပ်ပြီးသော လွန်ကျူး၍ ကျင့်ခြင်းကို စွဲခြင်းသည်မှချ။ ယင်း၏ အောက်မေ့ခြင်းနှင့် ဂုဏ်ဂုဏီစပ်။ ပဋိသာရအရ ထို-အပ်သော ပြုအပ်ပြီးသော လွန်ကျူး၍ကျင်ခြင်းကို စွဲ၍ အောက်မေ့ခြင်း ကုက္ကုစ္စ စေတသိက် ရ၏။

**ဝိပ္ပဋိသာရော။** ။ဝိရူပံ ပဋိသာရော ဝိပ္ပဋိသာရော။ (ဝိ+ပဋိသာရ။ပါဒိ ပုဗ္ဗပဒ ကမ္မဓာရယ်။)

ဝိ-အရ ဖောက်ပြန်ခြင်း ဝိရူပတ္တဘောဂုဏ်ရ၏။ ယင်း၏ ပြုအပ်ပြီးသော လွန်ကျူး၍ ကျင့်ခြင်းကိုစွဲ၍ အောက်မေ့ခြင်း (ကုက္ကုစ္စ စေတသိက်) နှင့် ဝိသေသနဝိသေသျ၊ ဂုဏ်ဂုဏီစပ်။ ဝိပ္ပဋိသာရောအရ- ထို-အပ်သော ပြုအပ်ပြီးသော လွန်ကျူး၍ ကျင့်ခြင်းကိုစွဲ၍ ဖောက်ပြန်စွာ အောက်မေ့ခြင်း ကုက္ကုစ္စစေတသိက်ရ၏။

---

## ❁ ဓာတုပစ္စယာဒိဝိဘာဂ

**အကတ္တဗ္ဗတာယ။** ။အကတ္တဗ္ဗာကား ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း။

**ရှင်းလင်းချက်။** ။ကရီယတေတိ ကတ္တဗ္ဗာ၊ ယာ ကိရိယာ။ကို။ ကရီ-ယတေ၊ အပ်၏။ ဣတိ သာ ကိရိယာ ကတ္တဗ္ဗာ။ န ကတ္တဗ္ဗာ၊ အကတ္တဗ္ဗာ။ ဤကား အကတ္တဗ္ဗတာယ ဟိတ်ပုဒ်၌ အကတ္တဗ္ဗဟူသော ဘာ၀ရွေပုဒ်၏ ဝိဂ္ဂဟတည်း။ယင်းဟိတ်ပုဒ်ကို ကုစ္ဆိတကိရိယဘာ၀တော၀ယ် ကုစ္ဆိတကိရိယာ၌ စပ်၍ အကတ္တဗ္ဗဟူသော ဘာ၀ရွေပုဒ်အရ လိင်ဝုစ်ကား ကုစ္ဆိတကိရိယာနှင့်အတူ ဣတ္ထိလိင် ကေဝုစ်တည်း။

http://www.dhammadownload.com

အကတ္တဗ္ဗာယ ဘာဝေါ အကတ္တဗ္ဗတာ၊ အကတ္တဗ္ဗတာ၊ (ပညာရှိတို့သည်) မပြုသင့် မပြုထိုက်သော အမှုအရာ ကြိယာ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း-ဟု အနက်ပေး။ ယင်း အကတ္တဗ္ဗတာယပုဒ်ကို အကတ္တဗ္ဗတာယ၊ (ပညာရှိတို့သည်) မပြုသင့် မပြုထိုက်သော အမှုအရာ ကြိယာ၏ အဖြစ်ကြောင့် (ဟိတ်အနက်)။ ဝါ-(ပညာရှိတို့သည်) မပြုသင့်-လ-အမှုအရာကြိယာဖြစ်သော (ဝိသေသနအနက်)-ဟု နှစ်မျိုးအနက်ပေး။ ယင်းသို့ နှစ်မျိုးအနက်ပေးခြင်းကို တန္တနည်း အနက်ပေးခြင်း-ဟု နိယံဆရာတို့ဆိုသည်။

* ဘာဝရှေ့ပုဒ်၊ ဝိဂြိုဟ်ထုတ်၊ လိင်ဝုစ်မျှော်ထောက်တွေး။

* ယင်းသည့်နယ၊ ဝိဂ္ဂဟ၊ တန္တအမည်ပေး။ (**အာချာတ်သာမိ**)။

---

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-သံဝဏ္ဏနာဖြင့် အဟုဒေဝကို အဟု ဝေဟု ပဒစ္ဆေဒပြုရမည်။ (အဲန္တယ)။ အဟုံ ဧဝဟု ပဒစ္ဆေဒမပြုရ။ (ဇုတိရေက) ဟု သိစေသည်။ (သန္ဓိလိင်္ပဒ။)

ခ-ဝါကျဖြင့် အဟု ဝေဟု ပဒစ္ဆေဒပြုရခြင်း၏အကြောင်းကို သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျဖြင့်အဟုဌ် အဇ္ဇတနီ ဤ-ဝိဘတ်ကျေသည်-ကိုလည်းကောင်း[၁]၊ အဟူဟုဆိုလျက် ဦကို ဥ-ရဿပြုရမည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယဝိဘတ္တိပဒ၊ ၂။ ဘာဝတ္ထ။

**မှတ်ချက်။** ။အဟောသိဟူသော သံဝဏ္ဏနာနှင့်အညီ အဟု၊ ဖြစ်ပြီ-ဟု အနက်ယောဇနာရသည်။ ဤသို့သောအနက်ယောဇနာကို သိစေလိုသဖြင့်။ "အတ္ထော" ဟု အဋ္ဌကထာ၌ဆိုသည်။ ခေတ်ဝိဘတ်လဲလှယ်၍ ဖွင့်ခြင်းမဟုတ်သဖြင့် ခေတ္တတ္ထ, ဝိဘတျတ္ထအာဘောဘ်များ မဖော်နိုင်ပါ။ "မပေါ်လွှင်ရှပ်၊ ပေါ်လွှင်ပုဒ်၊ ဖွင့်ထုတ် ခေတ္တတ္ထ" ဟူသောအဆိုနှင့်ကား ဤ၌မညီဟုမှတ်။

ဃ-ဝါကျ၌ ပစ္စာနုတာပေ-ဖြင့် ကုက္ကုစ္စအရ အသံယတကုက္ကုစ္စ, ဝိနယကုက္ကုစ္စကိုမယူရ၊ ပစ္စာနုတာပလက္ခဏာရှိသော ကုက္ကုစ္စစေတသိက်ကို ယူရမည်ဟု သိစေသည်။ (အဘိမေယျတ္ထ။)

### ကုက္ကုစ္စအမျိုးမျိုး

၁၊ အကုသိုလ်စေတသိက်ကုက္ကုစ္စ=ပုံစံ-အဟုဒေဝကုက္ကုစ္စံ။

၂၊ အသံယတကုက္ကုစ္စ=(ကာယဝိညတ်) ပုံစံ-တတ္ထ ဟိ ကောဘိကုစ္စာယာဂိဟတ္ထကုက္ကုစ္စံ ဝါ ပါဒကုက္ကုစ္စံ ဝါ ခိပိတာသဒ္ဒေါ ဝါ နတ္ထိ။

http://www.dhammadownload.com


၃။ ဝိနယကုက္ကုစ္စ=ဝိနည်း၌သံသယဖြစ်မှု။ ပုံစံ—အာယသ္မတော သာရိပုတ္တဿ ကုက္ကုစ္စံ အဟောသိ။ ဝိ၊ ၁။

ဃ–ဝါကျ၌ အဲဗ္ဗှာစာရဟောတုကော-ဖြင့် နောင်တတဖန် ပူပန်ခြင်းကား လွန်ကျူး၍ ကျင့်ခြင်းလျှင် အကြောင်းရှိ၏ဟု သိစေသည်။ (ဘာဝတ္ထ။)

င–ဝါကျဖြင့် ဝိပ္ပဋိသာရဟူသည် ကုက္ကုစ္စ၏ အမည်၊ ဝါ–ဝိပ္ပဋိသာရ အရလည်း ကုက္ကုစ္စပင်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

စ–ဝါကျ၌ ကုစ္ဆိတကိရိယဘာဝတော-ဖြင့် ကတံ ပုဒ်ကို ကရဏံ ကတံဟု ဘာဝသာဓဝစနတ္ထပြုရမည်–ကိုလည်းကောင်း[1]၊ တ-ပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်–ကိုလည်းကောင်း[2]၊ ကုနိပါတ်ပုဒ်၏ ကုစ္ဆိတအနက် ဟောသည်–ကိုလည်းကောင်း[3]၊ ကုစ္ဆိတံ ကတံ ကုကတံဟု ကုနိပါတပုဗ္ဗပဒ ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်–ကိုလည်းကောင်း[4]၊ ကုက္ကုစ္စပုဒ်ကို ကုကတမေဝ ကုက္ကုစ္စံဟု သွဋ္ဌတဒ္ဓိတ် ဝစနတ္ထပြုရမည်–ကိုလည်းကောင်း[5]၊ ဏျ–ပစ္စည်း၏ သွတ္ထတဒ္ဓိတ်၌ သက်သည်–ကိုလည်းကောင်း[6] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ နိပါတလိင်္ဂတ္ထ။
၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၅။ အဘိဓာနတ္ထ။ ၆။ ပစ္စယတ္ထ။

မှတ်ချက်။ ။နေ့မတိနှင့် အဘိဓမ္မာဝါဒအရ အာဘော်ကို ၄–နိပါတ်ရှု၍ ကြံလေ။ ဤ၌ကား သာရတ္ထနှင့်အညီ အာဘော်ကို ဖော်ပြလိုက်သည်။

စ–ဝါကျ၌ ဝိညူဟိ·အကတ္တဗ္ဗတာယ-ဖြင့် ကုစ္ဆိတကိရိယာပုဒ်ကို ဘာဝသာဓန ဝစနတ္ထပြုရမည်–ကိုလည်းကောင်း[1]၊ ဣရိယပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်–ကိုလည်းကောင်း[2]၊ ကုစ္ဆိတ ကိရိယာဟူသည် ပညာရှိတို့ မပြုသင့်သော အမှုအရာတည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[3] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

ဆ–ဝါကျ၌ ပဋိစ္စ ဝိရူပံ သရဏဘာဝတော-ဖြင့် ဝိပ္ပဋိသာရေ၌ သာရော ပုဒ်ကို သရဏံ သာရော ဟု ဝစနတ္ထပြုရမည်–ကိုလည်းကောင်း[1]၊ ဏ–ပစ္စည်း၏ ဘာဝသာဓနေ-၌ သက်သည်–ကိုလည်းကောင်း[2]၊ ပဋိနှင့် သာရကို ပဋိစ္စ သာရော ပဋိသာရောဟု ပထမာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်–ကိုလည်းကောင်း[3]၊ ဝိနှင့်ပဋိသာရကို ဝိရူပံ ပဋိသာရော ဝိပ္ပဋိသာရော-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်–ကိုလည်းကောင်း[4] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။
၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။
၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ။ကတံ–လ–အာသမတ္ထတာယ-ဖြင့် ဘာဝတ္ထပြသည်။

F.26 A

http://www.dhammadownload.com



(၅) ပါဠိအဓိပ္ပာယ်

ဝိပ္ပဋိသာရော။ ဝိပဋိသာရော။ ။ ဝိပ္ပဋိသာရော ကား ဝိရှေ့+ပဋိရှေ့+သရဓာတ်+ဏပစ္စည်း။ ရဿကာရတော ပရံ-ဟူသော သန္ဓိစည်းကမ်းနှင့်အညီ ဝိ-ဟူသော ရဿအက္ခရာနောက်၌ ဖြစ်ခြင်း၊ ဒွေဘာဝဌာနဖြစ်သော ပဋိဥပ သာရရှိခြင်း ဤအင်္ဂါ နှစ်ပါးနှင့် ညီသောကြောင့် ပ-၌ ဒွေဘော်လာ၍ ဝိပ္ပဋိ သာရော ဟူသောပါဠိသာ သင့်သည်။ (ရူ ၄၀။)

ကုက္ကုစ္စံ။ ကုက္ကုစ။ ။ ကုကတ+ဏျ-ပစ္စည်း။ ဏ-အနုဗန်ချေ။ တ-ကို ယ-သို့ကပ်။ တျဖြစ်၏။ ယဝတံ-သုတ်ဖြင့် တျကို စ-ပြု။ "ယဝတံသုတ်၊ ပြီးပြယုဂ်၊ မုချဒွေဘော်လာမြဲတည်။" ဟူသော သဒ္ဒစည်းကမ်းအရ စ-ဒွေ ဘော်လာ။ ကုက်စ္စဟုဖြစ်၏။ က-၌ အ-ကို ဥပြု။ က-ဒွေဘော်လာ၊ ကုက္ကုစ္စ ဟုပြီးသည်။ သို့ဖြစ်၍ ကုက္ကုစ္စပါဠိ သင့်သည်။

(၆) နည်းနှင့် ဥပစာ

ကုက္ကုစ္စံ။ ။ အပေါင်းဖြစ်သော အသံယတကုက္ကုစ္စ၊ ဝိနယကုက္ကုစ္စ၊ ကုက္ကုစ္စ စေတသိက်တို့၏ ကုက္ကုစ္စံ အမည်ကိုအစိတ်ဖြစ်သော ကုက္ကုစ္စ စေတ သိက်၌ တင်စား၍ အစိတ်ဖြစ်သော ကုက္ကုစ္စ စေတသိက်ကို ကုက္ကုစ္စ ဟုဆိုသော ကြောင့် ဧကဒေသူပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ။ရုဠှီတွ။)

မှတ်ချက်။ ။ အကတ္တဗ္ဗတာယစသော ဘာဝနိမိတ်ပုဒ်တို့၌ တဗ္ဗနည်း ရသည်ကို သတိပြု။ တတုပစ္စယာဒိဝိဘာဂ ပြန်ကြည့်။

(က) အလာဘာ ဝတ မေတိ မယှံ ဝတ အလာဘာ။ (ခ) ယေ ဈာနာဒီနံ ဂုဏာနံ-လ-တေ မယှံ။ (ဂ) န အညဿာ တိ အဓိပ္ပာယော။ ဋ္ဌ။၁၈၂။

(၇) ဝါကျခွဲ

ခ-ဂ-ဝါကျကားဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပ။ ခ-ဝါကျ၌ ယေ-လ-အလာဘာ နမ ကား အနိယတ်။ တေ မယှံကား နိယတ်။ ဂ-ဝါကျကား ဗျတိရေက။ ထို-၍ ခ-ဝါကျကား အနွယ။

မှတ်ချက်။ ။ က-ဝါကျကို ခ-ဝါကျ အနိယတ် နိယတ်၊ အနွယ။ ဂ-ဝါကျ ဗျတိရေကဖြင့် ချဲ့ပြသည်ဟု မှတ်ပါ။

http://www.dhammadownload.com



## အာဘောဂနှင့် သံဝဏ္ဏနာ

က—ဝါကျ၌ မယှံ-ဖြင့် အလာဘာဝတ မေ၌ မေ-သဒ္ဒါသည် နာဝိဘတ်နှင့်တကွ အမှုသဒ္ဒါ၏ ကာရိယ မေ၊ ဆဋ္ဌီ သ-ဝိဘတ်နှင့်တကွ အမှုသဒ္ဒါ၏ ကာရိယ မေသဒ္ဒါ မဟုတ် (ဗျ။) စတုတ္ထီ သ-ဝိဘတ်နှင့်တကွ အမှုသဒ္ဒါ၏ ကာရိယ မေသဒ္ဒါတည်းဟု သိစေသည်။ (ဝိဘတ္တိ ပဒ သံဝဏ္ဏနာ။)

က—ဝါကျ၌ မယှံ ဝတ အလာဘာ—ဖြင့် မေ သဒ္ဒါ၏ ကိုယ်စားလှယ် မယှံ သဒ္ဒါကို အစစ္စွာထား၍ ဖွင့်သောကြောင့် ပါဠိတော်၌ မေပုဒ်ကို ရှေးဦးစွာ အနက်ယောဇနာရမည်ဟု သိစေသည်။ (သမ္ဗန္ဓ သံဝဏ္ဏနာ။)

(က) န ဝတ မေ လာဘာတိ—လ—ဂုဏာ။ (ခ) တေပိ နေဝ မယှံ-လ-မလီနတ္တာ။ ဋီ။ ၁၈၂။

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ပဋိလဒ္ဓါ-ဖြင့် လာဘာပုဒ်ကို လဘိတဗ္ဗာတိ လာဘာဟု ကမ္မသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[1]၊ ဏ-ပစ္စည်း၏ ကမ္မသာဓနနှင့် သက်သည်-ကိုလည်းကောင်း[2] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယ ပစ္စယတ္ထ။

က-ဝါကျ၌ ပဗ္ဗဇ္ဇ-လ-ဂုဏာဖြင့် လာဘာအရ သရုပ်၊ ဝါ-လာဘာ၏ ကံပုဒ်ကို သိစေသည်။ (အဘိဓေယျတ္ထ၊ ဝါ-ဘာဝတ္ထ။)

ခ-ဝါကျ၌ မယှံ-ဖြင့် မေသဒ္ဒါကား ကတ္တားအနက် ဆဋ္ဌီဝိဘတ်ဖြင့် ပြီးသတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ။)

ခ-ဝါကျ၌ အဇ္ဈာစာရမလီနတ္တာ-ဖြင့် န လာဘာ၏ အကြောင်းတည်း၊ ဝါ-နလာဘာကို ယင်းဟိတ်ထည့်၍ ဟေတာလက်ာရ ယောဇနာရမည်ဟု သိစေသည်။ (ဘာဝတ္ထ။)

## ပါဌဝိနိစ္ဆယ

ယမဟံ။ ယောဟံ။ ။ယံ တွံ ဝေ သွာကွာတေ-လ-စရိတုံ-ဟု ဆိုလတ္တံ့သော ပါဠိတော် စကားကို ထောက်၍လည်းကောင်း၊ ယံ တွန္တိ အာဒိမှိ ယေန ပါပေန တံ့—ဟူသော အဋ္ဌကထာ အဖွင့်ကို ထောက်၍ လည်းကောင်း၊ ယံ သဒ္ဒါ၏ နိပါတ်မျှသာ ဖြစ်သင့်သောကြောင့် လည်းကောင်း၊ သဗ္ဗနာမ် မဖြစ်သင့်သောကြောင့် လည်းကောင်း ယမဟံ ရှိသော ပါဌ်သာ သင့်သည်။ (ဤကား ပါရာ၊ ဂံ၊ သစ်၊ ဝါဒတည်း။)

http://www.dhammadownload.com



မှတ်ချက်။ ။ပါဠိတော်၌ သော တေနေ၀ ကုက္ကုစ္စေနာယ “သော” ဟူသော နိယတ်ကို ထောက်၍ ယော ဟူသော အနိယတ်ရှိသင့်၏။ ထိုဖြစ်၍ ယော ဟူသော အနိယတ်ဖြင့် ယော ဟံ ဟုရှိသောပါဠ်လည်း သင့်သည်ဟု မှတ်ပါ။ (နော မတိ။)

---

(က) ဗြဟ္မစရိယန္တိ သိက္ခတ္တယသင်္ဂဟိတံ မဂ္ဂ ဗြဟ္မစရိယံ။ (ခ) ကိသော အပဟောသိတိ-လ-အပွမံသလောဟိတော။ ဋ္ဌ။ ၁၇၂။

## ❀ အဲ့ဘော့ဂနှင့် သံ၀ဏ္ဏနာ

က-၀ါကျ၌ မဂ္ဂဗြဟ္မစရိယံ-ဖြင့် ဗြဟ္မစရိယအရ သာသနဗြဟ္မစရိယကို မယူရ၊ မဂ္ဂဗြဟ္မစရိယကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

က-၀ါကျ၌ သိက္ခတ္တယ သင်္ဂဟိတံ-ဖြင့် မဂ်သည် ကေစိတ္တက္ခဏိကတည်း။ ထိုဖြစ်၍ မဂ်ကို ကျင့်ဖွယ် မလို၊ မဂ်ရကြောင်း သိက္ခာသုံးပါးကိုသာ ကျင့်ဖွယ်လိုသည်ဟု သိစေသည်။ (ဘာ၀တ္ထ။)

---

## ❀ နည်းနှင့် ဥပစာ

ဗြဟ္မစရိယံ။ ။အပေါင်းဖြစ်သော သာသန ဗြဟ္မစရိယ, မဂ္ဂ ဗြဟ္မစရိယ တို့၏ ဗြဟ္မစရိယ ဟူသော အမည်ကို အစိတ်ဖြစ်သော မဂ္ဂဗြဟ္မစရိယ၌ တင်စား၍ အစိတ်ဖြစ်သော မဂ္ဂဗြဟ္မစရိယကို ဗြဟ္မစရိယ ဟုဆိုသောကြောင့် ကေဒေသျူပစာ၊ ၀ါ-သမုဒါယူပစာ။ (နေယျတ္ထ၊ ရုဠှီ။)

မှတ်ချက်။ ။ဤကား မဂ္ဂ ဗြဟ္မစရိယံ အဖွင့်နှင့် အညီ ဥပစာ။

တနည်း။ ။အကျိုးဖြစ်သော မဂ်တည်းဟူသော မြတ်သောအကျင့်၏ မဂ္ဂ ဗြဟ္မစရိယ ဟူသော အမည်ကို အကြောင်းဖြစ်သော သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး၌ တင်စား၍ အကြောင်းဖြစ်သော သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို မဂ္ဂဗြဟ္မစရိယ ဟု ဆိုသောကြောင့် ဖလူပစာ သဒ္ဒါ။ (အဝိနာဘာ၀နည်း။)

မှတ်ချက်။ ။သိက္ခတ္တယသင်္ဂဟိကံ ဟု ၀ိသေသန မ, ၍ ဖွင့်ရာ၌ အောက်ပါ ၀ိမတိ အဖွင့်နှင့်အညီ ဥပစာတင်ပုံတည်း။

† မဂ္ဂဗြဟ္မစရိယန္တိ မဂ္ဂပဒဋ္ဌာနသိက္ခတ္တယမေ၀ ဥပစာရတော ဝုတ္တံ တဿေ၀ ယာ၀ဇီဝံ စရိတဗ္ဗတ္တာ။ ၀ိမတိ၊ ၁။ ၁၀၂။

ခ-၀ါကျ၌ တနုကောဖြင့် ကိသသဒ္ဒါသည် ခေါင်းပါးခြင်း၊ ၀ါ-ပါးလျားခြားအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

http://www.dhammadownload.com


တနည်း။ ။ကိုယ်-သဒ္ဒါကား တနုကသဒ္ဒါ၏ ဝေဝုစ်စကားလုံး ပရိယာယ်တည်းဟု သိစေသည်။ (အဘိဓေယျတ္တ။)

မှတ်ချက်။ ။ခ-ဝါကျ၌ ကြွင်းပါဠိများဖြင့် ဘာဝတ္ထပြသည်။

---

(က) ဥပ္ပန္နာပုပ္ပန္နကဇာတတော်တိ-လ-သမ္ဗန္ဓိဘာဇေဂါ။ (ခ) ဓမ္မံ သန္တတဂတ္တော်တိ-လ-သန္တရိတဂတ္တော်။ (ဂ) အဇ္ဈောသမနေဝတိ အနုသော်စနဝသေန-လ-ဥဒ္ဒိတစိတ္တော်။ (ဃ) ဟဒယာဝတ္ထုံ နိဿာယ ပဝတ္တနဝသေန ပန သဗ္ဗေပိ အဇ္ဈောသမနာယေဝ။ ဋီ။ ၁၈၂။

## ဝါကျခွဲနှင့် ကျွမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၌ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၌ ခ-ဝါကျကား ပက္ခ။

ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၌ ဂ-ဝါကျကား အာရဒ္ဓ။

### ဃ-ဝါကျကျွမ်းတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် အဖန်တလဲလဲ စိုးရိမ်ခြင်း၏ အစွမ်းဖြင့် ရှင်သုဒိန်အား၊ အတွင်း၌သာလျှင် တည်သောစိတ်ရှိ၏ဟု ဆိုတော်မူ၏။ ရှင်သုဒိန်မှာသာ (ဝေအာဘော်။) အတွင်း၌တည်သောစိတ် ရှိပါသလော။ (သဗ္ဗေပိ ဟူသော အဖြေဝါကျကတ္တား၌ သမုစ္စည်း ပိသဒ္ဒါရှိသောကြောင့် "ရှင်သုဒိန်မှာသာလျှင်"ဟု ကတ္တား၌ ဝေအာဘော်ဆင်သည်။ အန္ဝယအာဘော်။) ရှင်သုဒိန်မှတပါးသော ပုဂ္ဂိုလ်တွေမှာကား အတွင်း၌တည်သောစိတ် မရှိပါသလော။ [သဗ္ဗေပိ အဇ္ဈောသမနာယေဝ ဟူသော တက်လတ္တံ့ဝါကျစကား၌ ပဋိသေဓ န-သဒ္ဒါ(မ-သဒ္ဒါ)ထည့်၍ အာဘော်ပြုသည်။] အဘယ်သို့ မှတ်သားရမည်နည်း-ကြောင့် ဃ-ဝါကျမိန့်။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ သဥ္စာတပုပ္ပန္နာပုပ္ပန္နကဘာဝေါ-ဖြင့် ဥပ္ပန္နာပုပ္ပန္နကသဒ္ဒါ၏ ဘာဝလောပ၊ ဝါ-ဘာဝပစ္စယနေ၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဥပ္ပန္နာပုပ္ပန္နက-ဇာတတော်ပုဒ်ကို ဥပ္ပန္နာပုပ္ပန္နကံ ဇာတံ အဿာတိ ဥပ္ပန္နာပုပ္ပန္နကဇာတတော်ဟု ဝိသေသနပရနိပါတ် စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။  ၂။ အဘိဓာနတ္ထ။  သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com


မှတ်ချက်။ ။ ဥပ္ပဏ္ဍုပ္ပဏ္ဍုကော (ဖျော့တော့သည်ထက်။) ဥပ္ပဏ္ဍု။ ဖျော့တော့သော အဆင်း။ ဝါ-အလွန်ဖျော့တော့သောအဆင်း။ ဥပ္ပဏ္ဍုပ္ပဏ္ဍု အဿအတ္ထီတိ ဥပ္ပဏ္ဍု ပ္ပဏ္ဍုကံ။ အဿ၊ ထိုခန္ဓာကိုယ်အား။ ဥပ္ပဏ္ဍုပ္ပဏ္ဍု၊ အလွန်ဖျော့တော့သော အဆင်း သည်။ အတ္ထိ၊ ၏။ ဣတိ တံ ဥပ္ပဏ္ဍုပ္ပဏ္ဍုကံ။ ဖျော့တော့သော အဆင်းရှိသော ခန္ဓာကိုယ်ရ၏။ သို့ခန္ဓာကိုယ်ရနေသဖြင့်၊ အဆင်းကိုရစေရန် ဘာဝလောပ၊ ဘာဝပ္ပဓာနကြံရသည်။ ယင်း ဘာဝလောပ၊ ဘာဝပ္ပဓာနပုဒ်ဟု သိစေလို၍ အဋ္ဌကထာ ၌ ဘာဝသဒ္ဒါဖြင့်ဖွင့်သည်။

က-ဝါကျ၌ ပဏ္ဍုပလာသပဋိဘာဂေါဖြင့် အဝိပ္ပါယတ္ထ အာဘော်ပြသည်။

အနက်ယောဇနာ။ ။ ဥပ္ပဏ္ဍုပ္ပဏ္ဍုကဇာတော၊ ဖက်ရွက်တရော်အတူ ဖြစ်သော အလန်ဖျော့တော့သော အဆင်းရှိသော ခန္ဓာကိုယ်၏အဖြစ် ရှိသော။ ဝါ-ဖက်ရွက်တရော်အတူ အလွန်ဖျော့တော့သော အဆင်းရှိသော။ (သုဒိန်။)

ခ-ဝါကျ၌ သန္ထရိတ-ဖြင့် သန္ထတ၌ သံပုဗ္ဗ ထရ ဓာတ်၏အဖြစ်ကိုလည်းကောင်း[၁]၊ သိရာဇာလေနေဝသန္ထရိတံ-ဖြင့်ဓမနိသဒ္ဒါသည်ရသဟံရဏီ=အရသာကိုဆောင်သောအကြော၊ အဋ္ဌိဗန္ဓနီ=အရိုးကိုဖွဲ့သောအကြောအနက်ကိုမဟော။ ဝါယုဝါဟိနီ=လေကိုဆောင်သော အကြောအနက်ကို ဟောသည်-ကိုလည်းကောင်း[၂]၊ သန္ထတ၌ တ-ပစ္စည်း၏ ကမ္မသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃]၊ သန္ထရိတဗ္ဗန္တိ သန္ထတံဟု ကမ္မသာဓနဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၄]၊ ဓမနိယာ သန္ထတံ ဓမနိသန္ထတံဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည် ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဒုတိယ ဓာတုပဒ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။ ၅။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ထရော အစ္ဆာဒနေ၊ ဘူ၊ ကီ။ ဓနေ။ ဓာတွာတ္ထသင်္ဂဟ။

မှတ်ချက်။ ။ ဓမနိသန္တတံ ဂတ္တံ အဿ သုဒိန္နဿတိ ဓမနိသန္တတ-ဂတ္တော -ဟုတွဲ။

အနက်ယောဇနာ။ ။ ဓမနိသန္တတဂတ္တော၊ လေကို ဆောင်တတ်သော အကြောဖြင့် ဖြန့်ခင်းအပ်သော ကိုယ်ရှိသော။ (သဒ္ဒတ္ထ။) ဝါ-အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိသော။ (အဝိပ္ပါယတ္ထ။)

http://www.dhammadownload.com


ဂ–ဝါကျ၌ အဇ္ဈတ္တရေယေဝ ဌိတစိတ္တော–ဖြင့် အန္တောသဒ္ဒါသည် နာမ်ပုဒ်မဟုတ်၊ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[1]၊ အန္တောပုဒ်၏ အဇ္ဈတ္တရအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[2]၊ အန္တောပုဒ်နောက်၌ သတ္တမီဝိဘတ် ကျေသည်ကိုလည်းကောင်း[3]၊ အန္တောပုဒ်နောက်၌ ဝေသဒ္ဒါကျေသည်ကိုလည်းကောင်း[4]၊ မန– သဒ္ဒါ၏ စိတ်အနက်ဟောသည်–ကိုလည်းကောင်း[5] အန္တောယေဝ ဌိတော မနော အဿာတိ အန္တောမနော ဟု တဂ္ဂုဏ သံဝိညာဏဘိန္နာဓိကရဏ မဇ္ဈေလောပီ စတု တ္ထိ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း[6] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။ ၃။ ဝိဘတ္တိပဒ။ ၄။ ဘာဝတ္ထ။
၅။ နာမလိင်္ဂတ္ထ။ ၆။ အဘိနေတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ။ အန္တောမနော၌ မနောပုဒ်ကို စိတ္တဟုဖွင့်လျှင် မနသဒ္ဒါ စိတ်အနက်ဟောသက်သက် ဖြစ်ကြောင်းဖွင့်ပြသည်ဟု ကြံရမည်။ ယခုမူ မနောကိုစိတ္တောဟု ဖွင့်သဖြင့် မနသဒ္ဒါ စိတ်အနက်ဟောရုံမျှမက ဗဟုဗ္ဗီဟိ ပုဒ်တစိတ်ဖြစ်သေးကြောင်းကိုလည်း သိစေသည်။ သို့ဖြစ်၍ ဗဟုဗ္ဗီဟိအာဘော်ထည့်သွင်း ဖော်ရသည်။ အန္တောကို အဇ္ဈတ္တရေ–ဟုဖွင့်ရာ၌ အန္တောပုဒ်၌ သို့ ဝိဘတ်ကျေကြောင်းသိရသည်။ဝိဘတ်ကျေသည်ကို သိရသဖြင့် အန္တောသဒ္ဒါ နိပါတ်ပုဒ်ဖြစ်ကြောင်း သိရပြန်သည်။ သို့ဖြစ်၍ နိပါတလိင်္ဂပဒ သံဝဏ္ဏနာ အာဘော်ဖော်သည်။

အနက်ယောဇနာ။ ။ အန္တောမနော၊ (အဖန်တလဲလဲ စိုးရိမ်ခြင်း၏ အစွမ်းဖြင့်) အတွင်း၌သာ တည်သောစိတ်ရှိသည်။ (အပြောသိ၌စပ်။)

---

## နည်းနှင့်ဥပစာ

အန္တောမနော။ ။ အစိတ်ဖြစ်သော စိတ်၏ မနောဟူသော အမည်ကို အပေါင်းဖြစ်သော စိတ်စေတသိက်၌ တင်စား၍ အပေါင်းဖြစ်သော စိတ်စေတသိက်ကို မနောဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ–အဝယဝူပစာ။ (ဥပလက္ခဏနည်း။)

---

(က) လီနမနောတိ ဥဒ္ဒေသေ–လ–အဝိပ္ပာယ်ကော။ (ခ) အည–ဒတ္တု ကောသဇ္ဇ–လ–လီနမနော။ (ဂ) ဒုက္ခီတိ စေတော ဒုက္ခေန ဒုက္ခီ။ (ဃ) ဒုမ္မနော တိ ဒေါသေန ဒုဋ္ဌမနော။ (င) ဝိရူပမနော ဝါ ဒေါမနဿဘိဘူတတာယ။ (စ) ပဇ္ဈာယီတိ–လ–တံတံစိန္တယီ။ ၄၅။ ၁၈၂။

http://www.dhammadownload.com

## အာဘောဂနှင့် သံဝဏ္ဏနာ

ခ-ဝါကျ၌ သက်ံစိတော-ဖြင့် လီနသဒ္ဒါသည် တွန့်ဆုတ်ခြင်း သက်ံစိတ အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမ-လိင်္ဂတ္ထ။)

ခ-ဝါကျ၌ လီနေ၁ မနော အဿ-ဖြင့် လီနမနောပုဒ်ကို ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

ဂ-ဝါကျ၌ စေတော ဒုက္ခေန-ဖြင့် ဒုက္ခိပုဒ်ဝယ် ဒုက္ခအရ စိတ်ဆင်းရဲမှု (စေတောဒုက္ခ) ကိုယူ၊ (အန္ဒယ၊) ကိုယ်ဆင်းရဲမှု (ကာယိကဒုက္ခ) ကို မယူရ (ဗျတိရေက) ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

က-ဝါကျ၌ ဒုဋ္ဌမနော-ဖြင့် ဒုမ္မနော၌ ဒု သဒ္ဒါသည် စက်ဆုပ်ခြင်း (ကုစ္ဆိတ) အနက်ကို မဟော၊ ဖျက်ဆီးခြင်း (ဒုဋ္ဌ) အနက်ကို ဟောသတည်းဟု သိစေသည်။ (ဥပဘာဂလိင်္ဂတ္ထ။)

င-ဝါကျ၌ ဝါသဒ္ဒါဖြင့် ဒု သဒ္ဒါ၏ အနက်တမျိုးကို လဲလှယ်ပြသည်ဟု သိစေသည်။ (ဘာဝတ္ထ။)

င-ဝါကျ၌ ဝိရူပမနော-ဖြင့် ဒုသဒ္ဒါသည် ဒုဋ္ဌအနက်ကိုသာ ဟောသည် မဟုတ်၊ ဖောက်ပြန်ခြင်း ဝိရူပအနက်ကိုလည်း ဟောသတည်းဟု သိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

**ဝိဂ္ဂဟ။** ။ပဌမဝိကပ်အလို "ဒုဋ္ဌော (ဒေါသသည်) ဖျက်ဆီးအပ်သော။ မနော အဿာတိ ဒုမ္မနော" ဟုပြု။ ဒုတိယဝိကပ်အလို "ဝိရူပေါ မနော အဿာတိ ဒုမ္မနော" ဟုပြု။

**အနက်ယောဇနာ။** ။ဒုမ္မနော (ဒေါသသည်) ဖျက်ဆီးအပ်သော စိတ်ရှိသော။ ဝါ-(ဒေါမနဿသည် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့်) ဖောက်ပြန်သော စိတ်ရှိသော။

စ-ဝါကျ၌ စိန္တယိ-ဖြင့် ပဇ္ဈာယိ၌ ပ-ဥပသာရ၏ အနက်မဲ့ (အနတ္ထက) ၏ အဖြစ်ကိုလည်းကောင်း[1]၊ ဈေဓာတ်သည် ဥဇ္ဈာနစသောအနက်ကို မဟော၊ ကြံစည်ခြင်း=စိန္တာအနက်ကို ဟောသည်-ကိုလည်းကောင်း[2] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ၊

ခ-ဝါကျ၌ တံတံ-ဖြင့် ပဇ္ဈိ၌ တံတံ ဟူသောကံပုဒ် ဖြည့်စွက်၍ အနက်ယောဇနာရမည်ဟု သိစေသည်။ တနည်း-ပဇ္ဈာယိ=ကြံမှိုင်၏-ဟူသည် ဟိုဟို ဒီဒီ ထိုထို ဤဤ အမှုအရာကြီးယာကို၊ ဝါ-ပြုဖွယ်ကို ကြံမှိုင်သတည်းဟု သိစေသည်။ တနည်း-ပဇ္ဈာယိ၌ ဈေဓာတ်၏ သကမ္မကကြိယာ ဖြစ်သော

ကြောင့် ယင်း၏ကိုကား တံတံ ပင်တည်း၊ ဝါ-တံတံ ဟူသော ကံပုဒ်ထည့်၍ စပ်ရမည်ဟု သိစေသည်။ (ဘာဝတ္ထ၊ ဝါ—သမ္ဗန္ဓ။)

စ-ဝါကျ၌ ဝဟစ္ဆိန္ဒော၀ိယဂဒြဘော-ဖြင့် ဥပမာလက်ာရယောဇနာကို ပြသည်။ (တံတံစိန္တယိဝ်စပ်၍ အာဘော်ဖော်လေ။) (ဘာဝတ္ထ။)

စ-ဝါကျ၌ ဝိပ္ပဋိသာရဝသေန-ဖြင့် ပါဋ္ဌိ၌ပါသော ဝိပ္ပဋိသာရရောပုဒ်ကား ဟေတုမန္တဝိသေသနပုဒ်ဖြစ်၍ ဝိပ္ပဋိသာရတ္တာဟု ဟိတ်ပြင်ကာ ဟေတာလက်ာရ အနက်ယောဇနာရမည်ဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ။ဝိပ္ပဋိသာရတ္တာ (ဟိတ်) ဝဟစ္ဆိန္ဒောဂဒြဘောဝိယ (ဥပမာ) တံတံ ပဇ္ဈာယိ စိန္တယိ။ (တဒုဘယာလက်ာရယောဇနာ။)

---

## ပါဠိဝိနိစ္ဆယ

**အဝိပ္ပဋိသာရိကော။အဝိပ္ပဋိသာရိကော။** ။သဒ္ဒနီတိ ဓာတုမာလာ၌ ဝိပ္ပရတိဟုရှိ၏။ ပျံ့နှံ့၏ဟု အနက်ပေးရမည်။ ဝိပုဗ္ဗ+ဖရဓာတ်+အပစ္စည်း+တိဝိဘတ်တည်း။ ယင်းကိုထောက်၍ ဝိပုဗ္ဗ ဖရဓာတ်+ဏပစ္စည်းဖြင့်ဆိုလျှင် "ဝိပ္ဖာရ"ဟု ရုပ်ပြီး၏။ ဝိပ္ဖာရ=ပျံ့နှံ့ခြင်းဟု အနက်ပေး။ ဝိပ္ဖာရော အဿ အတ္ထီတိ ဝိပ္ဖာရိကော။ ပျံ့နှံ့ခြင်းရှိ၏ဟု အနက်ပေး။ န ဝိပ္ဖာရိကော အဝိပ္ဖာရိကော၊ ပျံ့နှံ့ခြင်း မရှိဟု အနက်ပေး။ လီနမန=တွန့်ဆုတ်သောစိတ်ရှိသူကား ဥဒ္ဒေသ=ပါဠိသင်ခြင်း-လ-ဝတ်အကျင့်ဖြည့်ကျင့်မှုတို့၌ နိက္ခိတ္တဓုရ=တာဝန်မဲ့နေခြင်း၊ အဝိပ္ဖာရိက=ပျံ့နှံ့မှုမရှိ၊ ဝါ-ကြောင့်ကြစိုက်မှုမရှိဟု အဓိပ္ပာယ်ရသည်။ ဤသို့ သဒ္ဒအတ္ထ အဓိပ္ပာယတ္ထကို ထောက်၍ "အဝိပ္ဖာရိက"ပါဠိသာသင့်သည်။

**မှတ်ချက်။** ။သာရတ္ထဋီကာ၌ အဝိပ္ပာရိကောတိ ဥဒ္ဒေသာဒီသု ဗျာပါရ ရဟိတော အဗျာဝဋ္ဌောတိအတ္ထော-ဟု ဖွင့်သည်။ ဤသို့ ဖွင့်သည်ကား သဒ္ဒတ္ထ အဖွင့်မဟုတ်၊ အဓိပ္ပာယတ္ထ အဖွင့်သာတည်း။ ထို့ကြောင့် အဝိပ္ဖာရိကော၊ ပျံ့နှံ့ခြင်းမရှိ။ (သဒ္ဒတ္ထ။) အားထုတ်မှု အားစိုက်မှုမရှိ (အဓိပ္ပာယတ္ထ) ဟု အနက်ပေး။

### ဂဏ္ဌိသစ်ဝါဒ

အဝိပ္ပာရိကော၌ ဝိပုဗ္ဗ ပါရဓာတ်+ဏိကပစ္စည်း။ ဒုတိယက္ခရာ(ဖ)နှင့် ရှိ တတ်သည် မလိုဟု ပါရာ၊ ဂံ၊ သစ်။ ၂။ ၄၃၅-၌ ဆိုသေး၏။

**မှတ်ချက်။** ။ဂဏ္ဌိ ဆရာ ဆိုလိုသည်မှာ-ဝိပုဗ္ဗ ပါရဓာတ်ဖြင့် ဝိပ္ပာရဖြစ်၏။ ဏိကသက်၍ ဝိပ္ပာရိက ဟု ပြီးသည်။ န ဝိပ္ပာရိကော အဝိပ္ပာရိကော ဟု တွဲ။

F.27 A

http://www.dhammadownload.com

ယင်းဂဏ္ဌိဆရာကား ဗျာပါရ ရဟိတောအဖွင့်ကို ခေတ်ပြအဖွင့် ဟု ကြံ၍ ပါရခေတ်ဖြင့်ပြီးသော အဝိပ္ပာရိက ပါဌ်ကို အမှန်ဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်သည်။ သို့သော် ဝိပ္ပာရ၊ ဝိပ္ပာရိက ပုဒ်များ ပါဠိ၌ မတွေ့ရ။ သက္ကတ၌လည်း "ဝိဆွရ" (ဝိပ္ပာရ)ဟူသာ ရှိသည်။ သို့ဖြစ်၍ ဂဏ္ဌိ ဆရာဝါဒကို ဝါဒန္တရ ဟု သာမှတ်ရာ၏။

---

## နည်းနှင့် ဥပစာ

ဒုက္ခီ။ ။အပေါင်းဖြစ်သော စိတ်ဆင်းရဲမှုရှိသူ, ကိုယ်ဆင်းရဲမှုရှိသူတို့၏ ဒုက္ခိဟူသော အမည်ကို အစိတ်ဖြစ်သော စိတ်ဆင်းရဲမှုရှိသူ၌ တင်စား၍ အစိတ်ဖြစ်သော စိတ်ဆင်းရဲမှုရှိသူကို ဒုက္ခီ ဟု ဆိုသောကြောင့် ကေဒေသျူ ပစာ၊ ဝါ-သမုဒါယူပစာ။

မှတ်ချက်။ ။စေတောဒုက္ခေန အဖွင့်ကို ထောက်၍ ဥပစာတင်သည်။

## ဝိဂ္ဂဟမှတ်ဖွယ်

သင်္ဃာဋိကာ။ ။သင်္ဃာနံ သန္ဓိပတနံ သင်္ဃာဋာ။ သင်္ဃာဋာ ဧဝ သင်္ဃာဋိကာ။ (ပေါင်းစည်းစုဝေးခြင်း) ဂဏာသင်္ဃာဋိကာ ဂဏာသင်္ဃာဋိကာ။ ဂဏာသင်္ဃာဋိကာယ ဧဝ ပပဉ္စော ဂဏာသင်္ဃာဋိကာပပဉ္စော။-သာရတ္ထ၊ ၂။ ၁၅။

---

(က) ပီဏိန္ဒြိယောတိ-လ-ဏ္ဍန္ဒြိယော။ (ခ) သော ဒါနိ တွန္တိ ဧတ္ထ ဒါနီတိ နိပါတော။ (ဂ) သော ပန တွန္တိ ဝုတ္တံ ဟောတိ။ (ဃ) ကစ္စိ နော တွန္တိ ကစ္စိ နု တွံ။ ဋ္ဌ။ ၁၀၂။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၌ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ဝိတ္ထာရ။ ထို-၌ ခ-ဝါကျကား သခေ်ပ။

### ဂ-ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် သော ဒါနိတွံ၌ ဒါနိသဒ္ဒါကား (အနက်မရှိ)နိပါတ် ဟုဆို၏။ ယင်းသို့ ဒါနိသဒ္ဒါ အနက်မရှိ နိပါတ်မျှသာဖြစ်ဘိသော်. သော ဒါနိ တွံ ဟူသောပုဒ်၏ ပိဏ္ဍတ္ထ(ပဒပိဏ္ဍတ္ထ) အကျယ်ကို အဘယ်သို့ သိရမည်နည်း။ သော ဒါနိ တွံ ပုဒ်၏ ပိဏ္ဍတ္ထ အကျယ်ကို မဖွင့်ဆိုပြီလော-ကြောင့် ဂ-ဝါကျမိန့်။

* ဣတိ ဝုတ္တံ၊ ဟောတိစ်က၊ ပဒပိဏ္ဍတ္ထ ဝိတ္ထာရ။

F.27 B

ယ-ဝါကျ လျှဉ်းပါးတက်

ဆရာ၊ ဥပါလိမထေရ်သည် ကစ္စိ နေ့ တွံ့ဟု လျှောက်ဆို၏။ ယင်းစကား ရပ်၌ နေ့သဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း။ နေ့သဒ္ဒါသည် ပဋိသေဓ အနက်ကို ဟောပါသလော-ကြောင့် ကစ္စိ နု တွံ့ ဟူသော သံဝဏ္ဏနာ ကို မိန့်။

ကား-ကစ္စိ နု တွံ့ဟူသော သံဝဏ္ဏနာဖြင့် နေ့ သဒ္ဒါကား ပဋိသေဓအနက်ကို မဟော၊ နု သဒ္ဒါကဲ့သို့ ပုစ္ဆာအနက်ကို ဟောသတည်းဟု ငါ ပြဆို၏ ဟူလို။

† နေ့ သဒ္ဒေါပိ နုသဒ္ဒေါ ဝိယ ပုစ္ဆနတ္ထော တိ အာဟ "ကစ္စိ နုတွံ"န္တိ။ သာရတ္ထ၊ ၂။ ၁၅။

---

ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ပိဏ္ဍိန္ဒြိယော**။ ပီဏာနိ ဣန္ဒြိယာနိ ယဿ သုဒ္ဓိနီဿဘာတိ ပိဏ္ဍိန္ဒြိယော။ (တဂ္ဂုဏသံဝိညာဏ ဝတုတ္ထီ ဗဟုဗ္ဗီဟိ၊ ပီဏ+ဣန္ဒြိယ+ယ။)

ပီဏ ဣန္ဒြိယ အရ- ပြည့်ဖြိုးသော စက္ခုစသော ဣန္ဒြေတို့ ဖြပ်ရ။ ယင်းတို့၏ ရှင်သုဒိန်ဖြပ်နှင့် အစိတ်အပေါင်း စပ်။ ယ-အရ ပြည့်ဖြိုးသော စက္ခုစသော ဣန္ဒြေတို့ရှိသော ရှင်သုဒိန်ဖြပ်ရ၏။

---

အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ပရိပုဏ္ဏစက္ခုအာဒိဣန္ဒြိယော-ဖြင့် ပိဏ္ဍိန္ဒြိယော-၌ ပီဏ သဒ္ဒါသည် တပ်နှစ်သက်ခြင်းစသော အနက်ကို မဟော၊ ပြည့်ဖြိုးခြင်း (ပရိ ပုဏ္ဏ) အနက်ကို ဟောသည်-ကိုလည်းကောင်း¹၊ ဣန္ဒြိယ အရ စက္ခု စသော ဣန္ဒြေတို့ကို ယူရမည်-ကိုလည်းကောင်း² သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓေယျတ္ထ။

ကံ-ဝါကျ၌ ပသာဒ-လ-သမ္ပုဏ္ဏတ္တာဖြင့် ပသာဒရုပ်မည်သည် မူလပမာဏမှ အယုတ်အလွန် မည်သည် မရှိ၊ ပြည့်သော စက္ခုစသော ဣန္ဒြေရှိ၏ ဟူသည် ပသာဒ၏တည်ရာ သသမ္ဘာရကိုရည်၍ ဆိုသတည်းဟု သိစေသည်။(ဘာဝတ္ထ။)

ခ-ဝါကျ၌ နိပါတော-ဖြင့် ပါဠိတော်၌ တေရဟိသဒ္ဒါက "ဤအခါ" ဟူသော အနက်ကို ဟောလတ္တံ့ဖြစ်သောကြောင့် "ဒါနိ" သဒ္ဒါကား "ဤ အခါ"ဟူသောအနက်ကို မဟော၊ အနက်မဲ့(အနတ္ထက)နိပါတ်မျှသာတည်းဟု သိစေသည်။ (နိပါတလိင်္ဂပဒ။ နိပါတလိင်္ဂတ္ထ။)

† ဒါနီတိ ဣမဿ အတ္ထော တေရဟိ-သဒ္ဒေါ အတ္ထီတိ အာဟ ဒါနီတိ နိပါတော။ (သာရတ္ထ၊ ၂။ ၁၅။)

http://www.dhammadownload.com

**တနည်း။** ။ခ-ဝါကျ၌ နိပါတ်ဖြင့် ဒါနိသ ကား- နိပါတ်ပုဒ်မျှ သာတည်းဟု သိစေသည်။ (နိပါတလိင်္ဂပဒ။)

ဂ-ဝါကျ သော့ပနတွံ၌ ပန သဒ္ဒါဖြင့် ဒါနိသဒ္ဒါကား ပန သဒ္ဒါ၏ အနက်(အထူးဝိသေသ ဟူသော အနက်) ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

† ဒါနီတိ နိပါတော၊ ဣမ (ဤအရာ၌) ပနသဒ္ဒတ္ထေ (ပန သဒ္ဒါ၏ အထူးဟူသော အနက်၌။ ဒါနိ သဒ္ဒေါ၊ သည်။) ဝတ္တတိ၊ တက္ကာလဝါစိနော (ထို "ဤအခါ" ဟူသော အနက်ကိုဟောသော) တေရဟိ ပဒဿ ဝိသုံဝုစ္စမာနတ္တာတိ အာဟ သော ပန တွန္တိ။ ဝိမတိ၊ ၁။ ၁၀၂။

**မှတ်ချက်။** ။သာရတ္ထ အလို ပါဠိတော်၌ ဒါနိသဒ္ဒါကို အနက် မပေးရ။ ဝိမတိအလို ဒါနိ၊ အထူးကား-ဟု အနက်ပေး။

ဃ-ဝါကျ၌ နု-ဖြင့် ကစ္စိ နော တွံ၌ နောသဒ္ဒါကား ပဋိသေဓ အနက်ကို မဟော၊ ပုစ္ဆာအနက်ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

**မှတ်ချက်။** ။ဤကား သာရတ္ထအလိုအာဘော်။ ဃ-ဝါကျ ကျမ်းတက် ပြန်ကြည့်။

**တနည်း။** ။ဃ-ဝါကျ၌ နု-ဖြင့် နောသဒ္ဒါကား ပထမာ ဒုတိယာ တတိယာ စတုတ္ထီ ဆဋ္ဌီဝိဘတ်နှင့်တကွ အမှသဒ္ဒါ၏ ကာရိယ နာမ်ဖြစ်သော နောသဒ္ဒါ၊ ပုစ္ဆာ, အဝဓာရဏ, ပဋိသေဓ, ပဒပူရဏ အနက်ကို ဟောသော နိပါတ် "နော" သဒ္ဒါဟု နှစ်မျိုးရှိရာတွင် ဤ၌ နော သဒ္ဒါကား နာမ်ပုဒ် မဟုတ် နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း နိပါတ်သည် ပဋိသေဓ အနက်ကို မဟော၊ ပုစ္ဆာအနက်ကို ဟောသည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

**မှတ်ချက်။** ။ဤကား ပါရာ၊ ဂံ၊ သစ်။ ၂။ ၄၃၅-အာဘော်။

**တနည်း။** ။ဃ-ဝါကျ၌ နု-ဖြင့် နောသဒ္ဒါကား လောပဋ္ဌတတြာကာရော သုတ်၌ စ သဒ္ဒါဖြင့် နု-၌ ဥ-ချေ၊ ထိုကျေရာ၌ ဩလာ၍ နော-ဟု ရုပ်ပြီးသတည်း ဟူသော သန္ဓိအစီအရင်ကို၊ ဝါ-ကစ္စိနောကို ကစ္စိနုဟု ပဒစ္ဆေဒ ပြုရမည်ကို သိစေသည်။ (သန္ဓိလိင်္ဂပဒ။)

**မှတ်ချက်။** ။ဤကား ရွှေဥမင်နိသျအာဘော်။

## ပါဠိဝိနိစ္ဆယ

**ပိဏ္ဍိန္ဒြိယော။ ပိန္ဒြိယော။** ။ပိဏ္ဍ ပိဏ္ဍနေ ပိဏ္ဍနံ ပရိပုဏ္ဏတာ၊ ပိဏ္ဍော ရက္ခံသဗ္ဗာဟု။ သဒ္ဒနီတိ ဓာတုမာလာ၌ ပရိပုဏ္ဏ အနက်ဟောရာဝယ် မုဒ္ဓဇ ဏနှင့်

ပီဏာခေတ် ရှိသောကြောင့်လည်းကောင်း၊ သမ္ပုဏ္ဏတ္တာဟု အဋ္ဌကထာဖွင့်သော ကြောင့်လည်းကောင်း မုဒ္ဒဇ ဏနှင့် ပီဏိန္ဒြိယောပါ ငြှသာသင့်သည်။

မှတ်ချက်။ ။ထောမ-၌ ပီန သမ္ပန္နေ စ ဟု ဒန္တဇ န-နှင့်ဖွင့်သည်။ သက္ကတ အလို ပီနိန္ဒြိယသင့်သည်။

## နည်းနှင့် ဥပစာ

**ပီဏိန္ဒြိယော**။ ။ဌာန နိဿယ မဟာဘုတ်ဖြစ်သော ပသာဒ၏ တည်ရာ အရပ်၏ ပီဏာဟူသောအမည်ကို ဌာနီနိဿိတ ဥပါဒါရုပ်ဖြစ်သော စက္ခုစသော ဣန္ဒြေ၌တင်စား၍ ဌာနီ နိဿိတ ဥပါဒါရုပ်ဖြစ်သော စက္ခုစသော ဣန္ဒြေကို ပီဏာဟု ဆိုသောကြောင့် ဌာနူပစာ။

ဌာန နိဿယ မဟာဘုတ်ဖြစ်သော ပသာဒ၏တည်ရာအရပ်ကို ပီဏာ-ဟု ဆိုသဖြင့် ဌာနီ နိဿိတ ဥပါဒါရုပ်ဖြစ်သော စက္ခုစသော ဣန္ဒြေကိုလည်း ရသောကြောင့် နာနန္တရိကနည်းမည်၏။

### ဥပစာဖြစ်လာပုံ

က-ပီဏိန္ဒြိယောတိ ပသာဒပတိဋ္ဌာနောကာသဿ သမ္ပုဏ္ဏတ္တာ ပရိပုဏ္ဏစက္ခု အာဒိ ဣန္ဒြိယော။ ဝိ၊ ဋ္ဌ၊ ၁။ ၁၈၂။

ပသာဒဿ ပမာဏတော ဦနာဓိကတ္တာ၊ သဗ္ဗဒါ သဗ္ဗေသံ နတ္ထီတိ အာဟ။ ပသာဒပတိဋ္ဌာနောကာသဿ သမ္ပုဏ္ဏတ္တာတိ။ သာရတ္ထ၊ ၂။ ၁၅။

ဥပါဒါရူပံ ဘူတရူပမုခေနေဝ မဒ္ဒနံ ပီဏနဉ္စ ဟောတီတိ အာဟ ပသာဒ ဣစ္စာဒိ။ ဝိမတိ၊ ၁။ ၁၀၂။

ခ-ပီဏိန္ဒြိယာတိ ပဉ္စဟိ ပသာဒေဟိ အဘိနိဝိဋ္ဌောကာသဿ ပရိပုဏ္ဏတ္တာ မနစ္ဆဋ္ဌာနံ ဣန္ဒြိယာနံ အဓိကတဘာဝေန ပီဏိန္ဒြိယာ။ ဝိ၊ ဋ္ဌ၊ ၂။ ၇၄။

ယသ္မာ ဣန္ဒြိယာနံ ဦနတ္တံ ဝါ ပူရဏတ္တံ ဝါ နတ္ထိ၊ တသ္မာ အဘိနိဝိဋ္ဌော- ကာသဿ ပရိပုဏ္ဏတ္တာတိ ဝုတ္တံ။ သာရတ္ထ၊ ၂။ ၂၇၉။

ယသ္မာ ဣန္ဒြိယာနံ ဥပါဒါရူပတ္တာ နိဿယဝသေနေဝ ပီဏနတ္တံ အာဟ အဘိနိဝိဋ္ဌောကာသဿ ပရိပုဏ္ဏတ္တာတိ။ ဝိမတိ၊ ၁။ ၂၀၄။

က-မှတ်ပြ ဋ္ဌ-ဋီတို့အလို -ပီဏိန္ဒြိယော၌ ပီဏာဟူသည်(ပသာဒပတိဋ္ဌာနော ကာသ=)ပသာဒ၏တည်ရာ ဘူတရုပ်၏နာမည်၊ ဝါ-အနက်ဖြစ်သည်။ ဥပါဒါ ရုပ်ဖြစ်သော ပသာဒရုပ်၊ ဝါ-ဣန္ဒြိယရုပ်၏နာမည်မဟုတ်၊ ဝါ-အနက်မဟုတ်- ဟု သေချာစွာမှတ်သားပါ။

http://www.dhammadownload.com

ခ-မှတ်ပြ ဋ္ဌ-ဋ္ဌိတို့အလို က-မှတ်ပြ ဋ္ဌ-ဋ္ဌိတို့ထက် ထူးထူးခြားခြားဖွင့်သည်မှာ "နိဿယဝသေန"ဟူသောစကားရပ်ပင်တည်း။ သို့ ထူးခြားသောစကားရပ်ဖြင့် က-မှတ်ပြ ဋ္ဌ-ဋ္ဌိတို့၏ စကားရပ်သည် ပို၍ပင် ပေါ်လွင်သွားသည်။ မည်သို့ ပေါ်လွင်သွားသနည်း။ ပီဏ-ဟူသောနာမည်သည် ဉိဿယ ဌာန ဘူတရုပ်၏ နာမည်ဖြစ်သည်။ နိဿိတ ဌာနီ ဥပါဒါရုပ်၊ ဝါ-ဣန္ဒြိယရုပ်၏ နာမည်ရင်း မဟုတ်၊ ဥပစာနာမည်ဖြစ်ကြောင်း ပို၍ထင်ရှားပေါ်လွင်သွားသည်။

အဆိုပါ ဋ္ဌ-ဋ္ဌိတို့ကို ထောက်၍ ပီဏ—ဟူသောပုဒ်တစ်တွင်၌ အထက်ပါ အတိုင်း ဥပစာတင်ရဘေသည်။

## ဥပစာဖွင့်ပုံ

ဋ္ဌ-ဋ္ဌိတို့၌ နိဿယဝသေနဟု ဖွင့်လျှင် အဖွင့်ခံပုဒ်၌ ဌာနူပစာ, နာနန္တရိက နည်း ရသည်။ နိဿိတဝသေနဟုဖွင့်လျှင်ကား ဌာန္ယူပစာ၊ အဝိနာဘာဝနည်း ရသည်ဟု မှတ်ပါ။

## ဝါဒန္တရမှတ်ဖွယ်

**ပီဏိန္ဒြိယော**။ ။ဌာနီ နိဿိတ ဥပါဒါရုပ် ဖြစ်သော စက္ခုစသော ဣန္ဒြေ၏ ဣန္ဒြိယ ဟူသောအမည်ကို ဌာန နိဿယ ဘူတရုပ် ဖြစ်သော ပသာဒ၏ တည်ရာအရပ်၌ တင်စား၍ ဌာန နိဿယ ဘူတရုပ်ဖြစ်သော ပသာဒ၏ တည်ရာအရပ်ကို ဣန္ဒြိယဟု ဆိုသောကြောင့် ဌာန္ယူပစာ။ အဝိနာဘာဝနည်းမည်၏-ဟု အချို့ဆရာတို့ကြံကြသေးသည်။ မိမိကား နိဿယ ဝသေန အဖွင့်ကို ထောက်၍ ဌာနူပစာသဒ္ဒါကိုသာ ပို၍ နှစ်သက်သည်။

**အနက်ယောဇနာ**။ ။ပီဏိန္ဒြိယော၊ ပြည့်ဖြိုးသော ပသာဒ၏တည်ရာ အရပ်ရှိ၏။(မုချတ္ထ။) ဝါ-ပြည့်ဖြိုးသော စက္ခုစသော ဣန္ဒြေရှိ၏။(ဥပစာရတ္ထ။) ဤကား ပထမနည်း အလို။

**တနည်း**။ **ပီဏိန္ဒြိယော**။ ။ပြည့်ဖြိုးသော စက္ခုစသော ဣန္ဒြေရှိ၏။ (မုချတ္ထ။) ဝါ-ပြည့်ဖြိုးသော ပသာဒ၏ တည်ရာအရပ်ရှိ၏။ (ဥပစာရတ္ထ။) ဤ ဒုတိယ ဝါဒန္တရအလို။

မှတ်ချက်။ ။ပထမနည်းနှင့် ဒုတိယနည်းတို့ ပြောင်းပြန် ဖြစ်နေသည်ကို သတိပြု။

---

(က) အတ္ထိ မေ ပါပကမ္မံ ကတန္တိ—လ—အတ္ထိ။ (ခ) ဥပလဒ္ဓတိ။ (ဂ) သံဝိဇ္ဇတိ။ (ဃ) ဆာဘိမုခံ ဝိယ မေ တိဋ္ဌတိ။ ဋ္ဌ။ ၁၈၃။

http://www.dhammadownload.com



## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ မယာ-ဖြင့် မေ သဒ္ဒါသည် စတုတ္ထီ ဆဋ္ဌီ သ-ဝိဘတ်နှင့်တကွ အမှသဒ္ဒါ၏ ကာရိယ မဟုတ်၊ နာဝိဘတ်နှင့်တကွ အမှ သဒ္ဒါ၏ ကာရိယတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ။)

က-ဝါကျ၌ မယာကတံ-ဖြင့် မေ ကို ကတံပုဒ်၌ စပ်ရမည်ကို လည်းကောင်း[၁]၊ တတိယာ နာဝိဘတ်၏ အဝုတ္တကတ္တားအနက် ဟောသည်-ကိုလည်းကောင်း[၂]၊ ကတ၌ တ-ပစ္စည်း၏ ကမ္မသာဓနေ၌သက်သည်-ကိုလည်းကောင်း[၃]၊ ကရီယိတ္ထာတိ ကတံ ဟု ကမ္မသာဓန ဝဇနတ္ထပြုရမည်-ကိုလည်းကောင်း[၄] သိစေသည်။

၁။ သမ္ဗန္ဓ။　၂။ ဝိဘတျတ္ထ၊　၃။ ဒုတိယပစ္စယတ္ထ၊　၄။ အဘိဓာနတ္ထ။

က-ဝါကျ၌ ကတံ ကော် ပါပကမ္မံ အတ္ထိ-ဖြင့် ပါဠိတော်၌ ကတံကား ပါပကမ္မံ၏ ဝိသေသန အဖြစ်ကိုလည်းကောင်း[၁]၊ ပါပကမ္မံကို အတ္ထိ၌ ကတ္တား စပ်ရမည့်အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ ၂။ သမ္ဗန္ဓ။

### ခါတွတ္ထအာဘောဂ်ဖော်နည်း

ခါတွတ္ထပသင်္ကရှိရာ၌ ဖြစ်စေ၊ ဥပသာရနိပါတ်တို့ဖြင့် ချောက်၍ ဖွင့်ရာ၌ ဖြစ်စေ ခါတွတ္ထအာဘောဂ်ဖော်ရသည်။ ရှင်းဦးအံ့။

ခါတွတ္ထပသင်္ကဆိုသည်မှာ ခါတ်တလုံးတည်းက အနက်အမျိုးမျိုးကို ဟော ဆိုနိုင်ရာတွင် မည်သည့် အနက်ကို ဟောမှန်း မရေမရာဖြစ်နေခြင်း၊ ဤအနက်ကိုများ-ဟောလေသလားဟု သံသယ ဖြစ်ခြင်းမျိုးတည်း။

ဥပမာ—ဟန ဟိံသာဂတီသု ဟု ခါတ်ကျမ်းအရ ဟနခါတ်သည် ဟိံသာ= ညှဉ်းဆဲခြင်း, ဂတိ=လားခြင်းအနက် ၂-မျိုးကို ဟောနိုင်ရာ ဟန္တိ-ဟုသာ ဆိုက ဟိံသာ အနက်ကို ဟောသလော၊ ဂတိအနက်ကို ဟောသလော-ဟု သံသယဖြစ်ဖွယ်ရှိသည်။ ယင်းသို့ သံသယ ဖြစ်ဖွယ်ရှိခြင်းမျိုးကို ခါတွတ္ထပသင်္က (ခါတ်နက်ခြင်း ကပ်ငြိမှု) ဟု ဆိုသည်။ ဟန္တိတိ ဂစ္ဆတိဟု ဖွင့်ပြသဖြင့် ဟနခါတ်သည် ဂတိ အနက်ကို ဟောသည်၊ ဟိံသာ အနက်ကိုမဟော—ဟု သိရသည်။ ယင်းသို့ ခါတွတ္ထ ပသင်္က-ရှိရာ၌ ယင်းပသင်္ကကို ပယ်ရန် ဖွင့်သော အဖွင့်ကိုသာ ခါတွတ္ထ အာဘောဂ်ဖော်ရသည်။ သို့မဟုတ်လျှင် ခါတ်ချင်း လဲလှယ်၍ ဖွင့်စေကာမူ ခါတွတ္ထ အာဘောဂ် မဖော်ရချေ။

ခ—ဝါကျဖြင့် အတ္ထိကို ဥပလဗ္ဘတိဟု ဖွင့်ရာဝယ် အတ္ထိ-၌ အသခါတ်သည် ဘုဝိ-အနက်ကိုသာ ဟောသည်။ လဘာန အနက်ကိုမဟော၊ ခါတွတ္ထ-

http://www.dhammadownload.com



ပသင် မရှိ။ သို့ဖြစ်၍ ဥပလဗ္ဘတိ-ဖြင့် အတ္ထိ၌ အသ-ဓာတ်သည် ရှိခြင်းအနက်ကိုဟောသည်ဟု ဓာတွတ္ထ အာဘော်မဖော်ရချေ။

## ကမ္မရုပ် အဖွင့်

အတ္ထိဟူသော ကတ္တုရုပ်ကို ဥပလဗ္ဘတိဟု ကမ္မရုပ်ဖြင့် ဖွင့်ရာဝယ် (က)ယင်းသို့ ဖွင့်ရိုးထုံးစံ ရှိပါသလော၊ (ခ) ယင်းသို့ဖွင့်သဖြင့် မည်သို့သော အဓိပ္ပာယ်ကို သိစေလိုပါသနည်း ဟု ဆိုလျှင် (က) အတ္ထီတိ ဝိဇ္ဇတိ၊ ပရမတ္ထတော ဥပလဗ္ဘတိ။ ဥဒါန၊ ဋ္ဌ။ ၃၅၂။ အတ္ထီတိ အာဝသံ ဥပလဗ္ဘတိ။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၉၁။ စသည့် အဖွင့်များကို ထောက်၍ ယင်းသို့ ဖွင့်ရိုးထုံးစံရှိကြောင်း သိနိုင်သည်။ (ခ) ယင်းသို့ဖွင့်သဖြင့် ဤ အတ္ထိကား ယခုရှိဆဲ သမီပပစ္စုပ္ပန် မျိုး မဟုတ်။ (မေ ကတံ ပါပကမ္မံ အတ္ထိ-ဟု ဆိုရာ ယင်းကံ ယခုရှိဆဲ မဟုတ်။) သို့သော် မကောင်းမှုကံ၏ အကျိုးဆက်ကိုကား အမြဲရလျက်ရှိ၏ ဟူသော နိစ္စပဝတ္တိ ပစ္စုပ္ပန်မျိုး တည်းဟူသော အဓိပ္ပာယ်ကို သိစေလိုသဖြင့် ဥပလဗ္ဘတိ—ဟု ဖွင့်သည်။ ထို့ကြောင့် အောက်ပါအတိုင်း အာဘော် ဖော်ရမည်။

ခ-ဝါကျ ဥပလဗ္ဘတိ-ဖြင့် အတ္ထိကား သမီပ ပစ္စုပ္ပန်ကြိယာမျိုး မဟုတ် နိစ္စပဝတ္တိ ပစ္စုပ္ပန်ကြိယာမျိုးဟု သိစေသည်။ တနည်း-အတ္ထိရှိ၏ဟူသည် ပြုအပ်သော ကံကား ယခုရှိနေသည်မဟုတ်၊ သို့သော် ယင်းကံ၏ အကျိုးကိုကား ရလျက်ရှိ၏ဟု သိစေသည်။ (ဘာဝတ္ထ။ တနည်း-ဘာဝတ္ထ။)

ဂ-ဝါကျ သံဝိဇ္ဇတိ-ဖြင့် ရအပ်၏ဟူသည် အမြဲထင်ရှားရှိခြင်းပင်တည်း။ ဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျဖြင့် မကောင်းမှုကံရှိ၏ ဟူသည်၊ အာရုံ၏အဖြစ်ဖြင့် စိတ်၌ အဖန်တလဲလဲ ဖြစ်ပေါ်နေသတည်း—ဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ။ဤကား သာရတ္ထဋီကာ အာဘော်တည်း။ အဋ္ဌကထာပါဠ်လျှောက်အတိုင်းလည်း ဘာဝတ္ထ အာဘော် ဖော်နိုင်သည်။ အဘိမုခံ ဝိယ ဒိဿတိ ဝိယ သဒ္ဒါကား သမ္ဘာဝိတ္တုန္တံ ဝိယဥ္စ ဝိယသဒ္ဒါကဲ့သို့ ဥပရိက္ခာဇောတကတည်း။ ယင်း ဝိယသဒ္ဒါဖြင့် တဒ္ဓမ္မူပစာပြသည်ဟု မှတ်။

## ဥပစာမှတ်ဖွယ်

**အဘိမုခံ။** ။ထင်ရှားရှိသော ပုဂ္ဂိုလ်သတ္တဝါတို့၏ ရှေ့ရှုခြင်း (မျက်နှာမူ) ၏ အဘိမုခံဟူသောအမည်ကို ထင်ရှားမရှိသော မကောင်းမှုကံ၏

http://www.dhammadownload.com


ရှေးရှုခြင်း (မျက်မှောက်)၌ တင်စား၍ ထင်ရှားမရှိသော မကောင်းမှုကံ၏ ရှေးရှုခြင်း (မျက်မှောက်) ကို အဘိမုခံဟု ဆိုတော်ကြောင့် တဒ္ဓမ္မပြစ်ဓာ မည်၏။

---

(က) အလံ ဟိ တေ-လ-အလံ သမတ္တံ ကုက္ကုစ္စာယ။
(ခ) ပဋိဗလံ ကုက္ကုစ္စံ ဥပ္ပါဒေတုန္တိ ဝုတ္တံ ဟောတိ။ (ဂ) ယံ တွန္တံ အာဒိမှို ယေန ပါပေန တွံ။ ဌ။ ၁၀၃။

## ⊛ အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ သမတ္တံ-ဖြင့် အလံ သဒ္ဒါသည် အလင်္ကာရော၌ အလံသဒ္ဒါ ကဲ့သို့ ဘူသန=တန်ဆာဆင်ခြင်းအနက်၊ အလံ မေ ဟိရညသုဝဏ္ဏေန၌ ကဲ့သို့ ပဋိက္ခိတ္တ=ပယ်ခြင်းအနက်ကို မဟော၊ သမတ္တ (ပရိယတ္တ)=စွမ်းနိုင်ခြင်းအနက် ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

### အလံသဒ္ဒါ၏အနက်များ

† ပဋိက္ခေပ, နိရတ္ထက, ဘူသန, ယုတ္တတ္ထ။ (မအူသျှ။)
† ဘူသနေ ဝါရဏေစာလံ ဝုစ္စတေ ပရိယတ္တိယံ။ (ဓာန်။ ၁၁၉၀။)
† အလမိတိ အရဟတိ ပဋိက္ခိတ္တေသု။ (ကစ္စည်း။)

က-ဝါကျ၌ တုယှံ-ဖြင့် တေ-သဒ္ဒါကား စတုတ္ထီ သ-ဝိဘတ်, တတိယာ နာ-ဝိဘတ်နှင့်တကွ တုမှသဒ္ဒါ၏ ကာရိယမဟုတ်၊ ဆဋ္ဌီ သ-ဝိဘတ်နှင့်တကွ တုမှ သဒ္ဒါ၏ ကာရိယတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ။)

က-ဝါကျ၌ တေံ ပါပကမ္မံ-ဖြင့် ယင်း ပါပကမ္မဟူသည် အတ္ထိ မေ ပါပကမ္မံ၌ ပြဆိုခဲ့ပြီးသော သုဒိန်ပြုခဲ့သော ကံပင်တည်း-ဟု သိစေသည်။ (ဘာဝတ္ထ။)

**တနည်း။** ။က-ဝါကျ၌ တေံ ပါပကမ္မံ-ဖြင့် တေဟူသော သမ္ဗန်ပုဒ်ကို ပါပကမ္မံ ဟူသော ရှေ့ဝါကျမှ လိုက်လာသော သမ္ဗန္ဓိပုဒ်၌ စပ်ရမည်ဟု သိစေ သည်။ (သမ္ဗန္ဓ။)

က-ဝါကျ၌ အာဝုသော သုဒိန္န-ဖြင့် ယင်းအာလုပ်ပုဒ်ကို ရှေးဦးစွာ အနက်ယောဇနာရမည်ဟု သိစေသည်။ (သမ္ဗန္ဓ။)

က-ဝါကျ သံဝဏ္ဏနာ၌ ဟိသဒ္ဒါကို ဟီတိ သစ္စံ စသည် ဖွင့်မပြဘဲ ချန် လှပ်ထားသဖြင့် ဟိသဒ္ဒါကား အနက်မဲ့ (အနတ္ထက) တည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

ခ-ဝါကျ၌ ပဋိဗလံ-ဖြင့် သမတ္ထ သဒ္ဒါသည် ပဋိဗလ (စွမ်းနိုင်ခြင်း) အနက်ကို ဟောသတည်း ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

F.28 A

http://www.dhammadownload.com



**တနည်း။** ။ခ-ဝါကျ၌ ပဋိဗလံ-ဖြင့် သမတ္ထသဒ္ဒါကား ပဋိဗလသဒ္ဒါ၏ ဝေဝုစ်, စကားလှယ် မရှိယာယ်တည်း ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ ကုက္ကုစ္စံ ဥပ္ပာဒေတုံ-ဖြင့် ကုက္ကုစ္စာယ-၌ အာယသဒ္ဒါသည် တတိယာ နာဝိဘတ်၏ ကာရိယ မဟုတ်၊ စတုတ္ထီ သ-ဝိဘတ်၏ ကာရိယ၏ အဖြစ်ကို လည်းကောင်း[၁]၊ ယင်း စတုတ္ထီ သ-ဝိဘတ်သည် တဒတ္ထသမ္ပဒါန်၌ အနက်၌မသက်၊ တုမတ္ထသမ္ပဒါန် အနက်၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတ္တိပဒ။ ၂။ ဝိဘတျတ္ထ။

**မှတ်ချက်။** ။ငွါ၊ ၁၂၈-၁၃၂-တို့၌ တဒတ္ထာယ, တဒတ္ထံ ဟု ဖွင့်ပြသည်ကား စတုတ္ထီ သ-ဝိဘတ် တဒတ္ထ သမ္ပဒါန် ဟု သိစေသည်။ ဤ တုံ ပစ္စည်းဖြင့် ဖွင့်ပြရာ၌ကား တုမတ္ထသမ္ပဒါန်ကို ပြသည် ဟုမှတ်။ ပါ+ဖြေ။ ပထမ၊ ၁၄၃-ကြည့်။

ဂ-ဝါကျ၌ ယေန-ဖြင့် ယံ သဒ္ဒါ၏ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း နိပါတ်၏ ဟိတ်အနက်၌ သက်သည်ကိုလည်းကောင်း[၂]၊ တနည်း-ယေန-ဖြင့် ယံ၌ ပထမာဝိဘတ်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ယင်း ပထမာဝိဘတ်၏ ကရိုဏ်းအနက်၌ သက်သည်-ကိုလည်းကောင်း[၄]၊ (သဒ္ဒရတ္ထ၊ ၂။ ၁၆-အာဘော် နှစ်ချက်။) ပါပေနဖြင့် ယံနိပါတ်၏ ပါပအနက်ကို ဟောသည်-ကိုလည်းကောင်း[၅]၊ တနည်း-ယံသဒ္ဒါ ပါပအနက်ကိုစွဲသည်-ကိုလည်းကောင်း[၆] သိစေသည်။

၁။ နိပါတလိင်္ဂပဒ၊ ၂။ နိပါတလိင်္ဂတ္ထ။တနည်း- ၃။ ဝိဘတ္တိပဒ။
၄။ ဝိဘတျတ္ထ၊ ၅။ နိပါတလိင်္ဂတ္ထ၊ ၆။ သမ္ဗန္ဓာမလိင်္ဂတ္ထ။

**အနက်ယောဇနာ။** ။ယံ၊ အကြင် မကောင်းမှုကံကြောင့်။ တနည်း-မကောင်းကံဖြင့်။

## သမ္ဗန္ဓော မှတ်ဖွယ်

ဝေ သမ္ဗန္ဓော ဝေဒိတဗ္ဗော ဟု ဖွင့်ရခြင်းကား-ပါဠိတော်၌ နိယတ်(တ) သဒ္ဒါ ရှေ့ကနေ၍ အနိယတ် (ယ)သဒ္ဒါ နောက်ကနေသောကြောင့် အနိယတ် နိယတ် အစဉ်ကျအောင် ရှေ့နောက်ပြန်၍ အနက်ပေးစေလိုသဖြင့် ယင်းသို့ ဝေ စသည် ဖွင့်ပြရသည်။ ဘုရားကြီး နိဿယ၊ ၁-ကြည့်။

http://www.dhammadownload.com


(က) အထ နံ အနုသာသန္တော-လ-အာဒိမာဟံသု။ (ခ) တတ္ထ နန္ဒတို -လ-နိပါတော။ (ဂ) အနေကပရိယာယေနာတိ အနေကကာရဏေန။ (ဃ) ဝိရာဂါယာတိ ဝိရာဂတ္ထာယ။ နော သရာဂါယာတိ နော ရာဂေန ရဉ္ဇနတ္ထာယ။ (င) ဘဂဝတာ ဟိ ဣမံ မေ ဓမ္မံ သုတွာ -လ-တိ အဓိပ္ပာယော၊ (စ) သေ နယော သဗ္ဗပဒေသု။ (ဆ) ဣတ္ထံ ပနေတ္ထ ပရိယာယ ဝစနမတ္တံ။ ဋ္ဌ။ ၁၇၃။

## ❁ ဝါကျခွဲနှင့် ကျမ်းတက်

ခ–စသော ဝါကျကား အဝယဝတ္ထဝါကျ၊ ဝါ–ဝိတ္ထာရဝါကျ။ ထို–၍ က ဝါကျကား အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ ဝါကျ၊ ဝါ–သင်္ခေပဝါကျ။

ဂ–ဝါကျကား ပက္ခန္တရ။ ထို–၍ ခ–ဝါကျ ပက္ခ။

## ဂ–ဝါကျလျဉ်းပါးတက်ပုံ

ဆရာ၊ ဥပါလိမထေရ်သည် အနေက ပရိယာယေနဟု ဆို၏။ အနေကပရိယာယေန၌ ပရိယာယသဒ္ဒါသည် ဒေသနာ ဝါရ စသော အနက်တို့ကိုဟောပါသလော။ ပရိယာယသဒ္ဒါသည် ဘယ်အနက်ကို ဟောပါသနည်း–ကြောင့် အနေက ကာရဏေန ဟူသော သံဝဏ္ဏနာကို မိန့်။

ကား–အနေကကာရဏေန–ဖြင့် ပရိယာယသဒ္ဒါသည် ဒေသနာဝါရ စသော အနက်တို့ကိုမဟော၊ ကာရဏအနက်ကို ဟော၏ ဟူလို။

† အနေကပရိယာယေနာတိ ဧတ္ထ ပရိယာယသဒ္ဒေါ ကာရဏဝစနောတိ အာဟ အနေကကာရဏေနာတိ။ သာရတ္ထ၊ ၂။ ၁၆။

မှတ်ချက်။ ။ပါ+ဖြေ၊ ပဌမ။ ၃၇၂–ပရိယာယော အဖွင့်ကြည့်။

င–ဝါကျကား ဝိတ္ထာရ။ ထို–၍ ဃ–ဝါကျကား သင်္ခေပ။

မှတ်ချက်။ ။င–ဝါကျ ဝိတ္ထာရဖြစ်ပုံကို ၆–အာဘောဂ်နှင့် ယှဉ်ကြည့်။

စ–ဝါကျကား အတိဒေသသံဝဏ္ဏနာဝါကျ၊ ဝါ–ဝါကျာရမ္ဘဝါကျ။

## စ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် င–ဝါကျဖြင့် ဝိရာဂါယပုဒ်၊ နော သရာဂါယပုဒ်တို့၌ အဓိပ္ပာယတ္ထအကျယ်ကို ဖွင့်ဆိုတော်မူ၏။ ဝိသံယောဂါယစသော ခပ်သိမ်းသော ပုဒ်တို့၌ အဓိပ္ပာယ်ကို အဘယ်သို့ မှတ်ရမည်နည်း။ ယင်း ဝိရာဂါယစသော ပုဒ်တို့၌ အဓိပ္ပာယ်အကျယ်ကို ဖွင့်ဆိုမည်လော–ကြောင့် စ–ဝါကျမိန့်။ ယမှ

http://www.dhammadownload.com


ကား-စ-ဝါကျဖြင့် ခပ်သိမ်းသော ဝိသံယောဂါယ စသောပုဒ်တို့၌ အဓိပ္ပာယတ္ထအကျယ်ကို ဝိရာဂါယ၊ နော သရာဂါယပုဒ်တို့၌ အဓိပ္ပာယ်အကျယ် အတိုင်း မှတ်သားလေဟု ငါညွှန်ပြ၏ဟူလို။

† သေ နယော သဗ္ဗပဒေသူတိ အဓိပ္ပာယိကမတ္တံ အာတိဒိဿတိ။ သာရတ္ထ၊ ၂။ ၁၆။

ဣဒံ ပနေတ္ထ-လ-န သင်္ဂဟဏတ္ထာယ ဝါကျကား ဝိသံယောဂါယစသော ပုဒ်တို့၏ သဒ္ဒတ္ထအထူးကို ဖွင့်ပြသောကြောင့် ဝိသေသဝါကျ။ ထို-၌ သေနယော သဗ္ဗပဒေသုဝါကျကား ဝိသံယောဂါယစသောပုဒ်တို့၏ အဓိပ္ပာယတ္ထကို သာမညညွှန်းပြဖွဲ့ဆိုသောကြောင့် သာမညဝါကျမည်၏။

မှတ်ချက်။ ။ဣဒံ ပနာတိအာဒိ ဥပရိဝတ္တဗ္ဗဝိသေသနိဒဿနံ။ ပရိယာယဝစနမတ္တန္တိ သဒ္ဒဘ္ထကထနမတ္တံ။ (ဝိမတိ၊ ၁။ ၁၀၃) အဖွင့်ကိုထောက်၍ ဤသို့ ဝါကျခွဲသည်။

## အနုသန္ဓေတက်ပုံ

ဤသို့ သေနယော သဗ္ဗပဒေသု ဝါကျဖြင့် ဝိသံယောဂါယစသော ခပ်သိမ်းသောပုဒ်တို့၌ ဤဆိုအပ်ပြီးသောနည်းကို သိအပ်၏ဟု ညွှန်ပြဖွင့်ဆိုတော်မူပြီး၍ ယခုအခါ၌ ယင်းဝိသံယောဂါယစသော ပုဒ်တို့၏ သဒ္ဒတ္ထအထူးကို ပြခြင်းငှာ ဣဒံ ပနေတ္ထစသောပါဠ်ကိုမိန့်၏။

မှတ်ချက်။ ။ဤကား ဝိမတိအလို ဝါကျခွဲနှင့် ကျမ်းတက်ပုံတည်း။ သေနယော ဝါကျ-ဖြင့် အဓိပ္ပာယတ္ထကို ညွှန်ပြပြီးနောက် သဒ္ဒတ္ထတမျိုးကို ဖွင့်ပြလို၍ ဣဒံ ပနေတ္ထစသည်တက်လာ၏ဟုကြံလျှင် ဣဒံ ပနေတ္ထဝါကျကို ပက္ခန္တရဟု ဆိုရမည်။

---

## ❁ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**အနုသာသန္တာ**။ ။အနုသာသိဿန္တိတိ အနုသာသန္တာ။(ယေ သဟာယကာ၊ တို့သည်။ အနုသာသိဿန္တိ။ ဆုံးမကုန်လတ္တံ့။ ဝါ-ဆုံးမခြင်းငှာ အလိုရှိကုန်၏။ ဣတိ တေ သဟာယကာ အနုသာသန္တာ။)

အနု-ကား ခေတ္တတ္ထာနုဝဘ္ထကဘောဂ္ဂဏ်ရ၏။ သာသခေတ်အရကား ရှင်သုဒိန်ကို ဆုံးမလတ္တံ့သော ဝါ-ဆုံးမလိုကုန်သော၊ မိတ်ဆွေရဟန်းတို့၏ ကရုဏာပုဗ္ဗင်္ဂမဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည်မုချ။ ရှေးရှေး၌ဖြစ်သော ယောနိသောမနသိကာရ စသည့်တို့သည် ဖလူပစာ။ နောက်နောက်၌ဖြစ်သော ပစ္စုပ္ပန်တမလွန်အကျိုးသည် ကာရဏူပစာ။ အန္တပစ္စည်းအရ ရှင်သုဒိန်၏ သူငယ်ချင်း ရဟန်းတို့ဖြပ် ရ၏။

http://www.dhammadownload.com


**မှတ်ချက်**။ ။နာဂတ်နက်မှာ၊ မာနန္တာ၊ ရုံခါကာမထ္ထကို ထွန်းသတည်း။ (ဘုရားကြီး)နိယံနှင့်အညီ အနုသာသန္တာ၌ အန္တသဒ္ဒါကား အနာဂတ်အနက်၊ ကာမ(အလိုရှိခြင်း)အနက်ကို ထွန်းပြသည်။ သို့ဖြစ်၍ အနာဂတ်ဝိဂြိုဟ်ဆို၍ ကာမတ္ထ(အလိုရှိခြင်း)အနက် ပေါ်အောင် အနက်ပေးရသည်။ ဉာဏ်ကောက်ရသည်။ ဒယောန္တ,ဒိပေန္တ,ပကာသေန္တ ကျမ်း၌ ပြမူ၊ ကရုဏာရှေးရှု ဉာဏ်ကိုယူ-နှင့်အညီ အာဟံသုကြိယာ၏ကတ္တားရှင်သုဒိန်၏ သူငယ်ချင်းများသန္တာန်၌ ရှိသော ကရုဏာပုဗ္ဗင်္ဂမ ဉာဏ်ပြဋ္ဌာန်းသောစိတ်ကို ကောက်ရသည်။

**ပရိယာယေ**။ ။ပရိဗျတ္တံ မတ္ထံ အယန္တိ ဂစ္ဆန္တိ ဗုဇ္ဈန္တိ ဧတေနာတိ ပရိယာယော။ (ပရိ+အယ+ဏ။ ဝေဝဇနအနက်ဟော ပရိယာယသဒ္ဒါ၏ဝိဂ္ဂဟ။) ပါ+ဖြေ+ပထမ။ ၃၇၂-ကြည့်။

---

### ❁ အာဘောဂနှင့် သံဝဏ္ဏနာ

ခ-ဝါကျ၌ နိပါတော-ဖြင့် နနုသဒ္ဒါသည် နာမပဒ, ဥပသဂ္ဂပဒ, အာချာတပဒမဟုတ်၊ နိပါတပဒတည်းဟု သိစေသည်။ (နိပါတလိင်္ဂပဒ။)

ခ-ဝါကျ၌ အနုမတိဂ္ဂဟဏတ္ထေ-ဖြင့် နနုသဒ္ဒါသည် အဝဓာရဏစသော အနက်ကိုမဟော၊အနုမတိဂ္ဂဟဏ=အလိုကိုစုံစမ်းခြင်း အနက်ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

† ပုစ္ဆာဝဓာရဏာနုညာ၊ သန္တာနာလပနေ နနု။ ဓာန်။ ၁၁၉၂။

ဂ-ဝါကျ၌ အနေကကာရဏေန-ဖြင့် အနေကပရိယာယေန၌ ပရိယာယသဒ္ဒါသည် ကာရဏအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**မှတ်ချက်**။ ။ဤကား ပရိယာယသဒ္ဒေါ ကာရဏဝစနော။ သာရတ္ထနှင့်အညီ အာဘောဂ်တည်း။

**တနည်း**။ ။ဂ-ဝါကျ၌ အနေကကာရဏေန-ဖြင့် ပရိယာယသဒ္ဒါသည် သဒ္ဒန္တရိက်ကို မငဲ့သော်(ဝါ-သာမညသဒ္ဒါဖြစ်မူ) ဒေသနာဝါရစသော အနက်များစွာကို ဟောသော်လည်း ဤ၌ သဒ္ဒန္တရိက်ကို ထောက်၍ ကာရဏအနက်ကိုသာ အလိုရှိအပ်၏ဟု သိစေသည်။ (အဓိပ္ပေတတ္ထ။)

ဃ-ဝါကျ၌ ဝိရာဂတ္ထာယ-ဖြင့် ဝိရာဂါယ၌ အာယသဒ္ဒါသည် နာဝိဘတ်၏ ကာရိယမဟုတ်၊ စတုတ္ထီ သ-ဝိဘတ်၏ ကာရိယ၏အဖြစ်ကို လည်းကောင်း[1]၊ ယင်း စတုတ္ထီ သ-ဝိဘတ်သည် တုမတ္ထသမ္ပဒါန်၌ မသက်၊ တဒတ္ထသမ္ပဒါန်၌ သက်သည်-ကိုလည်းကောင်း[2] သိစေသည်။

[1]။ ဝိဘတ္တိပဒ။ [2]။ ဝိဘတျတ္ထ။

http://www.dhammadownload.com


ဆ-၀ါကျ၌ ရာဂေန ရဇ္ဇနတ္ထာယ-ဖြင့် သရာဂါယ၌ ရာဂသဒ္ဒါ၏ ရဉ္ဇ ဓာတ်၏အဖြစ်ကိုလည်းကောင်း[၁]၊ ရာဂသဒ္ဒါကို ရဇ္ဇနံ ရာဂေါ ဟု ဘာသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဏ-ပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်ကို-လည်းကောင်း[၃]၊ သဟ ရာဂေန သရာဂေါ ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၄]၊ သရာဂ အရ ရာဂဖြင့်တပ်ခြင်း မေထုန်အမှု ကို ယူရမည်-ကိုလည်းကောင်း[၅]၊ အာယသဒ္ဒါ၏ စတုတ္ထီ သ-ဝိဘတ်၏ ကာရိယ ၏ အဖြစ်ကို-လည်းကောင်း[၆]၊ ယင်းစတုတ္ထီဝိဘတ်၏ တဒတ္ထသမ္ပဒါန်၌ သက် သည်-ကိုလည်းကောင်း[၇] သိစေသည်။

၁။ ဒုတိယခဏ္ဍဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ၊
၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ၊ ၅။ အဘိဓေယျတ္ထ၊
၆။ ဝိဘတ္တိပဒ၊ ၇။ ဝိဘတျတ္ထ။

## ဝိသံယောဂါယ စသည်၌ အာတော်သံဝဏ္ဏနာ

ဝိသံယုဇ္ဇနတ္ထာယ-ဖြင့် ဝိသံယောဂါယ၌ ဝိရှေး သံရှေးရှိသော ယုဇ ဓာတ် ၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ ဘာဝသာဓနေ၌သက်သည်-ကို လည်းကောင်း[၂]၊ ဝိသံယုဇ္ဇနံ ဝိသံယောဂေါ ဟု ဘာဝသာဓနေဝစနတ္ထပြုရမည်- ကိုလည်းကောင်း[၃]၊ အာယသဒ္ဒါ၏ စတုတ္ထီ သ-ဝိဘတ်၏ ကာရိယ၏ အဖြစ် ကိုလည်းကောင်း[၄]၊ ယင်း စတုတ္ထီ သ-ဝိဘတ်၏ တဒတ္ထသမ္ပဒါန်၌ သက်သည်- ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဒုတိယ ခဏ္ဍပဒ။ ၂။ ဒုတိယ ပစ္စယတ္ထ၊ ၃။ အဘိဓာနတ္ထ၊
၄။ ဝိဘတ္တိပဒ။ ၅။ ဝိဘတျတ္ထ။

၃ ကိလေသေဟိ-ဖြင့် ဝိသံယုဇ္ဇန=မယှဉ်ခြင်းဟူသည် ကိလေသာ တို့နှင့် မယှဉ် ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

၄ တနည်း။ ။ကိလေသေဟိ-ဖြင့် ဝိသံယောဂါယ ပုဒ်သည် သဟာဒိယော- ဂ ပုဒ်ဖြစ်၍ ယင်း၏ သဟာဒိယောဂကား ကိလေသေဟိ ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

နော သံယောဂါယ စသော ဝါကျ၌ နဓာ-သဒ္ဒါဖြင့် နောသဒ္ဒါကား အဝ္ယသဒ္ဒါ၏ ကာရိယ နောမဟုတ်။ နိပါတ်ဖြစ်သော နော၏အဖြစ်ကို လည်း ကောင်း[၁]၊ ယင်း နိပါတ်နောသဒ္ဒါသည် ကစ္စိ နော တို့၌ နောသဒ္ဒါကဲ့သို့ ပုစ္ဆာအနက်ကိုမဟော၊ ဝဋ္ဋသေဓအနက်ကို ဟောသည်-ကိုလည်းကောင်း[၂] သိစေ သည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ ။သံယုဇ္ဇနတ္ထာယဖြင့် သိစေအပ်သော အာဘောဂ သံဝဏ္ဏနာကို ဝိသံယုဇ္ဇနတ္ထာယအတိုင်း သိလေ။

အနုပါဒါယာတိ ဝါကျ၌ အဂ္ဂဟဏတ္ထာယ-ဖြင့် အနုပါဒါယ၌ အနုသဒ္ဒါ၏ န နိပါတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း န-သဒ္ဒါ၏ ပဋိသေဓ အနက်ဟောသည်-ကိုလည်းကောင်း[၂]၊ ဥပ-ဥပသာရ၏ အနတ္ထက ပဒါလင်္ကာရ၏ အဖြစ်ကိုလည်းကောင်း[၃]၊ အာ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏ အဖြစ်ကိုလည်းကောင်း[၄]၊ ယင်း ဓာတွတ္ထဗာဓက အာ-ဥပသာရကြောင့် ဒါဓာတ်သည် ဒါန=ပေးခြင်းအနက်ကို မဟော၊ အာဒါန=ယူခြင်းအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၅]၊ န ဥပါဒါနံ အနုပါဒါနံ ဟု ကမ္မဓာရယ် မိဿက တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၆]၊ အာယသဒ္ဒါ၏ စတုတ္ထီ သ-ဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၇]၊ ယင်း သ-ဝိဘတ်၏ တဒတ္ထ သမ္ပဒါန်၌ သက်သည်-ကိုလည်းကောင်း[၈] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။　၂။ နိပါတလိင်္ဂတ္ထ။　၃။ ဥပသဂ္ဂလိင်္ဂတ္ထ။　၄။ ဥပသဂ္ဂလိင်္ဂတ္ထ။　၅။ ဒုတိယဓာတွတ္ထ။　၆။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။　၇။ ဝိဘတ္တိပဒ။　၈။ ဝိဘတျတ္ထ။

မှတ်ချက်။ ။သင်္ဂဟဏတ္ထာယ-ဖြင့် သိစေအပ်သော အာဘောဂ သံဝဏ္ဏနာကို အဂ္ဂဟဏတ္ထာယ-အဖွင့်ကို နည်းမှီ၍ ဥပအဖွင့်, အာအဖွင့်, ဒါဓာတ်အနက် အဖွင့် ၃-မျိုးနှင့် ဝိဘတ္တိပဒအဖွင့်, ဝိဘတျတ္ထအဖွင့် ၂-မျိုး၊ ပေါင်း ၅-မျိုးရသည် ဟုမှတ်။

---

## ❁ ပါဌ်ဝိနိစ္ဆယ

ဝိရဇ္ဇိဿန္တိ။ ဝိရဇ္ဇိဿန္တိ။ ။ရဉ္ဇဓာတ်သည် ဘူဝါဒိဂိုဏ်းဖြစ်လျှင် ကံကိုင်သည်။ ရူပါရမ္မဏံ၊ ကို။ ရဇ္ဇတိ။ တပ်စွန်း၏။ ဝါ-နှစ်သက်တပ်မက်၏-စသည်။ ဒိဝါဒိဂိုဏ်းဖြစ်လျှင် ရဇ္ဇတိဟု ရုပ်ပြီး၍ အာဓာရကို ငဲ့သည်။ ဤ၌ သဗ္ဗာဝဘောဂေ-ဟု ကံပုဒ်ကို မတွေ့ရဘဲ သဗ္ဗာဝဘောဂေသုဟု အာဓာရ ပုဒ်ကို တွေ့ရသဖြင့် ဒိဝါဒိ-ယ ပစ္စည်းဖြင့် ပြီးသော ဝိရဇ္ဇိဿန္တိ ပါဌ်သာ သင့်သည်။

---

## ❁ နည်းနှင့် ဥပမာ

အနေကပရိယာယေန။ ။အလှပေါင်းဖြစ်သော ဣာရဏ, ဒေသနာ, ဝါရ, ဓဝဝစန, ပါကာရ, အဝသရ အနက်တို့၏ ပရိယာယေန ဟူသော အမည်ကို

http://www.dhammadownload.com


အစိတ်ဖြစ်သော ကာရဏ အနက်၌ တဝစား၍ အစိတ် ဖြစ်သော ကာရဏ အနက်ကို ပရိယာယေနဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ—သမုဒ္ဒါယူပစာမည်၏။ (နေယျတ္ထ။ ရှဋီ။)

(က) တတ္ထ နာမ တွန္တိ တသ္မိံ နာမ ကုံ။ (ခ) သရာဂါယ စေတေသာသီတိ—လ—ဝါယမိဿသီတိ အတ္ထော။ (ဂ) သေနယော သမ္ဘတ္တ။ (ဃ) ပုန ရာဂဝိရာဂါဒိနိ-လ-သန္ဓာယ ဝုတ္တာနိ။ (င) တသ္မာ-လ-အတ္ထော ခဋ္ဌမ္ဗော။ (စ) နိဗ္ဗာနဉ္စ-လ-တသ္မာ ရာဂဝိရာဂေါတိ ဝုစ္စတိ။ ဋ္ဌ။ ၁၇၃။

## ❁ ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။ ခ-ဝါကျတွင် တေဒတ္ထ ဝါယမိဿသီတိ အတ္ထော—ဝါကျကား ဝိတ္ထာရ။ ထို-၍ သရာဂါယ —လ—ပကပ္ပေဿသီကား သခေ်ပဝါကျ။

မှတ်ချက်။ ။စေတေဿသိ-အရ စေတနာကို ယူရမည်လောဟု အဘိ-ဓေယျတ္ထ ငုပ်နေသည်ကို ဖော်လိုသောကြောင့် ဝါယမိဿသိဟု ဖွင့်သည်။ ဝီရိယကိုယူဟူလို။ ယင်းသို့ အဘိဓေယျတ္ထ ငုပ်သည်ကို ဖော်ရာသား ဝါယ-မိဿသိဝါကျကို ဝိတ္ထာရဟု ဆိုခဲ့သည်။ ဝါကျအဆုံး၌ အတ္ထောပါသည်ကို လည်း သတိပြု။

ဂ-ဝါကျကား သေနယော သမ္ဗပဒေသ ဝါကျနှင့် တူပြီ။

### ဃ-ဝါကျလီနတ္ထရကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည် ရာဂဝိရာဂ စသောပုဒ်တို့ကို ဟောတော်မူ အပ်ကုန်၏။ (သန္ဓာယ ဝုတ္တာနိ ဟု ရှိရာတွင် ဝုတ္တာနိပုဒ်၏ကံကို ဌပနာထား သည်။) ရာဂဝိရာဂစသော ပုဒ်တို့ကို အဘယ်တို့ကိုရည်၍ ဟောတော်မူအပ် ကုန်ပါသနည်း။ (ကာနိ သန္ဓာယ ဝုတ္တာနိ ဟု ပုစ္ဆာထုတ်။) ခပ်သိမ်းသော လောကီ လောကုတ္တရာဓမ္မတို့ကို ရည်၍ ရာဂဝိရာဂစသော ပုဒ်တို့ကို ဟော တော်မူအပ်ကုန်ပါသလော (နိဗ္ဗတ္တိတ လောကုတ္တရ နိဗ္ဗာနမေဝ ဟူသော အဖြေကိုရှောင်၍ အာဘော်ပြုသည်။)-ကြောင့် ဃ-ဝါကျကိုမိန့်။

ကား ဃ-ဝါကျဖြင့် တဖန်ရာဂဝိရာဂစသော ပုဒ်တို့ကို အသီးထုတ်အပ် သော လောကုတ္တရာ နိဗ္ဗာန်ကိုသာလျှင် ရည်ရွယ်၍ ဟောတော်မူအပ်ကုန်၏၊ (အန္ဓယ။) အလုံးစုံသော လောကီ လောကုတ္တရာ ဓမ္မတို့ကို ရည်၍ ဟောတော် မူအပ်ကုန်သည်မဟုတ် (ဗျတိရေက) ဟု ငါပြဆို၏ ဟူလို။

မှတ်ချက်။ ။ပါ+ဖြေ- ပဌမ။ ၂၂။ ၌ အကျယ်ရေးခဲ့ပြီ။

http://www.dhammadownload.com



### ဝါကျမှတ်ဖွယ်

ခ-ဂ-ဝါကျတို့ဖြင့် သရာဂါယစသောပုဒ်တို့၏ အဖွင့်ကိုပြပြီးနောက် ပုန ရာဂဝိရာဂါဒိန်-စသော ဝါကျဖြင့် ရာဂဝိရာဂ စသောပုဒ်တို့၏ ဝစနတ္ထကို (ရာဂေါ ဝိရဇ္ဇတိ ဧတ္ထာတိ ရာဂဝိရာဂေါ-ဟု) ဖွင့်ပြလျှင် ယင်း ဃ-ဝါကျကို ပက္ခန္တရဟုဆိုရပေမည်၊ ယခုမူ ရာဂဝိရာဂစသော ကိုးပုဒ်လုံးကို ခြုံ၍ အထက်ပါလီနတ္ထရ စောဒနာကိုပယ်ဖြေလိုသဖြင့် ဖွင့်ပြသောကြောင့်၊ ဝါ-ကိုး ပုဒ်လုံးအရကို တဝါကျတည်းဖြင့် ညွှန်ပြဖွင့်ဆိုသောကြောင့် ယင်း ဃ-ဝါကျကို ဝါကျာရမ္ဘ ဝါကျဟုသာ ဆုံးဖြတ်ရမည်။

* လီနတ္ထရ၊ ပယ်ဖြေချ။ ဝါကျာရမ္ဘသာ။ (သစ်။)

ဃ—ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ခ—ဂ-ဝါကျကား အာရဒ္ဓ။။

မှတ်ချက်။ ။သန္ဓာယ ဝုတ္တံ တွေ့တိုင်း ဝါကျာရမ္ဘဝါကျဟု မဆိုသာ၊ အရာဌာနကို ကြည့်၍ ဆိုရာ၏။ ဝိ၊ ဋ္ဌ၊ ၃။ ၄-၌ သန္ဓာယ ဝုတ္တံကား ဝိတ္ထာရဝါကျ၌ အတွင်းဝင်၍ ဝိ၊ ဋ္ဌ၊ ၁။ ၁၉၆-၌ သန္ဓာယ ဝုတ္တံကား အာဂမဒဋ္ဌီကရဏတည်း။

င—ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို—၍ ဃ-ဝါကျကား လဒ္ဓဂုဏီယ ဂျ။

-ဝါကျကား ဝိတ္ထာရ၊ ထို-၍ င-ဝါကျကား သခေ်ပ။

မှတ်ချက်။ ။နိဗ္ဗာနဥ္စိစသော ဇ-ဝါကျကား ရာဂဝိရာဂစသော ပါဠိ တော် ၉-ပုဒ်တို့အရ နိဗ္ဗာန်ကိုယူရခြင်း၏ အကြောင်းသကတ် အကျယ်ကို အသီးသီးဖွင့်ပြသည်။ စာမျက်နှာ ၁၈၄။ ဝိသံယုတ္တံ၊ တသ္မာ နိဗ္ဗာနန္တိ ဝုစ္စတီတိ-၌ နောက်ဆုံး ဣတိ သဒ္ဒါကား နိဂမနဇောတက ဣတိသဒ္ဒါ ဖြစ်သည်။ ယင်းဣတိသဒ္ဒါကို ရှု၍ နိဗ္ဗာနဥ္စိစသောဝါကျကို ဝိတ္ထာရဟု မှတ်ရာ၏။

### စ-ဝါကျ ကျမ်းတက်

ဆရာ၊ဆရာသည် င-ဝါကျဖြင့် ရာဂဝိရာဂဟူ၍လည်းကောင်း မဒနိမ္မဒ-နာယ ဟူ၍လည်းကောင်း ဟောတော်မူအပ်သော်လည်း နိဗ္ဗာန်အကျိုးငှာသာ လျှင်တည်း ဟူသော အနက်ကို မှတ်သားအပ်၏ဟု ဆိုတော်မူ၏။(င-ဝါကျ ကို ဘာသာပြန်၍ ဌပနာထားသည်။) အဘယ့်ကြောင့် နိဗ္ဗာန်ကို ရာဂ ဝိရာဂဟုဆိုအပ်သနည်း။ (စ-ဝါကျ၌ ယသ္မာ တသ္မာကိုပယ်၍ ကသ္မာ အစားထိုးကာ "ကသ္မာ နိဗ္ဗာနံ ရာဂဝိရာဂေါတိ ဝုစ္စတိ"-ဟု ပုစ္ဆာထုတ်။) နိဗ္ဗာန်ကို ရာဂဝိရာဂဟုဆိုရခြင်း၏ အကြောင်းကို မပြဆိုပြီလော။ (ယသ္မာ

F.29 A

http://www.dhammadownload.com



နောက်၊ တသ္မာရောက်သော်၊ ရှေ့နောက်မျှော်၊ အာဘော်အကြောင်းပြ သတည်း–နှင့်အညီ၊ အရာ ဌာနသို့လိုက်၍ ရှေ့နောက်မျှော်ကာ အာဘော် ထားသည်။)ဤသို့–ကြောင့် စ–ဝါကျကိုမိန့်။

ကား–စ–ဝါကျဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ စွဲ၍ ရာဂ၏ မဖြစ်ခြင်း ကြောင့် နိဗ္ဗာန်ကို ရာဂဝိရာဂဟု ဆိုအပ်သောဟု အကြောင်းအကျယ်ကို ငါ ပြဆို၏ ဟူလို။

စ–ဝါကျတွင် နိဗ္ဗာနဥ္စ–လ–န ဟောတိကား အနိယမဝါကျ။ တသ္မာ–လ ဝုစ္စတိကား နိယမဝါကျ။ နိဗ္ဗာနဥ္စ–လ–ဝုစ္စတိကား အနိယမ နိယမ–၂–ပါး စုံသောကြောင့် ဥတ္တမဝါကျ။ ရာဂဝိရာဂေါတိ ဝုစ္စတိကား ဖလဝါကျ။ နိဗ္ဗနဥ္စ–လ–တသ္မာကား ကာရဏ ဝါကျ။

---

## ❁ ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**သရာဂ**။ ။ရာဂေန သဟ ယောဝတ္တတီတိ(ယော မေထုနဓမ္မော၊ သည်။ ရာဂေန၊ နှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ၏။ ဣတိ သော သရာဂေါ။) သဟ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ သမာသ်။ သဟ+ရာဂ+ယ။

သဟရာဂဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံး အရကား ရာဂနှင့်တကွ ဖြစ် ခြင်း သဟဝတ္တန ဘောဂုဏ်ရ၏။ ယင်း၏ မေထုန်အကျင့်နှင့် ဂုဏ်ဂုဏီစပ်။ ယ–အရကား ရာဂနှင့် တကွဖြစ်သော မေထုန်အကျင့်ရ၏။

**တနည်း**။ ။သဟရာဂ–အရကား တကွဖြစ်သော ရာဂသည် မှချ။ ယင်းတကွဖြစ်သော ရာဂ၏ မေထုန်နှင့် သဟဇာတ, ပကတူပနိဿယ အကြောင်းအကျိုးစပ်။ ယ–အရ ထို–သော ရာဂနှင့် တကွဖြစ်သော မေထုန် အကျင့်ရ၏။

**မှတ်ချက်**။ ။ပါ+ဖြေ။ ပထမ။ ၄၇–သဝိတက္ကပုဒ်ဉာဏ်ကောက်ကြည့်။

## နိဗ္ဗတ္တိတလောကုတ္တရနိဗ္ဗာနအဖွင့်

လော့ကုတ္တရနိဗ္ဗာနန္တိ (ဣမိနာ ပဒေန၊ ဤပုဒ်ဖြင့်) ဝိရာဂါယာ (ရာဂ ကင်းခြင်းငှာ) တိအာဒိနာ (စသည်ဖြင့်) ဝုတ္တကိလေသက္ခယ နိဗ္ဗာနတော။ (ဟောအပ်ပြီးသော ကိလေသာ ကုန်ခြင်းဟူသော နိဗ္ဗာန်၊ ဝါ–ကိလေသာကုန် ခြင်းမျှကို နိဗ္ဗာန်ဟု ခေါ်သော) နိဗ္ဗာန်မှ။ ဝိသေသေတိ၊ အထူးပြု၏။ ဝိမတိ၊ ၁။ ၁၀၃။

http://www.dhammadownload.com


ဆိုလိုသည်မှာ—ရာဂဝိရာဂ စသော ၉-ပုဒ်မှာ ဝိရာဂါယ၊ ရာဂကင်းခြင်းငှာ-စသည်ကဲ့သို့ ရာဂကင်းခြင်း(ရာဂက္ခယ)၊ ဒေါသကင်းခြင်း(ဒေါသက္ခယ)၊ မောဟ ကင်းခြင်း (မောဟက္ခယ)မျှကို ဆိုလိုသည်မဟုတ်၊ လောကမှ လွန်မြောက် ပြီးသော နိဗ္ဗာန် (လောကုတ္တရ နိဗ္ဗာန်) ကိုသာ ဆိုလိုသည်ဟု သိစေလိုသဖြင့် အဋ္ဌကထာ၌ နိဗ္ဗတ္တိတလောကုတ္တရနိဗ္ဗာနမေဝ-ဟု ဖွင့်သည် ဖြစ်ကြောင်းကို ဝိမတိ ဆရာဆိုသည်။

နိဗ္ဗတ္တိတလောကုတ္တရနိဗ္ဗာန မေဝ ါတိ သင်္ခါရေဟိ နိက္ခန္တံ ဝိဝိတ္တံ၊ တတော ဧဝ လောကတော ဥတ္တိဏ္ဏတ္တာ လောကုတ္တရံ နိဗ္ဗာနံ၊ သာရတ္ထ၊ ၂၊၁၆။—၌ သင်္ခါရေဟိ နိက္ခန္တံ ဝိဝိတ္တံ-ဖြင့် နိဗ္ဗတ္တိတပုဒ်၏ အဓိပ္ပာယတ္ထ ကို ဖွင့်ပြသည်။ သဒ္ဒတ္ထကို ဖွင့်ပြသည်မဟုတ်။ ထို့ကြောင့် နိဗ္ဗတ္တိတ=သင်္ခါရတို့မှ ထွက်မြောက်ကင်းဆိတ်သော-ဟု အနက်ပေး။

နိဗ္ဗတ္တိတပရမတ္ထဝသေနာတိ ပညတ္တိတော ဝိသုံ ဥဒ္ဓဋံပရမတ္ထဝသေန။ မဏိမဉ္ဇူ၊ ၁။ ၁၂၁-၌ ပညတ္တိတော ဝိသုံ ဥဒ္ဓဋံ-ဖြင့် နိဗ္ဗတ္တိတပုဒ်၏ အဓိပ္ပာယတ္ထကို ဖွင့်ပြသည်။ ဤအလို နိဗ္ဗတ္တိတပုဒ်ကို ပညတ်မှ အသီးထုတ်အပ်သော ဟု အနက်ပေး။

နိဗ္ဗတ္တိတပုဒ်ကို သဒ္ဒါရေးအားဖြင့် နိဝတ္တိတမှ ပြောင်းလာသောပုဒ် ဖြစ်သည်ဟု ကြံရမည်။ နိဝတ္တိတ=နိဗ္ဗတ္တိတ=နစ်စေအပ်၏။ နိဗ္ဗတ္တိယတီတိနိဗ္ဗတ္တိတံ။ နိဗ္ဗတ္တိယတိ၊ နစ်စေအပ်၏။ (သဒ္ဒတ္ထ။) ဝါ၊ သင်္ခါရတို့မှ ထွက်မြောက်ကင်းဆိတ်၏။ (သာရတ္ထ။) ဝါ၊ ပညတ်မှ အသီးထုတ်အပ်၏။ (မဏိဉ္ဇူ။) ဣတိ တံ နိဗ္ဗတ္တိတံ—ဟု ဝိဂ္ဂဟအနက် မှတ်သားရာ၏။ နိ+ဝတ္တ (တနည်း—ဝတု) ဟ-ပစ္စည်း။ ကာရိုက်ငုပ်။

**လောကုတ္တရ**။ ။ဥတ္တိဏ္ဏန္တိ ဥတ္တရံ။ လောကတော ဥတ္တရံ လောကုတ္တရံ။ လောကုတ္တရဉ္စ တံ နိဗ္ဗာနဉ္စာတိ လောကုတ္တရနိဗ္ဗာနံ။ နိဗ္ဗတ္တိတဉ္စ တံ လောကုတ္တရ နိဗ္ဗာနဉ္စာတိ နိဗ္ဗတ္တိတလောကုတ္တရ နိဗ္ဗာနံ။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က—ဝါကျ၌ တသ္မိံ—ဖြင့် တတ္ထ၌ ထ-ပစ္စည်းသည် ကံ အနက်ကို မဟော၊ သတ္တမီအနက်ကို ဟောသတည်းဟု သိစေသည်။ (ဝိဘာဝိနီ။)

မှတ်ချက်။ ။တသ္မိန္တိဓမ္မေ၊ ဧဝံ ဝိရာဂါယ ဒေသိတေ သတီတိ အတ္ထော။ နာမာတိ ဂရဟာယံ။ ဝိမတိ၊ ၁။ ၁၀၃-အလို၊ တသ္မိံ၌ သ္မိံဝိဘတ် လက္ခဏ အနက်ပေး။ နာမသဒ္ဒါ ဂရဟာအနက်ဟောနိပါတ်။နာမသဒ္ဒါကို စေတေဿသိ

http://www.dhammadownload.com

နာမဟု တွဲ၍အနက်ပေး။ ယင်း နာမသဒ္ဒါနှင့် ယှဉ်သောကြောင့် အနာဂတ် ဝိဘတ်သည် အတိတ်ကာလ၌ သက်သည်။ "နာမေ ဂရဟာ ဝိမှယေသု" (မောဂ်၊ ၆။ ၃၁၁)ကိုကြည့်။

ခ-ဝါကျ၌ သဟ ရာဂေန ဝတ္တမာနာယ-ဖြင့် သရာဂါယ ပုဒ်ကို ရာဂေန သဟ ယော ဝတ္တတီတိ သရာဂေါ ဟု သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်-ကို လည်းကောင်း[၁]၊ သ-သဒ္ဒါသည် သန္တ သမာနသဒ္ဒါတို့၏ ကာရိယမဟုတ်၊ သဟနိပါတ်ပုဒ်၏ ကာရိယ၏အဖြစ်ကို လည်းကောင်း[၂]၊ ယင်းသ-သဒ္ဒါ၏ သဟတ္ထကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။ ၂။ နိပါတလိင်္ဂယသ။
၃။ နိပါတလိင်္ဂဋ္ဌ။

ခ-ဝါကျ၌ ကပ္ပေဿသိ-ဖြင့် စေတေဿသိ၌ စိတ ဓာတ်သည် သဋ္ဌေတနာ အနက်ကိုမဟော၊ ဝိမိအနက်ကို ဟောသတည်း ဟု သိစေသည်။ (ဓာတွတ္ထ။)

† စိတိ သဋ္ဌေတနေ။ နီတိ၊ ဓာ။ ၃၀၇။

† ကပ္ပဝိမိမှိ၊ ကပ္ပဝိတက္ကေ ဝိမိမှိ ဆေဒနေ စ။ နီတိ၊ ဓာ၊ ၃၂၃။

ခ-ဝါကျ၌ ပကပ္ပေဿသိ-ဖြင့် 'သ-ဥပသဂ္ဂေါပိ အနုပသဂ္ဂေါ ဝိယ ဓာတု အတ္ထံဝဒတိ"ဟူသော ပရိဘာသာ အရ ဥပသာရရှိသော ဓာတ်သည်လည်း ဥပသာရကင်းသော ဓာတ်ကဲ့သို့ ဓာတ်အနက်ကို ဟောနိုင်၏ ဟု သိစေလိုသောကြောင့် ကပ္ပေဿသိ-ဟူသော အနုပသဂ္ဂပဒ (ဥပသာရ ကင်းသော ပုဒ်)ကို ပကပ္ပေဿသိ ဟူသော သ-ဥပသဂ္ဂပဒ (ဥပသာရရှိသော ပုဒ်)ဖြင့် ဖွင့်သတည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျ၌ မေထုနဓမ္မာယ-ဖြင့် သရာဂါယအရ မေထုန်တရားကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ သရာဂါယ၌ အာယကို ထေဒတ္ထ ဖွင့်ရာတွင် အာဒေသ်ကို ဝိရာဂတ္ထာယ စသည် မှီးလေ။

ခ-ဝါကျ၌ ဝါယမိဿသိ-ဖြင့် ပကပ္ပေဿသိ ၌ ကပ္ပဓာတ်သည် အားထုတ်ခြင်း (ဝါယမ) အနက်ကို ဟောသတည်း ဟု သိစေသည်။ (ဓာတွတ္ထ။)

တနည်း။ ။ဝါယမိဿသိ-ဖြင့် စေတေဿသိ ဟု ဆိုရာ၌ စေတနာကို မယူရ၊ ဝီရိယကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဃ-ဝါကျ၌ ပုန-လ-ဝုတ္တာနိဖြင့် ရာဂဝိရာဂစသော ၉-ပုဒ် အရ ကိလေသက္ခယ နိဗ္ဗာန်ကို မယူရ၊ နိဗ္ဗတ္တိတလောကုတ္တရာ နိဗ္ဗာန်ကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

၈-ဝါကျ၌ နိဗ္ဗာနတ္ထာယဖြင့် ရာဂဝိရာဂ စသော ၉-ပုဒ်တို့၌ အာယသဒ္ဒါ၏ စတုတ္ထီ သ-ဝိဘတ်၏ ကာရိယ၏ အဖြစ်ကို လည်းကောင်း[၁]၊ ယင်း စတုတ္ထီ သ-ဝိဘတ်၏ တာဒတ္ထသမ္ဗန္ဓါနိ၌ သက်သည်-တို့လည်းကောင်း[၂]၊ ရာဂဝိရာဂ စသော ၉-ပုဒ်အရ ကိလေသက္ခယ နိဗ္ဗာန်ကို မယူရ၊ လောကုတ္တရ နိဗ္ဗာန်ကို ယူရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဝိဘတ္တိပဒ။  ၂။ ဝိဘတျတ္ထ။  ၃။ အဘိဓေယျတ္ထ။

စ-ဝါကျ၌ ရာဂေါ ဝိရဇ္ဇတိ-ဖြင့် ရာဂဝိရာဂ ပုဒ်ကို ရာဂေါ ဝိရဇ္ဇတိ ဧတ္ထာတိ ရာဂဝိရာဂေါ ဟု အဓိကရဏသာဓနေ ကိတန္တတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ ဝိရာဂေါ၌ ရန္ဓဓာတ်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ယင်းရန္ဓဓာတ်၏ ဒိဝါဒိဂဏိကဓာတ်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ဏပစ္စည်း၏ အဓိကရဏသာဓနေ၌ သက်သည်-ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ၊  ၂။ ဒုတိယဓာတုပဒ။
၃။ ဘာဝတ္ထ၊  ၄။ ဒုတိယပစ္စယတ္ထ၊

မှတ်ချက်။ ။လဟုကနည်း အာဘော်ထည်း။ ဂရုကနည်းအာဘော်ကို အောက်ပါအတိုင်း မှတ်ရာ၏။

တနည်း။ ။စ-ဝါကျ၌ ရာဂေါ ဝိရဇ္ဇတိ-ဖြင့် ဝိရာဂေါပုဒ်ကို ဝိရဇ္ဇတိ ဧတ္ထာတိ ဝိရာဂေါဟု အဓိကရဏသာဓနေဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ အဓိကရဏသာဓနေ၌ သက်သည်-ကိုလည်းကောင်း[၂]၊ ရာဂနှင့် ဝိရာဂကို ရာဂဿ ဝိရာဂေါ ရာဂဝိရာဂေါဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၃]၊ဝိရာဂေါ၌ ရန္ဓဓာတ်၏ အဖြစ်ကိုလည်းကောင်း[၄]၊ ယင်းရန္ဓဓာတ်၏ ဒိဝါဒိဂဏိကဓာတ်၏အဖြစ်-ကိုလည်းကောင်း[၅] သိစေသည်။

၁။ အဘိဓာနတ္ထ၊  ၂။ ဒုတိယပစ္စယတ္ထ၊
၃။ အဘိဓာနတ္ထ၊  သမာသလိင်္ဂပဒတ္ထ၊  ၄။ ဒုတိယဓာတုပဒ၊  ၅။ ဘာဝတ္ထ၊

## ရာဂဝိရာဂဝိဂ္ဂဟနှင့် ဉာသ်ကောက်

ဝိရဇ္ဇတိ ဧတ္ထာတိ ဝိရာဂေါ။ ဝိ ပုဗ္ဗ ရန္ဓ+ဏ။(ဧတ္ထ နိဗ္ဗာနေ၊ ၌။ ရာဂေါ ဝိရဇ္ဇတိ န ယောတိ ဣတိ တံ ဝိရာဂေါ။)

ဝိ-ဥပသာရ အရကား ဓာတွတ္ထဗာဓက ဘောဂုဏ်ရ၏။

ကတ္တုဋ္ဌ-အရ ရာဂ၏မရှိခြင်း၊ရာဂကင်းခြင်းဟုဆိုအပ်သောရာဂ၏အဘာဝ သည်မုချ။ အဓိကရဏတ္ထ အရ-နိဗ္ဗာန်၏ ရာဂဝိရာဂဘောဂုဏ်ရ၏။ ဏပစ္စည်း၏အရကား နိဗ္ဗာန်ရ၏။

http://www.dhammadownload.com



ရာဂံသ ဝိရာဂေါ ရာဂဝိရာဂေါ။ ဆဋ္ဌီတပ္ပုရိသ်။ (ရာဂဿ၊ ရာဂ၏။ ဝိရာဂေါ၊ ကင်းရာဖြစ်သောနိဗ္ဗာန်။)

ရာဂအရ ရာဂဒြပ်သည်မှချ။ ယင်းရာဂဒြပ်၏ နိဗ္ဗာန်နှင့် အဘာ၀ ဘာ၀ အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ရာဂဝိရာဂဟူသော သမာသ်ပုဒ်လုံးအရ ကား ထို-သော ရာဂကင်းရာနိဗ္ဗာန်ရ၏။

စ-ဝါကျ၌ နှ ဝုဟာတိ-ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ ရာဂသည် တပ်မက်ခြင်းကင်း၏ဟူသည် ယင်းရာဂ မဖြစ်ပေါ်လာတော့ခြင်းကို ဆိုသတည်းဟု သိစေသည်။ (ဘာ၀တ္ထ။)

စ-ဝါကျ၌ တံ အာဂမ္မ အာရဗ္ဘ ပဋိစ္စဖြင့် အရိယာမဂ်သည်သာ ရာဂ စသည်ကို ပယ်သတ်နိုင်သောကြောင့် ရာဂဝိရာဂဟု ခေါ်နိုင်သော်လည်း ဥပစာအားဖြင့် နိဗ္ဗာန်ကို ရာဂဝိရာဂဟု ဆိုသတည်းဟု သိစေသည်။ (ဘာ၀တ္ထ။)

မှတ်ချက်။ ။အာဂမ္မာတိ နိဗ္ဗာနံ အာဂမ္မ ပဋိစ္စ အရိယမဂ္ဂံ အာရမ္မဏ ပစ္စယဘာ၀ဟေတု-ဟူသော သာရတ္ထအဖွင့်အညီ ဥပစာအဖြစ်ဖြင့် အာဘော် ဖော်သည်။

စ-ဝါကျ၌ နိဗ္ဗာနံ ရာဂဝိရာဂေါတိ ဝုစ္စတိ (နိဗ္ဗာနဥ္စ-ဝါကျ၌ နိဗ္ဗာနံကို ဝါကျအဆုံး ဝုစ္စတိမှာစပ်၍ အာဘော်ဖော်သည်။ -ဖြင့် ရာဂဝိရာဂ အရမှာ မှုချအားဖြင့် အရိယာမဂ် ဖြစ်သော်လည်း ဖလူပစာအားဖြင့် နိဗ္ဗာန်ကို ယူရ မည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

---

## ❁ ပါဠိဝိနိစ္ဆယ

**မေထုန၊ မေစုန။** ။မိထုနာနံ ဣဒံ မေထုနံ=ဟု ဝစနတ္ထပြု။မိထုနပုဒ် ဣဒံ တဒ္ဓိတ်၌ ဏပစ္စည်း၊ မိ၌ ဣကို ဧဝုဒ္ဓိပြု၍ "မေထုန" ဟု ပြီးသောကြောင့် "မေထုန" ပါဠ်သာ သင့်သည်။ (ဤကား အကျဉ်းချုပ် အဖြေတည်း။ အကျယ်ကိုဆက်လက်ရှုလေ။)

ဝိမတိဋီကာ၌ မေထုနသဒ္ဒါကား ဥဘယသဒ္ဒါ၏ ပရိယာယ်။ (တနည်း) သဒိသသဒ္ဒါ၏ ပရိယာယ်ဟု ဖွင့်ပြသောကြောင့်လည်းကောင်း၊ သာရတ္ထဋီကာ ၌ မိထုနာနံ ဣဒံ မေထုနံဟု ဖွင့်ပြသောကြောင့်လည်းကောင်း၊ ခဒ်ဋီ၌လည်း မိထုနာနံ ဣတ္ထိပုရိသာနံ သမာနစ္ဆန္ဒာနံ အာစာရော မေထုနံဟု ဖွင့်ပြသော ကြောင့် မေထုန ပါဠ်သာသင့်သည်။

မှတ်ချက်။ ။ဝိ၊ ဋ္ဌ၊ ၁။ ၂၂၂-နှင့် ယဝ်းဋီကာများကိုရှုလေ။

---

http://www.dhammadownload.com


## နည်းနှင့် ဥပစာ

ရာဂဝိရာဂ။ ။အာရမ္မဏိကအကျိုးဖြစ်သော အရိယာမဂ်၏ ရာဂဝိရာဂ ဟူသော အမည်ကို အာရုံအကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စား၍ အာရုံ အကြောင်းဖြစ်သောနိဗ္ဗာန်ကို ရာဂဝိရာဂဟု ဆိုသောကြောင့်ဖလူပစာ။(အဓိနာ ဘာဝနည်း။)

မှတ်ချက်။ ။ကြွင်း မဒနိမ္မဒန-အစ နိရောဓအဆုံးရှိသော ဂ-ပုဒ်တို့၌ လည်း ဖလူပစာ အဝိနာဘာဝနည်းတင်လေ။

ရာဂဝိရာဂစသည်။ ။အပေါင်းဖြစ်သော ကိလေသက္ခယနိဗ္ဗာန်, လော-ကုတ္တရာနိဗ္ဗာန်တို့၏ ရာဂဝိရာဂစသောအမည်ကို အစိတ်ဖြစ်သော လောကုတ္တရာ နိဗ္ဗာန်၌ တင်စား၍ အစိတ်ဖြစ်သော လောကုတ္တရာနိဗ္ဗာန်ကို ရာဂဝိရာဂစသည် ဆိုသောကြောင့် ကေဒေသျူပစာ။ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ၊ ရှင်ဦး။)

မှတ်ချက်။ ။ပုန (ရာဂ) ဝိရာဂ ဒီနိ-လ-သန္ဒာယဝုတ္တာနိ-၌ သန္ဓာယ ဝုတ္တာနိကို ရှု၍ ဥပစာတင်သည်ဟု မှတ်ရာ၏။ဝုတ္တကိလေသက္ခယနိဗ္ဗာနတော ဝိသေသေတိဟူသော ဝိမတိအဖွင့်ကိုမျှော်လေ။

---

### မဒနိမ္မဒနအဖွင့်

ယသ္မာပန-လ-မဒနိမ္မဒနန္တိ ဝုစ္စတိ-ကား ရာဂဝိရာဂပုဒ်၏ အကျယ်အဖွင့် ဟူသောအဖို့မှ တမျိုးတပါးသော မဒနိမ္မဒပုဒ်၏ အကျယ် အဖွင့်ကို ပြသောကြောင့် "ပက္ခန္တရ" ဝါကျ။ ထို-၍ နိဗ္ဗာနဉ္စ-လ-ရာဂဝိရာဂေါတိ ဝုစ္စတိဝါကျသည် ရာဂဝိရာဂ၏ အကျယ်အဖွင့်ဟူသော အဖို့ကို ဖွင့်ပြခဲ့သော ကြောင့် "ပက္ခ"ဝါကျ။

မှတ်ချက်။ ။နိဗ္ဗာနဉ္စ-လ-တိ၊ ၁၀၄-ဝိသံယုတ္တံ၊ တသ္မာ နိဗ္ဗာနန္တိ ဝုစ္စတိတိ-တိုင်အောင် ဝိတ္ထာရဝါကျဟူသော သစ်တုံးရှည်တစ်တုံးကို ကိုးဝါကျ ကိုးပိုင်းပိုင်းလိုက်ရာ တဝါကျနှင့်တဝါကျ (တပိုင်းနှင့်တပိုင်း)ပိဏ္ဍတ္ထ(အကျဉ်း ချုပ်အဓိပ္ပာယ်) မတူကွဲလွဲသဖြင့် တဝါကျနှင့် တဝါကျ ပက္ခ ပက္ခန္တရဖြစ် သည်ဟုမှတ်။ ပေါင်းပြီးစိတ်ပြ၊ ပက္ခန္တရဟူသည် ဤဝါကျမျိုးပင်။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

မဒါ နိမ္မဒါ ဟောန္တိ-ဖြင့် မဒနိမ္မဒနပုဒ်ကို မဒါ နိမ္မဒီယန္တိ ဧတ္ထ အမဒဘာဝံ ဝိနာသံ ဂစ္ဆန္တီတိ မဒနိမ္မဒနေ-ဟု အဓိကရဏသာဓနကိတန္တသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[1]၊ ယုပစ္စည်း၏ အဓိကရဏသာဓန၌ သက် သည်၏အဖြစ်ကိုလည်းကောင်း[2]၊ သိစေသည်။ (လဟုကနည်းအာဘော်။)

၁။ အဘိဓာနဋ္ဌ၊ သမာသလိင်ပဒတ္ထ။ ၂။ ဒုတိယပစ္စယဋ္ဌ။

http://www.dhammadownload.com



တနည်း။ ။မဒါ နိမ္မဒါ ဟောန္တိ-ဖြင့် နိမ္မဒနေဝပုဒ်ကို နိမ္မဒီယန္တိ ဧတ္တာတိ နိမ္မဒနေဝှု အဓိကရဏသာဓနေဝစနတ္တ ပြုရမည်-ကိုလည်းကောင်း¹၊ ယ-ပစ္စည်း၏ အဓိကရဏသာဓနေ၌သက်သည်-ကိုလည်းကောင်း²၊ မဒနှင့်နိဒမ္မနကို မဒ နို့ နိမ္မဒနေဝ မဒနိမ္မဒနေဝဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္တပြုရမည်-ကိုလည်းကောင်း³ သိစေသည်။ (ဂရုကနည်းအာဘော်။)

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယ ပစ္စယဋ္ဌ။
၃။ အဘိဓာနဋ္ဌ။ ၄။ သမာသလိင်္ဂပဒဋ္ဌ။

မှတ်ချက်။ ။မဒ နိမ္မဒီယန္တိ ဧတ္ထ အမဒဘာဝံ ဝိနာသံ ဂစ္ဆန္တီတိ မဒ နိမ္မဒနေဝ-ဟု သာရတ္ထဖွင့်ရာ၌ အမဒဘာဝံ ဝိနာသံ ဂစ္ဆန္တိဖြင့် နိမ္မဒီယန္တိ ကြိယာသည် ကမ္မရုပ်မဟုတ်၊ ကတ္တုရုပ်ဟုပြသည်။ နိမ္မဒဟူသော နာမ်ပုဒ် နောက်၌ ဓာတုရူပ "ဤယ" ပစ္စည်း၊ အန္တိဝိဘတ်ဖြင့် နိမ္မဒီယန္တိ-ဟု ရုပ်ပြီး သည်။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ မဒါ၊ မာန်ယစ်ခြင်းတို့သည်။ နိမ္မဒီယန္တိ အမဒ ဘာဝံ ဂစ္ဆန္တိ။ ယစ်ခြင်းကင်းသည်၏ အဖြစ်သို့ ရောက်ကုန်၏။ နိမ္မဒီယန္တိ ဝိနာသံ ဂစ္ဆန္တိ၊ ပျက်စီးခြင်းသို့ ရောက်ကုန်၏။ ဣတိ တံ မဒနိမ္မဒနေဝ-ဟု အနက်ပေး။

---

### ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

နိမ္မဒနေဝ။ ။နိမ္မဒီယန္တိ ဧတ္ထာတိ နိမ္မဒနေဝ။ အဓိကရဏသာဓန။ နိပုဗ္ဗ+မဒ+ယ။

နိ-ဥပသာရ အရကား ဝိဂတဘောဂတ်ရ၏။(နိမ္မဒါတိ ဝိဂတမဒဘာဝေါ။ သာရတ္ထ၊ ၂။ ၁၇—အဖွင့်ကို ရှု၍ ဝိဂတဘောဂတ်ကောက်သည်။)

မဒဓာတ်အရ ကတ္တုငွကား မာန်မာန တရားတို့၏ မရှိခြင်း အဘာဝ ရ၏။

အဓိကရဏတ္ထ-ကား နိဗ္ဗာန်၏ အမဒ နိမ္မဒ (မာန်မာနမရှိခြင်း) သတ္တိရ၏။ ယ-ပစ္စည်း အရကား နိဗ္ဗာန်ရ၏။

မဒနိမ္မန။ ။မဒ နို့ နိမ္မဒနေဝ မဒနိမ္မဒနေဝ ဟု တွဲ၍လ။ ရာဂဝိရာဂ ပုဒ်ကို မှီး၍ ဉာဏ်ကောက်။

နိမ္မဒါကို အမဒါ ဟု ဖွင့်သဖြင့် နိမ္မဒါ၌ နိသဒ္ဒါသည် နိဿေသ စသော အနက်ကို မဟော၊ ဝိဂတအနက်ကို ဟောသည်ဟု သိစေသည်။ (ဥပသဂ္ဂ-လိင်္ဂတ္ထ။)

† နိမ္မဒါ တိ ဝိဂတမဒ ဘာဝေါ။ ဣမမေဝ ဟိ အတ္ထံ ဒဿေတုံ အမဒါတိ ဝုတ္တံ။ သာရတ္ထ၊ ၂။ ၁၇။

မာနမဒပုရိသမဒါဒယော-ဖြင့် မဒ အရ မာနမဒ၊ ပုရိသမဒ စသည်တို့ကို ယူရမည်, ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

http://www.dhammadownload.com



## မာနမဒ

မာနမဒ။ ။မဇ္ဇတီတိ မဒေါ။ မာနော ယေဝ မာနမဒေါ ဟု တွဲ။

† ဥပ္ပဇ္ဇနကမာနောယေဝ မဒဇနနတ္ထေန မဒေါတိ မာနမဒေါ။ သာရတ္ထ၊ ၂။ ၁၆။

ပုရိသမဒ။ ။"အဟံ ပုရိသော"တိ မဒေါ ပုရိသမဒေါ။ (ငါယောကျ်ားဟု ဖြစ်သော မာန်။)

† ပုရိသမဒေါ ဝုစ္စတိ ပုရိသမာနော။ အဟံ ပုရိသောတိ ဥပ္ပဇ္ဇနကမာနော။ သာရတ္ထ၊ ၂။ ၁၆။

ဝိနသဿန္တိ-ဖြင့် မာန်ယစ်ခြင်းကင်းကုန်၏ ဟူသည် မာန် မာနတရားတို့ ပျက်စီးခြင်းကိုပင် ဆိုသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

မှတ်ချက်။ ။ယသ္မာ ဝန တံ အာဂမ္မ စသည်၌ အာဘော်နှင့်ဥပစာကို ရာဂဝိရာဂအတိုင်း သိလေ။

---

## ပိပါသဝိနယအဖွင့်

ကာမပိပါသံ ဝိနယံ ယာတိ–ဖြင့် ပိပါသဝိနယ ပုဒ်ကို ပိပါသံ ဝိနေတိ တြောတိ ပိပါသဝိနယော–ဟု အဓိကရဏသာဓန ကိတန္တသမာသ်၊ ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ အ-ပစ္စည်း၏ အဓိကရဏသာဓနၱ၌သက်သည်-ကို လည်းကောင်း[၂]၊ ပိပါသ အရ ရေမွတ်သိပ်ခြင်း ဥဒကပိပါသ စသည်ကို မယူရ။ ကာမဂုဏ်မွတ်သိပ်ခြင်း ကာမပိပါသကို ယူရမည် ကိုလည်းကောင်း[၃] သိစေသည်။ (လဟုကနည်း။)

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိမေယျတ္ထ။

တနည်း။ ။ကာမပိပါသံ ဝိနယံ ယာတိ-ဖြင့် ဝိနယောပုဒ်ကို ဝိနေတိ တြောတိ ဝိနယော–ဟုအဓိကရဏသာဓန ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ အ-ပစ္စည်း၏ အဓိကရဏသာဓနၱ၌ သက်သည်-ကိုလည်းကောင်း[၂]၊ ပိပါသနှင့် ဝိနယကို ပိပါသာယ ဝိနယော ပိပါသ ဝိနယောဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၃။ အဘိမေယျတ္ထ။

အဇ္ဈတ္တံ-ဖြင့် ဝိနယံ သဒ္ဒါသည် ပျက်စီး ချုပ်ပျောက်ခြင်းအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

http://www.dhammadownload.com


သဗ္ဗာပိ-ဖြင့် အလုံးစုံသော ကာမတဏှာ,အသီးသီးသော ကာမတဏှာသည် ပျက်စီးချုပ်ပျောက်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ။သဗ္ဗာပိ၌ အပေါင်း၏နေ့ခင်ထိုင်သော ပိသဒ္ဒါဖြင့် အစိတ် အစိတ်ကိုဆည်းသည်။

**မှတ်ချက်။** ။ယသ္မာ စ တံ အာဂမ္မ—ဖြင့် သိစေအပ်သော အာဘော် ဥပစာ စသည်ကို ရာဂဝိရာဂအတိုင်း သိလေ။

## ကာမပိပါသ

**ကာမပိပါသာ။** ။ပါတုမိစ္ဆာ ပိပါသာ။ ကာမာနံ ပိပါသာ ကာမ ပိပါသာ။ကာမာနံ၊ ကာမဂုဏ်တို့ကို။ ပိပါသာ၊ သောက်ခြင်းငှာ အလိုရှိခြင်း။ (မွတ်သိပ်ခြင်း)။ ကာမပိပါသာ-လ-(မွတ်သိပ်ခြင်း) ကာမတဏှာရ၏။

† ကာမပိပါသာတိ ကာမာနံ ပါတုကမျတာ၊ ကာမတဏှာတိ အတ္ထော။ သာရတ္ထ၊ ၂။ ၁၇။

---

## အာလယသမုဂ္ဃါတ အဖွင့်

ပဉ္စ ကာမဂုဏာလယာ သမုဂ္ဃါတံ ဂစ္ဆန္တိ-ဖြင့် အာလယ သမုဂ္ဃါတောပုဒ်ကို အာလယေ သမူဟနတိ ဧတ္ထာတိ အာလယသမုဂ္ဃါတောဟု အဓိကရဏ သာဓနဝိဂ္ဂဟ ပြုရမည်—ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ အဓိကရဏသာဓန၌ သက်သည်-ကိုလည်းကောင်း[၂]၊ အာလယ အရ ကာမဂုဏ် ငါးပါးကို ယူရမည်—ကိုလည်းကောင်း[၃] သိစေသည်။ (လဟုကနည်း အာဘော်။)

၁။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။ ၃။ အဘိဓေယျဋ္ဌ။

**တနည်း။** ။ပဉ္စ-လ-ဂစ္ဆန္တိ-ဖြင့် သမုဂ္ဃါတောပုဒ်ကို သမူဟနတိ ဧတ္ထာတိ သမုဂ္ဃါတော-ဟု အဓိကရဏသာဓန ဝိဂ္ဂဟပြုရမည်-ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ အဓိကရဏ သာဓန၌ သက်သည်-ကိုလည်းကောင်း[၂]၊အာလယနှင့် သမုဂ္ဃါတကို အာလယာနံ သမုဂ္ဃါတော အလယသမုဂ္ဃါတောဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝိဂ္ဂဟ ပြုရမည်—ကိုလည်းကောင်း[၃]၊ အာလယ-အရ ကာမဂုဏ် ငါးပါးကို ယူရမည်-ကိုလည်းကောင်း[၄] သိစေသည်။ (ဂရုကနည်း အာဘော်။)

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။ ၃။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။ ၄။ အဘိဓေယျဋ္ဌ၊

**မှတ်ချက်။** ။ယသ္မာ ပန တံ အာဂမ္မဖြင့် သိစေအပ်သော အာဘော်ကို ရှေးနည်းအတိုင်းသိလေ။အာလယသမုဂ္ဃါတော ပါဠိတော်၌ အာလယပုဒ်ကို

http://www.dhammadownload.com


အဋ္ဌကထာက ပဉ္စကာမဂုဏာလယာ–ဟုဖွင့်သည်။ ယင်းကို သာရတ္ထဆရာက (က) အာလီယန္တိ အဘိရမိတဗ္ဗဋ္ဌေန သေဝိယန္တီတိ အာလယာ၊ ပဉ္စကာမဂု–ဏာတိ အာဟ "ပဉ္စကာမဂုဏာလယာ"တိ(သာရတ္ထ၊ ၂။၁၇။)ဟု ဖွင့်သည်။ ယင်းအလို"အာလယ"ပုဒ်ကို အာလီယန္တီတိ အာလယာဟု ကမ္မသာဓ်ပြု။

## ဉာဏ်ကောက်

အာလီယန္တိ အဘိရမိတဗ္ဗဋ္ဌေန သေဝိယန္တီတိ အာလယာ။ (ယေ ပဉ္စ ကာမဂုဏာ၊ တို့ကို။ ပုထုဇ္ဇနေဟိ။ အာလီယန္တိ၊ မှီဝဲအပ်ကုန်၏။ ဣတိ တေ အာလယာ။) အာပုဗ္ဗ+လီဓာတ်+ဏ–ပစ္စည်း။

အာ–အရကား ဓာတွတ္ထဝိသေသက ဘောဂုဏ်ရ၏။ (လီ သိလေသနေ (နီတိ၊ ဓာ။ ၂၅၄)ဟု ဆိုရာ လီဓာတ်သည် သိလေသန (=ကပ်ငြိခြင်း) အနက်ကို ဟော၏။ ဤ၌ အာ–ဥပသာရက အထူးပြုသဖြင့် သေဝနအနက်ကို ဟောသည်။ သို့ဖြစ်၍ အာ–အရ ဓာတွတ္ထဝိသေသက ဘောဂုဏ်ကို ကောက်သည်။)

လီဓာတ်အရ ကတ္တုဇ္ဈ–ကား ကာမဂုဏ်ကို မှီဝဲသောပုထုဇဉ် ပုဂ္ဂိုလ်တို့၏ ကာမတဏှာပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည် မုချ။ ကမ္မတ္ထကြိယာ အရကား ထို–အားတပ်သော ကာမဂုဏ် ငါးပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ ဏ–ပစ္စည်းအရကား ထို–မှတ်အပ်သော ကာမဂုဏ်ငါးပါးရ၏။

ကာဂုမဏာ ဝေ အာလယာ ကာမဂုဏာလယာဟု ကမ္မဓာရယ်တွဲပါ။

**အနက်ယောဇနာ။** ။ပဉ္စ၊ ငါးပါးကုန်သော။ ကာမ ဂုဏာလယာ။ မှီဝဲအပ်ကုန်သော ကာမဂုဏ်တို့သည်။ ဝါ–ကာမဂုဏ်ဟု ဆိုအပ်သော မှီဝဲ အပ်သော တရားတို့သည်။

---

## ❁ နည်းနှင့် ဥပစာ

**ပဉ္စကာမဂုဏာလယာ။** ။အကြောင်းဖြစ်သော ကာမဂုဏ်ငါးပါးတို့၏ ပဉ္စ ကာမဂုဏာလယာ ဟူသော အမည်ကို အကျိုးဖြစ်သော ဆန္ဒရာဂ၌ တင်စား၍ အကျိုးဖြစ်သော ဆန္ဒရာဂကို ပဉ္စ ကာမဂုဏာလယာဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။)

**မှတ်ချက်။** ။ပဉ္စ–လ–သမုဋ္ဌါတံ ဂစ္ဆန္တီဟု ဆိုရာ၌ ရုပ်သည် အပဟာ တဗ္ဗဖြစ်၍ မပယ်သတ်နိုင်၊ ကာမဂုဏ်တရား၌ တပ်မက်သော ဆန္ဒရာဂကို သာ ပယ်သတ်နိုင်သည်။

http://www.dhammadownload.com



† ပဥ္စသု ဟိ ကာမဂုဏေသု ဆန္ဒရာဂပ္ပဟာနေနေဝ ပဥ္စကာမဂုဏာပိ ပဟီနာ နာမ ဟောန္တိ တေနေဝ "ယော ဘိက္ခုဝေ ရူပေသု ဆန္ဒရာဂေါ"တိ ဝုတ္တံ။ သာရတ္ထ၊ ၂။ ၁၇။

**သာရတ္ထဒုတိယဝိကပ်**

(ခ) ပဥ္စသု ကာမဂုဏေသု ဝါ အာလယာ ပဥ္စကာမဂုဏာလယာ။ အာလီယန္တိ အလ္လီယန္တိ အာဘိရမနဝသေန သေဝန္တီတိ အာလယာတိ ဟိ တဏှာဝိစရိတာနံ အဓိဝစနံ။ ယင်းသာရတ္ထအလို အောက်ပါအတိုင်း ဝိဂ္ဂဟပြုရာ၏။

**ဝိဂ္ဂဟနှင့်ဉာဏ်ကောက်**

အာလီယန္တိ အလ္လီယန္တီတိ အာလယာ။ (ယာ ယော တဏှာဝိစရိတာယော၊ တို့သည်။ အာလီယန္တိ အလ္လီယန္တိ။ ကပ်ငြိတတ်ကုန်၏။ ဣတိ တ‌ာ အာလယာ။) ကတ္တုသာဓန။ အာပုဗ္ဗ လီဓာတ်+ဏ-ပစ္စည်း။

အာ-အရကား ဓာတွတ္ထာနုဝတ္တက ဘောဂုဏ်ရ၏။ လီဓာတ်၏ အရကား ကပ်ငြိတတ် (အလွန်မွေ့လျော်ခြင်း၏ အစွမ်းဖြင့် မှီဝဲတတ်)သော တဏှာဝိစရိုက်တို့၏ သတ္တိ လက္ခဏာ သဘာဝရ၏။

ဏ-ပစ္စည်းအရကား သတ္တိမန္တ လက္ခဏာဝန္တသဘာဝဝန္တဖြစ်သော တဏှာဝိစရိုက်ရ၏။

**မှတ်ချက်။** ။ကတ္တုသာဓ် ပရမတ္ထသဒ္ဒါဉာဏ်ကောက်။

ကာမဂုဏေသု အာလယာ ကာမဂုဏာလယာ။ (ကာမဂုဏေသု၊ တို့၌။ အာလယာ၊ ကပ်ငြိတတ်-လ-တဏှာဝိစရိုက်တို့တည်း။)ကာမဂုဏပုဒ်+အာလယပုဒ်။ သတ္တမီတပ္ပုရိသ်သမာသ်။

ကာမဂုဏ-အရကား ကာမဂုဏ်တရားတို့ ဒြပ်ရ၏။ ယင်းတို့၏ တဏှာဝိစရိုက်တို့နှင့် အာရုံအာရမ္မဏိက အကြောင်းအကျိုးအဖြစ်ဖြင့်စပ်-ဌာနူပစာ။ သမာသ်ပုဒ်လုံးအရကား ထို-မှတ်အပ်သော ကာမဂုဏ်တို့၌ ကပ်ငြိတတ် အလွန်မွေ့လျော်သည်၏အစွမ်းဖြင့် မှီဝဲတတ်ကုန်သော တဏှာဝိစရိုက်တို့ရ၏။

**အနက်ယောဇနာ။** ။ပဥ္စ၊ ကုန်သော။ ကာမဂုဏာလယာ၊ ကာမဂုဏ်တို့၌ ကပ်ငြိတတ်(အလွန်မွေ့လျော်သည်၏အစွမ်းဖြင့် မှီဝဲတတ်)ကုန်သော တဏှာဝိစရိုက်တို့သည်။

**မှတ်ချက်။** ။သာရတ္ထဋီကာ (က) ဝိကပ် (ခ) ဝိကပ်တွင် (က) ဝိကပ်အလို အလ္လီယန္တိကား ကမ္မရုပ်၊ ပဥ္စကာမဂုဏာလယာအရကား၊ ကာမဂုဏ်

http://www.dhammadownload.com



ငါးမါး။ ကာရဏ္ဍုပစာပုဒ်။ (ခ) ဝိကပ်အလို အလွိုယန္တိကား ကတ္တုရုပ်။ ပဥ္စကာမဂုဏာလယာအရကား တဏှာဝိစရိုက်ရှိ မုချပုဒ် (ဥပစာမရ) ဟု (က) ဝိကပ် (ခ) ဝိကပ်အထူးကို မှတ်ရာ၏။

**ပါဠိတော် အနက်ယောဇနာ။** ။အာလယသမုဂ္ဃါတာယ။ မှိဝဲအပ်ကုန်သော ကာမဂုဏ်ငါးပါးတို့ကို ကောင်းစွာပယ်သတ်ရာ နိဗ္ဗာန်အကျိုးငှာ။ **တနည်း**—ကာမဂုဏ်ငါးပါးတို့၌ ကပ်ငြိတတ် (မွေ့လျော်ခြင်း၏ အစွမ်းဖြင့် မှိဝဲတတ်) ကုန်သောတဏှာဝိစရိုက်တို့ကို ကောင်းစွာပယ်သတ်ရာနိဗ္ဗာန် အကျိုးငှာ။

**ဝဋ္ဋူပစ္ဆေဒေါ အဖွင့်**

တေဘူမကဝဋ္ဋ ဥပစ္ဆိဇ္ဇတိ-ဖြင့်ဝဋ္ဋူပစ္ဆေဒေါပုဒ်ကို ဝဋ္ဋံ ဥပစ္ဆိဇ္ဇတိ ဧတ္ထာတိ ဝဋ္ဋူပစ္ဆေဒေါဟု အဓိကရဏသာဓနကိတန္တသမာသ်ဝစနတ္ထ ပြုရမည်-ကိုလည်း ကောင်း¹၊ ဏ-ပစ္စည်း၏ အဓိကရဏသာဓန၌သက်သည်-ကိုလည်းကောင်း²၊ ဝဋ္ဋအရ တေဘူမကဝဋ်ကိုယူရမည်-ကိုလည်းကောင်း³ သိစေသည်၊ (လဟုကနည်း။)

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။
၃။ အဘိဓေယျတ္ထ။

**တနည်း။** ။တေဘူမကဝဋ္ဋံ ဥပစ္ဆိဇ္ဇတိဖြင့် ဥပစ္ဆေဒေါပုဒ်ကို ဥပစ္ဆိဇ္ဇတိ ဧတ္ထာတိ ဥပစ္ဆေဒေါဟု အဓိကရဏသာဓနဝစနတ္ထပြုရမည်-ကိုလည်းကောင်း¹၊ ဏ-ပစ္စည်း၏ အဓိကရဏသာဓန၌သက်သည်-ကိုလည်းကောင်း²၊ ဝဋ္ဋနှင့်ဥပစ္ဆေဒေါကို ဝဋ္ဋဿ ဥပစ္ဆေဒေါ ဝဋ္ဋူပစ္ဆေဒေါဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း³၊ ဝဋ္ဋအရ တေဘူမကဝဋ်ကို ယူရမည်-ကိုလည်း ကောင်း⁴ သိစေသည်။ (ဂရုကနည်း။)

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။
၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၄။ အဘိဓေယျတ္ထ။

**အနက်ယောဇနာ။** ။ဝဋ္ဋူပစ္ဆေဒါယ၊ ဘုံသုံးပါး၌ဖြစ်သော ဝဋ်တရား၏ ကင်းပြတ်ရာ နိဗ္ဗာန်အကျိုးငှာ။

**မှတ်ချက်။** ။ဝဋ္ဋူပစ္ဆေဒ တဏှာက္ခယတို့ကို ရာဂဝိရာဂနည်းမှီး၍ ညာသ်ကောက်ပါ။

---

**ပါဠိဝိနိစ္ဆယ**

**တေဘူမက။ တေဘုမ္မက။** ။တိဿော ဘူမိယော တိဘူမံ။ (တိဘူမိဟူလိုလျက် ကွစ်သမာသန္တသုတ်ဖြင့် အ-ပြု။ အစုရတ္တံပြယ်ဂ်ကဲ့သို့ တိဘူမဟုရုပ်ပြီးသည်။)တိဘူမေ ပဝတ္တံ တေဘူမကံ။ တိဘူမပုဒ်+ကဏ်ပစ္စည်း။တိ၌ဣကိုဧဝုဒ္ဓိပြု။

http://www.dhammadownload.com


တေဘူမကံ ဝဋ္ဋံ တေဘူမကဝဋ္ဋံဟု အစိတ်အပေါင်း ဝစနတ္ထပြု၍ ပြီးသော ကြောင့်လည်းကောင်း၊ မ-သံယုတ်ဆင့်ဖို့ရာ အကြောင်းမရှိသောကြောင့် လည်းကောင်း တေဘူမကံပါဌ်သာသင့်သည်။

## တေဘူမကဝဋ္ဋံမှတ်ဖွယ်

တေဘူမကဝဋ္ဋန္တိ တီသု ဘူမီသု ကမ္မကိလေသဝိပါက ဝတ္တနဋ္ဌေန ဝဋ္ဋံ။ သာရတ္ထ၊ ၂။ ၁၇-၌ တီသု ဘူမီသုဖြင့် တိဿော ဘူမိယော တိဘူမံဟူသော ဝစနတ္ထ၊ တိဘူမေ ပဝတ္တံ တေဘူမကံဟူသော ဝစနတ္ထကိုပြ၍ ဝတ္တနဋ္ဌေန-ဖြင့် ဝတ္တတီတိ ဝဋ္ဋံ ဟူသော ဝစနတ္ထကိုပြသည်။ ကမ္မကိလေသဝိပါက-ဖြင့် ဝဋ္ဋ သရုပ်ကိုပြသည်။ သံဝဏ္ဏနာ တဝါကျလုံးဖြင့် တေဘူမကံ ဝဋ္ဋံ တေဘူမကဝဋ္ဋံ ဟူသော ကမ္မဓာရယ်သမာသ်ကိုပြသည်။ ဤအလို တေဘူမကံဝဋ္ဋံ၊ ဘုံသုံးပါး တို့၌ဖြစ်သော (ကံကိလေသဝိပါက) ဝဋ်သည်-ဟုအနက်ပေး။

ဋီကာကျော်ဝါဒ။ ။တိဿော ဘူမိယော ဝုမဿာတိ တိဘူမံ၊ တိဘူမံ ယေဝ တေဘူမကံ။ (ဝိဘာဝိနီ။ ၂၃၂။) ယင်းအလို တိဘူမကား ဗဟုဗ္ဗီဟိ သမာသ်။ တိဘူမံယေဝ တေဘူမကံဟု သွတ္ထတဒ္ဓိတ်၌ ကဏ်ပစ္စည်းသက်။ ဤအလို တေဘူမကဝဋ္ဋံ၊ ဘုံသုံးပါးတို့ရှိသော ဝဋ်တရားဟု အနက်ပေး။

---

## တဏှာက္ခယောအဖွင့်

တဏှာ ခယံ ဂစ္ဆတိဖြင့် တဏှက္ခယောပုဒ်ကို တဏှာ ခီယတိ ဧတ္ထာတိ တဏှာက္ခယောဟု အဓိကရဏသာဓနေ ကိတန္တဝစနတ္ထ ပြုရမည် - ကိုလည်းကောင်း[၁]၊ ဏပစ္စည်း၏ အဓိကရဏသာဓန၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။(လဟုကနည်း။)

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

တနည်း။ ။တဏှာခယံ ဂစ္ဆတိဖြင့် ခီယတိ ဧတ္ထာတိ ခယောဟု အဓိကရဏ သာဓနဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ အဓိကရဏသာဓန၌ သက်သည်ကိုလည်းကောင်း[၂]၊ တဏှာယ ခယော တဏှာက္ခယောဟု ဆဋ္ဌီ-တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

မှတ်ချက်။ ။ရာဂဝိရာဂပုဒ်ကို မှီး၍ ညှိကောက်ပါ။

## ပါဌ်ဝိနိစ္ဆယ

တဏှာက္ခယော။ တဏှက္ခယော။ ယာဝဇ္ဇေဂင်္ဂတ္တော ဝေဒနာက္ခန္ဓော- ၌ ဇီယာသဒ္ဒါ ဝေဒနာသဒ္ဒါတို့သည် ဒွေ ဂုတ္တိလိင်များဖြစ်ကြသည်။ ယင်းနိစ္စ

ဝုတ္တိလိဝ်ပုဒ်များနှင့် သမာသ်တွဲစပ်ရာတွင် ဇိယာ၌ အာကို အ-ရဿ၊ ဝေဒနာ၌ အာ-ကို အ-ရဿမပြုရသကဲ့သို့ ဤ၌ တဏှာသဒ္ဒါလည်း နိစ္စဝုတ္တိလိင်ပုဒ် ဖြစ်၍ "သမာသ်လယ်မှာ၊ ထိမြဲအာ၊ ရဿာမပြုရ" ဟူသောသဒ္ဒါစည်းကမ်း နှင့်အညီ အ-ရဿမပြုရသောကြောင့် တဏှာက္ခယော-ဟု ဏှာ၌ အာဒီဃနှင့် ရှိသောပါဠိသာ သင့်ပါသည်။

**တဏှာ။** ။တသတိ ပါတုမိစ္ဆတိ ဧတာယာတိ တဏှာ။ (တသဓာတ်+ ဟ-ပစ္စည်း။ သ-ကို ဏ-ပြု။ ဏ-ကို ဟ-သို့ကပ်။ မောဂ်၊ ၇။ ၂၂၃။)

သဗ္ဗသော တဏှာ ခယံ ဂစ္ဆတိ။ သဗ္ဗသော တဏှာ ခယံ ဂစ္ဆတိ။ တဏှာ ခယံဟု သမာသ်ရှိလျှင် ဂစ္ဆာတိ၏ ကတ္တားပျောက်သွားခြင်း၊ တဏှာပုဒ် သည် ခယံနှင့် သမ္ဗန္ဓဖြစ်၍ ဂစ္ဆတိနှင့် မဆက်မိတော့ခြင်း အပြစ်များရောက် ရသောကြောင့် တဏှာ ခယံဟု ဝါကျရှိသော ပါဠိသာသင့်သည်။ တဏှာက္ခယံ ဟု သမာသ်ရှိသောပါဠိကား မသင့်။

**အနက်ယောဇနာ။** ။တဏှာက္ခယာယ၊တဏှာ၏ကုန်ရာနိဗ္ဗာန်အကျိုးငှာ။

## နည်းနှင့်ဥပစာ

**တဏှာက္ခယော၊** ။အစိတ်ဖြစ်သော တဏှာ၏ကုန်ရာ နိဗ္ဗာန်၏ တဏှာက္ခ- ယ ဟူသော အမည်ကို အပေါင်း ဖြစ်သော ကိလေသာ၏ ကုန်ရာနိဗ္ဗာန်၌ တင်စား၍ အပေါင်းဖြစ်သော ကိလေသာ၏ ကုန်ရာနိဗ္ဗာန်ကို တဏှာက္ခယော ဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။ (ဥပလက္ခဏနည်း။)

**မှတ်ချက်။** ။နိဗ္ဗာန်မှာ တဏှာ တမျိုးတည်း၏ ကုန်ရာမဟုတ် တဏှာ (လောဘ)စသော ကိလေသာတို့၏ ကုန်ရာဖြစ်သည်။ သို့ဖြစ်၍ ဤသို့ နည်း ဥပစာ တင်ရသည်။ တဏှာက္ခယော၌ တဏှာ ပုဒ် သက်သက်ကို ခွဲ၍ တင် လျှင်လည်း ဧကဒေသူပစာပင်။ အစိတ်ဖြစ်သော တဏှာ၏ တဏှာ ဟူသော အမည်ကို အပေါင်း ဖြစ်သော ကိလေသာ၌ တင်စား၍ စသည်မျှသာထူး သည်။ တဏှာ ခယံ ဂစ္ဆတိ၌ တပုဏ်ဒ်၌လည်း အတူတူပင်၊ ရာဂဝိရာဂါယ ပုဒ်၌ ဖလူပစာ ရသကဲ့သို့ ဤ တဏှာက္ခယ ပုဒ်၌လည်း ဖလူပစာရသည်ကိုလည်း သတိရှိစေ။

---

## ဝိရာဂပုဒ်အဖွင့်

ယသ္မာ ပန တံ အာဂမ္မ တဏှာ ဝိရဇ္ဇတိ-ဖြင့်(တဏှာကို ဝိဇ္ဇရတိ နှင့်တွဲ၍ အာဘော်ဖော်သည်။) ဝိရာဂေါပုဒ်ကို တဏှာ ဝိရဇ္ဇတိ ဧတ္ထာတိ ဝိရာဂေါဟု

အဓိကရဏသာဝနေ ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ ဏပ်စွည်း၏ အဓိက-ရဏ သာဝနေ၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။

## ဉာဉ်ကောက်

ဝိရဇ္ဇတိ ဧတ္ထာတိ ဝိရာဂေါ။ (ဧတ္ထ နိဗ္ဗာနေ၊ ၌။ တဏှာ၊ သည်။ ဝိရဇ္ဇတိ ဣတိ တံ ဝိရာဂေါ။ အဓိကရဏ သာဓနေ။ ဝိ+ရဉ္ဇ။)

ဝိ-အရကား ဓာတွတ္ထဗာဓကေ ဥပသဂ္ဂဏ်ရ၏။ ရဉ္ဇဓာတ် အရကား တဏှာ၏ အဘာဝရ၏။ အဓိကရဏတ္ထကြိယာ အရကား နိဗ္ဗာန၏ တပ်ခြင်း ကင်းခြင်းဂုဏ်ရ၏။ ဏ-ပစ္စည်းအရကား နိဗ္ဗာန်ရ၏။

**အနက်ယောဇနာ။** ဝိရာဂါယ။ ။တပ်ခြင်း ကင်းရာ နိဗ္ဗာန်အကျိုးငှာ။

---

## နိရောဓပုဒ်အဖွင့်

ယသ္မာပန တံ အာဂမ္မ တဏှာ နိရုဇ္ဈတိ-ဖြင့်နိရောဓောပုဒ်ကို တဏှာနိရုဇ္ဈတိ ဧတ္ထာတိ နိရောဓောဟု အဓိကရဏသာဓနေဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ အဓိကရဏသာဓနေ၌သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။

**အနက်ယောဇနာ။** ။နိရောဓာယ၊ တဏှာ၏ ချုပ်ရာနိဗ္ဗာန် အကျိုးငှာ။

## အာဘော်မှတ်ဖွယ်

ရာဂဝိရာဂ စသော ဂ-ပုဒ်တို့၏ အဖွင့်၌ တံ အာဂမ္မဖြင့် အဓိကရဏသာဓ်ကိုပြသည်။ ထိုကြောင့် အောက်ပါအတိုင်း အာဘော်ဖော်နည်းကို မှတ်ရာ၏။

* ဓာတုပစ္စယ၊ ကိတ်ပဒကို၊ တံအာဂမ္မနှင့်၊ ဖွင့်၍ပြ၊ အဓိကရဏ သာဓနေ ကြံစရာ။ (သစ်)

ယသ္မာ ပနေတံ စတသော ယောနိယော၊ ပဉ္စ ဂတိယော-လ-တသ္မာ နိဗ္ဗာနန္တိ ဝုစ္စတိ။ ဋ ၁၇၄။

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

ဝါနန္တိလဒ္ဓဝေါဟာရာယ နိက္ခန္တတ္တဖြင့်-နိဗ္ဗာန် ပုဒ် ကို ဝါနတော နိက္ခန္တံ နိဗ္ဗာနံ ဟု ပဉ္စမီ တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ နိဗ္ဗာန်၌ နိသဒ္ဒါသည် နိဿေသအနက် ကိုမဟော၊ နိက္ခန္တ အနက်ကိုဟော သည်-ကိုလည်းကောင်း[၂]၊ နိဝါန ဟု ဆိုလိုလျက် နိဗ္ဗာန ဟု နိရုတ္တိနည်း ဖြင့် ရုပ်ပြီးသည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ။ ၂။ ဥပသဂ္ဂလိင်္ဂဋ္ဌ။ ၃။ တာဝဋ္ဌ။

http://www.dhammadownload.com


တဏှာယ-ဖြင့် ၀ါန အရ တဏှာကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္တ။)

နိဿင့် ဖြင့် နိက္ခန္တ သဒ္ဒါသည် ထွက်မြောက်ခြင်း နိဿရ အနက်ကို ဟောသတည်း ဟု သိစေသည်။ (နာမလိင်္ဂတ္တ။)

ဝိသံယုတ္တံဖြင့် တဏှာမှ ထွက်မြောက်၏ ဟူသည် အိမ်မှထွက်သွားခြင်း, တောထဲမှထွက်သွားခြင်း ကဲ့သို့ မဟုတ်၊ ယင် တဏှာနှင့် မယှဉ်ခြင်းပင်တည်း ဟု သိစေသည်။ (ဘာဝတ္တ။)

† နိက္ခမနဥ္စာ တဏှာယ ဝိသံယောဂေါ ဝေါတိ အာဟ, ဝိသံယုတ္တန္တိ။ သာရတ္ထ။ ၂။ ၂၀။

**အနက်ယောဇနာ။** ။နိဗ္ဗာန်။ ၀ါန ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်ရာ နိဗ္ဗာန်။ (သဒ္ဒတ္ထ။) ၀ါန ဟု ဆိုအပ်သော တဏှာနှင့် မယှဉ်ရာ နိဗ္ဗာန်။ (အဓိပ္ပာယတ္ထ။)

ဝိနနတော-ဖြင့် ၀ါနံ ပုဒ်ကို ဝိနတီတိ ၀ါနံဟုကတ္တုသာဓနဝစနတ္တပြုရမည်-ကိုလည်းကောင်း[1]၊ ယု ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်-ကိုလည်းကောင်း[2]၊ ၀ါနံ ၌ ဝီဓာတ်၏ အဖြစ်ကိုလည်းကောင်း[3]၊ ယင်း ဝီဓာတ်၏ ကီယာဒိဂဏိကဓာတ်၏ အဖြစ်ကိုလည်းကောင်း[4] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဓာတုပဒ။ ၄။ ဘာဝတ္ထ။

**မှတ်ချက်။** ။ဝိနနတော ကား ၀ါ-ဓာတ် ကီယာဒိ နာပစ္စည်း ယု ပစ္စည်း တော ပစ္စည်း၊ ယင်းဖြင့် ၀ါန ပုဒ် ဝီဓာတ် ကတ္တုသာဓ်ဟု ပြသည်။ ၀ါန= ဝီ+ယု။ ဝီ+အန-ဖြင့် ၀ါနပြီးသည်။

အာဗန္ဓနတော သံသိဗ္ဗနတော-ဖြင့် ဝိနနတော၌ ဝီဓာတ်သည် တန္တသန္တာန ဟူသော အာဗန္ဓန=ဖွဲ့ခြင်း, သံသိဗ္ဗန=ချုပ်စပ်ခြင်း အနက်ကိုဟောသတည်း ဟု သိစေသည်။ (ဒုတိယဓာတွတ္တ။)

**အနက်ယောဇနာ။** ။နိဗ္ဗာန်၊ (လေးပါးကုန်သော ယောနိ၊ ငါးပါးကုန်သော ဂတိ ခုနစ်ပါးကုန်သော ဝိညာဏဋ္ဌိတိ ကိုးပါးကုန်သော သတ္တာဝါသတို့ကို အပြန်ပြန်အထပ်ထပ် ဖြစ်ခြင်းငှာ ဖွဲ့တတ်ချုပ်စပ်တတ်သောကြောင့်-ဟိတ်) ၀ါနဟု ဆိုအပ်သောတဏှာမှ ထွက်မြောက်ရာနိဗ္ဗာန်။ (သဒ္ဒတ္ထ။) ၀ါနဟု ဆိုအပ်သောတဏှာနှင့် မယှဉ်ရာ။ နိဗ္ဗာန်။ (အဓိပ္ပာယတ္ထ။)

ဝိဂ္ဂဟ။ ။စတဿောယောနိယော-လ-နဝ စ သတ္တာဝါသေ အပရာပရဘာဝါယ ဝိနတိ (ဝိနာတိ) အာဗန္ဓတိ သံသိဗ္ဗတီတိ ၀ါနံ။

http://www.dhammadownload.com


ဓာတ်ပစ္စည်း

ဤဋ္ဌ၊ ဌ္ဌိ တို့အလို ဝါနကား ဝိဓာတ်+ယု ပစ္စည်း။ ဝါတိ အာရမ္မဏမီတိ ဝါနံ၊ သတ္တေသု ဝါတိ ပဝတ္တတီတိ ဝါနံ။ ဝိ သံသိဗ္ဗနေ ဝါ–စသည် သူ့စီအလို ဝါဓာတ်+ယုပစ္စည်း။ တနည်း။ ဝိဓာတ်+ယုပစ္စည်း။

---

(က) ကာမာနံ ပဟာနံအက္ခာတန္တိ–လ–ပဟာနံ ဝုတ္တံ။ (ခ) ကာမသညာနံ ပရိညာတိ–လ–တိဝိဓာပရိညာအက္ခာတာ။ (ဂ) ကာမပိပါသာနန္တိ–လ–ပါတဗျတာနံ။ (ဃ) ကာမေ ဝါ ပါတုမိစ္ဆာနံ။ (င) ကာမဝိတက္ကာနန္တိ ကာမုပသဥ္ဟိတာနံ ဝိတက္ကာနံ။ (စ) ကာမပရိဠာဟာနန္တိ–လ–အဇ္ဈောဒါဟာနံ။ ဋ္ဌ။ ၁၀၄။

## ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျဋ္ဌ ဝတ္ထုကာမာနံ ကိလေသကာမာနဥ္စ–ဖြင့်ကာမီယတီတိ ကာမော (ဝတ္ထုကာမ)၊ ကာမေတီတိ ကာမော (ကိလေသာကာမ)ဟု ဝစနတ္ထပြု၍ ကာမ အရ ဝတ္ထုကာမ ကိလေသာကာမတို့ကိုယူရမည်–ကိုလည်းကောင်း၊ ကာမော စ ကာမော စ ကာမာဟု ဧကသေသ်တဒ္ဓိတ်ဝစနတ္ထပြုရမည်–ကိုလည်းကောင်း သိစေသည်။

၁။ အဘိဓေယျတ္တ။ ၂။ အဘိဓာနတ္တ။

† ကာမာနံ ပဟာနန္တိ ဧတ္ထ ကာမဂ္ဂဟဏေန ကာမီယတေတိ ကာမော၊ ကာမေတီတိ ကာမောတိ ဒုဝိဓောပိ ကာမဿ သင်္ဂဟော ကတောတိ အာဟ ဝတ္ထုကာမာနံ ကိလေသကာမာနဥ္စ ပဟာနန္တိ။

မှတ်ချက်။ ။စ–သဒ္ဒါဖြင့်ဖွင့်လျှင် ဒွန်ကိုလည်းကောင်း ကမ္မဓာရယ်ကိုလည်းကောင်း ဧကသေသ်ကိုလည်းကောင်း ပြတတ်ရာ ဤကိလေသကာမာနဥ္စဋ္ဌ စသဒ္ဒါဖြင့် ဧကသေသ်ကိုပြသည်။

## ကာမာနံဋ္ဌ နည်းဥပစာ

ပြယုဂ်ကား–ကာမာနံ ပဟာနံဟူသည်တည်း။ ဤဋ္ဌ ကာမာနံ ဟူသော နည်းသည် ကာမသဒ္ဒါတစုကို ချေ၍ ကာမသဒ္ဒါ တခုကြွင်းပြုသောကြောင့် ဧကသေသနည်းမည်၏။

တနည်း။ ။အနက်ပြားလျက် သဒ္ဒါချင်းတူသည်၏အဖြစ်ဖြင့် တခုတည်း ပြုသောနည်းသည် သာမညနိဒ္ဒေသနည်းမည်၏။ ပြယုဂ်ကား–ကာမာနံ ပဟာနံ တည်း။ ဤဋ္ဌ ကာမာနံ ဟူသောနည်းသည် ကာမာနံ၊ ဝတ္ထုကာမကိလေသာ

http://www.dhammadownload.com



ကာမတို့ကို။ ပဟာနံ။ ပယ်ခြင်းကို။ ဤသို့အနက်ပြားလျက် ကာမသဒ္ဒါချင်း တူသည်၏အဖြစ်ဖြင့် တခုတည်း ညွှန်ပြသောကြောင့် သာမညနိဒ္ဒေသနည်း မည်၏။

**အနက်ယောဇနာ။** ။ကာမာနံ၊ ဝတ္ထုကာမ ကိလေသာကာမတို့ကို။ က-ဝါကျ၌ ဝုတ္တံဖြင့် အက္ခာတံ၌ ခါဓာတ်၏ ပကထန=ပြောဆိုခြင်းအနက်ကို ဟောသည်-ကိုလည်းကောင်း[၁]၊ အာဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကို လည်းကောင်း[၂]၊ အာပုဗ္ဗ ခါဓာတ် ဓာပစ္စည်း၊ ခါဓာတ်ဝယ် အသဒိသဒွေဘော် လာ။ ယင်းအသဒိသဒွေဘော် (သံယုတ်) ကြောင့် သံယောဂေ ပရေ ရဿတ္တံ ပရိဘာသာအရ အာကို အ-ရဿပြု၍ အက္ခာတံဟု ရုပ်ပြီးသည်-ကိုလည်း ကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဘာဝတ္ထ။

† ခါ ပကထနေ ချာ စ။ နီတိ ဓာ။ ၁၇။

ခ-ဝါကျ၌ ဉာတ-လ-တိဝိဓာဖြင့် ပရိညာသုံးပါးသရုပ်ကို သိစေသည်။ (အဘိဓေယျတ္ထ။)

ဂ-ဝါကျဖြင့် ပိပါသ၌ ပါဓာတ်၏အဖြစ်ကိုလည်းကောင်း[၁]၊ ပိပါသအရ သုံးဆောင်ခံစားတတ်သော တဏှာကိုယူရမည်-ကိုလည်းကောင်း[၂]၊ ကာမနှင့် ပိပါသာကို ကာမေသု ပိပါသာ ကာမပိပါသာဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို-လည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓေယျတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

---

## နည်းနှင့် ဥပစာ

ဂ–ဝါကျ၌ ကိလေသပဂ္ဃရဏကံဖြင့် ဝသံပုဒ်ကို ဝသတီတိ ဝသလံ ဟု ကာရိတန္တေ ဂဝ, ကာရိတလောပ ကတ္တုသာဓန ဝစနတ္တ ပြုရမည်–ကိုလည်းကောင်း[1]၊ အလပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်-ကိုလည်းကောင်း[2] ဤ၌လည်း ဝသဓာတ်သည် နိဝါသအနက်ကို မဟော၊ ပဂ္ဃရဏ အနက်ဟောသည်-ကိုလည်းကောင်း[3]၊ ဝသတီဟူသော ကာရိတန္တေ ဂဝ,ကာရိတလောပ ပုဒ်၏ကံကို ကိလေသေဟု ထည့်ရမည်-ကိုလည်းကောင်း[4] သိစေသည်။

၁။ အဘိဓာနတ္ထ၊ ၂။ ဒုတိယပစ္စယတ္ထ၊ ၃။ ဒုတိယဓာတွတ္ထ၊ ၄။ ဘာဝတ္ထ၊

ဂ–ဝါကျ၌ ဝသလံ ဓမ္မံ-ဖြင့် ဝသလဓမ္မံ ပုဒ်ကို ဝသလံ ဓမ္မံ ဝသလဓမ္မံ ဟု ကမ္မဓာရယ်သမာသ်၊ ဝစနတ္တ ပြုရမည် ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

## ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

**ကိလေသေ** ဝသတိ ပဂ္ဃရတီတိ ဝသလော။ (ယော ဓမ္မော၊ အကြင်မေထုန် အကျင့်သည်။ ကိလေသေ၊ တို့ကို။ ဝသတိ ပဂ္ဃရတိ၊ ယိုစီးစေတတ်၏။ ဣတိ သော ဝသလော။ ဟေတုကတ္တုသာဓန။ ဝသဓာတ်+အလပစ္စည်း။

**ဝသ**–အရကား ကိလေသာတို့၏ ဥပါဒ်သည် မှချ။ ဟေတုကတ္တု၌–အရကား ထို-အားဖြင့်အပ်သော မေထုန်အကျင့်၏ ပကတူပနိဿယသတ္တိသည် ရလူပစာ။ အလပစ္စည်းအရကား ထို-ဖြင့်မှတ်အပ်သော ကိလေသာတို့ကို ယိုစီး စေတတ်သော မေထုန်အကျင့်ရ၏။ (ဝိသေသနဆက်ကောက်။)

ဝသလော ဓမ္မော ဝသလဓမ္မော။ (တံ ဝသလဓမ္မံ။) ဝသလ-အရကား ကိလေသာတို့ကို ယိုစီးစေခြင်း ဝသလဘောဂုဏ်သည် မှချ။ ယင်း၏အကျင့်

http://www.dhammadownload.com


နှင့် ဂုဏ်ဂုဏအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဝသလဓမ္မံ-အရကား ထို-ဖြင့်မှတ်အပ်သော ကိလေသာတို့ကို ယိုစီးစေတတ်သော မေထုန်အကျင့် ရ၏။

**အနက်ယောဇနာ။** ။ဝသလဓမ္မံ၊ ကိလေသာတို့ကို ယိုစီးစေတတ်သော အကျင့်။

---

## ❁ ပါဠိဝိနိစ္ဆယ

**ပဋ္ဌရန္တိ" ပဂ္ဂရန္တိ။** ။ရူပသိဒ္ဓိ၊ ဝဂ္ဂေ ဃောသာဃောသာနံ-သုတ်အဖွင့် ဌ် ပ ဥပသာရရှေးရှိသော ဃရဓာတ်နောင် အသဒိသဒွေဘော်ရုပ်ကို ထုတ်ပြ ထားသောကြောင့်လည်းကောင်း၊ ပ ပုဗ္ဗ ဃရ အန္တိဝိဘတ်ဖြင့် ပြီးသော ကြောင့်လည်းကောင်း ပဋ္ဌရန္တိပါဠ်သာ သင့်သည်။

**ဟီန။ ဟိန။ ဟီဏ။ ဟိဏ။** ။ဟာဓာတ်+တပစ္စည်း။ ကွစိဓာတုသုတ် ဖြင့် တ-ပစ္စည်းကို ဤဏပြု။ ဏ-ကို န-ပြု၍ပြီးသောကြောင့် ဟီန-တချက် သာ သင့်သည်။

**မှတ်ချက်။** ။ပါ+ဖြေ၊ ပဌမ။ ၂၇၉။ ပဟီန ပုဒ်အဆုံးအဖြတ်ကြည့်။

---

(က)ဒုဋ္ဌုလ္လန္တိ ဒုဋ္ဌု စ ကိလေသဒုသိတံ, ထုလ္လဉ္စ အသုခုမံ။ (ခ)အနိပ္ပုဏန္တိ ဝုတ္တံ ဟောတိ။ (ဂ) ဩဒကန္တိကန္တိ ဥဒကကိစ္စံ အန္တိကံ အဝသာနံ အဿာတိ ဩဒကန္တိကော။ (ဃ) တံ ဩဒကန္တိကံ။ ဋ္ဌ။ ၁၇၆။

## ❁ ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရ။ ထို-၍ က-ဝါကျကား သင်္ခေပ။

ဂ-ဃ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဝါကျကား ပက္ခ။

ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ က-ခ-ဝါကျကား အာရဒ္ဓ။ (တေဟိ သဟာယကေဟိ။ ဝိ၊ ဋ္ဌ။ ၁။ ၁၆၉=ဝါကျနှင့်တူပြီ။)

---

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဒုဋ္ဌု စ ထုလ္လဉ္စ-ဖြင့် ဒုဋ္ဌုလ္လပုဒ်ကို ဒုဋ္ဌု နိဿိတံ ဒုဋ္ဌုလ္လံဟု နိဿိတတဒ္ဓိတ်ဝစနတ္ထမပြုရ၊ ဒုဋ္ဌု စ တံ ထုလ္လဉ္စာတိ ဒုဋ္ဌုလ္လံဟု ကမ္မဓာရယ်

http://www.dhammadownload.com



သမာသ်ဝစ်နတ္တပြုရမည်–ကိုလည်းကောင်း[၁]၊ ဒုထူလံဟုဆိုလိုလျက် ဒန္တဇထ-ကို မုဒ္ဓဇဌပြန်ခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်း၊ ဒု-ဥပသာရနောက်၌ အသဒိသ ဒွေဘော်လာခြင်း ဝဏ္ဏာဂမ၊ လဒွေဘော်လာခြင်းဝဏ္ဏာဂမ။ ဦကို ဥ-ရဿ ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဒုဋ္ဌုလ္လဟုရုပ်ပြီးသည်–ကိုလည်းကောင်း[၂]၊ ဒု-ဥပသာရ၏ (ဒုဗ္ဗိက္ခာစသည်တို့၌ကဲ့သို့) အသမိဒ္ဓိ အနက်ကိုမဟော၊ ဒုဋ္ဌု (ကုစ္ဆိတ) အနက်ကိုဟောသည်–ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဝိဒေနတ္တ သမာသလိင်္ဂပဒတ္ထ၊ ၂။ ဘာဝတ္ထ၊ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ

မှတ်ချက်။ ။အတ္တံ အဒဿနေ ဒုဋ္ဌု၊ နိန္ဒာယံ ဝန္ဒနေ နမော။ ဓာန်။ ၁၁၅၄–အလို ဒုဋ္ဌုသဒ္ဒါနိန္ဒာအနက်ကိုဟောသည်။ ဓာန် ၁၁၅၉။ ကုစ္ဆာယံ ဒုဋ္ဌု ကုစ္ဆနေနင့် ကုစ္ဆာယံ ဒုဋ္ဌုလ္လန္တိအာဒီသု ဒဋ္ဌဗ္ဗော၊ သူစီ။–ကိုထောက်၍ (ဒုဋ္ဌုသဒ္ဒါကုစ္ဆိတအနက်ကိုဟောသည်။ ဒုကုစ္ဆိတေဿဒတ္တေသု ဓာန်။ ၁၁၇၀) ကို ထောက်၍ ဒု-သဒ္ဒါသည်လည်း ကုစ္ဆိတအနက်ကိုဟောသည်။ ထို့ကြောင့် ဒု-ကို ဒုဋ္ဌုဟု ဖွင့်ရာ၌ ဒုသဒ္ဒါကုစ္ဆိတအနက်ဟောကြောင်း ဖွင့်ပြသည်ဟု သိရာ၏။ ယင်းအလို ဒုဋ္ဌု စ၊ စက်ဆုပ်အပ်သည်လည်း။ ဟောတိ၊ ဟုတ်၏။ သော၊ ထို-သည်။ ထူလော စ၊ ရုန့်ရင်းကြမ်းတမ်းသည်လည်း။ ဟောတိ၊ ၏-ဟု ဝိဂ္ဂြိုဟ်ကို အနက်ပေးလေ။

က–ဝါကျ၌ ကိလေသဒူသိတံ-ဖြင့် ဒုဋ္ဌု=စက်ဆုပ်၏ဟူသည် ကိလေသာတို့သည် ဖျက်ဆီးအပ်၊ ဖျက်ဆီးထား၊ ကိလေသာတို့၏ ဖျက်ဆီးခြင်းခံရသောကြောင့် စက်ဆုပ်အပ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။) ၂

မှတ်ချက်။ ။ဖော်ပြပြီး ဒုဋ္ဌုသဒ္ဒါ၏အနက်တို့တွင် ဒူသိတအနက်ဟော မပါရှိသောကြောင့် ကိလေသဒူသိတံ-ဖြင့် ဘာဝတ္ထပြသည်ဟု ဆိုလိုသည်။ ဤအလို အောက်ပါအတိုင်းအနက်ပေး။

အနက်ယောဇနာ။ ။ဒုဋ္ဌုလ္လံ၊ စက်ဆုပ်အပ်သည်ဖြစ်၍ (သဒ္ဒတ္ထ။) ကိလေသာတို့သည် ဖျက်ဆီးအပ်သည်ဖြစ်၍ (အဓိပ္ပာယတ္ထ။) ရုန့်ရင်းကြမ်းတမ်းသော။

## တံနည်းအာဘော်

က–ဝါကျ၌ ဒုဋ္ဌုဖြင့် ဒုဋ္ဌုလ္လ၌ ဒုသဒ္ဒါသည် ကိလေသာတို့သည် ဖျက်ဆီးအပ်၏ဟူသောအနက်ကို ဟောသတည်းဟု သိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

က–ဝါကျ၌ ဒုဋ္ဌု စ ထူလဥ္စ-ဖြင့် သိစေအပ်သောအာဘော်ကား ပထမ အာဘော် ၁–၂–နှင့်တူပြီ။

က-ဝါကျ၌ ကိလေသဒုသိတံ-ဖြင့် ဒုဋ္ဌု၏ဒုသဓာတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဒုဋ္ဌု၌ တုပစ္စည်း၏ ကမ္မသာဓနနှင့်သက်သည်-ကိုလည်းကောင်း[၂]၊ ဒုသိတန္တိဒုဋ္ဌု (ဒုသိယတေတိ ဒုဋ္ဌု) ဟု ကမ္မသာဓနေဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃]၊ ဖျက်ဆီးအပ်သည်ဟူသည် ကိလေသာတို့သည် ဖျက်ဆီးအပ်သတည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဘာဝတ္ထ။

မှတ်ချက်။ ။ဒုဋ္ဌုလ္လ ကိလေသေဟိ ဒုဋ္ဌတ္တာ။ ဝိ၊ ဋ၊ ၁။ ၂၂၂-အဖွင့်၊ ဒုဋ္ဌော ကုဒ္ဓေ စ ဒူသိတေ။ ဓာန်။ ၁၀၇၈-ကိုထောက်၍ ဒုဋ္ဌုကို နာမ်ပုဒ်ကြံ၍ အဘောဲဖော်သည်။ ဤအလို အောက်ပါအတိုင်း အနက်ပေးပါ။

အနက်ယောဇနာ။ ။ဒုဋ္ဌုလ္လံ။ ကိလေသာတို့သည် ဖျက်ဆီးအပ်သည်ဖြစ်၍ ရုန့်ရင်းကြမ်းတမ်းသော။

ခ-ဝါကျ၌ အနိပုဏံ-ဖြင့် အသုခုမသဒ္ဒါသည် အနိပုဏ=မသိမ်မွေ့ခြင်းအနက်ကိုဟောသည်ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

မှတ်ချက်။ ။သုခုမ-ကို နိပုဏဟူသော ပရိယာယ်ပုဒ်ဖြင့် ဖွင့်သည်ဟု ကြံနိုင်သည်။ ပါဠိဝိနိစ္ဆယ။ နီတိ။ ဓာ။ သာရတ္ထ၊ ၂၊ ၂၃။ ကြည့်။

---

## ❁ ပါဠိဝိနိစ္ဆယ

ဒုဋ္ဌုလ္လ။ ဒုဋ္ဌုလ္လ။ ။ဒုပုဒ်+ထုလပုဒ်။ နိရုတ္တိနည်းဖြင့် ဒုဋ္ဌုလ္လ-ဟုပြီးသောကြောင့် ဒုဋ္ဌုလ္လ ပါဠ် သာသင့်သည်။

နိပုဏ။ နိပုန။ ။နိပုဗ္ဗ+ပုဓာတ်+ဥဏပစ္စည်း။ တနည်း။နိပုဗ္ဗ+ပုဏဓာတ်ဖြင့်ပြီးသောကြောင့် နိပုဏပါဠ်သာ သင့်သည်။

† ပုဏ နိပုဏေ။ ပုဏတိ။ နိပုဏတိ နိပုဏဓမ္မော။ ဧတ္ထ စ နိပုဏသဒ္ဒေါ သုခုမသဒ္ဒေါ ဝေဝစနသဒ္ဒေါ၊ ကုသလဆေကဒက္ခသဒ္ဒေါ ဝိယ။ နီတိ၊ ဓာ။ ၆၁။

ထူလ။ထုလ။ ။ထူလဓာတ်+အပစ္စည်းဖြင့် ပြီးသောကြောင့် ထူလပါဠ် သင့်သည်။

†ထူလ ပရိဒေဝနေ၊ အ။ ထူလံ။ သူစိ။

ဒူသိတ။ ဒုသိတ။ ။ဒုသ အပ္ပီတိယံ ဒူသကော။ နီတိ၊ ဓာ။ ၂၃၉-ကိုထောက်၍ ဒုသဓာတ်+တ-ပစ္စည်း ဣ အာဂုံ။ ဒု-၌ ဥကို ဦဒီဃပြု၍ပြီးသောကြောင့် ဒူသိတ သင့်။

မှတ်ချက်။ ။ဒုဋ္ဌုလ္လံ-နိရုတ္တိနည်းရသည်ကို သတိပြု။

---

F:36A

http://www.dhammadownload.com

(က) ဩဒကန္တိကန္တိ ဥဒကကိစ္စံ-လ-ဩဒကန္တိကော။ (ခ) တံ ဩဒကန္တိကံ။ (ဂ) ရဟာဿန္တိ-လ-ဥပ္ပဇ္ဇနကံ။ (ဃ) အယဉ္ဇိ ဓမ္မော-လ ဒဿနဝိသယေ ကာတုံ။ (င) တေန ဝုတ္တံ "ရဟာဿ" န္တိ။ ၄။ ၁၇၆။

## ဝါကျစွဲနှင့်ကျမ်းတကာ

ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ (တေဟိ သဟာယကေဟိ ဝါကျနှင့်တူပြီ။) ထို-၍ က-ဝါကျကား အာရဒ္ဓဝါကျ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဝါကျကား ပက္ခ။

ဂ-ဝါကျတွင် ပဋိစ္ဆန္နေ ဩကာသေ ဥပ္ပဇ္ဇနကံကား ဝိတ္ထာရ။ ထို-၍ ရဟောဘာဝံကား သခေပ။

ဃ-ဝါကျကား ဗျတိရေကယုတ္တိဒဠှီကရဏ။ ထို-၍ ဂ-ဝါကျကား အန္ဝယယုတ္တိဒဠှီယ။

**မှတ်ချက်။** ။ပဋိစ္ဆန္နေ ဩကာသေ ဥပ္ပဇ္ဇနကံ။(=ဖုံးလွှမ်းသောအရပ်၌ ဖြစ်လတ္တံ့သောမေထုန်အမှု ဟူသော အန္ဝယစကားကို န-သက္ကာ-လ-ဒဿနဝိသယေ ကာတုံ=လူမြင်ကွင်းမှာ မပြုသင့်ဟူသော ဗျတိရေကစကားဖြင့် ထောက်ခံခိုင်မြဲစေသောကြောင့် ဃ-ဝါကျကို ယုတ္တိဒဠှီကရဏ ဟု ဆိုသည်။

င-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၍ ဃ-ဝါကျကား လဒ္ဓဂုဏီယဝါကျ။

**မှတ်ချက်။** ။ယုတ္တိဒဠှီကရဏ ဃ-ဝါကျကို မျှော်၍ င-ဝါကျကို လဒ္ဓဂုဏဟုဆိုသည်။ ယုတ္တိဝါကျနောက်၌ လဒ္ဓဂုဏ်ဝါကျလိုက်တတ်၍ ဝိတ္ထာရဝါကျနောက်၌ နိဂုံးဝါကျလိုက်တတ်သည်။

---

## ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ရဟဿံ။** ။ရဟာသိ ဘဝံ ရဟဿံ။ (ဝါကျာဝစိကန္တ ဝိဂ္ဂိုဟ်။)ရဟာသိ၊ ဆိတ်ကွယ်ရာ၌။ ဝါ-ဖုံးကွယ်ရာအရပ်၌။ ဝါ-သူတပါးတို့ မမြင်နိုင်သော အရပ်၌။ ဘဝံ၊ ဖြစ်လတ္တံ့သည်တည်း။ ရဟဿံ၊ ....၌ဖြစ်လတ္တံ့သော အမှု။ ဘဝတဒ္ဓိတ်။ ရဟပုဒ်+ဏျပစ္စည်း။

ရဟ-အရကား ဆိတ်ကွယ်ရာ အရပ်၊ ဝါ-ဖုံးကွယ်ရာအရပ်၊ ဝါ-သူတပါး တို့ မမြင်ကောင်းသောအရပ် ဒြပ်သည် မုချ။ ယင်း-၏ ပြုကျင့်လတ္တံ့ (ဖြစ်လတ္တံ့သော မေထုန်အမှုနှင့် ဌာန ဌာနီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓသည် ဌာနူပစာ။ ဏျပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော မေထုန်အမှုရ၏။

http://www.dhammadownload.com



**အနက်ယောဇနာ။** ။ရဟသိ၊ ဆိတ်ကွယ်ရာ၌ ဖြစ်လတ္တံ့သော (ဘဒ္ဒတ္တ) ဖုံးလွှမ်းအပ်သောအရပ်၌ ဖြစ်လတ္တံ့သော(အနွယ အဓိပ္ပာယတ္တ။) သူတပါးတို့ မမြင်နိုင်သောအရပ်၌ ပြုသင့်(သူတပါးတို့မြင်ကွင်း၌ မပြုသင့်) သော (မေထုန် အမှု)။

---

## ခေတုပစ္စယာဒိဝိဘာဂ

**ရဟဿံ။** ။ရဟဿံ၌ ရဟသဒ္ဒါကား နာမ်ပုဒ်၊ ပုလ္လိင်၊ မနောဂိုဏ်း၊ အကာရန္တ။ ရဟော ဘဝံ၌ ရဟသဒ္ဒါကား နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ။

**မှတ်ချက်။** ။မနောဂိုဏ်းဝင်နာမ်ပုဒ် ရဟသဒ္ဒါကို ရဟတိ ဝိဝိစ္စတီတိ ဝါ ရဟော၊ ရဟ ဝိဝေကေ၊ အ ဟု သူ့စိ၌ ဝိဂ္ဂိုဟ်ဆိုသည်။ နီတိသုတ္တ၊ ၃၈၀-၌ သမ္မုခါ ပရမ္မုခါ အာဝိရဟော-လ-ဣစ္စေတေ သတ္တမိယာဟု ဆိုသဖြင့် ရဟော-သဒ္ဒါကို သတ္တမျတ္ထနိပါတ် ဟု မှတ်။

**အာဝိ။** ။အာဝိ သဒ္ဒါကား ဥပသာရ ၂၀-တွင်လည်းမပါ၊ အာဝိဿ အာဝိနံစသည် ဝိဘတျန္တ အဖြစ်ဖြင့်လည်းမထင်၊ ဓာတ်ဝိဘတ်ဖြင့်ပြီးသော အာ ချာတ်၊ ဓာတ်ပစ္စည်းဖြင့်ပြီးသောကိတ်၌လည်း မသက်ဝင်သောကြောင့် နိပါတ် ပုဒ်နှင့်နှင့်ဖြစ်ချေသည်။ထိုကြောင့် နီတိသုတ္တ ၃၈၀-၃၈၁-၌ အာဝိကို သတ္တ မျတ္ထနိပါတ်ဟု ဖွင့်ပြထားပေသည်။ ယင်းတို့ကိုထောက်၍ အာဝိဟု ဣကာရန္တ ရှိသောပါဌ်သာ မှန်သည်။ အာဝီ ဟု ဤကာရန္တရှိသောပါဌ်ကား မမှန်။

**အယံ ဓမ္မော။** ။ကာတုံဟူသော ဘောဟောကြိယာက အယံ ဓမ္မော ဟူသောကံကို မဟောနိုင်။ န သက္ကာ၌ သက္ကာဟူသော နိပါတ်ကသာ ဟော နိုင်သည်။ ထို့ကြောင့် နီတိ၊ သုတ္တ။ ၃၇၉-၌ အတ္ထိ၊ သက္ကာ၊ လဗ္ဘာ ဣစ္စေတေ ပဌမန္တဝါစကာ-ဟု ဆိုသည်။

ယင်း အယံ ဓမ္မောပုဒ်ကို ဇိဂုစ္ဆနီယတ္တာ၀ယ် ဇိဂုစ္ဆနီယဟူသော ဘာဝ ယောဂပုဒ်ကလည်း ဟောနိုင်သည်။ ယင်း အယံ ဓမ္မောပုဒ်ကို ဇိဂုစ္ဆနီယ၌ ကံ၊ ကံ၏ကြိယာစပ်။ အယံ ဓမ္မောကို ဣမဿ ဓမ္မဿဟု သမ္ဗန်မြင်။ ဇိဂုစ္ဆ နီယတ္တာ ၌ ကံ သမ္ဗန် ၂-ချက်စပ်။

**ဇိဂုစ္ဆနီယ။** ။ဇိဂုစ္ဆိယတေ (ဇိဂုစ္ဆိတဗ္ဗော) တိ ဇိဂုစ္ဆနီယော။ (ယော ဓမ္မော သပ္ပုရိသေဟိ ဇိဂုစ္ဆိတဗ္ဗော ဣတိ သော ဇိဂုစ္ဆနီယော။) ကမ္မသာဓန။ ဂုပဓာတ်+ဆပစ္စည်း+အနီယပစ္စည်း။

http://www.dhammadownload.com



ဂုပခာတ်–အရကား သူတော်ကောင်းတို့၏ မေထုန်အမှုကို စက်ဆုပ်ခြင်း ဟိရီ ဩတ္တပ္ပစသည်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ၊ ထို–အားတပ်သော မေထုန်အမှု၏ အာရမ္မဏပစ္စယသတ္တိ၊ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ ဆ–ပစ္စည်း အရကား ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာဘောဂုဏ် ရ၏။ အနီယ ပစ္စည်းအရကား ထို–မှတ်အပ်သော မေထုန်အကျင့်ရ၏။

---

## ☸ အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ ဥဒကကိစ္စံ–ဖြင့် ဩဒကံပုဒ်ကို ဥဒကေ ဘဝံ ဩဒကံ ဟု ဘဝတဒ္ဓိတ်ဝစနတ္ထ ပြုရမည်–ကိုလည်းကောင်း[1]၊ ဏပစ္စည်း၏ ဘဝတဒ္ဓိတ်၌ သက်သည်–ကိုလည်းကောင်း[2]၊ ဩဒကံအရ ရေကိစ္စ၊ ဝါ–ရေဆေးခြင်းကိစ္စကို ယူရမည်–ကိုလည်းကောင်း[3] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ အဘိဓေယျတ္ထ။

### ဉာသ်ကောက်

ဥဒကေ ဘဝံ ဩဒကံ။ ဘဝတဒ္ဓိတ်။ ဥဒကပုဒ်+ဏပစ္စည်း။

ဥဒက–အရကား ရေဖြပ်သည်မုချ။ ယင်း၏ ရေဆေးခြင်းကိစ္စနှင့် သာမက သာဓေ့အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏ–ပစ္စည်းအရကား ထို–မှတ်အပ်သော ရေဆေးခြင်းကိစ္စ ရ၏။

**အနက်ယောဇနာ**။ ။ဩဒကံ၊ ရေ၌ဖြစ်သောကိစ္စ။ ဝါ–ရေဆေးခြင်း ကိစ္စ။

က–ဝါကျ၌ အဝသာန်ဖြင့် အန္တိကသဒ္ဒါသည် အဝသာန=အဆုံးဟူသော အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

က–ဝါကျ၌ ဥဒကကိစ္စံ အန္တိကံ အဿ–ဖြင့် ဩဒကန္တိကံပုဒ်ကို ဩဒကံ အန္တိကံ အဿာတိ ဩဒကန္တိကော (တံ) ဟု စတုတ္ထီဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထပြုရမည် ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

### ဉာသ်ကောက်

ဩဒကံ အန္တိကံ အဿာတိ ဩဒကန္တိကံ။ (အဿ၊ ထို မေထုန်အမှု အား။ ဩဒကံ၊ ရေဆေးခြင်းကိစ္စဟူသော အန္တိကံ၊ အဆုံးသည်။ အတ္ထိ၊ ၏။ ဣတိ သော ဩဒကန္တိကော။ အတဂ္ဂုဏ သံဝိညာဏစတုတ္ထီ ဗဟုဗ္ဗီဟိ။ ဩဒက+အန္တိက+တ။

ဩဒကအန္တိက–အရကား ရေဆေးခြင်းကိစ္စဟူသော အဆုံးသည် မုချ။ ယင်း၏ မေထုန်အမှုနှင့် အကျိုးအကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တ–အရကား ထို–ဖြင့် မှတ်အပ်သော မေထုန်အမှုရ၏။

http://www.dhammadownload.com


**အနက်ယောဇနာ။** ။ဩဒကန္တိကော၊ ရေဆေးခြင်းကိစ္စဟု ဆိုအပ်သော အဆုံးရှိသော။ (မေထုန်အကျင့်။)

**မှတ်ချက်။** ။ဩဒကအန္တိက-ဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်အရ ရေဆေး ခြင်းကိစ္စဟူသော အဆုံးကား အကျိုးတရား။ ဩဒကန္တိကဟု ပုဒ်ပြီးနိဂ္ဂုန္န အညပုဒ်အရကား အကြောင်းဖြစ်သော မေထုန်ရ၏။ သို့ဖြစ်၍ အောက်ပါ အတိုင်း ဥပစာကြံရသည်။

## ဥပစာတင်ပုံ

အကျိုးဖြစ်သော ရေဆေးခြင်းကိစ္စဟူသော အဆုံး၏ ဩဒကအန္တိက(ဩဒ-ကန္တိက) အမည်ကို အကြောင်းဖြစ်သော မေထုန်အမှု၌တင်စား၍ အကြောင်း ဖြစ်သော မေထုန်အမှုကို ဩဒကန္တိကဟု ခေါ်သောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

ခ-ဝါကျဖြင့် ဩဒကန္တိကောဟု ပထမန္တ-ဖြင့် မိမိ (အဋ္ဌကထာဆရာ) ဖွင့် ဆိုသော်လည်း သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ဒုတိယန္တအားဖြင့် ရှိသတည်းဟု သိ စေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ ရဟော ဘဝံ-ဖြင့်ရဟသဒ္ဒါ၏- ဆိတ်ကွယ်ရာ (ရဟော)အနက် ကိုဟောသည်-ကိုလည်းကောင်း[၁]၊ ရဟသိ ဘဝံ ရဟဿံဟု ဘဝတဒ္ဓိတ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၂]၊ဏျပစ္စည်းဘဝတဒ္ဓိတ်(ဘာဝတဒ္ဓိတ်မဟုတ်) ၌သက်သည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။

**မှတ်ချက်။** ။ရဟဿံ၌ ရဟ ဟူသော မနောဂိုဏ်းဝင် နာမ်ပုဒ်ကို ရဟော ဟူသော သတ္တမျတ္ထနိပါတ်ပုဒ်ဖြင့် ဖွင့်သည်ဟု မှတ်။

ဂ-ဝါကျ ပဋိစ္ဆန္နေ ဩကာသေ-ဖြင့် ရဟောအရ သောတရဟ (နား၏ ဆိတ်ကွယ်ရာ၊နားမကြားနိုင်သောအရပ်) ကို မယူရ။ စက္ခုရဟ(မျက်စိ၏ဆိတ် ကွယ်ရာ။ မျက်စိမမြင်နိုင်သောအရပ်) ကို ယူရမည်ဟု သိစေသည် (အဘိ-ဓေယျတ္ထ။)

ဂ-ဝါကျ၌ ဥပ္ပဇ္ဇနကံ-ဖြင့် ဘဝံ၌ ဘူဓာတ်သည် ပတ္တိ=ရောက်ခြင်းအနက်ကို မဟော၊ သတ္တာ=ထင်ရှားဖြစ်ပေါ်ခြင်း အနက်ကိုဟောသည်ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်-ကိုလည်းကောင်း[၂]၊ ဘဝိဿတိ ဥပ္ပဇ္ဇိဿ-တိတိ ဘဝံဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

http://www.dhammadownload.com


### ပါဠိဝိနိစ္ဆယ

ရဟာသံ။ ရဟသိ။ ။ရဟာသံကား ရဟ နာမ်ပုဒ်၊ ဏ၂-ပစ္စည်း။ ဏ-အနုဗန်ကိုချေ။ -၂-ကြွင်းစေ။ သ-အာဂုံကာ၊ -၂-သို့ကပ်။ သျ ဖြစ်၏။ ယဝတံ၌ အတ္တဘာဝနိဒ္ဒေသဖြင့် သျကို သ-ပြု။ သ-ဒွေဘော်လာ၊ ရဟာသံဟု ပြီးသည်။ သောမနဿံ ကဲ့သို့တည်း။ သို့ရုပ်ပြီးသောကြောင့် ရဟာသံပါဠိသာ သင့်သည်။

(က) ဒွယံ ဒွယသမာပတ္တိန္တိ ဒွီဟိ ဒွီဟိ သမာပဇ္ဇိတဗ္ဗံ။ (ခ) ဒွယံ ဒွယံ သမာပတ္တိန္တိပိ ပါဠော။ (ဂ) ဒယံ ဒယံ သမာပတ္တိန္တိပိ ပဋ္ဌန္တိ။ (ဃ) တံ န သုန္ဒရံ။ (င) သမာပဇ္ဇိဿတီတိ ဇတံ-လ-သမာပဇ္ဇိဿသိ နာမာတိ။ ဋ္ဌ။ ၁၇၆။

### ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဝါကျကား ပက္ခ။

ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓ။

#### ဃ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် ဒယံ ဒယံ သမာပတ္တိ ဟုလည်း အချို့ဆရာတို့ ရွတ်ဆိုကြကုန်သောဟု ဆိုတော်မူ၏။ ထိုသို့ ဒယံ ဒယံ သမာပတ္တိ ဟု အချို့သောဆရာတို့ ရွတ်ဆိုကြခြင်းသည် ကောင်းပါသလော။ (တံ နသုန္ဒရံ၌ န-ကိုပယ်။ နနု တံ သုန္ဒရံ ဟု အာဘော်ဆင်။) အဘယ်သို့မှတ်သားရမည်နည်း ကြောင့်-ဃ-ဝါကျမိန့်။

### အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် သမာပတ္တိ ပုဒ်ကို သမာပဇ္ဇိတဗ္ဗန္တိ သမာပတ္တိ (ဝါကျာဝဓိကန္တ) ဟု ကမ္မသာဓနဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ တိ-ပစ္စည်း၏ ကမ္မသာဓန၌သက်သည်-ကိုလည်းကောင်း[၂]၊ ဒွယ ဒွယ သဒ္ဒါ၏ ဝိစ္ဆာတဒ္ဓိတ်နာမ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ဒွီဟိ ဒွီဟိ သမာပတ္တိ၊ ဒွယ ဒွယသမာပတ္တိ ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၄]၊ ဒွယ ဒွယသမာပတ္တိ ဟု ဆိုလိုလျက် နိဂ္ဂဟိတ်လာခြင်း ဝဏ္ဏာဂမနိရုတ္တိနည်းဖြင့် ဒွယံ ဒွယံသမာပတ္တိ ဟု ရုပ်ပြီးသည်၏-အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ တဒ္ဓိတလိင်္ဂပဒ။
၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၅။ ဘာဝတ္ထ။ ဝါ-သန္ဓိလိင်္ဂပဒ။
(အာဂမသန္ဓိပြု)

http://www.dhammadownload.com

## ဒွယံ ဒွယ သမာပတ္တိအဖွင့်မှတ်ဖွယ်

ဒွိတ္တံ ဝိစ္ဆာယ မေကသ္မိ၊ နေကတ္တသ္မိ နိပါတနာ။ (ဘေဒစိန္တာ။ ၂၀၆။)

တခုတည်းသောအနက်ရှိသော ဂါမေစသောသဒ္ဒါကို နိပါတနသုတ်ကြီးဖြင့် ဂါမေ ဂါမေစသည် ဒွေဘော်ပြုရမည်ဟူသော သဒ္ဒါဆရာတို့အဆိုအမိန့်နှင့်အညီ ဤ၌ ဒွယံ ဒွယသဒ္ဒါသည် ဒွယသဒ္ဒါတခုကို ဒွယ ဒွယဟု ဒွေဘော်ပြုထားသော ဝိစ္ဆာတဒ္ဓိတ်နာမ်ပုဒ်ဖြစ်သည်။ သို့ဖြစ်၍ ဝိ၊ ဋ္ဌ၊ ၃။ ၁၀၆-၌ ဒွိဟိ ဒွိဟိ ဟုလည်းကောင်း။ ဝိ၊ ဋ္ဌ၊ ၁။ ၂၂၂-၌ ဒွယေန ဒွယေန ဟုလည်းကောင်း ဖွင့်ပြသည်။ တို့ကြောင့် အထက်ပါအတိုင်း အာဘော်ဖော်ရသည်။

ဒွယပုဒ်ကား ဒွိပုဒ်၊ သမူဟတဒ္ဓိတ်၌ ဏ ပစ္စည်းသက်၊ ဒွိန္နံ သမူဟော ဒွယံ၊ တေသုဝုဒ္ဓိတိအာဒိနာ ဣကာရဿ အယာဒေသော။ ရူ။ ၃၇၉-အဖွင့်နှင့်အညီ ဒွိ၌ ဣကို အယပြု၍ ဒွယပြီးသည်။

## ဉာသ်ကောက်

သမာပဇ္ဇိတဗ္ဗာတိသမာပတ္တိ။ (ယာ မေထုနဓာတိ ဒွိဟိ ဒွိဟိ သမာပဇ္ဇိတဗ္ဗာ ဣတိ သာ သမာပတ္တိ။) ကမ္မသာဓန။ သံ+အာ+ပဒ+တိ။

သံ အာ-အရကား ဓာတွတ္ထာနုဝတ္တက ဘောဂုဏ်ရ၏။ ပဒဓာတ်+အရကား မေထုန်မှီဝဲသောယောကျ်ားမိန်းမနှစ်ယောက်တို့၏ ရာဂပြင်းသောအကုသိုလ်စိတ္တုပ္ပာဒ်သည် မှုချ။ ကမ္မတ္ထ-ကား ထို-အားတပ်သော မေထုန်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလှု။ ဟိပစ္စည်းအရ ထို-မှတ်အပ်သော မေထုန်အကျင့်ရ၏။

**ဒွယံဒွယသမာပတ္တိ**။ ။ဒွိဟိ ဒွိဟိ သမာပတ္တိ ဒွယံ ဒွယသမာပတ္တိ။ တတိယာ တပ္ပုရိသ်သမာသ်။ ဒွယဒွယပုဒ်၊ သမာပတ္တိပုဒ်။

ဒွယ ဒွယ-အရကား မိန်းမယောကျ်ား နှစ်ဦးသားတို့ဒြပ်သည် မှုချ။ ယင်း၏ မေထုန်အမှုနှင့် သာဓကသာဓျအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဒွယံ ဒွယသမာပတ္တိ-အရကား ထို-ဖြင့်မှတ်အပ်သော မေထုန်အမှုရ၏။

**အနက်ယောဇနာ**။ ။ဒွယံ ဒွယသမာပတ္တိ၊ မိန်းမယောကျ်ား၏ အစုံမှ ဖြင့် နှစ်ယောက်ကုန် နှစ်ယောက်ကုန်သောသူတို့သည် ရောက်အပ် ကျင့်အပ်သော (မေထုန်အမှု။)

ဝေ-ဝါကျဖြင့် သမာပဇ္ဇိဿသိဟူသောပုဒ်ကို နာမသဒ္ဒါနှင့်စပ်၍ သမာပဇ္ဇိဿသိ နာမ ဟု ယောဇနာရမည် ဟု သိစေသည်။ (သမ္ဗန္ဓ၊ ဝါ-ဘာဝတ္တ။)

**မှတ်ချက်**။ ။နာမေ ဂရဟာ ဝိမှယေသု (မောဂ်၊ ၆။ ၃)-ဟူသော မောဂ္ဂလ္လာန်နှင့်အညီ ဂရဟာအနက်ဟောသော နာမသဒ္ဒါနှင့်ယှဉ်သောကြောင့် သမာပဇ္ဇိဿသိ၌ အနာဂတ်ဝိဘတ် (ဘဝိဿန္တိဝိဘတ်) သက်သည်။

http://www.dhammadownload.com

**အနက်ယောဇနာ။** ။သမာပဇ္ဇိဿာသိ နာမ၊ ကျင့်ကြံတုံဘိသနည်း၊ ကျင့်ကြံလေဘိသနည်း။ ကျင့်မှုကျင့်ရက်ပလေ။

---

(က) ဗဟုန္နံ ခေါ။ ပ။ အာဒိကတ္တာ-လ-သန္တာယ ဝဒတိ။ (ခ) ဣမသ္မိံ သာသနေ-လ-သဗ္ဗပဌမံကရဏတော။ (ဂ) ပုဗ္ဗင်္ဂမောသဗ္ဗပဌမံ-လ-ပုဗ္ဗပန္နတ္တာ။ (ဃ) ဒွါရံဒဒေါ ဥပါယဒဿကောတိ ဝုတ္တံ ဟောတိ။ (င) ဣမဿ္မိံ လေသံ လဒ္ဓါ-လ-အဓိပ္ပာယော။ ဋ္ဌ။ ၁၇၇။

**က-ဝါကျလျှဉ်းပါးတက်**

ဆရာ၊ မြတ်စွာဘုရားသည် ဗဟုန္နံ ခေါ-လ-ပုဗ္ဗင်္ဂမောဟု မိန့်တော်မူ၏။ လောက၌ တစုံတယောက်သော ကမ္ဘာဦးသူသည် မေထုန်ကို အစစွာပြုသည် မဟုတ်ပါလော၊ သို့ဖြစ်ပါလျက် အဘယ်ကိုရည်ရွယ်၍ (အဘယ်ကြောင့်) ဗဟုန္နံ ခေါ စသော စကားကို ဘုရားရှင် မိန့်တော်မူပါသနည်း-ကြောင့် သာသနံ သန္တာယဝဒတိ-ဟူသော သံဝဏ္ဏနာကို မိန့်။ (အဓိပ္ပာယ်ပြန်။)

†. လောကေ မေထုနဓမ္မဿ အာဒိကတ္တာ ကောစိ ပထမကပ္ပိကော န ပနာယန္တိ အာဟ "သာသနံ သန္တာယ ဝဒတိ" တိ။ သာရတ္ထ၊ ၂။ ၂၄။

**မှတ်ချက်။** ။ဤ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကိုထောက်၍ အာဒိကတ္တာ, ပုဗ္ဗင်္ဂမ (အစစွာပြုလုပ်သူ ရှေ့သွား) အရ လောကကိုငဲ့၍ ကမ္ဘာဦးသူ၊ သာသနာတော်ကိုရှု၍ ရှင်သုဒိန်-ဟု ၂-ယောက် ၂-မျိုးရသည်ကို သတိပြုပါ။ ဥပစာတင်ပုံနှင့် ယှဉ်ကြည့်ပါလေ။

ခ-ဂ-ဝါကျကား ပိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သခေပ။

**မှတ်ချက်။** ။က-ဝါကျဖြင့် ဗဟုန္နံ ခေါ စသော စကားကို သာသနာတော်ကို ရည်ရွယ်၍ မြတ်စွာဘုရားမိန့်သည်။ (သန္တာယဘာသိတတ္ထ။) ခ-ဂ-ကျဝါဖြင့် ဗဟုန္နံစသော ပုဒ်တို့၏ သဒ္ဒတ္ထ အဓိပ္ပာယတ္ထအကျယ်ကို ပြသည်-ဟု ရှေ့ပိဏ္ဍတ္ထ နောက်ပိဏ္ဍတ္ထကို ရှု၍ အောက်ပါအတိုင်း ကျမ်းတက်ရ၏။

**အနုသန္ဓေတက်**

ဤသို့ က-ဝါကျဖြင့် သန္တာယဘာသိတတ္ထ အကျဉ်းကို ပြတော်မူပြီး၍ ယခုအခါ၌ ဗဟုန္နံစသော ပုဒ်တို့၏ သဒ္ဒတ္ထ-အဓိပ္ပာယတ္ထအကျယ်ကို ပြခြင်းငှာ ခ-ဇ-ဝါကျကိုမိန့်။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ ခ-ဝါကျကား ပက္ခ။

http://www.dhammadownload.com


မှတ်ချက်။ ။ခ–ဝါကျဖြင့် ဗဟူနံ-လ-အာဒိကတ္တာဟူသောပါဠိကို ဖွင့်၍ ဂ–ဝါကျဖြင့် ပုဗ္ဗင်္ဂမောဟူသော ပါဠိကို ဖွင့်သည်။

ခ–ဝါကျတွင် သမ္ပပထမံ ကရဏတောကား ဟေတုဝါကျ။(နာမလာဘာ ဟိတ်ပြသည်။) အာဒိကတ္တာကား ဖလဝါကျ။

ဂ–ဝါကျတွင် သမ္ပပဋ္ဌမံ-လ–ပဋိပန္နတ္တာကား ဟေတုဝါကျ။ ပုဗ္ဗင်္ဂမော -ကား ဖလဝါကျ။

ဃ–ဝါကျကား ဝိတ္ထာရ၊ဝါ-ဝါကျာရမ္ဘ။ ထို-၌ ဂ–ဝါကျကား သင်္ခေပ။ ဝါ-အာရဒ္ဓ။

င–ဝါကျကား(ဗဟူနံ ခေါ စသောစကား၌ မြတ်စွာဘုရား၏အလိုအဓိပ္ပာယ် အကျယ်ကိုပြသောကြောင့်) ဝိတ္ထာရ။ ထို-၌ ဗဟူနံ ခေါ-လ-ဝုတ္တံ ဟောတိ တိုင်အောင်သော က–ခ–ဂ–ဃ–ဝါကျတို့ကား သင်္ခေပ။

---

## ⊛ အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ သာသနံ သန္ဓာယဝဒတိ-ဖြင့် ဗဟူနံ ခေါ စသော စကားကို လောကကို ရည်ရွယ်၍ ဆိုသည်မဟုတ်၊ သာသနာကို ရည်ရွယ်၍ဆိုသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

တနည်း။ ။သာသနံ သန္ဓာယ ဝဒတိ–ဖြင့် အာဒိကတ္တာ ပုဗ္ဗင်္ဂမောအရ လောက၌ မေထုန်အမှုကို ရှေးဦးစွာပြုတတ်သော အချို့သောကမ္ဘာဦးသူကို မယူရ၊ သာသနာတော်ကိုငဲ့၍ ရှင်သုဒိန်ကို ယူရမည်ဟု သိစေသည်။ (အဘိ-ဓေယျတ္ထ။)

ခ–ဝါကျ၌ ဣမသ္မိံ သာသနေဖြင့် ဗဟူနံ ခေါ စသော ပါဠိတော်ဝါကျ၌ ဣမသ္မိံ လောကေ ဟူသော အာဓာရကိုနစ်စေ၍ ဣမသ္မိံ သာသနေ ဟူသော အာဓာရဖြည့်စွက်၍ ယောဇနာရမည်ဟု သိစေသည်။(သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။)

ခ–ဝါကျ၌ ပုဂ္ဂလာနံဖြင့် ဗဟူနံ ပုဒ်ကား အကုသလာနံ ဓမ္မာနံ ပုဒ်သို့ ငဲ့ရ, ဆိုက်ရ, စပ်ရသောပုဒ်မဟုတ်၊ ပုဂ္ဂလာနံ သဒ္ဒါကို ငဲ့ရ၊ ဆိုက်ရ၊စပ်ရသော ပုဒ်တည်းဟု သိစေသည်။(သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။)

တနည်း။ ။ပုဂ္ဂလာနံ-ဖြင့် ဗဟူနံပုဒ်ကို အကုသလာနံ ဓမ္မာနံ၌ စပ်၍ ဗဟူနံအရ အကုသိုလ်ဓမ္မတို့ကို မကောက်ယူရ၊ ပုဂ္ဂလာနံထည့်စပ်၍ ပုဂ္ဂိုလ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

http://www.dhammadownload.com



ခ-ဝါကျ၌ သဗ္ဗံ ပထမံ ကရဏတောဖြင့် အာဒိသဒ္ဒါသည် ဤ၌ သီမာ (အပိုင်းအခြား)စသောအနက်ကို မဟော၊ ပထမ(ရှေးဦးစွာ) အနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အာဒိသဒ္ဒါသည် ပထမအနက်ကို ဟောသောကြောင့် ယင်းပထမအနက်ကို ဟောသော အာဒိသဒ္ဒါ၏ အပါဒါန်ကား သဗ္ဗေဟိတည်း၊ သဥ္ဇနိကား သဗ္ဗေသံတည်း- ဟူသောအဓိပ္ပာယ်ကို လည်းကောင်း[၂]၊ ကဿ၌ ကရဓာတ်၏အဖြစ်ကိုလည်းကောင်း[၃]၊တုပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်-ကိုလည်းကောင်း[၄]၊ ကရောတီတိ ကတ္တာဟု ဝစနတ္ထပြုရမည်-ဟုလည်းကောင်း[၅]၊ အာဒိနှင့် ကတ္တာကို အာဒိ ကတ္တာ အာဒိကတ္တာဟု ပထမာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၆] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ ဒုတိယဓာတွာဒ။
၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ၊ ၆။ အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ။

## ❁ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

ကရောတီတိ ကတ္တာ။ ယော သုဒိန္နော၊ သည်။ အကုသလေ ဓမ္မေ ကရောတိ ဣတိ သော ကတ္တာ။(ပါဠိတော်ကိုရှုရှ်ဤသို့ ဝါကျဖြောင့်၍ထား။) ကတ္တုသာဓန။ ကရဓာတ်+တုပစ္စည်း။

ကရဓာတ်အရကား မေထုန်အမှုကို ပြုဆဲသော ရှင်သုဒိန်၊၊ နန္ဒိရာဂပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်မှုချ။ ရှေး၌ ဖြစ်သော အယောနိသောမနသိကာရအသပ္ပုရိသူပနိဿယ စသည်တို့သည် ဖလူပစာ။ နောက်နောက်၌ ဖြစ်သော ကုက္ကုစ္စ, ဝိပ္ပဋိသာရစသည်တို့သည် ကာရဏူပစာ။ တုပစ္စည်းအရ ထို-ဖြင့် မှတ်အပ်သော ရှင်သုဒိန်ဖြပီရ၏။

အာဒိ ကတ္တာတိ အာဒိကတ္တာ။အာဒိ၊ခပ်သိမ်းသောသူတို့မှ (တို့၏) ရှေးဦးစွာ။ ကတ္တာ၊ ပြုတတ်သောသူတည်း။ ပဌမာတပ္ပုရိသ်သမာသ်။အာဒိပုဒ်ကတ္တာပုဒ်။

အာဒိ-အရကား ခပ်သိမ်းသော သူတို့မှ (တို့၏) ရှေးဦးပထမဟူသော ပဌမတ္တဘောဂုဏ်သည်မုချ။ ယင်း၏ပြုတတ်သော ရှင်သုဒိန်ဖြပ်နှင့် ဝိသေသနစိသေသျဂုဏ်ဂုဏေအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ အာဒိကတ္တာအရကား ထို-ဖြင့် မှတ်အပ်သော ခပ်သိမ်းသော သူတို့မှ(သူတို့၏)ရှေးဦးစွာ ပြုတတ်သော ရှင်သုဒိန်ဖြပ်ရ၏။

မှတ်ချက်။ ။အာဒိကတ္တာပုဒ်ကို ကမ္မဓာရာယ် သမာသ်ဟုလည်း ဆိုနိုင်သည်။ မအူသျှ၌ အာဒိမှိ ကတ္တာ အာဒိကတ္တာဟု သတ္တမီတပ္ပုရိသ်သမာသ်ပြုသေး၏။

http://www.dhammadownload.com


**အနိက်ယောဿနာ။** ။အာဒိကတ္တာ၊ (ခပ်သိမ်းသောသူတို့မှ၊ ဝါ-သူတို့၏) ရှေးဦးစွာပြုတတ်သောသူတည်း။

ဂ-ဝါကျ၌ သဗ္ဗပထမံ ပဋိပန္နတ္တာဖြင့် ပုဗ္ဗဂ်မောဠ် ပုဗ္ဗသဒ္ဒါသည် သွေး၊ပြည် ဟူသော အနက်ကိုမဟော၊ ရှေးဦးစွာ (ပထမ) အနက်ကိုဟောသည်-ကို လည်းကောဝ်း၊ ပုဗ္ဗသဒ္ဒါသည် ပထမအနက်ကို ဟောသောကြောင့် ပုဗ္ဗ-သဒ္ဒါ၏ အပါဒါန်ကား သဗ္ဗဟိတည်း။ သမ္ဗန်ကား သဗ္ဗေသံတည်း ဟူသော အမိပ္ပာယ်ကိုလည်းကောဝ်း[၂]၊ (ပုဗ္ဗကို သဗ္ဗပထမဖွင့်သဖြင့် ရသောအာဘော်တည်း။) ပုဗ္ဗဂ်မောဌ် ဂမုခါတ်၏ ဂတိအနက်ကို ဟောသည်-ကိုလည်းကောင်း[၃]၊ အ-ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်-ကိုလည်းကောဝ်း[၄]၊ အဂမိတိဂမောဟု ကတ္တုသာဓနေဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၅]၊ ပုဗ္ဗဂ်မောကို ပုဗ္ဗံ ဂမော ပုဗ္ဗဂ်မောဟု ပထမာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည် - ကိုလည်းကောဝ်း[၆]၊ သိစေသည်။

၁။ နာမလိင်္ဂတ္ထ၊ ၂။ အာဝုတ္တ၊ ၃။ ဒုတိယပစ္စယတ္ထ၊ ၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ၊ ၆။ အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ။

† 'ပုဗ္ဗော ပုယေဂ္ဂတော အာဒေါ၊ သော ဒိသာဒေါ တိလိင်္ဂကော။
ဓာန်။ ၉၅၁။

**မှတ်ချက်။** ။ပုဗ္ဗဂ်မော-၌ ဂမောကို ပဋိပန္နတ္တာ ဟူသော ဟိတ်ဖြင့် ဖွင့်သည်။ ပုဗ္ဗဂ်မောပုဒ်ကို ပုဗ္ဗံ အာဂမာသီတိ ပုဗ္ဗဂ်မော-ဟု နိစ္စသမာသ် ဝိဂ္ဂဟ လည်း ပြုနိုင်သည်။ တော် မဂ္ဂံ ဟူသော ကံပုဒ်ကို ထောက်၍ ပုဗ္ဗဂ်မော၌ ပုဗ္ဗံသဒ္ဒါဝယ် ဒုတိယာဝိဘတ်မဟုတ် ပထမာဝိဘတ် ဖြစ်ကြောင်း သိနိုင်သည်။

ဂ-ဝါကျ၌ တော်မဂ္ဂံဖြင့် ပုဗ္ဗဂ်မောဟူသော သံဝဏ္ဏေတဗ္ဗ၌ ဂမုဓာတ်၏ ကံ၏ ပဋိပန္နတ္တာဟူသော သံဝဏ္ဏနာ၌ ပဒဓာတ်၏ ကံကို သိစေသည်။ (ဘာဝတ္ထ။)

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

အာဂမာသီတိ ဂမော။ (ယော သုဒ္ဓိန္နော မေထုနမဂ္ဂံ အာဂမာသိ ဣတိ သော ဂမော။) ဂမုဓာတ်+အပစ္စည်း။ ဂမုဓာတ်အရကား မေထုန်ဟူသော ခရီးကိုသွားသော ရှင်သုဒိန်၏ နန္ဒီရာဂပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပာဒ်သည် မုချ။ (ရှေ့နောက်စိတ်များကို ကတ္တာပုဒ်အတိုင်း ကောက်) အ-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော ရှင်သုဒိန်ဒြပ်ရ၏။

ပုဗ္ဗံ ဂမော ပုဗ္ဗဂ်မော။ (ပုဗ္ဗံ၊ ရှေးဦးစွာ၊ ဂမော။ မေထုန်ဟူသော ခရီးသို့သွားပြီးသူတည်း။)

http://www.dhammadownload.com


ပုဗ္ဗ—အရကား အာဒိအကောက်နှင့်တူပြီ။ ယင်း၏ မေထုန်ခရီးကို သွားပြီးသော သူဒိန်နှင့် ဝိသေသန ဝိသေသျ၊ ဂုဏ်ဂုဏ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာန္ဒပစာ။ ပုဗ္ဗင်္ဂမော-ဟူသော သမာသ်ပုဒ် အရကား ထို-ဖြင့် မှတ်အပ်သောရှေးဦးစွာ မေထုန်ဟူသောလမ်းကို သွားပြီးသော ရှင်သုဒိန်ရ၏။

**အနက်ယောဇနာ။** ။ပုဗ္ဗင်္ဂမော၊ ခပ်သိမ်းသော သူတို့မှ၊ ဝါ—သူတို့၏ ရှေးဦးစွာ (မေထုန်အမှုတည်းဟူသော လမ်းခရီးကို) သွားပြီးသောသူ။ (သဒ္ဒတ္ထ။)

ဃ-(ဝါကျဖြင့် ပုဗ္ဗင်္ဂမော=ရှေ့သွား ဟူသည် လမ်းပေါက်ကိုပေးသော သူ၊ နည်းဥပါယ်ကို ပြသောသူတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ။ပုဗ္ဗင်္ဂမော၊ လမ်းပေါက်ကို ပေးသောသူ၊ နည်းဥပါယ်ကို ပြသောသူတည်း။ (အဓိပ္ပာယတ္ထ။)

**တနည်း။** ။ဥပါယဒဿကော-ဖြင့် ဒွါရံ ဒဒေါ်္ဒ ဒွါရသဒ္ဒါသည် ဥပါယသဒ္ဒါ၏ ဝေဝုစ် စကားလှယ် ပရိယာယ်၏ အဖြစ်ကိုလည်းကောင်း၊ ဒွါရံဒဒေါ=လမ်းပေါက်ကို ပေးသောသူဟူသည် နည်းပရိယာယ်ကို ပြတတ်သော သူတည်း ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ ဘာဝတ္ထ။

† ဥပါယောပိ ဒွါရန္တိ ဝုစ္စတိ၊ နီတိ။ ဓာ။ ၁၅၀။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဒဿကော။** ။ဒဿေတီတိ ဒဿကော။ ဒိသ+ဏေ+ဏွု။ (ယော သုဒိန္နော၊ သည်။ ဗဟူ ပုဂ္ဂလေ ဥပါယံ ဒဿေတိ=မြင်စေတတ်၏၊ ဝါ-ပြတတ်၏။ ဣတိ သော ဒဿကော။) ဟေတုကတ္တုသာဓန။

ဒိသဓာတ်အရ သုဒ္ဓကတ္တုကြိယာအရကား ရှင်သုဒိန်၏ နည်းကို မြင်၍ ဝါ-ရှင်သုဒိန်သို့ အတုလိုက်၍ မေထုန်အမှု ပြုကြသူတို့၏ ရာဂပြင်းသောအကုသိုလ် စိတ္တုပ္ပာဒ်သည် မုချ။ ဟေတုကတ္တု ကြိယာအရကား ထိုအားတပ်သောရှင်သုဒိန်၏ မေထုန်အမှု၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ ဏွုပစ္စည်း အရကား ထို—ဖြင့် မှတ်အပ်သော ရှင်သုဒိန်ဒြပ်ရ၏။

**မှတ်ချက်။** ။ဣမဥ္စလေသံ စသော ဝိတ္ထာရဝါကျကိုရှု၍ အကျယ် ဉာဏ်ကောက်သည်။

ဥပါယဿ ဒဿကော ဥပါယဒဿကော။ (ဥပါယဿ၊ ကို။ ဒဿကော၊ ပြတတ်သော သူတည်း။) ကမ္မတ္ထဆဋ္ဌီ။ ဥပါယပုဒ်+ဒဿကပုဒ်။

ဥပါယ-အရကား-နည်း ဥပါယ်သည်မှချ။ နည်း၏ ပြတတ်သော ရှင်သုဒိန်နှင့် ကမ္မကမ္မီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဥပါယဒဿက-အရကား ထို-ဖြင့် မှတ်အပ်သော နည်းဥပါယ်ကို ပြတတ်သော ရှင်ဒိန်ရ၏။

## ❁ ဓာတုပစ္စယာဒိဝိဘာဂ

**လေသံ**။ ။လိသဓာတ်+အပစ္စည်း။ နပုလ္လိင်၊ အကာရန္တ၊ စိတ္တာဒိဂိုဏ်း။

**လဒ္ဓါ**။ ။လဘဓာတ်+တပစ္စည်း။ ကိတ်နာမ်ပုဒ်။ ဗဟူ ပုဂ္ဂလာဟူသော ကတ္တားသို့ လိုက်၍ လဒ္ဓါကား ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ ပထမာ ဗဟုဝုစ်ယောဝိဘတ်ချတ္တ။

**မှတ်ချက်**။ ။ဣမံ လေသံ၊ ကို။ လဒ္ဓါ၊ ရကြကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဗဟူ ပုဂ္ဂလာ ကရိဿန္တိ-ဟု စာစပ်ပါ။ ယင်းသို့စာစပ်လျှင် လဒ္ဓါကား ကတ္တားလွန်တည်းဟု သိရ၏။ ယင်းကတ္တားလွန်သည် ဗဟူပုဂ္ဂလာဟူသော ကတ္တားနှင့် အတူပင် ဖြစ်၏။ ထို့ကြောင့် ယင်းကတ္တားအတိုင်း လိင်၊ ဂဏစသည်ကို ဆုံးဖြတ်ရ၏။

**ဒွါရံ**။ ။ဒွရ+ဏ။(ဒွရတိသံဝရတိ ဧတေနာ တိဒွါရံဟုကရဏသာဓိပြု။)

† ဒွရ သံဝရဏေ၊ သံဝရဏံ ရက္ခဏံ။ နီတိ။ ဓာ။ ၁၅၀။

**တနည်း**။ ။ဒွိ+အရ+ဏ။

† ဒွရ န္တိ သံဝရန္တိ ဧတေနာတိ ဒွါရံ။ အထ ဝါ ဒွေ ကဝါဋ္ဌာ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ တေ္ထာတိ ဒွါရာနိ။ နီတိ၊ ဓာ။ ၁၅၀။
ဒွါရံ=နပုလ္လိင်။ ဒွါရာ=ဣတ္ထိလိင်။ နီတိ၊ ဓာ။ ၁၅၀။

## ❁ ပါဠိဝိနိစ္ဆယ

**ဒွါရံဒဒေါ။ ဒွါရံဒါယကော၊ ဒွါရဒါယကော။ ဒွါရံဒဒတော**။ ။ဒဒေါကား ဒါဓာတ်+အပစ္စည်း။ ဒါကို ဒါ ဒါ ဟုဒွေဘော်ပြု၊ ရှေ့အဗ္ဘာသ်၌ အာ-ကို အ-ရဿပြု၊ နောက်အ-ပစ္စည်းကြောင့် ရှေ့ဒါ၌ အာကိုချေ။ ဒ-အ-သို့ကပ်။ သိ-သက်၊ ဩပြု၊ ခွင်းချေကပ်၍ ဒဒေါဟု ရုပ်ပြီးသောကြောင့် လည်းကောင်း၊ဒွါရံဒဒေါဟု ဝါကျနှင့် ရှိသည်ဖြစ်စေ၊အမတံ ဒဒေါ စ သော ယောတိ စသော သံယုတ်ပါဠိတော်ကို ထောက်၍ အလုတ္တသမာသ်ရှိသည် ဖြစ်စေ အတ္တယုတ္တိ မပျက်သောကြောင့် ဒွါရံ ဒဒေါ ရှိသော ပါဠိသာ ယုတ္တတရ ဖြစ်သည်။

**လေသံ**။ **လိသံ**။ ။လေသံ လိသန္တိ ဝဒ္ဒယံ ဝေဝစနံ ဟူသော ပါဠိ၊ ယော-ကို ထောက်၍ ၂-ပါဠိသင့်။

## နည်းနှင့် ဥပစာ

**အာဒိကတ္တာ**။ ။အပေါင်းဖြစ်သော လောက၌ မေထုန်အမှုကို အစစွာ ပြုသူ အချို့သော ပထမကပ္ပိကပုဂ္ဂိုလ်၊ သာသနာတော်၌ မေထုန်အမှုကို အစစွာပြုသူ အရှင်သုဒိန်တို့၏ အာဒိကတ္တာ (ပုဗ္ဗင်္ဂမော) အမည်ကို အစိတ်ဖြစ်သော သာသနာတော်၌ မေထုန်အမှုကို ရှေးဦးစွာပြုသူ ရှင်သုဒိန်ဖြစ်၍ တစ်စား၍ ယင်း ရှင်သုဒိန်ကို အာဒိကတ္တာ (ပုဗ္ဗင်္ဂမော) ဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ မည်၏။

**မှတ်ချက်**။ ။ပုဗ္ဗင်္ဂမောကို ဥပစာတင်လျှင် အာဒိကတ္တာကို နည်းမှီး၍ ပုဗ္ဗင်္ဂမော "ရှေ့သွား" ဟသောအနက်ပါမှအောင် တင်လေ။ သန္ဓာယဝဒတိဟု အဋ္ဌကထာဖွင့်ကို ထောက်၍ ဥပစာတင်သည်။သန္ဓာယဝုတ္တံနှင့် ဥပစာတူသည်။

* သန္ဓာယဝဒတိ၊ သန္ဓာယ ဝုတ္တံ၊ ဖွင့်ဆိုပြန်၊ မှတ်ရန် ကေဒေသျူ-ပစာ။ (သစ်။)

---

(က) ဒုဗ္ဘရတာယ-လ-ဂရဟံ ဘာသိတွာတိ အတ္ထော။(ခ)ယသ္မာ ဟိ အသံဝရေ-လ-ကောသဇ္ဇဿာတိ ဝုစ္စတိ။ ဋ္ဌ။ ၁၇၇။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရ ဝါကျ။ ထို-၍ က-ဝါကျကား သခေ်ပ။

**မှတ်ချက်**။ ။က-ဝါကျဖြင့် ဒုဗ္ဘရတာယ-လ-ကောသဇ္ဇဿာတိုင်အောင်သော ၆-ပုဒ်တို့၏ အကြောင်းကိုလည်းကောင်း၊ အဝဏ္ဏပုဒ်ကို နိန္ဒာ ဂရဟံ ဟုလည်းကောင်း အကျဉ်းချုပ်ဖွင့်ပြီးနောက် အကျယ်ဖွင့်ပြခြင်းငှာ ယသ္မာ ဟိ ဝါကျ၊ ယသ္မာ ပန ဝါကျ၊ ယသ္မာ စ ဝါကျများ တက်လာသည်။ ယသ္မာ ချီသော သုံးဝါကျကို ကျမ်းတက်လိုလျှင် "တသ္မာကို၊ ကြောင်းပြဆိုမှု၊ ထိုတသ္မာ၊ နောက်၌သာ၊ လိုရာအရကောက်။" နိယံနှင့်အညီ ကသ္မာ-ဝုစ္စတိဟု ပုစ္ဆာထုတ်၍တက်၏။

ခ-ဝါကျတွင် ယသ္မာ ပန-ချီသောဝါကျကား ပက္ခန္တရ၊ ထို-၍ ယသ္မာ ဟိ ချီသောဝါကျကား ပက္ခ။ ယသ္မာ စ ချီသောဝါကျကား ပက္ခန္တရ။ထို-၍ ယသ္မာ ပန ချီသောဝါကျကား ပက္ခ။

**မှတ်ချက်**။ ။ယသ္မာ တသ္မာ ဝါကျထုံးစံအတိုင်း ကာရက ဖလ၊ အနိယတ်၊ နိယတ် ခွဲလေဦး။

http://www.dhammadownload.com


## ❁ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

ဒုဋ္ဌုလ္လ။ ။ဘာရိတာဗ္ဗောတိ ဘာရော။ ဒုက္ခေန ဘာရော ဒုဋ္ဌုလ္လော။ (ဒုက္ခေန၊ ဆင်းရဲသဖြင့်။ အတ္တနာ စ၊ မိမိသည်လည်းကောင်း။ ပဉ္စယဒါယကေဟိ စ၊ ပစ္စည်းလေးပါး ဒါယကာတို့သည်လည်းကောင်း။ ဘာရော၊ မွေးမြူအပ်၏။ ဣတိ တသ္မာ ဒုဋ္ဌုလ္လော။ တတိယာတပ္ပုရိသ်။ ဒုပုဒ်+ဘရပုဒ်။

ဒု-ဟူသော ဝိသေသနပုဒ်အရကား ဆင်းရဲခြင်း ဒုက္ခဒ္ဒဘောဂုဏ်သည် မခု။ ယင်း၏ မစောင့်စည်းခြင်း၌ တည်သောပုဂ္ဂိုလ်၏ ကိုယ်စိတ်နှင့် (ဝါ) စိတ်နှင့် (ဝါ) အတ္တဘောနှင့်၊ တနည်း-မစောင့်စည်းခြင်း၌ တည်သော ပုဂ္ဂိုလ်နှင့် ဂုဏ်ဂုဏီ ဝိသေသန ဝိသေသျအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာနူပစာ။ ဒုဋ္ဌုလ္လအရ မိမိသည်လည်းကောင်း၊ ပစ္စည်းလေးပါး ဒါယကာ တို့သည်လည်းကောင်း ဆင်းရဲသဖြင့် မွေးမြူအပ်သော မစောင့်စည်းခြင်း၌ တည်သော ပုဂ္ဂိုလ်၏ ကိုယ်စိတ်၊ ဝါ-စိတ်၊ ဝါ-အတ္တဘော၊ တနည်း-မစောင့် စည်းခြင်း၌တည်သော ပုဂ္ဂိုလ်၏ဒြပ်ရ၏။

ရှင်းလင်းချက်။ ။အဋ္ဌကထာ၌ အသံဝရေ ဌိတဿ ပုဂ္ဂလဿ အတ္တဘာဟု ဖွင့်သည်။ သာရတ္ထ၌ အသံဝရေ ဌိတော ဟိ ကေစ္စော အတ္တနာပိ ဒုဋ္ဌုလ္လော ဟောတိ ဒုပ္ပေါသော-ဟု ဖွင့်သည်။ ဤ ဌာ-ဋီ တို့အလို ဒုဋ္ဌုလ္လအရ အတ္တာ၊ တနည်း-ပုဂ္ဂိုလ်ရသည်။ အတ္တာတိ စိတ္တံ သရီရဥ္စ၊ စိတ္တမေဝ ဝါ (သာရတ္ထ၊ ၂။ ၂၄) ဟုလည်းကောင်း၊ အတ္တာတိ အတ္တဘာဝေါ (ဝိမတိ၊ ၁။ ၁၀၄) ဟုလည်းကောင်း ဖွင့်သည်။ ယင်းအဖွင့်များကို ထောက်၍ အထက်ပါအတိုင်း ဉာဏ်ကောက်သည်။

ဒုဋ္ဌုလ္လဿ ဘာဝေါ ဒုဋ္ဌုလ္လတာ။ (ဒုဋ္ဌုလ္လဿ၊ မိမိသည်လည်းကောင်း ဒါယကာတို့သည်လည်းကောင်း-လ-ပုဂ္ဂိုလ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဒုဋ္ဌုလ္လတာ-ဖြစ်ကြောင်း။) ဘာဝတဒ္ဓိတ် ဒုဋ္ဌုလ္လပုဒ်+တာပစ္စည်း။

ဒုဋ္ဌုလ္လ-အရကား မိမိသည်လည်းကောင်း၊ ဒါယကာတို့သည်လည်းကောင်း -လ-ပုဂ္ဂိုလ်ဒြပ်ရ။ ယင်း၏ စေတသိကဒုက္ခနှင့် အကျိုးအကြောင်း၊ အပေါင်း အစိတ် အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာနူပစာ။ တာ ပစ္စည်းအရကား- ထို-ဖြင့် မှတ်အပ်သော ဆင်းရဲသဖြင့် မွေးမြူရခြင်း စေတသိက ဒုက္ခရ၏။

ထိုသို့ပင် ရငြားသော်လည်း ဒုဋ္ဌုလ္လတာပုဒ်၏ ဖလူပစာရပုဒ် ဖြစ်သော ကြောင့် အကြောင်းဖြစ်သော မစောင့်စည်းခြင်း အသံဝရ ရ၏။

မှတ်ချက်။ ။အသံဝရော ဒုဋ္ဌုလ္လတာ ဒုပ္ပေါသတာတိ ဝုစ္စတိ-ဟူသော အဋ္ဌကထာဖွင့်၊ ကာရဏေ ဖလူပစာရေနာတိ အာဂတ (သာရတ္ထ၊ ၂၊ ၂၄)

http://www.dhammadownload.com


ဟူသော ဋီကာအဖွင့်ကိုလည်းကောင်း ထောက်၍ ဖလူပစာကောက်သည်။ အတ္တနာ ပစ္စယဒါယကေဟိ စ ဒုက္ကေန ဘရိတဗ္ဗတံ ပေါသေတဗ္ဗတန္တိ အာပဇ္ဇတိ ဟူသော သာရတ္ထ-ဖွင့်ကို ထောက်၍ ဝိဂ္ဂဟပြုသည်။ ကတ္တားထည့်သည်။ ဒုပ္ပေါသပုဒ်ကိုလည်း ပေါသေတဗ္ဗောတိ ပေါသော၊ ဒုက္ခေန ပေါသော ဒုပ္ပေါသော၊ ဒုပ္ပေါသဿ ဘာဝေါ ဒုပ္ပေါသတာဟု အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ ဒုဗ္ဘရတာနှင့်အတူ ညှိကောက်လေ။

အကျဉ်းချုပ်။ ။ဒုဗ္ဘရတာ ဒုပ္ပေါသတာ အရကား မိမိသည်လည်းကောင်း၊ ပစ္စည်းလေးပါး ဒါယကာတို့သည်လည်းကောင်း ဆင်းရဲသဖြင့် မွေးမြူရခြင်းအကျိုး (မိမိနှင့် ဒါယကာတို့၏) စေတသိက ဒုက္ခကိုမှူ၍ အလှူခံပုဂ္ဂိုလ်၏ မစောင့်စည်းမှု အကြောင်း အသံဝရကို ဖလူပစာအားဖြင့်ရသည်။

## ❁ ဓာတုပစ္စယာဒိဝိဘာဂ

**မဟိစ္ဆ**။ ။မဟန္တာနိ ဝတ္ထူနိ ဣစ္ဆတီတိ မဟိစ္ဆော။

**တနည်း**။ ။မဟတိ ဣစ္ဆာ အဿာတိ မဟိစ္ဆော။

**မဟိစ္ဆတာ**။ - ။မဟိစ္ဆဿ ဘာဝေါ မဟိစ္ဆတာ။

† မဟိစ္ဆတန္တိ ဧတ္ထ မဟန္တာနိ ဝတ္ထူနိ ဣစ္ဆတိ၊ မဟတီတိ ပနဿ ဣစ္ဆာတိ မဟိစ္ဆော။ တဿ ဘာဝေါ မဟိစ္ဆတာ။ သာရတ္ထ၊ ၂။ ၂၄။

### မပြည့်နိုင်သည့်အရာသုံးမျိုး

အဂ္ဂိက္ခန္ဓော သမုဒ္ဒေါ စ၊ မဟိစ္ဆော စာပိပုဂ္ဂလော။
သကဋေန ပစ္စယေဒေန္တု၊ တယောပေတေ အတပ္ပိယာ။

မ၊ ဋ္ဌ၊ ၂။ ၄၅။ သာရတ္ထ၊ ၂၊ ၂၄။

**သံဝရ**။ ။သံပုဗ္ဗ+ဝရဓာတ်+အပစ္စည်း။ ဓာတွတ္ထ။

### သံဝရ ၅-မျိုး

၁။ ပါတိမောက္ခ သံဝရ။ ၂။ သတိသံဝရ။ ၃။ ခန္တီသံဝရ။ ၄။ ဉာဏသံဝရ။ ၅။ ဝီရိယသံဝရ။

မှတ်ချက်။ ။ဤငါးမျိုးမှ ဆန့်ကျင်ဘက် မစောင့်စည်းမှုကို အသံဝရဟု ခေါ်သည်။

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဒုဗ္ဘရတာဒီနံ-လ-အသံဝရတာ-ဖြင့် ဒုဗ္ဘရတာ-လ-ကောသဇ္ဇ ဟူသော ၆-ပုဒ်တို့အရ ဖလူပစာအားဖြင့် အသံဝရကိုယူရမည်ဟု သိစေသည်။ (အာဘိဓေယျတ္ထ။)

**မှတ်ချက်။** ။သာရတ္ထအဖွင့် ရှုလျှင် အဘိဓေယျတ္ထ သံဝဏ္ဏနာဖြစ်ကြောင်း ထင်ရှားသည်။ အချို့ကား ဘာဝတ္ထသံဝဏ္ဏနာဟုဆို၏။

က-ဝါကျ၌ နိဒ္ဒိဖြင့် အဝဏ္ဏသဒ္ဒါသည် ကဲ့ရဲ့ခြင်း အနက်ကို ဟောသည်ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

က-ဝါကျ၌ ဂရဟံဖြင့် နိန္ဒသဒ္ဒါ ကဲ့ရဲ့ခြင်းအနက်ကို ဟောသည်ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**မှတ်ချက်။** ။ပုရိမံ ပုရိမံ ပစ္ဆိမဿ ပစ္ဆိမဿ ဝေ ဝစနံ၊ ရှေးရှေးပုဒ်သည် နောက်နောက်ပုဒ်၏ ဝေဝုစ်ဟူသော ပရိဘာသာအရ အဝဏ္ဏကို နိန္ဒ၊ နိန္ဒကို ဂရဟံ ဟု ပရိယာယ် ဖွင့်သည်ဟု အာဘော်ဖော်လေဦး။ အဘိဓေယျတ္ထ သံဝဏ္ဏနာတည်း။

## ပါဌ်ဝိနိစ္ဆယ

မဟိစ္ဆတံ၊ မဟိစ္ဆတာ၊ မဟိစ္ဆတာယ။ ။ယသ္မာ ပန ဝါကျ၌ အာပဇ္ဇတိ ကြိယာသည် သကမ္မကကြိယာဖြစ်သောကြောင့် ကံကိုငဲ့သည်။ ယင်းသို့ ကံကို ငဲ့သောကြောင့် အသန္တုဋ္ဌိတံဟု ဒုတိယာ ဧကဝုစ်ဝိဘတ်နှင့် ရှိသကဲ့သို့ ဤ၌လည် မဟိစ္ဆတံဟု ဒုတိယာဧကဝုစ်ဝိဘတ်နှင့် ရှိသောပါဌ်သင့်သည်။

**မှတ်ချက်။** ။ဥ ဒု နိနောက်၊ ဒွေဘော်ရောက်၊ မဖောက်ကေနိမြဲ-နှင့် အညီ ဒုဗ္ဗရတာ, ဒုပ္ပေါသတာ၌ ဒွေဘော်နှင့် ရှိသောပါဌ်သင့်သည်။

## နည်းနှင့် ဥပစာ

ဒုဗ္ဗရတာယ။ ။အကျိုးဖြစ်သော မိမိသည်လည်းကောင်း၊ ဒါယကာတို့သည်လည်းကောင်း မွေးမြူနိုင်ခဲသောသူ၏ အဖြစ်တည်းဟူသော စေတသိကဒုက္ခ ၏ ဒုဗ္ဗရတာယ (ဒုပ္ပေါသတာယ) အမည်ကို အကြောင်းဖြစ်သော အသံဝရ၌ တင်စား၍ အကြောင်းဖြစ်သော အသံဝရကို ဒုဗ္ဗရတာယ (ဒုပ္ပေါသတာယ) ဟု ဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

**မှတ်ချက်။** ။အကျိုးထောက်ဆ၊ ကြောင်းသိရ၊ ဖလာနုမာနာ-ဆိုသည့် အတိုင်း ဖလူပစာ ဖလစနုံမာနမျိုးတည်း။ ယင်း ဖလူပစာကို ဝိမတိ၌ ကာရိယောပစာဟု ဆိုသည်။ အတူတူပင်။

**အတ္ထာ**။ ။ပြယုဂ်ကား အတ္တာ တည်း ဤ၌ အတ္တာသဒ္ဒါတုခုကိုချေ၍ တခုကြွင်းပြုသောကြောင့် ဧကသေသနည်း။

† အတ္တာတိ စိတ္တံ သရီရဥ္စ။ သာရတ္ထ၊ ၂။ ၂၄။

http://www.dhammadownload.com


## ကေသေသတဒ္ဓိတ် ဉာဏ်ကောက်

အတ္တာ စ အတ္တာ စ အတ္တာ။ ကေသေသတဒ္ဓိတ်၊ အတ္တာပုဒ်+အတ္တာပုဒ် (အတ္တာ စ၊ စိတ်လည်း။ အတ္တာ စ၊ ကိုယ်လည်း။ အတ္တာ၊ စိတ်ကိုယ်။)

အတ္တာဟူသော တဒ္ဓိတ်ပုဒ်၏အရကား စိတ်ဒြပ်သည်မုချ။ ယင်း၏ ကိုယ်ဒြပ်နှင့် အာပဇ္ဇတိ ကြိယာကိုမှီ၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာနူပစာ။ အတ္တာဟူသောပုဒ်ပြီး နိပ္ဖန္နတဒ္ဓိတ်ပုဒ်အရကား စိတ်ဒြပ် ကိုယ်ဒြပ်ရ၏။

**မှတ်ချက်။** ။ဒွန်သမာသ်ကောက်ကိုမှီး၍ ကောက်လေ။

## သာမညနိဒ္ဒေသနည်း

အတ္တာ-ဟူသည်တည်း။ ဤအတ္တာဟူသောနည်းသည် အတ္တာ၊ စိတ်ကိုယ်သည်။ အာပဇ္ဇတိ၊ ရောက်၏။ ဤသို့အနက်ပြားလျက် အတ္တသဒ္ဒါချင်း တူသည်၏အဖြစ်ဖြင့် တခုတည်းပြုသောကြောင့် သာမညနိဒ္ဒေသ နည်း။

**အတ္တာဥပစာ။** ။အတ္တသဒ္ဒါအနက် ၄-နက်တွင် ကိုယ် စိတ် အနက် ၂-မျိုးကိုရသောကြောင့် အတ္တနိဒ္ဒေသ၌ ရနေကျ ကေဒေသျူပစာ၊ သမုဒါယူပစာ တင်ပါ။

**မဟိစ္ဆတာ၊ အသန္တုဋ္ဌိတာ။** ။အကျိုးဖြစ်သော အလွန်အလိုကြီးသောသူ၏အဖြစ် (အတိလောဘ) ၏ မဟိစ္ဆတာ (အ သန္တုဋ္ဌိတာ) အမည်ကို အကြောင်းဖြစ်သော အသံဝရ၌ တင်လေ။ (အဝိနာဘာဝနည်းတည်း။)

---

## ဝိဂ္ဂဟာနှင့် ဉာဏ်ကောက်

**ကုသိတ။** ။ကုစ္ဆိတံ သီဒတီတိ ကုသီတော။ (ကုစ္ဆိတံ၊ စက်ဆုပ်ဖွယ်။ သီဒတိ၊ နစ်မြုပ် ဆုတ်နစ်တတ်၏။ ဣတိ ကုသီတော။) ကု ပုဗ္ဗ+သီဒဓာတ်+အ-ပစ္စည်း။ (သဒ-ကို သီဒ-ပြု။)

ကု-အရကား ကုစ္ဆိတဘောဂုဏ်ရ၏။ ယင်း၏ပျင်းရိသောသူဒြပ်နှင့် ဂုဏ်-ဂုဏေ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

သီဒဓာတ်အရ ပျင်းရိသောသူ၏ ထိန မိဒ္ဓ (ဝါ) ထိနမိဒ္ဓ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပာဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော အယောနိသော မနသိကာရ စသည်သည် ဖလူပစာ။ နောက်နောက်၌ဖြစ်သော အကျိုးမဲ့မှုန်သမျှသည် ကာရဏူပစာ။ အ-ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော ပျင်းရိသောသူဒြပ် ရ၏။

ထိုသို့ပင်ရငြားသော်လည်း ကုသီတသဒ္ဒါသည် ဘာဝလောပ၊ ဘာဝပ္ပစ္စည်းချေပ်ပုဒ်ဖြစ်သောကြောင့် ပျင်းရိသောသူ၏ ဖြစ်ကြောင်း ထိနမိဒ္ဓ၊ ဝါ-ထိနမိဒ္ဓ ပြဋ္ဌာန်းသောအကုသိုလ်စိတ္တုပ္ပာဒ်သည်သာ ပဓာနအားဖြင့်ရ၏။ (ဋီကာ၌ ကုသီ-တောကို သော-ကုသီတဘာဝေါ-ဟု ဖွင့်သည်ကို ထောက်၍ ယင်းသို့ ဉာဏ်ကောက်ရသည်။)

## အဖွင့်နှင့်အညီ ဥပစာတင်ပုံ

အကျိုးဖြစ်သော ပျင်းရိသူ ဒြပ်၏ ကုသီတအမည်ကို အကြောင်းဖြစ်သော ထိနမိဒ္ဓ၊ ဝါ-ထိနမိဒ္ဓ ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်၌ တင်စား၍ အကြောင်းဖြစ်သော ထိနမိဒ္ဓ၊ ဝါ-ထိနမိဒ္ဓ ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်ကို ကုသီတ ဟု ဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝ။)

* ကျိုးဖြင့်ကြောင်းပြ၊ ဘာဝပ္ပစ္စာန်၊ ဖွင့်ထုတ်ပြန်၊ မှတ်ရန် ဖလူပစာ။ (သစ်။)

ကုသီတဝတ္ထုနိ။ ။ကုသီတဿ ဝတ္ထုနိ ကုသီတဝတ္ထုနိ။ (ကုသီတဿ၊ ပျင်းရိသောသူ၏ အဖြစ်၏။ ဝတ္ထုနိ၊ အကြောင်းတို့တည်း။)

မှတ်ချက်။ ။ကုသီတဘာဝ ဝတ္ထုနိ ဟု ဖွင့်သော ဋီကာနှင့်အညီ ဝိဂ္ဂဟ။

ကုသီတဝတ္ထုပါရိပူရိ။ ။ကုသီတဝတ္ထုနံ ပါရိပူရိ ကုသီတဝတ္ထုပါရိပူရိ။

မှတ်ချက်။ ။တေသံ ပါရိပူရိယာ ဟု ဖွင့်သော ဋီကာနှင့်အညီတည်း။ အဋ္ဌနှင့် ကုသီတဝတ္ထုဒိဂုသမာသ်တွဲ။

† အဋ္ဌကုသီတဝတ္ထုပါရိပူရိယာတိ ဧတ္ထ ကုစ္ဆိတံသီဒတီတိ ကုသီတော။ ဒ ကာရဿ တ ကာရံ ကတွာ၊ ယဿ ဓမ္မဿ ဝသေန ပုဂ္ဂလော ကုသီတောတိ ဝုစ္စတိ၊ သော ကုသီတဘာဝေါ ဣဓ ကုသီတသဒ္ဒေန ဝုတ္တော။ ဝိနာပိ ဟိ ဘာဝဇောတနသဒ္ဒံ ဘာဝတ္ထော ဝိညာယတိ၊ ယထာ ပဋဿ သုက္ကန္တိ, တသ္မာ ကုသီတဘာဝ ဝတ္ထုနီတိ အတ္ထော။ ကောသဇ္ဇကာရဏာနီတိ ဝုတ္တံ ဟောတိ။-လ-တေသံ ပါရိပူရိယာ သံဝတ္တတီတိ အတ္ထော။ သာရတ္ထ၊ ၂။ ၂၅။

---

## ပါဠိဝိနိစ္ဆယ

ကုသီတ။ ကုသီဒ။ ။ကုပုဗ္ဗသဒ- ဓာတ် အပစ္စည်း။ သဒ ကို သီဒ ပြု၍ ကုသီဒ ဟုဆိုလိုလျက် ဒ-ကို တပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ပြီးသည် ဟု သာရတ္ထ ဖွင့်သောကြောင့် ကုသီတ ပါဠိသာသင့်သည်။

http://www.dhammadownload.com

မှတ်ချက်။ ။အင်္ဂုတ္တရကုသိတဝဏ္ဏ (ပျင်းရိကြောင်း ၈-ပါး)ကိုဒီ၊ ၃။ ၂၁၁။ အံ၊ ၃။ ၁၄၇-ကြည့်။

## ယသ္မာ စ-ဝါကျ၌အာဘော် စသည်

### မှတ်ဖွယ်

ယသ္မာ စ အသံဝရေ ဝါကျ၌ ဂဏ-လ-သင်္ဂဏိကာယ စ ပါဌ်ဖြင့် သင်္ဂဏိ-ကာပုဒ်ကို သတ္တေဟိ ကိလေသေဟိ စ သင်္ဂဏန် သမောဓာနံ သင်္ဂဏိကာ ဟု ဝစနတ္ထပြု၍ (သာရတ္ထ-အာဘော်) သင်္ဂဏိကာအရ သတ္တဝါနှင့် ပေါင်းဆုံ စုဝေးခြင်းကို လည်းကောင်း၊ ကိလေသာတို့နှင့် ပေါင်းဆုံစုဝေးခြင်းကိုလည်း ကောင်း ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

† သတ္တေဟိ ကိလေသေဟိ သင်္ဂဏန် သမောဓာနံ သင်္ဂဏိကာတိ အာဟ ဂဏ-လ-သင်္ဂဏိကာယစာတိ။ သာရတ္ထ၊ ၂။ ၂၅။

မှတ်ချက်။ ။ဤဋီကာပါဌ်ဖြင့် သင်္ဂဏန် သင်္ဂဏိကာ။ သံပုဗ္ဗ+ဂဏဓာတ်+ဏွု-ပစ္စည်း၊ အကပြု၊ အ-ကို ဣပြု (ဥပါသိကာ,ဒါယိကာတို့ကဲ့သို့)သင်္ဂဏိကာ ဟု ရုပ်ပြီးသည်။

တနည်း။ ။သင်္ဂဏန် သင်္ဂဏော၊ သင်္ဂဏော ဧဝ သင်္ဂဏိကာ။ သင်္ဂဏပုဒ်+ဣက ပစ္စည်း၊ ဣတ္ထိလိင် ဇောတက အာ-ပစ္စည်း-ဟု ပြသည်။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

သတ္တေဟိ ကိလေသေဟိ စ သင်္ဂဏန် သမောဓာနံ သင်္ဂဏိကာ။ ဘာဝ-သာဓန။ သံ+ဂဏ+ဏွု။

သံ-အရကား ဓာတွတ္ထာနုဝတ္တက ဘောဂဏ်ရ၏။ ဂဏဓာတ်၏ အရကား သတ္တဝါတို့နှင့်လည်းကောင်း၊ ကိလေသာတို့နှင့်လည်းကောင်း ပေါင်းစည်း စုဝေးခြင်း ဟူသော ထိနမိဒ္ဓ၊ ဝါ-ထိနမိဒ္ဓ ပြဋ္ဌာန်းသောအကုသိုလ် စိတ္တုပ္ပာဒ် ရ၏။

ဏွုပစ္စည်း၏ အရလည်း ဘာဝသာဓနတို့၏ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် သတ္တဝါတို့နှင့်-လ-စိတ္တုပ္ပာဒ်ပင် ရ၏။

ထိုသို့ပင်ရငြားသော်လည်း သင်္ဂဏိကာသဒ္ဒါ ဖလူပစာ သဒ္ဒါဖြစ်သော ကြောင့် အသံဝရသည်သာ ပဓာနအားဖြင့် ရ၏။

## ဥပစာတင်ပုံ

သင်္ဂဏိကာ။ ။အကျိုးဖြစ်သော သတ္တဝါတို့နှင့်လည်းကောင်း၊ ကိလေသာ တို့နှင့်လည်းကောင်း ပေါင်းစည်းစုဝေးခြင်း ထိနမိဒ္ဓ၊ ဝါ ထိနမိဒ္ဓ

ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပာဒ်၏ သင်္ဂဏိကာ ဟူသော အမည်ကို အကြောင်းဖြစ်သော အသံ၀ရန္ဒ တင်။ ဖလူပစာ။ အ၀ိနာဘာ၀နည်း။

ကောသဇ္ဇ။ ။အကျိုးဖြစ်သော ပျင်းရိသော သူ၏ အဖြစ်ဟူသော ထိန မိဒ္ဓ၊ ဝါ-ထိနမိဒ္ဓ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပာဒ်၏ ကောသဇ္ဇအမည်ကို အကြောင်းဖြစ်သော အသံ၀ရ-၌တင်။ (အ၀ိနာဘာ၀နည်း။)

မှတ်ချက်။ ။ဒုဿီလတာယ, ဒုပ္ပေါ်သတာယ, မဟိစ္ဆတာယ, အသန္တုဋ္ဌိ တာယ, သင်္ဂဏိကာယ, ကောသဇ္ဇာ-၌ ၆-ပုဒ်၌ နည်းဥပစာ အတူတူပင်ရ သည်။ ပုဒ်ရင်းအနက်သို့လိုက်၍ တင်ရခြင်းသည်သာ ထူး၏။

---

(က) သုဘရတာယ-လ-ဝဏ္ဏံ ဘာသိတွာတိ အဇ္ဈော။ (ခ) ယသ္မာ ဟိ အသံ၀ရံ-လ-ဟောတိ သုပေါသော။ (ဂ) စတူသု စ ပစ္စယေသု -လ-အာပဇ္ဇတိ။ (ဃ) ကေမေကသ္မိဥ္စ ပစ္စယေ- လ-သံ၀တ္တတိ။ (င) တသ္မာ သံ၀ရေ-လ-၀ုစ္စတိ။ ဋ္ဌ။ ၁၊၇။

## ❁ ၀ိဂ္ဂဟနှင့် ဉာဏ်ကောက်

သုဘရ။ ။ဘရိတဗ္ဗောတိ ဘရော၊ သုခေန ဘရော သုဘရော။

သုပေါသ။ ။ပေါသေတဗ္ဗောတိ ပေါသော။ သုခေန ပေါသော သုပေါသော။ (ဒုဗ္ဘရတာ အစိတ်အပေါင်း ဉာဏ်ကောက်ကို နည်းမှီး၍ဉာဏ် ကောက်လေ။)

အပ္ပိစ္ဆော။ ။အပ္ပါ ဣစ္ဆာ အဿာတိ အပ္ပိစ္ဆော၊ (အဿ၊ ထိုသတ္တ၀ါ အား။ အပ္ပါ၊ နည်းသော၊ ဝါ-မရှိသော။ ဣစ္ဆာ၊ အလိုသည်။ အတ္ထိ ဣတိ သော အပ္ပိစ္ဆော။) တဂ္ဂုဏသံဝိညာဏစတုတ္ထီဗဟုဗ္ဗီဟိ။ အပ္ပါ+ဣစ္ဆာ+တ။

အပ္ပါ ဣစ္ဆာအရကား နည်းသော၊ ဝါ-မရှိသောအလိုသည်မှချ။ ဝါ-အလို၏ မရှိခြင်း အဘာ၀ဘောဂဏ်သည် မှချ။ ယင်း၏ အတ္တာနှင့် ဂုဏ်ဂုဏီအဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တ-အရကား ထို-မှတ်အပ်သော နည်း သော အလိုရှိသောအတ္တ၊ ဝါ-အလိုမရှိသော အတ္တရ၏။

ထိုသို့ပင်ရငြားသော်လည်း အပ္ပိစ္ဆသဒ္ဒါ၏ ဖလူပစာပုဒ် ဖြစ်သောကြောင့် အကြောင်းဖြစ်သော သံ၀ရသည်သာလျှင် ပဓာနအားဖြင့်ရ၏။

မှတ်ချက်။ ။သံ၀ရေ ဋ္ဌိတဿ အတ္တာ ဟူသော အဖွင့်၊ အပ္ပိစ္ဆတာကို နိတ္တဏှာဘာ၀ဟု ဖွင့်သောအဖွင့်၊ သံ၀ရော အပ္ပိစ္ဆော ၊ စာတိ ၀ုစ္စတိ ဟူသော အဖွင့်တို့ကို ထောက်၍ ဉာဏ်ကောက်သည်။

http://www.dhammadownload.com

## အာသော် သံဝဏ္ဏနာ

ဂ-ဝ ါကျ၌ နိတ္တဏောဘာဝံ-ဖြင့် အပ္ပိစ္ဆတံ၌ အပ္ပသဒ္ဒါ အနည်းငယ် ဟူသော အနက်ကို ဟောသော်လည်း အပ္ပါဗာဓတ္တံ သဉ္ဇာနာမိ၌ အပ္ပသဒ္ဒါကဲ့သို့ အဘာဝအနက်ကိုဟောသည်-ကိုလည်းကောင်း[၁]၊ ဣစ္ဆာသဒ္ဒါ၏ တဏှာအနက်ကို ဟောသည်-ကိုလည်းကောင်း[၂]၊ တာပစ္စည်းသည် ဒေဝတာ၌ကဲ့သို့ သွတ္ထ၌ မသက်၊ သင်္ဂဏိကာရာမတာ၌ကဲ့သို့ ဘာဝတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[၃]၊ အပ္ပိစ္ဆော ယေဝ အပ္ပိစ္ဆတာ ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထ မပြုရ၊ အပ္ပိစ္ဆဿ ဘာဝေါ အပ္ပိစ္ဆတာ ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၄] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ ပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

အပ္ပိစ္ဆဿ ဘာဝေါ အပ္ပိစ္ဆတာ။ (တံ) (အပ္ပိစ္ဆဿ၊ နည်းသော အလိုရှိသော စိတ် ကိုယ်၏။ ဝါ-စိတ်၏။ ဝါ-အတ္တဘော၏။ ဘာဝေါ၊ ဖြစ်ကြောင်း။ ဘာဝတဒ္ဓိတ်။ အပ္ပိစ္ဆပုဒ်+တာ ပစ္စည်း။

အပ္ပိစ္ဆ-အရကား နည်းသောအလိုရှိသော ဝါ-အလိုမရှိသော စိတ် ကိုယ်၊ ဝါ-စိတ်၊ ဝါ-အတ္တဘောရ၏။ ဝါ-သံဝရ ရ၏။ ယင်း၏ အပ္ပိစ္ဆဘောဂုဏ်နှင့် ဂုဏေ ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တာပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော အပ္ပိစ္ဆတာဂုဏ် ဟူသော အလောဘရ၏။

မှတ်ချက်။ ။နိတ္တဏှာဘာဝံ အရကို အပ္ပိစ္ဆတံကဲ့သို့ အလောဘပင်ကောက်။

## ❀ နည်းနှင့် ဥပစာ

**သဘာရတာ၊ သုပေါသတာ။** ။အကျိုးဖြစ်သော မိမိသည်လည်းကောင်း၊ ဒါယကာတို့သည် လည်းကောင်း လွယ်ကူသဖြင့် မွေးမြူရခြင်းဟူသော စေတသိက သုခ၏ သုဘရတာ သုပေါသတာအမည်ကို အကြောင်းဖြစ်သော သံဝရ၌တင်။ ဖလူပစာ။ အဝိနာဘာဝနည်း။

**အပ္ပိစ္ဆတာ။** ။အကျိုးဖြစ်သော နည်းသော အလိုရှိသော စိတ် ကိုယ်၏၊ ဝါ-စိတ်၏။ ဝါ-အတ္တဘော၏ အဖြစ် ဟူသော အလောဘ၏ အပ္ပိစ္ဆတာ ဟူသော အမည်ကို အကြောင်းဖြစ်သော သံဝရ၌တင်။ ဖလူပစာ။ အဝိနာဘာဝနည်း။

http://www.dhammadownload.com



**ယထာလာဘ၊ ယထာဗလ၊ ယထာသာရုပ္ပ။** ။ယထာလာဘ သန္တောသ၊ ယထာဗလ သန္တောသ၊ ယထာသာရုပ္ပ သန္တောသ-ဟု ဆိုလိုလျက် ယထာလာဘ၊ ယထာဗလ၊ ယထာသာရုပ္ပဟု တစိတ်အားဖြင့် ခေါ်ဝေါ်အပ်သော ကြောင့် ကေဒေသဝေါဟာရနည်း။

မှတ်ချက်။ ။သန္တောသမှတ်ဖွယ်များကို မ၊ ဋ္ဌ၊ ၂။ ၄၇။ သံ၊ ဋ္ဌ၊ ၁။ ၆၀။ သံ၊ ဋ္ဌ၊ ၂။ ၁၅၀။ သာရတ္ထ၊ ၂။ ၂၆၊ ၂၈-တို့၌ ရှုလေ။

## သလ္လေခနှင့် ဓုတအဖွင့်

ယသ္မာ ပန ဝါကျ၌ ကိလေသသလ္လေခနတာယ–ဖြင့် သလ္လေခေါ ပုဒ်ကို ကိလေသေ သလ္လေခတီတိ သလ္လေခေါ ဟု ကာရိတန္တောဂဓ ကတ္တုသာဓနေ (ဟေတုကတ္တုသာဓနေ) ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ ဏပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။　၂။ ဒုတိယပစ္စယတ္ထ။

† လိခ လေခနေ။ လိခတိ၊ သလ္လေခတိ။ နီတိ၊ ဓာ။ ၂၃။

### ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

ယော အတ္တာ၊ သည်။ ကိလေသေ၊ တို့ကို။ သလ္လေခတိ၊ ခေါင်းပါး စေတတ်၏။ ဣတိ သော သလ္လေခေါ။ ဟေတုကတ္တု သာဓနေ။ သံ+လိခ+ဏ။

သံ-အရကား ဓာတွတ္ထဝိသေသက ဘောဂုဏ် ရ၏။ လိခ-ဓာတ်အရ သုဒ္ဓကတ္တုဋ္ဌကြိယာအရကား ကိလေသာတို့ ခြပ်သည် မုချ။

ဟေတုကတ္တုဋ္ဌ ကြိယာအရကား ထိုကိလေသာတို့အားတပ်သော သံဝရ၌ တည်သော အတ္တ၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ ဏ-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော စောင့်စည်းခြင်း၌တည်သော အတ္တရ၏။

ထိုသို့ပင် ရငြားသော်လည်း သလ္လေခပုဒ်သည် ဖလူပစာ သဒ္ဒါဖြစ်သော ကြောင့် အကြောင်းဖြစ်သော သံဝရသည်သာ ပဓာန အားဖြင့် ရ၏။

### နည်းနှင့်ဥပစာ

အကျိုးဖြစ်သော ကိလေသာတို့ကို ခေါင်းပါးစေတတ်သော သံဝရ၌ တည်သော အတ္တ၏ သလ္လေခဟူသော အမည်ကို အကြောင်းဖြစ်သော သံဝရ၌တင်၏၊ ဖလူပစာ၊ အဝိနာဘာဝနည်း။

http://www.dhammadownload.com


**အာစာရဂေါစရနှင့် သံဝဏ္ဏနာ**

ယသ္မာ ပန ဝါကျ၌ နိဒ္ဒိဋ္ဌနနတာယ-ဖြင့် ဓုတောပုဒ်ကို ကိလေသေ ဓုနာတိ နိဒ္ဒုနာတီတိ ဓုတောဟု ကာရိတန္တောဂဓ ကတ္တုသာဓန (ဟေတုကတ္တုသာဓန) ဝစနတ္ထ ပြုရမည် ကိုလည်းကောင်း၊ တ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်-ကိုလည်းကောင်း သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** ။သလ္လေခပုဒ်ကိုမှီး၍ ညာဏ်ကောက်၊ ဥပစာတင်လေ။

† ဓူ ကမ္ပနေ၊ ဓုနာတိ-လ-ဓုတော။ နီတိ၊ မာ။ ၂၄၉။

**ဝိဂ္ဂဟနှင့် ညှသ်ကောက်**

**ပ သာဒိကော။** ။ပသာဒံ ဇနေတီတိ ပါသာဒိကော။ (ယော အတ္တာ၊ သည်။ ပသာဒံ၊ ကြည်ညိုခြင်းကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ သော ပါသာဒိကော။) ဇနေတိ တဒ္ဓိတ်။ ပသာဒ ပုဒ်+ဏိကပစ္စည်း။

ပသာဒ-အရကား ကြည်ညိုခြင်း သဒ္ဒါတရားသည် မုချ။ ယင်း၏ စောင့်စည်းခြင်း၌ တည်သောသူ၏ အတ္တနှင့် အကျိုးအကြောင်း အာရမ္မဏိကအာရုံအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏိကပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော အတ္တရ၏။ (ဥပစာဆက်ကောက်။)

**မှတ်ချက်။** ။ဤညှသ်ကောက်ကား ပါဠိတော်၌ ပါသာဒိကသဒ္ဒပုဒ်၊ ကင်္ခါဋီကာ၌ အသံဝရေ ပါသာဒိကော ပုဒ်၏ ညှသ်ကောက်တည်း။ ကာယဝစီ သုစရိတဿ စေဝ ကုသလဝိတက္ကဿ စ ပါသာဒိကဿ ၌ ပါသာဒိက ပုဒ်ကို အောက်ပါအတိုင်း ညှသ်ကောက်ရာ၏။ ဝိဂ္ဂဟ-ပုဒ်ခွဲ အတူထူပင်။

ပသာဒ-အရကား ကြည်ညိုခြင်းသဒ္ဒါတရားသည် မုချ။ ယင်း၏ ကာယဝစီ သုစရိုက်, ကုသိုလ်ဝိတက်သုံးခုနှင့် အကျိုးအကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏိက-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော ကာယဝစီသုစရိုက် ဝိတက်သုံးခုအပေါင်း ရ၏။

**မှတ်ချက်။** ။ဤ၌ ပါသာဒိကဿကား ဝိသေသျသို့လိုက်၍ နပုလ္လိင် စိတ္တာဒိဂိုဏ်းတည်း။

**အပစယ။** ။သဗ္ဗကိလေသေ အပစယန္တိ ဝိဒ္ဓံသေန္တိ ဧတေနာတိ အပစယော။ (ဧတေန၊ ထိုနိဗ္ဗာန်ဖြင့်။ သဗ္ဗကိလေသေ၊ တို့ကို။ အရိယပုဂ္ဂလာ၊ တို့သည်။ အပစယန္တိ ဝိဒ္ဓံသေန္တိ၊ ဖျက်ဆီးတတ်ကုန်၏။ ဣတိ တံ နိဗ္ဗာနံ အပစယော။ ကရဏသာဓန။ အပ ပုဗ္ဗ+စိဓာတ်+ဏ-ပစ္စည်း။

http://www.dhammadownload.com



အပ-အရကား ခေတ္တတ္ထဗာဓကေ ဘောဂုဏ်ရ၏။ (စိ-စယေ ဆည်းပူးခြင်း။ နီတိ၊ ဓာ။ ၂၄၅-၂၄၇-လာသောကြောင့် စိဓာတ်သည် ဆည်းပူးခြင်း စယအနက်ကိုဟော၏။ အပ-ဥပသာရကြောင့် ဝိဒ္ဓံသနအနက်ကို ဟောသော ကြောင့် အပ-ဥပသာရကို ခေတ္တတ္ထ ဗာဓကေဟု ဆိုသည်။)

စိဓာတ်-အရကား အရိယာပုဂ္ဂိုလ်တို့၏ မဂ်ဖိုလ်ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ် သည် မုံချ။ ကရဏတ္ထ ကြိယာအရကား ထို-အားတပ်သော နိဗ္ဗာန်၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလုပ္ပစာ။

ဏ-ပစ္စည်း အရကား ထိုဖြင့် မှတ်အပ်သော နိဗ္ဗာန်ဖြပ်ရ၏။

---

(က) ဘိက္ခုနံ တဒနုစ္ဆဝိကံ-လ-ဘိက္ခုနံ။ (ခ) ယံ ဣဒါနိ သိက္ခာပဒံ-လ-အနုလောမိကဋ္ဌ။ (ဂ) ယော ဝါ အယံ သုဘာ- ရတာဒီဟိ-လ-အနုလောမိကဋ္ဌ။ (ဃ) သံဝရပ္ပဟာနံ ပဋိသံယုတ္တံ -လ-ကတ္တာတိ အတ္ထော။ ဋ္ဌ။ ၁၇၇။

## ဝါကျခွဲနှင့်ကျမ်းတကာ

ခ-ဂ-နှစ်ဝါကျသည် ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ပက္ခန္တရ၊ ထို-၍ ခ-ဝါကျကား ပက္ခ။

ရှင်းလင်းချက်။ ။ခ-ဝါကျ ဣဒါနိ သိက္ခာပဒံ ပညပေဿာတိ-ဖြင့် တဒနုစ္ဆဝိကံ တဒနုလောမိကံ၌ တ-သဒ္ဒါ ဝက္ခမာနာပေက္ခ (ဝုစ္စမာနာပေက္ခ)ဟု လည်းကောင်း၊ ဂ-ဝါကျ ယော ဝါ အယံ-လ-ဝုတ္တော-ဖြင့် ယင်း တ- သဒ္ဒါ အတီတာပေက္ခ(ပက္ကန္တဝစန) ဟုလည်းကောင်း ဖွင့်ပြသည်။ က-ဝါကျ ကား ဘိက္ခုနံကို ဖွင့်ပြသည်။ သို့ဖြစ်၍ က-ကို ပက္ခ။ ခ-ဂ-တို့ကို ပက္ခန္တရ ခ-ဂ-တွင် ဂ-သည် ပက္ခန္တရ။ ခ-သည် ပက္ခဟု ဝါကျခွဲခဲ့သည်။အောက်ပါ ဋီကာပါဌ်ကိုရှုပါ။

† တဒနုစ္ဆဝိကံ တဒနုလောမိကန္တိ ဧတ္ထ တသဒ္ဒေါ ဝက္ခမာနာ- ပေက္ခော စ အတီတာပေက္ခော စ ဟောတီတိ အာဟ "ယံ ဣဒါနိ သိက္ခာပဒံ ပညပေဿတိ" တိ အာဒိ။ သဗ္ဗနာမာနိ ဟိ ဝက္ခမာန ဝစနာနိ ဟောန္တိ ပက္ကန္တဝစနာနိပိ။ သာရတ္ထ။ ၂။ ၂၉။

## ဝါသဒ္ဒါလဲလှယ်ပုံ

တ-သဒ္ဒါ၏ ဝက္ခမာနာပေက္ခ (ဝုစ္စမာနာပေက္ခ) အနက်မှ တမျိုးတပါး သော အတီတာပေက္ခ၊ ဝါ-ဝုတ္တာပေက္ခ၊ ဝါ-ပက္ကန္တ အနက်တမျိုးကို လဲလှယ် ၍ ပြလိုသောကြောင့် ယော ဝါ အယံ ဝါကျ၌ ဝါသဒ္ဒါ ထားရသည်။ (အနက်လဲသည်ဟု မှတ်။)

http://www.dhammadownload.com


### ၈—ဝါကျအနုသန္ဓိတက်

ဤသို့ ခ-ဝါကျဖြင့် တဒနုစ္ဆဝိကံ တဒနုလောမ်ကံ၌ တ-သဒ္ဒါသည် ဝက္ခမာနာပေက္ခ(ဝုစ္စမာနာပေက္ခ)ဟု ပြတော်မူပြီး၍ ယခုအခါ၌ ယင်း တ-သဒ္ဒါ၏ အနက်တမျိုးကို ပြခြင်းငှာ၊ ဝါ-ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ဂ-ဝါကျမိန့်။

ဃ-ဝါကျကား(ဓမ္မိ ကထံ ကတွာ၏ အဖွင့်ကိုပြသောကြောင့်)ပက္ခန္တရ။ ထို—၍ ခ-ဂ-ဝါကျကား (တဒနုစ္ဆဝိကံ တဒနုလောမိကံ ပုဒ်တို့၏အဖွင့်ကို ပြသောကြောင့်) ပက္ခဝါကျ။

**မှတ်ချက်။** ။ဘိက္ခူနံ တဒနုစ္ဆဝိကံ တဒနုလောမိကံ ဓမ္မိ ကထံကတွာ။ (ပါဠိတော်။ ၂၄။) ယင်းကို ၌၊ ၁၈၈-က-ဝါကျဖြင့် ဘိက္ခူနံကိုဖွင့်။ ခ-ဂ-နှစ်ဝါကျဖြင့် တဒနုစ္ဆဝိကံ တဒနုလောမိကံကိုဖွင့်။ ဃ-ဝါကျဖြင့် ဓမ္မိ ကထံကို ဖွင့်သည်။

ဃ-ဝါကျ၌ သံဝရပဟာနပဋိသံယုတ္တံ-ဖြင့် ဓမ္မိကထံ ကတွာဟူသော ပါဠိတော်ဝယ် ဓမ္မိပုဒ်ကို ဖွင့်သည်။ ဩက္ကန္တိကဓမ္မဒေသနံ-ဖြင့် ကထံပုဒ်ကို ဖွင့်သည်။ အသုတ္တန္တဝိနိဗဒ္ဓံ ပါဠိဝိနိမုတ္တံ နှစ်ပုဒ်ဖြင့် ဩက္ကန္တိကဓမ္မဒေသနံ နှစ်ပုဒ်၏အဓိပ္ပာယ်အကျယ်ကို ဖွင့်သည်။ သို့ အကျယ်ဖွင့်ကြောင်းသိစေရန် အဋ္ဌကထာ၌ ကတွာတိ အတ္ထော ဟု အတ္ထော-ဖြင့် ဖွင့်သည်။ သို့ဖွင့်သော်လည်း ဝိတ္ထာရဝါကျဟု မမှတ်ရ။ ပက္ခန္တရသာ ဖြစ်သည်။ ဃ-ဝါကျကို တဒနုစ္ဆဝိကံ တဒနုလောမိကံ နှစ်ပုဒ်၏ ဝိတ္ထာရဝါကျဟု အထင်မှားစရာ ကောင်းသည်၊ပါဠိတော်နှင့် တိုက်ဆိုင်ကြည့်မှ ဝါကျကိုပီပီပြင်ပြင် သိနိုင်သည်။

---

### ❁ ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**သံဝရ။** ။သံဝရတီတိ သံဝရော။ (ယော ဓမ္မော၊ သည်။ ကာယဒုစ္စရိတာဒိနိ၊ တို့ကို။ သံဝရတိ၊ ဖေင့်စည်းတတ်၏။ ဝါ-တားမြစ်ပိတ်ပင်တတ်၏။ ဣတိ-သော သံဝရော။) ကတ္တုသာဓန။ သံ+ဝရ+အ။

သံဝရ-အရ အဘိဓမ္မေတ္တကား ကာယဝစီဒုစရိုက်တို့ကို လည်းကောင်း၊ မေ့လျော့ခြင်းကိုလည်းကောင်း၊ အဘိဇ္ဈာစသည်တို့ကိုလည်းကောင်း၊ သည်းမခံခြင်း ဉာဏ်ကင်းမဲ့ခြင်းကို လည်းကောင်း၊ ပျင်းရိခြင်းကို လည်းကောင်း၊ စောင့်စည်းတတ် တားမြစ်ပိတ်ပင်တတ်သော (၁) ကာယိကဝါစသိက အဝီတိက္ကမဟူသော သီလသံဝရ။ (၂) သတိဟူသော သတိသံဝရ။ (၃) ပညာ

ဟူသော ဉာဏသံဝရ။ (၄) သည်းခံသော အခြင်းအရာအားဖြင့် ဖြစ်သော နာမက္ခန္ဓာ၊ ဝါ-အဒေါသစေတသိက်ဟူသော ခန္တီသံဝရ။ (၅) ဝီရိယဟူသော ဝီရိယသံဝရ ရ၏။

**မှတ်ချက်။** ။အဘိဓေယျတ္ထ ကောက်ပါဟုဆိုလျှင် ဤကဲ့သို့ အဖွင့်များနှင့် အညီ ပြည့်ပြည့်စုံစုံကောက်ပါ။

## ဉာဏ်ကောက်

သံ-အရကား ဓာတွတ္ထာနုဝတ္တက ဘောဂုဏ်ရ၏။ ဝရဓာတ်၏ အရကား ကာယဒုစရိုက်စသည်တို့ကို စောင့်စည်းပိတ်ပင်တတ်သော သံဝရတရား၄ါးပါးတို့၏ သတ္တိလက္ခဏာသဘာဝရ၏။ အ-ပစ္စည်းအရကား သတ္တိမန္တလက္ခဏာဝန္တ သဘာဝ ဝန္တဖြစ်သော သံဝရတရား ၄ါးပါးရ၏။

† သံဝရတီတိ သံဝရော၊ ပိဒဟတီ နိဝါရေတီ ပဝတ္တိတုံ န ဒေတီတိ အတ္ထော။ ပစ္စယသမဝါယေ ဥပ္ပဇ္ဇနာရဟာနံ ကာယဒုစ္စရိတာဒီနံ တထာ တထာ အနုပ္ပာဒနမေဝ ဣဓ သံဝရဏံ။ သာရတ္ထ၊ ၂။ ၃၀။

ဥက္ကန္တ။ ။ဥက္ကမနံ ဩတရဏံ (သက်ဝင်ခြင်း) ဥက္ကန္တံ။

ဩက္ကန္တိက။ ။ဥက္ကန္တေ နိယုတ္တာ ဩက္ကန္တိကာ။

ဓမ္မဒေသနာ။ ။ဓမ္မော ဧဝ ဒေသနာ ဓမ္မဒေသနာ။

ဩက္ကန္တိကဓမ္မဒေသနာ။ ။ဩက္ကန္တိကာ စ သာ ဓမ္မဒေသနာစာတိ ဩက္ကန္တိက ဓမ္မဒေသနာ။ (ဩက္ကန္တိကာ စ၊ ဉာဏ်ဖြင့် သက်ဝင်ခြင်း၌ ယှဉ်သည်လည်း။ ဟောတိ၊ ဟုတ်၏။ သာ၊ ထိုသက်ဝင်ခြင်း၌ ယှဉ်၏ဟူသည်။ ဓမ္မဒေသနာ စ၊ တရားဟောတော်မူခြင်းသည်လည်း။ ဟောတိ၊ ၏။ ဣတိ ဩက္ကန္တိက ဓမ္မဒေသနာ။) ဩက္ကန္တိကပုဒ်+ဓမ္မဒေသနာပုဒ်။

ဩက္ကန္တိကာ-အရကား ဉာဏ်ဖြင့်သက်ဝင်ခြင်း၌ ယှဉ်ခြင်းဂုဏ်သည် မုချ။ ယင်း၏ ဓမ္မဒေသနာဒြပ်နှင့် ဂုဏ် ဂုဏေအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဩက္ကန္တိကဓမ္မဒေသနာ-အရကား ထို-ဖြင့် မှတ်အပ်သောဉာဏ်ဖြင့် သက်ဝင်ခြင်း၌ ယှဉ်သော တရားဒေသနာ ရ၏။

**မှတ်ချက်။** ။ဤကား ဉာဏေန အနုပဝိသိတ္ဗာဟူသော သာရတ္ထနှင့် ပါရာ၊ ယော ဝိဂ္ဂဟအတိုင်း ဉာဏ်ကောက်ခြင်းတည်း။

---

## ⊛ အာဆောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ တတ္ထသန္နိပတိတာနံ-ဖြင့် ဘိက္ခူနံအရ ရဟန်းတို့ဟူသည် ယင်း မြတ်စွာဘုရား ကဲ့ရဲ့တော်မူရာအရပ်၌ စည်းဝေးကုန်သော ရဟန်းတို့တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com

## ❁ နည်းနှင့် ဥပစာ

အပေါင်းဖြစ်သောရဟန်းတို့၏ ဘိက္ခုနံ ဟူသောအမည်ကို အစိတ်ဖြစ်သော ကဲ့ရဲ့တော်မူရာအရပ်၌ စည်းဝေးကုန်သော ရဟန်းတို့၌တင်စား၍ အပေါင်းဖြစ်သော ကဲ့ရဲ့တော်မူရာ အရပ်၌ စည်းဝေးကုန်သော ရဟန်းတို့ကို ဘိက္ခုနံ ဟု ဆိုသောကြောင့် ကေဒေသျူပစာ။ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ။ ရှင်း။)

ခ-ဝါကျ၌ ယံ ဣဒါနိ သိက္ခာပဒံ ပညပေဿတိ-ဖြင့် တဒနုစ္ဆဝိကံ၊ တဒနုလောမိကံ-၌ တ-သဒ္ဒါကား ဝက္ခမာနာပေက္ခ (ဝုစ္စမာနာပေက္ခ) ဖြစ်၍ ယခုပညတ်လတ္တံ့သော သိက္ခာပုဒ်ကို စွဲသတည်းဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ။)

ခ-ဝါကျ၌ တဿ အနုစ္ဆဝိကံ-ဖြင့် တဒနုစ္ဆဝိကံပုဒ်ကို တဿအနုစ္ဆဝိကံ၊ တဒနုစ္ဆဝိကံဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း[၁]၊ တအနုစ္ဆဝိကံ ဟူလိုလျက် သမာသ်ဖြစ်၍ တ သဒ္ဒါ၌ နိဂ္ဂဟိတ်လာခြင်း ဝဏ္ဏာဂမ၊ ယင်း နိဂ္ဂဟိတ်ကို ဒ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ်ဖြင့် ရုပ်ပြီးသည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

† ယ တ သဒ္ဒသမာသမှိ၊ သဒ္ဒိ ပရပဒေန စေ။
နိဂ္ဂဟီတာဂမော ပုဗ္ဗေ၊ ဒွေဘာဝေဝါ ပရောသိယာ။ (ပေါရာဏ။)

* ယ တနှင့်စပ်၊ ထိုသမာသ်မှာ၊ ဒွေဘော်လာ၊
နိဂ္ဂဟိတ်လည်းရဲတခါ။ (ပေါရာဏ။)

မှတ်ချက်။ ။တဿအနုလောမိကံ၌ အာဘော် သံဝဏ္ဏနာကား တဿ အနုစ္ဆဝိကံနှင့် တူပြီ။

## ဝိဂ္ဂဟနှင့် ညှသ်ကောက်

တဿ အနုစ္ဆဝိကံ တဒနုစ္ဆဝိကံ။ (တဿ၊ ထို ယခုပညတ်လတ္တံ့သောသိက္ခာပုဒ်အား။ အနုစ္ဆဝိကံ၊ လျော်သည်တည်း)။ တ ပုဒ်+အနုစ္ဆဝိကပုဒ်။

တ-အရကား ထိုယခုပညတ်လတ္တံ့သောသိက္ခာပုဒ်သည် မုချ။ ယင်း၏ လျော်ကပ်ပတ်သော တရားစကား (ဓမ္မီကထံ) နှင့် အကျိုးအကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

တဒနုစ္ဆဝိကံ-အရကားထို-ဖြင့် မှတ်အပ်သောယခုပညတ်လတ္တံ့သောသိက္ခာပုဒ်အားလျော်ကပ်ပတ်သောတရားစကား (ဓမ္မီကထံ)ရ၏။ (ဝိသေသနကောက် ထက်ကောက်-)

မှတ်ချက်။ ။တဒနုလောမိကံပုဒ်ကိုလည်း ဤနည်းတူ ညှသ်ကောက်ပါ။

http://www.dhammadownload.com

ဂ-ဝါကျ၌ ဝါ သဒ္ဒါဖြင့် တ-သဒ္ဒါသည် အနက်တမျိုးကို ဟောသေးသည်ဟု သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌၊ ယော-လ-ဝုတ္တော-ဖြင့် တဒနုစွဝိက၊ တဒနုလောမိက၌ တ-သဒ္ဒါကား အတီတာပေက္ခ (ဝုတ္တာပေက္ခ) ဖြစ်၍ သုဘာရတာ စသည်တို့ဖြင့် ဟောအပ်ပြီးသော သံဝရကို စွဲသတည်းဟု သိစေသည်။ (သမ္ဗန္ဓာမလင်္ကာတ္ထ။)

မှတ်ချက်။ ။ဂ-ဝါကျ တဿ အနုစ္စဝိကတ္ထေ၀ အနုလောမိကတ္ထ-ဖြင့် သိစေအပ်သော အာဘော်သံဝဏ္ဏနာကား ခ-ဝါကျနှင့်တူပြီ။ ညာသ်ကောက်ရာ၌ တ-အရ သုဘာရတာစသည်ဖြင့် ဟောတော်မူအပ်ပြီးသော သံဝရ-၅-ပါးကို အနုစ္စဝိက အနုလောမိကအရ လျောက်ပတ်သော ဓမ္မိကထနှင့် သမ္ပဒါနိ၊ သမ္ပဒါနီစပ်၍ ညာသ်ကောက်ရခြင်းသာ ထူး၏။

အနက်ယောဇနာ။ ။တဒနုစွဝိက၊ ထို ယခုပညတ်လတ္တံ့သော သိက္ခာပုဒ်အား လျောက်ပတ်သော။ တဒနုလောမိက၊ ထို ယခုပညတ်လတ္တံ့သော သိက္ခာပုဒ်အားလျော်သော။ (ခ-ဝါကျနှင့်အညီ။)

တဒနုစွဝိက။ ထို သုဘာရတာစသည်တို့ဖြင့် ဟောတော်မူအပ်ပြီးသော သံဝရအား လျောက်ပတ်သော။ ဝါ-တဒနုလောမိက၊ ထို-လ-အားလျော်သော။

ဃ-ဝါကျ၌ သံဝရပ္ပဟာနပဋိသံယုတ္တံ-ဖြင့် ဓမ္မိ၌ ဓမ္မအရ သံဝရ ၅-ပါး၊ ပဟာန ၅-ပါးကို ယူရမည်-ကိုလည်းကောင်း[1]၊ ဓမ္မိပုဒ်ကို ဓမ္မေန ပဋိသံယုတ္တာ ဓမ္မိ ယုပဋိသံယုတ္တတဒ္ဓိတ်ဝစနတ္တပြုရမည်-ကိုလည်းကောင်း[2]၊ ဤပစ္စည်း၏ ပဋိသံယုတ္တတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[3] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။

ဃ-ဝါကျ၌ အသုတ္တန္တဝိနိဗဒ္ဓံ-ဖြင့် ဩက္ကန္တိကဓမ္မဒေသနာ ဟူသည်။ သုတ္တန်ပါဠိတို့၌ မဖွဲ့အပ်သော တရားတည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ ပါဠိဝိနိမုတ္တံဖြင့် အသုတ္တန္တဝိနိဗဒ္ဓ ဟူသည် သုတ္တန်ပါဠိတို့၌ ပါဠိမှ လွတ်သော တရားဒေသနာတည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

† ဝုတ္တမေဝတ္ထံ ပကာသေန္တော အာဟ "ပါဠိဝိနိမုတ္တ" န္တိ။ သာရတ္ထ၊ ၂။ ၃၁။

တနည်း။ ။အသုတ္တန္တဝိနိဗဒ္ဓံ-ဖြင့် သုတ်အဘိဓမ္မာ ပါဠိသို့ မတင်အပ်သေးသော (ဓမ္မိကထ) စကားတည်းဟု သိစေ၍ ပါဠိဝိနိမုတ္တံဖြင့် ဝိနယပါဠိသို့လည်း မတင်ရသေးသော (ဓမ္မိကထ) တရားစကားတည်း ဟု သိစေသည်။ (ဘာဝတ္ထ။ ဘာဝတ္ထ။)

http://www.dhammadownload.com

မှတ်ချက်။ ။အသုတ္တန္တဝိနိမဗဒ္ဓ သုတ္တန္တအရ သုတ္တန္တပါဠိနှင့် အဘိဓမ္မာပါဠိကို ယူ၍ ပါဠိဝိနိမုတ္တ ၌ ပါဠိအရ ပါရိသေသနည်းဖြင့် ဝိနယပါဠိကိုယူရမည် ဟု အောက်ပါဋီကာဖွင့်ပြသည်ကိုမှီး၍ အထက်ပါအတိုင်း အာဘော်ဖော်သည်။

† အထ ဝါ အသုတ္တန္တဝိနိမဗဒ္ဓန္တိ သုတ္တာဘိဓမ္မပါဠိံ အနာရုဠှဘာဝံ သန္ဓာယ ဝုတ္တံ။ ပါဠိဝိနိမုတ္တန္တိ ဝိနယပါဠိံ အနာရုဠှဘာဝံ သန္ဓာယ။ သာရတ္ထ၊ ၂။ ၃၁။

## နည်းနှင့် ဥပစာ

ပြယုဂ်ကား။ ။ပါဠိဝိနိမုတ္တံ ဟူသည်တည်း။ ဤ၌ ပါဠိဝိနိမုတ္တ ဟူသော နည်းသည်။ အသုတ္တန္တဝိနိမဗဒ္ဓ၌သုတ္တန္တအရ ဆိုအပ်ပြီးသော သုတ်အဘိဓမ္မာပါဠိမှ ကြွင်းသော ဝိနယ ပါဠိကို ပါဠိဝိနိမုတ္တ၌ ပါဠိအရ ယူရသောကြောင့် ပါရိသေသနည်း မည်၏။

အပေါင်းဖြစ်သော သုတ္တန် အဘိဓမ္မာ ဝိနည်းပါဠိတို့၏ ပါဠိဟူသော အမည်ကို အစိတ်ဖြစ်သော ဝိနယပါဠိ၌ တင်စား၍ အစိတ်ဖြစ်သော ဝိနယပါဠိကို ပါဠိ ဟု ဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာမည်၏။

ဃ-ဝါကျ၌ ဩက္ကန္တိကမေဝ-ဖြင့် ဘုရားဟောတော်မူအပ်သော ၊ တရားဟူသည် ဒေသနာဉာဏ်ဖြင့် သက်ဝင်၍ ဟောတော်မူအပ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ ဒေသနံ-ဖြင့် ကထံ၌ ကထဓာတ်၏ ကထန အနက်ဟောသည်-ကိုလည်းကောင်း[1]၊ အပစ္စည်း၏ကမ္မသာဓန၌ သက်သည်-ကိုလည်းကောင်း[2]၊ ကထီယတေ ဒေသီယတေတိ ကထာဟု ကမ္မသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[3] သိစေသည်။

[1] ဒုတိယတ္ထ။ [2] ဒုတိယာစွယတ္ထ။ [3] အဘိဓေယတ္ထ။

---

တေနဟိ တိ တေန သုဒိန္နသာ-လ-ဘူတေန။ ၄။ ၁၇၇။

## အာဘောဂနှင့် သံဝဏ္ဏနာ

တေနဟိ ဝါကျ၌ အဇ္ဈာစာရေန-ဖြင့် တေန၌ တ-သဒ္ဒါသည် အဇ္ဈာစာရ (လွန်ကျူး၍ ကျင့်ခြင်း) ကို စွဲသတည်းဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ။)

သုဒိန္နသာ-ဖြင့် အဇ္ဈာစာရဟူသည် သုဒိန်၏ အဇ္ဈာစာရတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com


ကာရဏာဘူတေန-ဖြင့် တေနဌ် နာဝိဘတ်သည် ကတ္တား အနက်၊ ကရိုဏ်း အနက်တို့ကို မဟော။ ကာရဏ၊ ဝါ-ဟိတ်အနက်ကို ဟောသတည်းဟု သိစေ သည်။ (ဝိဘတျတ္ထ။)

သံဝဏ္ဏနာဌ် ဟိသဒ္ဒါကို ဖျောက်၍ ချန်လှပ်၍ ဖွင့်သဖြင့် တေနဟိ-ဌ် ဟိသဒ္ဒါကား အနက်မဲ့(အနတ္ထက)တည်းဟု သိစေသည်။ (နိပါတ လိင်္ဂတ္ထ။)

အနက်ယောဇနာ။ ။တေန၊ ထိုရှင်သုဒိန်၏ လွန်ကျူး၍ ကျင့်ခြင်း ကြောင့်။

---

(က) သိက္ခာ ပဒန္တိ ဧတ္ထ သိက္ခိတဗ္ဗာ-လ-သိက္ခာပဒံ။ (ခ) သိက္ခာ-ယ အဓိဂမုပါယောတိ အတ္ထော။(ဂ) အထဝါ မူလံ နိဿယော ပတိဋ္ဌာတိ ဝုတ္တံ ဟောတိ။ (ဃ) မေထုနဝိရတိယာ-လ-အဓိ-ဝစနံ။ (င) မေထုနသံဝရော ဟိ-လ-အဓိပ္ပေတော။ (စ) အယဥ္စ အတ္ထော-လ-ဝေဒိတဗ္ဗော။ ဋ္ဌ။ ၁၇၇။

## ဝါကျစုံနှင့် ကျမ်းတက်

သိက္ခာပဒန္တိ ဧတ္ထ အဝယဝတ္ထော ဧဝံ ဝေဒိတဗ္ဗော-ဟု ပါဌ်သေသ ဖြည့် စွက်၍ အနက်ယောဇနာ။ ယင်းဝါကျမျိုးကို ပဋိညာ (ဝန်ခံ) ဝါကျဟု ခေါ်သည်။ သိက္ခိတဗ္ဗာတိ သိက္ခာ-မှ-ဧဝေါ ပဒေသောတိပိ အတ္ထော-ကား ပဋိညာတဗ္ဗ (ဝန်ခံအပ်သော) ဝါကျတည်း။

### ပဋိညာမှ ပဋိညာတဗ္ဗသို့

ဆရာ၊ ဆရာသည် သိက္ခာပဒန္တိ ဧတ္ထ အဝယဝတ္ထော ဧဝံ ဝေဒိတဗ္ဗော-ဖြင့် သိက္ခာပဒံ ဟူသော ဤပုဒ်၏ အစိတ်ဖြစ်သောအနက်ကို ဤသို့ သိအပ်၏။ ဟု ပဋိညာကို ဆိုတော်မူ၏။ (ပဋိညာတို့မည်သည် ပဋိညာတဗ္ဗနှင့် မကင်း ကောင်းသောကြောင့်)ပဋိညာတဗ္ဗကို မပြပြီလော။ ပဋိညာတဗ္ဗကား အဘယ် နည်း-ကြောင့် သိက္ခိတဗ္ဗာတိ သိက္ခာစသော အဝယဝတ္ထဝါကျကိုမိန့်။

က-ဝါကျတွင် ပဥ္စေဝ ဣမိနာတိ ပဒံကား ပက္ခန္တရ။ ထို-၍ သိက္ခိ-တဗ္ဗာတိ သိက္ခာကား ပက္ခ။

သိက္ခာယ ပဒံ သိက္ခာပဒံ ဝါကျကား သိက္ခာပဒသဒ္ဒါ၏ အပေါင်းဝစနတ္ထ ကို ပြသောကြောင့် ပက္ခန္တရ။ ထို ၍ သိက္ခိတဗ္ဗာ-လ-ပဒံကား သိက္ခာနှင့် ပဒ ပုဒ်တို့၏ အစိတ် ဝစနတ္ထကို ပြသောကြောင့် ပက္ခ။

### တနည်းဝါကျာရမ္ဘကြံပုံ

ဆရာ၊ ဆရာသည် သိက္ခိတဗ္ဗာတိ သိက္ခာ၊ ပဥ္စေဝ ဣမိနာတိ ပဒံ ဟူသော ဝါကျတို့ဖြင့် သိက္ခာ သဒ္ဒါ ပဒသဒ္ဒါတို့၏ အစိတ်ဝစနတ္ထကို ဆိုတော်မူ၏။

http://www.dhammadownload.com


သိက္ခာနှင့် ပဒ်ကို သိက္ခာ စ ပဒဥ္စဟု ဒွန်သမာသ်၊ သိက္ခာ စ သာ ပဒဉ္စာတိဟု ကမ္မဓာရယ်၊ သိက္ခာ ပဒံ ဧတေသာတိဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်လော။ အဘယ်သမာသ် ဝစနတ္ထပြုရမည်နည်း-ဤသို့-ကြောင့် သိက္ခာယပဒံ သိက္ခာပဒံမိန့်။

ဤကျမ်းတက်နှင့်အညီ သိက္ခာယ ပဒံ သိက္ခာပဒံ ဝါကျကား ဝါကျာရမ္ဘဝါကျ၊ ထို-၌ သိက်ိတဗ္ဗာတိ-လ-ပဒံ ဝါကျကား အာရဒ္ဓဝါကျ။

မှတ်ချက်။ ။အစိတ် ဝစနတ္ထပြုပြီးနောက် အပေါင်းဝစနတ္ထပြုလို၍ တက်လာသောဝါကျကို ဤအထိုင်း ပက္ခန္တရ ဝါကျာရမ္ဘ ကြံစည်နိုင်သည်။ ပက္ခန္တရခွဲလျှင် ပက္ခန္တရ ကျမ်းတက်၊ ဝါကျာရမ္ဘခွဲလျှင် ဝါကျာရမ္ဘကျမ်းတက်။

## ပက္ခန္တရကျမ်းတက်

ဆရာ၊ ဆရာသည် သိက္ခိတဗ္ဗာစသော ၂-ဝါကျဖြင့် သိက္ခာသဒ္ဒါ ပဒသဒ္ဒါတို့၏ အစိတ်ဝစနတ္ထကိုဆို၏။ ယင်းသိက္ခာပဒသဒ္ဒါ၏ အပေါင်း ဝစနတ္ထကား အဘယ်နည်း။ ယင်း၏အပေါင်း ဝစနတ္ထကိုမပြုပြီလော-ကြောင့် သိက္ခာယပဒံ စသည်မိန့်။

ခ-ဂ ၂-ဝါကျသည် (ပဒ သဒ္ဒါအနက်ငုပ်သည်ကိုဖော်ထုတ် ဖွင့်ပြသောကြောင့်)ဝိတ္ထာရဝါကျ။ ထို-၌ က-ဝါကျကား သခေ်ပဝါကျ။

ထို ခ-ဂ ဝါကျတွင် ဂ-ဝါကျကား (ပဒ သဒ္ဒါ မူလဟူသောအနက်တမျိုးကို ဟောသည်ဟုဖွင့်ပြသောကြောင့်) ပက္ခန္တရ။ ထို-၌ ခ-ဝါကျကား (ပဒ သဒ္ဒါ အဓိဂမုပါယ အနက်ကိုဟောသည်ဟု ဖွင့်ပြခဲ့သောကြောင့်)ပက္ခ။

မှတ်ချက်။ ။ခ-ဝါကျ ဣတိ အတ္တော၊ ဂ-ဝါကျ ဣတိဝုတ္တံ ဟောတိ-တို့ဖြင့် ယင်း ခ-ဂ ၂-ဝါကျ ဝိတ္ထာရဖြစ်ကြောင်း ဖွင့်ပြသည်။ ဂ-ဝါကျ၌ အထဝါ-ဖြင့် ခ-ဂ-ဝိတ္ထာရဝါကျ အချင်းချင်းထောက်၍ ဂ-ဝါကျကား ပက္ခန္တရ၊ခ-ဝါကျကား ပက္ခတည်းဟု ပြသည်။

## ဂ-ဝါကျ ကျမ်းတက်

ဤသို့ ခ-ဝါကျဖြင့် သိက္ခာပဒံ၌ ပဒသဒ္ဒါသည် ကာရဏအနက်ကို ဟော၏ဟု ပြတော်မူပြီး၍ ယခုအခါ၌ ယင်း ပဒသဒ္ဒါ၏ အနက်တမျိုးကို ပြလိုရကား ဂ-ဝါကျကိုမိန့်။

† ပဒံ ဌာနေ ပရိတ္တာဏေ၊ နိဗ္ဗာနမှိ စ ကာရဏေ။
သဒ္ဒေ ဝတ္ထုမှိ ကောဋ္ဌာသေ ပါဒေ တလ္လဉ္ဆနေ မတံ။
(ဓာန်။ ဂ၁၉။)

http://www.dhammadownload.com



## ဂဏ္ဌိဟောင်းကျမ်းတက်

၁။ ဥပနိဿယအားဖြင့်သာ သိက္ခာပုဒ်၏ အဖြစ်ကိုပြပြီး၍ သမ္ဗယောဂ အားဖြင့်လည်း ပြခြင်းငှာ အထဝါ စသည်မိန့်။

၂။ တနည်းကား၊ ဝိရတိသာ သိက္ခာပဒ မည်သည်မဟုတ် စေတနာလည်း သိက္ခာပဒမည်သည်ဟု ပြခြင်းငှာ အထဝါစသည်ကို မိန့်။ ဂဏ္ဌိဟောင်း ။၃၇၁။

## သာရတ္ထဖွင့်ပုံ

တတ္ထ ပတိဋ္ဌာတိ သမ္ပယောဂဝသေန ဥပနိဿယဝသေန စ ဩကာသ ဘာဝေါ၊ သိက္ခာသင်္ခါတာနဥ္စ အဝသေသကုသလဓမ္မာနံ မေထုနဝိရတိ သမ္ပယောဂဝသေန ဝါ ပတိဋ္ဌာ သိယာ ဥပနိဿယဘာဝေန ဝါ။ သာရတ္ထ၊ ၂။ ၃၂။

ဋီကာ၌ ဘမ္ပယောဂဝသေန ဥပနိဿယဝသေန ဟု ပတိဋ္ဌာကို ဖွင့်သဖြင့် (ခ) ဝါကျကို ဥပနိဿယဝသေန ဟု ကရိယာဖြည့်စွက်၍ ဖွင့်ရာရောက်သည်။ ထို့ကြောင့် ဂဏ္ဌိဟောင်း ၁- နံပါတ် အဆိုနှင့်အညီ အောက်ပါအတိုင်း ကျမ်းတက်ရမည်။

ဤသို့ ခ-ဝါကျဖြင့် ဥပနိဿယ၏ အစွမ်းဖြင့် သိက္ခာပဒ၏ အဖြစ်ကိုပြပြီး ၍ ယခုအခါ၌ သမ္ပယောဂ၏ အစွမ်းဖြင့်လည်းကောင်း၊ ဥပနိဿယ၏ အစွမ်း ဖြင့်လည်းကောင်း သိက္ခာပဒအဖြစ်ကိုပြခြင်း ငှာ ဂ-ဝါကျမိန့်။

မှတ်ချက်။ ။ဆိုလိုသည်မှာ ခ--ဝါကျဖြင့် သိက္ခာနှင့်ပဒ ဥပနိဿယ အားဖြင့် ကျေးဇူးပြုသည်ကို ပြ၍ ဂ-ဝါကျဖြင့် သိက္ခာနှင့် ပဒ သမ္ပယောဂ ဥပနိဿယ နှစ်မျိုးဖြင့် ကျေးဇူးပြုသည်ဟု ပြသည်။ ဂဏ္ဌိဟောင်း ၂-နံပါတ် နည်းကား ဃ-ဝါကျအဖွင့် ရောယှက်လျက်ရှိသည်ဟု ထင်၏။

ဃ-ဝါကျကား ငါကျာရမ္ဘ၊ ဝါ-ပက္ခန္တရ။ ထို-၌ က-ဝါကျကား အာရဒ္ဓ၊ ဝါ-ပက္ခ။

မှတ်ချက်။ ။ဓ-ဝါကျဖြင့် သိက္ခာပဒ သဒ္ဒါ၏ အဓိပ်္ပာယ် အပေါင်း ဝစနတ္ထကိုပြပြီးနောက် ယင်းသိက္ခာပဒ သဒ္ဒါ၏ အဘိဓေယျတ္ထ (သရုပ်အရ ကောက် စာရေးကိုယ်)ကို ပြလို၍ ဃ-ဝါကျ တက်လာသည်။ က-ဝါကျ ကား မူလဝါကျ။ ဃ-ဝါကျကား မူလီ တနုကရဏဝါကျ။ ဃ-ဝါကျကျမ်း တက်လိုလျှင် မူလ-က-ဝါကျမှ ဆက်ရမည်။ အနီးမှာရှိသော ခ-ဂ-ဝါကျမှ ကျမ်းမတက်ရ။ ကျမ်းတက်နည်းလွယ်ပြီ။

င-ဝါကျကား၊ ယုတ္တိ ဒဋ္ဌီကရဏ။ ထို-၌ ဃ-ဝါကျကား ယုတ္တိဒဋ္ဌီယ ဝါကျ။

http://www.dhammadownload.com



မှတ်ချက်။ ။ဃ-ဝါကျဖြင့် သိက္ခာပုဒ် အရ မေထုန ဝိရတိကို ယူရမည်ဟု မိမိ (အဋ္ဌကထာဆရာ)ဖွင့်ဆိုခဲ့သည်။ ယင်းအဖွင့်ကို တဒေသ သိက္ခာသမ္ပါဒါန်-လ-ပဒတ္တာ စသော ဟိတ်ဖြင့် ထောက်ခံ ခိုင်မြဲစေသည်။ သို့ဖြစ်၍ င-ဝါကျကို ယုတ္တိဒဋ္ဌိကရဏဟု ဆိုရသည်။ သကာရဏ ယုတ္တိဒဋ္ဌိ ကရဏဟုလည်း ဆိုနိုင်သည်။

## ဝိတ္ထာရကြံပုံ

က—ဝါကျဖြင့် သိက္ခာပုဒ်ပုဒ်၏ အစိတ်အပေါင်း ဝိဂ္ဂဟ အကျဉ်းကိုပြသည်။ ဃ-ဝါကျဖြင့် သိက္ခာပုဒ်အရကောက်ကို ပြသည်။ ထိုနောက် သိက္ခာသဒ္ဒါ တရားကိုယ်၊ သိက္ခာယဉ်၌ ငုပ်နေသော ဝိဘတ် စသည်တို့ကို အကျယ်ပြလို၍ င-ဝါကျ တက်လာသည်ဟု အချို့ကြံကြသေးသည်။ မိမိကား သကာရဏ ယုတ္တိဒဋ္ဌိကရဏဝါကျကိုသာ နှစ်သက်သည်။

## စ-ဝါကျ ဝါကျာရမ္ဘကြံပုံ

ဃ-ဝါကျဖြင့် သိက္ခာပုဒ်အရကောက်ကို ပြပြီးနောက် ယင်းအရကောက်သည် မိမိ (အဋ္ဌကထာဆရာ)၏ သဘောအလျောက် အရကောက်လော၊ ဝါ-အတ္တနောမတိ အရကောက်လော-ဟု သူတပါး စောကြောဖွယ်ရှိသည်။ ယင်းကို ပယ်ဖြေလို၍ စ-ဝါကျတက်လာသည်။စ-ဝါကျဖြင့် အဆိုပါ သိက္ခာပုဒ် အရကောက်မှာ အတ္တနောမတိ အရကောက်မဟုတ်။ သိက္ခာပုဒ်ဝိဘင်္ဂပါဠိ၌ ဟောတော်မူသည်နှင့်အညီ ကောက်ယူအပ်သော အရကောက်တည်းဟု စောဒက စကားကို ပယ်ဖြေသည်။ ယင်း စ-ဝါကျဖြင့် သိက္ခာပုဒ် ဝိဘင်္ဂပါဠိကို ထုတ်ပြကိုးကား၍ ဖြေဆိုလျှင်-စ-ဝါကျကို အာဂမဒဋ္ဌိ ကရဏဟု ဆုံးဖြတ်ရမည်။ သို့သော် ယခုမူ "သိက္ခာပုဒ်ဝိဘင်္ဂပါဠိ၌ ဟောတော်မူအပ်သော နည်းဖြင့်သာလျှင် သိအပ်၏"ဟု ညွှန်းပြရုံသာ ညွှန်ပြသည်။ ထို့ကြောင့် ယင်း စ-ဝါကျကို အတိဒေသ သံဝဏ္ဏနာဝါကျဟု မှတ်ပါ။ ယင်း အတိဒေသ သံဝဏ္ဏနာဖြင့် ဂန္ထဂရု ဒေါသကိုပယ်သည်။ ယင်း ဝါကျမျိုးကား အဆိုပ် စောဒနာ ပသင်္ဂကို ပယ်သောကြောင့် ဝါကျာရမ္ဘဝါကျဟု ဆုံးဖြတ်ရမည်။

* ကျမ်းလေးပယ်ချ၊ နည်းညွှန်ပြ၊ အတိဒေသသာ။
အတိဒေသ၊ ယင်းဝါကျ။ ဝါကျာရမ္ဘသာ။ (သစ်)

စ-ဝါကျကား ဝါကျာရမ္ဘ (အတိဒေသသံဝဏ္ဏနာဝါကျ)။ ထို-၍ ဃ-ဝါကျကား အာရဒ္ဓဝါကျ။

http://www.dhammadownload.com



## စ–ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် ဃ–ဝါကျဖြင့်–လ–၏ ဤအနက်ကို အဘယ်၌ ဆိုအပ်သော နည်းဖြင့် သိအပ်ပါသနည်း။ (အယံ အတ္ထော ကတ္ထ ဝုတ္တနယေန ဝေဒိတဗ္ဗောဟု–သိက္ခာပဒဝိဘင်္ဂေပုဒ်ဖြုတ်၍ ကတ္ထထည့်လျက်အဖြေရှောင်တက်ပါ။) ဤအနက်ကို ယံဝါ တံဝါ ဟူးဟူးငြားငြားအားဖြင့် သိအပ်ပါသလော၊ ဝါ–ဤအနက်ကို ဆရာ့အတ္တနောမတိဟု မှတ်ရမည်လော–ကြောင့် ခ–ဝါကျမိန့်။ (ဤကား အဖြေရှောင်တက်ပုံတည်း။ ဋီကာတက်ပုံကို ဆက်လက်ရှုလေ။)

## စ–ဝါကျ ဋီကာတက်ပုံ

ဤသို့ ဃ–ဝါကျ သိက္ခာပဒ ဟူသော အမည်–လ–ဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ သိက္ခာပဒ ဝိဘင်း၌ ပြအပ်သော ဝိရတိစေတနာ သမ္ပယုတ္တဓမ္မတို့သည်လည်း သိက္ခာပဒမည်၏ ဟု ပြခြင်းငှာ စ–ဝါကျကိုမိန့်။

† သိက္ခာပဒဝိဘင်္ဂေ၊ နိဒ္ဒိဋ္ဌဝိရတိစေတနာ၊ တံသမ္ပယုတ္တဓမ္မာ၊ စ သိက္ခာပဒန္တိ ဒဿေတုကာမော အာဟ အယဉ္စ အတ္ထော–လ–ဝေဒိတဗ္ဗောတိ။ သာရတ္ထ၊ ၂၃။ ၂။

မှတ်ချက်။ ။စ–ဝါကျကို အနုသန္ဓေတက်ပါ ဟု မေးလျှင် ဤဋီကာတက်အတိုင်း ဖြေရမည်။

## ❁ ဝိဂ္ဂဟနှင့်ညသ်ကောက်

**သိက္ခာ။** ။သိက္ခိတဗ္ဗာတိ သိက္ခာ။ သိက္ခဓာတ်+အပစ္စည်း+ဣတ္ထီ–အာ ပစ္စည်း။ (သမ္ပုရိသေဟိ ယာ သီလဝိပဿနာစျာနမဂ္ဂဇာတိ သိက္ခိတဗ္ဗာ ဣတိ သာ သိက္ခာ။)

သိက္ခဓာတ်အရ–ကား ကျင့်သောသူတော်ကောင်းတို့၏ သန္တာန်၌ရှိသော သတိဝီရိယသမာဓိပညာ စသည် ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပာဒ်သည် မုချ။ ကမ္မတ္ထ–ကား ထို–အားတပ်သောမေထုန ဝိရတီမှ တပါးသော သီလဝိပဿနာ ဈာန်မဂ်တရား၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ အပစ္စည်း အရကား ထို–ဖြင့် မှတ်အပ်သော မေထုနဝိရတီမှ တပါးသော သီလ ဝိပဿနာဈာန် မဂ်ရှိ၏။ (အာပစ္စည်းကား ထိ ဇောတကမျှသာတည်း။)

မှတ်ချက်။ ။သီလ ဝိပဿနာဈာန မဂ္ဂ ဟူသည်၊ အစဉ်အတိုင်း အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာ ၃–ပါးပင်တည်း။

**ပဒံ။** ။ပဇ္ဇတေ ဉာယတီနာတိ ပဒံ။ (သမ္ပုရိသေဟိ၊ တို့သည်။ သိက္ခာ၊ ကို။ ဉာမိနာ ဥပါယေန (မူလေန) ပဇ္ဇတေ ဉာတိ ပဒံ။) ပဒ–ဓာတ်၊ အပစ္စည်း၊ ကရဏသာဓိ။

http://www.dhammadownload.com



ပဒခဝတ်အရ—ကား သူတော်ကောင်းတို့၏ သတိ ဝီရိယ ဉာဏ်စသည်ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်သည်မှချ။ ကရဏတ္ထကား ထို-အားတပ်သော မေထုနဝိရတီ၏ သဟဇာတာဒိပစ္စယသတ္တိသည် ဖလူပစာ။ အ-ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော မေထုနဝိရတီ ရ၏။

**သိက္ခာပဒံ**။ ။သိက္ခာယ ပဒံ သိက္ခာပဒံ။ ဆဋ္ဌီတပ္ပုရိသ် သမာသ်။ သိက္ခာပုဒ်+ပဒပုဒ်။ (သိက္ခာယ၊ မေထုန ဝိရတိမှ တပါး သီလ ဝိပဿနာချာန်မဂ်တရားဟုဆိုအပ်သော သိက္ခာ သုံးပါး၏။ ပဒံ၊ ရကြောင်း၊ ဝါ—အမြစ်အရင်း မှီရာ တည်ရာ။)

သိက္ခာ—အရကား မေထုနဝိရတိမှ တပါး သီလဝိပဿနာ ဈာန်မဂ်တရားသည် မှချ။ (မေထုန်သံဝရော ဟိ ဝါကျ ရှု၍ ကောက်သည်။) ယင်း၏ ခမေထုနဝိရတီဟူသော သိက္ခာပဒနှင့် အကျိုးအကြောင်း၊ ဝါ-နိဿိတ နိဿယ၊ ဝါ-အပေါင်းအစိတ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ (သိက္ခာနှင့် ပဒကို ဥပါယော အဖွင့်ကိုထောက်၍ အကျိုးအကြောင်း၊ မူလံ နိဿယော၊ ပတိဋ္ဌာကိုထောက်၍ နိဿိတ နိဿယ၊ တဒဉ္ဉေသံကို ထောက်၍ အပေါင်းအစိတ်စပ်သည်။)

သိက္ခာပဒ-အရကား ထို-ဖြင့် မှတ်အပ်သော မေထုနဝိရတီ ဟူသော သိက္ခာ-ပဒ ရ၏။

**အနက်ယောဇနာ**။ ။သိက္ခာပဒံ၊ မေထုနဝိရတိမှ တပါး သီလဝိပဿနာ ဈာန်မဂ်တရားဟု ဆိုအပ်သော သိက္ခာသုံးပါးကို၊ ဝါ-၏ ရကြောင်း ဝါ—အမြစ်အရင်း မှီရာတည်ရာ ဖြစ်သော သိက္ခာပုဒ်ကို။ (ပညပေဿာမိ စပ်။)

---

## ဓာတုပစ္စယာဒိဝိဘာဂ

**အဓိဂမ**။ ။အဓိ+ဂမု+အ။ (အဓိဂမာယာတိ ပဋိလာဘာယ-ဟု ဖွင့်သော မ၊ ဋ္ဌ၊ ၁။ ၃၇၃-နှင့်အညီ အောက်ပါအတိုင်း ဝိဂ္ဂုဟ်ကြံလေ။)

† အဓိဂမနံ ပဋိလာဘနံ အဓိဂမော။

**ဥပါယ**။ ။ဥပ+အယ+ဏ။ (အောက်ပါအတိုင်း ဝိဂ္ဂုဟ်ကြံ။)

† ဥပဂစ္ဆတိ ဧတေန ဖလန္တိ ဥပါယော။

**အဓိဂမုပါယော**။ ။အဓိဂမဿ ဥပါယော အဓိဂမုပါယော။

**မူလ**။ ။မူလဓာတ်+အပစ္စည်း။ (အောက်ပါအတိုင်း-ဝိဂ္ဂုဟ်ကြံ။)

† မူလတိ ပတိဋ္ဌာတိ ဧတ္ထာတိ မူလံ။

http://www.dhammadownload.com


## ဉာဏ်ကောက်

မူလစာတ်အရ-ကား မေထုန ဝိရတိမှတပါး သီလ ဝိပဿနာစျာန် မဂ်ဟုဆို အပ်သော သိက္ခာသည် မုချ။ အဓိကရဏတ္ထ ကြိယာအရကား ထို-အားတပ် သောမေထုန ဝိရတီ၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာ။ အ-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော မေထုနဝိရတီရ၏။

**နိဿယ**။ ။နိပုဗ္ဗ+သိဓာတ်+အပစ္စည်း။(နိဿယတိ ဋ္ဌောတိ နိဿယော၊ မူလနှင့်အတူကောက်။)

**ပတိဋ္ဌာ**။ ။ပတိ ပုဗ္ဗ+ဌာဓာတ်+အပစ္စည်း+ထီ-အာပစ္စည်း။ (ပတိဋ္ဌာတိ ဋ္ဌောတိ ပတိဋ္ဌာ။ မူလပုဒ်နှင့် အတူကောက်။)

**ဝိရတိ**။ ။ဝိပုဗ္ဗ+ရမုဓာတ်+တိ ပစ္စည်း။

† ဝိရမနံ ဝိရတိ။ သုဓိ။

**တဒညေသံ**။ ။တ+အညာ။ သမာသ် နာမ်ပုဒ်။ ဆဋ္ဌီ- နံ ဝိဘတ်။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

တတော အညာ တဒညာ။ (တေသံ တဒညေသံ)။ တ-ပုဒ်+အညပုဒ်။ (တတော မေထုန သံဝရတော၊မှ။ အညာ၊ တပါးကုန်သော သိက္ခာ ဟု ဆို အပ်ကုန်သော သီလ ဝိပဿနာစျာန် မဂ်တရားတို့တည်း။) ပဉ္စမီ တပ္ပုရိသ် သမာသ်။

တ-အရကား ထို-မေထုနသံဝရသည် မုချ။ ယင်း၏ မေထုနသံဝရမှ တပါးသော သိက္ခာပုဒ် ဟု ဆိုအပ်ကုန်သော သီလ ဝိပဿနာစျာန် မဂ်တရားတို့ နှင့် အကြောင်းအကျိုး, နိဿယနိဿိတ အစိတ်အပေါင်းအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ဌာနူပစာ။ တဒညာ-အရကား ထို-ဖြင့် မှတ်အပ်သော ထိုမေထုန သံဝရမှတပါးသော သိက္ခာပုဒ်ဟုဆိုအပ်ကုန်သော သီလဝိပဿနာစျာန် မဂ် တရားရ၏။ (ဝိသေသနကောက်ဆက်ကောက်။)

---

## ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ သိက္ခိတဗ္ဗာ-ဖြင့် သိက္ခာ၌ သိက္ခဓာတ်၏ အဖြစ်ကိုလည်း ကောင်း[၁]၊ အ-ပစ္စည်း၏ ကမ္မသာဓနဉ်သက်သည့်-ကိုလည်းကောင်း[၂]၊ သိက္ခိ တဗ္ဗာတိ သိက္ခာဟုကမ္မသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃]သိစေသည်။

၁။ ဒုတိယဓာတုပဒ။   ၂။ ဒုတိယပစ္စယတ္ထ။   ၃။ အဘိဓာနတ္ထ။

**မှတ်ချက်**။ ။ဝိဂ္ဂြိုဟ်ပြုရာ၌ ဋ္ဌတိသဒ္ဒါမှန်သမျှ ဝစနဟောတုဇောတက ချည်းသာတည်း။ သီလက္ခန်ဝစနဆက်ကြည့်။

http://www.dhammadownload.com



က-ဝါကျ၌ ပဋ္ဌတေ ဂ္ဂမိနာ-ဖြင့် ပဒ၌ အ-ပစ္စည်း၏ ကရဏသာဓနနှင့် သက်သည်-ကိုလည်းကောင်း[၁]၊ ပဋ္ဌတေ ဂ္ဂမိနာတိ ပဒံ ဟု ကရဏသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၂] ကမ္မအန္တောဂဓ, ကမ္မဂဗ္ဘကရဏသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယပါရာဇိကဋ္ဌ။ ၂။ အဘိဓာနဋ္ဌ။ ၃။ ဘာဝတ္ထ။

က-ဝါကျ၌ သိက္ခာယ ပဒံ-ဖြင့် သိက္ခာနှင့်ပဒကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ။)

ခ-ဝါကျ၌ အဓိဂမုပါယော-ဖြင့် ပဋ္ဌတေ၌ ပဒဓာတ်သည် ဂတိအနက်ကို မဟော(ဗျ)၊ ရခြင်း (အဓိဂမ) အနက်ကိုဟောသည်-ကိုလည်းကောင်း[၁]၊ပဒံ သဒ္ဒါသည် ပရိတ္တာဏအနက်ကိုမဟော(ဗျ)၊ ကာရဏ၊ ဝါ-ဥပါယအနက်ကို ဟောသည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ နာမလိင်္ဂဋ္ဌ။

ဂ-ဝါကျ၌ အထ ဝါဖြင့် ပဒသဒ္ဒါ အတ္ထန္တရကို လဲလှယ်ပြသည်-ဟု သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ မူလံ-ဖြင့် သိက္ခာပဒံ၌ ပဒသဒ္ဒါသည် ကာရဏအနက်ကိုသာ ဟောသည်မဟုတ်၊ ဌာနအနက်ကိုလည်းဟောသတည်းဟု သိစေသည်။

ဂ-ဝါကျ၌ နိဿယော-ဖြင့် မူလံသဒ္ဒါကား နိဿယော၏ ဝေဝုစ်စကားလှယ်ပရိယာယ်တည်း၊ ဝါ-မူလံ သဒ္ဒါ၏ဝေဝုစ်, စကားလှယ်ပရိယာယ်ကား နိဿယောတည်းဟု သိစေသည်။ (အဘိဓေယျတ္ထ။)

† မူလံ နိဿယော ပတိဋ္ဌာတိ ပစ္ဆိမံ ပစ္ဆိမံ ပဌမဿ ပဌမဿ ဝေဝစနန္တိ ဒဋ္ဌဗ္ဗံ။ သာရတ္ထ၊ ၂။ ၃၂။

ဂ-ဝါကျ၌ ပတိဋ္ဌာ-ဖြင့် နိဿယောသဒ္ဒါကား ပတိဋ္ဌာသဒ္ဒါ၏ဝေဝုစ် စကားလှယ် ပရိယာယ်တည်း၊ ဝါ-နိဿယောသဒ္ဒါ၏ ဝေဝုစ် စကားလှယ် ပရိယာယ်ကား ပတိဋ္ဌာသဒ္ဒါတည်းဟု သိစေသည်။ (အဘိဓေယျတ္ထ။).

မှတ်ချက်။ ။ဤကား သာရတ္ထအဖွင့်နှင့်အညီ၊ အဘိဓေယျတ္ထအာဘော် ဖော်ခြင်းတည်း။မူလံ ဘေ သန္တိကေ မူလ၊မူလေ ဟောတုမှိ ပါဘတေ-ဟူသော မူလသဒ္ဒါ၏ အတ္ထုဒ္ဓါရနှင့်အညီ အောက်ပါအတိုင်း အာဘော်ဖော်ရမည်၊

ဂ-ဝါကျ၌ နိဿယော-ဖြင့် မူလံသဒ္ဒါသည် မူလနက္ခတ် စသောအနက်ကို မဟော၊ မှီရာနိဿယအနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂဋ္ဌ။)

http://www.dhammadownload.com



ဂ–ဝါကျ၌ ပတိဋ္ဌာ-ဖြင့် နိဿယသဒ္ဒါသည် နိဿယကျမ်းစာ၊ နိဿရည်း ဆရာစသောအနက်ကိုမဟော၊ တည်ရာဟူသောအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

ဃ–ဝါကျဖြင့် သိက္ခာပဒအရ ဝိရတိ, စေတနာ, တံ သမ္ပယုတ္တဓမ္မ သုံး မျိုးလုံးကိုရသော်လည်း ဤ၌ ဝိရတိ (မေထုနဝိရတိ) ကိုသာယူရမည်ဟု သိစေ သည်။ (အဘိဓေယျတ္ထ။)

## ရှင်းလင်းချက်

"အဓိဝစနံ၊ နာမံ၊ ဇဝံ၊ သုံးပါးပြွမ်းမူ၊ စကားလိုးလွဲ၊ ဆိုစမြဲ"–ဟူသော နိယံနှင့်အညီ က–ခ–ဂ–သုံးဝါကျဖြင့် သိက္ခာပဒသဒ္ဒါ၏ ဝစနတ္ထ ဂုဋ္ဌတ္ထ ပဒပိဏ္ဍတ္ထတို့ကိုပြ၍ တရားကိုယ်မှာ သာမည်အားဖြင့် ဝိရတိစေတနာ သမ္ပယုတ္တ ဓမ္မတို့ကိုရသည်။ အဓိဝစနံသဒ္ဒါ-ဖြင့် ရေးသားအပ်သော ဃ–ဝါကျတက်လာ သောအခါ က–ခ–ဂ–ဝါကျ အနက်၌ကဲ့သို့ ဝိရတိစေတနာသမ္ပယုတ္တဓမ္မသုံးမျိုး လုံးကို မကောက်ယူရ၊ ဝိရတိ (မေထုနဝိရတိ) ကိုသာယူရတော့သည်။ အံရ ကောက်လိုးလွဲယူရတော့သည်။ သို့ဖြစ်၍ အထက်ပါအတိုင်း အာဘော်ဖော်ရ သည်။ ကျမ်းတက်လိုလျှင်"ဆရာ ဆရာသည်၊ က–ခ–ဂ–ဝါကျဖြင့် သိက္ခာပဒ သဒ္ဒါ၏ ဝစနတ္ထ၊ ဂုဋ္ဌတ္ထ၊ ပဒပိဏ္ဍတ္ထကို ဖွင့်ဆို၏။ ယင်းသိက္ခာပဒအရ ဝိရတိ စေတနာ တံ သမ္ပယုတ္တဓမ္မတို့ကို ကောက်ယူရမည်လော၊ (အဖြေရှောင်၍ စကားလိုးလွဲဆိုလေ၏။) သိက္ခာပဒအရ အဘယ်ကိုကောက်ယူရမည်နည်း–ကြောင့် ဃ–ဝါကျမိန့်။

## ဥပမာဖြစ်ပုံ

* အဓိဝစန၊ နာမရှိရာ၊ ဥပစာ၊ မြစ္စာဉာဏ်ဖြင့်ရှု။
* ဝုတ္တိ ဝုတ္တံ၊ နာမံရှိရာ၊ ဥပစာ။(တောင်တွင်း)
* ဝုစ္စတိ၊ နာမ၊ ရှိလကလျှင်၊ ဥပစာ။ (တိပိဋက)

အထက်ပါနိယံများကို ထောက်၍ ဃ–ဝါကျဖြင့် ဥပစာကို ပြသည်ဟု မှတ်။ မည်သည့် ဥပစာကိုပြသနည်း–က–ခ–ဂ–ဝါကျဖြင့် သိက္ခာပဒ အရ ဝိရတိစေတနာ တံသမ္ပယုတ္တဓမ္မဟူသော တရားများကိုရသည်။ ဃ–ဝါကျ တက်လာသောအခါ မေထုနဝိရတိသာ ရတော့သည်။ သို့ အများရသည်မှ အနည်းကိုထုတ်ယူခြင်း၊အပေါင်းကိုဆို၍ အစိတ်ကိုရခြင်းကြောင့် ကေဒေသျူ ပစာ၊ ဝါ–သမုဒါယူပစာကိုပြသည်ဟု မှတ်ရာ၏။

http://www.dhammadownload.com


* အမျှားပြ၊ အနည်းရ။ မှတ်ကြကေဒေသျှုပစာ။ (သမုဒါသူပစာ။) (သစ်။)
* အပေါင်းဆိုက၊ အစိတ်ရ၊ သမုဒါယူပစာ။
အစိတ်ဆိုက၊ အပေါင်းရ၊ ကေဒေသူပစာ။ (ဆူးခါးနိယံ။)

## ဥပစာရာင်ပုံ

အပေါင်းဖြစ်သော ဝိရတီ စေတနာ တံ သမ္ပယုတ္တဓမ္မတို၏ သိက္ခာပဒံ ယူသောအမည်ကို အစိတ်ဖြစ်သော ဝိရတီ၌တင်စား၍ အစိတ်ဖြစ်သော ဝိရတီကို သိက္ခာပဒံဟု ဆိုသောကြောင့် ကေဒေသျှုပစာ၊ ဝါ-သမုဒါယူပစာ။

င-ဝါကျ၌ မေထုနသံဝရေ ဠဓ သိက္ခာပဒန္တိ အဓိပ္ပေတော-ဖြင့် သိစေ အပ်သော အာဘော် သံဝဏ္ဏနာကား ဃ-ဝါကျနှင့်တူပြီ။ (အဓိပ္ပေတော-ဟု ဆိုသဖြင့် အဓိပ္ပေတတ္တသံဝဏ္ဏနာဟု ဆိုနိုင်ခြင်းသည်သာထူးသည်။)

င-ဝါကျ၌ တဒညေသံ သီလဝိပဿနာဈာနမဂ္ဂဓမ္မာနံ-ဖြင့် သိက္ခာသင်္ခါ-တာနံ၌ သိက္ခာအရ မေထုနဝိရတီမှ တပါးသော သီလ ဝိပဿနာ ဈာန် မဂ် တရားများကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

င-ဝါကျ၌ သိက္ခာသင်္ခါတာနံ ပဒတ္တာ-ဖြင့် သိက္ခာနံ ပဒံ သိက္ခာပဒံ ပြသည်။ သိက္ခာယ ပဒံနှင့် တူပြီ။

င-ဝါကျ၌ ဝုတ္တတ္ထဝသေန-ဖြင့် ပဒသဒ္ဒါ၏ အနက်ကား ဆိုခဲ့ပြီးသော ပတိဋ္ဌာ အဓိဂမုပါယအနက်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

† ဝုတ္တတ္ထဝသေနာတိ ပတိဋ္ဌာအဓိဂမုပါယဝသေန။
သာရတ္ထ။ ၂။ ၃၂။

## သိက္ခာပဒစိတင်း၌ ဘုရားဟောပုံ

အဘိ၊ ဝိ။ ၃၀၀-၌ တတ္ထ ကတမံ ကာယမေသု မိစ္ဆာစာရော—ချီသော သုံးဝါကျကိုဟောရာတွင် ပထမဝါကျဖြင့် ဝိရတီကို၊ ဒုတိယဝါကျဖြင့် စေ-စေနာကို၊ တတိယဝါကျဖြင့် တံသမ္ပယုတ္တဓမ္မကို သိက္ခာပဒ-ဟု ဟောတော်မူသည်။ ဤသည်ကို ရည်ညွှန်း၍ အယဥ္စ အတ္ထော စသော င-ဝါကျကို အဋ္ဌကထာ ဆိုသည်။

---

## ❀ ပါဠိဝိနိစ္ဆယ

**တဒညေသံ။ တမညေသံ။** ။တတော အညာ တဒညာ။ တ-ပုဒ်+အည ပုဒ်။ ပဥ္စမီတပ္ပုရိသ်သမာသ်။ ဃ+တနှင့် သမာသ်စပ်ရာဝယ် နိဂ္ဂဟိတ်သော် လည်း လာရမည်၊ ဒွေဘော်သော်လည်း ပြုရမည်ဟု သဒ္ဒစည်းကမ်းရှိ၍

http://www.dhammadownload.com



သမာသေ ဒေါ တိလိင်္ဂေ (နီတိသုတ္တ။ ၁၄၄)ဖြင့် သမာသ်အရာ၌ နိဂ္ဂဟိတ်ကို ဒ-ပြု၍ ပြီးသောကြောင့် တဒညေသံ ပါဌ်သာသင့်သည်။

မှတ်ချက်။ ။တာမတ္တံ ပကာသေန္တော၊ တေမတ္တံ ဝိဒိတွာ တာမပြဝိ စသည် သန္ဓိအရာ၌ နိဂ္ဂဟိတ်ကို မ-ပြု။ ယဒနန္တရံ၊ တဒနန္တရံ။ တေဒတ္တော စသည် သမာသ်အရာ၌ နိဂ္ဂဟိတ်ကို ဒ-ပြု။

---

## ❀ နည်းနှင့် ဥပစာ

**သိက္ခာပဒံ**။ ။ကေဒေသျူပစာ။ သမုဒါယူပစာ။ နေယျတ္ထ။ ရှင်္ဂီ။ ဗြ-နံပါတ်အဖြေ ဥပစာတင်ပုံကို ပြန်ကြည့်။

**တနည်း-သိက္ခာပဒံ**။ ။အကြောင်း ပစ္စည်းဖြစ်သော ဝိရတီ၏ သိက္ခာပဒ ဟူသောအမည်ကို အကျိုးပစ္စယုပ္ပန်ဖြစ်သော စေတနာ တံသမ္ပယုတ္တဓမ္မတို့၌ တင်စား၍ အကျိုးပစ္စယုပ္ပန်ဖြစ်သော စေတနာ တံသမ္ပယုတ္တဓမ္မတို့ကိုလည်း သိက္ခာပဒဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။)

† တတ္ထ ဝိရတိ နိပ္ပရိယာယသိက္ခာပဒံ–လ–တသ္မာ စေတနာစေဝ အဝသေသ သမ္ပယုတ္တဓမ္မာ စ ပရိယာယသိက္ခာပဒန္တိ ဝေဒိတဗ္ဗံ။ **သာရတ္ထ၊ ၂။ ၃၂**။

မူလံ။ ။အတူဖြစ်သော သစ်ပင်အမြစ်အရင်း၏ မူလံဟူသော အမည်ကို အတူရှိသော မေထုနဝိရတီ၌ တင်စား၍ အတူရှိသော မေထုနဝိရတီကို မူလံ ဟု ဆိုသောကြောင့် သဒိသူပစာ။ (နေယျတ္ထ။ ရှင်္ဂီတွဲ။)

မှတ်ချက်။ ။မူလံ၊ အမြစ်အရင်းတည်း။ (သဒ္ဒတ္ထ။) ဝါ-မူလံ၊ အမြစ် အရင်းနှင့်တူ၏။ (သဒိသူပစာ။) ပါဠိ၊ ဂံ၊ သစ်-နှင့်အညီ ဥပစာကြံပုံ။

**တနည်း – မူလံ**။ ။အပေါင်းဖြစ်သော မူလနက္ခတ်, အနီး, အမြစ် အရင်း, အကြောင်း, တန်ဖိုး, မိုရာအနက် တို့၏ မူလံဟူသောအမည်ကို အစိတ် ဖြစ်သော မိုရာအနက်၌ တင်စား၍ အစိတ်ဖြစ်သော မိုရာအနက်ကို မူလံဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

**မှတ်ချက်**။ ။မူလသဒ္ဒါ၏ အတ္ထုဒ္ဒါရနှင့် မူလံ နိဿယော ပတိဋ္ဌာအဖွင့် ကိုထောက်၍ ဥပစာတင်သည်။

---

(က) အယဉ္စအတ္ထော–လ–ဝေဒိတဗ္ဗော။ (ခ) အပိ စ တဿတ္ထာဿ –လ–ဝေဒိတဗ္ဗံ။ (ဂ) ဝုတ္တမ္ပိ စေတံ–လ–ဗျဉ္ဇနကာယောတိ။ (ဃ) ယထာ အနဘိဇ္ဈာဓမ္မပဒန္တိ–လ–ဟောတိ။ ဋ္ဌ။ ၁၈၈။

F.41 A

http://www.dhammadownload.com

### ခ-ဝါကျ ဋီကာတက်ပုံ

ဣဒါနိ န ကေဝလံ ဣဓ ဝိရတိအာဒယော ဓမ္မာဝ သိက္ခာပဒံ၊ အထ ခေါ တဒတ္ထဇောတိကာ ပညတ္တိပီတိ ဒဿေန္တော အာဟ အပိစာတိ အာဒိ။ သာရတ္ထ၊ ၂။ ၃၃။

### ပုဗ္ဗာနုသန္ဓေဖြည့်ပုံ

ဝေံ အယန္တု အတ္တောတျာဒိနာ ဝိရတိစေတနာ တံသမ္ပယုတ္တဓမ္မာ စ သိက္ခာပဒန္တိ အတ္ထသိက္ခာပဒံ ဒဿေတွာ။ (ဣဒါနိ-လ-အပိစာတိ အာဒိမာဟ-ဆက်လေ။).

### မြန်မာပြန်ကျမ်းတက်

ဤသို့ အယန္တု အတ္တောစသော က-ဝါကျဖြင့် ဝိရတိစေတနာ တံသမ္ပယုတ္တဓမ္မတို့သည် သိက္ခာပဒမည်၏ဟု အတ္ထသိက္ခာပဒကို ပြပြီး၍ အခုအခါ၌ ဤသိက္ခာပဒ်ဟူသော ပုဒ်၌ ဝိရတိစသောတရားတို့သည်သာ သိက္ခာပဒမည်သည် မဟုတ်။ ယင်းဝိရတိစသော အနက်ကို ပြတတ်သော ယော ပန ဘိက္ခုစသော သဒ္ဒပညတ်သည်လည်း သိက္ခာပဒမည်၏ဟု ပြခြင်းငှာ အပိစ စသော ခ-ဝါကျကိုမိန့်။

### ဂဏ္ဌိကျမ်းတက်

အတ္ထဖြစ်သော သီလသည်သာ သိက္ခာပဒ မည်သည်မဟုတ်၊ သီလတည်းဟူသော အနက်ကိုပြတတ်သော ပညတ်သည်လည်း သိက္ခာပဒမည်၏ဟု ပြခြင်းငှာ အပိစ တဿတ္ထဿ စသည်မိန့်။ ဂဏ္ဌိဟောင်း။ ၃၇၅။

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို-၍ ခ-ဝါကျကား အာဂမဒဠှီယဝါကျ။

### အထ ဝါချီသော ဃ-ဝါကျမှတ်ဖွယ်

ဤဝိကပ်၌ ပဒသဒ္ဒါကား သဒ္ဒါဟော၊ ယင်းပဒသဒ္ဒါ၏ အနက်ကိုပြန်လိုရကား အထဝါစသည်မိန့်-ဟု ပါရာ၊ ဂံ။ သစ်၊ ၂။ ၄၅၁-၌ ဆိုသည်။ ထိုအတူပင် မအူသျှ၌လည်း "ဤဝိကပ်၌ ပဒသဒ္ဒါ သဒ္ဒါ-ဟောတည်း"ဟုဆိုသည်။

ရှင်းလင်းချက်။ ။ဂံ၊ သစ်။ မအူသျှတို့၌ "ဤဝိကပ်" ဆိုသည်မှာ အပိစချီသောဝိကပ်၊ ခ-ဝါကျတည်း။ ဂံသစ်နှင့် မအူသျှတို့အလို ဃ-ဝါကျကို အောက်ပါအတိုင်း ကျမ်းတက်ရမည်။

http://www.dhammadownload.com



## ကျမ်းတက်ပုံ

ဤသို့ ခ–ဝါကျဖြင့် သိက္ခာပဒံ၌ ပဒသဒ္ဒါသည် သဒ္ဒါယောဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ ယင်းပဒသဒ္ဒါ၏ အနက်တမျိုးကိုပြခြင်းငှာ ဃ-ဝါကျမိန့်။

## ဆရာတို့ဝါဒကို စိစစ်ခြင်း

ဆရာတို့အလို–အပိစဝါကျတွင် တဿတ္ထဿ–ဖြင့် သိက္ခာပဒ်ကို ဖွင့်သည်။ ဝစနံ–ဖြင့် ပဒကို ဖွင့်သည်။ သိက္ခာယ ဒီပကံ ပဒံ သိက္ခာပဒံဟု ဝစနတ္ထပြုရမည်ဟု ဆိုလိုဟန်တူ၍ "သိက္ခာယ၊ ဝိရတိစေတနာ တံသမ္ပယုတ္တဓမ္မဟူသော အနက်သိက္ခာကို။ ဒီပကံ၊ ပြတတ်သော။ ပဒံ၊ ယောပနဘိက္ခုစသော သဒ္ဒါ တည်း"ဟုလည်း အနက်ပေးရပေဦးမည်။ သို့ဆိုလျှင် သိက္ခာပဒ အရ ဝိရတိစေတနာသမ္ပယုတ္တဓမ္မကို၊ ယူရမည်ဟူသော သိက္ခာပဒဝိဘင်္ဂလာ စကားနှင့် နီးနှောမိမည်မဟုတ်၊ အဟုတ်ကိုဆိုရပါမူ မေထုနဝိရတိယာ ချီသောဝါကျ၊ အယဥ္စ အတ္ထောဝါကျတို့ဖြင့် မုချဖြစ်သော အတ္ထသိက္ခာပဒ (အနက်သိက္ခာပဒ) ကို ဖွင့်ပြခဲ့၍ အပိစဝါကျဖြင့် ဥပစာဖြစ်သော သဒ္ဒါသိက္ခာပဒ(အညတ္တိ သိက္ခာပဒ)ကို ပြသည်ဖြစ်ရာ ပဒသဒ္ဒါကို သဒ္ဒါယောဟု ကြံဖွယ်လိုမည် မဟုတ်ပါ။ သို့ဖြစ်၍ ဃ–အထဝါ ဝါကျကို အောက်ပါအတိုင်း ကျမ်းတက်ရာ၏။

## ဃ–ဝါကျကျမ်းတက်

ဤသို့ အပိစချီသော ခ–ဝါကျဖြင့် ဝိရတိစေတနာ တံသမ္ပယုတ္တဓမ္မဟူသော အနက်ကိုပြတတ်သော ယော ပန ဘိက္ခု စသောသဒ္ဒါ (ပညတ္တိ)သည်လည်း သိက္ခာပဒမည်၏ဟု ပြတော်မူပြီး၍ ယခုအခါ၌ သိက္ခာပဒပုဒ်ဝယ် ပဒသဒ္ဒါ၏ အနက်တမျိုးကို ပြပြန်လိုရကား အထဝါ စသော ဃ-ဝါကျမိန့်။

မှတ်ချက်။ ။ဤအတက်ကား အလွန်ချည်း မကောင်းလှသေး။ ပဒသဒ္ဒါ၏ အနက်ကို သိက္ခာယ အဓိဂမုပါယော–ဟုလည်းကောင်း၊ မူလံ နိဿယော ပတိဋ္ဌာ ဟုလည်းကောင်း ဖွင့်ပြခဲ့သည်။ ယခုတဖန် အထဝါ ယထာ ဝါကျဖြင့် ဖွင့်ပြပြန်သည်။ သို့ဖြစ်၍ သိက္ခာယ အဓိဂမုပါယော စသောမူလဝါကျမှ အထဝါ ယထာ စသော မူလီ့ အနုကရဏဝါကျ တက်လာသည်ဟု ဆိုမှ အမှန်ကျမည်။ထို့ကြောင့် အောက်ပါအတိုင်းကျမ်းတက်ခြင်းသည်သာ ယုတ္တတရ ဖြစ်ပေသည်။

## တနည်း ဃ–ဝါကျတက်ပုံ

ဤသို့ သိက္ခာယ အဓိဂမုပါယော၊ အထဝါ မူလံ စသောဝါကျတို့ဖြင့် သိက္ခာပဒံ၌ ပဒသဒ္ဒါသည် ဥပါယ အနက်၊ မူလအနက်ကို ဟောသည်ဟု

http://www.dhammadownload.com


ပြဆိုပြီး၍ ယခုအခါ၌ ယင်းပဒ သဒ္ဒါ၏ အနက် တမျိုးကို ပြလိုရကား အထဝါ စသော ဃ—ဝါကျမိန့်။

ဃ—ဝါကျကား ပက္ခန္တရ။ ထို-၍ ခ-ဝါကျ (သို့မဟုတ်) သိက္ခာဃ အစိ-ဂုမုပါယော၊ အထဝါ မူလ် စသော ဝါကျကား ပက္ခဝါကျ။

## အတ္ထသိက္ခာပဒ သဒ္ဒသိက္ခာပဒအဖွင့်

၁။ အတ္ထသိက္ခာပဒအဖွင့် - သိက္ခိတဗ္ဗာတိ သိက္ခာ-လ-ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ-တိုင်အောင် ဝါကျကား ဒီပေတဗ္ဗတ္ထ, ပါစ္စတ္ထ, အတ္ထ သိက္ခာပဒ အဖွင့်။

၂။ သဒ္ဒ (ပညတ္တိ) သိက္ခာပဒအဖွင့်-အပိစ-လ-ဖေဒိတဗ္ဗ-တိုင်အောင်ကား ဒီပက, ဝါစက, သဒ္ဒပညတ္တိသိက္ခာပဒ အဖွင့်တည်း။

ဃ-အထဝါ-ယထာ-လ-အတ္ထော ဝေဒိတဗ္ဗော ဝါကျမှာ အတ္ထသိက္ခာပဒ အဖွင့်မျိုး ဖြစ်၍ ယင်းဝါကျနောက်၌ အပိစ-ဝါကျ မျိုးကဲ့သို့ သဒ္ဒသိက္ခာပဒအဖွင့်ပြ ဝါကျလိုနေသည်။ ဤလိုနေသော ဝါကျဖြည့်စွက်၍-ဝါ-အပိစ ဝါကျကို အထဝါ ယထာ-လ-ဝေဒိတဗ္ဗော ဝါကျနောက်သို့ လိုက်စေ၍ ရေးသားရမည်ဟု သိစေလိုသဖြင့် သာရတ္ထဋီကာ၌ တဒတ္ထဇောတကံ ဝစနမ္ပိ သိက္ခာပဒန္တိ ဂ္ဂဒမ္ပိ တ္တေ လဗ္ဘတေဝ—ဟုဆိုသည်။ သာရတ္ထ၊ ၂။ ၃၃။

---

## ❁ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဓမ္မပဒ**။ ။ဓမ္မာနံ ပဒံ ဓမ္မပဒံ။ (ဓမ္မာနံ၊ အလောဘ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ် တို့၏ ပဒံ၊ အဖို့တစုတည်း။) ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ဓမ္မပုဒ်+ပဒပုဒ်။

ဓမ္မ-အရကား အလောဘ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်သည် မုချ။ ယင်း၏ အဖို့အစုဟူသော အလောဘနှင့် အယောင်းအစိတ်(သဟဇာတ)အကျိုးအကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဓမ္မပဒ—အရကား အလောဘပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်တို့၏ အဖို့အစု ဟူသော အလောဘ ရ၏။

**မှတ်ချက်**။ ။အနဘိဇ္ဈာဓမ္မပဒံ ဟူသော စကားနှင့် ဓမ္မကောဋ္ဌာသော ဟူသော အဖွင့်ကိုရှု၍ ဉာဏ်ကောက်သည်။

**နာမ**။ ။အတ္ထေ နမန္တီတိ နာမာနိ။ (ယာနိ ပဒါနိ၊ တို့သည်။ အတ္ထေ၊ ၌။ နမန္တိ၊ ညွတ်တတ်ကုန်၏။ ဣတိ တာနိ နာမာနိ။ သုဒ္ဓကတ္တုသာဓန။ နမုဓာတ်+ဏပစ္စည်း။

http://www.dhammadownload.com

နမု-ကား အနက်၌ညွှတ်တတ်သော နာမ်ပုဒ်တို့၏ ဝါစကာသတ္တိ ရ၏။ ဏ-ပစ္စည်းအရကား သတ္တိမန္တဖြစ်သော နာမ်ပုဒ်တို့ဒြပ် ရ၏။

**နာမကာယ**။ ။နာမာနံ ကာယော နာမကာယော။ (နာမာနံ၊ တို့၏။ ကာယော။ အပေါင်းတည်း။) ဆဋ္ဌီတပ္ပုရိသ်။ နာမပုဒ်+ကာယပုဒ်။

နာမ-အရကား နာမ်ပုဒ်တို့ဒြပ်သည် မှုချ။ ယင်း၏ အပေါင်းဒြပ်နှင့်အဘေဒ ဘေဒအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ နာမကာယ-ကား ထို-ဖြင့် မှတ်အပ်သော နာမ်တို့၏ အပေါင်းရ၏။

**မှတ်ချက်**။ ။ဘိက္ခူနံ သံဃော ဘိက္ခုသံဃောကဲ့သို့ အဘေဒဘေဒူပစာ ရသည်။ ဝိသေသန ဝိသေသျအရ မပြားသော ပုဒ်မှန်သမျှ အဘေဒဘေဒစပ်။ အဘေဒဘေဒူပစာတင်လေ။

**အဘိဠော**။ ။ပရသမ္ဗတ္တိံ အဘိမုခံ ကတ္ဝာ ဠာယတီတိ အဘိဠော။ အဘိ· ပုဗ္ဗ+ဠေ+အပစ္စည်း-အာပစ္စည်း။

**ပဒေသော**။ ။ပပုဗ္ဗ+ဒိသဓာတ်+ဏ-ပစ္စည်း။

---

### ❀ အာဘောဂနှင့် သံဝဏ္ဏနာ

ခ-ဝါကျဖြင့် ဝိရတိစေတနာ သမ္ပယုတ္တဓမ္မတို့သည်သာ သိက္ခာပဒမည် သည် မဟုတ် (ဗျ)။ ယင်းဝိရတိစေတနာသမ္ပယုတ္တဓမ္မဟူသော အနက်ကိုပြတတ် သော ယော ပန ဘိက္ခု စသော သဒ္ဒါ(ပညတ္တိ) သည်လည်း ဥပစာအား ဖြင့် သိက္ခာပဒ မည်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ သိက္ခာ ကောဋ္ဌာသော-ဖြင့် သိက္ခာပဒ၌ ပဒ သဒ္ဒါသည် ပရိတ္တာဏ စသော အနက်ကိုမဟော (ဗျ)၊ အဖို့အစု(ကောဋ္ဌာသ) အနက်ကို ဟောသတည်း ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

ဃ-ဝါကျ၌ သိက္ခာယ ဧကော ပဒေသော-ဖြင့် သိက္ခာ ကောဋ္ဌာသော၌ ကောဋ္ဌာသသဒ္ဒါသည် ကေသာ လောမာ စသော ၃၂-ကောဋ္ဌာသအနက်ကို မဟော၊ အဖို့အစု ဟူသော ပဒေသ အနက်ကို ဟောသည်-ကိုလည်းကောင်း[၁]၊ သိက္ခာနှင့် ကောဋ္ဌာသကို သိက္ခာ စ ကောဋ္ဌာသော စ ဟု ဒွန်သမာသ်-ဝစနတ္ထမပြုရ- သိက္ခာယ ကောဋ္ဌာသော သိက္ခာကောဋ္ဌာသောဟု တပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂတ္ထ။

**အနက်ယောဇနာ**။ ။သိက္ခာပဒံ၊ မေထုနဝိရတိမှ တပါးသော သီလ ဝိပဿနာ ဈာန် မဂ်ဟူသော သိက္ခာကိုရကြောင်း။ ဝါ-၏ အမြစ်အရင်း မှီရာ တည်ရာကို။ (အတ္ထသိက္ခာပဒ၊ မုချ) ပညပေဿာမိ၊ အံ့။

http://www.dhammadownload.com


သိက္ခာပဒံ၊ ဝိရတိစေတနာ-သံ မ္ပယုတ္တဓမ္မဟူသော အနက်ကို ပြတတ်သော ယော ပန ဘိက္ခုစသော သဒ္ဒါကို။ (သဒ္ဒသိက္ခာပဒ။ ဥပစာ။)

**မှတ်ချက်။** ။ဤကား သိက္ခိတဗ္ဗာ သိက္ခာ-လ-သိက္ခာပဒန္တိ စေဒိတဗ္ဗ တိုင်အောင်သော ဝါကျတို့ဖြင့် သိစေအပ်သော မုချတ္ထ၊ ဥပစာရတ္ထ။

**တနည်း။** ။သိက္ခာပဒံ။ မေထုနဝိရတိမှတပါး သီလ ဝိပဿနာစျာန်မဂ် ဟူသော သိက္ခာ၏ အဖို့အစုကို။ (အတ္ထသိက္ခာပဒ။ မုချ။) ပညပေဿာမိ။

**သိက္ခာပဒံ။** ။မေထုနဝိရတိမှတပါး, သီလဝိပဿနာစျာန်မဂ် ဟူသော သိက္ခာ၏ အဖို့အစုကို ပြတတ်သော ယောပနဘိက္ခုစသော သဒ္ဒါကို။ (သဒ္ဒ-သိက္ခာပဒ။ ဥပစာ။) ပညပေဿာမိ။

**မှတ်ချက်။** ။အထဝါ ယထာ အနဉ္ဇိဗ္ဗာ စသော ဝါကျနှင့် လိုက်လာသော အပိစ ဝါကျတို့ဖြင့် သိစေအပ်သော မုချတ္ထ ဥပစာရတ္ထတို့တည်း။

---

## ❀ ပါဠိဝိနိစ္ဆယ

**တဿတ္ထာယ။ တဒတ္ထာယ။** ။တဿတ္ထာယ ပုဒ်ကို တဿ+အတ္ထာယဟု ပဒစ္ဆေဒပြု။ ဒီပကံကား ဆီမီးတိုင် ဓမ္မစည်း၊ "ယုဏ္ဍုတုပြီ၊ ပစ္စည်းမှီ၊ ဆဋ္ဌီကံနေစေ" ဟူသော သဒ္ဒစည်းကမ်းအရ တဿ အတ္ထာယဟူသော ဆဋ္ဌီကံကို ဒီပကံ၌စပ်။ တဿ အတ္ထာယ။ ထို-လ-ကို။ ဒီပကံ၊ ပြတတ်သောဟု အနက်ပေး။ ယင်းသို့ သဒ္ဒယုတ္တိ အတ္ထယုတ္တိ ရှိသောကြောင့် တဿတ္ထာယ ဒီပကံဟု ဝါကျ ရှိသော ပါဠ်သင့်သည်။

**ပါရာ၊ ယော။** ၁၁၄-၌ သော အတ္ထော၊ တဒတ္ထော တဒတ္ထာယ ဒီပကံ တဒတ္ထဒီပကံဟု ဖွင့်သည်။ ယင်း အလို တ-နှင့် အတ္ထသမာသ်တွဲ၊ တဒတ္ထဖြစ်၏။ တဒတ္ထနှင့်ဒီပကကိုလည်း တဒတ္ထာယ ဒီပကံ တဒတ္ထဒီပကံဟု ကမ္မတ္ထဆဋ္ဌီ တပ္ပုရိသ် သမာသ်တွဲ။ တဒတ္ထဒီပကံ၊ ထို-လ-အနက်ကို ပြတတ်သောဟု အနက်ပေး။ သဒ္ဒယုတ္တိ အတ္ထယုတ္တိ နှစ်မျိုးလုံးရှိ၏။ ထို့ကြောင့် တဒတ္ထဒီပကံဟု သမာသ် ရှိသောပါဠ်လည်း သင့်သည်။

---

## ❀ နည်းနှင့် ဥပစာ

**သိက္ခာပဒံ ပညပေဿာမိ။** ။အကြောင်းဖြစ်သော ဝိရတိစေတနာ တံ-သမ္ပယုတ္တဓမ္မတို့၏ သိက္ခာပဒအမည်ကို အကျိုးဖြစ်သော ယော ပန ဘိက္ခု စသော ပညတ္တိသဒ္ဒါ၌ တင်စား၍ အကျိုးဖြစ်သော ယော ပန ဘိက္ခုစသော ပညတ္တိသဒ္ဒါကို သိက္ခာပဒ-ဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနတ္ထရိက နည်း။)

http://www.dhammadownload.com


ရှင်းလင်းချက်။ ။အပိစ တသ္မာတိ ဒီပကံ ဝါကျကိုထောက်၍ အထက်ပါ နည်းဥပစာကို ဆိုသည်။ ပို၍ ရှင်းလင်းစေရန် အပိစ ဝါကျနှင့် အလားတူ ကင်္ခါနှင့် ယင်း၏အဖွင့် ကင်္ခါယောဇနာတို့ဖွင့်ပုံကို ဖော်ပြ၍ ရှင်းလင်းပါမည်။

## ရှင်းလင်းချက်

ဂန္ထော ပန တသ္မာ ပါတိမောက္ခံ ဝေါဟာရတော ပါတိမောက္ခန္တိ ဝုစ္စတိ။ (ကင်္ခါ)

ဝုစ္စတီတိ ဖလူပစာရေန ပါတိမောက္ခန္တိ ဝုစ္စတိ၊ ကာရဏူပစာရေနာတိ ကေစိ။ (ကင်္ခါ၊ ယော၊ မဟာဋီ။ ၅၀။)

ဂန္ထော ပန စသော ကင်္ခါစကားသည် အပိစ ဝါကျနှင့် အဖွင့်ခံပုဒ်သာထူး၍ ဖွင့်ပုံခြင်းမှာ တူသည်။ ကင်္ခါ မဟာဋီကာက ပါတိမောက္ခပုဒ်ကို ဖလူပစာ ဟုဆို၍ ကာရဏူပစာ ဟူသောအယူဝါဒကို ကေစိထိုးသည်။ သို့အလို— ပါတိမောက္ခပုဒ်ကို အောက်ပါအတိုင်း နှစ်နည်း ဥပစာတင်ရမည်။

၁။ အကျိုးဖြစ်သော အနက် သီလ ပါတိမောက်၏ ပါတိမောက္ခအမည်ကို အကြောင်းဖြစ်သော ယော ပန ဘိက္ခုစသော ဂန္ထပါတိမောက်၌ တင်စား၍ အကြောင်းဖြစ်သော ဂန္ထပါတိမောက်ကို ပါတိမောက္ခဟု ဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။) ကင်္ခါယော၊ မဟာဋီဆရာအလို။

၂။ အကြောင်းဖြစ်သော အနက်သီလပါတိမောက်၏ ပါတိမောက္ခအမည်ကို အကျိုးဖြစ်သော ယော ပန ဘိက္ခုစသော ဂန္ထပါတိမောက်၌ တင်စား၍ အကျိုးဖြစ်သော ဂန္ထပါတိမောက်ကို ပါတိမောက္ခဟု ဆိုသောကြောင့် ကာရဏူပစာ။(နာနန္တရိကနည်း။) ကင်္ခါမဟာဋီ ဆရာဆိုသော ကေစိအလို။

မှတ်ချက်။ ။ဤနှစ်ဝါဒတွင် ကေစိဝါဒကို မီမိပို၍ နှစ်သက်သောကြောင့် သိက္ခာပဒ်၌ ကာရဏူပစာ၊ နာနန္တရိက နည်းတင်ခဲ့သည်။ ဖလူပစာတင်လိုပါမူ အကျိုးဖြစ်သော ဝိရတီစေတနာ တံ သမ္ပယုတ္တဓမ္မတို့၏ သိက္ခာပဒ ဟူသော အမည်ကိုအကြောင်းဖြစ်သော ယောပန ဘိက္ခုစသော ပညတ္တိသဒ္ဒါ၌တင်၍ သိက္ခာပဒဟု ဆိုသောကြောင့် ဖလူပစာ။ အဝိနာဘာဝနည်း။

အနက်သဒ္ဒါ နှစ်မျိုးတွင် အနက်ကိုအကြောင်း သဒ္ဒါကိုအကျိုးယူလျှင် ကာရဏူပစာတင်။ အနက်ကိုအကျိုး သဒ္ဒါကိုအကြောင်း ယူလျှင် ဖလူပစာ တင်လေ။

http://www.dhammadownload.com



## ဥပစာမှတ်ဖွယ်

ဓမ္မပဒကို ဓမ္မကောဋ္ဌာသ ဖွင့်ရာ၌ လည်းကောင်း သိက္ခာပဒံကို သိက္ခာကောဋ္ဌာသ ဖွင့်ရာ၌လည်းကောင်း ကေဒေသျှူပစာ၊ သမုဒါယူပစာတင်လေ။ သိက္ခာပဒဋ္ဌီစသော အထက်ပါဝါကျများ ပြန်ကြည့်ပါ။

---

(က) ဒသ အတ္ထဝသေ ပဋိစ္စာတိ-လ-အာရဗ္ဘ။ (ခ) ဒသန္နံ ဟိတဝိသေသာနံ-လ-ဝုတ္တံဟောတိ။ ဌ။ ၁၇၉။

### ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဒသကာရဏဝသေ-ဖြင့် ဒသအတ္ထဝသ=ဆယ်ပါးသောအကျိုးစီးပွားအထူးတို့သည်ပင်လျှင် သိက္ခာပုဒ်ပညတ်ခြင်း၏ အကြောင်းတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

မှတ်ချက်။ ။စီးပွားချမ်းသာမှုသည် အကျိုးတရားသာဖြစ်သည်။ ယင်းကိုလိုလား၍ ကုန်သွယ်မှုစသည်ကိုပြုရာ၌ စီးပွားချမ်းသာမှု (အကျိုးတရား) ဟူသောအကြောင်းကြောင့် ကုန်သွယ်မှုပြုသည်ဟု ဆိုသကဲ့သို့ (ထို့အတူ) ဒသအတ္ထဝသ=ဆယ်ပါးသော အကျိုးစီးပွားအထူးကြောင့် သိက္ခာပုဒ်ကို ပညတ်တော်မူ၏ဟုဆိုရာ ယင်းဆယ်ပါးသော အကျိုးဟူသော အကြောင်းကြောင့် သိက္ခာပုဒ်ပညတ်သည်။ ယင်းအကျိုးဆယ်ပါးသည် သိက္ခာပုဒ်ပညတ်ခြင်း၏ အကြောင်းပင်ဖြစ်သည်ဟု သိစေလိုသဖြင့် ဒသကာရဏဝသေ ဟုဖွင့်သည်။ အတ္ထကို ကာရဏ-ဟု သဒ္ဒတ္ထဖွင့်သည်မဟုတ်၊ အဓိပ္ပာယတ္ထအဖွင့်သာဖြစ်သည်။ ဤသည်ကို သိစေလို၍ သိက္ခာပဒပညတ္တိဟေတုအဓိဂမနီယေ—ဟု ဆက်ဖွင့်သည်။ သာရတ္ထ၌ကား အတ္ထကိုကာရဏဖွင့်သည်ဟု တမျိုးကြံပြသေးသည်။

က-ဝါကျ၌ ဟိတဝိသေသေ-ဖြင့် အတ္ထဝသ၌ အတ္ထသဒ္ဒါသည် သဒ္ဒါဘိဓေယျစသော အနက်တို့ကိုမဟော၊ ဟိတအနက်ကို ဟောသည်-ကိုလည်းကောင်း[1]၊ ဝသသဒ္ဒါသည် ဗလ, ဘေဒ, ပဋိဗဒ္ဓ, ဆန္ဒအနက်တို့ကိုမဟော၊ ဝိသေသအနက်ကို ဟောသည်-ကိုလည်းကောင်း[2] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ နာမလိင်္ဂတ္ထ။

မှတ်ချက်။ ။ပရိယာယ်ပြအဘိဓေယျတ္ထ, အဓိပ္ပေတတ္ထလည်းဖော်လေဦး။

† အတ္ထော ပယောဇနေ-လ-ပဗ္ဗတေ။ ဓာန်။ ၇၈၅။

† ပဘုတ္တာယတ္တတာ ယတ္တာ၊ ဘိလာသေသု ဝသော ဘဝေ။ဓာန်။၇၉၇။

* ဝသမှာကား၊ စွမ်းပြားစပ်လို၊ အထူးကို၊ ဟောဆိုငါးအတ္ထာ။ (ရှေ့)

http://www.dhammadownload.com



ဏ-ဝါကျ၌ သိက္ခာပဒ-လ-အဓိဂမနီယေဖြင့် အစီးအပွား အထူး (ဟိတ-ဝိသေသ) ဟူသည် သိက္ခာပုဒ်ပညတ်ခြင်းကြောင့်ရအပ်သော အစီးအပွား အထူးတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

က-ဝါကျ၌ အာဂမ္မ-ဖြင့် ပဋိစ္စ၌ ဣခေတ်သည် ဉာဏအနက်ကို မဟော၊ ဂတိအနက်ကို ဟောသတည်းဟု သိစေသည်။ (ဒုတိယခေတ္တတ္ထ။)

မှတ်ချက်။ ။ပဋိစ္စ=ပတိ+ဣ+တွာ-ကို အာဂမ္မ=အာ+ဂမု+တွာ-ဖြင့် ဖွင့်ရာ-ဣကို ဂမုဖြင့် ဖွင့်သည်ဟု လိုရင်းအဖွင့်ကို သတိပြု။

က-ဝါကျ၌ အာရဗ္ဘ-ဖြင့် အာဂမ္မ=ရောက်၍ဟူသည် အကြောင်းပြုခြင်း ပင်တည်း ဟု သိစေသည်။

မှတ်ချက်။ ။ခ-ဝါကျဖြင့် ဘာဝတ္ထပြသည်။ ပါဠိလျှောက် အနက်ပြန်၍ အာဘော်ဖော်လေ။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**အတ္ထဝသ**။ ။အတ္ထာ စ တေ ဝသာ စာတိ အတ္ထဝသာ။ (တနည်း)—ဝသာ အတ္ထာ အတ္ထဝသာ။ (အတ္ထာစ၊ အကျိုးတို့သည်လည်း။ ဟောန္တိ၊ ဟုတ်ကုန်၏။ တေ၊ ထိုဟူသည်။ ဝသာ စ၊ ထူးကုန်သည်လည်း၊ ဟောန္တိ၊ ဟုတ်ကုန်၏။ ဣတိ အတ္ထဝသာ။ (တနည်း) ဝသာ၊ ထူးကုန်သော၊ အတ္ထာ၊ အကျိုးတို့တည်း။) ဝိသေသန ပရပဒကမ္မဓာရယ သမာသ်။ အတ္ထပုဒ်+ဝသပုဒ်။

ဝသ-အရကား ထူးခြင်း ဝိသေသဘောဂုဏ်သည်မုချ။ ယင်း၏ အကျိုး နှင့် ဂုဏ်ဂုဏ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဥာနူပစာ။ အတ္ထဝသ-ကား ထူးသောအကျိုးတို့ ဖြစ်ရ၏။

မှတ်ချက်။ ။ဂဟိတဝိသေသေ ဟူသော အဋ္ဌကထာဖွင့်၊ ဝုဒ္ဓိဝိသေသေ အာနိသံသဝိသေသေ ဟူသော သာရတ္ထ ပထမအဖွင့်နှင့်အညီ ဝိဂ္ဂဟပြုခြင်း ဉာဏ်ကောက်ခြင်းတည်း။

## ဋီကာနည်း ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

တနည်း။ ။အတ္ထော ယေဝ အတ္ထဝသော။ (အတ္ထောယေဝ၊အကြောင်း သည်သာလျှင်။ အတ္ထဝသော၊ အတ္ထဝသမည်၏။) တဗ္ဘာဝဝုတ္တိ ကမ္မဓာရယ သမာသ်။ အတ္ထ ပုဒ်+ဝသပုဒ်။

အတ္ထ ဟူသော ဝိသေသနပုဒ် အရကား အကြောင်းရ၏။ ဝသသဒ္ဒါအနက် အထူးမရှိသောကြောင့် အတ္ထဝသဟူသော သမာသ်ပုဒ်လုံးအရလည်း ယင်း အကြောင်းပင်ရ၏။

http://www.dhammadownload.com



တနည်း။ ။အဋ္ဌော ဝသော တေဿာတိ အဋ္ဌဝသော။ (တေဿ၊ ထိုအကြောင်းအား။ ဝသော၊ ထူးသော။ အဋ္ဌော၊ အကြောင်းသည်။ အတ္ထိ၊ ၏။ ဣတိ အဋ္ဌဝသော။) အတဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်။

အဋ္ဌဝသဟူသော–အရကား ထူးသောအကျိုးသည် မုချ။ ယင်း၏ အကြောင်းနှင့် အကျိုးအကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဌာနူပစာ။ တေ အရကား ထို–ဖြင့် မှတ်အပ်သော အကြောင်းတရားရ၏။

† အဋ္ဌော ယေဝ ဝါ အဋ္ဌဝသော၊ ဒသ အဋ္ဌေ ဒသ ကာရဏာ-နီတိ ဝုတ္တံ ဟောတိ။ · အထဝါ အဋ္ဌော ဖလံ တဒဓီနဝုတ္တိတာယ ဝသော တေဿာတိ အဋ္ဌဝသော။ ဟောတူတိ ဝေမ္မေတ္ထ အဋ္ဌော ဒဋ္ဌဗ္ဗော။ သာရတ္ထ။ ၂။ ၃၃။

အနက်ယောဇနာ။ ။အဋ္ဌဝသေ၊ (သိက္ခာပုဒ်ကို ပညတ်ခြင်းကြောင့် ရအပ်ကုန်သော) အစီးအပွားအထူးတို့ကို။ (အဋ္ဌကထာ။)

တနည်း။ ။အဋ္ဌဝသေ၊ အကြောင်းတို့ကို။ (ဋီကာ ပထမနည်း။) ဝါ-ထူးသော အကျိုးရှိသော အကြောင်းတို့ကို။ (ဋီကာ ဒုတိယနည်း။)

ဟိတ။ ။ဟိဓာတ်+တ–ပစ္စည်း၊ တိလိင်။ (ထောမ။)

တနည်း။ ။အနုရူပဝသေန ဟိနောတိ ပဝတ္တတီတိ ဟိတော၊ ဟိ ဂတိမှိ တိမယ်။ ဂဋ္ဌုန်ပို့။ ၇၉။ ယင်းအလို ဟိတသဒ္ဒါပုလ္လိင်။ (မအူသျှ၌–ဟိတာနိ စ တာနိ ဇိဝိဿသာ စာတိ ဟိတဝိဿသာဟု ဆိုသည်။ ယင်းအလို ဟိတသဒ္ဒါ နပုလ္လိင်။)

နိပ္ဖတ္တိ။ ။နိ+ပဒ+တိ။ ပ–ကို ဖ–ပြု၊ အသဒိသဒွေဘော်ပြု။

---

(က) ဣဒါနိ တေ ဒသ–လ–အာဒိမာဟ။ (ခ) တတ္ထ သံဃ သုဋ္ဌုတာ နာမ–လ–ဘာဝေါ။ (ဂ) သုဋ္ဌု ဒေဝါတိ အာဂတဋ္ဌာနေ ဝိယ–လ–ဘာဝေါ။ (ဃ) ယော စ တထာဂတဿ–လ–သုခါယ ဟောတိ။ (င) တသ္မာ သံဃဿ–လ–ဒဿေတွာ။ နဖလက္ကာရေန –လ–သံဃသုဋ္ဌုတာယာတိ။ ဋ္ဌ။ ၁၇၉။

## ပုဗ္ဗာနုသန္ဓေ ဖြည့်ရေးပုံ

ဝေံ ဘဂဝါ ဒသ အဋ္ဌဝသေ ပဋိစ္စ သိက္ခာပဒံ ပညပေဿာမီတိ ဝတွာ (က–ဝါကျ၌ ပုဗ္ဗာနုသန္ဓေဖြည့်) ဣဒါနိ တေ ဒသ အဋ္ဌဝသေ ဒဿေန္တော "သံဃသုဋ္ဌုတာယာ" တိ အာဒိမာ ။

http://www.dhammadownload.com

## သံဃသုဋ္ဌုတာယ စသော ပါဠိဋ္ဌအနုသန္ဓေတက်

ဆရာ၊ မြတ်စွာဘုရားသည် ဒသ အတ္ထဝသေ ပဋိစ္စ (သိက္ခာပဒံ ပညပေဿာမိ) ဖြင့် ၁၀-ပါးသော အစီးအပွား အထူးတို့ကို စွဲ၍ သိက္ခာပုဒ်ကို ပညတ်တော်မူအံ့ဟု မိန့်တော်မူ၏။ ၁၀-ပါးသော အစီးအပွား အထူးတို့ဟူသည် အဘယ်နည်း၊ ယင်း ၁၀-ပါးသော အစီးအပွား အထူးတို့၏ သရုပ်ကို မိန့်တော်မမူပြီလော-ကြောင့် သံဃသုဋ္ဌုတာယ စသည်ကိုမိန့်။

### • အနုသန္ဓေဝါကျသို့အနုသန္ဓေတက်ပုံ

ဤသို့ ဒသ အတ္ထဝသေ ပဋိစ္စာတိ ဒသကာရဏဝသေ စသော ဝါကျတို့ဖြင့် ဒသ အတ္ထဝသေ ပဋိစ္စပုဒ်တို့၏ သဒ္ဒတ္ထ အဓိပ္ပာယတ္ထတို့ကို ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ သံဃသုဋ္ဌုတာယစသော ပုဒ်တို့၏ (အာဟာကို ကြည့်ပါ) အဖွင့် သံဝဏ္ဏနာကို ပြခြင်းငှာ မပြမီရှေးဦးစွာ ယင်းသံဃဋ္ဌုတာ စသော ပုဒ်တို့၏ အနုသန္ဓေသမ္ဗန္ဓ, သမုဒါယတ္ထ အကျဉ်းကို ပြခြင်းငှာ ဣဒါနိ စသော အနုသန္ဓေဝါကျကိုမိန့်။

မှတ်ချက်။ ။အဋ္ဌကထာ ဆရာ၏ အနုသန္ဓေ(က)ဝါကျကို ရှေ့နောက် မျှော်ထောက်၍ မိမိက အနုသန္ဓေတက်ခြင်းတည်း။

* ရှေ့နောက်စကား၊ မျှော်ထောက်ထား၊ သွားလေ နုသန္ဓေ။
* အဓိပ္ပာယ၊ ပိဏ္ဍတ္ထ၊ ကျန နပ်နေသော၊
* အရိုးကျေမွ၊ အနေလှ၊ ထွက်စ တက်စဝေ။ (ဆူးခါးနိယံ)

---

### ☸ ဝါကျခွဲနှင့် ကျမ်းတက်

တတ္ထ သံဃသုဋ္ဌုတာယ-လ-တေန ဝုတ္တံ ဝိနယာနုဂ္ဂဟာယာတိ (နှာ။ ၁၉၁)တိုင်အောင်သောဝါကျသည်။အဝယဝတ္ထ ဝါကျ၊ဝါ-ဝိတ္ထာရ ဝါကျ။ ထို-၍ က—ဝါကျသည် အနုသန္ဓေ သမ္ဗန္ဓ၊ သမုဒါယတ္ထ သင်္ခေပဝါကျ။ (အနုသန္ဓေဝါကျ။)

ဂ—ဝါကျကား တပ္ပာကဋ္ဌီကရဏ၊ ဝါ-အာဂမဒဋ္ဌီကရဏ ဝါကျ။ ထို-၍ ခ—ဝါကျကား တပ္ပာကဋ္ဌီကရဏိယ၊ ဝါ-အပါကဋ္ဌ။ တနည်း။အာဂမဒဋ္ဌီယ။

မှတ်ချက်။ ။ပါ+ဖြေ။ ပထမ။ ၇၁၂။ ၌ အကျယ်ရေးခဲ့ပြီ။

ဃ-ဝါကျကား (အကျိုးကိုဆက်လက်ပြသောကြောင့်)ဝါကျာရမ္ဘဝါကျ။ ထို-၍ဂ-ဝါကျကား အာရဒ္ဓဝါကျ။ (အနိယတ်၊ နိယတ်၊ ဥတ္တမဝါကျခွဲလေ ဦး။)

http://www.dhammadownload.com

## ရှင်းလင်းချက်

သံသယသုဒ္ဓတာ-ဖြင့် သံဃာတော်၏ကောင်းပါပြီဘုရားဟု မြတ်စွာဘုရား၏ စကားကို ဝန်ခံခြင်းကို ပြသည်။ ယင်းသို့သော ဝန်ခံခြင်းသည် ဒသ အတ္ထဝသေ ဟူသော အကျိုးပြစကားနှင့်ညီညွတ်ပါသလော၊ သံဃသုဒ္ဓတာသည် သိက္ခာ ပုဒ်ပညတ်ခြင်းကြောင့် ရအပ်သော အကျိုးဟုတ်ပါသလော-ဟုသံသယဖြစ်ဖွယ် ရှိသည်။ ယင်းသံသယကိုပယ်လို၍ ဃ-ဝါကျတက်လာရသည်။ (သာရတ္ထ၊ ၂။ ၃၄-ယေ မမ သောတဗ္ဗံ စသောစကားကိုရှု။) ထိုကြောင့် ဂံ၊ သစ်၊ ၂။ ၄၅၂ -၌။ ယင်းသို့ဝန်ခံခြင်းကြောင့် အဘယ်အကျိုးရှိသနည်း-စုဒ်ကြောင့် ယော စသော ဝါကျမိန့်။-ဟုကျမ်းတက်သည်။ အဘယ်အကျိုးရှိသနည်းဟု အကျိုးကို မေး၍ ကျမ်းတက်သော်လည်း ဖလဝါကျမဟုတ်။ အကျိုးကို ဆက်ပြသော ဝါကျာရမ္ဘဝါကျသာ။

## ဃ-ဝါကျကျမ်းတက်

ဆရာ၊ဆရာသည် ဃ-ဝါကျဖြင့် သံဃသုဒ္ဓတာမည်သည် သံဃာတော်၏ ကောင်းပါပြီ ဘုရားဟု စကားတော်ကို ဝန်ခံသည်၏အဖြစ်၊ ဝါ-ဝန်ခံခြင်း တည်းဟု ဆို၏။ ယင်းသို့ဝန်ခံခြင်းကြောင့် အဘယ်အကျိုးရှိသနည်း။ ယင်း သို့ဝန်ခံခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးကိုမပြပြီလော-ကြောင့် ဃ- ဝါကျမိန့်။

င-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၍ ဃဝါကျကားလဒ္ဓဂုဏီယဝါကျ။

င-ဝါကျ၌ သံဃာ-လ-ဒသောတ္ထာကား အနွယ။ န ဗလက္ကာရေန -လ-အဘိဘဝိတ္ဗာကား ဗျတိရေကဝါကျ။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

ခ-ဝါကျ၌ သံဃဿ သုဋ္ဌုဘာဝေါ-ဖြင့် သံဃသုဋ္ဌုတာ၌ တာပစ္စည်း သည် ဒေဝတာ၌ တာပစ္စည်းကဲ့သို့ သွတ္ထတဒ္ဓိတ်၌ မသက်၊ ဘာဝတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[၁]၊ သုဋ္ဌုဝေ သုဋ္ဌုတာဟု ဘာဝတဒ္ဓိတ် ဝစနတ္ထ မပြုရ၊ သုဋ္ဌု ဘာဝေါ သုဋ္ဌုတာဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်-ကိုလည်း ကောင်း[၂]၊ သံဃေ သုဋ္ဌုတာဟု သတ္တမီတပ္ပုရိသ်ဝစနတ္ထမပြုရ၊ သံဃဿ သုဋ္ဌု- တာ သံဃသုဋ္ဌုတာဟု ဆဋ္ဌီတပ္ပုရိသ် သမာသဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ပစ္စယတ္ထသံဝဏ္ဏနာ။ ၂။ အဘိဓာနတ္ထ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ဂ-ဝါကျ၌ သုဋ္ဌုတိ ဘဒ္ဒေ ဝစနသမ္ပဋိစ္ဆနဘာဝေ-ဖြင့် သုဋ္ဌုဘာဝေ-၌ သုဋ္ဌုသဒ္ဒါကို သုဋ္ဌုတိ သမ္ပဋိစ္ဆနေ သုဋ္ဌု-ဟု ဥတ္တရပဒလောပသမ္ဘာဝနာ ကမ္မဓာရယ် သမာသ်ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ သမ္ပဋိစ္ဆနဟူသော နောက်ပုဒ်ကျေသည်-ကိုလည်းကောင်း[၂]၊ အရှင်ဘုရားကောင်းပါပြီ ဟု စကားတော်ကို ဝန်ခံသည်၏ အဖြစ်သည် သုဋ္ဌုဘာဝမည်သည်-ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ သမာသလိင်္ဂတ္ထ၊ ၂။ ဘာဝတ္ထ။ ၃။ ဘာဝတ္ထ။

မှတ်ချက်။ ။သုဋ္ဌုဘဒ္ဒေတိ၌ ဣတိသဒ္ဒါဖြင့် သမ္ဘာဝနာဖြစ်ကြောင်း၊ သမ္ပဋိစ္ဆန-ဖြင့် ယင်းနောက်ပုဒ်ကျေကြောင်းပြသည်။ ထိုကြောင့် သုဋ္ဌုကား ဥတ္တရပဒလောပသမ္ဘာဝနာကမ္မဓာရယ် တည်း။

ဂ-ဝါကျ၌ သုဋ္ဌုဒေဝါတိ-လ-ဝိယ-ဖြင့် ရာဇဗန္ဓေပုရ ပဝေသနသိက္ခာပုဒ် သုဋ္ဌုသဒ္ဒါသည် သုဋ္ဌုတိ သမ္ပဋိစ္ဆန ကောင်းပါပြီဟု ဝန်ခံခြင်းအနက်ကို ဟောသကဲ့သို့ ဤသံဃသုဋ္ဌုတာ၌လည်း ယင်းသုဋ္ဌုတိ သမ္ပဋိစ္ဆနအနက်ကို ဟောသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ ဝစနံ သမ္ပဋိစ္ဆတိ-ဖြင့် သမ္ပဋိစ္ဆနော ပုဒ်ကို သမ္ပဋိစ္ဆတီတိ သမ္ပဋိစ္ဆနောဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ယုပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်-ကိုလည်းကောင်း[၂]၊ ဝစနဿ သမ္ပဋိစ္ဆနော ဝစန-သမ္ပဋိစ္ဆနောဟု ကမ္မတ္ထ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။ ၃။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂတ္ထ။

ဃ-ဝါကျ၌ ယော-ဖြင့် သမ္ပဋိစ္ဆတိ ဝန်ခံ၏ဟူသည် ဓမ္မမဟုတ်၊ ပုဂ္ဂိုလ်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ စ-သဒ္ဒါဖြင့် ဝါကျာရမ္ဘ ဝါကျဖြစ်ကြောင်း ထွန်းပြသိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ တထာဂတဿ-ဖြင့် ဝစနဟူသော သမ္ဗန္ဓာပေက္ခပုဒ်၏ သမ္ဗန်ကား တထာဂတဿတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ တဿ-လ-သုခါယ ဟောတိ-ဖြင့် စကားတော်ကို ဝန်ခံသူရသောအကျိုးကို သိစေသည်။ (ဘာဝတ္ထ။)

မှတ်ချက်။ ။ယင်း တဿ-လ-သုခါယဟောတိ-ဖြင့်သံဃသုဋ္ဌုတာပုဒ်၏ ကာရဏူပစာပုဒ်၏ အဖြစ်ကိုပြသည်။

http://www.dhammadownload.com


## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**သုဋ္ဌု**။ ။သုဋ္ဌုတိ သမ္ပဋိစ္ဆနေ သုဋ္ဌု။ (သုဋ္ဌုတိ၊ကောင်းပါပြီ ဘုရား ဟူ၍။ သမ္ပဋိစ္ဆနေ၊ မြတ်စွာဘုရားစကားတော်ကို ဝန်ခံသော သူတည်း။) ဥတ္တရပဒလောပ ကမ္မဓာရယ် သမာသ်။ သုဋ္ဌုပုဒ်+သမ္ပဋိစ္ဆန ပုဒ်။

သုဋ္ဌု-ကား အရှင်ဘုရားကောင်းပါပြီ ဟု ဝန်ခံခြင်း သဘောသည် မုချ။ ယင်း၏ ဝန်ခံသောသူဖြစ်နှင့် ဂုဏ်ဂုဏော၊ ဝိသေသန ဝိသေသျ၊ ဌာနီ ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ သုဋ္ဌု-အရကား ထို-ဖြင့် မှတ်အပ် သော အရှင်ဘုရားကောင်းပါပြီ ဟု မြတ်စွာဘုရားစကားတော်ကို ဝန်ခံသော သူ ဖြစ်ရ၏။

**သုဋ္ဌုတာ**။ ။သုဋ္ဌုဘာဝေါ သုဋ္ဌုတာ။ (အနက်ပေး။) ဘာဝတဒ္ဓိတ်။ သုဋ္ဌုပုဒ်+တာ ပစ္စည်း။

သုဋ္ဌုကား အရှင်ဘုရား-လ-ဝန်ခံသောသူဖြစ်သည် မုချ။ ယင်း၏ ဝန် ခံခြင်းကြိယာနှင့် ဌာန ဌာနီ၊ အာကာရဝန္တ အာကာရ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။တာပစ္စည်းအရကား ထို-ဖြင့်မှတ်အပ်သော အရှင်ဘုရား ကောင်းပါပြီဟု-လ-ဝန်ခံခြင်း ကြိယာရ၏။

**သံဃသုဋ္ဌုတာ**။ ။သံဃဿ သုဋ္ဌုတာ သံဃသုဋ္ဌုတာ။ (အနက်ပေး။) ဆဋ္ဌီ-တပ္ပုရိသ်။ သံဃပုဒ်+သုဋ္ဌုတာပုဒ်။

သံဃ-အရကား သံဃာဖြစ်သည် မုချ။ ယင်း၏ အရှင်ဘုရား-လ-ဝန်ခံခြင်း ကြိယာနှင့် ဌာန ဌာနီ၊ အာကာရဝန္တ အာကာရအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဌာနူပစာ။ သံဃသုဋ္ဌုတာ-အရကား သံဃာ၏-လ-ဝန်ခံခြင်း ကြိယာ ရ၏။

ထိုသို့ပင်ရငြားသော်လည်း သံဃသုဋ္ဌုတာ သဒ္ဒါ၏ ကာရဏူပစာသဒ္ဒါ၏ အဖြစ်ကြောင့် သံဃာတော်၏ ကောင်းပါပြီ အရှင်ဘုရားဟု မြတ်စွာဘုရား စကားတော်ကို ဝန်ခံခြင်း(လက်ခံခြင်း)ကြောင့်ရအပ်သော ဒီဃရတ္တဟိတသုခ ဟူသော အကျိုးသည်သာ ပဓာနအားဖြင့် ရ၏။

**အနက်ယောဇနာ**။ ။သံဃသုဋ္ဌုတာ၊ သံဃာတော်၏ကောင်းပါပြီဘုရား ဟု စကားတော်ကို ဝန်ခံသည်၏အဖြစ် အကျိုးငှာ။(မုချတ္ထ။) သံဃာတော်၏ -လ-ဝန်ခံခြင်းကြောင့်ရအပ်သော ရှည်စွာသော နေ့ညဉ့်ပတ်လုံး အစီးအပွား ချမ်းသာအကျိုးငှာ။ (ဥပစာရတ္ထ။)

http://www.dhammadownload.com



## ဥပစာတင်ပုံ

အကြောင်းဖြစ်သော သံဃာတော်၏-လ-ဝန်ခံသည်၏ အဖြစ်၊ ဝါ-ဝန်ခံခြင်း၏ သံဃသုဋ္ဌုတာ အမည်ကို အကျိုးဖြစ်သော သံဃာတော်၏ -လ-ဝန်ခံခြင်းကြောင့် ရအပ်သော ရှည်စွာသော နေ့ညဉ့်ပတ်လုံး အစီးအပွား ချမ်းသာ၌ တင်စား၍ အကျိုးဖြစ်သော သံဃာတော်၏-လ-အစီးအပွား ချမ်းသာကို သံဃသုဋ္ဌုတာဟု ခေါ်သောကြောင့် ကာရဏူပစာ။ (နာနန္တရိက နည်း။)

ဒီဃရတ္တံ။ ။ဒီဃာ ရတ္တိယော ဒီဃရတ္တံ။ (ဒီဃာ၊ ရှည်ကုန်သော။ ရတ္တိယော၊ ညဉ့်တို့တည်း။) ဝိသေသနပုဗ္ဗပဒကမ္မဓာရယ်။ ဒီဃပုဒ်+ရတ္တိပုဒ်။

ဒီဃ-အရကား ရှည်ခြင်းဒီဃဘောဂုဏ်သည်မုချ။ ယင်း၏ ညဉ့်တို့ဖြပ်နှင့် ဂုဏ်ဂုဏီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဒီဃရတ္တံ-အရကား ထို-ဖြင့် မှတ်အပ်သော ရှည်ကုန်သော ညဉ့်တို့ဖြပ်ရ၏။

ထိုသို့ပင် ရငြားသော်လည်း ဒီဃရတ္တသဒ္ဒါ၏ ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာသဒ္ဒါ၏ အဖြစ်ကြောင့် ရှည်စွာသောနေ့ညဉ့် အချိန်ကာလ၊ ဝါ-ကြာမြင့်စွာသော အချိန်ကာလသည်သာ ပဓာနအားဖြင့်ရ၏။

ရုပ်ပြီးပုံ။ ။ဒီဃ+ရတ္တိ။ သမာသ်၌ ရတ္တိဝယ် ဣကို အ-ပြု၍လည်းကောင်း၊ တနည်း-အ ပစ္စည်းသက်၊ ဣ-ချေ၊ ဒီဃရတ္တဟု ပြီးသည်။ (ပုဗ္ဗရတ္တ၊ အပရတ္တ စသည် နည်းတူမှတ်။) ကစ္စည်း၊ ရူ-ကွဲစီသမာသန္တသုတ်အဖွင့်၊ နီတိ၊ သုတ္တ။ ၇၂၂-သုတ်ကြည့်။

† ဒီဃာ ရတ္တိယော ဒီဃရတ္တံ၊ ဒီဃရတ္တန္တိဝ ပရံပရာတျတ္ထော။ နိရုတ္တိ ဒီပနီ။ ၃၇၃။

† ဒီဃရတ္တန္တိ စိရကာလံ။ ဣတိဝုတ်၊ ဋ္ဌ။ ၇၂။ (မ၊ ဋ္ဌီ၊ ၂။ ၈၂။ အံ၊ ဋ္ဌီ၊ ၃။ ၁၈၂။)

## ဥပစာတင်ပုံ

အစိတ်ဖြစ်သော ရှည်စွာသော ညဉ့်၏ ဒီဃရတ္တဟူသောအမည်ကို အပေါင်းဖြစ်သော ရှည်စွာသော နေ့ညဉ့်အချိန် ကာလ၌ တင်စား၍ ရှည်စွာသော နေ့ညဉ့် အချိန်ကာလကို ဒီဃရတ္တဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။ (ဥပလက္ခဏာနည်း။)

http://www.dhammadownload.com



## ဓာတုပစ္စယာဒိဝိဘာဂ

**သမ္ပဋိစ္ဆနံ**။ ။သံရှေး+ပဋိရှေး+ဣသုဓာတ်+ယုပစ္စည်း။

† ဣသု ဣစ္ဆာယံ၊ ဣစ္ဆတိ၊ သမ္ပဋိစ္ဆတိ၊ သမ္ပဋိစ္ဆနံ၊ ဣစ္ဆာ။ နီတိ၊ ဓာ။ ၁၉၀။

**သုဠ္ဌု**။ ။သံဃသုဠ္ဌုဌ္ဌ သုဌ္ဌုကား ဥတ္တရပဒလောပသမာသ ဝနာ ကမ္မဓာရယ်။ သုဌ္ဌုဒေဝ၌ သုဌ္ဌု၊ သုဌ္ဌုဘန္တေ၌ သုဌ္ဌုကား နိပါတ်ပုဒ်။ သူစိ။

**အာနိသံသ**။ ။အာရှေး+နိရှေးရှိသော+သံသဓာတ်+အပစ္စည်း။ သူစိ။

**ဗလက္ကာရ**။ ။ဗလိ+ကာရ။ ဝါ-ဗလ+ကာရ။

† ဗလိနော (အားရှိသူ၏) ဗလေန (အားဖြင့်) ဝါ-ကာရော (ပြုခြင်း။) ဗလက္ကာရော။ သူစိ။

---

(က) သံဃဖာသုတာယာတိ-လ-ဘာဝါယ။ (ခ) သံဟဇီဝိတာယ-လ-အတ္ထော။ ဋ္ဌ။ ၁၈၉။

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ပါကျ၌ သံဃဿ ဖာသုဘာဝါယ-ဖြင့် ဖာသုတာ၌ တာ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်သည်-ကိုလည်းကောင်း[၁]၊ ဖာသုနော ဘာဝေါ ဖာသုတာ-ဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၂]၊ ဖာသု အဿ အတ္ထီတိ ဖာသု-ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃]၊ ဏ-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်၌သက်သည်-ကိုလည်းကောင်း[၄]၊ သံဃနှင့် ဖာသုတာကို သံဃဿ ဖာသုတာ သံဃဖာသုတာဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၅] သိစေသည်။

၁။ ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ အဘိဓာနတ္ထ။
၄။ ပစ္စယတ္ထ၊ ၅။ အဘိဓာနတ္ထ။ သမာသလိင်္ဂဗဒ္ဓ။

**မှတ်ချက်**။ ။၁-၂-အာဘောဂ်၌ ဗျုတ်ရေကကို သံဃသုဌ္ဌုတာကို နည်းမှီး၍ဖော်ပါ။ ၃-၄ အာဘောဂ်ကား ဖာသုနှင့် သံဃဿအရတူကြ၍ အဿတ္ထိ ဝိဂ္ဂဟပြုသည်။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဖာသု**။ ။ဖာသု အဿ အတ္ထီတိ ဖာသု။ (အဿ သံဃဿ၊ အား။ ဖာသု၊ ချမ်းသာခြင်းတည်း။ အတ္ထိ။) ဖာသု+ဏပစ္စည်း။ (ပိတာမဟန္တိ တဒ္ဓိတ လောပံ ကတွာ ဝေဒိတဗ္ဗံ-နှင့်အညီ တဒ္ဓိတ် ဏ-ပစ္စည်းကို ချေသည်။) အဿတ္ထိတဒ္ဓိတ်။

http://www.dhammadownload.com



ဖာသု-အရကား ချမ်းသာခြင်းသည် မုချ။ ယင်း၏ သံဃာ့ဒြပ်နှင့် ဌာနီ ဌာန၊ ဂုဏ် ဂုဏေ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာနူပစာ။ ဏ-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော ချမ်းသာခြင်းရှိသော သံဃာ့ဒြပ်ရ၏။

**ဖာသုတာ။** ။ဖာသုနော ဘာဝေါ ဖာသုတာ။ (အနက်ပေး။) ဖာသု ပုဒ်+တာပစ္စည်း။

ဖာသု-အရကား ချမ်းသာခြင်းရှိသော သံဃာ့ဒြပ်ရ၏၊ ယင်း၏ ချမ်းသာ ခြင်းနှင့် ဌာန ဌာနီ၊ ဂုဏေ ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာနူပစာ။ တာပစ္စည်းအရကား ထို-ဖြင့်မှတ်အပ်သော ချမ်းသာခြင်းရ၏။

**သံဃဖာသုတာ။** ။သံဃဿ ဖာသုတာ သံဃဖာသုတာ။ သံဃပုဒ်+ ဖာသုတာပုဒ်။ ဆဋ္ဌီတပ္ပုရိသ်။

သံဃ-အရကား သံဃာ့ဒြပ်သည် မုချ။ ယင်း၏ ချမ်းသာခြင်းနှင့် ဌာန ဌာနီ ဂုဏေ ဂုဏ်စပ်။ သံဃဖာသုဘာ-ကား ထို-ဖြင့် မှတ်အပ်သော သံဃာ ၏ ချမ်းသာသည်၏ အဖြစ်၊ ဝါ-ချမ်းသာခြင်းရ၏။

**မှတ်ချက်။** ။ဤဖာသုကား တဒ္ဓိတ်နာမ်ပုဒ်၊ ဖာသု အဿ အတ္ထိဝ္ဗ မူရင်း ဖာသု သဒ္ဒါကား ဖဿဓာတ်၊ ဝါ-ဖုသဓာတ်၊ ဥပစ္စည်း။

† ဖဿတိ သိနိယှတီတိ ဖာသု၊ ဖုသတိ ဝါ ဗာဓတိ ဒုက္ခန္တိ ဖာသု၊ သုခံ။

---

(က) ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ—လ—ဒုဿီလပုဂ္ဂလာ။ (ခ) ယေ မင်္ကုတံ -လ-န လဇ္ဇန္တိ (ဂ) တေ ဟိ သိက္ခာပဒေ-လ-ဝိဟေဌေဿန္တိ။ (ဃ)သိက္ခာပဒေ သတိ-လ-နိဂ္ဂဟေဿတိ၊ (င) တေန ဝုတ္တံ—လ— နိဂ္ဂဟာယာတိ။ ဋ္ဌ။ ၁၇၉။

## ဝါကျစွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရ၊ ဝါ-တပ္ပါကဋီကရဏ ဝါကျ။ ထို-၍ က- ဝါကျကား သင်္ခေပ၊ ဝါ-တပ္ပာကဋီကရဏီယ၊ ဝါ-အပါက႗။

**ရှင်းလင်းချက်။** ။ယေမင်္ကုတံ အာပါဒိယမာနာ'ပိ-ကို ယေ-(ဒုဿီလပုဂ္ဂ- လာ)၊ တို့ကို။ ဘိက္ခူဟိ၊ ရဟန်းကောင်းတို့က။ မင်္ကုတံ၊ တုန်ခိုးအရှိန်အစော် ရှိသူ၏ အဖြစ်သို့။ အာပါဒိယမာနာ၊ ရောက်စေအောင်ကုန်သည် ရှိသော်-မှာ နက်ပေး၍ အဓိပ္ပာယ်ကို စဉ်းစားလျှင် ဂုန်ခိုးအရှိန် အစော်မရှိအောင် ပ်သူကား ရဟန်းကောင်း၊ အလုပ်ခံရသူကား ဒုဿီလ ဟုအဓိပ္ပာယ်ရ၏။

http://www.dhammadownload.com



ဒုက္ခေန အာပဇ္ဇန္တိ-၌ အာပဇ္ဇန္တိကို ကတ္တုရုပ် ကြံ၍ ရောက်ကုန်၏ဟု အနက်ပေးလျှင် ဆင်းရဲ ဒုက္ခရောက်သူမှာ ဒုဿီလဖြစ်၏။ ဆင်းရဲဒုက္ခမှာ ဒုဿီလ သန္တာန်မှာသာရှိ၏။ ရဟန်းကောင်းတို့နှင့် မည်သို့မျှ မသက်ဆိုင်။ အာပါဒိယမာနာနှင့် အာပဇ္ဇန္တိ နှစ်ပုဒ် အဓိပ္ပာယ်မှာလည်း ဖြောင့်ဖြောင့်ပင် ဆန့်ကျင်လျက်ရှိ၏။ ဆိုလိုသော အဓိပ္ပာယ်မှာလည်းပျောက်လျက် ရှိချေ၏။

ယေ-လ-အာပဇ္ဇန္တိ-ဖြင့် ဆိုလိုသည်မှာ-ရဟန်းကောင်းများက ဒုဿီလ ပုဂ္ဂိုလ် တို့ကို တန်ခိုး အရှိန်အစော်မရှိအောင် ပြုလုပ်ရာမှာ လွယ်လွယ်ကူကူ ပြုလုပ်နိုင်သည် မဟုတ်၊ ဆင်းဆင်းရဲရဲ ပြုလုပ်ရသည်-ဟု ဆိုလို၏။ ဤဆိုလိုသော အဓိပ္ပာယ်ကို အာပဇ္ဇန္တိကို ကတ္တုရုပ်ကြံလျှင် မရနိုင်။ အာပဇ္ဇန္တိ၊ ရောက်စေအပ်ကုန်၏ ဟု အာပါဒိယမာနာနှင့် အတူ-ဟေတုကမ္မရုပ်ကြံမှ ယင်း အဓိပ္ပာယ်ကို ရနိုင်မည်။ သို့ ဟေတုကမ္မရုပ်ကြံလျှင် ဒုမ္မင်္ကုပုဒ်ဝယ် ဒု-ကို ဒုက္ခေနဟု လည်းကောင်း မင်္ကုကို မင်္ကုတံ အာပါဒိယမာနာဟု လည်းကောင်း ဖွင့်သည်။ မင်္ကုယန္တိ မင်္ကုတံ အာပါဒိယန္တီတိ မင်္ကူ၊ ဒုက္ခေန မင်္ကူ ဒုမ္မင်္ကူ ဟူသော အစိတ်အပေါင်းဝိဂ္ဂဟ်ကိုပြရာရောက်သည်။ ယေ-လ-အာပဇ္ဇန္တိ-ဖြင့် ဆိုခဲ့ပြီးသော အဓိပ္ပာယ်ကိုပြ၍ ဝိတိက္ကမံ-လ-န အာပဇ္ဇန္တိဖြင့် ဒုဿီလပုဂ္ဂိုလ်တို့ သန္တာန်မှာ ဟိရီ ဩတ္တပ္ပတရားမရှိ ဟူသော အဓိပ္ပာယ်ကို လည်းကောင်း၊ နိဂ္ဂဟတ္ထာယဖြင့် နိဂ္ဂဟာယ-၌ အာယ-အပြုကိုလည်းကောင်း ဖွင့်ပြသည်။ ဤသို့သော သဒ္ဒတ္ထ အဓိပ္ပာယတ္ထ အကျယ်ကို သိစေလိုသဖြင့် ယေတေ (ယ, တ-ဟူသော အနိယတ် နိယတ်) အစုံဖြင့် ရေးသားကာ-ခ-ဝါကျ တက်လာသောကြောင့် ခ-ဝါကျကို ဝိတ္ထာရဝါကျဟု ခွဲခဲ့သည်။ "ထိုအနက် ကိုပင် ထင်စေလိုရကား ယေ မင်္ကုတံစသည် မိန့်" ဟု ကျမ်းတက်သော ဆင်တဲ ဂဏ္ဌိ။ ၃၇၄-အလို တပ္ပါကဋီကရဏ ဝါကျခွဲခဲ့သည်။

† ယတ္ထ ယတ္ထ ပဒေသေ့ဝ၊ အဓိပ္ပာယာ အပါကဋာ။
တတ္ထေဝ ယံတံ သဒ္ဒေဟိ၊ သံဝဏ္ဏယေဝ ကောဝိဒေါ။

(သမ္ဗန္ဓစိန္တာဂဏ္ဌိ။)

## ခ-ဝါကျ ပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ-၌ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံအရ ဒုဿီလ ပုဂ္ဂိုလ်ကို ယူရမည်ဟု အဘိဓေယျတ္ထ အကျဉ်းကို ဆို၏။ ယင်းဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယပုဒ်တို့၏ သဒ္ဒတ္ထ အဓိပ္ပာယတ္ထ အကျယ်ကို မဆိုပြီလော၊ ယင်းပုဒ်တို့၏ သဒ္ဒတ္ထ အဓိပ္ပာယတ္ထ အကျယ်ကား အဘယ်နည်း-ကြောင့် ခ-ဝါကျမိန့်။

http://www.dhammadownload.com


မှတ်ချက်။ ။ခ-ဝါကျကို အနိယတ်၊ နိယတ်၊ ဥတ္တမ ဝါကျများ ခွဲလေဦး။

ခ-ဝါကျ၌ ဝိတိက္ကမံ-လ-န လဇ္ဇန္တိ-ကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ယေ-လ-အာပဇ္ဇန္တိကား အာရဒ္ဓ။

### ဝါကျာရမ္ဘဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဒုမ္မင်္ကုအရ ဒုဿီလပုဂ္ဂိုလ်ကိုယူရမည်ဟု ဆို၏။ ယင်းဒုဿီလပုဂ္ဂိုလ်တို့သည် အပြစ်ကိုကျူးလွန်ဆဲဖြစ်စေ လွန်ကျူးပြီး၍ဖြစ်စေ ရှက်ကြပါကုန်သလော။ (န လဇ္ဇန္တိ၌ န-ကိုပယ်၍ကျမ်းတက်သည်။) အဘယ်သို့မှတ်ရမည်နည်း-ကြောင့် ဝိတိက္ကမံစသည်ကိုမိန့်။

ဂ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို-၍ ခ-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။ (ဂ-ဝါကျ ယုတ္တိဒဋ္ဌိကရဏ ဖြစ်သောကြောင့်) ဃ-ဝါကျကား လဒ္ဒဂုဏဝါကျ။ ထို-၍ ဂ-ဝါကျကား လဒ္ဒဂုဏီယ။

မှတ်ချက်။ ။ဂ-ဝါကျတွင် တေဟိ-လ-ဝိပဟေဗ္ဗေယျန္တိကား (သိက္ခာပုဒ်မရှိသော်-ဟူသော ပဋိသေဓပါသော စကားကိုထောက်၍) ဗျတိရေကဝါကျ။ သိက္ခာပဒေပနသတိချိသောဝါကျကား (သိက္ခာပုဒ်ရှိသော်-ဟူသော အန္ဝယ စကားပါသောကြောင့်) အန္ဝယဝါကျ။ အဆိုပါ ဗျတိရေကအန္ဝယ-၂-ဝါကျဖြင့် ခ-ဝါကျစကားကို ခိုင်မြဲစေသဖြင့် ဂ-ဝါကျကို ယုတ္တိဒဋ္ဌိကရဏဟု ဆိုရသည်။ (သျ၊ သစ်၊ ဟောင်း။ ယောဇနာ။)

### တနည်းဝါကျခွဲ

ဂ-ဝါကျကား ခ-ဝါကျကို ဗျတိရေက, အန္ဝယဖြင့်ချဲ့သည်ဟု ဆိုနိုင်သည်။ သို့ဆိုနိုင်လျှင် ဂ-ဝါကျကို ဝိတ္ထာရ။ ခ-ဝါကျကို သခေ်ပ။ ဃ-ဝါကျကို နိဂုံးဟု ဝါကျခွဲရမည်။ (ခ-သံခိပ်၊ ဂ-ဝိတ္ထာ၊ ဃ-နိဂုံး ၃-ပါးစုံဟုမှတ်။)

### ဂံသစ်ကျမ်းတက်

ယင်းတို့ကို(ဒုဿီလတို့ကို)သိက္ခာပုဒ်ဖြင့် အဘယ်သို့နှိပ်ရသနည်း-စုဒ်ကြောင့် ယေဟိ စသည်မိန့်။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၄၅၃။

### ယင်းအလိုကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ဒုဿီလပုဂ္ဂိုလ်တို့ကို နှိပ်ကွပ်ခြင်းငှာဟု ဆို၏။ (ခ-ဝါကျ၌ တေသံ နိဂ္ဂဟတ္ထာယ-ဟူသောနိယတ်ကိုရှု၍ ဥပနာထားသည်။) ယင်းဒုဿီလပုဂ္ဂိုလ်တို့ကို သိက္ခာပုဒ်ဖြင့် အဘယ်သို့ နှိပ်ကွပ်ရသနည်း၊

http://www.dhammadownload.com


ယင်းဒုဿီလပုဂ္ဂိုလ်တို့ကိုသိက္ခာပုဒ်ဖြင့်နှိပ်ကွပ်ပုံအကျယ်ကိုမပြပြလော-ကြောင့် ဂ-ဝါကျမိန့်။

ဂ-ဃါကျတွင် ကိံ တုမှေဟိ-လ-နိဂ္ဂဏှထ-ကား အာကာရဝါကျ။ တေ သိက္ခာပဒေ အသတိ သံသံ ဝိဟေဌေဿန္တိကား အာကာရဝန္တဝါကျ။ (ဂ-ဝါကျ၌ ဗျတိရေက အနွယဝါကျ ထပ်ခဲ့လေ၊ ရွှေ၌ရေးခဲ့ပြီး။ ဃ-ဝါကျလည်းရေးခဲ့ပြီ။)

---

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဒုဿီလာ**။ ။နတ္ထိ သီလံ ဧတေသန္တိ ဒုဿီလာ၊ (ဧတေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ သီလံ၊ သည်။ နတ္ထိ၊ မရှိ။) တဂ္ဂုဏသံဝိညာဏစတုတ္ထီ ဗဟုဗ္ဗီဟိ။ ဒု-ပုဒ်+သီလပုဒ်+ဧတပုဒ်။

ဒုသီလ-ဒု-ရကား သီလမရှိခြင်း အဘာဝဇောတကဏ်ရ၏။ ယင်း၏ပုဂ္ဂိုလ်တို့ဖြပ်နှင့်ဂုဏ်ဂုဏေစပ်။ ဧတ-အရကား ထို-ဖြင့် မှတ်အပ်သော သီလမရှိသောပုဂ္ဂိုလ်တို့၊ ဝါ-ပါရာဇိကအဇ္ဈာပန္နပုဂ္ဂိုလ်တို့ ဖြပ်ရ၏။

**တနည်း**။ ။ဒူသိတံ သီလံ ဧတေသန္တိ ဒုဿီလာ။ (ဧတေသံ၊ တို့အား။ ဒူသိတံ၊ ဖျက်ဆီးအပ်ပြီးသော။ သီလံ၊ သည်။ အတ္ထိ၊ ၏။) ဝုင်းဗဟုဗ္ဗီဟိ။ ဒု+သီလ+ဧတ။

ဒု သီလ-အရကား ဖျက်ဆီးအပ်ပြီးသောသီလသည်မုချ။ ယင်း၏ပုဂ္ဂိုလ်တို့ဖြပ်နှင့် ဂုဏ်ဂုဏေစပ်။ ဧတ-ကား ထို-ဖြင့်မှတ်အပ်သော ဖျက်ဆီးအပ်ပြီးသော သီလရှိသောပုဂ္ဂိုလ်၊ ဝါ-ပါရာဇိကမှတြွင်းသောအာပတ် ၆-ပုံသို့ရောက်သော ပုဂ္ဂိုလ်တို့၊ ဝါ-အလဇ္ဇီပုဂ္ဂိုလ်တို့ဖြပ်ရ၏။

**ဒုဿီလာ**။ ။ဒုဿီလာ စ ဒုဿီလာ စ ဒုဿီလာ။ (ဒုဿီလာ စ၊ သီလမရှိသော ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။ ဒုဿီလာ စ၊ ဖျက်ဆီးအပ်ပြီးသော သီလရှိသောပုဂ္ဂိုလ်တို့လည်းကောင်း။ ဒုဿီလာ၊ သီလမရှိ-လ-ပုဂ္ဂိုလ်တို့။)ဧကသေသ တဒ္ဓိတ်။ ဒုဿီလ+ဒုဿီလ။

ဒုဿီလဟူသော ရှေ့ပုဒ်အရကား သီလမရှိကုန်သော ပုဂ္ဂိုလ်တို့ဖြပ်သည်မုချ။ ယင်းတို့၏ဖျက်ဆီးအပ်သော သီလရှိသူတို့ဖြပ်နှင့် တ စုံတခုသောကြိယာကို မှီ၍ ဝါ-နိဂ္ဂဟာယကြိယာကို မှီ၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခာသမ္ဗန်သည် ဌာနူပစာ၊ ဒုဿီလာ-ဟူသော တဒ္ဓိတ်ပုဒ်အရကား ထို-ဖြင့် မှတ်အပ်သော သီလမရှိသော ပုဂ္ဂိုလ်၊ ဖျက်ဆီးအပ်သော သီလရှိသော ပုဂ္ဂိုလ်တို့ဖြပ်ရ၏။ (ဒုဿီလပုဂ္ဂလာဟုဆိုရာ၌ ဒုဿီလပုဒ်သည် ဝိသေသန ဖြစ်၍ ဝိသေသနကောက် ဆက်ကောက်။)

http://www.dhammadownload.com


### ဝိဂ္ဂဟရှင်း လင်းချက်

ဒုဿီလပုဂ္ဂလာတိ နိဿီလာ စ ဒုဿီတသီလာ စ ဟု (ဝိမတိ၊ ၁။ ၁၀၅)၌ ဖွင့်သည်။ ယင်းဋီကာ၌ နိဿီလာဖြင့် နတ္ထိ သီလံ ဧတေသန္တိ ဒုဿီလာ ဟူသော ဝိဂ္ဂဟကို ပြသည်။ ဒုဿိတသီလာဖြင့်ကား ဒုဿိတံ သီလံ ဧတေသန္တိ ဒုဿီလာဟူသော ဝိဂ္ဂဟကို ပြသည်။ စ-သဒ္ဒါ ၂-လုံးဖြင့် ကေဿိက်ဝိဂ္ဂဟကို ပြသည်။ သို့ဖြစ်၍ အထက်ပါအတိုင်း ဝိဂ္ဂဟပြုခဲ့သည်။

**ဒုဿီလပုဂ္ဂလာ**။ ။ဒုဿီလာ စ တေ ပုဂ္ဂလာ စာတိ ဒုဿီလ ပုဂ္ဂလာဟု ကမ္မဓာရယ်တွဲ၊ ဂုဏ် ဂုဏော စပ်၍ ဉာဏ်ကောက်လေ။

---

### ဓာတုပစ္စယာဒိဝိဘာဂ

**မင်္ကုတံ**။ ။မင်္ကုနံ ဘာဝေါ မင်္ကုတာ။ (တံ မင်္ကုတံ။)

† မင်္ကုတန္တိ နိတ္တေဇဘာဝံ၊ သာရတ္ထ၊ ၂။ ၃၄။

† မင်္ကုတန္တိ နိတ္တေဇတံ အဓောမုခတံ။ ဝိမတိ၊ ၁။ ၁၀၅။

**ပုဂ္ဂလ**။ ။ပူတိ+ဂလ+အ။ တိ-ချေ။ ဂ-ဒွေဘော်လာ။ လ-အ သို့ ကပ်။ ဦကို ဥရဿပြု၊ ပုဂ္ဂလပြီး။

† ပူတိသင်္ခါတမာဟာရံ ဂလတိ အဒတီတိ ပုဂ္ဂလော။ တိဿ လောပေါ။ သူစိ။

**မှတ်ချက်**။ ။ပုံဝုစ္စတိ နိရယော။ တံ ဂလတိ ဂစ္ဆတီတိ ပုဂ္ဂလော။ (ပု+ ဂလ+ကွိ။) ပုံဝုစ္စတိ နိရယော၊ တံဂစ္ဆတီတိပုဂ္ဂလော။ (ပု+ဂမု+ကွိ)-ဟု လည်း ဝိဂ္ဂဟကြံကြသေးသည်။

### ဒုမ္မင်္ကုမှတ်ဖွယ်

ဝိသာရဒေါ ဥပသင်္ကမတိ အမင်္ကုဘူတော။ အံ၊ ၂။ ၃၃။ ၄၅၈။

မာ ခေါ မင်္ကု အဟောသိ။ ဝိ၊ ၃။ ၁၃၁။

အမင်္ကုဘူတောတိ န နိတ္တေဇဘူတော။ အံ၊ ဋ္ဌ၊ ၃။ ၂၀။

အထက်ပါ ပါဠိတို့၌ မင်္ကုသဒ္ဒါသည် တေဇအနက်၊ လဇ္ဇီ (ကျက်သရေ) အနက်ဟော မည်သည့်နည်းနှင့်မျှမဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော်-အမင်္ကုကို န နိတ္တေဇ ဟုဖွင့်သဖြင့် မင်္ကုကိုနိတ္တေဇဟု ဖွင့်ရာရောက်သည်။ ထိုပြင် ရဟန်း လောင်းဆုံးမရာ၌ မင်္ကုသဒ္ဒါတေဇ (လဇ္ဇီ) အနက်ဟောလျှင် "မင်္ကု၊ တန်ခိုး ရှိသည်။(ကျက်သရေရှိသည်)မာ ခေါ အဟောသိ၊ မဖြစ်လိုက်ပါနှင့်" ဟုအနက် ပြန်ရလိမ့်မည်။ ဤသို့သောအနက်သည်လည်း ဤပါဠိ၏ အနက်မဖြစ်သင့်။

ခုံသေတုကာမော ဝမ္မေတုကာမော မကုံကတ္တုကာမောဟူသော ပါဠိတော်၌ မကုံကတ္တုကာမောကို နိတ္တေဇ ကတ္တုကာမော-ဟုဖွင့်သည်။ သာရတ္ထ ၌လည်း မကုံတန္တိနိတ္တေဇဘာဝံဟု ဖွင့်၍ ဝိမတိ၌မူ မကုံတန္တိ နိတ္တေဇတံ အခေါမုခဇာတံဟုဖွင့်သည်။ အဆိုပါ ပါဠိ၊ ဋ္ဌ၊ ဋီတို့ကိုထောက်၍ မကုံသဒ္ဒါကား နိတ္တေဇ—အနက်ဟောသည်ဟု ကေန်မှတ်ရာ၏။

ယင်းမကုံ၊ ဒုမ္မကုံ ပုဒ်တို့၏ ဓာတု ပစ္စယ ဝိဂ္ဂဟ တို့ကို ဋ္ဌ၊ ဋီ၊ ပါဠိခေါန် သက္ကတခေါန်ကျမ်းများ၌ ရေးသား ဖွင့်ဆိုထားသည်ကို မတွေ့ရ။ အောက်ပါ အတိုင်း ကြံသင့်သည်ဟု မိမိထင်မိပါသည်။

ဝိ၊ ဋ္ဌ။ အံ၊ ဋ္ဌ။ တို့၌ မကုံတံ အာပါဒိယမာနာပိနှင့် ဒုက္ကေန အာပဇ္ဇန္တိ စကားနှစ်ရပ်ကို ထောက်၍ မကုံ-သဒ္ဒါကို မကိဓာတ်+ဥပစ္စည်း။ မကိ-ဓာတ် ဂဟိအနက်ဟော။ မကိယန္တိ နိတ္တေဇတံ အာပါဒိယန္တီတိ မကုံ။ (မကိယန္တိ၊ တန်ခိုးအရှိန်အစော်မရှိ မဲ့သည်၏အဖြစ်သို့ ရောက်စေအပ်ကုန်၏-ဟုအနက်ပေး။ ဟေတုကမ္မသာဓန။ ဒုက္ကေန မကုံ ဒုမ္မကုံဟုတွဲ။

ဒုမ္မကုံ။ ။ဆင်းရဲသဖြင့် (ဆင်းဆင်းရဲရဲ၊ ခက်ခက်ခဲခဲ) တန်ခိုးအရှိန် အစော်မရှိသည်၏ အဖြစ်သို့ရောက်စေအပ်ကုန်သောဟု အနက်ပေး။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က—ဝါကျ၌ ဒုဿီလပုဂ္ဂလာ-ဖြင့် ဒုမ္မကုံအရ သီလမရှိသော ပုဂ္ဂိုလ်၊ ဖျက်ဆီးအပ်ပြီးသော သီလရှိသော ပုဂ္ဂိုလ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ—ဝါကျ၌ ယေ-လ-အာပဇ္ဇန္တိ-ဖြင့် ဒုမ္မကုံပုဒ်ကို မကိယန္တိ နိတ္တေဇတံ အာပါဒိယန္တီတိ မကုံဟု ဟေတုကမ္မသာဓနဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ဥ—ပစ္စည်း၏ ဟေတုကမ္မသာဓန၌ သက်သည်-ကိုလည်းကောင်း[၂]၊ ဒု-သဒ္ဒါသည် ဒုဋ္ဌု စသော အနက်ကို မဟော၊ ဒုက္ခ အနက်ကို ဟောသည်-ကိုလည်းကောင်း[၃]၊ ဒုက္ကေန မကုံ ဒုမ္မကုံဟု တတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၄]၊ ဒုဿီလ ပုဂ္ဂိုလ်များကို တန်ခိုးအရှိန် အစော်မဲ့အောင် ပြုရသည်မှာ ပြုလုပ်ရသူရဟန်းကောင်းများအတွက်လွယ်ကူသည်မဟုတ်၊ပင်ပန်းဆင်းရဲစွာ ပြုလုပ်ရသည် ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။
၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂတ္ထ။ ၅။ ဘာဝတ္ထ။

http://www.dhammadownload.com



## ဝိဂ္ဂနှင့် ဉာဏ်ကောက်

မင်္ကု။ ။မင်္ကုယန္တိ နိတ္ထေဇတံ အာပါဒိယန္တီတိ မင်္ကု။ (ဘိက္ခူ၊ဟိ၊တို့သည်။ ယေ ဒုဿီလပုဂ္ဂလာ။ တို့ကို။ နိတ္တေဇတံ၊ သို့။ မင်္ကုယန္တိ အာပါဒိယန္တိ၊ ရောက်စေအပ်ကုန်၏။ ဣတိ တေ မင်္ကု။ ဟေတုကမ္မသာဓန။ မင်္ကု+ဥ။ ကာရိုက်ကျေ။

မင်္ကုအရ ဟေတုကတ္တုဋ္ဌကြိယာအရကား ဒုဿီလ ပုဂ္ဂိုလ်တို့ တန်ခိုးအရှိန်အဝါမရှိသည်၏ အဖြစ်ကိုရောက်စေကုန်သော၊ ဝါ—ရောက်အောင်ဆောင်ရွက်ကုန်သော ရဟန်းကောင်းတို့ သန္တာန်၌ရှိသော ကရုဏာမေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ဟေတု ကမ္မတ္ထ ကြိယာ အရကား ထို-အားတပ်သော ဒုဿီလပုဂ္ဂိုလ်တို့၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာ။ ဥ—ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော ဒုဿီလပုဂ္ဂိုလ်တို့ ဖြစ်ရ၏။

ဒုမ္မင်္ကု။ ။ဒုက္ခေန မင်္ကု ဒုမ္မင်္ကု။ (ဒု-အရ ဒုက္ခဋ္ဌ ဘောဂဏ်ကောက်။ မင်္ကု အရနှင့် ဗိသေသန ဝိသေသျစပ်။ တတိယာ တပ္ပုရိသ် သမာသ်။)

**အာပါဒိယမာနာ။** ။အာ+ပဒ+ယ+မာန။ မင်္ကုနှင့်အတူ ဉာဏ်ကောက်။

**အနက်ယောဇနာ။** ။ဒုမ္မင်္ကုနံ၊ ဆင်းရဲငြိုငြင်သဖြင့် တန်ခိုးအရှိန်အဝါမရှိသည်၏ အဖြစ်သို့ရောက်စေအပ်ကုန်သော။ (ပုဂ္ဂလာနံ၌စပ်။)

ခ-ဝါကျ၌ ဝီတိက္ကမံ-လ-န လဇ္ဇန္တိ-ဖြင့် ဒုမ္မင်္ကု ခေါ် ဒုဿီလ ပုဂ္ဂိုလ်တို့သည်သိက္ခာပုဒ်ကို လွန်ကျူးမှု ပြုဆဲပင်ဖြစ်စေ, ပြုပြီးပင် ဖြစ်စေ ရှက်ခြင်းသဘောမရှိ ဟု ဒုဿီလ ပုဂ္ဂိုလ်တို့၏ သဘောကို သိစေသည်။

**မှတ်ချက်။** ။ယင်းအဖွင့်ကို ထောက်၍ ဒုမ္မင်္ကုနံ၊ အရှက်မရှိ ကုန်သော-ဟု အဓိပ္ပာယ်အနက်ပေး။

ခ-ဝါကျ၌ နိဂ္ဂဟတ္တာယ-ဖြင့် နိဂ္ဂဟာယ-၌ အာယ သဒ္ဒါသည် နာ-စသောဝိဘတ်တို့၏ ကာရိယ မဟုတ်၊ စတုတ္ထီ သ-ဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း သ-ဝိဘတ်သည် တုမတ္ထ ဂတျတ္ထစသည်တို့၌ မသက်၊ ထဒတ္ထသ ဒါန်၌သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတ္တိပဒ။　　၂။ ဝိဘတျတ္ထ။

**အနက်ယောဇနာ။** ။နိဂ္ဂဟာယ။ နှိပ်ကွပ်ခြင်းအကျိုးငှာ။ (သိက္ခာပဒံ ပညပေဿာမိ စပ်။)

http://www.dhammadownload.com



### ပါဠိဝိနိစ္ဆယ

**ယေ မက်ုတံ။ ယေ ဒုမ္မကုတံ။** ။မာ ခေါ မက်ုံ အယောသိဟူသော ဝိနယ ပါဠိ။ ဝိသာရဒေါ ဥပသက်မတိ အမက်ုဘူတော ဟူသော အင်္ဂုတ္တရပါဠိ။ ယင်းပါဠိတို့အဖွင့်များကို ထောက်၍ ဤနိစ္စတွေ့ဇ အနတ်ဟောသောမက်ုတံ ရှိသောပါဠိသာ သင့်သည်။ ဒုမ္မကုတံရှိသော ပါဠိကား မသင့်။

ဂဏ္ဌိသစ်ဝါဒ

ယေ ဒုသီလပုဂ္ဂလာ၊ တို့သည်။ ဒုမ္မက်ုတ်၊ အရှိန်အဝါမရှိသောသူ၏ အဖြစ်သို့။ ဋီကာ။ ဝါ-အသရေမရှိသော သူ၏ အဖြစ်သို့။ ဝိသုဒ္ဓိမဂ်ဋီကာ။

မက်တိ တေနာတိ မက်ုံပြု။ တေဇ ရစေ၊ ဝါ-လက္ခိရစေ။ နတ္ထိ မက်ုံ ဧတေသန္တိ ဒုမ္မက်ု။ ဧတေသံ ဘာဝေါ တံ့။ မက် မက္ခနေ မက္ခနံ ဘူသနံ မက်တိ။ သဒ္ဒနီတိ။ (ပါရာ၊ ဂံ၊ သစ်။ ၄၅၃။) ဤအလို ဒုမ္မက်ုတံ ပါဠိသင့်ဟု ဆိုရမည်။ ဝါဒန္တရဟု မှတ်ရာ၏။

**ဝီတိက္ကမ။ ဝိတိက္ကမ။** ။ဝိ+အတိ+ကမု+ဏ။ ဝိဒ္ဓိ လ္လကို ဤဒီဃ ပြု၍ ပြီးသောကြောင့် ဝီတိက္ကမ သင့်။

† ဝိအတိပုဗ္ဗောဂမု ပဒဝိက္ခေပေ။ ဝိရူပေါ အတိက္ကမော ဝီတိက္ကမော သူစိ။

---

### နည်းနှင့် ဥပစာ

**ဒုသီလာ။** ။သဒ္ဒါတူလျက် အနက်ကွဲသောကြောင့် သာမညနိဒ္ဒေသ နည်း။ ဒုသီလသဒ္ဒါနှစ်ခုတွင် တခုချေ၍ တခုကြွင်းပြုသောကြောင့် ဧကသေသ နည်း။ (ဆိုရိုးကြည့်၍ တင်လေ။)

---

(က) ပေသလာနံ ဘိက္ခူနံ-လ-ဖာသုဝိဟာရတ္ထာယ။ (ခ) ပိယ သီလာ ဟိ ဘိက္ခူ-လ-ဥဗ္ဗာဠှာ ဟောန္တိ။ (ဂ) ကတ္တဗ္ဗာကတ္တဗ္ဗံ ပန-လ-န ဥဗ္ဗာဠှာ ဟောန္တိ။ (ဃ) တေန နေသံ-လ-သံဝတ္တတိ။ ဋ္ဌ။ ၁၇၉။

### ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဂ-ဃ-ဝါကျကား ဝိတ္ထာရ ဝါကျ။ ထို-၍ က-ဝါကျကား သခေပ ဝါကျ။

ရှင်းလင်းချက်

ခ-ဝါကျ၌ လိုရင်းကား အဇ္ဈတ္တ ကိလမန္တိ—ဟူသော အန္ဝယ စကား တည်း။ ဂ-ဝါကျ၌ လိုရင်းမှာ ဥ တ္တာ န ကိလမန္တိ—ဟူသော ဗျတိရေက စကားတည်း။

http://www.dhammadownload.com



ဃ-ဝါကျ တေန-ကို ခ-ဂ ၂-ဝါကျလုံး၏ ပဓာနဖြစ်သော အဇ္ဈာနန္တာ ကိလမန္တိ=မသိကုန်လျှင် ပင်ပန်းကုန်၏။ ဥတ္တာ န ကိလမန္တိ=သိကုန်လျှင် မပင်ပန်းကုန်-ဟူသောစကားကိုစွဲ။ တေန၊ ထိုသို့ မသိကုန်လျှင် ပင်ပန်း၊ သိကုန်လျှင် မပင်ပန်းသောကြောင့်။ သိက္ခာပဒပညာပနာ နေသံ ဖာသုဝိဟာရာယ သံဝတ္တတိ-ဟု စာစပ်ကြည့်လျှင် ခ-အန္ဝယ၊ ဂ-ဗျတိရေက၊ ဃ-ကာရဏ ဖြင့် က-ဝါကျကိုချဲ့သည်။ ဝါ-အန္ဝယကာရဏ, ဗျတိရေကကာရဏ (တေန အစွဲကြည့်ပါ)တို့ဖြင့် က-ပါကျကို ချဲ့သည်ဟု မှတ်ရာ၏။

**ခ-ဂ-ဃ-ဝါကျကျမ်းတက်**

ဆရာ၊ ဆရာသည် က—ဝါကျဖြင့် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့အား ချမ်းသာစွာ နေရခြင်းအကျိုးငှာ(သိက္ခာပုဒ်ကို ပညတ်အံ့)ဟု ဆို၏။

သိက္ခာပုဒ်မရှိသော် လိုရာရာကိုသာ ကျင့်ရသဖြင့် ဖာသုဝိဟာရ ဖြစ်ရာသည် မဟုတ်လော။ အဘယ်သို့ သိက္ခာပုဒ်ဖြင့် ဖာသုဝိဟာရဖြစ်သနည်း-စုဒ်ကြောင့် ပိယသီလာ ဟိ စသည်မိန့်။ (ပါရာ၊ ဂံ၊ သစ်။ ၂။ ၄၅၃။)

ခ-ဝါကျကား အန္ဝယဝါကျ။ ဂ-ဝါကျကား ဗျတိရေကဝါကျ။ ဂ-ဝါကျတွင် နေသံ—လ—သံဝတ္တတိ-ကား ဖလ။ ထို—၌ ပိယသီလာ ဟိ-လ-တေန-ကား ကာရဏဝါကျ။ တေန—လ—သံဝတ္တတိကား နိယတဝါကျ။ ပိယသီလာ ဟိ—လ—ဥဗ္ဗဋ္ဋာ ဟောန္တိကား ယ-သဒ္ဒါကိုဆောင်၍ သိအပ်သောကြောင့် အနိယတဝါကျ။ အနိယတ် နိယတ် ၂-ပါး မစုံသောကြောင့် ဟီနဝါကျ။

---

## ❁ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ပေသလာ**။ ။ပိယံ သီလံ ဧတောသန္တိ ပေသလာ။ (ဧတေသံ ဘိက္ခုနီ၊ တို့အား။ ပိယံ၊ ချစ်မြတ်နိုးအပ်သော။ သီလံ၊ သည်။ အတ္ထိ၊ ၏။ ဣတိ တေ ပေသလာ။) တဂ္ဂုဏ သံဝိညာဏစတုတ္ထီဗဟုဗ္ဗီဟိသမာသ်။ ပိယ+သီလ+တေ။

ပိယသီလ-အရကား ချစ်အပ်သော သီလသည် မှချ။ ယင်း၏ ရဟန်းတို့ ဖြုပ်နှင့် ဂုဏ်ဂုဏေစပ်။ တေအရ ချစ်အပ်သော သီလရှိသောရဟန်းတို့ဖြုပ်ရ၏။

**ပေသလရုပ်ပြီးပုံ**

ပိယ+သီလ၊ ပိယကို ပေပြု၊ သီ-၌ ဤကို အ-ပြု၍ ပေသလ-ဟု ရုပ်ပြီးသည်။ (၁။ ဝဏ္ဏဝိကာရ။ ၂။ ဝဏ္ဏဝိကာရ။)

† ပိယသီလယုတ္တတာယ ပေသလာ။ ဂိယဿ ပေ၊ ဤ ဿတ္တံ။ ဓာန်၊ ဋီ။ ၆၉၃။

http://www.dhammadownload.com


တနည်း။ ။ပိယ+သီလ။ ပိ—၌ ဣကို ဧဝုဒ္ဓိပြု။ ယ—ချေ။ ဤ ကို အ-ပြု။ (၁။ ဝဏ္ဏဝိကာရ။ ၂။ ဝဏ္ဏလောပ။ ၃။ ဝဏ္ဏဝိကာရ။)

မှတ်ချက်။ ။ဤကား ပိယံ သီလမဿာတိ ပေသလော။ ဝုဒ္ဓိ၊ ယကာရလောပေန၊ ဤကာရဿ အတ္တကာရဏေန။ ခုဒ္ဒသိက္ခာ၊ ဋီ—ဟု ဆိုသော ဂံ၊ သစ်၊ ၂။ ၄၅၃—အလိုတည်း။

## ☸ ဓာတုပစ္စယာဒိဝိဘာဂ

ဥဗ္ဗာဠှာ။ ။ဥပုဗ္ဗ+ဗာဟဓာတ်+တ—ပစ္စည်း။

† ဥဗ္ဗာဠှာတိ ပီဠိတာ။ ဝိမတိ၊ ၁။ ၁၀၅။

† အဗာဟီတိ ဗာဠှော။ ကွစိဓာတူတိ အာဒိနာ ဒီဃော။ ရူ။ ၃၇၉။

မရိယာဒါ။ ။ပရိ+အာ+ဒါ+အ+အာ။ ထီ၊ ကညာဒိ။

† ပရိစ္ဆိန္ဒိတွာ အာဒီယတေတိ မရိယာဒါ။ ပရိ အာပုဗ္ဗော ဒါ ဒါနေ၊ ပဿ မော၊ ယကာရာဂမော။ သူစိ။

ဝေလာ။ ။ဝိနာသ+လာ+ကွိ။ ထီ၊ ကညာဒိ။ (အချိန်ကာလဟော ဝေလာသဒ္ဒါ။)

† ဝိနာသံ လာတီတိ ဝေလာ၊ လာ—အာဒါနေ ကွိ၊ ဝဏ္ဏလောပေါ။ သူစိ။

တနည်း။ ။ဝိ+ဣရ။ ဗဟုဗ္ဗီဟိ သမာသ်ပုဒ်၊ ဝိရ ဟူလိုလျက် ဣ-ကို ဧ-ပြု၊ ရ-ကို လ-ပြု၊ (ကမ်းပါးအနက်ကို ဟောသော ဝေလာသဒ္ဒါ။)

† ဝိဂစ္ဆန္တိ (ကင်းပျောက်ကုန်၏။) ဣရာ (ရေတို့သည်။) ယဿံ (အကြင်ကမ်းပါး၌။) သာ ဝေလာ။ လတ္တံ။ သူစိ။

ပိယ။ ။ပီ+ဏျ။

† ပီ ပီတိယံ၊ ပီနေတိ၊ ပီနာတိ၊ ပီတိ။ ပိယော။ နီတိ၊ ဓာ။ ၂၄၅။

ကိလမန္တိ။ ။ကိလမုဓာတ်+အန္တိဝိဘတ်။

## ☸ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ပိယသီလာနံ-ဖြင့် ပေသလာနံပုဒ်ကို ပိယံ သီလံ ဧတေသန္တိ ပေသလာ-ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း [၁]၊ ပိယသီလာ ဟု ဆိုလိုလျက် (ရေးခဲ့ပြီးသည့် နည်းအတိုင်း။) နိရုတ္တိနည်းဖြင့် ရုပ်ပြီးသည်-ကိုလည်းကောင်း [၂] သိစေသည်။

၁။ အဘိဓေနတ္ထ၊ သမာသလိင်္ဂပဒတ္ထ၊ ၂။ ဘာဝတ္ထ။

http://www.dhammadownload.com



## ❁ ပါဠိဝိနိစ္ဆယ

**သန္နိဟမာနာ။ သဒ္ဒိဟမာနာ။ သံဒိဋ္ဌမာနာ။** ။သံပုဗ္ဗ+ဒိဟဓာတ်+မာန ပစ္စည်းဖြင့်ပြီးသော သန္နိဟမာနပုဒ်သည်သာလျှင် သံသယဖြစ်ခြင်း အနက်ကို ဟောနိုင်သောကြောင့် သံသယံ အာပဇ္ဇမာနာ-ဟု ဖွင့်သော (သာရတ္ထ။ ၂။ ၃၄။ ဝိမတိ။ ၁။ ၁၀၅) ဋီကာတို့နှင့်ညီမည်။ ထိုကြောင့် "သန္နိဟမာနာ" ရှိသော ပါဠိသာ သင့်သည်။ (ပါရာ၊ ဂံ၊ သစ်။ ၂။ အဆုံးအဖြတ်တည်း။ ယခုစာမူတို့၌ကား သန္ဒိဋ္ဌမာနာ-ဟု ရှိသည်။)

### ရှင်းလင်းချက်

မနော ဝိလေခသန္ဒေဟာ၊ သံသယော စ ကထံကထာ-ဟူသော အဘိဓာန် ကိုထောက်၍ သန္ဒေဟသဒ္ဒါသည် သံသယအနက်ကိုဟောသည်။ သန္ဒေဟ၏ ဓာတုပစ္စယကား ဒိဟ-ဥပစယေ။ ဣဓ ပန သံပုဗ္ဗတ္တာ သံသယေဟု ဓာန်၊ ဋီ၊ သူစိတို့ လာသောကြောင့် သံပုဗ္ဗ+ဒိဟဓာတ်+ဏပစ္စည်းတည်း။

သို့ဆိုလျှင် သံပုဗ္ဗ ဒိဟဓာတ်သည် သံသယအနက်ကို ဟောနိုင်သည်ဟု အဓိပ္ပာယ်ရောက်၏။ သံပုဗ္ဗဒိဟဓာတ်+အပစ္စည်း၊ မာနပစ္စည်းဖြင့် သန္ဒိဟမာနာ ဟု ရုပ်ပြီးနိုင်၏။ ယင်းသို့ သန္ဒိဟမာနာဟု ရုပ်ပြီးသောပုဒ်သည်သာ သံသယံ အာပဇ္ဇမာနာ-ဟု ဖွင့်သော ဋီကာတို့နှင့် ညီသည်။ ထိုကြောင့် သန္ဒိဟမာနာ ရှိသော ပါဠိသာ သင့်သည်ဟူလို။

**ဃဋ္ဋမာနာ။ ဃဋ္ဋမာနာ။** ။ဃဋ္ဋဓာတ် + အပစ္စည်း + မာနပစ္စည်း။ ဃဋ္ဋမာနာတိ ဝါယမမာနာ-ပါရာ၊ ယော။ ၁၁၄-တို့ကိုထောက်၍ ဃဋ္ဋမာနာ ပါဠိ သင့်သည်။

---

## ❁ နည်းနှင့် ဥပစာ

**ပေသလာနံ။** ။နံပါတ် ၄-ဝိဂ္ဂဟအဖြေ၌ နိရုတ္တိနည်းများ ရေးခဲ့ပြီ။

**ပိယသီလာနံ။** ။ဌာနီ (ဂုဏ်) ဖြစ်သော ချစ်အပ်သော သီလ၏ ပိယသီလ ဟူသောအမည်ကို ဌာန (ဂုဏဲ) ဖြစ်သော ရဟန်းတို့ဒြပ်၌ တင်စား၍ ဌာန (ဂုဏဲ) ဖြစ်သော ရဟန်းတို့ဒြပ်ကို ပိယသီလာနံ-ဟု ဆိုသောကြောင့် ဌာနူပစာ။ ဂုဏူပစာ။ (အဝိနာဘာဝနည်း။)

**မှတ်ချက်။** ။ဂုဏ်ကိုလွှန်မြောက်၊ ဂုဏဲရောက်၊ နက်ကောက် ဂုဏူပစာ။ (သစ်) နှင့်အညီ မိမိတို့ကား ဤလိုပုဒ်မျိုး၌ ဌာနျူပစာ၊ ဂုဏူပစာကို နှစ်သက်သည်၊ "ဗဟုဗ္ဗီဟိ အဿတ္ထိဟု၊ ရှိသည်အရာ၊ သဘောမှာ၊ နာနန္တရိကနည်း။" ဟုဆိုသည်မှာ ပိယသီလာ အာဂစ္ဆန္တိ-ပုံစံတွင် ဌာနဖြစ်သော ရဟန်းဒြပ်သာ

http://www.dhammadownload.com


လာသည်မဟုတ်၊ ဌာနီဖြစ်သော ချစ်အင်သော သီလလည်း လာသည်ဟု ဆိုလို၍ ဌာနနှင့်ဌာနီ ခွဲခြားမရသည်ကိုပင် နာနန္တရိကနည်းဟု ဆိုသည်ဟုမှတ်ပါ။

**ဝဝလံ၊ မရိယာဒံ။** ။အတူဖြစ်သော ကမ်းပါး၏ ဝေလံ၊ မရိယာဒံ အမည်ကို အတူရှိသော သိက္ခာပုဒ်၌ တင်စား၍ အတူရှိသော သိက္ခာပုဒ်ကို ဝေလံ၊ မရိယာဒံ ဟု ဆိုသောကြောင့် သဒိသူပစာ။

---

(က) ယော ဝါ ဒုမ္မင်္ကူနံ-လ-ဖာသုဝိဟာရော။ (ခ) ဒုဿီလ ပုဂ္ဂလေ နိဿာယ—လ—န သင်္ကာနွိ။ (ဂ) ဒုဿီလေသု ပန —လ—ဖာသု ဝိဟရန္တိ။ (ဃ) ဝေ ပေသလာနံ-လ-အတ္ထော ဝေဒိတဗ္ဗော။ ဋ္ဌ။ ၁၇၉-၈၀။

## ဝါကျခွဲနှင့် ကျမ်းတက်

က-ဝါကျတွင် ယော ဝါ-လ-နိဂ္ဂဟောကား အနိယတ်ဝါကျ။ ဝါ-ကာရဏဝါကျ။ သေ့ဝ-လ-ဝိဟာရော့ကား နိယတ်ဝါကျ။ ဝါ-ဖလဝါကျ။ (အနိယတ် နိယတ် ၂-ပါးစုံသဖြင့် ဥတ္တမဝါကျ။)

မှတ်ချက်။ ။"အနိယမ၊ ဟူလာ၊ နိယမ အကြောင်း" ဟူသော သဒ္ဒနွစိန္တာ ဂံ၊ သစ်-အဆိုသည် ဤ ယော ဝါ ဝါကျနှင့်ညီသည်။ ဒုမ္မင်္ကုပုဂ္ဂိုလ်ကို နှိပ်ကွပ်ခြင်းသည် ပေသလပုဂ္ဂိုလ်တို့ ချမ်းသာစွာနေရခြင်း၏ အကြောင်းပင်ဖြစ်သည်။ ထိုကြောင့် အနိယတ်ကို ကာရဏ။ နိယတ်ကို ဖလ-ဟု ဝါကျ ခွဲခဲ့ပေသည်။

ခ-ဂ-ဝါကျတို့ကား (မူလ က—ဝါကျကို ဗျတိရေက၊ အန္ဒယဖြင့် ချဲ့ပြသောကြောင့်) ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သခေပ။

### ခ-ဂ ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဒုမ္မင်္ကု (ဒုဿီလ) ပုဂ္ဂိုလ်တို့ကို နှိပ်ကွပ်ခြင်းသည် ပေသလဘိက္ခုတို့အား ချမ်းသာစွာနေရခြင်းပင်ဖြစ်သောဟု ဆို၏။ (အနိယတ်ကို နိယတ်၌သွင်း၍ ဌပနာထား။) ယင်းတို့ကို နှိပ်ကွပ်ခြင်းသည် အဘယ်ကြောင့် ဖာသုဝိဟာရဖြစ်သနည်း။ အဓိကရဏ်းဖြစ်ခြင်းကြောင့် ဆင်းရဲသည်သာမဟုတ်လော-စုဒ်ကြောင့် ဒုဿီလပုဂ္ဂလေ စသည်မိန့်။ (ပါရာ၊ ဂံ၊ သစ်။ ၂။ ၄၅၄။)

ခ-ဝါကျတွင် ပဝါရဏာ န တိဋ္ဌတိ စသောဝါကျများကား အဆင့်ဆင့် ဝါကျာရမ္ဘဝါကျများသာတည်း။ န-ကိုပယ်၍ ကျမ်းတက်လေ။

ဂ-ဝါကျကား အန္ဒယ။ ထို-၍ ခ-ဝါကျကား ဗျတိရေက။

http://www.dh...

မှတ်ချက်။ ။ဂ-ဝါကျ၌ အယံ ဥပဒ္ဒဝေါ န ဟောတိ-သည် ဥပေါ-သထော ဟိင္ဂတိ၊ ပဝါရဏာ တိဌတိ စသော အန္တယစကားနှင့် အတူပင် ဖြစ်သောကြောင့် န ဟောတိ-ဟု ဆိုစေကာမူ ဗျတိရေက ဟု မဆိုရပဲ အန္တယ ဟုသာ ဆိုရသည်။

ဃ-ဝါကျကား လဒ္ဓဂုဏဝါကျ၊ ထို-၍ ခ-ဂ-ဝါကျကား လဒ္ဓဂုဏိယ တည်း။

မှတ်ချက်။ ။ပေယျာလာနံ ပိယသီလာနံ စသောဝါကျတို့အဆုံး၌ တေန နေသံ ချီသောဝါကျနှင့်အတူ ဤ၌ တစော-လ-ဝိဟရန်း-ဟု ဆိုသည်။ ဝါကျချင်း ယှဉ်ကြည့်ပါ။

င-ဝါကျကား နိဂမနဝါကျ။ ထို-၍ ပိယသီလာ ဟိ ဘိက္ခူ-လ-ဖာသု ဝိဟရန္တိ ဃ-ဝါကျတိုင်အောင်ဇ နိဂမနိယ၊ ဝါ-ဓုန္တိယ။

မှတ်ချက်။ ။ပေယျာလာနံ ပိယသီလာနံစသည် အနက်ဖွင့်ဝါကျနောက်၌ ဝိတ္ထာရဝါကျ ရှိသကဲ့သို့ ယော ဝါ စသော ဒုတိယဇိကပ် အနက်ဖွင့်နောက်၌ လည်း ဒုဿီလ-ဂ္ဂလေ နိဿာယ စသည် ဝိတ္ထာရဝါကျရှိသည်။ ယင်းဝိတ္ထာရ ၂-ဝါကျလုံး၏ အကျဉ်းချုပ်နိဂုံးကို ပြလိုသဖြင့် ဇဝံ စသည် နိဂမနဝါကျ တက်လာသည်။ ဤ၌ ဧဝံသဒ္ဒါကား နိဂမနကို ထွန်းပြသည်။

* လဒ္ဓဂုဏ်ပြ၊ ဒေါသဘဖုံ၊ နိဂုံတဖြာ၊ သရုပ်မှာ၊ လျော်စွာဝေပြ။ (ရှေး။)

---

## ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**သံဃကမ္မာနံ့**။ ။သံဃေန ကတ္တဗ္ဗာနိ ကမ္မာနိ သံဃကမ္မာနိ။ (သံဃေန၊ သည်။ ကတ္တဗ္ဗာနိ၊ ပြုအပ်ကုန်သော။ ကမ္မာနိ။ ကံတို့တည်း။) မဇ္ဈေလောပီ တတိယာတပ္ပုရိသ်။ သံဃ+ကမ္မ။

သံဃ-အရကား သံဃာဖြပ်သည် မှုချ။ ယင်း၏ပြုအပ်သော ဥပုသ်, ပဝါရဏာ၊ ယင်းတို့မှကြွင်းသော သံဃကံတို့နှင့် သာဓေ, သာဓု-လ-သဒ္ဒန် သည်၌ဥပစာ။ သံဃကမ္မ-အရကား ထို-ဖြင့် မှတ်အပ်သောသံဃာသည်ပြုအပ် သောဥပုသ်, ပဝါရဏာ, ယင်းတို့မှကြွင်းသော သံဃကံအားလုံးရ၏။

ထိုသို့ပင်ရငြားသော်လည်း ဤ၌ သံဃကမ္မသဒ္ဒါသည် ဂေါဗလီဗဒ္ဒနည်း ဖြင့်ဆိုအပ်သော ပုဒ်ဖြစ်သောကြောင့် ဥပေါသထော န တိဋ္ဌတိ၊ ပဝါရဏာ န တိဋ္ဌတိ-ဖြ ဆိုအပ်ပြီးသော ဥပုသ်ကံ, ပဝါရဏာကံမှကြွင်းသော ဥပသမ္ပဒ စသော ကံကိုသာရ၏။

မှတ်ချက်။ ။နည်းဥပစာအဖြေနှင့် ယှဉ်ကြည့်ပါ။

---

http://www.dhammadownload.com


### ဓာတုပစ္စယာဒီဝိဘာဂ

ဥပေါသထ။ ။ဥပပုဗ္ဗ+ဝသ+အထ။ ဝ—ကို ဩ—ပြု၊ ပ—ကိုဩကပ်၊ သ—အ သို့ကပ်။

† ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော။ တိထိဝိသေသော နဝမဟတ္တိ ကုလဋ္ဌ။ မောဂ်၊ ၇။ ၈၆။

† ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော၊ ဥပဝသန္တိ သီလေန ဝါ အန သနေန ဝါ ဥပေတာ ဟုတွာ ဝသန္တီတိ အတ္ထော။ နီတိ။ ဓာ။ ၁၀၄။

ဥပေါသထသဒ္ဒါ၏ အတ္ထုဒ္ဓါရ

ဥဒ္ဒေသေ ပါတိမောက္ခဿ၊ ပဏ္ဏတ္တိယမုပေါသထော။
ဥပဝါသေ စ အဋ္ဌင်္ဂေ၊ ဥပေါသထဒိနေ သိယာ ဓာန်။ ၇၇၀။

### ဉာဏ်ကောက်

ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော။ (ဧတ္ထ တိထိဝိသေသေ။ ဤနေ့အထူး၌။ သပ္ပုရိသာ၊ တို့သည်။ သီလေန ဝါ၊ နှင့် လည်းကောင်း။ အနသနေန ဝါ၊ အစာမစားခြင်းနှင့်လည်းကောင်း။ ဥပဝသန္တိ၊ ပြည့်စုံသည်ဖြစ်၍ နေတတ်ကုန်၏။ ဣတိ သော တိထိဝိသေသော ဥပေါသထော။ (ဥပ+ဝသ+အထ။)

ဥပ–အရကား သီလနှင့်လည်းကောင်း၊ အစာမစားခြင်းနှင့်လည်းကောင်း ပြည့်စုံခြင်း ဥပေတ ဘောဂုဏ်ရ၏။

ဝသဓာတ်–အရကား သူတော်ကောင်းတို့၏ ဝိရတီ ပြဋ္ဌာန်းသောစိတ္တုပ္ပာဒ်သည် မှုချ။ အဓိကရဏတ္ထ–ကား ထို–အားတပ်သော ဥပုသ်နေ့၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။

အထ–ပစ္စည်းအရကား ထို–ဖြင့် မှတ်အပ်သော ဥပုသ်နေ့ရ၏။

ထိုသို့ပင်ရငြားသော်လည်း ဥပေါသထသဒ္ဒါ ဥပစာသဒ္ဒါဖြစ်သောကြောင့် ပါတိမောက္ခုဒ္ဒေသစသော အနက်လေးနက်ရ၏။ အတ္ထပကရဏကိုထောက်၍ ဤနေရာ၌ ပါတိမောက္ခုဒ္ဒေသရ၏။

### ဥပစာတင်ပုံ

အပေါင်းဖြစ်သော ပါတိမောက္ခုဒ္ဒေသ, နာမပညတ်, ဥပဝါသ, အဋ္ဌင်္ဂဥပုသ်, ဥပုသ်နေ့တို့၏ ဥပေါသထော အမည်ကို အစိတ်ဖြစ်သော ပါတိမောက္ခုဒ္ဒေသ၌ တင်စား၍ အစိတ်ဖြစ်သော ပါတိမောက္ခုဒ္ဒေသကို ဥပေါသထော–ဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာ။ (နေယျတ္ထ။ ရှင်ဦး။)

http://www.dhammadownload.com


### ပဝါရဏာပုဒ် မှတ်ဖွယ်

† ဝရ အာဝရဏေ-လ-ပဝါရေတိ၊ ပဝါရယတိ။ ပဝါရဏံ၊ ပဝါရဏန္တိ နိသေဓနံ ဝါ ကာမျဒါနံ ဝါ။ နီတိ၊ ဓာ။ ၃၃၆၊

† ပဝါရဏာ ပဋိက္ခေပေ၊ ကထိတာဗ္ဗောသနာယစ။ ခါန်။ ၁၀၀၆။

### ပဝါရဏာ။ ပဝါရနာ

ပဝါရဏာကား ပပုဗ္ဗဝရဓာတ် ယုပစ္စည်း။ ဣတ္ထိလိင် ဇောတက အာ-ပစ္စည်း။ ရဟာဒိတောဏ-သုတ်ဖြင့် စီရင်ရာ ရကာရန္တဓာတ်ဖြစ်၍ ဒန္တဇ န-ကို မုဒ္ဓဇ-ဏ ပြုန်၊ ပဝါရဏာသာသင့်၊ ပဝါရနာမသင့်။

† ပ ပုဗ္ဗော ဝရ အာဝရဏိစ္ဆာသု ယု၊ ဣတ္ထိယံ အာ။ ပဝါရဏာ။ ခါန်၊ ဋီ။ ၁၀၀၆။

### ဉာဏ်ကောက်

ပဝါရိယတေ အဗ္ဗောသီယတေ သက္ကာရပုဗ္ဗကေန အာယာစိယတေ ပဝါ-ရဏာ။ ဘာဝသာဓိ။ ပ+ဝရ+ယု။

ပ-အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

ဝရဓာတ်အရကား သက္ကာရကို ရှေ့သွားပြုသဖြင့် တောင်းပန်သူ၏ (ဖိတ်ကြားသူ၏) မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်ဟူသော တောင်းပန်ခြင်းကြိယာသည် မုချ။ ယု ပစ္စည်းအရလည်း ဘာဝသာဓနတို့၏ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ယင်းတောင်းပန်ခြင်း ကြိယာပင်ရ၏။

---

### ဓာတုပစ္စယာဒိဝိဘာဂ

သမဂ္ဂ။ ။သမ+ဂမ+ကွိ။

† သမံ (သကလံ) ဂစ္ဆာတီတိ သမဂ္ဂေါ။ (ထောမ။)

† သမံ သကလမေဝ ဂစ္ဆာတီတိ သမဂ္ဂေါ။ (ကပ္ပဒုမ)

တနည်းသမဂ္ဂ။ ။သမ+အဂ္ဂ။ သမံ အဂ္ဂံ ကောဋ္ဌာသော ယဿာတိ သမဂ္ဂေါ။ (ရှေးဆရာမျာ်းဝိဂ္ဂဟ။)

တနည်း။ ။သံ+အဂ္ဂ။ အဂ္ဂေန သိခရေန သင်္ဂတံ သမဂ္ဂံ။ သူစိ။ ခါန်။ ဋီ။ ၇၀၂။ (ဤဌ် သမဂ္ဂ သဒ္ဒါ အလုံးစုံအနက်ကို ဟော၏။ သမာသ်ဝိဂ္ဂဟ။)

† သဗ္ဗါ သံဃာ သာမဂ္ဂီ။ ဓမ္မပဒ။

† သမဂ္ဂါ သခိလာ ဟောထ။ စရိယာ။

† သမဂ္ဂါတိ အဝဂ္ဂါ။ ကာယေန စ စိတ္တေန စ သဟိတာ အဝိရမိတာ အဝိယုတ္တာတိ အတ္ထော။ စရိယာ၊ ဋ္ဌ၊ ၃၂၅။

http://www.dhammadownload.com



**အနက်ယောဇနာ**။ ။သမဂ္ဂေါ၊ (ကိုယ်စိတ်နှစ်ပါးဖြင့်) ညီညွတ်သော (သူ)။ လိင် ၃-ပါး၌ သမဂ္ဂေါ (ပု) သမဂ္ဂံ (နု) သမဂ္ဂါ (ထီ) ဖြစ်၏။

**သာမဂ္ဂီ**။ ။သမဂ္ဂါနံ ဘာဝေါ သာမဂ္ဂီ။ သာရတ္ထ။ ၂။ ၃၄။ (ဏာ၀-ဏီကာဒိ သုတ္တေန ဤပစ္စယော။ ရူ။ နှာ။ ၂၃၉။) သမဂ္ဂါနံ၊ ကိုယ်စိတ်နှစ်ပါးဖြင့် ညီညွတ်ကုန်သောသူတို့၏။ ဘာဝေါ၊ တည်း။ ဘာ၀တဒ္ဓိတ်၊ သမဂ္ဂ+ဏ+ဤ။

သမဂ္ဂ-အရကား ကိုယ်စိတ်နှစ်ပါးဖြင့် ညီညွတ်ကုန်သော ရဟန်းတို့ဒြပ် သည့်မုခ္ခ၊ ယင်းတို့၏ မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်ဟူသော ညီညွတ်ခြင်း ကြိယာနှင့် ဌာန ဌာနီ စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏ-ပစ္စည်းအရကား ထိ-ဖြင့် မှတ်အပ်သော ရဟန်းတို့၏ မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်ဟူသော ညီညွတ်ခြင်းကြိယာရ၏။ (ဤ ပစ္စည်း ထိဇောတက မျှသာတည်း။)

**မှတ်ချက်**။ ။စရိယာ၊ ငွ-၌ သမဂ္ဂါကို သဟိတာဟု ဖွင့်၏။ သမဂ္ဂ= သံ+အဇ ဓာတ်ကို သဟိတာ=သဟ+ဣတဟု ဣဓာတ်ဖြင့် ဖွင့်သည်ဟုကြံနိုင် သည်။ သို့ကြံ၍-ကာယေန စ စိတ္တေန စ သမံ (သဟ) အဇန္တိ ပဝတ္တန္တီတိ သမဂ္ဂါ ဟု ဝိဂ္ဂဟပြုနိုင်သည်။ (ဤကား နောမတိ။)

---

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် ဒုမ္မင်္ကု (ဒုဿီလ) ပုဂ္ဂိုလ်ကိုနှိပ်ကွပ်ခြင်းသည် ပေသလဘိက္ခု တို့အတွက် ချမ်းသာခြင်းအကျိုးရှိသည်ဟု သိစေသည်။ (ဘာဝတ္ထ။)

---

## ❁ နည်းနှင့် ဥပစာ

**သံဃကမ္မာနိ နပ္ပဝတ္တန္တိ**။ ။သံဃကမ္မာနိ သဒ္ဒါသည် ယှဉ်ဖက် ဥပေါ သထောသဒ္ဒါ၊ ပဝါရဏာသဒ္ဒါတို့၏ အနက်ကိုချန်၍ ဥပုသ်ကံ, ပဝါရဏာကံမှ ကြွင်းသော သံဃကံဟူသောအနက်ကို ဟောသောကြောင့် ဂေါဗလီဗဒ္ဒနည်း မည်၏။ (ပါရိသေသနည်း၊ ပုညာဏာသမ္ဘာရနည်းလည်းရသည်။)

အပေါင် ဖြစ်သော အလုံးစုံသော သံဃကံတို့၏ သံဃကမ္မာနိ အမည်ကို အစိတ်ဖြစ်သော ဥပုသ်ကံ ပဝါရဏာကံမှကြွင်းသော သံဃကံတို့၌ တင်စား၍ ကြွင်းသောသံဃကံတို့ကို သံဃကမ္မာနိဟု ဆိုသောကြောင့် ကေ ဒေသျူပစာ။ သမုဒါယူပစာ။

**မှတ်ချက်**။ ။ဤသုံးနည်းရလျှင် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ အမြဲရသည်။ ယင်းကေဒေသျူပစာရတိုင်းကား ၎င်းသုံးနည်းမရ။ အပြန်အလှန် မရဟူလို။

---

http://www.dhammadownload.com



(က) ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ-လံ-ဒုက္ခဝိသေသာ၊ (ခ) ဣတိ ဣဓမေ သံ-လ-ထကနာယာတိ အတ္ထော။ ဌ။ ၁၉ဝ။

## ⊛ အာသဝေါစနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဒုက္ခဝိသေသာဖြင့် အာသဝ နံ၌ အာသဝသဒ္ဒါသည် သေရည် အရက်၊ ကာမာသဝ စသောအနက်ကိုမဟော၊ ဥပဒ္ဒဝအနက်ကိုဟောသတည်း ဟု သိစေသည်။ (နာမသိဂ်တ္ထ။)

† သုရာယုပ္ပဒ္ဒဝေကာမာ၊ သံဝါဒိမှိ စ အာသဝေါ။ (ဓာန်။ ၉၆၉။)

မှတ်ချက်။ ။အာသဝါကို ဒုက္ခဝိသေသာ-ဟုဖွင့်။ ပါဏိပ္ပဟာရ-လ-ဝိပ္ပဋိသာရာယဖြင့် ဒုက္ခဝိသေသ သရုပ်ကိုဖွင့်။ အတ္တဘာဝေ ပတ္တဗ္ဗာဖြင့် ဒိဋ္ဌဓမ္မိကာနံကိုဖွင့်သည်ဟု အကျဉ်းမှတ်။

က-ဝါကျ၌ ပါဏိပ္ပဟာရ-လ-ဝိပ္ပဋိသာရာဒယောဖြင့် ဒုက္ခဝိသေသာအရ ပါဏိပ္ပဟာ-လ-ဝိပ္ပဋိသာရ စသည်ကိုယူရမည်ဟုသိစေသည်။(အဘိဓေယျတ္ထ။)

က-ဝါကျ၌ အတ္တဘာဝေ ပတ္တဗ္ဗာ-ဖြင့် ဒိဋ္ဌဓမ္မိကာ-၌ ဒိဋ္ဌဓမ္မပုဒ်ကို ဒိဋ္ဌော စ သောဓမ္မောစာတိ ဒိဋ္ဌဓမ္မော-ဟု ဝစနတ္ထပြု၍ ဒိဋ္ဌဓမ္မအရ အတ္တဘာဝ ကိုယူရမည်-ကိုလည်းကောင်း[1]၊ ဒိဋ္ဌဓမ္မိကပုဒ်ကို ဒိဋ္ဌဓမ္မေ ပတ္တဗ္ဗာ (ဘဝါ) တိ ဒိဋ္ဌဓမ္မိကာဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[2]၊ ဣကပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း[3] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓေယျတ္ထ။ ၃။ ပစ္စယတ္ထ။

† ဣဓ ပန ပရူပဝါဒဝိပ္ပဋိသာရဝဓဗန္ဓနာဒယော စေဝ အပါယ ဒုက္ခ ဘူတာ စ နာနပ္ပကာရာ ဥပဒ္ဒဝါ အာသဝါတိ အာဟ အသံဝရေဒိတေန -လ-ပတ္တဗ္ဗာတိ အာဒိ။ သာရတ္ထ၊ ၂။ ၃၄။

† ဒိဋ္ဌဓမ္မော ဝုစ္စတိ ပစ္စက္ခော အတ္တဘာဝေါ။ တတ္ထ ဘဝါ ဒိဋ္ဌဓမ္မိကာ။ တေန ဝုတ္တံ တသ္မိညေဝ အတ္တဘာဝေ ပတ္တဗ္ဗာတိ။ သာရတ္ထ။ ၂။ ၃၅။

† ဉာဏေန ဒဋ္ဌဗ္ဗောတိ ဒိဋ္ဌော။ ဒိဋ္ဌော စ သော သဘာဝဋ္ဌေန ဓမ္မော စာတိ ဒိဋ္ဌဓမ္မော။ သိ၊ ဋီ၊ သစ်၊ ၁။ ၄၅၀။

† ဒိဋ္ဌဓမ္မော ဝုစ္စတိ ပစ္စက္ခဘူတာ ခန္ဓာ။ မ။ ဋီ၊ ၁။ ၁၄၄။

## ဉာဏ်ကောက်

ဒိဋ္ဌ။ ။ဉာဏေန ဒဋ္ဌဗ္ဗောတိ ဒိဋ္ဌော။ (ဉာဏေန၊ ဉာဏ်အားဖြင့်။ ဒဋ္ဌဗ္ဗော၊ မြင်အပ်၏။ ဣတိ ဒိဋ္ဌော။) ကမ္မသာဓန၊ ဒိသဓာတ်+တ-ပစ္စည်း။

http://www.dhammadownload.com


ဒိသစေတ်—မြင်သောသူ၏ ဉာဏ်ဖြင့်ခြားနှင်းသော စိတ္တုပ္ပါဒ်ရ၏။ ကမ္မတ္ထကား ထို-အားတပ်သော သဘာဝ (ခန္ဓာ, အတ္တဘော) ၏ အာရမ္မဏ ပစ္စယ်သတ္တိ သည် ဖလူပစာ။ တ-ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော မြင်အပ်သော သဘာဝ၊ ဝါ-ခန္ဓာကိုယ်အတ္တဘောရ၏။

**ဒိဋ္ဌဓမ္မော။** ။ဒိဋ္ဌော စ သော ဓမ္မော စာတိ ဒိဋ္ဌဓမ္မော၊ ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရယ်။ ဒိဋ္ဌ ပုဒ်+ဓမ္မပုဒ်။

ဒိဋ္ဌ—အရကား ဉာဏ်ဖြင့်မြင်ခြင်း ဒိဋ္ဌဘောဂုဏ်သည် မုချ။ ယင်း၏သဘော တရား (ခန္ဓာကိုယ်အတ္တဘော) နှင့် ဂုဏ်ဂုဏေစပ်။ ဒိဋ္ဌဓမ္မ-အရကား ထို-ဖြင့် မှတ်အပ်သော ဉာဏ်ဖြင့် မြင်အပ်သောသဘောတရား (အတ္တဘော ခန္ဓာကိုယ်) ရ၏။

**ဒိဋ္ဌဓမ္မိက။** ။ဒိဋ္ဌဓမ္မေ ပတ္တဗ္ဗာ (ဘာဝါ) ဒိဋ္ဌဓမ္မိကာ။ ပတ္တဗ္ဗ(ဘာဝ)တဒ္ဓိတ်။

ဒိဋ္ဌဓမ္မ-အရကား ဉာဏ်ဖြင့်မြင်အပ်သော သဘော (ခန္ဓာကိုယ် အတ္တဘော) သည်မုချ။ ယင်း၏ အာသဝတို့နှင့် ဌာန ဌာနီစပ်။ ဣက-အရကား ထို ဖြင့် မှတ်အပ်သော ပါဏ်ပွဟာရစသော အာသဝ (ဒုက္ခဝိသေသ) တို့ရ၏။

က-ဝါကျ၌ တသ္မိံ ယေဝ-ဖြင့် အတ္တဘာဝအရ တမလွန်အတ္တဘောကို မယူရ၊ ပစ္စုပ္ပန် အတ္တဘောကို ယူရမည်ဟု သိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျ၌ ပိဓာနာယ-ဖြင့် သံဝရာယ၌ ဝရဓာတ်သည် ဂုစ္ဆာအနက်ကို မဟော၊ ပိတ်ဆို့ခြင်း (အာဝရဏ) အနက်ကိုဟောသတည်းဟု သိစေသည်။ (ဒုတိယဓာတွတ္ထ။)

ခ-ဝါကျ၌ အာဂမနထကနာယ-ဖြင့် ပိဓာယ-၌ အပိ ဥပသာရ၏ ဓာတွတ္ထ ဝိသေသက၏ အဖြစ်ကိုလည်းကောင်း[၁]၊ အပိ-၌ အ-သဒ္ဒါကျေသည်-ကိုလည်းကောင်း[၂]၊ ဓာဓာတ်၏ ပိတ်ခြင်း (ထကန) အနက်ဟောသည်-ကို လည်းကောင်း[၃]၊ လာသောလမ်းကြောင်းကို ပိတ်၏ဟူသော အဓိပ္ပာယ်ကို လည်းကောင်း[၄] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။ ၄။ ဘာဝတ္ထ။

မှတ်ချက်။ ။ပိဓာနာယ=အပိပုဗ္ဗ+ဓာဓာတ်+ယု ပစ္စည်း၊ သဝိဘတ်၏ ကာရိယ အာယ။ ယင်းကို ထကနကာယ=ထက+ယု+အာယဖြင့် ဖွင့်သည်။

† ထက ပဋိဃာတေ၊ ထကေတိ ထကယတိ ဒွါရံ ပုရိသော၊ နီတိ၊ဓာ။ ၂ဝ၁။

http://www.dhammadownload.com


အနုက်ယောဇနာ။ ။ဒိဋ္ဌဓမ္မိကာနံ၊ ဉာဏ်ဖြင့် မြင်အပ်သောသဘော ဟူသော ပစ္စက္ခ အတ္တဘော၌ဖြစ်ကုန်သော။ အာသဝါနံ၊ လက်ဖြင့် ပုတ်ခတ်ခြင်းစသော ဆင်းရဲအထူးဟူသော ဘေးရန်တို့ကို။ သံဝရာယ၊ လာရာလမ်းကို တားမြစ်ပိတ်ဆို့ခြင်းငှာ။ (သိက္ခာပဒံ ပညာပေဿာမိ။)

---

## နည်းနှင့် ဥပစာ

အပေါင်းဖြစ်သော သေရည်အရက်၊ အာသဝေါတရား ၄-ပါး ဥပဒ္ဒဝေါတို့၏ အာသဝအမည်ကို အစိတ်ဖြစ်သော ဥပဒ္ဒဝ၌တင်လေ။ ကေဒေသျူပစာဝါ-သမုဒါယူပစာ၊ (နေယျတ္ထ။ ရှဋ္ဌိ။)

---

(က) သမ္မာပရိဗ္ဗာဇနိယံ-လ-ဒုက္ခဝိသေသာ။ (ခ) တေသံ ပဋိဃာတတ္ထာယ-လ-ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၁၉၀။

က-ဝါကျ၌ ဒုက္ခဝိသေသာ-ဖြင့် သိစေအပ်သော အာဘော် သံဝဏ္ဏနာကား ဒိဋ္ဌဓမ္မိကာနံ ဝါကျနှင့်တူပြီ။

က-ဝါကျ၌ နရကာဒီသု-ဖြင့် သမ္မာပရိဗ္ဗာဇနိယပုဒ်ကို သမ္မာရေတဗ္ဗော ပစ္စဂန္တဗ္ဗော တိ သမ္မာပရိဗ္ဗာဇော ဟု ဝစနတ္ထပြု၍ သမ္မာပရိဗ္ဗာဇအရ ပရလောကဖြစ်သော ငရဲစသည်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

က-ဝါကျ၌ သမ္မာပရိဗ္ဗာဇေ ပတ္တဗ္ဗာ-ဖြင့် သမ္မာပရိဗ္ဗာဇနိယပုဒ်ကို သမ္မာပရိဗ္ဗာဇေ ဘဝါ သမ္မာပရိဗ္ဗာဇနိယာဟု ဘဝတဒ္ဓိတ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[1] ဣက ပစ္စည်း၏ ဘဝတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[2] သိစေသည်။

၁။ အဘိဓာနတ္ထ၊ ၂။ ပဒ္ဓယတ္ထ။

† သမ္မာရေတဗ္ဗတော ပေစ္စ ဂန္တဗ္ဗတောတိ သမ္မာပရိဗ္ဗာဇော၊ ပရလောကောတိ. အာဟ သမ္မာပရိဗ္ဗာဇေ နရကာဒီသူတိ။ သာရတ္ထ၊ ၂။၃၅။

## ဉာသိကောက်

သမ္မာပရိ။ ။သမ္မာရေတဗ္ဗော ပေစ္စ ဂန္တဗ္ဗောတိ သမ္မာပရိဗ္ဗာဇော။ (ယော နရကာဒိ၊ အကြင်ငရဲ အစရှိသော။ ပေစ္စ၊ တမလွန်ဘဝသို့။ အသံဝရေ၊ မစောင့်စည်းခြင်း၌။ ဌိတေန၊ တည်သောသူသည်။ သမ္မာရေတဗ္ဗော၊ ရောက်အပ်၏။ ဣတိ သော နရကာဒိ သမ္မာပရိဗ္ဗာဇော။) ကမ္မသာဓန။ သံပုဗ္ဗ+ပရာပုဗ္ဗ+ဣဓာတ်+ဏပစ္စည်း။

သံ, ပရာ ဟူသော ဥပသာရပုဒ်တို့ အရှိကား ဓာတွတ္ထာနုဝတ္တကဘော ဂုဏ်ရှိ၏။ ဣဓာတ်အရ ကတ္တုရုပ္ပကား မစောင့်စည်းခြင်း၌တည်သော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်သည်မှချ။ ကမ္မတ္ထကြိယာ အရကား၊

http://www.dhammadownload.com


ထို-ဖြင့် မှတ်အပ်သော ငရဲစသော ဒုဂ္ဂတိ၏ ပစ္စယုပ္ပန္နဘောဂုဏ်ရ၏။ ဏ-ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော ငရဲစသော ဒုဂ္ဂတိရ၏။

**မှတ်ချက်**။ ။သမ္ပရာယ၌ အကုသိုလ်စေတနာဟူသော အန္တတ္ထ(ဓာတွတ္ထ) အရ တရားက ဗာဟျတ္ထအရ နရကာဒိအား နာနက္ခဏိကပစ္စယသတ္တိ၊ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

**သမ္ပရာယိကာ**။ ။သမ္ပရာယေ ဘဝါ သမ္ပရာယိကာ။(သမ္ပရာယေ၊ ပရလောကဟူသော ငရဲစသည်၌။ ဘဝါ၊ ဖြစ်ကုန်သော ဥပဒ္ဒဝေါတို့တည်း။) ဘဝတဒ္ဓိတ်၊ သမ္ပရာယ+ဣက။

သမ္ပရာယ-ကား ပရလောကဟူသော ငရဲစသည်သည် မုချ။ ယင်း၏ ဆင်းရဲခြင်းအထူးဟူသော ဥပဒ္ဒဝေါနှင့် ဌာန ဌာနီစပ်။ ဣကပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော ဆင်းရဲခြင်းအထူးဟူသော ဒုက္ခဝိသေသရ၏။(ဝိသေ-သနဆက်ကောက်။)

**နရက**။ ။နရန္တိ ပါပုဏန္တိ သတ္တာ တွောတိ နရကော=နိရယော။ မောဂ်။ ၇။ ၁၈။ ကတ္တုဒ္ဓ-ရဲသို့ကျရောက်သော သတ္တဝါ။ အဓိကရဏတ္ထ။ ထို-အားတပ်သော ငရဲ၏ ပကတူပနိဿယသတ္တိ။ အကပစ္စည်းအရ-ငရဲရ၏။ နရဓာတ်+အက ပစ္စည်း။

ခ-ဝ ါကျ၌ ပဋိပဿမ္ဘနတ္ထာယ-ဖြင့် ပဋိဃာတတ္ထာယ-၌ ပဋိဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း၊ ဟန-ဓာတ်၏ ဟိံသာ ဂတိ အနက်တို့ကို မဟော၊ ငြိမ်းအေးခြင်း=ပဋိပဿမ္ဘနအနက်ဟောသည်-ကိုလည်းကောင်း၊ ဏ-ပစ္စည်း၏ ဘာဝသာဓနေ၌သက်သည်-ကိုလည်းကောင်း၊ ပဋိဟ-ဟနနံ ပဋိဃာတော ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂ။ ၂။ ဒုတိယဓာတွတ္ထ။
၃။ ဒုတိယပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။

**အနက်ယောဇနာ**။ ။သမ္ပရာယိကာနံ၊ ငရဲစသော တမလွန်လောက၌ဖြစ်ကုန်သော။အာသဝါနံ၊ဆင်းရဲဒုက္ခအထူးဟူသော ဥပဒ္ဒဝေါတို့၏။ ဝါ-တို့ကို။ ပဋိဃာတာယ၊ ငြိမ်းအေးခြင်းငှာ။ (ပဋိပ္ပဿမ္ဘနတ္ထာယ- အဖွင့်နှင့်အညီ။) ပဋိဃာတာယ၊ ပယ်သတ်ခြင်းငှာ။ (ဟန ဟိံသာဂတီသုနှင့်အညီ။) ငြိမ်းအေးခြင်းငှာ။ (ဝူပသမတ္ထာယနှင့်အညီ။) သိက္ခာပဒံ ပညပေဿာမိ-စပ်။

http://www.dhammadownload.com


(က) အပ္ပသန္နာနံ ပသာဒါယာတိ-လ-ပသာဒံ အာပဇ္ဇတိ။
(ခ) ဝိနယပိဋကေ ပေါတ္ထကံ-လ-ဗြာဟ္မဏော ဝိယ။
(ဂ) တေနဝုတ္တံ-လ-ပသာဒါယာတိ။ ၄။ ၁၉၀။

## ဝါကျခွဲနှင့် ကျမ်းတက်

က-ဝါကျကား (ဥတိ-ကို ယသ္မာလုန်) ကာရကဝါကျ။ ထို-၍ ဂ-ဝါကျကား ဖလဝါကျ။ ဝါ-လဒ္ဓဂုဏဝါကျ။

က-ဝါကျတွင် သိက္ခာပဒပညတ္တိယာ-လ-ပဏ္ဍိတမနုဿာ-ကား အနိယတ်ဝါကျ။ တေ-လ-ပသာဒံ ဇနေတိကား နိယတ်ဝါကျ။ ၂-ပါးစုံသဖြင့် ဥတ္တမဝါကျ။ (ဤ က-ဝါကျ၌ လိုရင်းကား အပ္ပသန္နာ (ပိ) ပဏ္ဍိတမနုဿာ ပသာဒံ အာပဇ္ဇန္တိ။) က-ဝါကျ၌ အာကာရ+အာကာရဝန္တစသည် ခွဲလေဦး။

### ခ-ဝါကျ ကျမ်းတက်

တုမှေဟိ အာစရိယ သိက္ခာပဒပညတ္တိယာ သတိ သိက္ခာပဒပညတ္တိံ ဥတွာ ဝါ, ယထာပညတ္တံ ပဋိပဇ္ဇမာနေ ဘိက္ခူ ဒိသွာ ဝါ အပ္ပသန္နာ ပဏ္ဍိတမနုဿာ (ပိ) ပသာဒံ အာပဇ္ဇန္တိ။ ကော ဝိယ ပသာဒံ အာပဇ္ဇတီတိ ပုစ္ဆာဘာဝတော ဂ-ကာရကံဝါကျ-မာဟ။

မှတ်ချက်။ ။ဂ-ဝါကျ၌ ဗြာဟ္မဏော ဝိယ ဟု ပထမာဝိဘတ်နှင့်ရှိသဖြင့် ကော ဝိယ ဟု ပထမာဝိဘတ်နှင့် ပုစ္ဆာထုတ်သည်။

ခ-ဝါကျကား ဥပမာနဝါကျ။ ဝါ-သာဓကဝါကျ၊ ထို-၍ က-ဝါကျကာ -ဥပမေယျဝါကျ ဝါ-သာဓျဝါကျ။

---

## ဓာတုပစ္စယ-ဒီဝိဘာဂ

ပသာဒ။ ။ပ+သဒ+ဏ။ (ပသီဒန် ပသာဒေါ ဟု ဝိဂ္ဂဟကြံ။ နီတိ' ဓာ။ ၉၅-၌ကား သီဒ-ဓာတ်ရှိသည်။)

ပသန္န။ ။ပ+သဒ+တ။

ပေါတ္ထက။ ။ပုသဓာတ်+ထ—ပစ္စည်း။ သုတ္တ=က-သက်၍ ပေါတ္ထက ဖြစ်၏။ သူစိ။

---

## ပါဠိဝိနိစ္ဆယ

မိစ္ဆာဒိဋ္ဌိက ကုတဝေဒိဗြာဟ္မဏော။ မိစ္ဆာဒိဋ္ဌိကော၊မှားသောအယူရှိသော။ ကုတဝေဒိဗြာဟ္မဏော၊ ကတဝေဒီမည်သော ပုဏ္ဏားသည်-ဟုလည်းကောင်း၊ ကတဝေဒီ, ပြုအပ်ပြီးသောကျေးဇူးကို သိလေ့ရှိသော။ ဗြာဟ္မဏော၊ သည်-ဟုလည်းကောင်း၊ နိသျတ္တိယောဇနာ ကြံ၏။ ဤနိသျတ္တိအလို မိစ္ဆာဒိဋ္ဌိက ကတဝေဒီ ဗြာဟ္မဏော-ပါဠ် သင့်သည်။

http://www.dhammadownload.com



**မိစ္ဆာဒိဋ္ဌိက-တိဝေဒီဗြာဟ္မဏော။** ။မိစ္ဆာ-လ-ဗြာဟ္မဏော ဝိယ၊ မှားသော အယူရှိသည်ဖြစ်၍ ဗေဒင်သုံးပုံသိသိသော၊ ဗြာဟ္မဏော ဝိယ၊ ကဲ့သို့-ဟု အနက်ယောဇနာ။ တိဝေဒ (ဗေဒင်သုံးပုံကို) ဇာနာတီတိ တိဝေဒီ။ မိစ္ဆာဒိဋ္ဌိကော ဟုတွာ တိဝေဒီ မိစ္ဆာဒိဋ္ဌိကတိဝေဒီ ဟု ဝဇနတ္တပြု။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိကတိဝေဒီဗြာဟ္မဏော-လည်း သင့်။

---

(က) ပဿန္တာနံ ဘိယျော-လ-ပဿိဒန္တိ။ (ခ) တေန ဝုတ္တံ-လ-ဘာဝေါယာတိ။ ဋ္ဌ။ ၁၉၀။

**ဘိယျော။** ။ပုနရတ္ထ (အဖန်ဖန်အနက်) ကို ဟောသော နိပါတ်ပုဒ်။ ဩကာရန္တ။ ရှု-၌ ပထမန္တနိပါတ်ဟု ဆိုသည်။ (ဗဟုတရ အနက်ဟောလျှင် နာမ်ပုဒ်။ ပုနရတ္ထ ဟောလျှင် နိပါတ်ပုဒ်။

† ဘိယျော ဗဟုတရေတ္ထေသော၊ ပုနရတ္ထေ သိယာ ဗျယံ။ (ဓာန်။ ၉၅၀။)

† ဘိယျောဘာဝေါယာတိ ဥပရိဘာဝေါယ။ ဒီ၊ ဋ္ဌ၊ ၂။ ၃၉၃။

† ဘိယျော ဘာဝေါယာတိ ပုနပ္ပုနဘာဝေါယ။ အံ၊ ဋ္ဌ၊ ၁။ ၃၇၃။ မ၊ ဋ္ဌီ၊ ၁။ ၃၇၁။

† ဘိယျောဘာဝေါ ပုနပ္ပုနံ ဘဝနံ၊ သော ပန ဥပရူပရိ ဥပ္ပတ္တီတိ အာဟ ဥပရိဘာဝေါယာတိ။ ဒီ၊ ဋ္ဌီ၊ ၂။ ၃၄၆။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဘာဝ။** ။ဘဝနံ ဘာဝေါ။ (ဘူ+ဏ။)

**ဘိယျောဘာဝ။** ။ပုနပ္ပုနံ ဘာဝေါ ဘိယျောဘာဝေါ။ ကမ္မဓာရယ သမာသ်။ ဘိယျော+ဘာဝ။

ဘိယျော-အရကား အဖန်ဖန်၊ ဝါ-လွန်စွာ ဟူသော ဘိယျော ဘောဂျက်သည့် မုချ။ ယင်း၏ ဖြစ်ခြင်းကြီယာနှင့် ဝါ-ကြည်ညိုခြင်းနှင့် ဂုဏ်-ဂုဏေစပ်။ ဘိယျောဘာဝ-အရကား ထို-ဖြင့် မှတ်အပ်သော အဖန်ဖန် လွန်စွာဖြစ်ခြင်း၊ လွန်စွာကြည်ညိုခြင်းရ၏။

---

(က) သဒ္ဓမ္မဋ္ဌိတိယာတိ တိဝိဓော-လ-အဓိဂမသဒ္ဓမ္မော-တိ။ (ခ) တတ္ထ ပိဋကတ္တယံ-လ-အဓိဂမသဒ္ဓမ္မော နာမ။ (ဂ) သော သဗ္ဗောပိ-လ-စိရဋ္ဌိတိကော ဟောတိ။ (ဃ) တေန ဝုတ္တံ သဒ္ဓမ္မဋ္ဌိတိယာတိ။ ဋ္ဌ။ ၁၉၁။

http://www.dhammadownload.com

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရ။ ထို-၍ က-ဝါကျကား သင်္ခေပ။

ခ-ဝါကျတွင် သဒ္ဒမ္မသုံးပါးအဖွင့် ပက္ခ-ပက္ခန္တရ ဝါကျများပါဝင်သည်။

ဂ ဝါကျကား (သဒ္ဒမ္မဋ္ဌိတိဖြစ်ပုံနှင့် သဒ္ဒမ္မဋ္ဌိတိဖြစ်ခြင်း၏ အကြောင်းကို ဆက်လက်ဖွင့်ပြသောကြောင့်) ဝါကျာရမ္ဘ။ တစ်နည်း။ (ခ-ဝါကျဖြင့် သဒ္ဒမ္မ သချုပ် အရကောက်ကို ဖွင့်ပြပြီးနောက် သဒ္ဒမ္မဋ္ဌိတိဖြစ်ပုံကို ယသ္မာ တသ္မာ စသည်ဖြင့် အကျယ်ဖွင့်ပြသောကြောင့်) ဝိတ္ထာရ။ ထို-၍ ခ-ဝါကျကား အာရဒ္ဓ။ တနည်း-သင်္ခေပ။

ဂ-ဝါကျတွင် သိက္ခာပဒပညတ္တိယာ လ ဟောတိကား ဖလဝါကျ။ ထို-၍ ယသ္မာ-လ-တသ္မာကား ကာရဏ။

ဂ-ဝါကျတွင် ယသ္မာ-လ-အဓိဂစ္ဆန္တိ-ကား အနိယတ်။ တသ္မာ-လ-ဟောတိ-ကား နိယတ်။ အနိယတ် နိယတ် ၂-ပါးစုံသောကြောင့် ဥတ္တမ။

ဂ-ဝါကျတွင် ယထာ ပညတ္တဉ္စ-လ-အဓိဂစ္ဆန္တိကား ဝါကျာရမ္ဘ။ ထို-၍ သိက္ခာပဒပညတ္တိယာ-လ-ပရိယာပုဏန္တိကား အာရဒ္ဓ။

ဃ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၍ ဂ-ဝါကျကား လဒ္ဓဂုဏိယ ဝါကျ။

### စာစပ်ပုံ

ဂ-ဝါကျ၌ သော သဗ္ဗောပိ-ပုဒ်ကို စိရဋ္ဌိတိကာ ပုဒ်၌ တုလျတ်, လိင်္ဂတ်စပ်။

**မှတ်ချက်။** ။ယ, တ-ဟူသော အနိယတ် နိယတ် ဝါကျ၊ ဥပမာန ဥပမေယျ ဝါကျတို့၌ ယေဘုယျအားဖြင့် "အပြင်နေ အပြင်စပ်၊ အတွင်းနေ အတွင်းစပ်" ဆောင်ပုဒ်အရ ဂ-ဝါကျတွင် ယသ္မာ၏ အပြင်ဘက် (လက်ဝဲဘက်) ရှိသော သဗ္ဗောပိ-ကို တသ္မာ၏ အပြင်ဘက် (လက်ယာဘက်) ရှိ စိရဋ္ဌိတိကော ပုဒ်၌ စပ်ရသည်။

---

## ဝိဂ္ဂဟနှင့်ညှသ်ကောက်

**အဓိဂမ။** ။အဓိဂန္တဗ္ဗောတိ အဓိဂမော။ (ဘိက္ခူဟိ၊ တို့သည်။ ပဋိပတ္တိယာ၊ ဖြင့်။ ယော လောကုတ္တရဓမ္မော၊ ကို။ အဓိဂန္တဗ္ဗော၊ သိအပ်၏။ ဣတိ သော အဓိဂမော။) ကမ္မသာဓန။ အဓိ+ဂမု+အ။

အဓိ-အရကား ဓာတွတ္ထ ဝိသေသက ဘောဂုဏ်ရ၏။ ဂမုဓာတ်အရ ကတ္တုဋ္ဌကြိယာကား ရဟန်းတို့သန္တာန်၌ဖြစ်သော ပဋိပတ်(ကုသိုလ်)ဖြင့်ခွန်း

http://www.dhammadownload.com

သော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မတ္ထ-ဂ ၁း ထို-အားတပ်သော လောကုတ္တရာ တရား၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစ်။ အ-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော လောကုတ္တရာ တရားရ၏။

မှတ်ချက်။ ။သော သဗ္ဗောပိဓိသော ဂ-ဝါကျ၌ ဘိက္ခု ပဋိပတ္တိယာ အဓိဂန္တုဗ္ဗံ လောကုတ္တရဓမ္မံ အဓိဂစ္ဆန္တိ-ဟူသော အဖွင့်များနှင့်အညီ အဓိဂမ ပုဒ်ကို ဝိဂ္ဂဟပြု၍ ညှိကောက်သည်။

မှတ်ချက်။ ။စိရဋ္ဌိတိကပုဒ် ဝိဂ္ဂဟ-ကို ဝိ၊ ဋ္ဌ၊ ၁။ ၁၅၂-နှင့် ပါ+ ဖြေ။ ပထမ၊ ၇၂၁-၌ ရှုလေ။

---

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် သဒ္ဓမ္မသရုပ်ကို ပြသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျဖြင့် သဒ္ဓမ္မ သုံးမျိုး၏ သရုပ်ကို အသီးသီး (၃-ဝါကျ) ဖွင့်ပြသည်။ (အဘိဓေယျတ္ထ။ သုံးချက်။)

ဂ-ဝါကျ၌ အဓိဂန္တဗ္ဗံ-ဖြင့် အဓိဂမောပုဒ်ကို အဓိဂန္တဗ္ဗောတိ အဓိဂမောဟု ကမ္မသာဓနေဝိစနတ္တပြုရမည်-ကိုလည်းကောင်း[၁]၊ အ-ပစ္စည်း၏ ကမ္မသာဓန၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပဋ္ဌယတ္ထ။

ဂ-ဝါကျ၌ လောကုတ္တရဓမ္မံ-ဖြင့် အဓိဂန္တဗ္ဗံ (အဓိဂမ) အရ လောကုတ္တရာ တရားကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

---

## ❁ ပါဌ်ဝိနိစ္ဆယ

**ဒွေအသီတိ မဟာဝတ္တာနိ။ အသီတိ မဟာဝတ္တာနိ။** ။သင်္ချာသဒ္ဒါ သုံးစွဲနည်းသည် သင်္ချာ (အရေအတွက်) နှင့် သင်္ချေယျ (ရေတွက်အပ်သော ဝတ္ထု) အညီအမျှ သုံးစွဲသည်ကို တွေ့ရသကဲ့သို့ (၁) သင်္ချေယျထက်ပို၍ သုံးစွဲသည်=အဓိကသင်္ချာ။ (၂) သင်္ချေယျအောက်လျော့၍ သုံးစွဲခြင်း=ဦနသင်္ချာဟု သင်္ချာ ၂-မျိုးဖြင့် သုံးစွဲသည်ကို တွေ့နိုင်သည်။

ဤအသီတိမဟာဝတ္တာနိ၌ မဟာဝတ်မှာ ၈၂-ပါး (ဒွေအသီတိ)ရှိသည်။ သို့သော် ဦနသင်္ချာနည်းဖြင့် အသီတိမဟာဝတ္တာနိ-ဟု ဆိုသည်။ သို့ဖြစ်၍ ဦန သင်္ချာနည်းအားဖြင့်ဆိုလျှင် "အသီတိ မဟာဝတ္တာနိ" ရှိသောပါဌ် သင့်၍ သင်္ချာနှင့် သင်္ချေယျ အညီအမျှဆိုလျှင် ဒွေအသီတိ မဟာဝတ္တာနိ-ပါဌ်လည်း သင့်သည်။ ၂-ပါဌ်သင့် ဟူလို။

http://www.dhammadownload.com



† အညတ္ထ ပန အဋ္ဌကထာပဒေသေ အပ္ပကံ ဦနမဓိကံ ဝါ၊ ဂဏ-နူပဂံ န ဟောတီတိ အသီတိခန္ဓကဝတ္တာနီတိ ဝုတ္တံ။ သာရတ္ထ၊ ၂။ ၃၅-၆။

---

(က) ဧဝံ သိက္ခာပဒပညတ္တိယာ-လ-အာဟ။ (ခ) ကိံ ဝုတ္တံ ဟောတိ။ (ဂ) ဘိက္ခဝေ-လ-ဝါစေယျာထာတိ။ (ဃ) အတိရေကာနယနတ္ထော ဟိ တ္ထေ စသဒ္ဒေါ၊ (င) တေနာယမတ္ထော အာနီတော ဟောတီတိ။ ဋ္ဌ၊ ၁၉၁။

## ❁ ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဂ-ဝါကျကား အဝယဝတ္ထုပြ ဝိတ္ထာရ။ ထို-၍ က-ဝါကျကား အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထုပြ သင်္ခေပ။

ခ-ဝါကျကား ပါဒကဝါကျ။ ဝါ-ပုစ္ဆာဝါကျ။

ဂ-ဝါကျကား ဝိတ္ထာရဝါကျ။ ဝါ ဝိသဇ္ဇနာဝါကျ။

ဃ-ဝါကျကား ကာရဏဝါကျ။ ဝါ-ယုတ္တိဒဋ္ဌိကရဏ။ ထို-၍ ဂ-ဝါကျကား ဖလဝါကျ။ ဝါ-ယုတ္တိဒဋ္ဌိယဝါကျ။

## ဃ-ဝါကျအယုတ္တပုစ္ဆာတက်

ဆရာ၊ ဆရာသည် ဥဒ္ဒိသေယျာထ ဟု မြတ်စွာဘုရားက (တပုဒ်တည်း) ဟောတော်မူပါလျက် ဥဒ္ဒိသေယျာထ စ ပရိယာပုဏေယျာထ စ ဓာရေ-ယျာထ စ အညေသဉ္စ ဝါစေယျာထ စ ဟု ဖွင့်ဆိုတော်မူ၏။ ယင်းသို့ ဥဒ္ဒိသေယျာထ-ဟု ဟောရာ၌ အဘယ်သို့လျှင်၊ ဝါ-အဘယ်ကြောင့် ပရိယာ ပုဏေယျာထ စ ဓာရေယျာထ စ အညေသဉ္စ ဝါစေယျာထ စ ဟူသော အနက် ဖြစ်သင့်ပါသနည်း-ကြောင့် ဃ-ဝါကျမိန့်။

ကား-ဃ-ဝါကျဖြင့် ဤ ဝေဋ္ဌ စသည်၌ စ-သဒ္ဒါ၏ ဆိုအပ်ပြီးသော (ဥဒ္ဒိသေယျာထ) အနက်ထက် အပိုအလွန်ဖြစ်သော (ပရိယာပုဏေယျာထ စသော)အနက်ကို ဆောင်ခြင်းရှိသည်၏အဖြစ်ကြောင့် ဥဒ္ဒိသေယျာထဟုတပုဒ်တည်းဆိုရာ၌ ပရိယာပုဏေယျာထ စသော အနက်ကို ငါဖွင့်ဆို၏ ဟူလို။

† ကထံ ပနေတ္ထ "ဥဒ္ဒိသေယျထာ"တိ ဝုတ္တေ ပရိယာပုဏေယျာထာတိအာဒိ အတ္ထသမ္ဘဝေါတိ အာဟ။ အတိရေကာနယနတ္ထော ဟိ တ္ထေ စသဒ္ဒေါတိ။ သာရတ္ထ ၂။ ၃၈။

http://www.dhammadownload.com



**မှတ်ချက်။** ။သာရတ္ထဒီပနီကာ၌ ဥဒ္ဒိသေယျာသာတိ ဝုတ္တေ ဟူသော လက္ခဏာ အရစိဝါကျကို နနု ပါဠိယံ ဥဒ္ဒိသေယျာသာတိ ဗွေကမေဝ ဝုတ္တံ ဟု အနွယ အာဘော်။ နနု ပါဠိယံ ပရိယာပုဏေယျာထ စ ဓာရေယျာထ စ အညေသဉ္စ ဝါစေယျာထာတိ န ဝုတ္တံ ဟု ဗျတိရေကာဘောဂ ပြုလေ။

* လက္ခဏာကို၊ ပိနှင့်ဆိုမှု၊ ထိုလက္ခဏာ၊ စောဒကာ၏၊ မြင်ရပေါတု အာဘော်တည်း။ (သမ္ဗန္ဓစိန္တာဂဏ္ဌိသစ်။)

င-ဝါကျကား လဒ္ဓဂုဏ။ ထို-၌ ဃ-ဝါကျကား လဒ္ဓဂုဏီယဝါကျ။

---

## ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**အာနယန**။ ။အာနီယတေ အာနယနံ။ (ဆောင်ခြင်း။)

**အတိရေကာနယန**။ ။ဝုတ္တတ္ထတော အတိရေကဿ အတ္ထဿ အာနယနံ အတိရေကာနယနံ။ (ဝုတ္တတ္ထတော၊ ဆိုအပ်ပြီးသော အနက်ထက်။ အတိရေ-ကဿ၊ ပိုလွန် သာလွန်သော။ အတ္ထဿ၊ အနက်ကို။ အာနယနံ၊ ဆောင်ခြင်း။) ဂ-မ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ်။ အတိရေက+အာနယန။

အတိရေက-အရကား ဆိုအပ်ပြီးသော ဥဒ္ဒိသေယျာထ ဟူသောအနက် ထက် ပိုလွန်သော ပရိယာပုဏေယျာထ ဓာရေယျာထ အညေသဉ္စ ဝါစေ-ယျာထ ဟူသောအနက်သည် မုချ။ ယင်း၏ ဆောင်ခြင်းကြိယာနှင့် ကမ္မ ကမ္မီ၊ ဝါစ္စ ဝါစက စပ်ခြင်းသမ္ဗန္ဓသည် ဌာနူပစာ။ အတိရေကာနယန ဟူသော သမာသ်ပုဒ်အရကား ထို-ဖြင့် မှတ်အပ်သော ဆိုအပ်ပြီးသော ဥဒ္ဒိသေယျာထ ဟူသောအနက်ထက် ပိုလွန် သာလွန်သော ပရိယာပုဏေယျာထ, ဓာရေယျာထ, အညေသဉ္စ ဝါစေယျာထ ဟူသောအနက်ကို ဆောင်ခြင်းရ၏။

**မှတ်ချက်**။ ။ဆောင်ခြင်းဟူသည် ပြောခြင်းပင်တည်း။

**အတိရေကာနယနတ္ထော**။ ။အတိရေကာနယနံ အတ္ထော ဧတဿာတိ အတိရေကာနယနတ္ထော။ (ဧတဿ စသဒ္ဒဿ၊ ထို စသဒ္ဒါအား။ အတိရေကာနယနံ၊ ဆိုအပ်ပြီးသော-လ-ဆောင်ခြင်းဟူသော။ အတ္ထော၊ အနက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ သော စသဒ္ဒေါ အတိရေကာနယနတ္ထော။) တဂ္ဂုဏသံဝိညာဏ စတုတ္ထီ ဗဟုဗ္ဗီဟိ။ အတိရေကာနယနပုဒ်+အတ္ထပုဒ်+ဧတ-ပုဒ်။

အတိရေကာနယန အတ္ထ—အရကား ဆိုအပ်ပြီးသော ဥဒ္ဒိသေယျာထ-လ-ဟူသောအနက်သည် မုချ။ ယင်း၏ စ-သဒ္ဒါနှင့် ဝါစ္စ ဝါစကအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဌာနူပစာ။ ဧတ-ကား ထို-ဖြင့် မှတ်အပ်သော ဥဒ္ဒိသေ-ယျာထ အနက်ထက် ပိုလွန်သော-လ-အနက်ရှိသော သဒ္ဒါရ၏။

http://www.dhammadownload.com



† ဝေဠု ပနာတိ တွေ စ-သဒ္ဒေါ ဘိန္နက္ကမေန ယောဇေတဗ္ဗော တိ အာဟ ဥဒ္ဒိသေယျာထ စာတိ။ သာရတ္ထ။ ၂။ ၃၀။

မှတ်ချက်။ ။ဘိန္နက္ကမဟူသည် အဋ္ဌာနပယုဂ်ပင်တည်း။

ဂ—ဝါကျ၌ ပရိယာပုဏေယျာထ စ-လ-ဝါစေယျာထ—ဖြင့် ဤသိက္ခာပုဒ်ကို မိမိကိုယ်တိုင် ပြရုံမျှမက သင်လည်းသင်ရမည်၊ ဆောင်လည်းဆောင်ရမည်။ ပို့ချလည်းပို့ချရမည်ဟူသော အနက်လွန် (အတိရေကတ္ထ, အတ္ထာတိသယ) ကို သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျဖြင့် ဝေဠု ပန-၌ စ-သဒ္ဒါသည် ဝုတ္တသမုစ္စည်းအနက်၊ ဝါကျာရမ္ဘဇောတက စသောအနက်တို့ကို မဟော၊ အတိရေကာနယန် အနက်၊ ဝါ-အဝုတ္တသမုစ္စည်းအနက်ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

အနက်ယောဇနာ။ ။အတိရေကာနယနတ္ထော၊ဆိုအပ်ပြီးသော-လ-ဆောင်ခြင်းအနက်ရှိ၏။ (သဒ္ဒတ္ထ။) ဝါ-အဝုတ္တသမုစ္စည်းအနက်ရှိ၏၊ ဝါ-စ္စည်းအနက်ကိုဟော၏။ (အဓိပ္ပာယတ္ထ။)

(က) ဣဒါနိ ယံ ဝုတ္တံ-လ-အာဟ။ (ခ) ဝေဠံ-လ-ဥဒပါဒိ။

(ဂ) တဿုပ္ပတ္တိ-လ-ပညတ္တံ ဟောတီတိ။ (ဃ) တဿတ္ထော-လ-ဥဒပါဒီတိ။ ဋ္ဌ။ ၁၉၂။

က-ခ-ဂ-အနုသန္ဓေသုံးဝါကျ။ ယင်းတွင် တဝါကျမှ တဝါကျကိုထောက်၍ ပက္ခ+ပက္ခန္တရ ဖြစ်၏။

ဃ-ဝါကျကား အဝယဝတ္ထပြ ဝိတ္ထာရ။ ထို-၍ ဂ-ဝါကျကား အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထပြ သခေ်ပ။

ဣဒဥ္စ-လ-ဥဒပါဒိ-ဖြင့် ဝေဠဉ္စိဒံ၌ စ-သဒ္ဒါကို ဝေဠု ပန ဘိက္ခဝေ၌ ကဲ့သို့ အာဘော်ဖော်လေ။

ဃ-ဝါကျ၌ ဣဒဥ္စ အညံ ဝါကျကို ဝါကျာရမ္ဘ၊ ပက္ခန္တရ ၂-မျိုးကြံနိုင်သည်။

**သုဒိန္နဘာဏ ဝါရ ပြီး၏။**

http://www.dhammadownload.com


† ဝုတ္တတ္ထတော အတိရေကာသ အတ္ထသာ အာနယနံ အတိရေကာနယနံ။ သော အတ္ထော တေသာတိ အတိရေကာနယနတ္ထော။ အဝုတ္တ သမုစ္စယတ္ထောတိ ဝုတ္တံ ဟောတိ။ သာရတ္ထ။ ၂။ ၃၀-၃၉။

## ☸ ခေတုပစ္စယာဒိဝိဘာဂ

**အာနိသံသ။** ။အာ+နိ+သံသ+အပစ္စည်း။

†. သံသ ဟိံ သံဂတိသု၊ အာ နိ ပုဗ္ဗော အာနိသံသော သူစိ။ သံသ ထုတိယဥ္စ။ နီတိ၊ ဓာ။ ၁၇၆။

**ဥဒ္ဒေသ။** ။ဥဒ္ဒိသန္တိ တေနာတိ ဥဒ္ဒေသော။ ဥ+ဒိသီ+အ။ (ဒိသီ ဥစ္စာရဏေ။) တေ့ ကာလေ ဘိက္ခူ ပါတိမောက္ခံ ဥဒ္ဒိသန္တိ။-ဟု ဝါကျဖြောင့်ပါ။

### အဓိကရဏသာဓ်

ကတ္တုရုဒ္ဒ-အရကား ပါတိမောက်ရွတ်ဆိုသော(ပြသော)ရဟန်းတို့၏ ဖမတ္တာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ အဓိကရဏတ္ထ-ကြိယာအရကား ထို-အားတုပ်သော အချိန်ကာလ၏ ပကတူပနိဿယသတ္တိသည် ဖလ္။ အ-အရကား ထို-ဖြင့်မှတ်အပ်သော ပါတိမောက်ပြဆိုရာ အချိန်အခါရ၏။

**ပါတိမောက္ခုဒ္ဒေသ။** ။ပါတိမောက္ခဿ ဥဒ္ဒေသော ပါတိမောက္ခုဒ္ဒေသော။ ကမ္မတ္ထဆဋ္ဌီ။ ကာလဝန္တ ကာလ၊ ကမ္မ ကမ္မိ စပ်။

## ☸ အာဘောဂနှင့် သံဝဏ္ဏနာ

ဂ-ဝါကျ၌ ဘိက္ခဝေ-ဖြင့် ဝေဠု ပန ဝါကျ၌ ဘိက္ခဝေဟူသော အာလုပ်ပုဒ်ကို ရှေးဦးစွာ အနက်ယောဇနာရမည်ဟု သိစေသည်။ (ဘာဝတ္ထ။ သမ္ဗန္ဓ။)

ဂ-ဝါကျ၌ မယာ ဣတိ သန္ဓယိတာနိသံသံ-ဖြင့် သိက္ခာပဒံဟူသည် ဘုရားရှင်ပြတော်မူအပ်သော အကျိုးအာနိသင်ရှိသော သိက္ခာပုဒ်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ ဝံ ပါတိမောက္ခုဒ္ဒေသေ-ဖြင့် ဣမံ သိက္ခာပဒံ ပုဒ်ကို အနက်ယောဇနာပြီးမှ ဝံပုဒ်ကို အနက် ယောဇနာရမည်-ကို လည်းကောင်း[၁]၊ ပါတိမောက္ခုဒ္ဒေသေဟူသော ပါဠ်သေသ ဖြည့်စွက်၍ အနက်ယောဇနာရမည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ သမ္ဗန္ဓ။ ၂။ ဘာဝတ္ထ။ သမ္ဗန္ဓ။

ဂ-ဝါကျ၌ ဥဒ္ဒိသေယျာထ စ-ဖြင့် ဝေဠု ပန-၌ စ-သဒ္ဒါကို (ဘိန္နက္ကမ ဖြစ်သောကြောင့်၊ ပါ-အဋ္ဌာနပယုဂ်ဖြစ်သောကြောင့်) ဥဒ္ဒိသေယျာထပုဒ်၌ ယှဥ်၍ အနက်ယောဇနာရမည်ဟု သိစေသည်။

http://www.dhammadownload.com


မဏ္ဍနိဝတ္ထုအဖွင့်

(က) တဿာတိ ဘုမ္မဝစနံ။ (ခ) ပဋိသေဝတီတိ ပစ္စယပဋိသေဝနေ ဝဟောတိ။ (ဂ) ပစ္စယတ္တေ ဟိ ဝတ္တမာနဝစနံ။ ဋ္ဌ။ ၁၉၂။

ဝါကျခွဲနှင့် ကျမ်းတကာ်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။
ဂ-ဝါကျကား ယုတ္တိဒဠီကရဏ။ ထို-၍ ခ-ဝါကျကား ယုတ္တိဒဠှီယ။

---

အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဘုမ္မဝစနံ-ဖြင့် တဿာ၌ သာသဒ္ဒါ၏ သို့ဝိဘတ်၏ ကာရိယ၏ အဖြစ်ကို လည်းကောင်း[၁]၊ သ-အာဂုံလာ၍ ရုပ်ပြီးသည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတ္တိ၂၁။ ၂။ ဘာဝတ္ထ။

မှတ်ချက်။ ။ကုသလာ နစ္စဂီတဿာ ကဲ့သို့လည်း မဟုတ်၊ ဘုမ္မတ္တေ သာမိဝစနံ-ဟုလည်း မဖွင့်။ ထို့ကြောင့် အထက်ပါ အတိုင်း အာဘောဂ် ဖော်သည်။ မောဂ်၊ ၂။ ၄၆-၌ သို့ဝိဘတ်ကို ဿာ-ပြုဟု ဆိုသည်။ ယင်းအလို ဘုမ္မဝစနံ-ဖြင့် သို့ဝိဘတ်ကို ဿာပြုဟု ပြသည်-ဟု အာဘောဂ်ဖော် ရာ၏။

ခ-ဝါကျ၌ ပစ္စယပဋိသေဝနေ-ဖြင့် ပဋိသေဝတိ၌ ဝတ္တမာန် တိဝိဘတ် သည် ပစ္စယ (အများ) အနက်ကို ဟောသတည်းဟု သိစေသည်။ (ဒုတိယ ဝိဘတျတ္ထ။)

နည်းကြံရန်

ပစ္စယတ္တေ ဟိ ဝတ္တမာနဝစနန္တိ သဗ္ဗဒါ ပဋိသေဝနဘာဝေပိ ဂ္ဂဟာ မလ္လာ ယုဇ္ဈန္တီတိ အာဒီသု ဝိယ ဗာဟုလ္လဝုတ္တိ ဥပါဒါယ ဝတ္တမာနဝစနံ။ သာရတ္ထ။ ၂။ ၁၉-၌ ဗာဟုလ္လဝုတ္တိ ဥပါဒါယ-ကိုထောက်၍ အောက်ပါ အတိုင်း ဗာဟုလ္လနည်းတင်။

အကြိမ်များစွာ မှီဝဲခြင်းတည်း ဟူသော အများကိုဆိုသဖြင့် မှီဝဲမှု၏ မရှိခြင်း၊ ဝါ-မမှီဝဲခြင်းတည်း ဟူသော အနည်းကိုလည်း ရသောကြောင့် ဗာဟုလ္လ နည်းတည်း။

တနည်း အာဘောဂ်

ခ-ဝါကျ၌ ပစ္စယပဋိသေဝနေ-ဖြင့် ပဋိသေဝတိ-၌ ဝတ္တမာန် တိဝိဘတ် ကား ပဝတ္တာဝိရတဝတ္တမာန် တည်း (အနွယ။)နိစ္စပဝတ္တိ,သမီပ, ပဝတ္တုပရတ ဝတ္တမာန်တို့ မဟုတ် (ဗျ။)-ဟုသိစေသည်။ (ဒုတိယဝိဘတျတ္ထ။)

http://www.dhammadownload.com


အဘော်ကြံပုံ

နိစ္စပ္ပဝတ္တိ သမီပေါ၊ ပဝတ္တူ ပရတော တထာ။
ပဝတ္တာဝိရတောစေတိ၊ ဝတ္တမာနေ စတုဗ္ဗိဓော။

၁။ နိစ္စပ္ပဝတ္တိ ဝတ္တမာန် = အမြဲတည်ရှိသော ဝတ္တမာန်။ ပုံစံ-ဣဟ ပဗ္ဗတာ တိဋ္ဌန္တိ။

၂။ သမီပ ဝတ္တမာန် = အတိတ် အနာဂတ်၏ အနီးဖြစ်သော ဝတ္တမာန်။ ပုံစံ-ကုတော အာဂစ္ဆသိ 'တွံ။

၃။ ပဝတ္တူပရတဝတ္တမာန်=ဖြစ်ပြီး ကျင့်ပြီးနောက် ရှောင်ကြဉ်နေသမျှ ကာလပတ်လုံး သုံးနှုန်းရသော ဝတ္တမာန်။ ပုံစံ-အဟံ မံသံ န ခါဒါမိ။

၄။ ပဝတ္တာဝိရတဝတ္တမာန်။ ဖြစ်ပြီး ကျင့်ပြီး လွန်ကျူးပြီး နောက် မရှောင်ကြဉ်သမျှပတ်လုံး တည်ရှိသော ဝတ္တမာန်။ ပုံစံ— မံသံ ခါဒါမိ ဘော အဟံ။

ဤဝတ္တမာန် ၄-မျိုးတွင် ပဋိသေဝတိ ကား. ပဝတ္တာဝိရတဝတ္တမာန်မျိုး ဖြစ်သည်ဟု ပစုရပဋိသေဝနော်က ပြသည်။ သို့ဖြစ်၍ အထက်ပါ အတိုင်း တနည်း အာဘော်ဖော်သည်။

---

(က) သော ဘိက္ခူတိ သော-လ-ဘိက္ခု။ (ခ) သေနာသန စာရိကံ အာဟိဏ္ဍန္တာတိ-လ-ဝိစရိ သု၊ ဋ္ဌ။ ၁၉၂။

❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ မေထုနဓမ္မပဋိသေဝနကော-ဖြင့် သော-သဒ္ဒါသည် မေထုန် မှီဝဲသော ရဟန်းကို စွဲသတည်းဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ။)

ခ-ဝါကျ၌ တေ ဘိက္ခူ-လ-အာဂတာ-ဖြင့် ပါဠိတော်၌ သမ္ဗဟုလား ဘိက္ခူအရ ဘုရားဖူးကြွလာသော ရဟန်းတို့ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

မှတ်ချက်။ ။သမ္ဗဟုလာ^ဘိက္ခူ၌ ကေဒေသျူ၊ သမုဒါယူတာဝ်။

ဥပစာမှတ်ဖွယ်

၁။ ဇနပဒစာရိကံ ပက္ကမန္တိ။ (ဝေရဉ္စ)

၂။ ဇနပဒစာရိကံ ပက္ကမိံသု။ (ဒုတိယ ပါရာဇိက)

၃။ သေနာသနစာရိကံ အာဟိဏ္ဍန္တာ။ (မက္ကဋီဝတ္ထု)

"ကံပုဒ်လွန်တို့၊ စပ်စေဖို့ရာ၊ ပုဒ်မပါ၊ ကတ္တာထည့်လေမင်း" ဟူသော နိယံ အရ အထက်ပါဝါကျတို့၌ ကံပုဒ်လွန်ကို ကတ္တာဟူသော ပါဌ်သေသ၌ စပ်။ ဤသို့သော အရာဌာနမျိုး၌ အဘေဒဘေဒူပစာရသည်။

http://www.dhammadownload.com



ဇနပုဒ် (ကျောင်းစဉ်) လှည့်လည်ခြင်းနှင့် ဖဲသွားခြင်း (လှည့်လည်ခြင်း) ကြိယာကို မပြားဘဲလျက် ပြားသကဲ့သို့ ဇနပဒစာရိကံ ပက္ကမန္တိ၊ ပက္ကမိံသု (သေနာသနစာရိကံ အာဟိဏ္ဍန္တာ)ဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**အာဟိဏ္ဍန္တာ = အာ+ဟိဍိ+အန္တ။**

† ဟိဍိ ဂတိယံ ဟိဏ္ဍတိ အာဟိဏ္ဍတိ။ နီဘိ။ ဓာ။ ၅၈။

(က) ဆေပ္ပန္တိ နဂုံင်္ဂ။ (ခ) သြဒ္ဓိတိ အဘိမုခံ ဥပေတိ။ (ဂ) နိမိတ္တမှိ အကာသီတိ ယေန နိမိတ္တေန ယာယ ကြိယာယ-လ-တံ အကာသီတိ အတ္ထော။ (ဃ) သော ဘိက္ခုတိ ယဿာယံ ဝိဟာရော။ (င) ဧကမန္တံ နိလီယိံသု-လ-အစ္ဆိံသု။ ဋီ။ ၁၉၂။

## ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။
ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ ခ-ဝါကျကား ပက္ခ။
ဂ-ဝါကျတွင် အနိယတ်၊ နိယတ်၊ ဥတ္တမဝါကျခွဲလေဦး။
င-ပက္ခန္တရ။ ထို-၍ ဃ-ဝါကျကား ပက္ခ။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ အဘိမုခံ ဥပေသိ-ဖြင့် သြဒ္ဓိ-၌ သြသဒ္ဒါ၏ အဝဥပသာရ၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း¹ ဤဝ သဒ္ဒါသည် အဓောမုခ အနက်ကို မဟော၊ အဘိမုခအနက်ကို ဟောသည်-ကိုလည်းကောင်း²၊ ဒိဓာတ်သည် ဝေဟာသဂတိ, ဂတိ, ခိပနအနက်တို့ကို မဟော၊ ထားခြင်း (ဥဍ္ဍန၊ ဝါ-ဌပန) အနက်ကိုဟောသည်-ကိုလည်းကောင်း³ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂ၂ဒ၊    ၂။ ဥပသဂ္ဂလိင်္ဂဏ္ဍ။    ၃။ ဓာတွတ္ထ။

မှတ်ချက်။ ။သြဍ္ဍိ=အဝ+ဍိ+အဇ္ဇတနီ ဤဝိဘတ်၊ ဍိ ခိပနဍ္ဍနေသု၊ ဍေတိ၊ ဥဍ္ဍေတိ။ နီတိ၊ ဓာ။ ၅၇။ ဍိ၊ ဂတိယံ။ နီတိ၊ ဓာ။ ၂၂၅။ ဍိဓာတ်သည် ဝေဟာသဂတိ=ကောင်းကင်၌ ပျံခြင်း။ ဂတိ=လားခြင်း၊ ခိပန=ပစ်ချခြင်း၊ ဥဍ္ဍန=ထားခြင်း (=ဌပန)အနက်တို့ကိုဟော၏။ ယင်းဓာတ်နက်တို့ကိုရှု၍ဤ၌ ဖြစ်သင့်သလို အာဘောဖော်ရသည်။

ခ-ဝါကျ၌ ယေန-လ-ဇာနန္တိ-ဖြင့် နိမိတ္တံပုဒ်ကို နိမိနန္တိ ဇာနန္တိ ဘိက္ခူ ဧတေနာတိ နိမိတ္တံ-ဟု ကတ္တုအဋ္ဌောဂဓ ကရဏသာဓ် ဝစနတ္ထပြုရမည်-ကို

http://www.dhammadownload.com



လည်းကောင်း¹၊ တ-ပစ္စည်း၏ ကရဏသာ နအနက်၌ သက်သည်-ကို လည်းကောင်း²၊ မိ-ဓာတ်သည် နှိုင်းယှဉ်ခြင်း (ပရိမာဏ) အနက်ကိုမဟော၊ သိခြင်း (ဉာဏ) အနက်ကိုဟောသည်-ကိုလည်းကောင်း³၊ နိ-ဥပသာရ၏ ဓာတွတ္ထ-ဝိသေသက၏ အဖြစ်ကိုလည်းကောင်း⁴၊ နိမိတ္တအရ နိယာမ=အမှတ်အသား, ကီရိယ=အမှုအရာကိုယူရမည်-ကိုလည်းကောင်း⁵ သိစေသည်။

၁။ အဘိဓာနဋ္ဌ၊ ၂။ ဒုတိယာသွယ်ဋ္ဌ။ ၃။ ဒုတိယဓာတ္တဋ္ဌ။
၄။ ဥပသဂ္ဂလိင်္ဂဋ္ဌ။ ၅။ အဘိဓေယျဋ္ဌ၊

**အနက်ယောဇနာ။** ။ဩဒ္ဒိ ရှေးရှုထားပြီ။ နိမိတ္တမှိ၊ (ရဟန်းတို့ မေထုန်၌ အလိုကိုသိကြောင်းဖြစ်သော) အမှတ်အသား အမှုအရာကြိယာကို။

ဃ-ဝါကျ၌ ယဆာယံ ဝိဟာရေဖြင့် သော ဘိက္ခုအရ ကျောင်းရှိ အာဝါသိက ရဟန်းကိုယူ (အန္ဓယ)၊ အာဂန္တုကရဟန်းကို မယူရ (ဗျ) ဟု သိစေသည်။ (အဘိဓေယျတ္ထ၊ ဝါ-ဘာဝတ္ထ။)

င-ဝါကျ၌ ကောသို ဩကာသေ-ဖြင့် ကေမန္တံ (ကေံ+အန္တံ)၌ ဒုတိယာဝိတတ်နှစ်ပုဒ်သည် ဘာဝနပုံ၊ ဝါ-ကြိယာ ဝိသေသနအနက်ကိုမဟော၊ သတ္တမီအနက်ကို ဟောသည်-ကိုလည်းကောင်း¹၊ အန္တအရ အစွန်အရပ်ကို ယူရမည်-ကိုလည်းကောင်း² သိစေသည်။

၁။ ဝိဘတျဋ္ဌ၊ ဝိဘတျဋ္ဌ။ ၂။ အဘိဓေယျဋ္ဌ။

**မှတ်ချက်။** ။ဋ္ဌ၊ ၁၀၁-၌ ကေမန္တံတိ ဘာဝနပုံသက်နိဒ္ဒေသော ဖွင့်ခဲ့သည်ကို ဗျတိရေက အာဘောဒ်ပြုသည်။

င-ဝါကျ၌ ပဋိစ္ဆန္တာ အစ္ဆိ သု-ဖြင့် နိလီယိ သု၌ လီဓာတ်၏ သိလေသ=ငြိကပ်ခြင်း၊ ဝါ-ပုန်းအောင်းခြင်း အနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း¹ နိဥပသာရ၏ အနတ္ထက ပဒါလင်္ကာရ၏ အဖြစ်ကိုလည်းကောင်း² သိစေသည်။

၁။ ဓာတွဋ္ဌ၊ ၂။ ဥပသဂ္ဂလိင်္ဂဋ္ဌ။

† လီ သိလေသေ။ နီထိ၊ ဓာ။ ၂၅၄။

### ဝိဂ္ဂဟဉာဉ်ကောက် မှတ်ဖွယ်

**နိမိတ္တံ။** ။နိမိနန္တိ ဇာနန္တိ ဧတေနာတိ နိမိတ္တံ။ (ဧတေန ထိုအမြီးလှုပ်ခြင်းစသော အမှတ်အသား အမှုအရာကြိယာဖြင့်၊ ဘိက္ခူ၊ တို့သည်။ မဂ္ဂဋိယာ၊ မျောက်မ၏။ မေထုနာဓိပ္ပာယံ၊ မေထုန်၌ အလိုဆန္ဒကို၊ နိမိနန္တိ ဇာနန္တိ၊ သိကုန်၏။ ဣတိ တံ နိမိတ္တံ။) ကရဏသာဓန။ နိပုဗ္ဗ+မိဓာတ်+တ-ပစ္စည်း။

http://www.dhammadownload.com



နီ-အရကား ဓာတွတ္ထဝိသေသကဲ့သို့ဘောဂုဏ်ရ၏။

မိဓာတ်၏အရ-ကား မျောက်မ၏ မေထုန်၌ အလိုဆန္ဒကိုသိသော အာဂန္တု ရဟန်းတို့၏ သညာပညာပြဌာန်းသော စိတ္တုပ္ပာဒ်သည် မုချ၊ ကရဏတ္ထ-ကား ထို-အားတပ်သော အမြီးလှုပ်ခြင်း စသော အမူအရာ ကြိယာ၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာ။ တ-ပစ္စည်းအရ ထို-ဖြင့် မှတ်အပ်သော အမြီးလှုပ် ခြင်း စသော အမူအရာ ကြိယာရ၏။

**မေထုနာဓိပ္ပာယ**။ ။မေထုနေ အဓိပ္ပာယော မေထုနာဓိပ္ပာယော။ (တံ။) မေထုန+အဓိပ္ပာယ။

မေထုန-ကား မေထုန်အမှုသည် မုချ။ ယင်း၏အလိုဆန္ဒနှင့် အာရုံ အာရမ္မဏိကစပ်။ မေထုနာဓိပ္ပာယအရ-(မျောက်မ၏)မေထုန်၌ အလိုဆန္ဒရ၏။

**မှတ်ချက်**။ ။မေထုနေ အဓိပ္ပာယော ဧတိဿာ အတ္ထီတိ မေထုနာ ဓိပ္ပါယာဟု မအူသျှ၌ ဝိဂ္ဂဟပြု၏။ ယင်းအလို မေထုနာဓိပ္ပာယံ၊ မေထုန်၌ အလိုဆန္ဒရှိသော မျောက်မကို ဟု အနက်ပေး။ မေထုနာဓိပ္ပာယအရ မျောက်မ ရသည်။ ဝိမံသိတွာ ဂဟေတဗ္ဗံ။

**ဆေပ္ပံ**။ ။ဆုပဓာတ်+ပက်ပစ္စည်း။ ဆုဝ်၌ ဥကို ဧ-ပြု၊ ပ-ကို ပသ္ပိကပ်။ နပုလ္လိင်။

† ဆုပ သမ္ဗဿေ၊ ဥဿော။ ဆုပတိ အနေနာတိ ဆေပ္ပံ = နင်္ဂုဋ္ဌံ။ **မောဂ်၊ ၇။ ၁၁၇**။

**နင်္ဂုဋ္ဌ**။ ။နပုဗ္ဗ+အင်္ဂဓာတ်+ဌပစ္စည်း။ ဂ-၌ အ-ကို ဥပြု။ နပုလ္လိင်၊ † န အင်္ဂတိ ဂစ္ဆတီတိ နင်္ဂုဋ္ဌံ။ အင်္ဂ ဂမနေ ဋ္ဌော။ အဿုး။ **သူစိ**။

## ☸ ပါဠိဝိနိစ္ဆယ

**သဟောတ္တဂဟိတော**။ ။အတ္ထောပယောဇနေ သဒ္ဒါ၊ ဘိစ္ဆေယျ ဝုဠိယံ ဓနေ-ဟူသော ဓာန်ပါဌ်ကိုထောက်၍ အတ္ထသဒ္ဒါ ဓန ( ဥစ္စာ ) ဟူသော အနက်ကိုဟော၏။ အတ္ထေန သဟ သဟောတ္တံ၊ သဟောတ္တံ ဂဟိတော သဟောတ္တဂဟိတော ဟု ဝိဂ္ဂဟပြု။ အတ္ထ၌ အ-ကို ဩပြု။ ဘဏ္ဍာနှင့်တကွ ဖမ်းအပ်သော-ဟု အနက်ပေး။ ဤသို့ သဒ္ဒယုတ္တိ၊ အတ္ထယုတ္တိရှိသောကြောင့် သဟောတ္တဂဟိတော-ပါဌ်သင့်သည်။

**သဟောဍ္ဍဂဟိတော**။ ။သဟ+အဍ္ဍ+ဂဟိတ-သုံးပုဒ်ခွဲ။ အဍ္ဍသဒ္ဒါဥစ္စာ ဟောကြံ။ အထက်ပါအတိုင်း ဝိဂ္ဂဟပြု၍ ရုပ်ပြီးသောကြောင့် သဟောဍ္ဍဂဟိ တော သင့်သည်။

http://www.dhammadownload.com



**မှတ်ချက်။** ။ပါရာဂုံသစ်၊ ၂။ ၄၅၈-၌ အစ္စောတွနိတ္ထိယံ ဘာဂေ ဓနေသူ့ ဝါစ္စလိဂိကောဟူသော ဓာန်ပါဠိကို ကိုး၍ သဟော်ဓုဂဟိတော-ပါဠ်သင့်ကြောင်း ဆိုးဖြတ်၏။ အစု သဒ္ဒါ ဓနေဟောမရှိ။ ဓနိ = ဥစ္စာရှင် အနက်ဟောသာ ရှိသည်။ ယခုခေတ် ဓာန်ပါဠိ၌ ဓနိမှ ဝါစ္စလိဂိကောဟု ပါဠိအမှန်ရှိ၏။

† သဟောဓုဂဟိတောတိ သဟာဘဏ္ဍေန ဂဟိတော။ သာရတ္ထ။ ၂။၃၉။

**သဟောဍ္ဍဂဟိတော။** ။သဟ+ဩဍ္ဍ+ဂဟိတ-ဟု သုံးပုဒ်ခွဲ။ ဩဍ္ဍပုဒ်ကို ဘဏ္ဍာဟောကြံ။ ဩဍ္ဍ=အဝပုဗ္ဗ+ဍိဓာတ်။ အဝဍ္ဍီယတေ အန္တောဌပီယတေတိ ဩဍ္ဍံဟု ဘဏ္ဍာဟောဝိဂ္ဂဟကြံလျှင် သဟောဍ္ဍဂဟိတော ပါဠ်သင့်သည်။

**သဘဏ္ဍဂ္ဂဟိတော။** ။သဟောဓုဂဟိတောတိသဘဏ္ဍဂ္ဂဟိတော၊အယမေဝ ဝါ ပါဌော (ဝိမတိ၊ ၁။ ၁၀၈) အဖွင့်တွင် အယမေဝ ဝါ ပါဌော ဖြင့် သဘဏ္ဍဂ္ဂဟိတော ဟူသောပါဠ်လည်း ရှိကြောင်းဖွင့်ပြသည်။ ထိုကြောင့် တဘဏ္ဍဂ္ဂဟိတော ပါဠ်လည်း သင့်သည်။

**မှတ်ချက်။** ။ပါဠိ ၄-မျိုးလုံး သင့်သည်။

---

## နည်းနှင့်ဥပစာ

**နိမိတ္တမ္ဟိ အကာသိ။** ။အပေါင်းဖြစ်သော အကြောင်း, အင်္ဂါဇာတ်, အမှတ်အသား, အမူအရာကြိယာ၏ နိမိတ္တံအမည်ကို အစိတ်ဖြစ်သော အမှတ်အသား အမူအရာကြိယာ၌တင်လေ၏။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

**မှတ်ချက်။** ။ဤကား နိမိတ္တံ ကာရဏေ ဝုတ္တံ၊ အင်္ဂဇာတေ စ လဥ္ဆနေ-ဟူသောဓာန်-(၉၇၉)နှင့်အညီ ဥပစာတည်း။ ပါဠိတော်၌ ကင်္ခမ္ဟိ စာလေသိ၊ ဆေပ္ပမ္ဟိ စာလေသိ။ကင်္ခမ္ဟိ ဩဍ္ဍိ၊ နိမိတ္တမ္ဟိ အကာသိ။ (ဝိ၊ ၁။ ၂၅)ဟု ဆိုရာ ကင်္ခမ္ဟိ စာလေသိ=ခါးလှုပ်ခြင်း။ ဆေပ္ပမ္ဟိ စာလေသိ=အမြီးလှုပ်ခြင်း။ ကင်္ခမ္ဟိ-ဩဍ္ဍိ=ခါးကိုရှေးရှုထားခြင်းမှကြွင်းသော မျောက်မ၏ မေထုန်ဆန္ဒပြ အမူအရာမှန်သမျှကို နိမိတ္တအရ ယူရသောကြောင့် ပါရိသေသနည်း၊ ဂေါဗလီဗဒ္ဒနည်း။ ကေဒေသျူပစာ။ ဝါ-သမုဒါယူပစာ။

**နည်းထင်ပုံ။** ။ပြယုဂ်ကား နိမိတ္တမ္ဟိ-တည်း။ ဤနိမိတ္တမ္ဟိဟူသောနည်းသည် ကင်္ခမ္ဟိစသည် ဆိုအပ်ပြီးသော ခါးလှုပ်ခြင်း အမြီးလှုပ်ခြင်း ခါးကို ရှေးရှုထားခြင်း အမူအရာမှ ကြွင်းသောအမူအရာဟူသမျှကို ယူရသောကြောင့် ပါရိသေသနည်း။

http://www.dhammadownload.com



**ဥပစာတင်ပုံ**။ ။အပေါင်းဖြစ်သော မေထုနာဝီပွာယ အမှတ်အသား အားလုံး၏ နိမိတ္တအမည်ကို အစိတ်ဖြစ်သော ခါးကိုလှုပ်ခြင်း၊ အမြီးကိုလှုပ်ခြင်း ခါးကို ရွေးရှုထားခြင်းအမှတ်အသားမှ ကြွင်းသော အခြားအမှတ်အသားတို့၌ တင်စား၍ အခြားအမှတ်အသားတို့ကိုသာ နိမိတ္တံဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

## အဋ္ဌကထာဖွင့်ပုံမှတ်ဖွယ်

သစ္စံ အာဝုသောတိ သဟောဓုဂဟိတော ဝါကျ၌ သစ္စံ အာဝုသော စသော ဝါကျကို သဟောဓုဂဟိတောဇောရောဝိယဖြင့် ဥပမာလင်္ကာရ။ ပစ္စက္ခံ ဒိသွာ စောဒိတဿဖြင့် ဟေတာလင်္ကာရ(၂-မျိုးပေါင်း တဒုဘယာလင်္ကာရ) ယောဇနာကို ပြသည်။

နနု အာဝုသော၊ပါဠိတော်ဝါကျတွင် တထေဝ-ဟူသော နိယတ် ဥပမေယျ ဝါကျအားလျော်စွာ ယထာမနုဿိတ္ထိယာစသော အနိယတ်ဥပမာနဝါကျ ဖြည့်စွက်ဖွင့်ပြသည်။

## လေသအစီပွာယ်

အလေသဋ္ဌာနန္တိ လေသာ သဒ္ဒါကား လေသညွှန် လေသောဟု ဝိဂ္ဂဟပြု၍ နောက်ပုဒ်ကျေသောပုဒ်တည်း။ လေသ=အမြွက်ထောင်၏ ဟူသည် စကား ကပ်၍ပြောခြင်းမျိုးတည်း။ "ရှင်သုဒိန် ပါရာဇိကကျသည်မှာ လူမိန်းမ၌ မေထုန်မှီဝဲသောကြောင့်ဖြစ်၏။ မိမိ (မျောက်မ၌ မေထုန်မှီဝဲသောရဟန်း) မှာမူကား မျောက်မ၌ မေထုန်မှီဝဲသောကြောင့် ပါရာဇိကမကျနိုင်"ဟု စကား ကပ်၍ပြောခြင်းမျိုးကို လေသ-ဟု ဆိုသည်။

---

(က) အန္တမသော တိရစ္ဆာနဂတာယပိ-လ-မကာသိ။ (ခ) ဒုဝိဓမွိ သိက္ခာပဒံ-လ-ဝဇ္ဇာ။ (ဂ) တတ္ထ ယထာ-လ-ပဏ္ဏတ္တိဝဇ္ဇံ။ (ဃ) တတ္ထ လောကဝဇ္ဇေ-လ-ကရောန္တိ ဥပ္ပဇ္ဇတိ။ (င) အညတြ အဓိမာနာ-လ-ဝုတ္တာ။ ဋ္ဌ။ ၁၉၃။

## ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရမ္ဘဝါကျ။

## ခ-ဝါကျအနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် အန္တမသော တိရစ္ဆာနဂတာယပိ ဟူသော အနုပညတ်သည် ဒဠှီကရဏအနုပညတ်တည်းဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ ဒဠှ

http://www.dhammadownload.com



တရံသိက္ခာပဒံ-ဟူသော ဤအရာ၌ (ဤအနုပညတ်သည် ဒဠှီကရဏအနုပညတ် ဟုဆိုရာ၌) အနုပညတ်ဖြင့် သိက္ခာပုဒ်ကိုမြဲအောင် ပြုခြင်းသည်လည်းကောင်း၊ လျော့လျော့ (လျော့အောင်) ပြုခြင်းသည်လည်းကောင်း ပသင်္ဂအားဖြင့် (စောဒနာဖွယ်အားဖြင့်)ဆောက်လတ်ရကား ယင်းကို မွဲခြမ်းဝေဖန်၍ ပြခြင်းငှာ ခ-ဝါကျမိန့်။

† ဒဠှတရံ သိက္ခာပဒမကာသီတိ ဣမသ္မိံ အဓိကာရေ အနုပညတ္တိယာ သိက္ခာပဒဿ ဒဠှီကရဏံ သိထိလကရဏဉ္စ ပသင်္ဂတော အာပန္နံ ဝိဘဇိတွာ ဒဿေတုကာမော ဒုဝိဓဥ္စိ သိက္ခာပဒန္တိ အာဒိ မာဟ။

သာရတ္ထ။ ၂၀။ ၃၉။

မှတ်ချက်။ ။ယခုအခါ၌ သိက္ခ ပုဒ်ကို ခွဲပြလိုရကား-ဟု ကျမ်းတက်လျှင် မှားသည်။

ခ-ဝါကျပုစ္ဆာတက်

ဆရာ-ဆရာသည် က-ဝါကျဖြင့် အန္တမသော-လ-တည်းဟု ပြဆိုတော်မူ၏။ (အနုသန္ဓေတက်၌ ပုဗ္ဗာနုသန္ဓေကို ဥပနာထားသည်။) အနုပညတ်တိုင်းပင် ဒဠှီကရဏလော။ အနုပညတ်ဘယ်နှစ်မျိုးရှိ၍ အဘယ်အနုပညတ်သည် ဒဠှီ-ကရဏ၊ အဘယ်အနုပညတ်သည် သိထိလ ကရဏ ဖြစ်ပါသနည်း—ကြောင့် ဒုဝိဓဥ္စ စသောပါဠိကိုမိန့်။

မှတ်ချက်။ ။သိက္ခာပုဒ် ဘယ်နှစ်ပါးရှိပါသနည်း-ဟု ခ-ဝါကျမျှကို ရွတ်ကလျှင် မှားသည်။

ခ-ဝါကျ ဒုဝိဓဥ္စ-လ-ကရောန္တီ ဥပ္ပန္နံတိ (နောက်ဆုံးဝါကျ) တိုင်အောင် သော ဝါကျကား ဝိတ္ထရ။ ထို-၍ က-ဝါကျကား သခေ်ပ။

ဂ-ဝါကျကား (သိက္ခာပဒအကျယ်ကို ပြသောကြောင့်) ဝိတ္ထာရဝါကျ။ ထို-၍ ခ-ဝါကျကား သခေ်ပ။

ဂ-ဝါကျတွင် ပထမဝါကျကား ပက္ခ။ ဒုတိယဝါကျကား ပက္ခန္တရ။

ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓ။

အဖြေရှောင်ပုစ္ဆာတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် လောကဝဇ္ဇသိက္ခာပုဒ် ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်၏ သရုပ်အကျယ်ကို ဆိုတော်မူ၏။ ထိုတွင် လောကဝဇ္ဇသိက္ခာပုဒ်၌ အနုပညတ်ဖြစ်လတ်သော် သိထိလကရဏအနုပညတ် ဖြစ်ပါသလော။ (ဂါငါတာ

http://www.dhammadownload.com


ကာရောန္တိ ဟူသော အဖြေကိုရှောင်။) လောကဝဇ္ဇသိက္ခာပုဒ်၌ အနုပညတ်ဖြစ်လတ်သော် အဘယ်သို့သော အနုပညတ်ဖြစ်ပါသနည်း။ (ကတ္ထ အနုပညတ္တိ ဥပ္ပဇ္ဇမာနာ ကီဒိသာ ဥပ္ပဇ္ဇတိ)-ကြောင့် ဃ ဝါကျမိန့်။

**မှတ်ချက်။** ။မအူသျှ-၌ အနုပညတ်အထူးကိုပြလို၍ တတ္ထလောကဝဇ္ဇေ ရသည်မိန့်ဟု ကျမ်းတက်သည်။ ယင်းအလို ဃ-ဝါကျကို ဝိသေသဝါကျဟုမှတ်။

**င—ဝါကျ ကျမ်းတက်**

ဆရာ၊ ဆရာသည် ဃ-ဝါကျဖြင့် လောကဝဇ္ဇ သိက္ခာပုဒ်၌ အနုပညတ် ဖြစ်လျှင် (အနုပညတ်ကို ပညတ်မည်ဆိုလျှင်) ဒဠှီကရဏဖြစ်သောဟု ဆို၏။ ယင်းသို့ဖြစ်လျက် လောကဝဇ္ဇ၌ အညတြ အဓိမာနာ၊ အညတြ သုပိနန္တာ ဟူသော သိထိလကရဏ ဤအနုပညတ်ကို အဘယ့်ကြောင့် ဆိုအပ်ပါသနည်း-ကြောင့်-င ဝါကျမိန့်။ (ဝိမတိ၊ ၁။ ၁၁၈—ကြည့်။)

ကား-င-ဝါကျဖြင့် ဝီတိက္ကမ မရှိသောကြောင့် အညတြအဓိမာနာ၊အဗ္ဗောဟာရိကကြောင့် အညတြသုပိနန္တာ-ဟူသော အနုပညတ်ကို ဆိုအပ်၏ဟူလို (သာရတ္ထ၊ ၂။ ၄၂-၌ တမျိုးဖွင့်သေး၏။)

င-ဝါကျကား ဝါကျာရမ္ဘ၊ ထို-၍ ဃ-ဝါကျကား အာရဒ္ဓ။

---

**❁ ဝိဂ္ဂဟနှင့်ဉာဏ်ကောက်**

**လောကဝဇ္ဇ။** ။လောကေန သမ္မုတံ ဝဇ္ဇံ လောကဝဇ္ဇံ။ ပါရာ၊ ယော။ ၁၂၅။ (လောကေန၊ လူအပေါင်းသည်။ သမ္မုတံ၊ အပြစ်ရှိသည်ဟု သမုတ်အပ်သော။ ဝဇ္ဇံ၊ အပြစ်တည်း။) မဇ္ဈေလောပီဘာတိယာတပ္ပုရိသ်။ လောကပုဒ်+ဝဇ္ဇပုဒ်။

လောက - ကား လူအပေါင်းဒြပ်သည် မုချ။ ယင်း၏ အပြစ်ရှိသည်ဟု သမုတ်အပ်သော အပြစ်နှင့်သာမေ သာချေ အဖြစ်ဖြင့်စပ်။ လောကဝဇ္ဇ-ကား ထို-ဖြင့် မှတ်အပ်သော လူအပေါင်းသည် အပြစ်ရှိသည်ဟု သမုတ်အပ်သော အပြစ်ရ၏။

ထိုသို့ပင် ရငြားသော်လည်း လောကဝဇ္ဇ သဒ္ဒါသည် ဥပစာသဒ္ဒါ ဖြစ်သောကြောင့် လူအပေါင်းသည် အပြစ်ရှိသည်ဟု သမုတ်အပ်သော အပြစ်ကြောင့် ပညတ်အပ်သော သိက္ခာပုဒ်ရ၏။

**မှတ်ချက်။** ။သိက္ခာပဒနှင့် လောကဝဇ္ဇတို့ တုလျက်၊ လိင်္ဂတ်ဖြစ်အောင် ဥပစာကြံရသည်။ မအူသျှ၌ အောက်ပါအတိုင်း ဝိဂ္ဂဟပြုသည်။ ဤအလို ဥပစာမရဟုမှတ်။

http://www.dhammadownload.com



လောကေ ပဝတ္တံ ဝဇ္ဇံ ယဿာတိ လောကဝဇ္ဇံ ယဿာ သိက္ခာပဒဿ၊ အား။ လောကေ၊ ၌။ ပဝတ္တံ၊ ဖြစ်သော။ ဝဇ္ဇံ — အပြစ်သည်။ အတ္ထိ၊ ၏။ ဣတိ၊ တံ လောကဝဇ္ဇံ။ တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ မဖြေ လောပီ စတုတ္ထီဗဟုဗ္ဗီဟိ။

လောကဝဇ္ဇ—ကား လောက၌ ဖြစ်သောအပြစ်သည် မုချ။ ယင်း၏ သိက္ခာပုဒ်နှင့် အကြောင်းအကျိုး ဂုဏ်ဂုဏီစပ်။ ယ-အရကား ထို-ဖြင့် မှတ်အပ်သော လောက၌ဖြစ်သော အပြစ်ရှိသော သိက္ခာပုဒ်ရ၏။

ပဏ္ဏတ္တိဝဇ္ဇ။ ။ပဏ္ဏတ္တိယာ ဝဇ္ဇံ၊ ပါရာ၊ ယော၊ ၁၂၈။ ပဏ္ဏတ္တိယာ ပဝတ္တံ ဝဇ္ဇံ ယဿာတိ ပဏ္ဏတ္တိဝဇ္ဇံ။ မဒ္ဒသျ။ ဤအလို ဥပစာမရ။ ပါရာ၊ ယော-အလို ဥပစာရသည်။

---

## ဓာတုပစ္စယာဒိဝိဘာဂ

ဂါဠ္ဍ။ ။ဂါဟဓာတ်+တပစ္စည်း။ ဂါဟဓာတ်၌ ဟ-ကို ဠ္ဍ-ပြု၊ ဍ္ဎကို ဟဿိုကပ်။

ဒဠ္ဍ။ ။ဒဟဓာတ်+တ-ပစ္စည်း။ ဓာတ္တန် ဟ-ကို ဠ္ဍ-ပြု။ ဍ္ဎကိုဟဿိုကပ်။
† ဂါဟိဿ ဌော။ ဂယှတီတိ ဂါဠ္ဍ။ ဒဟိဿ ဌော။ ဒဟတီတိ ဒဠ္ဍ။
မောဂ်၊ ၇။ ၂၂၃။

ပိဓဟတိ။ ။အပိပုဗ္ဗ+ဓာဓာတ်+အ ပစ္စည်း+တိ-ဝိဘတ်။ဓာဓာ-ဟု ဒွေဘော်ပြု။ အဗ္ဘာသ၌ အာ—ကို အ-ရဿပြု၊ ဒုတိယ စတုတ္ထာန် တတိယ ပဌမာဖြင့် ဓ ကို ဒ-ပြု၊ ဝေသုဝုန်ဖြင့် အပိ-၌ အ-ကိုချေ။ ကွစိဓာတု သုတ်ဖြင့် ဓာ-၌ ဓ-ကို ဟ-ပြု။ အာ—ကို အ-ရဿပြု။ ခွင်းချေကပ်။ ပိဒဟတိ ပြီး၏။ ရူ၊ နှာ။ ၁၀၆။

ပိဓဟန္တိ။ ။အပိ+ပုဗ္ဗ+ဓာဓာတ်+အန္တပစ္စည်း။ ဤပစ္စည်း။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

ငါ-ဝါကျ၌ ဝီတိက္ကမာ ဘာဝါ-ဖြင့် အညတြ အဓိမာနာ အနုပညတ္တိ၏ သိထိလကရဏ အနုပညတ်ဖြစ်ခြင်း အကြောင်းပြသည်။ (ဘာဝတ္ထ။)

ငါ-ဝါကျ၌ အဗ္ဗောဟာရိကတ္တာ-ဖြင့် အညတြ သုပိနန္တာ အနုပညတ်၏ သိထိလကရဏ အနုပညတ်ဖြစ်ခြင်း အကြောင်းပြသည်။ (ဘာဝတ္ထ။)

---

http://www.dhammadownload.com



## ပါဌ်ဝိနိစ္ဆယ

**အဗ္ဗောဟာရိ ကတ္တာဝါ၊ အဗ္ဗောဟာရိကာတ္တာစ။** ။ဝါ သဒ္ဒေါ စေတ္ထ သမုစ္စယတ္ထော ဒဋ္ဌဗ္ဗော။ အဗ္ဗောဟာရိကတ္တာ စာတိ ဝါ ပါဌော။ (ဝိမတိ၊ ၁။ ၁၁၉) နှင့် အညီ ဝါသဒ္ဒါ သမုစ္စည်းအနက်ရှိသည်ဟု ဖွင့်သဖြင့် အဗ္ဗော ဟာရိကတ္တာ ဝါ-ဟား မူလပါဌ်၊ အဗ္ဗောဟာရိကတ္တာ စ-ဟု ပါဌ်တမျိုးရှိသေး သည်ဟု ဆိုသောကြောင့်လည်းကောင်း၊ ယင်း စ-သဒ္ဒါကလည်း ဝါသဒ္ဒါကဲ့သို့ ပင် သမုစ္စည်းအနက်ကို ဟောနိုင်သောကြောင့် လည်းကောင်း ၂-ပါဌ်သင့်။

**ပစ္ဆိန္နမာနာ။ ပစ္ဆိဇ္ဇမာနာ။** ။ပ+ဆိဒိ+အ+မာန။ ရှခေါဒိကိုဏ်း ဆိုလျှင် ပစ္ဆိန္နမာနာဟု ရုပ်ပြီးသည်။ ပ+ဆိဒိ+ယ+မာန။ ဒိဝါဒိဂိုဏ်းလျှင် ပစ္ဆိဇ္ဇ မာနာဟု ရုပ်ပြီးသည်။ ဤ ၂-မျိုးတွင် ဒိဝါဒိရုပ်ကား ကံကိုမငဲ့၊ ရုဓာဒိ ရုပ်သာကံကိုငဲ့သည်။ ဤဌာ်သောတံဟူသော ကံပုဒ်ရှိသည်ကိုထောက်၍ ကံကို ငဲ့သော ရုဓာဒိရုပ် ပစ္ဆိန္နမာနာ ရှိသောပါဌ်သာ သင့်သည်။

---

## နည်းနှင့် ဥပစာ

**လောကဝဇ္ဇ။** ။အကြောင်းဖြစ်သော လူအပေါင်းသည် သမုတ် အပ်သော အပြစ်၏ လောကဝဇ္ဇ အမည်ကို အကျိုးဖြစ်သော သိက္ခာပုဒ်၌ တင်စား၍ အကျိုးဖြစ်သော သိက္ခာပုဒ်ကို လောကဝဇ္ဇ ဟုဆိုသောကြောင့် ကာရဏူပစာ (နာနန္တရိကနည်း။)

**ပဏ္ဏတ္တိဝဇ္ဇ။** ။အကြောင်းဖြစ်သော ပညတ်ခြင်းကြောင့်ဖြစ်သောအပြစ် ၏ ပဏ္ဏတ္တိဝဇ္ဇအမည်ကို အကျိုးဖြစ်သော သိက္ခာပုဒ်၌တင်စား၍ အကျိုးဖြစ် သောသိက္ခာပုဒ်ကို ပဏ္ဏတ္တိဝဇ္ဇ-ဟုဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိက နည်း။)

**ပဏ္ဏတ္တိ။** ။ပညတ္တိဟုဆိုလိုလျက် ည-ကို ဏ္ဏ-ပြု၍ပြီးသောကြောင့် ဝဏ္ဏ ဝိကာရနိရုတ္တိနည်း။

**အဗ္ဗောဟာရိက။** ။အကျိုးဖြစ်သော ဥပက္ကမကြိယာ သံဝတ္တနိက(လုံ့လ ပြုမှုကြိယာကိုဖြစ်စေတတ်သော စေတနာ)၏ အဗ္ဗောဟာရိက ဟူသောအမည်ကို အကြောင်းဖြစ်သော ထိနမိဒ္ဓနှိပ်စက်အပ်သော စိတ်၌တင်စား၍ အကြောင်းဖြစ် သော ထိနမိဒ္ဓနှိပ်စက်အပ်သော စိတ်ကိုလည်း အဗ္ဗောဟာရိကဟုခေါ်သော ကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

**မှတ်ချက်။** ။သာရတ္ထ၊ ၂။ ၄၂-အလိုတည်း။ ဝိမတိအလို ဥပစာမရ၊

http://www.dhammadownload.com



**ဝေါဟာရိက**။ ။ဝိ+ဟရ+ဏ။ ဝေါဟာရိယတေ ဝေါဟာရော။ (ဘာဝသာဓ်။) ဝေါဟာရောယေဝ ဝေါဟာရိကော။ ဝေါဟာရ+ဏိက။ သွတ္ထတဒ္ဓိတ်ဆင့်။

**အဗ္ဗောဟာရိက**။ ။နတ္ထိ ဝေါဟာရိကော ဧတာယ စေတနာယာတိ အဗ္ဗောဟာရိကာ။ ဗဟုဗ္ဗီဟိသမာသ်။ န+ဝေါဟာရိက+တော။

န ဝေါဟာရိက—အရကား အာပတ်၏ အကြောင်းဟု ခေါ်ဝေါ်ခြင်း၏ မရှိခြင်း အဘာဝဘောဂုဏ်သည်မှုချ။ ယင်း၏ စေတနာနှင့် ဂုဏ် ဂုဏီစပ်။ တေ-အရကား ထို-ဖြင့်မှတ်အပ်သော အာပတ်၏ အကြောင်းဟု ခေါ်ဝေါ် ခြင်းမရှိသော စေတနာရ၏။

မဏ္ဍုဋ္ဌိဝတ္ထု အဖွင့် ပြီး၏။

---

## ဝဋ္ဋိပုတ္တက ဝတ္ထု အဖွင့်

(က) ဣဒါနိ ယံ တံ-လံ-သမယေနာတိ အာဒိမာဟ။ (ခ) တတြာပိ အယမနုတ္တာနပဒဝဏ္ဏနာ။ (ဂ) ဝေသာလိကာတိ ဝေသာလိဝါသိနော။ (ဃ) ဝဇ္ဇိပုတ္တကာတိ ဝဇ္ဇိရဋ္ဌေ ဝေသာလိယံ ကုလာနံ ပုတ္တာ။ (င) သာသနေ-လ-နိဿာယ။ ဌ။ ၁၉၄။

## ဝါကျခွဲနှင့် ကျမ်းတက်

ဧဝံ တေန ခေါ ပန သမယေန—လ—မက္ကဋီ အာမိသေန ဥပလာပေတွာတိ အာဒိနာ မက္ကဋိ ဝတ္ထုံ ဒဿေတွာ ဣဒါနိ—လ—သမယေနာတိ အာဒိ မာဟ။ (ပုဗ္ဗာနုသန္ဓိဝါကျဖြည့်စွက်ပုံ။)

ခ-ဝါကျကား က-ဝါကျကိုထောက်လျှင် ဝါကျာရမ္ဘဝါကျ။ ဂ—ဝါကျကိုထောက်လျှင် ပါဒကဝါကျ။

### ခ-ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် က—ဝါကျဖြင့် တေန ခေါ ပန စသောစကား၏ အနုသန္ဓိသမ္ဗန္ဓ၊ သမုဒါယတ္ထကို ဆိုတော်မူ၏။ ယင်း တေန ခေါ ပန စသော စကား၌ ဤဆိုလတ္တံ့သောအဖွင့်သည် အဘယ်အဖွင့်မျိုးဖြစ်ပါသနည်း။ အနုပုဗ္ဗပဒအဖွင့်မျိုး၊ အပုဗ္ဗပဒအဖွင့်မျိုး ဖြစ်ပါသလော-ကြောင့် ခ-ဝါကျမိန့်။

ကား ခ-ဝါကျဖြင့် ထို တေန ခေါ ပန စသည်၌ ဤဆိုလတ္တံ့သော အဖွင့်ကား အနုပုဗ္ဗပဒအဖွင့်မျိုး အပုဗ္ဗပဒအဖွင့်မျိုးမဟုတ် မပေါ်လွင်သော ပုဒ်ကိုဖွင့်ခြင်း (အနုတ္တာန ပဒဝဏ္ဏနာ) မျိုးသာတည်းဟု ငါပြဆို၏ဟူလို။

http://www.dhammadownload.com


ဝေသာလိဝါသိကာတိ ဝေသာလိဝါသိနော စသော ဝါကျတို့ကား အဝယ
ဝတ္တပြ ဝိတ္ထာရ၊ ထို-၍ က-ဝါကျကား အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထ။
သင်္ခေပ။ ခ-ဝါကျကား ပါဒကဝါကျ။

ဃ—ဝါကျကား ပက္ခန္တရ။ ဂ—ဝါကျကား ပက္ခ။

## င—ဝါကျကျမ်းထက်

ဆရာ၊ ဥပါလိထေရ်သည် ပါဠိ၌ တေန ခေါ ပန သမယေန စသည်ဖြင့်
ဝဇ္ဇီတိုင်းသားတို့သည်-လ-မေထုန်မှီဝဲကြကုန်၏ဟု သာသနာ၌ ဝဇ္ဇီတိုင်းသား
တို့ကိုမှီ၍ ဘေးရန်(ဥပဒ္ဒဝေါ)ဖြစ်ပေါ်လာခြင်းကို ဆိုတော်မူ၏။ ဤဘေးရန်
မျိုးသည်သာ ဝဇ္ဇီတိုင်းသားတို့ကိုမှီ၍ ဖြစ်သလော၊ အဘယ်ဘေးရန်မျိုးသည်
လည်း ဝဇ္ဇီတိုင်းသားတို့ကိုမှီ၍ ဖြစ်ပေါ်ပါသနည်း-ကြောင့်-င—ဝါကျမိန့်။

ကား-င-ဝါကျဖြင့် သာသနာတော်၌ ဘေးရန် (ဥပဒ္ဒဝ)ဟူသမျှသည်
ဝဇ္ဇီတိုင်းသားတို့ကိုမှီ၍ ဖြစ်ပေါ်လာသည်ဟု ငါပြဆို၏ဟူလို။

မှတ်ချက်။ ။ဤပါဠိတော်၌ စေဒနာဖွယ်ကို ဖြေကြားသောကြောင့်
ယင်း င-ဝါကျကို ဝါကျာရမ္ဘ-ဟု ကြံသည်။

င-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ ဂ-ဃ-ဝါကျကား အာရဒ္ဓ။

တထာဟိ-လ-ပဋိသေဝိ† သူတိကား ပါရာ၊ ယော အလို ယုတ္တိဒဋ္ဌိကရဏ။
မိမိအလိုမူ ဝိတ္ထာရ။ ထို-၍ င-ဝါကျကား ယုတ္တိဒဋ္ဌိယ၊ ဝါ-သင်္ခေပ။

† တထာဟီတိ ဒဋ္ဌိကရဏံ။ ပါရာ၊ ယော။ ၁၁၆။

---

## ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

သာသန။ ။သာသတိ ဧတေန တွောတိ ဝါ သာသနံ။ နီတိ၊ ဓာ။
၁၈၆။ (ဧတေန၊ ဤပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မဖြင့်။ တွေ၊
၌း ဘဂဝါ သတ္တေ သာသတိ၊ ဣတိ သာသနံ။) ကရဏသာဓန၊ ဝါ-
အဓိကရဏသာဓန။ သာသဓာတ်+ယုပစ္စည်း။

သာသဓာတ်—အရကား မြတ်စွာဘုရား၏ အာသယာနုသယဉာဏ်၊ ဣန္ဒြိယ
ပရောပရိယတ္တဉာဏ်, ဒေသနာဉာဏ်စသည်တို့သည် မုချ။ ကရဏတ္ထ၊ ဝါ—
အဓိကရဏတ္ထ-အရကား ထို-အားတပ်သော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ
သဒ္ဓမ္မတို့၏ အာရမ္မဏ ပစ္စယသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူပစာ။
ယုပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော ယင်းသာသနာ သုံးပါး၏။

ထိုသို့ပင်ရဖြားသော်လည်း ဤ၌ သာသန သဒ္ဒါသည် ဌာန်ျူပစာသဒ္ဒါ
ဖြစ်သောကြောင့် ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဟူသော ဌာနီ သာသနာ၏

F46A
46A

http://www.dhammadownload.com



တည်ရာ ရဟန်းအပေါင်း ဟူသော ဌာနသာသနာသည်သာ ပဓာနအားဖြင့်ရ၏။

မှတ်ချက်။ ။သာသနေ အဗ္ဗုဒမုပ္ပန္နံ ဟုဆိုရာ ဌာန သာသနာ (ပုဂ္ဂိုလ်သာသနာ) မှသာ ဘေးရန်ဖြစ်နိုင်သည်။ ဌာနီသာသနာ၌ကား မဖြစ်နိုင်။ ထိုကြောင့် အဗ္ဗုဒမုပ္ပန္နံ ဟူသော သဒ္ဒန္တရိုက်ကို ထောက်၍ ဥပစာကြံရသည်။ ဥပစာဖြစ်လာသည်။

---

## ဓာတုပစ္စယာဒိဝိဘာဂ

**ဝေသာလိဝါသိနော**။ ။ဝေသာလီသဒ္ဒူပပဒ+ဝသ+ဏီ။ ရတ္တာဒိဂိုဏ်း။ ဤကာရန္တ ပုလ္လိင်။ (ဒဏ္ဍီနှင့်တူပြီ။)

† ဝေသာလိယံ ဝသန္တိ သီလေနာတိ ဝေသာလိဝါသီ။

ရဋ္ဌ။ ။ရန္ဓဓာတ်+ဌပစ္စည်း။ တနည်း၊ ရဋ္ဌဓာတ်+အပစ္စည်း။

† ရဋ္ဌန္တိ ဧတ္ထ နာဂရာဒယောတိ ရဋ္ဌံ။ ဓာန်၊ ဋီ။ ၁၈၉။ သူစိ။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

ဂ-ဝါကျ၌ ဝေသာလိဝါသိနော-ဖြင့် ဝေသာလိကာပုဒ်ကို ဝေသာလီဧတေသံ သန္တီတိ ဝေသာလိကာဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထမပြုရ။ ဝေသာလီနိဝါသော ဧတေသန္တိ ဝေသာလိကာဟု နိဝါသတဒ္ဓိတ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း¹၊ ဣကပစ္စည်းသည် အဿတ္ထိ တဒ္ဓိတ်၌ မသက်၊ နိဝါသတဒ္ဓိတ်၌သက်သည်-ကိုလည်းကောင်း² သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ပစ္စယဋ္ဌ။

**မှတ်ချက်**။ ။ဝေသာလိယံ ဝသန္တီတိ ဝေသာလိကာဟုလည်း ဝိဂ္ဂဟပြုနိုင်သည်။ အထက်ပါ ဝိဂ္ဂဟနှင့် အတူတူပင်။

### ညသ်ကောက်

**တနည်း။** ။ဤ–ဝါကျ၌ အဘိရတိဝိရဟိတော-ဖြင့် အနဘိရတော၌ န သဒ္ဒါ၏ ဝိရဟ=အဘာဝအနက်ဟောသည်-ကို လည်းကောင်း[၁]၊ အဘိရမနံ အဘိရတောဟု ဘာဝသာဓ်ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၂]၊ တ-ပစ္စည်း၏ ဘာဝသာဓနနှင့်သက်သည်-ကိုလည်းကောင်း[၃]၊ နတ္ထိ အဘိရတော ဧတဿာတိ အနဘိရတော-ဟု ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထ ပြုရမည်ကို-လည်းကောင်း[၄] သိစေသည်။

၁။ နိပါတလိင်္ဂဋ္ဌ၊ ၂။ အဘိဓာနဋ္ဌ၊
၃။ ဒုတိယပစ္စယဋ္ဌ။ ၄။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။

**အနဘိရတော။** ။မမွေ့လျော်မပျော်ပိုက်သည်။(ပထမနည်း။)မွေ့လျော် ပျော်ပိုက်ခြင်းမရှိသည်။ (ဒုတိယနည်း။)

---

(က) ဘိက္ခုဘာဝန္တိ ဘိက္ခုဘာဝေန။ (ခ) ကရဏတ္ထေ ဥပယောဂ–ဝစနံ။ (ဂ) ကတ္တေ အာသတ္တေန-လ-ဝုတ္တံ။ (ဃ) အဋ္ဌိယမာနေ-ဘိ–လ–အတ္တာနစရမာနော။ (င) တေန ဝါ-လ-ပိဋ္ဌိယမာနောတိ အတ္ထော၊ ဋ္ဌ။ ၂၁၂။

http://www.dhammadownload.com



## အနက်ယောဇနာ

ခ-ဝါကျ။ ဘိက္ခုဘာဝ န္တိတ္ထေ။ ၌။ ဥပဒယာဂဝစနံ၊ သည်။ (အာဓာရ နှင့် ကတ္တားဖြည့်။) ကရဏတ္ထေ၊ ၌။ ဥပယောဂဝစနံ၊ တည်း။

တနည်း။ ။ဘိက္ခုဘာဝ န္တိပဒံ၊ ဘိက္ခုဘာဝံဟူသောပုဒ်သည်။ (ပုဒ်စွဲ ကတ္တားဖြည့်။) ကရဏတ္ထေ၊ ၌။ ဥပယောဂဝစနံ။ ဒုတိယာဝိဘတ်ရှိသောပုဒ် တည်း။ (အဿတ္ထိအနက်။)

မှတ်ချက်။ ။ပါ+ဖြေ၊ ပထမတွဲ၊ ၁၉ဂ-၌ အကျယ်ရေးခဲ့ပြီ။

---

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ ဝါကျကား ပက္ခ။

### ဂ-ဝါကျ ကျမ်းတက်

ဤသို့ က-ခ-ဝါကျတို့ဖြင့် ဘိက္ခုဘာဝံပုဒ်၏ ဝိဘတ္တျတ္ထကို ဖွင့်ပြတော် မူပြီး၍ ယခုအခါ၌ အင္ဂဟူသောနာမခေတ်နှင့် ယှဉ်ရာဝယ် တပါးသော ဝိဘတ်ဖြင့်လည်း ဟောတော်မူ၏ဟု ပြခြင်းငှာ ဂ-ဝါကျမိန့်။

မှတ်ချက်။ ။နိသျဆရာတို့ကား ဂ-ဝါကျကို ပက္ခန္တရကြံ၍ အနက်ပေး ၏။ မိမိကား အောက်ပါအတိုင်း ကြံလိုသည်။

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဘိက္ခုဘာဝံကို ဘိက္ခုဘာဝေန-ဟု ဖွင့် ၏။ အင္ဂဟူသော နာမခေတ်၏ အယှဉ်၌ တတိယန္တအားဖြင့် ဘုရားဟော ပါဠိရှိလျှင်၊ ဝါ-ပါဠိကိုထုတ်ပြနိုင်လျှင် ဆရာဖွင့်ဆိုခဲ့သော ဘိက္ခုဘာဝေန ဟူသော သံဝဏ္ဏနာ သင့်တန်ရာ၏။ သို့မရှိက ဘိက္ခုဘာဝေန-ဟူသော သံဝဏ္ဏနာ အဘယ်သို့ သင့်တန်ပါမည်နည်း ကြောင့် ဂ-ဝါကျတက်သည်ဟု ကြံလိုသည်။ ဤအလို ဂ-ဝါကျကား အာဂမဒဠှကရဏတည်း။

ဃ-င-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဂ-ဝါကျတို့ကား ပက္ခ။

င-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဝါကျကား ပက္ခ။

မှတ်ချက်။ ။က-ခ-ဝါကျသည်သာလျှင် င-ဝါကျ၏ မူလဝါကျဖြစ် သည်။ ကျမ်းတက်ရာ၌ မူလ က-ခ ဝါကျကိုသာ ပုဗ္ဗာနုသန္ဓေ၊ ဥပနာထား ရမည်။

http://www.dhammadownload.com


## ၈-ဝါကျဋီကာတက်

ဤသို့ က-ခ ဝါကျတို့ဖြင့် ဘိက္ခုဘာဝ၌ ဒုတိယာဝိဘတ်သည် ကရိုက်း အနက်၌ သက်၏ဟုပြဆိုတော်မူပြီး၍ ယခုအခါ၌ ဒုတိယာဝိဘတ်သည် ကတ္တား အနက်၌လည်း သက်၏ဟု ပြခြင်းငှာ ၈-ဝါကျမိန့်။

† ကတ္တုအတ္ထေ ဝါ ဥပယောဂဝစနံ ဒဋ္ဌဗ္ဗန္တိ အာဟ "တေန ဝါ ဘိက္ခုဘာဝေနာ" တိအာဒိ။ သာရတ္ထ၊ ၂။ ၆၅။

၈-ဝါကျတွင် မိဋ္ဌိယမာနောကာား ဝိတ္ထာရ။ ထို-၍ တေန ဝါ-လ- ကရိယမာနော-ကား သခေ်ပ။

---

## ❁ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဥပယောဂဝစန။** ။နိဗ္ဗတ္တနီယာဒိကမ္မေန ဥပယုဇ္ဇတီတိ ဥပယောဂေါ။ (ဥပ+ယုဇ+တ) ဥပယောဂေါစေ ဝစနံ။ ဥပယောဂဝစနံ။ (ဥပယောဂေါ ဝေ။ နိဗ္ဗတ္တနီယစသောကံနှင့် ယှဉ်တတ်သည်သာလျှင် ဖြစ်သော။ ဝစနံ၊ ဝိဘတ်တည်း။)

ဥပယောဂ—အရကား နိဗ္ဗတ္တနီယစသောကံနှင့် ယှဉ်သော ဒုတိယာသည် မုချ။ ယင်း၏ ဝိဘတ်နှင့် ဝိသေသန ဝိသေသျ-စပ်။ ဥပယောဂဝစန-ကား ဒုတိယာဝိဘတ်ရ၏။

**မှတ်ချက်။** ။ဤကား ဥပယောဂဝစနအရ ဝိဘတ်ရအောင်ဉာဏ်ကောက် ပုံတည်း။

**ဥပယောဂဝစနံ။** ။ဥပယောဂဝစနံ အဿ အတ္ထီတိ ဥပယောဂဝစနံ။ (အဿ၊ ထို ဘိက္ခုဘာဝံဟူသော ပုဒ်အား။ ဥပယောဂဝစနံ၊ ဒုတိယာဝိဘတ် သည်။ အတ္ထိ၊ ၏။)

ဥပယောဂဝစနံ....ကား ဒုတိယာ ဝိဘတ်သည် မုချ။ ယင်း၏ ဘိက္ခုဘာဝံ ပုဒ်နှင့် ဝိသယီ+ဝိသယစပ်။ ဏ-ကား ဒုတိယာဝိဘတ်ရှိ (ဒုတိယာဝိဘတ် သက်ထား) သော ဘိက္ခု ဘာဝံ ပုဒ်ရ၏။

---

## ❁ ဓာတုပစ္စယာဒိဝိဘာဂ

**အာသတ္တ။** ။အာ+သဉ္ဇ+တ။ကာရိုက်ပစ္စည်းကျေ။ ကပ်ငြိစေအပ်သော။ သဒ္ဒတ္ထ။ ဖွဲ့အပ် စွပ်အပ်သော။ အဘိပ္ပာယတ္ထ။ ဝိ၊ ဋ္ဌ၊ ၂။ ၆-ဗဒ္ဓေန ပဋိ မုက္ကေန-အဖွင့်ကြည့်။

**ပိဠိတ။** ။ပီဠဓာတ်+တပစ္စည်း+ဣအာဂုံ။

http://www.dhammadownload.com

† ပိဋ္ဌ အဝဂါဟနေ။ **နီတိ၊ ၁၁။ ၃၅၀။**

ဒုက္ခိဘာ။ ။ဒုက္ခံ သဥ္စာတံ တေဿာတိ ဒုက္ခိတော။ (ဒုက္ခပုဒ် + ဣတ ပစ္စည်း။ သဥ္စာတဘာဒ္ဓိတ်။) တနည်း။ ဒုက္ခေန ဣတော ပဝတ္တောတိ ဒုက္ခိ တော။ ဒုက္ခပုဒ် + ဣတပုဒ်။ တတိယာ တပ္ပုရိသ်။ **နီတိ+၁၁။ ၂၀-၂၁။**

**မှတ်ချက်။** နိဋ္ဌိတောပုဒ်ကို နိဋ္ဌံ ဣတော ဂတော ပတ္တော ကြံသကဲ့သို့ ဒုက္ခိတောပုဒ်ကို ဒုက္ခံ ဣတော ဂတော ပတ္တော ဒုက္ခိတောဟု ဒုတိယာတပ္ပုရိသ် ကြံနိုင်သည်။

---

**၏ အာဘောဂနှင့် သံဝဏ္ဏနာ**

က—ဝါကျ၌ ဘိက္ခုဘာဝေန-ဖြင့် ဘိက္ခုဘာဝံ၌ ဒုတိယာ ဝိဘတ်သည် ကံအနက် (ဒုတိယာအနက်)ကို မဟော။ ကရိုဏ်း အနက်(တတိယာအနက်)ကို ဟောသတည်းဟု သိစေသည်။ (ဝိဘတျတ္ထ။)

ခ—ဝါကျဖြင့် ဘိက္ခုဘာဝံ၌ အံသဒ္ဒါသည် ပဌမာဝိဘတ်၏ ကာရိယ မဟုတ်၊ ဒုတိယာဝိဘတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း ဒုတိယာဝိဘတ် သည် ကံအနက်စသည်ကို မဟော၊ ကရိုဏ်းအနက်ကို ဟောသည်-ကိုလည်း ကောင်း[၂] သိစေသည်။

၁။ ဝိဘတ္တ ပဒ။ ၂။ ဝိဘတျတ္ထ။

**မှတ်ချက်။** ။သာရတ္ထ၊ ၂။ ၅၆-၌ အဓိပ္ပာယတ္ထအာဘောဂ် ဖော်ခဲ့သည်။ ရှုလေတော့။

ဃ-ဝါကျ၌ အတ္တာန မာစရမာနေ-ဖြင့် အဋ္ဌီယမာနောကို အဋ္ဌ ဝိယ အတ္တာနမာစရတီတိ အဋ္ဌီယမာနောဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်-ကို လည်းကောင်း[၁]၊ မာနပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်-ကိုလည်းကောင်း[၂]၊ ဤယပစ္စည်း၏ ကမ္မူပမာ အာစာရအနက်၌ သက်သည်-ကိုလည်းကောင်း[၃]၊ အဋ္ဌသဒ္ဒါ၏ နာမဓာတ်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ၊ ၂။ ဒုတိယပစ္စယတ္ထ၊ ၃။ အာချာတပစ္စယတ္ထသံဝဏ္ဏနာ။ (သံဝဏ္ဏနာ ဆိုရိုး၌ မပါ၊) ဝါ-ဘာဝတ္ထ။ ၄။ ဓာတုပဒ။

ဃ-ဝါကျ၌ ပီဠိတံ-ဖြင့် အဋ္ဋဟူသော နာမဓာတ်သည် ပီဠန အနက်ကို ဟောသတည်း။ တနည်း။ အဋ္ဋဟူသော နာမ်ပုဒ်သည် ပီဠိတ အနက်ကိုဟော သတည်းဟု သိစေသည်။ (ဓာတွတ္ထ။ တနည်း-နာမလိင်္ဂတ္ထ။)

ဿ-ဝါကျ၌ ဒုက္ခိတံ-ဖြင့် ပီဠိတ=နှိပ်စက်အပ်၏ ဟူသည်၊ ဝါ-အနှိပ်စက် ခံရ၏ ဟူသည် ဆင်းရဲခြင်းသို့ ရောက်ခြင်းပင်တည်းဟု သိစေသည်။(ဘာဝတ္ထ။

http://www.dhammadownload.com


### ❁ ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

အနုံ ဝိယ အတ္တာန မာစရတီတိ အနွီယမာနေ။ ကတ္တုသာဓန။ အန္တ+ ဣယ+မာန။

အန္တဓာတ်-ကား ရဟန်း၏ အနဘိရတိ ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်။ ရှေးရှေး၌ ဖြစ်သော အဒ္ဓယာနိသော မနသိကာရစသည်သည် ဖသူ။ နောက်နောက်၌ ဖြစ်သော ဒုဗ္ဗလျ သိက္ခာပစ္စက္ခာနစသည်သည် ကာရဏူပစာ။ ဣယ-ပစ္စည်း အရကား ရူပသိဒ္ဓိမတ္တပဒသိလိဋ္ဌတာဘောဂုဏ်ရ၏။ မာန-ကား ထို-ဖြင့် မှတ်အပ်သော ရဟန်းဒြပ်ရ၏။ (ဤဝိဂ္ဂဟကား အတ္တဝါကျမျှသာ၊ အနွီယတီတိ အနွီယမာနေဟု သဒ္ဒဝိဂ္ဂဟပြုလေ။ ဉာဏ်ကောက်အတူတူပင်။)

ဘိက္ခုဘာဝံ၊ ရဟန်း၏ အဖြစ်ဖြင့်။ အနွီယမာနေ၊ နှိပ်စက်အပ်သကဲ့သို့ (နှိပ်စက်ခံနေရသလို) မိမိကိုယ်ကို ကျင့်လျက်။

င-ဝါကျ၌ ဝါ-သဒ္ဒါဖြင့် အတ္တန္တရ ဝိကပ်ကိုပြသည်။ (ဘာဝတ္ထ။)

င-ဝါကျ၌ တေန-ဖြင့် ဤဆိုအပ်သော ဘိက္ခုဘာဝေနပုဒ်ကား က-ဝါကျ၌ ဆိုခဲ့ပြီးသော ဘိက္ခုဘာဝေန ပုဒ်ပင်တည်း။ ပုဒ်သစ်မဟုတ်ဟု သိစေသည်။ (ဘာဝတ္ထ။)

င-ဝါကျ၌ ဘိက္ခုဘာဝေန-ဖြင့် ဘိက္ခုဘာဝံ၌ ဒုတိယာ ဝိဘတ်သည် အဝုတ္တကတ္တား အနက်ကိုဟောသည်ဟု သိစေသည်။ (ဝိဘတျတ္ထ။)

င-ဝါကျ၌ အန္တော ကရီယမာနေ-ဖြင့် အနွီယမာနေ၌ အနွီယသဒ္ဒါ၏ အန္တ နာမဓာတ်၊ ဣယပစ္စည်းဖြင့် အနွီယဟု ရုပ်ပြီးသည်-ကိုလည်းကောင်း[1]၊ မာနပစ္စည်း၏ ကမ္မသာဓန၌ သက်သည်-ကိုလည်းကောင်း[2]၊ အနွီယတေတိ အနွီယမာနေဟု ကမ္မသာဓနဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[3] သိစေသည်။

၁။ ဓာတုပဒ၊ ဘာဝတ္ထ (ချစ်ကြီးပုံပြ)၊ ၂။ ဒုတိယ ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

† ကမ္မနိ မာနသဒ္ဒေ ကတေ "အနွီယမာနေ"တိ ပဒသိဒ္ဓိ ဝေဒိတဗ္ဗာ။ သာရတ္ထ၊ ၂။ ၆၅-၆၆။

### တန္တည်း ဓာတောင်ကြံပုံ

ဥဒါန အဋ္ဌကထာ၊ ၁၅၆-၌ အနွီယမာနေတိ ပီဠိယမာနေ-ဟုသာ ဖွင့်၏။ ဤအလို အန္တ+ဓာတ်+ယပစ္စည်း+မာနပစ္စည်း၊ ဤ-အာဂုံလာ၍ အနွီယမာနေဟု ရုပ်ပြီးသည်။ အန္တဓာတ် ပီဠနအနက်ဟု ဆိုလို၏။

အဋ္ဌော ကရီယမာနေ-ဖြင့် အန္တ ဓာတ်နက်ထင်ရှားအောင် ကရဓာတ်ဖြင့် ဖွင့်၏။ "ခပ်သိမ်းဓာတ်ပင်၊ နက်မထင်က၊ သကတ္ထကို၊ ရှေ့ကသွင်းကာ

F.57 B

http://www.dhammadownload.com



ဘူကုရာနှင့် ဖွင့်ကာပြလေစမြဲတည်း” ဟူသော နိယံနှင့်အညီကြံ။ ကရိယမာနေဝ ဟူသော ကမ္မရုပ်ဖြင့် အဠိယမာနေဝ ကို ကမ္မသာဓ် ပုဒ်တည်းဟု ပြသည်။ ဓာတ်နက်ကံထား၊ ဖွင့်တုံငြား၊ မှတ်သား ကမ္မသာဓနေ-နိယံနှင့် အညီတည်း။ သို့ဖြစ်၍ အောက်ပါအတိုင်း အာဘော်ဖော်ရမည်။

င-ဝါကျ၌ အင္ဆော ကရိယမာနေဝ ဖြင့် အဠိယာမာနေဝ၌ အဠဓာတ်၏ အဠကရဏ (နှိပ်စက်မှုကို ပြုခြင်း) အနက်ကိုဟောသည်-ကို လည်းကောင်း[၁]၊ အဠဓာတ်+ယပစ္စည်း+မာနပစ္စည်းဖြင့်ပြီးသည် ကိုလည်းကောင်း[၂]၊ မာနပစ္စည်း၏ ကမ္မသာဓန အနက်၌သက်သည်-ကိုလည်းကောင်း[၃]၊ အဠိယတေတိ အဠိယမာနေဝဟု ကမ္မသာဓန ဝိစနတ္တပြုရမည်-ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယံဓာတ္ထူသြ။ ၂။ ဒုတိယဓာတုပဒ။ ရုပ်ငြီးပုံပြသဖြင့် ဘာဝတ္ထ။
၃။ ဒုတိယပစ္စယတ္ထ၊　　၄။ အသံဓာနတ္ထ။

င-ဝါကျ၌ ပီဠိယမာနေဝ-ဖြင့် အဠိယမာနေဝ၌ အဠဓာတ်သည် နှိပ်စက်ညှဉ်းဆဲခြင်း (ပီဠန) အနက်ကို ဟောသည်ဟု သိစေသည်။ (ဒုတိယဓာတွတ္ထ။)

ဘိက္ခုဘာဝံ၊ ရဟန်းအဖြစ်သည်။ အဠိယမာနေဝ၊ နှိပ်စက်အပ်သည် (အနှိပ်စက်ခံရသည်)။ ဟုတ္တ၊ ဖြစ်၍။ (ဝဒတိ-ဝိညာပေတိ-စပ်။)

---

## ❁ နည်းနှင့်ဥပစာ

**ကရဏတ္ထော။** ။အကြောင်းဖြစ်သော ကရိုဏ်းအနက်၏ ကရဏတ္ထ ဟူသောအမည်ကို အကျိုးဖြစ်သော ဘိက္ခုဘာဝ သဒ္ဒါ၌တင်စား၍ အကျိုး ဖြစ်သော ဘိက္ခုဘာဝသဒ္ဒါကို ကရဏတ္ထော-ဟု ဆိုအပ်သောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။) ပါ+ဖြေ+ပထမ၊ ၂၆၆-ကြည့်။

---

(က) ဟာရာယမာနေဝတိ လဇ္ဇမာနေဝ။ (ခ) ဇိဂုစ္ဆမာနေဝတိ -လ-ဇိဂုစ္ဆန္တော။ (ဂ) ယန္ထုနာတိ-လ-နိပါတော။ (ဃ) ဝဒတိ ဝိညာပေတိ-လ-ဇာနာပေတိ။ ဋီ။ ၂၁၂။

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ လဇ္ဇမာနေဝ-ဖြင့် ဟာရဓာတ်သည် ရှက်ခြင်း(လဇ္ဇာ)အနက် ကို ဟောသတည်းဟု သိစေသည်။ (ဒုတိယ ဓာတွတ္ထ။)

**မှတ်ချက်။** ။ဟာရဓာတ်ဟု အာဘော်ဖော်လျှင် မှားသည်၊ သတိပြု။

† ဟာရေ လဇ္ဇာယံ။ အလုတ္တန္တော ယမေကာရန္တော ဓာတု။ နီတိ၊ ဓာ။ ၁၅၄။

http://www.dhammadownload.com


ခ-ဝါကျ၌ ဇိဂုစ္ဆန္တော-ဖြင့် ဇိဂုစ္ဆမာနော၌ မာနပစ္စည်းသည် ဘော, ကံ အနက်၌ မသက်၊ ကတ္တားအနက်၌သက်သည်-ကိုလည်းကောင်း[၁]၊ ဇိဂုစ္ဆတိတိ ဇိဂုစ္ဆမာနောဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယဝဏ္ဏနာယဋ္ဌ။ ၂။ အဘိဓာနဋ္ဌ။

† အန္တော ကတ္တရိ မာနောတု၊ ဘာဝေ ကတ္တရိ ကမ္မနိ။(ဘေဒစိန္တာ။)

ခ—ဝါကျ၌ တံ-ဖြင့်ပါဠိတော်၌ ဘိက္ခုဘာဝံ ပုဒ်ကို ဇိဂုစ္ဆမာနော၌ စပ်ရမည်-ကိုလည်းကောင်း[၁]၊ ဇိဂုစ္ဆမာနော၌ စပ်ခိုက် ဒုတိယဝိဘတ်၏ ကံအနက်၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ သမ္ဗန္ဓ။ ၂။ ဝိဘတျတ္ထ။

ခ-ဝါကျ၌ အသုစိံ ဝိယ-ဖြင့် ပါဠိတော်၌ ဥပမာလင်္ကာရယောဇနာရမည်ဟု သိစေသည်။ (ဘာဝတ္ထ။)

ဘိက္ခုဘာဝံ၊ ကို။ အသုစိံ ဖိယ၊ မစင်ကဲ့သို့။ ဇိဂုစ္ဆမာနော၊ စက်ဆုပ်သည်။

ဂ—ဝါကျဖြင့် နိပါတလိင်္ဂတ္ထ။ နိပါတလိင်္ဂပဒပြသည်။ ဖော်လေတော့။

ဃ—ဝါကျ၌ ဇာနာပေတိ-ဖြင့် ဝိညာပေတိ-၌ ဝိ-ဥပသာရ၏ အနက်မဲ့ (အနတ္ထက) ၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဉာဓာတ်၏ ကိယာဒိ ဂဏိကဓာတ် ၏အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

## နည်းနှင့် ဥပစာ

**ဝစိဘေဒ်။** ။ဤ-၌ ဝစီအရ စကားဖြပ်နှင့် ဘေဒေါအရ အနက်ကို သိတတ်သော တိဿဖုဿ စသော အထူးတို့ မပြားဘဲလျက် ပြားသကဲ့သို့ ဝစီ-ဘေဒေါဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ၊ (နေယျတ္ထ၊ ရှင်ဦးတင်။)

† ဝစိယာ ဘေဒေါ ဝစီဘေဒေါ။ အဘိ၊ ဋ္ဌ၊ ၁၊၊ ၃၆၁။ (မူလဋီ ၁။ ၁၅၁။)

င-ဝါကျ၌ ဥပရိ-လ-ပိကာရော-ဖြင့် ပိ-သဒ္ဒါသည် အပေက္ခန, သမ္ဘာဝနာ, နိန္ဒာ (ဂရဟာ) အနက်ကို မဟော၊ သမ္ပိဏ္ဍနအနက်ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

---

## ပါဠ်ဝိနိစ္ဆယ

ဥပရိမတ္ထသမ္ပိဏ္ဍနတ္ထော၊ ဥပရိသမ္ပိဏ္ဍနတ္ထော။ ။ဥပရိဇာတော ဥပရိမော။ ဥပရိမော စ သော အတ္ထော စာတိ ဥပရိမတ္ထော၊ ဥပရိမတ္ထဿ သမ္ပိဏ္ဍနံ ဥပရိမတ္ထသမ္ပိဏ္ဍနံ ဥပရိမတ္ထသမ္ပိဏ္ဍနံ အတ္ထော ဧတဿ ပိကာရဿာတိ

http://www.dhammadownload.com


ဥပရိမတ္ထသမ္ပိဏ္ဍနတ္ထော-ဟု အစိတ်အပေါင်း ဝစနတ္ထပြု၍ ပြီးသောကြောင့် လည်းကောင်း၊ ဥပရိ-လ-အတ္ထော၊ အထက်၌ဖြစ်သော အနက်ကို ပေါင်းခြင်း အနက်ရှိ၏-ဟု အနက်ယောဇနာက အတ္ထယုတ္တိ ရှိသောကြောင့် လည်းကောင်း ဥပရိမတ္ထ-လ-တ္ထော ပါဌ်သင့်။

ဥပရိသမ္ပိဏ္ဍနံ အတ္ထော ယဿ သော ဥပရိသမ္ပိဏ္ဍနတ္ထော-ဟု ပါဠိတော်ကဏ် ယောဇနာ (၁၂၂) ဆိုသောကြောင့် လည်းကောင်း၊ ဥပရိသမ္ပိဏ္ဍနတ္ထော၊ အထက်၌ ပေါင်းခြင်းအနက်ရှိ၏ဟု အနက်ယောဇနာက အတ္ထယုတ္တိရှိသောကြောင့်လည်းကောင်း ဥပရိသမ္ပိဏ္ဍနတ္ထော ပါဌ်လည်း သင့်သည်။

---

## နည်းနှင့် ဥပစာ

**ခေတ္တမေဝ ဒြဲတိတ္တံ**။ ။ဌ။ ၂၁၄။ အတူဖြစ်သောလယ်၏ ခေတ္တအမည်ကို အတူရှိသော "ဗုဒ္ဓိ ပစ္စက္ခာမိ" စသောသဒ္ဒါ၌ တင်စား၍ အတူရှိသော "ဗုဒ္ဓိ ပစ္စက္ခာမိ" သဒ္ဒါကို ခေတ္တံဟု ဆိုသောကြောင့် သဒိသူပစာ။ (နေယျတ္ထ။ ရှင်း။) **သာရတ္ထ**၊ ၂။ ၆၆။ ၆၉။

**သာသနံ ဝါ ဇပသေတိ**။ဌ။ ၂၁၄။ ဤ၌ သာသနံ ဝါ ဟူသောနည်းသည် ဒုတံ ဝါ ဖြင့် ဆိုခဲ့ပြီးသော မုခသာသနမှ ကြွင်းသော ပဏ္ဏသာသနကို သာလျှင် သာသနံ ဝါ အရ ယူရသောကြောင့် ပါရိသေသနည်း။

အပေါင်းဖြစ်သော မုခသာသန၊ ပဏ္ဏသာသနတို့၏ သာသနဟူသော အမည်ကို အစိတ်ဖြစ်သော ပဏ္ဏသာသန၌တင်။ ကေဒေသူပစာ။ သမုဒါယူပစာ။ **သာရတ္ထ**၊ ၂။ ၆၉။ ဝိမတိ၊ ၁၊ ၁၃၄။

**ဟတ္ထမုဒ္ဒါယ ဝါ** ။ဌ၊ ၂၁၄။ ။အပေါင်းဖြစ်သော လက်၏ ဟတ္ထအမည်ကို အစိတ်ဖြစ်သော လက်ချောင်းကို၌တင်။ ကေဒေသူပစာ၊ ဝါ-သမုဒါယူပစာ၊ (နေယျတ္ထ။ ရှင်း၊) **သာရတ္ထ**၊ ၂။ ၆၉။

**သီသံ ဇေတိ**။ဌ။ ၂၁၄။ ။အတူဖြစ်သော ဦးခေါင်း၏ သီသအမည်ကို အတူရှိသော အပြီးအဆုံး အထွဋ်အထိပ်၌တင်လေ။ သဒိသူပစာ။

---

(က) အလင္တိ ဟောတု။ (ခ) ပရိယတ္တန္တိ အတ္ထော။ (ဂ) ကိံ နုံမေတိ ကိံ မယှံ ကိစ္စံ ကိံ ကရဏီယံ။ (ဃ) ကိံ သာဝေတဗ္ဗန္တိ အတ္ထော။ (င) န မမတ္ထောတိ နတ္ထိ မမ အတ္ထော။ (စ) သုမုတ္တာဟန္တိ သုမုတ္တော အဟံ။ ဋ္ဌ။ ၂၁၅။

http://www.dhammadownload.com


## ❁ အာသောဝဂ္ဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ ယောတု-ဖြင့် အလံပုဒ်ကို ယောတု-ဖြစ်ပါစေဟု အနက်ယောဇနာရမည်ဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

က–ဝါကျ၌ ပရိယတ္တံ-ဖြင့် အလံသဒ္ဒါ တန်ဆာဆင်ခြင်း(ဘူသန) စသော အနက်ကို မဟော၊ ပရိယတ္တအနက်ကို ဟောသတည်းဟု သိစေသည်။(နိပါတလိင်္ဂတ္ထ။)

**မှတ်ချက်။** ။ယောဘူတိ ဘူဝဘူတိ ဣဒမ္ပိ ပဋိက္ခေပမတ္တမေဝ တိ အာဟ ယောတု ပရိယတ္တန္တိ အတ္ထော-ဟု သာရတ္ထ၊ ၂။ ၇၁-ဖွင့်သည်။ ပရိယတ္တဟူသည် ပဋိက္ခေပပင်တည်း ဟု မှတ်။

**အနက်ယောဇနာ။** ။အလံ မေ သဗြဟ္မစာရိဟိ။ မေ၊ ငါ့အား၊ သဗြဟ္မစာရိဟိ၊ သီတင်းသုံးဖော်တို့ဖြင့်။ အလံ (ယောတု ဘဝတု)၊ ဖြစ်ပါစေတော့။ ရှိပါစေတော့။ ဝါ- တော်ပါပြီ တန်ပါပြီ၊ (မပေါင်းသင်းချင်တော့ပါဘူး။)

ဂ–ဝါကျ၌ မယံ-ဖြင့် ကိံ နုမေ-၌ မေသဒ္ဒါသည် ဆဋ္ဌီ သ-ဝိဘတ်နှင့်တကွ အမှသဒ္ဒါ၏ ကာရိယမဟုတ်၊ အမှသဒ္ဒါနှင့်တကွ စတုတ္ထီ သ-ဝိဘတ်၊ ဝါ- တတိယာနာ-ဝိဘတ်၏ ကာရိယတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ။)

ဂ·ဝါကျ၌ ကိံ နု-ကို ကိံ ဟု ဖွင့်သဖြင့် နုသဒ္ဒါ ကား အနက်မဲ့(အနတ္ထက) တည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

ဂ–ဝါကျ၌ ကိစ္စံ-ဖြင့် ကိံသဒ္ဒါကို ကိစ္စံ ဟူသော ပါဌသေသ၌ စပ်ရမည်–ကိုလည်းကောင်း[၁]၊ ကိံ-၌ ပဌမဝိဘတ်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ယင်း၏ ပဌမာဝိဘတ်၏ ဝုတ္တကံအနက် ၌ သက်သည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ သမ္ဗန္ဓ။ ၂။ ဝိဘတ္တိပဒ။ ၃။ ဝိဘတျတ္ထ။

ဂ–ဝါကျ၌ ကရဏီယံ-ဖြင့် ကိစ္စံ၌ ကရဏတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ရိစ္စပစ္စည်း၏ ကမ္မသာဓန၌ သက်သည်-ကိုလည်းကောင်း[၂]၊ ကရဏီယန္တိ ကိစ္စံ ဟု ကမ္မသာဓနဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ဃ–ဝါကျဖြင့် ကရဏီယံ၌ အနီယ ပစ္စည်း၏ ကမ္မသာဓန၌သက်သည်-ကိုလည်းကောင်း[၁]၊ ကတ္တဗ္ဗံ သာဓေတဗ္ဗန္တိ ကရဏီယံဟု ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၂]၊ ကရ=ပြု၏ဟူသည် သာဓေ=ပြီးစေခြင်းပေတည်း ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဘာဝတ္ထ။

**မှတ်ချက်။** ။ကရောတိကို အဘိနိပ္ဖါဒေတိ-ဖွင့်ပုံမျိုးဟု မှတ်။

http://www.dhammadownload.com


**ကိံ န မေ ဗုဒ္ဓေန**။ ။ဗုဒ္ဓေန၊ ဖြင့်၊ မေ၊ အား၊ ၀ါ–သည်။ ကိံ၊ အဘယ်အမှုကို ကိစ္စ၊ ပြုအပ်ပါသနည်း (သဒ္ဒတ္ထ)။ ပြီးစေအပ်ပါသနည်း။ (အဓိပ္ပာယတ္ထ။)

င–၀ါကျ၌ မမအတ္ထော–ဖြင့် မမတ္ထောပုဒ်ကို မံ+အတ္ထော၊ မမံအတ္ထော=ဟု ပဒစ္ဆေဒမပြုရ။ မမ အတ္ထောဟု ပဒစ္ဆေဒပြုရမည်ကိုလည်းကောင်း[၁]၊ နတ္ထိ–ဖြင့် နု–သဒ္ဒါ ဝုစ္စိုစသောအနက်ကို မဟော၊ အဘာ၀အနက်ကို ဟောသည်–ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ သန္ဓိလိဂ်ပဒ။　　၂။ နိပါတလိင်္ဂတ္ထ။

ခ–၀ါကျဖြင့် သန္ဓိလိဂ်ပဒ–ကိုပြသည်။

---

**အာဘောဇ်စသည် မှတ်ဖွယ်**

ယာနိ ၀ါ. ပနညာနိ-လ-ယာနိ အညာနိ။ ဋ္ဌ။ ၂၁၆။ ဟု ဖွင့်သဖြင့် ၀ါသဒ္ဒါ၊ ပန သဒ္ဒါ၊ ပိသဒ္ဒါတို့အနက်အထူးမရှိဟု ပြသည်။ နိပါတလိင်္ဂတ္ထ ၃–ချက်။

ဗုဒ္ဓဝေ၀စနာနီတိ ဗုဒ္ဓဿ ၀ါ ပရိယာယနာမာနိ–ဖြင့် ဗုဒ္ဓနှင့် ဝေ၀စန ဆဋ္ဌီတွဲ။ ဝေ၀စနကား ပရိယာယ၏ စကားလှယ်ဟု ဖွင့်ပြသည်။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ အဘိဓေယျတ္ထ။

**ယထာရုစ**။ ။ယထာရုစမေ၀ါတိ ယထာဝုတ္တမေ၀၊ ပါဠိယံ အာဂတမေ၀။ **သာရတ္ထ**၊ ၂။ ၇၄။ ယင်းအဖွင့်နှင့်အညီ ရုစိယတေ ဒေသီယတေတိ ရုစံ–ဟု ဝိဂ္ဂဟပြု။ ဝုတ္တံနှင့် အတူပင်။ ရုစဿ အနုရူပံ ယထာရုစံ–ဟု တွဲ။

**ဗောဓိသညာဏ**။ ။ဗောဓိ ဝုစ္စတိ သဗ္ဗညုတညာဏံ၊ တံ သဋ္ဌာနနုဟော–တုတ္တာ ပညာဏံ ဧတဿာတိ ဗောဓိပညာဏော။ ဘဂ၀ါ။ သာရတ္ထ၊ ၂။ ၇၄။ ဗောဓိ ပညာဏံ ဧတဿ ဘဂ၀တော တိ ဗောဓိပညာဏော–ဟု တွဲ။

**ဓီရော**။ ။ဓိယာ ပညာယ ရာတိ ဂဏှာတိ သေ၀တိ ၀ါ ဓီရော။

**ပထမပါရာဇိကံ**။ ။အပေါင်းဖြစ်သော ပထမပါရာဇိက သိက္ခာပုဒ် ပထမ ပါရာဇိက အာပတ်တို့၏ ပထမပါရာဇိက အမည်ကို အစိတ်ဖြစ်သော ပထမပါရာဇိက သိက္ခာပုဒ်၌တင်၊ စေဒေသျ။ သမုဒါယူပစာ။

† ပဌမံ ပါရာဇိကန္တိ အာဒိနာ သိက္ခာပဒါနံ ဧ၀ ဂဟဏံ ဝေဒိတဗ္ဗံ။ န အာပတ္တီနံ။ သာရတ္ထ၊ ၂။ ၇၉။

http://www.dhammadownload.com



ယဿ မူလေနာတိ ယဿ ပဓာနဘာဝေန ကာရဏဘာဝေန ဝါ။ (သာရတ္ထ၊ ၂။ ၇၉၈) ဤအလို-ယဿ၊ အကြင်ပုဂ္ဂိုလ်၏၊ မူလေန၊ ပြဋ္ဌာန်းသည်၏ အဖြစ်ဖြင့်၊ ဝါ-အကြောင်း၏ အဖြစ်ဖြင့်။ အဟံ၊ သည်။ ပဗ္ဗဇိတော၊ ရှင်ပြုမ်၏။ တမဟံ ပစ္စက္ခာမိ-စပ်။

ယဿမူလေနာတိ ယဿ သန္တိကေ။ (ဝိမတိ၊ ၁။ ၁၃၅။) ယင်းအလို-ယဿ၊ ၏။ မူလေန၊ အထံ၌။ အဟံ ပဗ္ဗဇိတော။ တမဟံ ပစ္စက္ခာမိ။

---

## ပါဠိဝိနိစ္ဆယ

ယဿမူလိကာ-ဟု တစ်ပုဒ်တည်းကောင်း၊ ယဿ မူလိကာဟု ဝါကျ လည်းကောင်း ၂-မျိုးရှိရာ အဘယ်သော ပါဠိသည် သဒ္ဒယုတ္တိ အတ္ထယုတ္တိရှိပါ သနည်း။

ယဿ မူလံ ယဿမူလံ ဟု အလုတ္တ ဆဋ္ဌီ တပ္ပုရိသ်တွဲ၊ ယဿမူလံ ဝေါ်သာတိ ယဿမူလိကာ ဟု အဿတ္ထိဆင့်၊ ယဿမူလ ပုဒ်+ဣက-ပစ္စည်း၊ အဿတ္ထိ တဒ္ဓိတ်ပုဒ် ဖြစ်သောကြောင့် ယဿမူလိကာ ဟု တစ်ပုဒ်ရှိသော ပါဠိသင့်သည်။ သာရတ္ထ၊ ၂။ ၇၉။

**ယဿမူလိကာ။** ။မယုံ၊ ငါ၏။ ပဗ္ဗဇ္ဇာ၊ သည်။ ဥပသမ္ပဒါ၊ သည်။ ယဿမူလိကာ၊ အကြင်ပုဂ္ဂိုလ်၏ ပြဋ္ဌာန်းသည်၏ အဖြစ်၊ ဝါ-အကြောင်း၏ အဖြစ်ရှိ၏။ တံ အဟံ ပစ္စက္ခာမိ။ (ရှေ့ဖြေရာ၌ ဤအတိုင်းဖြေပါ။)

**အာစရိယဝါဒ။** ။မူလေန ကို သန္တိကေ ဖွင့်သော ဝိမတိ-ကို ထောက်၍ မူလေ သန္တိကေ ဥပ္ပန္နာ မူလိကာ-ဟု ကြံသော မအူသျှဆရာတော်၏ စကား လည်း ရှင်းလင်းပြတ်သား၏။

မယှံ၊ ၏။ ပဗ္ဗဇ္ဇာ၊ သည်။ (ဥပသမ္ပဒါ၊ သည်။) ယဿ၊ ၏။ မူလိကာ၊ အထံ၌ဖြစ်၏။ တံ အဟံ ပစ္စက္ခာမိစပ်။ ဤသို့ကြံလျှင်လည်း သဒ္ဒယုတ္တိ အတ္ထ ယုတ္တိရှိသည်။ ထိုကြောင့် ယဿ မူလိကာ-ဟု ဝါကျရှိလျှင်လည်း မှန်သည်။ (ဗဟုသုတအတွက်မှတ်ပါ။)

မှတ်ချက်။ ။မယှံမူလိကာ၌လည်း ဤနည်းတူ ၂-မျိုးကြံပါ။

---

(က) တေဟိ အာကာရေဟိ-လ-ဝေဝစနာနိ။ (ခ) ဝေဝစနာနိ ဟိ-လ-အာကာရာနိ။ (ဂ) ဗုဒ္ဓါဒီနံ သဏ္ဌာန ဒီပနတ္ထာ-လ-လိင်္ဂါနိ။ (ဃ) သိက္ခာပစ္စက္ခာနဿ-လ-ဗုစ္စတိ။ ဋီ။ ၂၁၉။

http://www.dhammadownload.com



### ဝါကျခွဲနှင့် ကျမ်းတက်

လီနတ္ထရတက်။ ။ဆရာ မြတ်စွာဘုရားသည် တေဟိ အာကာရေဟိ တေဟိ လိင်္ဂေဟိ တေဟိ နိမိတ္တေဟိ-ဟု ဟောတော်မူ၏။ ယာနိ ဝါ ပနညာနိ စသော (ပိုဒ်ရေ-၅၃) ၌ ဝါကျ၌ ယာနိ ဝါ ပနညာနိ ဗုဒ္ဓဝေဝစနာနိ စသည် ဝေဝစနတို့ကိုသာ ယ-သဒ္ဒါဖြင့် သုံးသပ်စွဲယူခဲ့သည် မဟုတ်လော။ (အနွယာဘောဂ။) တေဟိ အာကာရေဟိ တေဟိ လိင်္ဂေဟိ တေဟိ နိမိတ္တေဟိ-ဟု အာကာရ, လိင်္ဂ, နိမိတ္တတို့ကို မစွဲယူသင့် (ဗျတိရေကာဘောဂ)၊ ယာနိဝါ ပနညာနိ စသည် ယသဒ္ဒါစွဲအပ်သော အနိယမတ္ထနှင့် တေဟိ အာကာရေဟိ စသည် တသဒ္ဒါစွဲအပ်သော နိယမတ္ထတို့ အဘယ်သို့လျှင် ရှေ့နောက် ညီပါမည်နည်း-ကြောင့်-က-ဝါကျ သံဝဏ္ဏနာကိုမိန့်။

ကား--က--ဝါကျ သံဝဏ္ဏနာဖြင့် အာကာရေဟိ လိင်္ဂေဟိ နိမိတ္တေဟိ ဟူသည်နှင့် ဝေဝစနေဟိ-ဟူသည် အတူတူပင် ဖြစ်သည်ဟု ငါ ဖွင့်ဆိုသဖြင့် ယာနိ ဝါ ပနညာနိဟူသော အနိယမတ္ထနှင့်တေဟိ အာကာရေဟိစသော နိယမတ္ထတို့ ရှေ့နောက်ညီပါသည် ဟူလို။ သာရတ္ထ၊ ၂။ ၁၀။

ခ-ဂ-ဃ-ဝါကျတို့ကား ဝိတ္ထာရ၊ ထို-၌ က-ဝါကျကား သခေ်ပ။

### အယုတ္တစောဒနာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် အာကာရ လိင်္ဂ နိမိတ္တတို့သည် ဝေဝစန ဟူသော ပါဠိစကားလုံးနှင့် အတူပင်တည်းဟု ဖွင့်ဆိုတော်မူ၏။ ယင်း ဝေဝစန တို့ကို အဘယ်သို့လျှင် (ဝါ-အဘယ်ကြောင့်) အာကာရလိင်္ဂ နိမိတ္တသဒ္ဒါဖြင့် သုံးနှုန်း ခေါ်ဆိုကြပါသနည်း-ကြောင့် ခ-ဂ-ဃ-ဝါကျ တို့ကိုမိန့်။ သာရတ္ထ၊ ၂။ ၁၀။

ခ-ဂ-ဃ-ဝါကျတို့ကိုကား ရှေ့နောက် ထောက်ဆ၍ ပက္ခ ပက္ခန္တရခွဲလေ။

### ဂ-ဝါကျတွင် ဒုတိယဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည်-လ-ဆိုတော်မူ၏။ (ဂ-ဝါကျတွင် ပဌမဝါကျကို အပြည့်အစုံ ဘာသာပြန်၍ ဌပနာထား။) အသွင်သဏ္ဌာန်ရှိကုန်သော ဘုရားအစ ရှိသည်တို့၏ သဏ္ဌာန်ကိုပြခြင်းသည် ဖြစ်တန်စေဦးတော့၊ (စောဒကပရိကပ္ပ= စောဒက၏ကြံစည်ပုံ၊) သဏ္ဌာန်မှကင်းသော ဓမ္မသိက္ခာအစရှိသည်တို့၏ သဏ္ဌာန် ကိုပြခြင်းသည်ကား အဘယ်သို့ ဖြစ်နိုင်ပါမည်နည်း-ကြောင့် ဒုတိယဝါကျမိန့်။ သာရတ္ထ၊ ၂။ ၁၀။

http://www.dhammadownload.com


## ❀ ဓိဂ္ဂဟာနှင့်ညည်ကောက်

**အာကာရ။** ။အာကရောတိ ဓောဟိတိ အာကာရာနိ။ (ဘိက္ခု သိက္ခာ-ပစ္စက္ခာနိ ဓောဟိ ဝေ့ဝစနေဟိ အာကရောတိ။) ကရဏသာဓန။ အာ+ကရ+ဏ။

အာ-ကား ဓာတွတ္ထာနုဝတ္တကဘောဂဏ်ရ၏။

ကရဓာတ်-ကား ရဟန်း၏ သန္တာန်၌ အနဘိရတိ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပာဒ်သည် မှချ။

ကရဏတ္တ-ကား ထိုအားတပ်သော သမ္ပာသမ္ပုဒ္ဓိစသော ဝေဝုစ်တို့၏ အာရမ္မဏပစ္စယသတ္တိ၊ ပကတူပနိဿယသတ္တိသည်ဖလူ။ ဏ-ကား ထို-ဖြင့် မှတ်အပ်သော သမ္ပာသမ္ပုဒ္ဓိစသော ဝေဝုစ်တို့ရ၏။

**မှတ်ချက်။** ။ကာရဏတ္တာ၌ ကာရဏပုဒ်ကို ကရောတိ ဓောဟိတိ ကာရဏာနိဟု ဝစနတ္တပြု။ အာကာရနှင့်အတူ ညည်ကောက်။

**လိင်္ဂ။** ။လိင်္ဂေတိ ဒီပေတိ ဓောဟိတိ လိင်္ဂါနိ။ လိင်္ဂ+အ။ ဂ-ဝါကျတွင် ပထမဝိကပ်နှင့်အညီ။

**လိင်္ဂ။** ။လိင်္ဂေတိ သဉ္ဇာတိ ဓောသုတိ လိင်္ဂါနိ။ ဂ-ဝါကျတွင် ဒုတိယ ဝိကပ်နှင့်အညီ။

**နိမိတ္တ။** ။နိမိနာတိ သဥ္ဇာနာတိ ဓောဟိတိ နိမိတ္တာနိ။ (နိ+မိ၊ ဝါ-မာ+တ။) နိ-ကား ဓာတွတ္ထာနုဝတ္တက။

မိဓာတ်-ကား တပါးသော ရဟန်း၏ သညာ ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည် မှချ။ ကရဏတ္တ-ကား ထိုအားတပ်သော သမ္ပာသမ္ပုဒ္ဓိစသော ဝေဝုစ်တို့၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ တ-ကား ထိုဖြင့် မှတ်အပ်သော သမ္ပာသမ္ပုဒ္ဓိစသော ဝေဝုစ်ရ၏။

**တိလက။** ။တိလသဏ္ဌာနံ ဝိယ ဇာယတီတိ တိလကော။ (ဓာန်၊ ဋီ။ သီ၊ ဋီ၊ သစ်၊ ၂။ ၁၂၈။ တိလပုဒ်+ကပစ္စည်း။ ဇာယတိတဒ္ဓိတ်။ သဏ္ဌာန သဏ္ဌာနဝဏ္ဏ၊ ဂုဏ် ဂုဏောစပ်။

**ဥပစာတင်ပုံ။** ။အတူဖြစ်သော နှမ်း၏ တိလအမည်ကို အတူရှိသော နှမ်းသဏ္ဌာန်၌တင်လေ။ သဒိသူပစာ။

## ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဝေဝစနေဟိ-ဖြင့် အာကာရ လိင်္ဂ နိမိတ္တတို့သည် ဝေဝစန အနက်ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

http://www.dhammadownload.com



တနည်း။ ။က ဝါကျ၊ သံဝဏ္ဏနာဖြင့် ယာနိ ဝါ စသည်၌ ဝါ သဒ္ဒါဖြင့် သုံးသပ်အပ်ကုန်သော ဗုဒ္ဓအစရှိသော ဝေဝုစ်တို့ကိုသာလျှင် တေဟိ-၌တသဒ္ဒါဖြင့် သုံးသပ်သတည်းဟု သိစေသည်။ (သမ္ဗန္ဓာမလင်္ကာတ္ထ။) သာရတ္ထ၊ ၂။ ဂဝ၊

ခ-ဝါကျ၌ ကာရဏတ္ထာ-ဖြင့် အာကာရနိပုဒ်ကို အာကရောတိ ဧတေ-ဟိတိ အာကာရာနိ-ဟု ကရဏ သာဓနဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ ဏပစ္စည်း၏ ကရဏအနက်၌ သက်သည်-ကိုလည်းကောင်း[၂]၊ အာကာရသဒ္ဒါ သဏ္ဌာန, ဣဂိတစသော အနက်ကိုမဟော၊ ကာရဏအနက်ကိုဟောသည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။ ၃။ နာမလင်္ကာ။

† အာကာရော ကာရဏေ ဝုတ္တော၊ သဏ္ဌာနေ ဣင်္ဂိတေပိ စ။ ဓာန်၊ ၇၆၄။

ခ-ဝါကျ၌ ဝေဝစနာနိ-ဖြင့် အာကာရကိုဖွင့်။ (နာမလင်္ကာတ္ထ။)

ဂ-ဝါကျ၌ သဏ္ဌာန ဒီပနတ္တာ-ဖြင့် လိင်္ဂါနိပုဒ်ကို လိင်္ဂေတိ ဒီပေတိ ဧတေဟိတိ လိင်္ဂါနိ-ဟု ကရဏသာဓန ဝစနတ္ထပြုရမည်-ကို လည်းကောင်း[၁]၊ အ-ပစ္စည်း၏ ကရဏသာဓန၌ သက်သည်-ကိုလည်းကောင်း[၂]၊ လိင်္ဂဓာတ်၏ ဒီပနအနက်ကိုဟောသည် ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။ ၃။ ဒုတိယဓာတွတ္ထ။

ဂ-ဝါကျ၌ သဏ္ဌာနတ္တာ-ဖြင့် လိင်္ဂါနိပုဒ်ကို လိင်္ဂတိ သဏ္ဌာတိ ဧတေ-သူတိ လိင်္ဂါနိ-ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်-ကို လည်းကောင်း[၁]၊ အ-ပစ္စည်း၏ အဓိကရဏသာဓန၌ သက်သည်-ကိုလည်းကောင်း[၂]၊ လိင်္ဂဓာတ် တည်ခြင်း (= ဌိတိ) အနက်ဟောသည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယသာဓနယဋ္ဌ။ ၃။ ဒုတိယဓာတွတ္ထ။

အနက်ယောဇနာ။ ။တေဟိ အာကာရေဟိ၊ ထို (သိက္ခာချွန်ခြင်း၏) အကြောင်း (ဝေဝုစ်) တို့ဖြင့်။ တေဟိ လိင်္ဂေဟိ၊ ထို ဘုရား အစရှိသည်တို့၏ သဏ္ဌာန်တို့ကို ပြကြောင်း (ဝေဝုစ်) တို့ဖြင့်။ တနည်း။ တေဟိ လိင်္ဂေဟိ၊ (သိက္ခာချွန်ခြင်း၏) တည်ရာ (ဝေဝုစ်)တို့ဖြင့်။ တေဟိ နိမိတ္တေဟိ၊ (သိက္ခာချွန်ခြင်းကို) သိကြောင်း(ဝေဝုစ်)တို့ဖြင့်။ ဝဒတိ ဝိညာပေတိ ပါဠိတော်၌စပ်။

---

## နည်းနှင့်ဥပစာ

အာကာရ။ ။အပေါင်းဖြစ်သော ကာရဏ သဏ္ဌာန ဣင်္ဂိတ-တို့၏ အာကာရအမည်ကို အစိတ်ကာရဏ၌ တင်။ ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

http://www.dhammadownload.com



ထိင်။ ။အပေါင်းပြကြောင်း(ဒိပန) အင်္ဂါဒါတ် ပုလ္လိင်စသော လိင်တို့၏ လိင်အမည်ကို အစိတ်ဖြစ်သော ပြကြောင်း (ဒိပန) ၌ တင်။ ကောဒေသျူပစာ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ။ ရှင်း။)

တနည်း—ထိင်။ ။အပေါင်းတည်ရာ သဏ္ဌာန, အင်္ဂါဒါတ်, ပုလ္လိင် စသော လိင်တို့၏ လိင်အမည်ကို အစိတ်ဖြစ်သော တည်ရာ သဏ္ဌာန၌တင်။ ကောဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

နိမိတ္တ။ ။အပေါင်း သိကြောင်း (ကာရဏ) ဗျတ္တိနိမိတ္တ စသော အင်္ဂါ ဒါတ်, အမှတ်အံဆိပ် (လက္ခဏ) တို့၏ နိမိတ္တအမည်ကို အစိတ်ကာရဏ၌ တင်။ ကောဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

မှတ်ချက်။ ။အထက်ပါ ဥပစာများကား သကတ္တမျိုးစွာမှ လိုအပ်ရာ အတ္ထကို ထုတ်ယူသောကြောင့် အထင်ရှင်းထည်း။

* မျိုးပြားစွာလှ၊ သကတ္တတွင်၊ ထင်သည့်သကတ်၊ စွဲမည့်တိမ်မူ၊ မှတ်လော အထင်ရှင်းထည်း။ (ဘုရာကြီး)

---

(က) ခိတ္တစိတ္တောတိ ယက္ခုမ္မတ္တကော ဝုစ္စတိ။ (ခ) ဝေဒနာဋ္ဋော-တိ-လ-ပုဋ္ဌော မုစ္စ ာပရေတော။ (ဂ) ထိရစ္ဆာနဂတဿာတိ -လ-ယဿ ကာဿဝိ။ ၌။ ၂၂၀။

## ❁ အာစရိယာဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် ခိတ္တစိတ္တအရ ပျံ့လွင့်သော စိတ်ရှိသူ မှန်သမျှကို မယူရ၊ ယက္ခုမ္မတ္တ (ဘီလူးဖမ်းသဖြင့် ရူးသူ) ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

နည်းနှင့် ဥပစာ။ ။အပေါင်းဖြစ်သော ယက္ခုမ္မတ္တက, ပိတ္တုမ္မတ္တကတို့၏ ခိတ္တစိတ္တအမည်ကို အစိတ်ဖြစ်သော ယက္ခုမ္မတ္တက၌တင်လေ။ (ကောဒေသျူပစာ ဝါ-သမုဒါယူပစာ။ (ယေျတ္ထ။ ရှင်း။) အနာပတ္တိဝါရ (၂၃၄) ၌ ဆိုလတ္တံ့၊ ယူလတ္တံ့သော ဥမ္မတ္တကအရ ပိတ္တုမ္မတ္တကမှကြွင်းသော ယက္ခုမ္မတ္တကကို ယူရ သောကြောင့် ပါရိသေသနည်း။

ခ-ဝါကျ၌ ဒုက္ခဝေဒနာယ ဖုဋ္ဌော-ဖြင့် ဝေဒနာဋ္ဋောပုဒ်ကို ဝေဒနာယ အဋ္ဋော ခဝေဒနာဋ္ဋော-ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကို

လည်းကောင်း[1]၊ ယင်း (တတိယာတပ္ပုရိသ်ကိုထောက်၍) အင္ဂပုဒ်ကို အင်္ဂိယ၊ တော၀တိ အင္ဂာ-ဟု ကမ္မသာဓ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[2]၊ ဝေဒနာ အရ ဒုက္ခဝေဒနာကို ယူရမည်-ကိုလည်းကောင်း[3]၊ ဒုက္ခဝေဒနာဖြင့် နှိပ်စက် အပ်၏ဟူသည် ဒုက္ခဝေဒနာကို တွေ့ထိခံစားရခြင်းပင်တည်း ဟူသောအဓိပ္ပာယ် ကိုလည်းကောင်း[4] သိစေသည်။

၁။ အဘိဓာနဋီ။ သမာသလိင်္ဂ။ ဗဥ္ဇ။ ၂။ အဘိဓာနဋီ။ ၃။ ဓုတိယပဉ္စိကာဋီ။ ၄။ အဘိဓေယျဋီ။ ၅။ ဘာဝဋီ။

ဂ-ဝါကျ၌ နာဂမာဏဝသစသည်ဖြင့်တိရစ္ဆာနအရ စကားအနက်အဓိပ္ပာယ် ကို သိစွမ်းနိုင်သော တိရစ္ဆာန်ကို ဟူရမည်ဟု သိစေသည်။ (အဘိဓေယျဋီ။)

**နည်းနှင့် ဥပစာ။** ။အပေါင်းတိရစ္ဆာန် မှန်သမျှ၏ တိရစ္ဆာနဂတအမည်ကို အစိတ် စကားအနက် အဓိပ္ပာယ်ကို သိနိုင်သော တိရစ္ဆာန်၌ တင်လေ။ ကေဒေသူ၊ ဝါ သမုဒါယူပစာ။ (နေယျဋီ။ ရှင်။)

**တိဟေတုကပဋိသန္ဓိကာ။** ။တိဟိတ်ပဋိသန္ဓေနေသောနတ် တည်းဟူသော ဌာနီဖြင့် နတ်ပြည်တည်းဟူသော ဌာနကိုမှတ်၍ တိဟိတ်ပဋိသန္ဓေနေသော နတ် တည်းဟူသော အမျိုးကို ဆိုသဖြင့် ဒွိဟိတ်ပဋိသန္ဓေနေသောနတ် တည်း ဟူသော အနည်းကိုလည်းရသောကြောင့် ယေဘုယျနည်း။ ဆာရတ္ထ။ ၂။ ၈၁။

အစိတ် — တိဟိတ်ပဋိသန္ဓေနေသော နတ်တို့၏ တိဟေတုပဋိသန္ဓိကာ ဟူသောအမည်ကို အပေါင်းဖြစ်သော တိဟိတ်ပဋိသန္ဓေနေသောနတ်၊ ဒွိဟိတ် ပဋိသန္ဓေနေသောနတ်တို့၌ တင်လေ။ ဧကဒေသူပစာ။ ဝါ-အဝယဝူပစာ။

---

(က) အရိယကံ နာမ-လ-မာဂဓဘာသာ။ (ခ) မိလက္ခကံ နာမ-လ-အန္ဓဒမိဠာဒိ။ ဋ္ဌ။ ၂၂၁။

## ❁ အာဓောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ အရိယဝေါဟာရော-ဖြင့် အရိယကံ၌ က-ပစ္စည်းသည် သမ္မဟ အနက်၌မသက်၊ ဝေါဟာရတဒ္ဓိတ် အနက်၌ သက်သည်-ကိုလည်းကောင်း[1]၊ အရိယာနံ ဝေါဟာရော အရိယကံ ဟု ဝေါဟာရ တဒ္ဓိတ်ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[2] သိစေသည်။

၁။ ပဉ္စိကာဋီ။ ၂။ အဘိဓာနဋီ။

**မှတ်ချက်။** ။အရိယနှင့် ဝေါဟာရအရ စကား(ဘာသာ)ဒြပ်ကို သာမ်+ သံ၊ သာဓက+သာဓျစပ်။

http://www.dhammadownload.com


က-ဝါကျ၌ မာဂဓဘာသာ-ဖြင့် အရိယကအရ မာဂဓဘာသာကို ရယူမည် ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျဖြင့် မိလက္ခကအရ အမှတ်မရှိသော အရိယာတို့၌ ဝေါဟာရ မဟုတ်သော အန္ဓဘာသာ, ဒမိဠဘာသာစသည်ကို ဟုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

## မိလက္ခသ၊ မိလက္ခုသ

မိလေဆ အဝိယတ္တာယံ ဝါစာယံ၊ မိလေစ္ဆတိ၊ မိလက္ခု။ ပစ္စတ္တိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ မိလက္ခူသု အဝိညာတာရေသု။ နီတိ၊ ဓာ၊ ၃၉။

မိလေဆ အဗျတ္တာယံ ဝါစာယံ။ မိလေစ္ဆတိ၊ မိလေစ္ဆယတိ။ မိလက္ခု။ ဧတ္ထ မိလက္ခူတိ မိလေစ္ဆေတိ အဗျတ္တဝါစံ ဘာသတီတိမိလက္ခု။ နီတိ၊ ဓာ။ ၂၉၄။

ဤ သဒ္ဒနီတိ ဓာတုမာလာကျမ်းအလို မိလက္ခု = တောင်သူ လူရိုင်း။ ဥကာရန္တပုဒ်ဟု မှတ်။ မိလက္ခု ပါဠိသင့်သည်။

## သက္ကတကျမ်းလာဝါစ

မ္လေစ္ဆ-အပသဒ္ဒေ မ္လေစ္ဆတိ အပသဒ္ဒံ ကရောတီတိ မ္လေစ္ဆော။ (ထောမ။) ဤနည်းတူ P S T.D-၌လည်း မ္လေစ္ဆ-ဟုပင် ပုံစံပြ၏။

မိလက္ခ အဗျတ္တသဒ္ဒေ အ။ မိလက္ခန္တေ အဗျတ္တံ ဘာသန္တေတိ မိလက္ခာ။ ဓာန်။ ၅၁၇-ဂါထာ အဖွင့်။ သူစိ။

မိလက္ခ အဗျတ္တိယံ ဝါစာယံ မိလက္ခန္တိ အဗျတ္တဝါစံ ဘာသန္တီတိ မိလက္ခာ။ ဓာန်၊ ၁၈၆-ဂါထာ အဖွင့်။ သူစိ။

ဤ သက္ကတကျမ်း သူစိတို့အလို မိလက္ခ ဟု အကာရန္တနှင့် ရှိသောပါဠိ သင့်သည်။

မှတ်ချက်။ ။လန်ဒန်ပါဠိအသင်း ပါဠိအင်္ဂလိပ် အဘိဓာန် (P.T.S)၌ မိလက္ခု၊ မိလက္ခ၊ မိလက္ခုက စသည် ဥကာရန္တ၊ အ-ကာရန္တ ၂-မျိုးပင် ရေးသားထားသည်။

## အချုပ်ဆိုရသော်

သဒ္ဒနီတိဓာတုမာလာအလို- မိလေစ္ဆဓာတ် + ဥပစ္စည်းဖြင့် ပြီးသောကြောင့် "မိလက္ခု" သင့်။

သက္ကတနှင့် သူစိတို့အလို-ပိလက္ခဓာတ်+အ ပစ္စည်းဖြင့် ပြီးသောကြောင့် "မိလက္ခ" သင့်သည်။

http://www.dhammadownload.com


မှတ်ချက်။ ။မိလက္ခုဘာသာ၊ မိလက္ခဘာသာ။ မိလက္ခုက မိလက္ခက စသည် ၂-ပါဌ်သင့် ဆိုဖြတ်လေ။

မိလက္ခက။ ။မိလက္ခာနံ ဝေါဟာရော မိလက္ခကံ။ အရိယကံနှင့် အတူ သမ္ဗန်စပ်၍ ဉာဏ်ကောက်လေ။

မှတ်ချက်။ ။အရိယာနံ ဝေါဟာရော၊ မိလက္ခကာနံ ဝေါဟာရော-ဟု ဝစနတ္ထပြုသည်ကား သိလွယ်ရုံမျှသာ။ စင်စစ်မှာမူ အရိယာနံ ဣဒံ အရိယကံ၊ မိလက္ခာနံ ဣဒံ မိလက္ခကံ ဟု ဣဒံတဒ္ဓိတ် ပြုရမည်။

---

(က) ဣမ ပန-လ-နာမာတိ။ (ခ) ကိံ ကာရဏာ-လ-ဓမ္မောတိ။ (ဂ) ဉဘိန္နံ သဒိသာနံ-လ မေထုနဓမ္မောတိ။ (ဃ) ပဋိသေဝတိ နာမာ-လ-မာတိကာပဒံ။ ဋ္ဌ။ ၂၂၂။

## ဝါကျခွဲနှင့် ကျမ်းတက်

က—ဝါကျကား အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ သခေ်ပ။

ခ-ဂ-ဝါကျကား (မေထုနဓမ္မာပုဒ်၏ ဝစနတ္ထ၊ အဝယဝတ္ထ အကျယ်ကို ပြသောကြောင့်) ဝိတ္ထာရ။

### ဃ-ဝါကျလိနတ္ထရကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည် ပဒဘာဇနီ၌ "ပဋိသေဝတိ နာမ"—ဟု ဟောတော်မူ၏။ မာတိကာ၌ ပဋိသေဝေယျ—ဟုသာ ရှိ၍ ပဋိသေဝတိ ဟု မရှိသောကြောင့် (ဟောဘာလက်ာရ) မာတိကာ၌မရှိသော ပဋိသေဝတိဟူသော ပုဒ်ကို ပဒဘာဇနီ၌ ထုတ်သင့်ပါသလော။ မာတိကာ၌မရှိသော ပဋိသေဝတိ ဟူသောပုဒ်ကို အဘယ့်ကြောင့်၊ ဝါ-အဘယ်အကျိုးငှာ ပဒဘာဇနီထုတ်တော်မူပါသနည်း ကြောင့် ဃ-ဝါကျမိန့်။ သာရတ္ထ၊ ၂။ ဂ၂။

ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို့-၍ ဂ-ဝါကျကား အာရဒ္ဓဝါကျ။ (မကောင်းရာ မကောင်းကြောင်းအားဖြင့် အာရဒ္ဓဟု အမည်ပေးရသည်။ ဠပနာမှာ ပါဠိတော်လာ ပဋိသေဝတိသာတည်း။)

---

## အာဘောဂနှင့် သံဝဏ္ဏနာ

ဂ—ဝါကျ၌ ဉဘိန္နံ ဓမ္မော-ဖြင့် မေထုနဓမ္မာပုဒ်ကို မေထုနာနံ ဓမ္မောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ မေထုန သဒ္ဒါ၏ ဉဘယသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။ ဝိမတိ၊ ၁။ ၁၃ဂ။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ၊ ၂။ အဘိဓေယျတ္ထ၊

http://www.dhammadownload.com



### သံဝဏ္ဏနာနှင့်အညီ ညသ်ကောက်

မေထုနာနံ၊ ရာဂဖြင့် တပ်မက်ကုန်၊ ပြင်းစွာတပ်မက်ကုန်၊ စွတ်စိုကုန်သော၊ ရာဂသည် နှိပ်စက်အပ်ကုန်သော နှစ်ယောက်ကုန်သော သူတို့၏။ ဓမ္မော၊ အကျင့်တည်း။ ဆဋ္ဌီတပ္ပုရိသ်။ မေထုန + ဓမ္မ။ သေဝက၊ သေဝိတဗ္ဗ။ သာဓက၊ သာဓျ စပ်။

ဂ-ဝါကျ၌ သဒ္ဒိသာနံ ဓမ္မော-ဖြင့် မေထုနဓမ္မောကို မေထုနာနံ ဓမ္မောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်-ကို လည်းကောင်း[၁]၊ မေထုနသဒ္ဒါ၏ သဒ္ဒိသသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။ ဝိမတိ၊ ၁။ ၁၃၈။

၁။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂဟဒ္ဒ။ ၂။ အဘိဓေယျဋ္ဌ။

### သံဝဏ္ဏနာနှင့်အညီ ညသ်ကောက်

မေထုနာနံ၊ ရာဂဖြင့်တပ်မက်ခြင်းတူကုန်သော သူတို့၏။ ဓမ္မော၊ အကျင့်တည်း။ ဆဋ္ဌီတပ္ပုရိသ်။ သေဝက သေဝိတဗ္ဗ၊ သာဓက သာဓျစပ်။

ဂ-ဝါကျ၌ ရတ္တာနံ-လ-ပရိယုဋ္ဌိတာနံ-ဖြင့် ဘာဝတ္ထပြသည်။ ဥဘိန္နံပုဒ်နှင့် စပ်၍ အဓိပ္ပာယ်ကိုသိလေ။

မှတ်ချက်။ ။ဤကား ဝိမတိ အလို အာဘောသံဝဏ္ဏနာနှင့် ဝိဂ္ဂဟ ညသ်ကောက်ပုံတည်း။ သာရတ္ထဝါဒကို ဆက်၍ရှုလေ။

### သာရတ္ထဝါဒ

တနည်း။ ။ဂ-ဝါကျဖြင့် ဥဘိန္နံ ရတ္တာနံ-စသော သံဝဏ္ဏနာဖြင့်မေထုန ပုဒ်၌ မိထုန ပုဒ်ရင်း၏ မိန်းမယောကျ်ား နှစ်ဦးသားအနက်ကို ဟောသည်-ကိုလည်းကောင်း[၁]၊ မေထုနပုဒ်ကို မိထုနာနံ ဣဒံ မေထုနံ ဟု ဣဒံ တဒ္ဓိတ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၂]၊ ဏ-ပစ္စည်း၏ ဣဒံတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[၃]၊ မေထုနနှင့် ဓမ္မကို မေထုနမေဝ ဓမ္မော မေထုနဓမ္မော ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၄] သိစေသည်။ သာရတ္ထ၊ ၂။ ဂ၂။

၁။ နာမလိင်္ဂဋ္ဌ၊ ၂။ အဘိဓာနဋ္ဌ၊ ၃။ ပစ္စယဋ္ဌ၊ ၄။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂဟဒ္ဒ။

### သံဝဏ္ဏနာနှင့် အညီ ညသ်ကောက်

မိထုနာနံ (ရာဂဖြင့် တပ်မက်ကုန် ပြင်းစွာတပ်မက်ကုန်သော၊ ရာဂသည် နှိပ်စက်အပ်ကုန်သော (မိန်းမယောကျ်ား နှစ်ဦးသားတို့၏။ ဣဒံ၊ ဥစ္စာတည်း။

http://www.dhammadownload.com


သေဝက သေဝိတဗ္ဗ၊ သာဓက သာဓေ့ဖြစ်။ မေထုနမေဝ ဓမ္မော မေထုနဓမ္မော။ ကမ္မဓာရယ်။ ဂုဏ် ဂုဏောစပ်။

**မှတ်ချက်။** ။မိထုနာနံ ဠလုတ္တိပုရိသာနံ သမာနစ္ဆန္ဒာနံ အာစာရော မေထုနံ၊ တဒညေသု ဥပစာရော။ ဓာန်၊ ဋီ။ ၆၂၈။ ဤ အဖွင့်သည် သာရတ္ထနှင့် အတူပင်။ မအံ့သြကြဘ။ မိထုနာနံ ဥဘိန္နံ ဥဘိန္နံ ဓမ္မော ဟု ဝိဂ္ဂဟပြုသည်။ ဋ္ဌ၊ ဋ္ဌိ ဥဘိန္နံ ဥဘိန္နံ ဟူသောဝိစ္ဆာပုဒ်ကို ရှုံ၍ ပြုသောဝိဂ္ဂဟ ဟု မှတ်။

## ပါဠိဝိနိစ္ဆယ

**မေထုန။ မေဓုန။** ။မိထုနံ ထီပုမဒ္ဒယံ။ ဓာန်။ ၆၂၈-ကို ထောက်၍လည်းကောင်း၊ မိထ သင်္ဂမေ ဥနော။ ဓာန်၊ ဋီကိုထောက်၍လည်းကောင်း၊ မိထုန ဟု ပြီးသည်။ မိထုနာနံ ဣဒံ မေကုနံ [illegible] ဝစနတ္ထုပြု။ မိထုန ပုဗ်+ဏာပစ္စည်း၊ ဤသို့သော အာဂမယုတ္တိ၊ သဒ္ဒယုတ္တိတို့ကိုထောက်၍ မေဃုန ပါဠ်သာ သင့်သည်။

## နည်းနှင့်ဥပစာ

**မေထုနဓမ္မော။** ။မေထုန် အကျင့်တည်းဟူသော ဌာနီဖြင့် တပ်မက်ခြင်း တူသော မိန်းမယောကျ်ား နှစ်ဦးသားဟူသော ဌာနကိုမှတ်၍ တပ်မက်မှုတူခြင်းတည်း-ဟူသော အမျှားကိုဆိုသဖြင့် တပ်မက်မှုမတူခြင်း အနည်းကိုလည်း ရသောကြောင့် ယေဘုယျနည်း။

အပေါင်းဖြစ်သော တပ်မက်ခြင်းတူသော မိန်းမယောကျ်ား နှစ်ဦးသားတို့၏ အကျင့်၏ မေထုနဓမ္မဟူသော အမည်ကို အစိတ်ဖြစ်သော တပ်မက်မှုခြင်း မတူသော သူတဦးဦး၏ အကျင့်၌ တင်စား၍ တပ်မက်မှုခြင်း မတူသော တဦးဦး၏အကျင့်ကို မေထုနဓမ္မ ဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

**တိလဖလမတ္တံ။** ။အပေါင်းဖြစ်သော နှမ်းသီး၏ တိလဖလ ဟူသော အမည်ကို အစိတ်ဖြစ်သော နှမ်းစေ့၌တင်။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ၊ ရှုဋီ။)

**မှတ်ချက်။** ။တိလဖလ မတ္တံ ဟူသော ပါဠိတော်ကို ကေတိလဗီဇမတ္တံ ဟု ဋ္ဌ-ဋ္ဌိဖွင့်၍ သာသပမတ္တံ တိလဗီဇံ အဓိပ္ပေတံ ဟု ဝိမတိ၊ ၁။ ၁၃၈-၌ ထပ်ဆင့်ဖွင့်သည်။

**အလ္လောကာသေ။** ။အစိတ်ဖြစ်သော စွတ်စိုရာအရပ်၏ အလ္လောကာသ အမည်ကို အပေါင်းဖြစ်သော စွတ်စိုရာ အရပ်, မစွတ်စို (ခြောက်သွေ့)ရာ

http://www.dhammadownload.com


အရပ်တို့ကို အလ္လောကာသ ဟု ဆိုသောကြောင့် ကေဒဒေသူပစာ၊ ဝါ-အဝယ ဝူပစာ။ (ဥပလက္ခဏနည်း။) **ဝိမတိ၊** ၁။ ၁၃၈။

**ယော နိမိတ္တေန နိမိတ္တံ-လ-ပဝေသေတိ။** ။ပဝေသေန အမှုတည်းဟူသော ဌာနီဖြင့် ယောကျ်ားတည်းဟူသော ဌာနကိုမှတ်၍ ယောကျ်ား၏ ပယောဂ တည်းဟူသော အမျိုးကိုဆိုသဖြင့် မိန်းမပယောဂတည်း ဟူသော အနက် ကိုလည်း ရသောကြောင့် ယောဘုယျနည်း။ သာရတ္ထ၊ ။ ၈၂။

### မုခံအပိဓာယပုဒ်မှတ်ဖွယ်

သာရတ္ထ၊ ၂။ ၈၄-၌ မုခံ ပဋိစ္ဆာဒေတွာ နိသီဒိတဗ္ဗံ-ဟု ဖွင့်သည်။ သို့ဖွင့်သဖြင့် မုခံ၊ ကို။ အပိဓာယ၊ မပိတ်ဖုံးမူ၍။ န နိသီဒိတဗ္ဗံ၊ မနေထိုင်အပ်။ (ဗျတိရေက။) မုခံ၊ ကို။ ပဋိစ္ဆာဒေတွာဝ၊ ဖုံး၍သာလျှင်။ နိသီဒိတဗ္ဗံ၊ နေထိုင်ရမည် (အနွယ) ဟူသော အဓိပ္ပာယ်ကို သိစေသည်။

ယင်းဋီကာ ဒုတိယဝိကပ်၌ မုခံ ပိဒဟိတွာ ဟု ဖွင့်သည်။ သို့ဖွင့်သဖြင့်- မုခံ၊ ကို။ အပိဓာယ၊ ဖုံး၍-ဟု အနက်ပေး။

### တတိယာကတ္တားလွန်

သတ္တုပဋိဘာဂေန ဟုတွာ ကထေတဗ္ဗံ။ ဌ။ ၂၂၃-၌ ကထေတဗ္ဗံ၏ ကတ္တားကား ဘိက္ခုနာ-တည်း။ သို့ဖြစ်၍ သတ္တုပဋိဘာဂေန ဟူသော တတိယာကတ္တားလွန်သည်။ ယင်း ကတ္တားလွန် စပ်ရန်အတွက် ဟုတွာ-ထည့်၍ ရေးရသည်။ ဤသည်ကို နည်းမှီး၍ ပဌမာ ကတ္တားလွန်ပုဒ်ဖြစ်စေ၊ တတိယာ ကတ္တားလွန်ပုဒ်ဖြစ်စေ-ဟုတွာ ဖြည့်၍ရေးရမည်။ ပါဌ်သေသ ထည့်စွက်၍ စပ်ရမည်ဟု မှတ်လေ။

* ကတ္တားလွန်တို့၊ စပ်စေဖို့ရာ၊ ပုဒ်မပါ။ ဟုတွာ ထည့်လေမင်း။

---

(က) အန္တမသောတိ-လ-ပရိစ္ဆေဒေန။ (ခ) တိရစ္ဆာနဂတာယာ-ပီတိ-လ-ဂတာယပိ။ (ဂ) ဖဂေဝ မနုဿိတ္ထိယာ-လ-ဣတ္ထိယာ။ (ဃ) ပါရာဇိကဝတ္ထုဘူတာ-လ-န သဗ္ဗာ။ ဌ။ ၂၂၃။

### အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ သဗ္ဗန္တိမေန-ဖြင့် အန္တေ ဇာတော အန္တိမော-ဟ ဇာတ- တဒ္ဓိတ် ဝဇနတ္ထပြုရမည်-ကိုလည်းကောင်း[1]၊ ဣမပစ္စည်း၏ ဇာတတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[2]၊ သော သဒ္ဒါကား ပစ္စည်းမဟုတ်၊ နာဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[3]၊ သောအပြုနှင့် ယှဉ်ရာ၌ ဣ-ကို အ-ပြု၍ အန္တမတော ဟု ရုပ်ပြီးသည်-ကိုလည်းကောင်း[4]၊ အန္တဟူသော သမ္ဗန္ဓာပေက္ခ၏ သမ္ဗန်ကို သဗ္ဗဟု ထည့်ရမည်ကိုလည်းကောင်း[5] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ပဉ္စယဋ္ဌ။ ၃။ ဝိဘတ္တိပဒ။ ၄။ ဘာဝဋ္ဌ။ ၅။ ဘာဝဋ္ဌ။

http://www.dhammadownload.com


† သောတိ ဣဒံ နာဝိဘတ္တိကာရိယံ၊ အန္တိမသောတိ ဝတ္တဗ္ဗေ သော အာဒေသယောဂေ ဣကာရဿ အကာရံ ကတွာ အန္တမသောတိ ဝုတ္တန္တိ အဓိပ္ပာယော။ **ကင်္ခါ၊ ယော၊ မဟာဋီ၊ ၁။ ၃၂၅။**

က–ဝါကျ၌ ပရိစ္ဆေဒေန-ဖြင့် သမ္ဗန္ဓိမ-အရ အပိုင်းအခြားကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ တိရစ္ဆာနေသု ဂတာယ-ဖြင့် တိရစ္ဆာနဂတာယပိ-ပုဒ်ကို တိရစ္ဆာနေသု ဂတာ တိရစ္ဆာနဂတာ-ဟု ဝစနတ္ထပြုရမည် ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

ခ-ဝါကျ၌ ပဋိသန္ဓိဝသေန-ဖြင့် ဘာဝတ္ထပြသည်။

**တိရစ္ဆာနေသု**။ ။ပဋိသန္ဓေ၏ အစွမ်းဖြင့် တိရစ္ဆာန်မျိုးတို့၌၊ ဂတာ၊ ဖြစ်သောမိန်းမတည်း။ (အပေါင်းအစိတ်စပ်။)

## ပဂေဝပုဒ် မှတ်ဖွယ်

ပြဂေ = (အဗျ) အတိပြာတ-ကာလေ။ ထော၊ မ။ ဤအလို ပဂေကား နိပါတ်ပုဒ်၊ နံနက်စောစော အနက်ကိုဟောသည်။ ဤနည်းတူ ဓာန်-ဋီ၊ သုစိ တို့၌လည်း ပဂေ သဒ္ဒါ နံနက်စောစော အနက်ကိုဟောသည်ဟု ဆိုသည်။ သို့ဖြစ်၍ ပဂေဝကို ပဂေ+ဧဝ ပုဒ်ဖြတ်။ နိပါတသမုဒါယ ဟု မှတ်။

**တနည်း**။ ။နီတိ သုတ္တ။ ၂၂-၌ ပဂေဝ-ကို ပါ+ဧဝ ဟု ပုဒ်ဖြတ်၍ ရုပ်တွက်ပြသည်။ ကစ္စည်း ပါဠိအစ္စေသုတ် အစီရင်အတိုင်းပင်တည်း။ ဤ အလို ပါ+ဧဝ နိပါတသမုဒါယ ဟု မှတ်။

## ပဂေဝပုဒ် ဋ္ဌ-ဋီတို့ဖွင့်ပုံ

ဝိ၊ ဋ္ဌ၊ ၁။ ၂၂၃-၌ ပဂေဝ-ကို ပဌမတရံ-ဟု ဖွင့်သည်။ ဝိ၊ ဋ္ဌ၊ ၂။ ၁၂၀။ ၁၆၇-တို့၌ ပဌမမေဝ-ဟု ဖွင့်သည်။ ဒီ၊ ဋီ၊ ၂။ ၂၅၃-၌မူ ပဂေဝါတိ ကာလဿေဝ၊ အတိဝိယ ပါတောတိ အတ္ထော-ဟု ဖွင့်သည်။

## အာဆောဂနှင့် သံဝဏ္ဏနာ

ဂ-ဝါကျ၌ ပဌမတရံ-ဖြင့် ပဂေဝ (ပဂေ+ဧဝ) ဝါ-(ပါ+ဧဝ) ဟူသော နိပါတသမုဒါယသည် ရှေးဦးစွာဟူသောအနက်ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

http://www.dhammadownload.com

## ပဂေဝ ဖွင့်ရာ၌ မှတ်ဖွယ်

တိရစ္ဆာနဂတာပိ-၌ ပိ-သဒ္ဒါ ဂရဟာအနက်ကို သိစေလို၍ ပဒဘာဇနီ၌ ပဂေဝ မနုဿိတ္ထိယာ ဟုဖွင့်သည်။ "တိရစ္ဆာနဂတာယပိ ပါရာဇိကော ဟောတိ ပဂေဝ မနုဿိတ္ထိယာ" ဟု ဂရဟာဝါကျဆက်ရေးရမည်ဟု မှတ်လေ။

ဂ—ဝါကျ၌ မနုဿဇာတိကာယ ဣတ္ထိယာ-ဖြင့် မနုဿိတ္ထိယာပုဒ်ကို မနုဿဇာတိ ဧဝ ဣတ္ထီ မနုဿိတ္ထီ ဟု ပုဗ္ဗပဒေ ဥတ္တရပဒလောပသမာသ် ဝဓနတ္ထ ပြုရမည်-ကိုလည်းကောင်း၊ မနုဿအရ လူဇာတ်ကိုယူရမည်-ကိုလည်းကောင်း သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။

## နည်းနှင့်ဥပစာ

**တိရစ္ဆာနဂတာယ။** ။အပေါင်းဖြစ်သော တိရစ္ဆာန်မ မှန်သမျှ၏ တိရစ္ဆာနဂတာယ-အမည်ကို အစိတ်ဖြစ်သော ပါရာဇိကဝတ္ထုလောက်သော တိရစ္ဆာန်မ၌ တင်စား၍ အစိတ်ဖြစ်သော ပါရာဇိကဝတ္ထုလောက်သော တိရစ္ဆာန်မကို တိရစ္ဆာနဂတာယပိ-ဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ၊ ရုဠှီ။)

**အပဒါနံ အဟိမစ္ဆာ။** ။အစိတ်ဖြစ်သောငါး၏ မစ္ဆအမည်ကို အပေါင်းဖြစ်သော ငါး, လိပ်, ဖား-စသော ဥဒကဇာတိက တိရစ္ဆာန်မ၌ တင်လေ့။ ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ ဥပလက္ခဏနည်း။

† မစ္ဆဂ္ဂဟဏံ ဩဒကဇာတိယာ ဥပလက္ခဏံ။ သာရတ္ထ။ ၂။ ၇၅။

**ဒွိပဒါနံ ကုက္ကုဋီ။** ။အစိတ်ဖြစ်သော ကြက်မ၏ ကုက္ကုဋီအမည်ကို အပေါင်းဖြစ်သော ကျီး, ခို-စသော ပက္ခိဇာတိကတိရစ္ဆာန်မ၌ တင်။ ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ ဥပလက္ခဏ။

**စတုပ္ပဒါနံ မဇ္ဇာရီ။** ။အစိတ်ဖြစ်သော ကြောင်၏ မဇ္ဇာရီ အမည်ကို အပေါင်းဖြစ်သော စတုပ္ပဒဇာတိက တိရစ္ဆာန်၌တင်။ ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ ဥပလက္ခဏ။

## ပါဠိဝိနိစ္ဆယ

**မဇ္ဇာရီ။ မဇ္ဈာရီ။** ။မဇ္ဇဓာတ်+အာရပစ္စည်း+ဤ-၌ ဤပစ္စည်းသက်၍ မဇ္ဇာရီ ဟု ပြီးသောကြောင့် မဇ္ဇာရီသာ သင့်သည်။

† လိဟာနေန အတ္တနော သရီရံ မဇ္ဇတိ နိမ္မလတ္တံ ကရောတီတိ မဇ္ဇာရော၊ ဗိဠာရော။ မောဂ်၊ ၇။ ၁၆၄။

http://www.dhammadownload.com

(က) ပါရာဇိကောတိ ပရာဇိတော။ (ခ) ပရာဇယံ အာပန္နော။
(ဂ) အယဒ္ဓိ-လ-ဝတ္တတိ။ (ဃ) တတ္ထ-လ-ဝေဒိတဗ္ဗော။
ဋီ။ ၂၂၄။

## ဝါကျခွဲနှင့် ကျမ်းထောက်

ခ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ က-ဝါကျကား အာရဒ္ဓ။

### ခ-ဝါကျ ကျမ်းထောက်

ဆရာ၊ ဆရာသည် ပါရာဇိကောပုဒ်ကို ပရာဇိတော ဟု ဖွင့်၏။ ရှုံးခြင်းကြိယာကို ပါရာဇိကဟု အလိုရှိအပ်ပါသလော။ အဘယ်သို့ ပါရာဇိက ဟု အလိုရှိအပ်သနည်း-ကြောင့် ခ-ဝါကျမိန့်။

† ပရာဇယကြိယမာပန္နပုဂ္ဂလော ဝါ အာပွေတော န ပရာဇယကြိယာတိ ဒဿေတုံ ပရာဇယံ အာပန္နောတိ ဝုတ္တံ။ **ကစီ၊ ယော၊ မဟာဝ္မိ။ ၁။ ၃၂၈။**

**တနည်း။** ။ဥပနာတ္တုပြီ။ ပါရာဇိကသဒ္ဒါသည် ကတ္တုသာဓနဖြစ်ပါသလော၊ အဘယ်သာဓနဖြစ်ပါသနည်း-ကြောင့် ခ-ဝါကျမိန့်။

† အထ ဝါ ပါရာဇိကသဒ္ဒဿ ကတ္တုသာဓနေ ပိ ပဝတ္တနတော·တံ နိဝတ္တေတုံ ပရာဇယံ အာပန္နောတိ ဝုတ္တံ။ (ငုင်းဋီကာ။)

မှတ်ချက်။ ။ဇိဓာတ်၏ ပရာဇယအနက်ကို ကံပုဒ်ပြု၍ ဖွင့်သည်။ "ဓာတ်နက် ကံထား၊ ဖွင့်တုံငြား၊ မှတ်သားကမ္မသာဓနေ"ဟူသော နိယံကိုသတိပြုလေ။

ဂ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏ။ ထို-၍ ခ-ဝါကျကား ယုတ္တိဒဋ္ဌိယ။
ဃ-ဝါကျကား အာဂမဒဋ္ဌိကရဏ။ ထို-၍ ဂ-ဝါကျကား အာဂမဒဋ္ဌိယ။
(ယင်း ဝါကျတွင် ပက္ခ-ပက္ခန္တရငုပ်နေသည်ကို သတိပြု။)

---

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

ပါရာဇိကံ။ ။သိက္ခာပဒါတိက္ကန္တံ ပုဂ္ဂလံ သာသနတော ပရာဇေတီ။ (ယံ သိက္ခာပဒံ၊ သည်။ သိက္ခာပဒါတိက္ကန္တံ၊ သိက္ခာပုဒ်ကို လွန်ကျူးသော။ ပုဂ္ဂလံ၊ ကို။ သာသနတော၊ မှ။ ပရာဇေတိ၊ ရှုံးစေတတ်၏။ ဣတိ တံ ပါရာဇိကံ။) ဟေတုကတ္တုသာဓန။ ပရာပုဗ္ဗ+ဇိဓာတ်+တ-ပစ္စည်း။

ပရာ-ကား ဓာတွတ္ထဗာဓက ဘောဂုဏ်ရ၏။

ဇိ-ဓာတ်အရ သုဒ္ဓကတ္တုဋ္ဌကြိယာအရကား သိက္ခာပုဒ်ကို လွန်ကျူးသောပုဂ္ဂိုလ်သည် မှုချ။ ဟေတုကတ္တုဋ္ဌ-ကား ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟု ဆိုအပ်သော ဝစီဘေဒသဒ္ဒပဗန္ဓ၏ ပကာတူပနိဿယသတ္တိသည် ဖလူ။

http://www.dhammadownload.com


တ-ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟု ဆိုအပ်သော ဝစီဘေဒသဒ္ဒပဗန္ဓ ရ၏။

**ကစ်ါယောနောကောက်ပုံ**

တတ္ထ သိက္ခာပဒံ 'သိက္ခာပဒါတိက္ကန္တံ ပုဂ္ဂလံ သာသနတော ပရာဇေတီတိ ပါရာဇိကံ၊ ဟေတုကတ္တုသာဓနေဿယံ။

(၁) အက္ခရာဝလိဝစီဘေဒသဒ္ဒပဗန္ဓော ပညတ္တိသင်္ခါတော ဒသနတ္တော မုချေန။ (၂) ငီတိက္ကမ စေတနာပဋ္ဌာန ဒေါသမူလစိတ္တုပ္ပာဒဆသမုဋ္ဌာနာ ယောနိသောမနသိကာရသင်္ခါတော ဦပကတ္တော ဖလူပစာရေန။ (၃)ဒုဿီလ ဘာဝေန ဒိဋ္ဌဓမ္မိကုာသဝသင်္ခါတော ဖလပကာသနတ္တော ကာရဏူပစာရေန။ (၄) အသံဝါသာရဟာသင်္ခါတော ဖလဝိဘာဝတ္တော ဒုတိယကာရဏူပစာရေန။ (၅)အပါယပဋိသန္ဓိနာမက္ခန္ဓ ကဋတ္တာရူပသင်္ခါတ မုချဖလရောဂါဒိအာနိသံသ ဖလသင်္ခါတော အနုဘာဝတ္တော တတိယကာရဏူပစာရေနာတိ ဝေမေတ္ထ ပဥ္စကော လဗ္ဘတိ။ (ရှင်းမဟာဋီကာ)

**အာပတ်ရသောပါရာဇိကသဒ္ဒါ**

အာပတ္တိမဇ္ဈာပန္နံ ပုဂ္ဂလံ ပရာဇေတီတိ ပါရာဇိကော။ (ယာ အာပတ္တိ၊ သည်။ အာပတ္တိံ၊ ကို။ အဇ္ဈာပန္နံ၊ လွန်ကျူးသော။ ပုဂ္ဂလံ၊ ကို။ ပရာဇေတိ၊ ရှုံးစေတတ်၏။ ဣတိ သာ ပါရာဇိကာ။) ပရာကား တူပြီ။

ဇိဓာတ်-ကား အာပတ်ကို လွန်ကျူးသော ပုဂ္ဂိုလ်ရ၏။

ဟေတု-ကား ထို-အားတပ်သော အာပတ်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ တ-ပစ္စည်း-ကား အကုသိုလ်စေတနာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပာဒ် အာပတ်ရ၏။

† အကုသလစေတနာပဒဋ္ဌာနာ အကုသလစိတ္တုပ္ပာဒါပတ္တိသင်္ခါတော ဒသနတ္တော မုချေန။ (ရှင်းမဟာဋီကာ။၃၂၈။)

**ပုဂ္ဂိုလ်ရသော ပါရာဇိကသဒ္ဒါ**

သာသနတော ပရာဇီယတီတိ ပါရာဇိကော။ (ယော ပုဂ္ဂလော၊ ကို။ သာသနတော၊ မှ။ ပရာဇီယတိ၊ ရှုံးစေတတ်၏။ ဣတိ သော ပါရာဇိကော။) ဟေတုကမ္မသာဓန။ ပရာကား တူပြီ။

ဇိဓာတ်အရ-ကား အကုသိုလ်စေတနာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပာဒ် အာပတ်သည် မုချ။ ဟေတုကမ္မတ္တ-သာသနာတော်မှ ရှုံးစေအပ်သောပုဂ္ဂိုလ်၏ ဝါ-ပါရာဇိကကျသော ပုဂ္ဂိုလ်၏ သဟဇာတာဒိ ပစ္စယုပ္ပန္နဘောဂုဏ် ရ၏။

http://www.dhammadownload.com



တ-ပစ္စည်းအရကား သာသနာတော်မှ ရှုံးစေအပ်သော ပုဂ္ဂိုလ်၊ ဝါ-ပါရာဇိကကျသောပုဂ္ဂိုလ်ရ၏။

### ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် ပါရာဇိကောကား ပရာဇိတောဝယ် ပ-၌ အ-ကို အာ-ဝုဒ္ဓိ၊ တ-ကို က-ပြု၍ ပါရာဇိကော ဟု ရုပ်ပြီးသည်-ကိုလည်းကောင်း[၁]၊ (ဋီကာအာဘော်) ပါရာဇိကော၌ တ-ပစ္စည်း၏ အဖြစ်ကို လည်းကောင်း[၂]၊ ယင်း တ-ပစ္စည်း၏ ဟေတုကမ္မသာဓန၌ သက်သည်-ကိုလည်းကောင်း[၃]၊ (သာသနတော) ပရာဇိယတီတိ ပါရာဇိကောဟု ဟေတုကမ္မသာဓန ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၄] (ဤကား နေယျတ္ထ ဂူဠှတ္ထအာဘော်) သိစေသည်။ **သာရတ္ထ၊ ၂။ ဂ၅။**

၁။ ဘာဝတ္ထ။ ၂။ ဒုတိယဓာတုပဒ။ ၃။ ဒုတိယာပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။

ခ-ဝါကျဖြင့် ပရာဇိတ-အရ ရှုံးခြင်းသို့ရောက်သောသူကို ယူရမည်၊ ရှုံးခြင်းကြီးယာကို မယူရ ဟု သိစေသည်။ (အဘိဓေယျတ္ထ။ ဝါ-အဓိပ္ပေတတ္ထ။)

**တနည်း။** ။ခ-ဝါကျဖြင့် ပရာဇိတော၌ တ-ပစ္စည်းသည် ကတ္တုသာဓန၌ မသက် ဟေတုကမ္မသာဓန၌ သက်သည်-ကိုလည်းကောင်း[၁]၊ ပရာဇိတောပုဒ်ကို သာသနတော ပရာဇိယတီတိ ပရာဇိတော ဟု ဟေတုကမ္မသာဓနဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၂] သိစေသည်။

မှတ်ချက်။ ။ကျမ်းတက်အဖြေနှင့် ယှဉ်ကြည့်ပါ။ ပရာဇယံ အာပန္နော ပါရာဇိကော-ဟု အာပန္နတဒ္ဓိတ် ကြံသည်ကား သင့်အံ့မထင်။

### ❀ ပါဠိဝိနိစ္ဆယ

**အဝဟဋ္ဌော။ အဝဟတော။** ။ဋ္ဌော တဿ ဒုက္ကဋ္ဌံ။ နီတိ၊ သုတ္တာနှာ။ ၂၆။ တ-ကို ဋ္ဌ-ပြုရမည်ဟု ဆိုသည်၊ သို့သော်-ဋ္ဌော တဿ ဒုက္ကဋ္ဌ။ ဒိနိ ကွစိ-ယထာ-ဒုက္ကတံ ဒုက္ကဋံ (ရူ၊ နှာ-၃၂) ဟု ဆိုပြန်သည်။ သို့ဖြစ်၍ တ-ကို ဋ္ဌ-အပြုကား နိစ္စမဟုတ်၊ ထိုကြောင့် အဝဟဋ္ဌော၊ အဝဟတော ၂-ပါဌ်သင့်သည်။

**ပါရာဇိကော။** ။ဌာနဖြစ်သော ပါရာဇိကကျသောရဟန်း၏ ပါရာဇိကော အမည်ကို ဌာနီဖြစ်သော ပါရာဇိက အာပတ်၌ တင်စား၍ ဌာနီဖြစ်သော ပါရာဇိက အာပတ်ကို ပါရာဇိကော ဟု ဆိုသောကြောင့် ဌာနူပစာ။ (နာနတ္ထရိကနည်း။) **အဘိ၊ ယော၊ မဟာဋီ။ ၁။ ၃၃ဝ။**

http://www.dhammadownload.com


(က) တတ္ထ သိက္ခာပဒံ-လ ဝုစ္စတိ။ (ခ) အာပတ္တိ ပန-လ-ဝုစ္စတိ။
(ဂ) ပုဂ္ဂလော-လ-ဝုစ္စတိ။ ၄။ ၂၂၄။

### ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် သိက္ခာပဒါတိက္ကန္တံ ပုဂ္ဂလံ သာသနတော ပရာဇေတီတိ ပါရာဇိကံ-ပြသည်။

(ခ) ဝါကျဖြင့် အာပတ္တိ မဇ္ဈာပဇ္ဇန္တံ ပုဂ္ဂလံ ပရာဇေတီတိ ပါရာဇိကော-ပြသည်။

(ဂ) ဝါကျဖြင့် သာသနတော ပရာဇီယတီတိ ပါရာဇိကော-ပြသည်။
အာဘောဂ်သံဝဏ္ဏနာအကျယ်ကို ပါရာဇိကောတိ ပရာဇိတော ဝါကျ၌ ရေးခဲ့ပြီ။

---

(က) သဟ ဝသန္တိ ဧတ္ထာတိ သံဝါသော။ (ခ) တံ ဒဿေတုံ -လ-အာဒိမာဟ။ (ဂ) တတြာယံ-လ-သမသိက္ခတာ နာမ။
၅။ ၂၂၅။

### ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် သံဝါသော၌ သံသဒ္ဒါသည် သုန္ဒရအနက်ကို မဟော၊ သဟ-အနက်ကိုဟောသည်-ကိုလည်းကောင်း[1]၊ သံဝါသ သဒ္ဒါ၏ ဝသဓာတ်၏ အဖြစ်ကိုလည်းကောင်း[2]၊ ဏ-ပစ္စည်း၏ ဘာဝသာဓနေ၌မသက်၊ အဓိကရဏ သာဓနေ၌ သက်သည်-ကိုလည်းကောင်း[3]၊ သံဝါသောပုဒ်ကို သံဝသနံ သံဝါသော ဟု ဘာဝသာဓန ဝစနတ္ထ မပြုရ၊ သဟ ဝသန္တိ ဧတ္ထာတိ သံဝါသော-ဟု အဓိကရဏသာဓန ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[4] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ၊ ၂။ ဒုတိယဓာတုပဒ၊ ၃။ ဒုတိယပစ္စယတ္ထ၊ ၄။ အဿိဓာနတ္ထ။

ဥ ဿကောက်။ ။ဧတ္ထ၊ ဤ ကေကမ္မစသည်တို့၌။ သဗ္ဗေပိ လဇ္ဇိနော၊ တို့သည်လည်း။ သဟ၊ တကွ။ ဝသန္တိ၊ နေတတ်ကုန်၏။ ဣတိ တာနိ ကေကမ္မာဒီနိ သံဝါသော နာမ။

သံ-ဥပသာရ အရကား သဟတ္ထ ဘောဂုဏ်ရ၏။ ဝသ-ကား လဇ္ဇီပုဂ္ဂိုလ်တို့၏ အဒေါ်သစသည် ဝိရတီစသည် ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည် မုချ။ အဓိကရဏတ္ထ-ကား ထို-အားတယ်သော ကေကမ္မ ကေုဒ္ဒေသ သမသိက္ခတာ တို့၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာ။ ဏ-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော ကေကမ္မ ကေုဒ္ဒေသ သမသိက္ခတာ ရ၏။

http://www.dhammadownload.com

ဂ–ဝါကျ၌ ကေတော ကတ္တဗ္ဗတ္တာ-ဖြင့် ကမ္မပုဒ်ကို ကတ္တဗ္ဗန္တိ ကမ္မံ ဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ ရမ္မပစ္စည်း၏ ကမ္မသာဓနနှင့် သက်သည်-ကိုလည်းကောင်း[၂]၊ ကေနွ တံ ကမ္မဉ္စာတိ ကေကမ္မံ ဟု ကမ္မဓာရယ် သမာသ် ဝစနတ္ထ၊ ကေ ကမ္မံ ကေကမ္မံ-ဟု ဒိဂု၊ ကေ ကမ္မံ ဧတဿာတိ ကေကမ္မံ ဟု ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထမပြုရ၊ ကေတော ကမ္မံ ကေကမ္မံ-ဟု တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ၊ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ၊

ဂ–ဝါကျ၌ ဘိက္ခူဟိ-ဖြင့် ကတ္တဗ္ဗ၌ တပ္ပပစ္စည်းသည်၊ ဘောအနက်၌ မသက်၊ ကံအနက်၌ သက်သည်-ကိုလည်းကောင်း[၁]၊ ကတ္တဗ္ဗံပုဒ်ကို ကရီယ-တေတိ ကမ္မံ ဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၂]၊ ယင်း သံဃကံကို ရဟန်းတို့သည် ပြုအပ်သဘည်း ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယပစ္စယတ္ထ၊ ၂။ အဘိဓာနတ္ထ။ ၃။ ဘာဝတ္ထ။

ဂ–ဝါကျ၌ ပကတတ္တေဟိ-ဖြင့် ဘိက္ခုအရ ပကတတ်ရဟန်းကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဂ–ဝါကျ၌ စတုဗ္ဗိဓမ္ပိ သံဃကမ္မံ-ဖြင့် ကေကမ္မအရ အပလောကနကံ, ဉတ္တိကံ,ဉတ္တိဒုတိယကံ,ဉတ္တိစတုတ္ထကံ ဟူသော ၄-ပါးသောကံကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

**ညည်ကောက်။** ။ကတ္တဗ္ဗန္တိ ကမ္မံ။ ကေတော ကမ္မံ ကေကမ္မံ။ ကေတော၊ ပါင်းတည်း။ ကမ္မံ၊ သိမ်ဖြင့်ပိုင်းခြားအပ်ကုန်သော ပကတတ်ရဟန်းတို့သည် ပြုအပ်သော အပလောကန စသောကံ။ ဂုဏ် ဂုဏော၊ ဝိသေသန ဝိသေသျစပ်။

ဂ–ဝါကျ၌ကေတော ဥဒ္ဒိသိတဗ္ဗတ္တာ-ဖြင့် ဥဒ္ဒေသောပုဒ်ကို ဥဒ္ဒိသိတဗ္ဗောတိ ဥဒ္ဒေသော-ဟု ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ ကမ္မသာဓနနှင့် သက်သည်-ကိုလည်းကောင်း[၂]၊ ဥပဓ္ဓ ဒီဃိဓာတ်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ကေနှင့် ဥဒ္ဒေသောကို ကေတော ဥဒ္ဒေသော ကေဒ္ဒေသော-ဟု တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ၊ ၂။ ဒုတိယပစ္စယတ္ထ၊ ၃။ ဒုတိယဓာတုပဒ။ ၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



ဂ-ဝါကျ၌ ပဥ္စဝိဓေပိ-လ-ဒွေသော-ဖြင့် ကေဒွေသအရ နိဒါနဒွေသ စသော ပါတိမောက္ခုဒ္ဒေသ ငါးမျိုးကို ယူရမည်ဟု သိစေသည်။ (အဘိ-ဓေယျတ္ထ။)

ဂ-ဝါကျ၌ တထာ-ဖြင့် ရှေ့ဝါကျမှ သိမာ-လ-အကြောင်းပါ ၃-ပုဒ် လိုက်လာ၍ ဥဒ္ဒိသိတဗ္ဗ-ဟူသော ဘာဝယောဂပုဒ်၌ စပ်ရမည်ဟု သိစေသည်။ (ဘာဝတ္ထ။)

† တထာတိ သိမာပရိစ္ဆိန္နေဟိတိ အာဒိံ ပရာမသတိ။ ဓိမတိ၊ ၁။ ၁၄၁။

ဂ-ဝါကျ၌ သမံ သိက္ခိတဗ္ဗဘာဝတော-ဖြင့် သိက္ခာပုဒ်ကို သိက္ခိတဗ္ဗာတိ သိက္ခာ ဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ အပစ္စည်း၏ ကမ္မသာဓန၌ သက်သည်-ကို လည်းကောင်း[၂]၊ သမံ သိက္ခာ သမသိက္ခာဟု ပထမာ တပ္ပုရိသ် သမာသ်၏ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃] သမသိက္ခာယ ဘာဝေါ သမသိက္ခတာ-ဟု ဘာဝတဒ္ဓိတ်ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၄]၊ တာပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်သည်-ကိုလည်းကောင်း[၅] သိစေသည်။

၁။ အဘိဓာနတ္ထ၊ ၂။ ဒုတိယပစ္စယတ္ထ၊ ၃။ အဘိဓာနတ္ထ။
၄။ အဘိဓာနတ္ထ။ ၅။ ပစ္စယတ္ထ။

ဂ-ဝါကျ၌ သဗ္ဗေဟိပိ လဇ္ဇီပုဂ္ဂလေဟိ-ဖြင့် သိက္ခိတဗ္ဗာ၌ တဗ္ဗ ပစ္စည်း သည် ဘာဝသာဓန၌ မသက်၊ ကမ္မသာဓန၌ သက်သည်-ကိုလည်းကောင်း[၁]၊ သိက္ခိယတေတိ သိက္ခိတဗ္ဗာ ဟု ကမ္မသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၂]၊ ကျင့်၏ ဟူသည် အလုံးစုံသော လဇ္ဇီပုဂ္ဂိုလ်တို့ကျင့်သတည်း ဟူသောအဓိပ္ပာယ် ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယာစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဘာဝတ္ထ။

ဂ-ဝါကျ၌ ပညတ္တံ သိက္ခာပဒံ-ဖြင့် သမသိက္ခတာအရ ပညတ်တော်မူအပ် သော သိက္ခာပုဒ်ကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဉာဏ်ကောက်။ ။သိက္ခိတဗ္ဗာတိ သိက္ခာ။ (၄။ ၁၀၀။ သိက္ခာပဒအဖွင့် ကြည့်။) သမံ သိက္ခာ သမသိက္ခာ။ သမသိက္ခာယ ဘာဝေါ သမသိက္ခတာ။ သမသိက္ခာယ၊ အညီအမျှကျင့်အပ်သောသီလ ဝိပဿနာ ဈာန် မဂ်တရား၏။ ဘာဝေါ၊ဖြစ်ကြောင်းသိက္ခာပုဒ်တည်း။အကျိုးအကြောင်းစပ်၍ဉာဏ်ကောက်။

## ဝါကျ မှတ်ဖွယ်

က-ဝါကျဖြင့် သံဝါသ-ပုဒ်ကို ဖွင့်သည်။ ဧတ္တ ယသ္မာချီသောဝါကျဖြင့် လည်း သံဝါသကိုပင် ဖွင့်သည်။ သို့ရာတွင် ဧတ္တ ယသ္မာချီသောဝါကျ၌

F.60 R

http://www.dhammadownload.com


သဗ္ဗေပိ လဇ္ဇိနော-ကတ္တား၊ ထွေအစွဲကို ဖောသု ကမ္မာဒီသု၊ န ဧကောပိ စသော ဗျတိရေကာကားကို ထပ်မံဖြည့်စွက်၍ သံဝါသပုဒ်ကိုပင် ဖွင့်သည်။ သို့ဖြစ်၍ ထွေ ယသ္မိံခါသောဝါကျကို ဝိတ္ထာရ ဟု ဆိုနိုင်၏။ သို့တစေ ကေကမ္မ စသောပုဒ်၏ အဖွင့် ဝါကျများ ခြားပြီး ပြတ်ပြီးမှ ဆက်ပြသဖြင့် ဝါကျာရမ္ဘ ဟုသာ မှတ်ရာ၏။

(က) သော စ ဝုတ္တပ္ပကာရော-လ-နတ္ထိ။(၁) တေန ကာရဏေန-လ-ဝုစ္စတိတိ။ ဌ။ ၂၂၅။

## (၅) အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် အသံဝါသောပုဒ်ကို နတ္ထိ သံဝါသော တေနာတိ အသံဝါသော-ဟု တတိယာဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း၊ အသံဝါသော၌ အ-သဒ္ဒါ၏ အဘာဝအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊ သိစေသည်။

၁။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂဗာဋ္ဌ။ ၂။ နိပါတလိင်္ဂဋ္ဌ။

**နည်းနှင့် ဥပစာ။** ။ဤ-၌ ရဟန်းကောင်းတို့နှင့် ပေါင်းဖော်မှုမရှိခြင်းတည်းဟူသော အစိတ်ကို မှတ်၍ဆိုသဖြင့် ရဟန်းကောင်းတို့နှင့် ပေါင်းဖော်မှုမရှိခြင်း၊ သင်္ဂမောကမ္ဘုတ္တရာယ် ဒုဂ္ဂတိဂမန ဟူသော အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။

အစိတ်ဖြစ်သော ရဟန်းကောင်းတို့နှင့် ပေါင်းဖော်မှုမရှိခြင်း၏ အသံဝါသ အမည်ကို အပေါင်းဖြစ်သော ရဟန်းကောင်းတို့နှင့် ပေါင်းဖော်မှုမရှိခြင်း၊ သင်္ဂမောကမ္ဘုတ္တရာယ်၊ ဒုဂ္ဂတိဂမနတို့၌ တင်လေ။ ကေဒေသူပစာ။ ဝါ-အဝယဝူပစာ။

**ပကတတ္ထေဟိ ဘိက္ခူဟိ။** ။အပေါင်းဖြစ်သော လဇ္ဇီပကတတ် အလဇ္ဇီပကတတ်တို့၏ ပကတတ္ထေဟိအမည်ကို အစိတ်ဖြစ်သော လဇ္ဇီပကတတ်ရဟန်း၌ တင်စား၍ အစိတ်ဖြစ်သော လဇ္ဇီပကတတ်ရဟန်းကို ပကတတ္ထေဟိ ဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (နေ့ယျတ္ထ၊ ရုဠှီတွဲ။) သာရတ္ထ၊ ၂။ ဂ၆။ ဝိမတိ၊ ၁။ ၁၄၀။

**တယော မဂ္ဂေ-လ-တိသု မဂ္ဂေသု။ ဌ။ ၂၂၆။** ။အပေါင်းဖြစ်သော မဂ်သုံးပါး၏ တယော မဂ္ဂေ ဟူသော အမည်ကို အစိတ်ဖြစ်သော မဂ်တပါးပါး၌တင်။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

တိသု မဂ္ဂေသု-ဟုဆိုလိုက်လျက် တယော မဂ္ဂေဟုဆိုသောကြောင့် ဝိဘတ္တိဝိပလ္လာသ

http://www.dhammadownload.com



၂ (က) ဘိက္ခုဿာတိ-လ-ဘိက္ခုဿ။ (ခ) သေဝနစိတ္တံ ဥပဋ္ဌိတေ တိ-လ-ဝစနံ။ (ဂ) သေဝနစိတ္တေ-လ-အတ္ထော။ (ဃ), ဝစ္စမဂ္ဂံ အင်္ဂဇာတံ-လ-ပဝေသေန္တဿ။ (င) အာပတ္တိ ပါရာဇိကဿ-လ-ပါရာဇိကမဝ္ဟဿ။ (စ) သေနဃော သဗ္ဗတ္ထ။ ၄၂။ ၂၂၆။

## အာဘောဂနှင့် သံဝဏ္ဏနာ

က—ဝါကျဖြင့် ဘိက္ခုဿ-အရ မေထုနသေဝနကု ရဟန်းကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ ပစ္စတ္တဝစနံ-ဖြင့် အံ-သဒ္ဒါသည် ဒုတိယာဝိဘတ် မဟုတ်၊ ပဌမာဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဘုမ္မတ္ထေ-ဖြင့် ယင်း ပဌမာဝိဘတ်သည် လိင်္ဂတ္ထ၌ မသက်၊ ဘုမ္မတ္ထ (သတ္တမီအနက်)၌သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတ္တိပဒါ ၂။ ဝိဘတျတ္ထ။

ဂ-ဝါကျဖြင့် ပဌမာဝိဘတ်သည် ဘုမ္မတ္ထ၌ သက်၏ဟု ဆိုသော်လည်း သာမည ဘုမ္မတ္ထ (ဝါ-ဩကာသအနက်) ၌ သက်သည်မဟုတ်၊ ဥပဋ္ဌိတေ ဟူသော လက္ခဏကြိယာပုဒ်ကိုထောက်၍ လက္ခဏဝန္တကတ္တားအနက်၌ သက်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ ယေန လ-တံ မဂ္ဂံ-ဖြင့် နိက္ခမနံဟူသော လောပပုဒ် (ကျေပုဒ်)ကို နိက္ခမတိ ဧတေနာတိ နိက္ခမနံဟု ကရဏသာဓန ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ (ယေန နိက္ခမတိ-ဖြင့် ပြသည်။) ဝစ္စနှင့် မဂ္ဂကို ဝစ္စဿ-နိက္ခမနံ မဂ္ဂေါ ဝစ္စမဂ္ဂေါဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ၊ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

င-ဝါကျ၌ အာပတ္တိ ပါရာဇိကာ အဿ-ဖြင့် အာပတ္တိ ပါရာဇိကဿ ပုဒ်ကို အာပတ္တိ ပါရာဇိကာ အဿ-ဟု ပဒစ္ဆေဒ ပြုရမည်ဟု သိစေသည်။ (သန္ဓိလိင်္ဂပဒ။)

င-ဝါကျ၌ ဟောတိ-ဖြင့် အဿ သဒ္ဒါကား သဗ္ဗနာမ်အဿ, မြင်းဟော နာမနာမ်အဿ မဟုတ်၊ အာချာတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အဿ၌ အသဓာတ်သည် ဘက္ခန=စားခြင်းအနက်ကို မဟော၊ ဘုဝိ=ဖြစ်ခြင်းအနက်ကို ဟောသည်-ကိုလည်းကောင်း[၂]၊ ဿ သဒ္ဒါသည် နာမ်ဝိဘတ်၏ကာရိယမဟုတ်၊ အာချာတ် တိဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အာချာတပဒသံဝဏ္ဏနာ။ ၂။ ဓာတွတ္ထ။ ၃။ ဒုတိယဝိဘတ္တိပဒ။

http://www.dhammadownload.com



**မှတ်ချက်**။ ။သံဝဏ္ဏနာစစ်၌ အာချာတပဒသံဝဏ္ဏနာ ဟု မရှိသဖြင့် ယင်း သံဝဏ္ဏနာစစ်ဆဲလို ဘာဝတ္ထ၌ သွင်းရာ၏။ ဋီကာတို့၌ အာချာတိကပဒ် ဟုလည်းကောင်း၊ အာချာတပဒ် ဟုလည်းကောင်း ဖွင့်သဖြင့် အာချာတပဒ သံဝဏ္ဏနာဟု အမည်ပေးသည်။

† အဿာတိ အာချာတပဒန္တိ တဿ အတ္ထံ ဧသောန္တော "ဟောတိ"တိ အာဟ။ **သာရတ္ထ**၊ ၂။ ၈၇။ **ဝိမတိ**၊ ၁။ ၁၄၁။

င-ဝါကျ၌ အထ ဝါ-ဖြင့် အာပတ္တိသဒ္ဒါ၏ဝိကပ်တမျိုးကို သိစေသည်။ (ဘာဝတ္ထ။)

င-ဝါကျ၌ အာပဇ္ဇနံ-ဖြင့် အာပတ္တိပုဒ်ကို အာပဇ္ဇနံ အာပတ္တိဟု ဘာဝ-သာဓန ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း၊ တိ-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည် ကိုလည်းကောင်း သိစေသည်။

၁။ အဘိဓာနတ္ထ။ ။ဒုတိယပစ္စယတ္ထ။

င-ဝါကျ၌ ဟောတိ-ဖြင့် ပါရာဇိကဿ၊ သို့ အာပတ္တိ၊ ရောက်ခြင်း သည်။ ဟောတိ၊ ဖြစ်၏-ဟု ဟောတိ ပါဌ်သေသစွက်၍ အနက်ယောဇနာ ရမည်ဟု သိစေသည်။

† ဒုတိယေ အတ္ထဝိကပ္ပေ ဟောတိတိ ကြိယာ ဝစနသေသော။ **ဝိမတိ**၊ ၁။ ၁၄၁။

င-ဝါကျ၌ ပါရာဇိကမေ့ဿ-ဖြင့် ဤ၌ ပါရာဇိက သဒ္ဒါသည် သိက္ခာပုဒ်, ပုဂ္ဂိုလ်ပါရာဇိကအနက်ကို မဟော၊ ပါရာဇိကအနက်ကို ဟော၏၊ တနည်း-ပါရာဇိကအရ သိက္ခာပုဒ်, ပုဂ္ဂိုလ်ပါရာဇိကကို မယူရ၊ ပါရာဇိကအာပတ်ကို ယူရမည်ဟု သိစေသည်။ (နာမလိင်္ဂတ္ထ၊ တနည်း၊ အဘိဓေယျတ္ထ။)

စ-ဝါကျဖြင့် အာပတ္တိ ပါရာဇိကဿ ပုဒ်ကို နှစ်နည်းယောဇနာ သကဲ့သို့ အာပတ္တိ သံဃာဒိသေသဿ စသည် ကိုလည်း နှစ်နည်းပင် ယောဇနာရမည်ဟု ညွှန်ပြသည်။ (ဘာဝတ္ထ။)

**မှတ်ချက်**။ ။ဆင်တဲ ဂဏ္ဌိ၌ ဆုပတိ အာပတ္တိ ဒွိန္နံ သံဃာဒိသေသာနံ၊ ဆုပတိ ဒွိန္နံ ထုလ္လစ္စယာနံ၊ ဆုပတိဒွိန္နံဒုက္ကဋာနံ-ဟူသော ပါဠိတော်တို့ကိုထောက်၍ အထ ဝါ တတ်သော ဒုတိယနည်းသည် ပါဠိတော်နှင့်လျော်၏ ဆိုသည်။

---

## ပါဠိဝိနိစ္ဆယ

**ပဝေသေန္တဿ။ ပဝေသန္တဿ**။ ။အတ္တနော အင်္ဂဇာတံ ဟူသော ကံပုဒ် ကို ထောက်၍ ပပုဗ္ဗ ဝိသ-ဓာတ်၊ ကာရိုက်ဏေပစ္စည်း၊ န္တပစ္စည်းဖြင့်ပြီးသော ပဝေသေန္တဿပါဌ်သာ သင့်သည်။

http://www.dhammadownload.com



**ဝစ္စ**။ ဝါစ္စ။ ။ကျင်ကြီးဟော ဝစ္စသဒ္ဒါကား ဝရဓာတ်၊ စ-ပစ္စည်း၊ ခာတ္တန် ရ-ကို စ-ပြု၊ ဝစ္စဟု ပြီးသည်။ ထို့ကြောင့် ဝစ္စ ပါဌ်သာ သင့်သည်။

**အင်္ဂဇာတ**။ ။အစိတ် ဖြစ်သော ကိုယ်အင်္ဂါ၏ အင်္ဂဟူသော အမည်ကို အပေါင်းဖြစ်သော ခန္ဓာကိုယ်တခုလုံး၌ တင်စား၍အပေါင်းဖြစ်သောခန္ဓာကိုယ် တခုလုံးကို အင်္ဂဟုဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ ဥပ-လက္ခဏနည်း။

---

(က) ဝေဝံ သေဝနစိတ္တ-လ-မနုဿိတ္ထိန္တိ အာဒိ မာဟ၊ (ခ) တတ္ထ ပဋိပက္ခံ-လ-ဘိက္ခုပစ္စတ္ထိကာ။ (ဂ) ဝိသဘာဂ ါနံ-လအဓိဝစနံ။ ဋ္ဌ။ ၂၂၆၊

## ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျတင် ဒုတိယဝါကျကား (ဘိက္ခုနီ ပစ္စတ္ထိကာ-ဟု ဆုဒ္ဓိတွဲရမည် လော-စောကြောဖွယ်ကို ပယ်ဖြေရန် တက်လာသောကြောင့်) ဝါကျာ ရမ္ဘ ဝါကျ။ထို-၌ ပထမဝါကျကား အာရဒ္ဓ။ (ပက္ခ, ပက္ခန္တရလည်း ကြံနိုင် သည်။)

**မှတ်ချက်**။ ကျမ်းတက် ဝါကျခွဲတို့ကို အလားတူ ဝါကျ၌ ရေးခဲ့ပြီးဖြစ် ၍ အကျယ် မရေးတော့ပြီ။

---

## ဝိဂ္ဂဟနှင့်ညည်ကောက်

**ဝေရ**။ ။ပါယေန ဝီရေသု ဘဝံ ဝေရံ။ (ပါယေန၊ များသောအား ဖြင့်။ ဝီရေသု၊ ရဲရင့်သောသူတို့၌။ ဘဝံ၊ ဖြစ်သည်တည်း။ ဘဝတဒ္ဓိတ်။ဝီရပုဒ်+ ဏပစ္စည်း။ ရဲရင့်သောသူနှင့် ဖြစ်သောရန်ကို ဌာန+ဌာနီ။ ဂုဏ၊ ဂုဏ်စပ်။

**ဝေရီ**။ ။ဝေရံ အဿ အတ္ထီတိ ဝေရီ။ အဿတ္ထိ။ ဝေရပုဒ်+ဤပစ္စည်း။ ဝေရအရရန်နှင့် ပုဂ္ဂိုလ်ကို ဌာနီ ဌာန၊ ဂုဏ် ဂုဏေစပ်။

**မှတ်ချက်**။ ။ဗဟုဝုစ်ရအောင် ဝေရံ ဧတေသံ သန္တီတိ ဝေရိနော-ဟု ဝိဂ္ဂဟပြု။

## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ပဋိသေဝန စိတ္တ သမင်္ဂီဿ-ဖြင့် သာဒိယန္တဿေဝ၌ သာ ယာခြင်း မည်သည် မှီဝဲလိုသောစိတ်ကို ထင်ရှားဖြစ်ပေါ်လာစေခြင်းပင်တည်း ဟု သိစေသည်။ (ဘာဝတ္ထ။) သာရတ္ထ၊ ၂။ ဂဂ။

http://www.dhammadownload.com



ခ-ဝါကျ၌ ပဋိပက္ခံ အတ္ထယန္တိ–ဖြင့် ပစ္စတ္ထိကာ—၌ ပတိ ဥပသာရ၏ အဖြစ်ကိုလည်းကောင်း¹၊ ယင်း ပတိသဒ္ဒါသည် ပဋိဒါန နိုသေခ စသော အနက်ကိုမဟော၊ ပဋိပက္ခ အနက်ကို ဟောသည်-ကိုလည်းကောင်း²၊ ပစ္စတ္ထိ-ကာ၌ အတ္ထဓာတ်၏ အဖြစ်ကိုလည်းကောင်း³၊ ယင်းအတ္ထဓာတ်၏ စုရာဒိဂဏိက ဓာတ်၏ အဖြစ်ကိုလည်းကောင်း⁴၊ ပစ္စတ္ထိကာပုဒ်ကို ပဋိပက္ခံ အတ္ထယန္တီတိ ပစ္စတ္ထိကာဟု ကတ္တုသာဓနဝစနတ္ထပြုရမည်—ကိုလည်းကောင်း⁵၊ ဏွုပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်—ကိုလည်းကောင်း⁶ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂမာ။　　၂။ ဥပသဂ္ဂလိင်္ဂတ္ထ　　၃။ ဒုတိယဓာတုပဒ။
၄။ ဘာဝတ္ထ　　၅။ အဘိဓာနတ္ထ။　　၆။ ဒုတိယပစ္စယတ္ထ၊

ခ-ဝါကျ၌ ဣစ္ဆန္တိ–ဖြင့် အတ္ထယန္တိ၌ အတ္ထဓာတ်သည် ဣစ္ဆာအနက်ကို ဟောသည်ဟု သိစေသည်။ (ဓာတွတ္ထ။)

ခ-ဝါကျ၌ ဘိက္ခူ ဧဝ ပစ္စတ္ထိကာ-ဖြင့် ဘိက္ခုပစ္စတ္ထိကာပုဒ်ကို ကမ္မဓာရယ် သမာသ် တွဲရမည်။ (နှ။) ဘိက္ခူနံ ပစ္စတ္ထိကာ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် မတွဲစပ်ရ(ဗျ၊)ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

**မှတ်ချက်။** ။အတ္ထဓာတ်အရ သိက္ခာကာမဖြစ်ကုန်သော ရဟန်းတို့ကို ဒုဿီလဖြစ်စေလိုသော ရန်သူတို့၏ ဒေါသပြင်းသော စိတ္တုပ္ပာဒ်ကောက်။ ကြွင်းလွယ်ပြီ။

ဂ-ဝါကျဖြင့် ဘိက္ခုပစ္စတ္ထိကအရ ဝိသဘာဂရန်သူ ရဟန်းတို့ကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

---

### ပါဌ်ဝိနိစ္ဆယ

**ပစ္စတ္ထိကာ။ ပစ္စတ္ထိကာ။** ။ပတိပုဗ္ဗ+အတ္ထဓာတ်+ဏွုပစ္စည်းဖြင့် ပြီးသော ကြောင့် ပစ္စတ္ထိကာ ပါဌ်သာ သင့်သည်။

**မိတ္တာသန္တဝ။ ပိတ္တာသန္တဝ။** ။သန္ထဝေါတု ပရိစ္စယော။ ဓာန်။ လာသော ကြောင့်လည်းကောင်း၊ ဓာန်၊ ဋီ–၌ သံပုဗ္ဗော ထု အာဘိတ္ထဝေ ဟု လာသဖြင့် သံပုဗ္ဗ ထုဓာတ်၊ ဏ-ပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း မိတ္တာသန္ထဝ ပါဌ်သင့်သည်။

---

### နည်းနှင့် ဥပမာ

**ဘိက္ခုပစ္စတ္ထိကာ။** ။အပေါင်းဖြစ်သော ရဟန်းတို့၏ ရန်သူ၊ ရန်သူဖြစ်သော ရဟန်းတို့၏ ဘိက္ခုပစ္စတ္ထိကာ အမည်ကို အစိတ်ဖြစ်သော ရန်သူဖြစ်သော ရဟန်းတို့၌ တင်လေ။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ၊ (ဘိက္ခူနံ ပစ္စတ္ထိကာ။ ဘိက္ခူ ဧဝ ပစ္စတ္ထိကာ ဟူသော ဝိဂ္ဂဟကို သတိပြု။)

http://www.dhammadownload.com

**နည်းတင်ပုံ**။ ။ပါဠိတော်၊ ၄၁-ရာဇပစ္စတ္ထိကာ-လ ဥပ္ပလဂန္ဓပစ္စတ္ထိကာ ဟု ဆိုလတ္တံ့သည်မှ ကြွင်းသော ဘိက္ခုပစ္စတ္ထိကကိုသာ ယူရသောကြောင့် ပါရိသေသနည်း။

**ပစ္စတ္ထိကာ**။ ။အပေါင်းဖြစ်သော ရန်သူဟူသမျှ၏ ပစ္စတ္ထိကာ ဟူသော အမည်ကို အစိတ်ဖြစ်သော ရန်သူရဟန်း၌ တင်စား၍ ရန်သူရဟန်းကို ပစ္စတ္ထိကာ ဟု ဆိုသောကြောင့် ကေဒေသျူ၊ ဝါ-သမုဒါယူ။

---

(က) ကေစိ ပမတ္တံ။ (ခ) အညဝိဟိတံ ဝိက္ခိတ္တစိတ္တန္တိ အတ္ထော။ (ဂ) ကေစိ မတံ အက္ခာယိတံ။ (ဃ) သောဏာ-လ နိမိတ္တန္တိ အတ္ထော။ (င) ကေစိ-လ အက္ခာယိတံ။ (စ) ယေဘုယ္ယေန-လ-ဟောတိ။ ဋ္ဌ။ ၂၂၈။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရ။ ထို-၍ က-ဝါကျကား သခေပ။ ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဝါကျကား ပက္ခ။ ဃ-ဝါကျကား ဝိတ္ထာရ။ ထို-၍ ဂ-ဝါကျကား သခေပ။ င-ဝါကျကား ပက္ခန္တရ။ ထို-၍ ဂ-ဃ-ဝါကျကား ပက္ခ။ စ-ဝါကျကား ဝိတ္ထာရ-ထို-၍ င-ဝါကျကား သခေပ။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ကေစိ-ဖြင့် ပါဠိ၌ အာနေန္တိကြိယာ၏ ပါဌသေသကတ္တားကား ကေစိတည်း-ဟု သိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျဖြင့် ပမတ္တ=မေ့လျော့၍ ဟူသည် တပါးကိုကြံစည်ခြင်း ပျံ့လွင့်သော စိတ်ရှိခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ အက္ခာယိတနိမိတ္တံ-ဖြင့် အက္ခာယိတံ နိမိတ္တံ ယဿာတိ အက္ခာယိတံ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[1]၊ နိမိတ္တဟူသော နောက်ပုဒ်ကျေသည်-ကိုလည်းကောင်း[1] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

ဃ-ဝါကျ၌ သောဏာသိင်္ဂါလာဒီဟိ-ဖြင့် အက္ခာယိတံ၌ ခါယိကသဒ္ဒါကို ခါယိတဗ္ဗန္တိ ခါယိတံ ဟု ကမ္မသာဓနေ ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[1]၊ က-ပစ္စည်း၏ ကမ္မသာဓန၌ သက်သည်-ကိုလည်းကောင်း[2]၊ ယင်း၏ ကတ္တားကို သောဏာသိင်္ဂါလာဒီဟိ-ဟု ထည့်ရမည်-ကိုလည်းကောင်း[3] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

http://www.dhammadownload.com



**ဉာဏ်ကောက်**။ ။အက္ခာယိတံ နိမိတ္တံ ယဿာတိ အက္ခာယိတံ။ (ယဿာ မနုဿိတ္ထိယာ၊ အား။ အက္ခာယိတံ၊ ခွေး, မြေခွေး စသည်တို့သည် မခဲစားအပ် သေးသော။ နိမိတ္တံ၊ သည်။ အတ္ထိ။ ဣတိ သာ အက္ခာယိတာ။ အစိတ်အပေါင်း စပ်၍ ဉာဏ်ကောက်လေ။)

ခ-ဝါကျနှ ဗဟုတရော ဩကာသော-ဖြင့် ယေဘုယျသဒ္ဒါ အများ ဟူ သော ဗဟုတရ အနက်ဟောသည်-ကိုလည်းကောင်း[1]၊ ခွေး, မြေခွေးတို့ မခဲ စားအပ်သေးသော အရပ်ဌာန၏ များသည်၏အဖြစ်ကိုလည်းကောင်း[2] သိစေ သည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

† ယေဘုယျသဒ္ဒေါ ဗဟုလတ္ထဝါစကော ပါဠိပဒိကော။ သူစိ။

---

## ပါဠိဝိနိစ္ဆယ

**အညဝိဟိတံ။ အညာဝိဟိတံ။** ။အညဝိဟိတော့တိ အညံ စိန္တယမာနော (ဝိ၊ ဋ္ဌ။ ၄။ ၂၂၄) ဟု ဖွင့်သည်။ ဝိဟိတ သဒ္ဒါ စိန္တာအနက်ကို ဟောသည်။ အညံ ဝိဟိတော အညဝိဟိတော ဟု သမာသ် တွဲ။ အညံ၊ တပါးကို။ ဝါ- တပါးသော အာရုံကို။ ဝိဟိတာ၊ ကြံစည်သော လူမိန်းမတည်း-ဟု အနက်ပေး။ ဤသို့သော အာဂမယုတ္တိ သဒ္ဒယုတ္တိ အတ္ထယုတ္တိတို့ကိုထောက်၍ "အညဝိဟိတ" ဟူသောပါဠိသာ သင့်သည်။

**အက္ခာယိတံ။ အက္ခယိတံ။** ။ခါယိတသဒ္ဒါကား ခါဓာတ်+တ-ပစ္စည်း။ ခါဓာတ်၏ အစိတ်ဖြစ်သော ဧ-ကို ပေအာဝ ါယာကာရိတေ-သုတ် ယောဂဝိ- ဘာဂဖြင့် အာယပြု။ ဣအာဂုံလာ။ ယ-ကို ဣသို့ကပ်၍ ခါယိတံ-ဟုပြီးသည်။ န ခါယိတံ အက္ခာယိတံ ဟု သမာသ် တွဲ။ အခါယိတ ဟူလိုလျက်။ ပဉ္စက္ခန္ဓာ ကဲ့သို့ အသဒိသဒွေဘော်လာ၍"အက္ခာယိတ"ဟု ပြီးသောကြောင့် အက္ခာယိတ ပါဠိသာ သင့်သည်။

† ခေ ခါဒနသတ္တာသု။ နီတိ ဓာ။ ၁၉။

---

## နည်းနှင့် ဥပစာ

**ပတံ၊ အက္ခာယိတံ။** ။အက္ခာယိတနိမိတ္တ-ဟု ဆိုလိုလျက် နိမိတ္တသဒ္ဒါ ကျေသောကြောင့် ဝဏ္ဏလောပ နိရုတ္တိနည်း။

အက္ခာယိတနိမိတ္တ-ဟုဆိုလိုလျက်အက္ခာယိတပုဒ် တစိတ်အားဖြင့်ခေါ်ဝေါ် သောကြောင့် ကေဒေသဝေါဟာရနည်း။

http://www.dhammadownload.com


**ကေစိမတံ ယေဘုယျေန အက္ခာယိတံ။** ။ဤ-၌၊ မတံ ယေဘုယျေန အက္ခာယိတံ-ဟူသော အစိတ်ကို မှတ်၍ ဆိုသဖြင့် "မတံ ယေဘုယျေန အက္ခာယိတံ၊ အမတံ ယေဘုယျေန ခါယိတံ" ဟူသော အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။ **ဝဇိရ။ ၁၀၃။**

အစိတ်ဖြစ်သော သေပြီးသော ယေဘုယျအားဖြင့် ခွေး, မြေခွေး တို့သည် မခဲစားအပ်သော နိမိတ်ရှိသော လူမိန်းမ၏ "မတံ ယေဘုယျေန အက္ခာယိတံ" ဟူသောအမည်ကို အပေါင်းဖြစ်သော သေပြီးသော ယေဘုယျအားဖြင့် ခွေး, မြေခွေးတို့သည် မခဲစားအပ်သော နိမိတ်ရှိသော လူမိန်းမ၊ မသေသေးသော ယေဘုယျအားဖြင့် ခွေး, မြေခွေး တို့သည် ခဲစားအပ်ပြီးသော နိမိတ်ရှိသော လူမိန်းမတည်း ဟူသော အပေါင်း၌ တင်လေ။ **ကေဒေသူပစာ။ ဝါ-အဝယဝူပစာ။**

---

## ပါဠိဝိနိစ္ဆယ

**သမ္ဘာသမ္ဘုဒ္ဓေါ။ သမ္ဘာသမ္ဘုဒ္ဓေန။** ။ဋ္ဌ။ ၂၂၉။ ပညပေယျကား ပပုဗ္ဗ-ဥ ပဓာတ်၊ အတ္တနေပုဒ်၊ ကတ္တု ၀ါစက ဧယျဝိဘတ်သက်၍ ပညပေယျ-ဟု ရုပ်ပြီးသောအခါ သမ္ဘာသမ္ဘုဒ္ဓေါ ဟူသော ပထမာ ဝုတ္တကတ္တားရှိသော ပါဠ် သင့်သည်။

ပပုဗ္ဗ+ဥ ပဓာတ်+အတ္တနေပုဒ် ကမ္မ ၀ါစက ဧထ ဝိဘတ်ကို ပရဿပုဒ် ယျေပြန်၍ ပညပေယျ ဟု ပြီးသောအခါ သမ္ဘာသမ္ဘုဒ္ဓေန ဟု တတိယာ အဝုတ္တ ကတ္တားရှိသောပါဠ် သင့်သည်။ **ပါရာ၊ ယော။**

**သဗ္ဗသော ခါယိတံ။** ။အတူဖြစ်သော ခွေး, မြေခွေးတို့ အလုံးစုံခဲစား အပ်သော နိမိတ်၏ သဗ္ဗသော ခါယိတံ-အမည်ကို အတူရှိသော ဓားစသည် ဖြင့် အလုံးစုံ ဖြတ်တောက်အပ်သော နိမိတ်၌ တင်စား၍ ယင်းနိမိတ်ကို သဗ္ဗသော ခါယိတံ-ဟု ဆိုသောကြောင့် သဒိသူပစာ။

† သဗ္ဗသော ခါယိတန္တိ-လ-ခါယိတသဒိသံ ကတံ။ **သံ ရတ္ထ၊ ၂။ ၉၀။**

ဥပဒိန္နကံ ဥပဒိန္နကေန ဖုသတိ (ဖုဿတိ)။ ဥပဒိန္နကံ၊ ကို။ ဥပဒိန္နကေန၊ သည်။ ဖုသတိ (ဖုဿတိ)၊ တွေ့ထိအပ်၏ ဟု အနက်ယောဇနာ။ ဖုသဓာတ်+ ယ ပစ္စည်း+တေ-ဝိဘတ်၊ တေ-ကို တိ-ပြန်။ ကံ ဟောကြိယာ။ ယ ပစ္စည်း မချေလျှင် ဖုဿတိ သင့်၍ ယ ပစ္စည်းကိုချေလျှင် ဖုသတိ သင့်သည်။

ဥပဒိန္နကံ၊ ကို။ ဥပဒိန္နကေန၊ ဖြင့်။ ဖုသတိ၊ တွေ့ထိ၏ဟု အနက်ယောဇနာ။ ဖုသဓာတ်+အပစ္စည်း+တိဝိဘတ် ကတ္တားဟောကြိယာလျှင် ဖုသတိ ပါဠ်လည်း သင့်သည်။

http://www.dhammadownload.com



**ဥပါဒိန္နကံ။** ။အပေါင်းဖြစ်သော ကမ္မဇရုပ်တို့၏ ဥပါဒိန္နက အမည်ကို အစိတ်ဖြစ်သော ကာယိန္ဒြေ (ကာယပသာဒ) ၌ တင်စား၍ အစိတ်ဖြစ်သော ကာယိန္ဒြေကို ဥပါဒိန္နကံ ဟု ဆိုသောကြောင့် ကေဝဒေသျှုပစာ၊ ဝါ-သမုဒါယူပစာ။

**သန္တတာဒယ အသန္တတာဿ။** ။အပေါင်းဖြစ်သော အခင်းနှီးအပ်သော (အဝတ်ရစ်ပတ်ဖုံးထားအပ်သော) မိန်းမတကိုယ်လုံး၏ သန္တတာဒယ-ဟူသော အမည်ကို အစိတ်ဖြစ်သောအခင်းနှီးအပ်သော မင်္ဂသုံးပါးတို့တွင် တပါးပါး၌ တင်စား၍ မင်္ဂသုံးပါးတို့တွင် တပါးပါးကို သန္တတာဒယ ဟု ဆိုသောကြောင့် ကေဒေသျှုပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ။ ရှင်္ဂ။)

† သန္တတာဒယာတိ ကေဒေသေ သမုဒါယဝေါဟာရေန။ **သာရတ္ထ၊** ၂။ ၉၂-၃။

**တနည်း** — အစိတ်ဖြစ်သော အခင်းနှီးအပိသော မင်္ဂသုံးပါးတို့တွင် တပါးပါး၏ သန္တတာဒယ အမည်ကို အပေါင်းဖြစ်သော အခင်းနှီးအပ်သော မိန်းမတကိုယ်လုံး၌ တမ်စား၍ အခင်းနှီးအပ်သော မိန်းမတကိုယ်လုံးကို သန္တတာဒယ ဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ ဥပလက္ခဏနည်း။

**မှတ်ချက်။** ။သန္တတာ နာမ၊ သန္တတော နာမ တို့၌လည်း နည်းတူမှတ်။

† သန္တတာဒယာတိ သမုဒါယေ ကေဒေသဝေါဟာရော။ **ဝိမတိ၊** ၁။ ၁၄၆။

---

(က) ယသ္မာ ပန န ဘိက္ခုပစ္စတ္တိက-လ-အာဒိမာဟ။ (ခ) တတ္ထ ရာဇာနော ဝေ-လ-တ္ထိကာ။ (ဂ) တေ စ-လ-ဝေဒိတဗ္ဗာ။ (ဃ) စောရာ ဝေ-လ-တ္ထိကာ။ (င) ဓုတ္တာတိ မေထုနုပသံဟိတာ-လ-ပုရိသာ။ (စ) ဂုတ္တိ-လ-ဝါ။ (ဆ) ဓုတ္တာ ဝေ-လ-တ္ထိကာ။ ဋ္ဌ။ ၂၃၂။

### ဝါကျခွဲနှင့် ကျမ်းတက်

တတ္ထ ရာဇာရော ဇာ-လ-ပါဋ္ဌိယံ သံခိတ္တေန ဝုတ္တာနိ—ကား ဝိတ္ထာရ။ ထို-၍ က-ဝါကျကား အနုသန္ဓေ သမ္ဗန္ဓ။ သမုဒါယတ္တဝါကျ၊ ဝါ-သဒ်ေပ။ (က-ဝါကျတွင်၊ ကာရကဖလ။ အနိယတ်၊ နိယတ် ဥတ္တမ ဝါကျ။ အန္ဒယ ဗျတိရေက ခွဲလေဦး။)

http://www.dhammadownload.com


ဂ–ဝါကျကား ဝါကျာရမ္ဘ။ ထို–၍ ခ–ဝါကျကား အာရဒ္ဓ

ဃ–ဝါကျကား ပက္ခန္တရ။ ထို–၍ဂ ဝါကကား ပက္ခ။

င–ဝါကျကား ပက္ခန္တရ။ ထို–၍ ဃ–ဝါကျကား ပက္ခ။

စ–ဝါကျကား ပက္ခန္တရ။ ထို–၍ င–ဝါကျကား ပက္ခ။

စ–ဝါကျဋီကာတက်

ဤသို့ င–ဝါကျဖြင့် ဓုတ္တအရ ဝိသေသအားဖြင့် ဣတ္ထိဓုတ္တကို ယူရမည်ဟု ဖွင့်ပြပြီး၍ ယခုအခါ၌ သာမညအားဖြင့်လည်း အနက်၏ဖြစ်သင့်ခြင်းကို ပြခြင်းငှာ၊ ဝါ–ဣတ္ထိဓုတ္တမှတပါးသော ဓုတ္တတို့ကိုလည်း သိမ်းယူ၍ ပြခြင်းငှာ စ–ဝါကျမိန့်။ သာရတ္ထ၊ ၂။ ၉၃။ ဝိမတိ။ ၂။ ၁၄၇။

ဆ–ဝါကျကား ဝါကျာရမ္ဘ။ ထို–၍ င–စ–ဝါကျကား အာရဒ္ဓ။

မှတ်ချက်။ ။ င–စ–ဝါကျတို့ဖြင့် ဓုတ္တာအရကို ဖွင့်ပြပြီးနောက် ဓုတ္တနှင့် ပစ္စတ္တိက ပုဒ်တို့ကို မည်သို့သောသမာသ် တွဲစပ်မည်နည်းဟု စောဒနာဖွယ်ရှိ၍ ဆ–ဝါကျ မိန့်။

င–ဝါကျ လျှဉ်းပါးတက်

ဆရာ၊ မြတ်စွာဘုရားသည် ဓုတ္တာ ပစ္စတ္တကာဟု ဟောတော်မူ၏။ ပါဠိ၌ ဓုတ္တာဟု သာမညအားဖြင့် ဟောတော်မူအပ် သည်၏ အဖြစ်ကြောင့် (ဟေတာလင်္ကာရ) ဓုတ္တဟူသည် ဣတ္ထိဓုတ္တလော၊ သုရာဓုတ္တ လော၊ အက္ခ ဓုတ္တလော၊ ဓုတ္တအရအဘယ်ဓုတ္တကို ယူရမည်နည်းကြောင့် င–ဝါကျသံ ဝဏ္ဏနာကို မိန့်။ သာရတ္ထ၊ ၂။ ၉၃။

ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

ကေရာဋိယ။ ။ကိရာဋ္ဌဝဋ္ဌနံ ကရောန္တီတိ ကေရာဋိယာ။ပါရာ၊ ယော။၁၃၁။ ကရောန္တိ တဒ္ဓိတ်။ ကိရာဋပုဒ်+ဏိယပစ္စည်း။ ဌာနိ ဌာန။ ကြိယာ ကြိယာဝန္တစပ်။

နာဂရိကာ။ ။ နဂရေ ဝသန္တီတိ နာဂရိကာ။ ဝသန္တိတဒ္ဓိတ်။ နဂရ+ဏိက။ ဌာန+ဌာနီစပ်။ (နာဂရိကနှင့်ကေရာဋိယ ကမ္မဓာရယ်တွဲ။ နာဂရိကကေရာဋိယနှင့်ပု ရှိသလည်း နည်းတူပင် ကမ္မဓာရယ်တွဲ။)

ဓုတ္တ။ ။ ဓုဗ္ဗိဓာတ်+တ–ပစ္စည်း။ ဓုဗ္ဗိ ဟိံသာယံ တော။ ဘုဇာဒိ၊ ဓာန်။ ဋီ ၊ ၇၃၇။

အာဘောဂနှင့် သံဝဏ္ဏနာ

ခ–ဂ– တို့၌ အာဘောဂ် သံဝဏ္ဏနာကား ဘိက္ခုပစ္စတ္တိကာ အဖွင့်၊ ဌ။ ၂၂၆– နှင့် တူပြီ။

http://www.dhammadownload.com



င–ဝါကျဖြင့် ဓုတ္တာအရ ဝိသေသအားဖြင့် ကုတ္တိဓုတ္တကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

စ–ဝါကျဖြင့် ဓုတ္တအရ သာမညအားဖြင့် ဓုတ္တ မှန်သမျှကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ဆ–ဝါကျ၌ အာဘောဘ်ကား ဘိက္ခု ၀ေ ပစ္စတ္တိကာနှင့် တူပြီ။

## ပါဌဝိနိစ္ဆယ

ခိဋ္ဌာပသုတာ။ ။ ခိဋ ကိဋ္ဌာယံ ခိဋ္ဌာ–ဟူသော သူစိနှင့်အညီ ခိဋဓာတ်ဖြင့် ပြီးသောကြောင့်လည်းကောင်း၊ အထ ဝါခံ တုဋ္ဌ ကုဋ္ဌာ ဝါစာ တ္ဌောတိခိဋ္ဌာနှင့်အညီ ခ–ပုဒ်+ကုဋ္ဌာပုဒ်ဖြင့် ပြီးသောကြောင့်လည်းကောင်း ခိဋ္ဌာပါဌ်သာ သင့်သည်။

ကေရာင္ဂိယ၊ ကေရာဒိယ။ ။ ကိရာဌ္ဌ ဝဥ္စနံ ကရောန္တိ–ဟုယောဇနာ ဖွင့်ပြသောကြောင့်လည်းကောင်း၊ ကိရာဋပုဒ်+ ဏိကပစ္စည်း။ တနည်း၊ ဏိယပစ္စည်း၊ ယ–ကို က–ပြန်၍ ပြီးသောကြောင့်လည်းကောင်း ကေရာဋိယပါဌ် သင့်သည်။

## နည်းနှင့်ဥပစာ

ဓုတ္တာ။ ။အပေါင်းဖြစ်သော ကုတ္တိဓုတ္တ, အက္ခဓုတ္တ, သုရာဓုတ္တတို့၏ ဓုတ္တအမည်ကို အစိတ်ဖြစ်သော ကုတ္တိဓုတ္တ၌ တင်။ ဧကဒေသျူပစာ။ ဝါသမုဒါယူပစာ။ (နေယျတ္ထ။ ရုဠှီ။)

မှတ်ချက်။ ။င–ဝါကျ အဋ္ဌကထာဖွင့်နှင့် သာရတ္ထ၊ ၂။၉၃–ရှု၍ ဥပစာတင်သည်။

(က) ဂန္ထတ္တိဟဒယံ ဝုစ္စတိ–လ–ဥပ္ပလဂန္ထပစ္စတ္တိကာ။ (ခ) ဓဇောကိရ–လ–ဟဒယံ ဥပ္ပာဋေန္တိ။ ၄။ ၂၃၃။

## အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ဟဒယံ ဝုစ္စတိ–ဖြင့် ဥပ္ပလဂန္ထာ၌ ဂန္ထသဒ္ဒါသည်အနည်းငယ်ဟူသော အနက်, အနံ့ဟူသောအနက်တို့ကို မဟော၊ နှလုံးသားဟူသော အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

ဂန္ထော ထောကေ ဃာယနီယေ။ ဓာန်၊ ၁၁၂၉ ။

ဟဒယန္တိ ဟဒယမံသံ။ သာရတ္ထ၊၂။ ၉၃။

http://www.dhammadownload.com


က–ဝါကျ၌ ဥပ္ပာဋ္ဌေန္တိ–ဖြင့် ဥပ္ပလဂန္ဓာ၌ ဥပ္ပလပုဒ်ကို ဥပ္ပာဋ္ဌေန္တီတိ ဥပ္ပလာဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်–ကိုလည်းကောင်း[၁]၊ အ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်-ကိုလည်းကောင်း[၂]၊ ဥပ္ပဋ္ဌ-ဟု ဆိုလိုလျက် နိရုတ္တိ နည်းအားဖြင့် ဥပ္ပလ–ဟု ရုပ်ပြီးသည်–ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယံဝစနတ္ထ။ ၃။ ဘာဝတ္ထ။

က–ဝါကျ၌ တံ ဥပ္ပာဋ္ဌေန္တိ ဟူသော အပေါင်းသံဝဏ္ဏနာဖြင့် ဥပ္ပလနှင့် ဂန္ဓကို ဂန္ဓံ ဥပ္ပလာ ဥပ္ပလဂန္ဓာ ဟု ဒုတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်–ကိုလည်းကောင်း[၁]၊ ဂန္ဓ ဥပ္ပလဟု ဆိုလိုလျက် ရှေ့နောက်ပြန်သော အားဖြင့် ဥပ္ပလဂန္ဓဟု ရုပ်ပြီးသည်–ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

**မှတ်ချက်။** ။တံ ဥပ္ပာဋ္ဌေန္တိ–ဖြင့် ဂန္ဓံ ဥပ္ပာဋ္ဌေန္တီတိ ဥပ္ပလဂန္ဓာ ဟူသော ဝစနတ္ထကို ပြသည်ဟု လဟုက နည်း အာဘော်လည်း ဖော်နိုင်သည်။

က–ဝါကျ၌ ဥပ္ပလဂန္ဓာ ၉၀ ပစ္စတ္တိကာ၌ အာဘော် သံဝဏ္ဏနာကား ဘိက္ခုပစ္စတ္တိကာနှင့် တူပြီ။

**ဟဒယံ။** ။အပေါင်းဖြစ်သော နှလုံးသား, စိတ်, ရင် တို့၏။ ဟဒယံ ဟူသော အမည်ကို အစိတ်ဖြစ်သော နှလုံးသား၌ တင်။ ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာ။

**ဂန္ဓ။** ။အပေါင်းဖြစ်သော အနည်းငယ်ဟူသောအနက်၊ ဂန္ဓာရုံဟူသော အနက်၊ နှလုံးသားဟူသောအနက်တို့၏ ဂန္ဓ အမည်ကို အစိတ်ဖြစ်သော နှလုံး သား၌တင်။ ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာ။

**ပန္ထဃာတ။** ။ဌာနဖြစ်သော လမ်း၏ ပန္ထဟူသော အမည်ကို ဌာနီ ဖြစ်သော လူ၌ တင်စား၍ ဌာနီဖြစ်သော လူကို ပန္ထ ဟု ဆိုသောကြောင့် ဌာနူပစာ။ နာနန္တရိကနည်း။

**ပုတ္တဒါရံပေါသေန္တိ။** ။အစိတ်ဖြစ်သော သား၏ပုတ္တအမည်ကိုအပေါင်း ဖြစ်သော သား, သမီး၌ တင်။ ကေဒေသူပစာ၊ ဝါ–အဝယဝူပစာ။ (ဥပလက္ခဏနည်း။)

---

(က) အဇာနန္တော နာမ-လ-န ဇာနာတိ။ (ခ) အသာဒိယန္တော နာမ-လ-န သာဒိယတိ။ ဌ။ ၂၃၄။

http://www.dhammadownload.com



## ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ န ဇာနာတိ-ဖြင့် ဇာနန္တော၌ အန္တပစ္စည်း၏ ကတ္တုသာဓနဖြစ်ကြောင်း သက်သည်-ကိုလည်းကောင်း[1]၊ဇာနာတီတိ ဇာနန္တောဟု ကတ္တုသာဓန ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[2]၊ န ဇာနန္တော အဇာနန္တော ဟု ကမ္မဓာရယမိဿက တပ္ပုရိသ် သမာသ်-ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[3]၊ အ-သဒ္ဒါ၏ နနိပါတ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း[4] သိစေသည်။

၁။ ဒုတိယပဗ္ဗယဋ္ဌ။ ၂။ အဘိဓာနဋ္ဌ။ ၃။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။
၄။ နိပါတလိင်္ဂပဒ။

### ဝိဂ္ဂဟမှတ်ဖွယ်

**ဒီဝါ**။ ။ဒိဝါတိ နိပါတသဒ္ဒေါ ပထမာ ဒုတိယာ သတ္တမီ။ သူစီ။ ဒီယတိ ခီယတိ အန္ဓကာရော ဧတေနာတိ ဒိဝါ။

**ဒိဝါဝိဟာရ**။ ။ဝိဟရဏံ ဝိဟာရော။ ဒိဝါ ဒိဝသေ ဝိဟာရော ဒိဝါ-ဝိဟာရော။

**နိဒ္ဒါ**။ ။နိန္ဒဂရဟာယံ န လောပေါ။ နိန္ဒီယတီတိ နိဒ္ဒါ။ သောပ္ပံ။ မောဂ် ၇။ ၉၆။ နိန္ဒဓာတ်+ဒ ပစ္စည်း။

---

(က) ဥမ္မင်္ဂကော နာမ ဝိတ္တုမ္မင်္ဂကော။ (ခ) ဒုဝိဓဦ-လ-အဗဒ္ဓ ပိတ္တဥ္စ။ (ဂ) တတ္ထ-လ-ဝူပသမန္တိ။ (ဃ) ဗဒ္ဓပိတ္တံ ပန-လ-အတေကိစ္ဆာ ဟောန္တိ။ (င) ဧဝရူပဿ-လ-အနာပတ္တိ။ဌ။ ၂၃၄။

### ❀ ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရ။ ထို-၏ က-ဝါကျကား သင်္ခေပ။

ဂ-ဃ-ဝါကျကား ဝိတ္ထာရ။ ထို-၏ ခ-ဝါကျကား သခ်ေပ။

ဃ-ဝါကျကား ပကာသကရ်။ ထို-၏ ဂ-ဝါကျကား ပကာ။

ဃ-ဝါကျတွင် တမို-လ-ဟောန္တိကား ဝါကျာရမ္ဘ။ ဗဒ္ဓပိတ္တံ-လ-ဌိတံကား အာရဒ္ဓ။

ဃ်-ဝါကျတွင် ဝိပလ္လတ္ထ-လ-စရန္တိကား ဝါကျာရမ္ဘ။ တမို-လ-ဟောန္တိ ကား အာရဒ္ဓ။

ဘေသဇ္ဇ-လ-ဟောန္တိကား ဝါကျာရမ္ဘ။

ထို-၏ တမို-လ-ဟောန္တိကား အာရဒ္ဓ၊

http://www.dhammadownload.com



**မှတ်ချက်။** ။ဝိပလ္လတ္ထ-လ-အတေကိစ္စာ ဟောန္တိ ၃-ဝါကျလုံးသည် ရှုံးသွပ်ခြင်း (ဥမ္မတ္တက) အကြောင်းကြောင့် ဖြစ်ပေါ်လာရကား ယင်း ၃-ဝါကျကို ဖလဝါကျ။ တမ္ပိ-လ-ဟောန္တိကား ကာရဏဝါကျ ဟု ကြံနိုင်သည်။

၄-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ ဥမ္မတ္တကော-လ-အတေကိစ္စာ ဟောန္တိ ကား အာရဒ္ဓဝါကျ။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**သဗ္ဗင်္ဂဂတံ။** ။သဗ္ဗံ အင်္ဂံ သဗ္ဗင်္ဂံ။ သဗ္ဗင်္ဂသ္မိံ ဂတံ ပဝတ္တံ သဗ္ဗင်္ဂဂတံ။ (သဗ္ဗင်္ဂသ္မိံ၊ အလုံးစုံသော ကိုယ်အင်္ဂါ၌။ ဂတံ ပဝတ္တံ၊ ဖြစ်သည်တည်း) သတ္တမီတပ္ပုရိသ်။ သဗ္ဗင်္ဂပုဒ်+ဂတပုဒ်။

သဗ္ဗင်္ဂ-ကား အလုံးစုံသော ကိုယ်အင်္ဂါဖြစ်သည့် မှချ။ ယင်း၏ (ဥပမာန ဘက်၌) သွေးဖြစ်နှင့်(ဥပမေယျဘက်၌)အဗဒ္ဓသည်းခြေဖြစ်နှင့် ဌာန ဌာနီ စပ်။ သဗ္ဗင်္ဂဂတပုဒ်လုံးအရကား ထို-ဖြင့် မတ်အပ်သော (ဥပမာနဘက်၌) အလုံးစုံသော ကိုယ်အင်္ဂါ၌ဖြစ်သော သွေးဖြစ်၊ (ဥပမေယျဘက်၌) အဗဒ္ဓသည်းခြေဖြစ် ရ၏။

**မှတ်ချက်။** ။မေးခွန်းအာဘော်(ပုစ္ဆာဘော)ကို သတိပြု၍ ဉာဏ်ကောက် ရာ၏။

## ဓာတုပစ္စယာဒိဝိဘာဂ

**လောဟိတ။** ။ရုဟဓာတ်+တ-ပစ္စည်း။

† ရုဟတိ သရီရေ ဗျာပနဝသေနာတိ လောဟိတံ။ ရုဟ ဇနနေ။ ဓာန်၊ ဋီ။ သူစိ။

**ကုပိတ။** ။ကုပဓာတ်+တ-ပစ္စည်း+ဣအာဂုံ။

**ကစ္ဆု။** ။ကသဓာတ်+ဆုပစ္စည်း။

† ကသန္တိ ဝိလေခန္တိ ဧတ္ထာတိ ကစ္ဆု။ မောဂ်။ ၇။ ၄၂။

**ကဏ္ဍူ။** ။ကဏ္ဍဓာတ်+ဥပစ္စည်း. ဒီဃပြု။

† ကဏ္ဍ ဘေဒနေ ဥ ဒီဃော။ ကဏ္ဍူ။ ဝဇီရဗုဒ္ဓိဋီ။ ဓာန်၊ ဋီ။

**ဘေသဇ္ဇ။** ။ဘိသက္ကဿ ကမ္မံ ဘေသဇ္ဇံ။ ဘိသက္ကပုဒ်+ဏျပစ္စည်း။ ကမ္မတဒ္ဓိတ်။ နီတိသုတ္တ၌ က္က-ကို ဇ္ဇ-ပြုဟု ဆိုသည်။

http://www.dhammadownload.com



### အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် ဥမ္မတ္တကအရ ဘီလူးဖမ်းသောကြောင့် ရူးသောသူကိုမယူရ၊ သည်းခြေပျက်သောကြောင့် ရူးသောသူကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျဖြင့် ပိတ္တသည် ဗဒ္ဓ, အဗဒ္ဓအားဖြင့် နှစ်မျိုးရှိသည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

---

### ပါဌ်ဝိနိစ္ဆယ

ဝိပလ္လတ္ထ။ ဝိပ္ပလ္လတ္ထ။ ။ဝိပလ္လတ္ထ ကို ဝိပရိ+အတ္ထ တည်။ ရိ-၌ ဣ-ကို ဣဝဏ္ဏော ယံ နဝါဖြင့် ယ-ပြု။ ဒေါသော စ သုတ်၌ စ သဒ္ဒါဖြင့် ရ-ကို လ-ပြု။ လ-ကို ယ-သိုက်ပ်။ လယာနံ လယုဂ်-ဖြင့် လျ-ကို လ္လ-ပြု။ လ္လ-ကို အ-သိုက်ပ်။ ဝိပလ္လတ္ထဟု ရုပ်ပြီး၏။ သို့ဖြစ်၍ ဝိပလ္လတ္ထ-ဟု ပ-ဒွေဘော်မဲ့ ပါဌ်သာ သင့်သည်။

† ဝိပရိ အတ္ထံ ဝိပလ္လတ္ထံ။ နီတိ၊ သုတ္တ။ ၁၁ဝ။

#### ဝိပလ္လတ္ထသညာ

နီတိ၊ သုတ္တအလို ဝိပလ္လတ္ထ-ပုဒ်ကို ဖောက်ပြန်သော (ဝိပရိ) သဘော (အတ္ထ) တည်း—ဟု အနက်ပေး။ ဤ ဝိပလ္လတ္ထသညာပုဒ်၌ကား။ ဝိပရိ အတ္ထော ဧတိဿာ သညာယာတိ ဝိပလ္လတ္ထာ။ ဧတိဿာ သညာယ၊ အား။ ဝိပရိ၊ ဖောက်ပြန်သော။ အတ္ထော၊ သည်။ အတ္ထိ၊ ၏။ ဣတိ သာ သညာ ဝိပလ္လတ္ထာ-ဟု ဝိဂ္ဂဟပြု။ ထိုနောက် ဝိပလ္လတ္ထာ သညာ ဧတေသံ သတ္တာနန္တိ ဝိပလ္လတ္ထသညာ ဟု သမာသ်တွဲ။ ဧတေသံ သတ္တာနံ၊ တို့အား။ ဝိပလ္လတ္ထာ၊ ဖောက်ပြန်သော သဘောရှိကုန်သော။ သညာ၊ တို့သည်။ သန္တိ၊ ကုန်၏-အနက်ပေး။ သို့ဖြစ်၍ ဝိပလ္လတ္ထသညာ ပါဌ်သင့်သည်။

#### ဝိပလ္လတ္ထသညာ

စိတ္တေ ကာယေ သဘာဝေ စ၊ သော အတ္တာပရမတ္တနိ-ဟူသော အဘိဓာန်ကိုထောက်၍ အတ္တသဒ္ဒါ သဘောအနက်ကို ဟောသောကြောင့်လည်းကောင်း ဝိပရိ အတ္တာ ဧတိဿာ သညာယာတိ ဝိပလ္လတ္တာ-ဟုလည်းကောင်း၊ ဝိပလ္လတ္တာ သညာ ယေသံ တေ ဝိပလ္လတ္တသညာ (ပါရာ၊ ယော။ ၁၃၂) ဟု ဝိဂ္ဂဟပြု၍ ပြီးသဖြင့် ဝိပလ္လတ္တနှင့် ဝိပလ္လတ္ထ အနက်အတူပင် ဖြစ်သောကြောင့်လည်းကောင်း ၂-ပါဌ်သင့်သည်။

မှတ်ချက်။ ။ဝိပလ္လာသ=ဝိပရိ+အာသ-ဟု ပုဒ်ဖြတ်။ ဝိပလ္လနှင့်အတူ ရုပ်တွက်။ ပ ဒွေဘော်မဲ့နှင့်သင့်။

http://www.dhammadownload.com



**အတေကိစ္စာ**။ ။တိကိစ္စိတ္ပံ သင်္ကျဘေယျာ တေကိစ္စာ။ **တနည်း**။ တိကိစ္စာယ နိယုတ္တာ တေကိစ္စာ။ (ထေရ။ ဋ္ဌ။ ၂။ ၂၀၅။ မ၊ ဋ္ဌီ။ ၃။ ၄၇။) န တေကိစ္စာ အတေကိစ္စာ ဟု တွဲ။

---

## နည်းနှင့် ဥပစာ

**ဥမ္မတ္တက**။ ။အပေါင်းဖြစ်သော ဘီလူးဖမ်းစား၍ရူးသူ၊ သည်းခြေပျက်၍ ရူးသူတို့၏ ဥမ္မတ္တကအမည်ကို အစိတ်ဖြစ်သော သည်းခြေပျက်၍ရူးသူ၌ တင်။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ၊ ရှင်ဋ္ဌီတွဲ။) က-သံဝဏ္ဏနာနှင့်အညီ ဥပစာတင်သည်။

**ပိတ္တုမ္မတ္တက**။ ။အပေါင်းဖြစ်သော ဗဒ္ဓသည်းခြေ၊ အဗဒ္ဓသည်းခြေတို့၏ ပိတ္တအမည်ကို အစိတ်ဖြစ်သော ဗဒ္ဓသည်းခြေ၌တင်။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ ခ-ဝါကျနှင့် ဝေရူပဿ ဥမ္မတ္တဿ အနာပတ္တိ ကိုထောက်၍ ဥပစာတင်သည်။

---

(က) ဝေဒနာဋ္ဋော နာမ-လ-အနာပတ္တိ။ (ခ) အာဒိကမ္မိကော နာမ ယော-လ-အာဒိဘူတော။ (ဂ) ဣဓ ပန သုဒိန္နတ္ထေရော အာဒိ-ကမ္မိကော။ ဋ္ဌ။ ၂၃၄။

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဒုက္ခဝေဒနာယ အာတုရော-ဖြင့် ဝေဒနာနှင့် အဋ္ဋော ကို ဝေဒနာယ အဋ္ဋော ဝေဒနာဋ္ဋော ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ဝေဒနာအရ ဒုက္ခဝေဒနာကို ယူရမည်-ကိုလည်းကောင်း[၂]၊အဋ္ဋသဒ္ဒါ အာတုရအနက်ဟောသည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။ ၃။ နာမလိင်္ဂတ္ထ။

ခ-ဝါကျဖြင့် အာဒိကမ္မိက=အစအမှုရှိသူဟူသည် ထိုထိုမေထုနပဋိသေဝနစသော လွန်ကျူးမှု၌ အစဖြစ်သောသူတည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

† အာဒိ စ တံ ဝီတိက္ကမသင်္ခါတံ ကမ္မဉ္စာတိ အာဒိကမ္မံ၊ တံ ဧတဿ အတ္ထီတိ အာဒိကမ္မိကော၊ အယမေတ္ထ သဒ္ဒတ္ထော၊ အဓိပ္ပာယတ္ထော ပန အယမေဝါတိ ဒဿေန္တော ယောတိ အာဒိ မာဟ။ **ကင်္ခါ၊ ယော၊** မဟာဋ္ဌီ၊ ၁။ ၃၈၁။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

အာဒိ စ တံ ဝီတိက္ကမသင်္ခါတံ ကမ္မဉ္စာတိ အာဒိကမ္မံ။ (ဂုဏ်ဂုဏီစပ်။) အာဒိကမ္မံ ဧတဿ ,အတ္ထီတိ အာဒိကမ္မိကော။

http://www.dhammadownload.com



**အာဒိကမ္မိကော**။ ။အစဖြစ်သောလွန်ကျူးမှုရှိသော။ သဒ္ဒတ္ထ။ ဝါ-ထိုထိုလွန်ကျူးမှု၌ အစဖြစ်သော။ အဓိပ္ပါယတ္ထ။ (သုဒိန်ရဟန်း)

**တနည်းအာဘော်**

၁-ဝါကျဖြင့် အာဒိကမ္မိက=အစအမှု၌ ယှဉ်သောသူ ဟူသည် ထိုထို မေထုနပဋိသေဝန စသောအမှု၌ အစဖြစ်သောသူတည်း-ဟု သိစေသည်။ (ဘာဝတ္ထ။)

† အထ ဝါ အာဒိကမ္မေ နိယုတ္တော အာဒိကမ္မိကော။ ယော စ အာဒိကမ္မေ-လ-အာဟ-ယောတိအာဒိ။ ၎င်း **မဟာဋီကာ**။

**မှတ်ချက်**။ ။ယင်းမဟာဋီကာကား ကခါင္ခိသစ်ကို ယူ၍ရေးသည်။ ဤဝိကပ်၌ ညည်ကော်က်လွယ်ပြီ။ အာဒိကမ္မိကော အစအမှု၌ ယှဉ်သော ဟု အနက်ပေး။

**တနည်းအာဘော်**

၁-ဝါကျဖြင့် အာဒိမှိ ဘူတော အာဒိကောဟု ဘူတတဒ္ဓိတ်ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ ဂ္ဂကပစ္စည်း၏ ဘူတတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[၂]၊ ကမ္မေ အာဒိကောဟု သတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃]၊ ကမ္မာဒိကော ဟု ဆိုလိုလျက် ရှေ့ပုဒ်နောက်ပြန်အားဖြင့် အာဒိကမ္မိက ဟု ရှပ်ပြီးသည်-ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၄။ ဘာဝတ္ထ။

† အထ ဝါ အာဒိမှိ ဘူတော အာဒိကော၊ ကမ္မေ အာဒိကော ကမ္မာဒိကောတိ ဝတ္တဗ္ဗေ ဟေဋ္ဌုပရိယာယေန အာဒိကမ္မိကောတိ ဝုတ္တန္တိ ဒဿေန္တော ယောတိ အာဒိမာဟ။ ၎င်း **မဟာဋီကာ**။

**မှတ်ချက်**။ ။ဆဝ်တဲဂဏ္ဌိ၌လည်း ဤနည်းတူပင် အာဘော်ဖော်သည်။

**ဝိဂ္ဂဟနှင့်ညာသ်ကောက်**

အာဒိမှိ၊ အစ၌။ ဘူတော၊ ဖြစ်သည်တည်း။ ကာလ+ကာလဝန္တစပ်။ ကမ္မေ အာဒိကော အာဒိကမ္မိကော။ ကမ္မေ၊ မေထုနပဋိသေဝန စသော အမှု၌။ အာဒိကော၊ အစ၌ဖြစ်သော သူတည်း။ ဌာနီ+ဌာန၊ ဂုဏ် ဂုဏီစပ်။

အာဒိကမ္မိကော၊ မေထုနပဋိသေဝန စသောအမှု၌ အစ၌ဖြစ်သော။

ဂ-ဝါကျဖြင့် အာဒိကမ္မိကအရ သုဒိန်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

---

သမုဋ္ဌာနဥ္စ ကိရိယာ၊ အထော သညာ သစိတ္တကံ။
လောကဝဇ္ဇဥ္စ ကမ္မဥ္စ၊ ကုသလံ ဝေဒနာယ ဝါတိ။ ဋ္ဌ။ ၂၃။

http://www.dhammadownload.com


## ☸နည်းနှင့်ဥပစာ

**ကိရိယာ**။ ။အစိတ်ဖြစ်သော ပြုခြင်း၏ ကိရိယာအမည်ကို အပေါင်းဖြစ်သော ကိရိယ, အကိရိယ, ကိရိယာကိရိယ၌တင်။ ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။

ကိရိယတည်းဟူသော အထင်ကို ဆိုသဖြင့် ကိရိယ, အကိရိယ စသည် အလုံးစုံကိုလည်းရသောကြောင့် နိဒဿနနည်း။

† ကိရိယာတိ အာဒိ နိဒဿနမတ္တံ။ အကိရိယာဒီနမ္ပိ သင်္ဂဟော။ **သာရတ္ထ**၊ ၂။ ၉၄၀။

**မှတ်ချက်**။ ဋီကာ-ကိရိယာဒိ-၌ အာဒိသဒ္ဒါဖြင့် အောက်ပါပုဒ်ကိုယူ၍ ကေဒေသူ၊ နိဒဿန တင်ရမည်။

**သညာ**။ ။သညာဝိမောက္ခ ဟူသော အထင်ကိုဆိုသဖြင့် သညာဝိမောက္ခ နေ၁သညာဝိမောက္ခ အလုံးစုံကိုယူ။

**သစိတ္တကံ**။ ။သစိတ္တကံ ဟူသော အထင်ကိုဆိုသဖြင့် သစိတ္တက, အစိတ္တက အလုံးစုံကိုယူ။

**ကမ္မ**။ ။ကံဟူသော အထင်ကိုဆိုသဖြင့် ကာယကမ္မ, ဝစီကမ္မ အလုံးစုံကိုယူ။

**ကုသလံ**။ ။ကုသိုလ်ဟူသော အထင်ကိုဆိုသဖြင့် ကုသိုလ်, အကုသိုလ်, အဗျာကတ အလုံးစုံကိုယူ။

**ဝေဒနာယ**။ ။ဝေဒနာ ဟူသော အထင်ကို ဆိုသဖြင့် တိဝေဒနာ, ဒွိဝေဒနာ, ဧကဝေဒနာ အလုံးစုံကိုယူ။

**ဆ သိက္ခာပဒသမုဋ္ဌာနာနိ**။ ။အကျိုးဖြစ်သော သိက္ခာပုဒ်၏ သိက္ခာပဒ ဟူသော အမည်ကို အကြောင်းဖြစ်သော အာပတ်၌ တင်စား၍ အကြောင်းဖြစ်သော အာပတ်ကို သိက္ခာပဒဟု ဆိုသောကြောင့် ဖလူပစာ။ အဝိနာဘာဝနည်း။ **သာရတ္ထ**၊ ၂။ ၉၅။

† ဖလဘူတသိက္ခာပဒဿ သိက္ခာပဒနာမံ ဟေတုဘူတ အာပတ္တိယာ ဥပစာရေတွာ ဟေတုဘူတအာပတ္တိ သိက္ခာပဒန္တိ ဖလူပစာ ရတ္တတော ဝေါဟာရိတံ ဟောတီတိ အဓိပ္ပာယော။ **ကင်္ခါယော**၊ **မဟာဋီ**၊ ၁။ ၃၀၄။

**အတ္ထိ သိက္ခာပဒံ ကုသလံ**။ ။အကြောင်းဖြစ်သော အာပတ္တိသမုဋ္ဌာပက ကုသိုလ်စိတ်၏ ကုသလံအမည်ကို အကျိုးဖြစ်သော သိက္ခာပုဒ်၌ တင်စား၍

http://www.dhammadownload.com

အကျိုးဖြစ်သော သိက္ခာပုဒ်ကို ကုသလ်-ဟု ဆိုသောကြောင့် ကာရဏူပစာ။ နာနန္တရိကနည်း။

မှတ်ချက်။ ။ဝိမတိ၌ အာဒိဖြင့် ဖွင့်သောကြောင့် အတ္ထိ အကုသလံ၊ အတ္ထိ အဗျာကတံတို့၌လည်း ကာရဏူပစာတင်။

† အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိအာဒိ အာပတ္တိသမုဋ္ဌာပကစိတ္တ ဝသေန ကာရိယေ ကာရဏောပစာရေန ဝုတ္တံ။ ဝိမတိ၊ ၁။ ၁၅၀။

---

(က) ဣမံ ပကိဏ္ဏကံ-လ-သမုဋ္ဌာတိ။ (ခ) ကိရိယသမုဋ္ဌာနဥ္စ။ (ဂ) ကရောန္တောယေဝ-လ-အာပဇ္ဇတိ။ (ဃ) မေထုနပဋိသံယုတ္တာ-လ-ဝိမောက္ခံ။ (င) အနာပတ္တိ-လ-ဝုတ္တံ။ ဋ္ဌ။ ၂၃၆။

## ဝါကျချဲ့နှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ယုတ္တိဒင္ဂီကရဏ။ ဝါ-ကာရဏ။ ထို-၍ ခ-ဝါကျကား ယုတ္တိဒင်္ဂီယ။ ဝါ-ဖလ။

ဃ-ဝါကျကား ပက္ခန္တရ၊ ထို-၍ က-ခ-ဂ—ဝါကျကား ပက္ခ။

င—ဝါကျကား အာဂမဒင်္ဂီကရဏ။ ထို-၍ ဃ-ဝါကျကာ အာဂမဒင်္ဂီယ။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ကာယစိတ္တတော သမုဋ္ဌာတိ-ဖြင့် ဒုကသမုဋ္ဌာန်၌ သမုဋ္ဌာန ပုဒ်ကို သမုဋ္ဌာတိ ဧတေနာတိ သမုဋ္ဌာန်-ဟု ကရဏသာဓန ဝစနတ္ထ ပြုရမည် ကိုလည်းကောင်း[၁]၊ ယုပစ္စည်း၏ကရဏသာဓန၌ သက်သည်-ကိုလည်းကောင်း[၂] ဒုကအရ ကာယစိတ္တကို ယူရမည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။ ၃။ အဘိဓေယျဋ္ဌ။

ဃ-ဝါကျ၌ ကာမ-လ-မုစ္စနတောဖြင့် ဝိမောက္ခပုဒ်ကို ဝိမုစ္စနံ ဝိမောက္ခော ဟု ဘာဝသာဓနဝစနတ္ထ ပြုရမည်—ကိုလည်းကောင်း[၁]၊ တ-ပစ္စည်း၏ ဘာဝ သာဓန၌ သက်သည်-ကိုလည်းကောင်း[၂]၊ ဝိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက-၏ အဖြစ်ကိုလည်းကောင်း[၃]၊ သညာနှင့် ဝိမောက္ခကို သညာယ အဘာဝေန ဝိမောက္ခော အသညတိ သညာဝိမောက္ခံ-ဟု မဇ္ဈေလောပီ တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်—ကိုလည်းကောင်း[၄] သညာအရ ကာမသညာကို ယူရမည်—ကိုလည်းကောင်း[၅] သိစေသည်။ သာရတ္ထ၊ ၂။ ၇၉။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။ ၃။ ဥပသဂ္ဂလိင်္ဂဋ္ဌ။
၄။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂဋ္ဌ။ ၅။ အဘိဓေယျဋ္ဌ။

http://www.dhammadownload.com

## နည်းနှင့်ဥပစာ

**ကိရိယသမုဋ္ဌာနဥ္စ။** ။ပြုလုပ်လွန်ကျူးခြင်းကြိယာ တည်းဟူသော ဌာနီဖြင့် ပုဂ္ဂိုလ်တည်းဟူသော ဌာနကိုမှတ်၍ ကြိယာတည်းဟူသော အမျိုးကို ဆိုသဖြင့် အကိရိယာ တည်းဟူသော အနည်းကိုလည်း ရသောကြောင့် ယေဘုယျနည်း။ သာရတ္ထ၊ ၂။ ၉၇။

အစိတ်ဖြစ်သော ပြုလုပ်လွန်ကျူးခြင်းကြိယာ၏ ကိရိယသမုဋ္ဌာနအမည်ကို အပေါင်းဖြစ်သော ပြုလုပ်လွန်ကျူးခြင်းကိရိယ၊ မိမိကိုယ်တိုင် မပြုလုပ် မလွန်ကျူးခြင်း အကိရိယ၌ တင်စား၍ အပေါင်းဖြစ်သော ကိရိယ အကိရိယကို ကိရိယသမုဋ္ဌာန်ဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။ ဥပလက္ခဏနည်း။

**မှတ်ချက်။** ။ဝိမတိ-၌ ဤ သာရတ္ထဝါဒကို ကန့်ကွက်ထားသည်။ အကျယ်ကို ဝိမတိ-၌ ကြည့်။

---

(က) မက္ကဋီ ဝဇ္ဇိပုတ္တာ စ-လ-ဣဒံ ကိံ။ (ခ) ဣမာ ဝိနီတ-ဝတ္ထူနိ-လ-ဥဒ္ဒါနဂါထာ။ (ဂ) တာနိ ဝတ္ထူနိ-လ-ဌပိတာနိ။ (ဃ) ဝတ္ထုဂါထာ ပန-လ-ဝိနိစ္ဆိနိတဗ္ဗံ။ (င) တသ္မာ ဧတ္ထ-လ-ဝိနိစ္ဆိနိတဗ္ဗံ။ ဌ။ ၂၃၆။

## ဝါကျခွဲနှင့် ကျမ်းတက်

က-ဝါကျ ပုစ္ဆာဝါကျ။ ခ-ဝါကျကား ဝိသဇ္ဇနာ။ ဂ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၏ ခ-ဝါကျကား အာရဒ္ဓ။ ဃ-ဝါကျကား ဝိသေသနဝါကျ။ ထို ၍ ဂ-ဝါကျကား သာမည။ င-ဝါကျကား လဒ္ဓဂုဏ။ ထို-၍ ဃ-ဝါကျကား လဒ္ဓဂုဏိယ၊ ဝါ- ကာရဏ။

---

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဝိနီတာနိ။** ။ဝိနီယန္တေ ဝိနိစ္ဆိယန္တေတိ ဝိနီတာနိ။ (ယာနိ ဝတ္ထူနိ၊ တို့ကို။ ဘဂဝတာ၊ သည်။ သယံ ဝိနီယန္တေ ဝိနိစ္ဆိယန္တေ၊ ဆုံးဖြတ်အပ်ကုန်၏။)

နီ ဓာတ်-ကား မြတ်စွာဘုရား၏သယံမ္ဘူဉာဏ်သည် မုချ။ (သယံ ဝိနီယန္တေကို ထောက်ပါ။) ကမ္မတ္ထ-ကား ထို-အားတပ်သော ထိုထိုအကြောင်းအရာဝတ္ထုတို့၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ တ-ကား ထို-ဖြင့် မှတ်အပ်သော ထိုထိုအကြောင်းအရာ ဝတ္ထုတို့ ရ၏။

**ဝိနီတဝတ္ထု။** ။ဝိနီတာနိ (မြတ်စွာ ဘုရားသည် သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင် ဆုံးဖြတ် အပ်ကုန်သော) ဝတ္ထူနိ (အကြောင်း အရာ တို့တည်း) ဝိနီတဝတ္ထူနိ-အကြောင်းအရာတို့။ ဂုဏ်ဂုဏောစပ်။

---

http://www.dhammadownload.com



## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

ခ-ဝ ါကျ၌ ဘဂဝတာ ဝိနိစ္ဆိတာနံ ဝတ္ထူနံ-ဖြင့် ဝိနီတပုဒ်၌ နိဓာတ်၏ ဆုံးဖြတ်ခြင်းအနက်ဟောသည်-ကိုလည်းကောင်း[၁]၊ ဝိ ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဝိနီတပုဒ်ကို ဝိနိယန္တေ ဝိနိစ္ဆိယန္တေတိ ဝိနီတာနိဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၃]၊ တ-ပစ္စည်း၏ ကမ္မသာဓန၌ သက်သည်ကို လည်းကောင်း[၄]၊ မြတ်စွာဘုရားကိုယ်တိုင် ဆုံးဖြတ်တော်မူသည်၏ အဖြစ်ကိုလည်းကောင်း[၅]၊ ဝိနီတာနိ ဝတ္ထူနိ ဝိနီတဝတ္ထူနိဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၆] သိစေသည်။

[၁]။ ဒုတိယခေတ္တဋ္ဌ။　[၂]။ ဥပသဂ္ဂလိင်္ဂဋ္ဌ၊　[၃]။ အဘိဓာနဋ္ဌ။
[၄]။ ဒုတိယပစ္စယဋ္ဌ၊　[၅]။ ဘာဝဋ္ဌ။　[၆]။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ။

ခ-ဝ ါကျ၌ သယံ-ဖြင့် ကိုယ်တော်တိုင် သယမ္ဘူဉာဏ်ဖြင့် ဆုံးဖြတ်သတည်း-ဟူသော အဓိပ္ပါယ်ကို လည်းကောင်း[၁]၊ တေသံ တေသံ-ဖြင့် ဝတ္ထုဟူသည် မက္ကဋီဝတ္ထု-လ-မိဂဝတ္ထု၊ ဤ အလုံးစုံသောဝတ္ထု ကိုယူရမည်ကိုလည်းကောင်း[၂] သိစေသည်။

[၁]။ ဘာဝဋ္ဌ။　[၂]။ ဘာဝဋ္ဌ။

---

## ❁ ပါဠိဝိနိစ္ဆယ

**ဥဒ္ဒါနဂါထာ။ ဥဒါနဂါထာ။** ။တံ တံ ဝတ္ထုံ ဥဒ္ဒရိတွာ ဒါနတော ဒဿနတော ဥဒ္ဒါနဘူတာ ဂါထာ ဥဒ္ဒါနဂါထာ ဟု ဝိမတိ (၁။ ၁၅၃) ၌ ဖွင့်သည်။ ဤဋီကာနှင့်အညီ တံ တံ ဝတ္ထုံ ဥဒ္ဒရိတွာ ဒါတိ ဒဿေတီတိ ဥဒ္ဒါနံ၊ ဥဒ္ဒါန ဘူတာ ဂါထာ ဥဒ္ဒါနဂါထာ ဟု ဝစနတ္ထ ပြုရသည်။ ယင်းဝစနတ္ထကို ထောက်၍လည်းကောင်း၊ ဥဒ္ဒေသပုဒ်ကဲ့သို့ ဥ-ဥပသာရပုဒ် နောက်၌ ဒ ဒွေဘော်လာသောကြောင့် လည်းကောင်း၊ ဥဒ္ဒါနဂါထာ ဟူသည် ဥဒ္ဒေသဂါထာ၊ သင်္ဂဟဂါထာ (သာရတ္ထ၊ ၂။ ၉၉) သာဖြစ်၍ ပီတိအဟုန်ကြောင့် ဖြစ်သော။ (ပီတိဝေဂသမုဋ္ဌိတ) ဥဒါနစကားမျိုး မဟုတ်သောကြောင့်လည်းကောင်း ဒ-ဒွေဘော်ရှိသော ဥဒ္ဒါနဂါထာပါဌ်သာ သင့်သည်။

**ဝတ္ထုဂါထာ။ ဝတ္ထုကထာ။** ။ဂန္ထေတီတိ ဂါထာ၊ ဝတ္ထူနံ ဂါထာ ဝတ္ထုဂါထာ-ဟု ဝစနတ္ထပြု၍ ပြီးသောကြောင့်လည်းကောင်း၊ ဝတ္ထုဂါထာ= မက္ကဋီစသော ဝတ္ထုတို့ကိုပြတတ်သော ပါဋ်တည်း။ အနက်ပေးက အတ္ထယုတ္တိရှိသောကြောင့်လည်းကောင်း၊တနည်း ဂါထာနံ ဝတ္ထု ဝတ္ထု ဂါထာဟု ဝစနတ္ထ ပြုရသောကြောင့်လည်းကောင်း၊ ဂါထာဝတ္ထု -ဟုဆိုလိုလျက် ဝဏ္ဏဝိပရိယာယ

http://www.dhammadownload.com



နိရုတ္တိနည်းအားဖြင့် ဝတ္ထုဂါထာ ဟု ရုပ်ပြီးသောကြောင့် လည်းကောင်း၊ မဏ္ဍုဒ္ဓီစသော ဂါထာတို့၏ အကြောင်းအရာဝတ္ထုတည်းဟု အနက်ပေးသင့်သောကြောင့်လည်းကောင်း ဝတ္ထုဂါထာပါဠိသာ သင့်သည်။

---

(က) ဂိဟိလိင်္ဂေနာတိ ဂိဟိဝေသေန ဩဒါတဝတ္ထော ဟုတွာ။ (ခ) ကုသစီရန္တိ ကုသေ ဂန္ထေတွာ ကတစီရံ။ (ဂ) ဝါကစီရံ နာမ တာပသာနံ ဝက္ကလံ။ (ဃ) ဖလကစီရံ နာမ-လ-ကတစီရံ။ (င) ကေသကမ္ဗလောတိ-လ-ကတကမ္ဗလော။ (စ) ဝါကကမ္ဗလောတိ-လ-ကတကမ္ဗလော။ (ဆ) ဉလူကပက္ခိကန္တိ-လ-ကတနိဝါသနံ။ (ဇ) အဇိနက္ခိပန္တိ-လ-အဇိနမိဂစမ္မံ။ ဋ္ဌ။ ၂၃၇။

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဂိဟိဝေသေန ဖြင့် လိင်္ဂသဒ္ဒါသည် သဒ္ဒလိင်,သဒ္ဒပဝတ္တိနိမိတ်, အင်္ဂါဇာတ်, မှတ်ကြောင်းလက္ခဏာ အနက်တို့ကိုမဟော၊ အသွင်သဏ္ဌာန်အနက်ကို ဟောသတည်းဟု သိစေသည်။ နာမလိင်္ဂတ္ထ။ (အဓိပ္ပေတတ္ထ ဖော်လေဦး။)

### လိင်္ဂသဒ္ဒါ၏ အတ္ထုဒ္ဓါရ

သဒ္ဒေ စ တံနိမိတ္တေ စ၊ ကာဠကောဠစိကာယ စ။
လက္ခဏေ စေဝ အာကာရေ၊ လိင်္ဂသဒ္ဒေါ ပဝတ္တတိ။
နီတိ၊ ဓာ။ ၂၈၆။
လိင်္ဂေ တု အင်္ဂဇာတသ္မိံ၊ ပုမတ္တာဒိမ္ဟိ လက္ခဏေ။
ဓာန်။ ၉၁၀။

က-ဝါကျ၌ ဩဒါတဝတ္ထော ဟုတွာ-ဖြင့် ဂိဟိလိင်္ဂေန (ဝါ)ဂိဟိဝေသေန၌ နာဝိဘတ်သည် ကရိုဏ်းအနက်၌မသက်၊ ဝိသေသန အနက်၌သက်သည်-ကို လည်းကောင်း[၁]၊ ဂိဟိလိင်္ဂေန ပုဒ်ကို ပဋိသေဓိဒ္ဓိ ဝိသေသန စပ်ရမည်-ကို လည်းကောင်း[၂]၊ လူ့အသွင်သဏ္ဌာန်ဖြင့် မှိုဝံ၏ဟူသည် အဝတ်ဖြူဝတ်၍ မှိုဝံ သတည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဝိဘတျတ္ထ။ ၂။ သမ္ဗန္ဓ။ ၃။ ဘာဝတ္ထ။

**ဩဒါတဝတ္ထော။** ။အံ စိတ် ဖြစ်သော အဝတ်ဖြူ၏ ဩဒါတဝတ္ထ အမည်ကို အပေါင်းဖြစ်သော လူအဝတ်ဟူသမျှ၌ တင်။ ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ ဥပလက္ခဏ။

http://www.dhammadownload.com



ခ-ဝါကျဖြင့် ကုသေ ဂန္ထေတွာ စီရံ၊ ဝါ-ကုသေန ကတံ စီဝရံ ဟူသော မဇ္ဈေလောပီတပ္ပုရိသ် ပြသည်။ သံဝဏ္ဏနာလွယ်ပြီ။

ဂ-ဝါကျဖြင့် ဝါကစီရဟူသည် ရသေ့တို့၏ လျှော်တေသက်နီးတည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျဖြင့် ဖလကာနိ သိဗ္ဗိတွာ ကတံ စီရံ၊ ဝါ-ဖလကာဟိ ကတံ စီရံ ဖလကစီရံ ဟူသော တပ္ပုရိသ်ကိုပြသည်။

င-ဝါကျဖြင့် ကေသေဟိ ကတော ကမ္ဗလော ကေသကမ္ဗလော ဟူသော တပ္ပုရိသ်ကိုပြသည်။

စ-ဝါကျဖြင့် ဥလူကသဒ္ဒါ ခင်ပုတ်ငှက် ဟောသည်-ကိုလည်းကောင်း[1]၊ ဥလူကနှင့် ပက္ခကို ဥလူကဿ ပက္ခော ဥလူကပက္ခော ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[2]၊ ဥလူကပက္ခေဟိ ကတံ ဥလူကပက္ခိကံ ဟု ကတာတဒ္ဓိတ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[3]၊ ဣကပစ္စည်း၏ ကတာ-တဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[4]၊ ဥလူကပက္ခိကအရ နိဝါသန=အဝတ် အထည်ကိုယူရမည်-ကိုလည်းကောင်း[5] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။
၃။ အဘိဓာနတ္ထ။ ၄။ ပစ္စယတ္ထ၊ ၅။ အဘိဓေယျတ္ထ။

ဆ-ဝါကျဖြင့် အဇိနပက္ခိအရ အမွေး ခွာနှင့် တကွသော သစ်နက်ရေကို ယူရမည်-ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

---

(က) ဥပ္ပလဝဏ္ဏာတိ-လ-သမ္ဗန္ဓော။ (ခ) တဿာ ပကတိယာပိ-လ-ကာယစ္ဆဝိ။ (ဂ) အဗ္ဘန္တရေ ပန-လ-ဝိရောစတိ။ (ဃ) သာ တာ-ယေဝ-လ-နာမံ လဘိ။ ဋ္ဌ။ ၂၃၇။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၌ က-ဝါကား အာရဒ္ဓ။

ဂ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၌ ခ-ဝါကျကား အာရဒ္ဓ။

ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၌ က-ဝါကျကား အာရဒ္ဓ။

ဤသို့ (က) ဝါကျဖြင့် ဥပ္ပလဝဏ္ဏာဟူသည်-လ-ပြည့်စုံသောထေရီတည်း ဟု (က-ဝါကျဘာသာပြန်) ဥပ္ပလဝဏ္ဏာသဒ္ဒါ၏ အဘိဓေယျတ္ထကို ပြတော်မူပြီး၍ ယခုအခါ၌ ဥပ္ပလဝဏ္ဏာသဒ္ဒါ၏ နာမလာဘဟေတု, ဗျုပ္ပတ္တိနိမိတ္တ, သကတ္ထ, ဝစနဟေတု-ကို ပြခြင်းငှာ ဃ-ဝါကျမိန့်။ (မူလ-က-ဝါကျကို ပုဗ္ဗာနုသန္ဓေ ထားသည်။)

http://www.dhammadownload.com



## ❁ ဝိဂ္ဂဟ်နှင့် ညှည်ကောက်

**ဝဏ္ဏပေါက္ခရတာ**။ ။ပေါက္ခရဿ (ကောင်းသည်၏) ဘာဝေါ ပေါက္ခ-ရတာ။ ဝဏ္ဏဿ (အဆင်း၏) ပေါက္ခရတာ (ကောင်းသည်၏အဖြစ်) ဝဏ္ဏ-ပေါက္ခရတာ။ **သာရတ္ထ၊ ၂။ ၁၀၀-ပထမနည်း**။ ပေါက္ခရသဒ္ဒါ သုန္ဒရ အနက်ဟော။

ဝဏ္ဏပေါက္ခရတာယ၊အဆင်း၏ကောင်းသည်၏ အဖြစ်ကြောင့်။ (သဒ္ဒတ္ထ။) အဆင်းနှင့်ပြည့်စုံခြင်းကြောင့်။ (အဓိပ္ပာယတ္ထ။)

ယင်း ဝဏ္ဏ လ-တာယ-ဖြင့် ဥပ္ပလဝဏ္ဏာဟူသည် အဆင်း၏ ကောင်းသည်၏ အဖြစ်ကြောင့် ဥပ္ပလဝဏ္ဏာ မည်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

† ပေါက္ခရံ ပဒုမေ ဒေဟေ၊ ဝဇ္ဇဗန္ဓမုခေ ပိ စ။

သုန္ဒရတ္တေ စ သလိလေ၊ မာတင်္ဂကရကောဋိယံ။ **ဓာန်**။ ၀၂၇။

**တနည်း**။ ။ဝဏ္ဏော စ ပေါက္ခရဉ္စ ဝဏ္ဏပေါက္ခရာနိ။ ဝဏ္ဏပေါက္ခရာနံ ဘာဝေါ ဝဏ္ဏပေါက္ခရတာ။ ဝဏ္ဏနှင့်ပေါက္ခရ ဒွန်တွဲ။ ပေါက္ခရသဒ္ဒါ ဒေဟ=ကိုယ်ခန္ဓာဟော။ **သာရတ္ထ။ ဒုတိယနည်း**။

ဝဏ္ဏပေါက္ခရတာယ၊ အဆင်းကိုယ်တို့၏ အဖြစ်ကြောင့်။ သဒ္ဒတ္ထ။ စင်ကြယ်သော အဆင်းနှင့် ကိုယ်သဏ္ဌာန်၏ ပြည့်စုံခြင်းကြောင့်။ အဓိပ္ပာယတ္ထ။ ဤသာရတ္ထ ဒုတိယ အဓိပ္ပာယ်ဖွင့်ကား မဖြောင့်လှ။

**တနည်း**။ ။ဝဏ္ဏသမ္ပန္နံ ပေါက္ခရံ ဝဏ္ဏပေါက္ခရံ။ သမ္ပန္န-နောက်ပုဒ်ကျေ။ ဝဏ္ဏပေါက္ခရဿ ဘာဝေါ ဝဏ္ဏပေါက္ခရတာ။

ဝဏ္ဏပေါက္ခရတာယ၊ အဆင်းနှင့် ပြည့်စုံသော ကိုယ်၏ အဖြစ်ကြောင့်။

### ဝိမတိဝိနောဒ

ဝဏ္ဏပေါက္ခရတာယ၊အဆင်း၏-ပြည့်စုံ-ကောင်း--သည်၏ အဖြစ်ကြောင့်။ ပေါက္ခရကား ပေါက္ခလမှ ပြောင်းလာသောပုဒ်။ သမိဒ္ဓိ-ပြည့်စုံခြင်း။ သုန္ဒရ၊ ကောင်းခြင်းအနက်ကို ဟောသည်။ **ဝိမတိ၊ ၁။ ၁၅၄**။ ပေါက္ခလ ဟူလို လျက် လ-ကို ရ-ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် ပေါက္ခရ ဟု ပြီးသည်။

### မအူနီသျှအဆို

**ဝဏ္ဏပေါက္ခရတာ**။ ။ပေါက္ခရဿ (ဥပ္ပလဿ၊ ကြာ၏။) ဝဏ္ဏော ဝဏ္ဏ-ပေါက္ခရော။ ဝိသေသန ပရနိပါတ။ ဝဏ္ဏပေါက္ခရော ဝိယ ဝဏ္ဏော ယဿာ သာ ဝဏ္ဏပေါက္ခရာ။ ဝဏ္ဏပေါက္ခရာယ ဘာဝေါ ဝဏ္ဏပေါက္ခရတာ။

ဝဏ္ဏပေါက္ခရတာယ၊ ကြာ၏အဆင်းကဲ့သို့ အဆင်းရှိသည်၏အဖြစ်ကြောင့်။

http://www.dhammadownload.com


မအူနိသျ အလိုအာဘော်

ဝဏ္ဏပေါက္ခရတာယ-ဖြင့် ဥပ္ပလဝဏ္ဏာပုဒ်ကို ဥပ္ပလဿ ဝဏ္ဏော ဥပ္ပလဝဏ္ဏော (အစိတ်)။ ဥပ္ပလဝဏ္ဏော ဝိယ ဝဏ္ဏော ယဿ သာ ဥပ္ပလဝဏ္ဏာ-ဟု ဥပမာ ပုဗ္ဗပဒဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည် ဟု သိစေသည်။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

## နည်းနှင့် ဥပစာ

**ပေါက္ခရ**။ ။အပေါင်း ပဒုမစသော ဇ-နက်၏ ပေါက္ခရအမည်ကို အစိတ် သုန္ဒရ(ဒေဟ)အနက်၌တင်လေ။ ကေဒေသျူပစာ။ ဝါ-သမုဒါယူပစာ။

**ဥပ္ပလဝဏ္ဏာ**။ ။အပေါင်း ကြာမှန်သမျှ၏ ဥပ္ပလအမည်ကို အစိတ် ကြာညိုဌ တင်။

**မှတ်ချက်**။ ။ဥပ္ပလဝဏ္ဏာပုဒ်ကို နီလုပ္ပလဝဏ္ဏာ-ဟု အဘိဓေယျတ္ထကို ဖွင့်ပြသဖြင့် ဥပ္ပလအရ ကြာမှန်သမျှမရတော့ဘဲ ကြာညိုသာရသည်။

(က) အထခေါ်တိ အနန္တရတ္ထေ နိပါတော။ (ခ) မဇ္ဈေ-လ-ဝုတ္တံ ဟောတိ။ (ဂ) ဒိဝါ ဗာဟိရတော-လ-အန္ဓကာရံ ဟောတိ။ (ဃ) သော ယဿ-လ-အတ္ထော။ (င) ဒူသေသီတိ ပစံသေသိ။ ဋ္ဌ။ ၂၃၇။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရ။ ထို-၍ က-ဝါကျကား သခေ်ပ။

ဂ-ဃ-ဝါကျကား တပ္ပါကဋီကရဏ။ ထို-၍ က-ခ-ဝါကျကား တပ္ပါကဋီကရဏီယ၊ ဝါ-အပါကဋဝါကျ။

ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓ။

င-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ သံဝဏ္ဏနာဖြင့် အထ ခေါ် သဒ္ဒါ၏ နိပါတ်ပုဒ်၏ အဖြစ်ကို လည်းကောင်း ၊ ယင်း၏ အနန္တရအနက်ကိုဟောသည် — ကိုလည်းကောင်း သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

င-ဝါကျ၌ ပစံသေသိ-ဖြင့် ဒူသေသိ-၌ ဒုသဓာတ်သည် မုန်းခြင်း, ရှုခြင်း အနက်ကိုမဟော။ ဖျက်ဆီးခြင်း (ဝိကတ) အနက်ကို ဟောသတည်းဟု သိစေ သည်။ (ဓာတွတ္ထ။)

http://www.dhammadownload.com


မှတ်ချက်။ ဒုသဓာတ်သည် ဒိဝါဒိဖြစ်လျှင် အပ္ပီတိ, ဝိကတော=မုန်းခြင်း, ဖောက်ပြန်ပျက်စီးခြင်း၊ ဝါ-ဖျက်ဆီးခြင်းအနက်ကို ဟော၍ ဘူဝါဒိဖြစ်လျှင် ပေက္ခနေ-ရှုခြင်းအနက်၌ ဖြစ်သည်။

---

## ပါဠိဝိနိစ္ဆယ

မဥ္စကေ။ မဥ္စကေ။ ။မစိဓာတ်+အ-ပစ္စည်း+သွတ္ထ က-ပစ္စည်းဖြင့် ပြီးသောကြောင့် မဥ္စကေ ပါဌ် သင့်သည်။

**အန္ဓကာရံ။ အန္ဓကာရော။** ။အန္ဓကာရံ ပုဒ်ကို ဟောတိမှာ ကတ္တားစပ်ရသည်။ အန္ဓကာရပုဒ်သည် အန္ဓကာရော တမော နိတ္ထီ-ဟူသော ဓာန်နှင့်အညီ ပုလ္လိင်နပုလ္လိင် နှစ်မျိုးဖြစ်၏။ ထိုကြောင့် အန္ဓကာရံ, အန္ဓကာရော-ဟု ပထမာဝိဘတ်ဖြင့် ရုပ် ၂-မျိုးပင် ရှိနိုင်သည်။

**ဒူသေသိ။ ဒုသေသိ။** ။ဒုသဓာတ်+ဏေပစ္စည်း+တိဝိဘတ်။ ဂုဟဒုသာနံ ဒီဃံ-ဖြင့် ဥ-ကို ဦပြု၍ပြီးသောကြောင့် ဒူသေသိ-ပါဌ်သာ သင့်သည်။

**မံသေသိ။ ပဒံသေသိ။** ။ခံသု ဂတိယံ ခံသတိ-ဟု နီတိ၊ ဓာ။ (၁၈၃)၌ လာသည်။ ပ ရှေ့ရှိသော ခံသ ဓာတ်သာ ဖျက်ဆီးခြင်းအနက်ကို ဟောနိုင်သည်။ ဓံသကား ခဲစားခြင်းအနက်ကို ဟောသဖြင့် ဤ၌မလိုအပ်၊ ထိုကြောင့် ပဓံသေသိ-ပါဌ်သာ သင့်သည်။

**အထခေါ။** ။အပေါင်းဖြစ်သော ပစ္ဆာအနက်, အနန္တရအနက်တို့၏ အထ ခေါ အမည်ကို အစိတ်ဖြစ်သော အနန္တရအနက်၌ တင်။ ကေဒေသျူပစာ ဝါ-သမုဒါယူပစာ။

**လိမ္ပတိ။ လိပ္ပတိ။** ။လိပိဓာတ်+ဒိဝါဒိ ယ-ပစ္စည်း+တိဝိဘတ်ဖြင့် လိပ္ပတိ ဟုပြီးသည်။ လိပဓာတ်+အပစ္စည်း+တိဝိဘတ်ဖြင့် လိမ္ပတိ ဟု ရုပ်ပြီးသည်။ ယင်း လိမ္ပတိ,လိပ္ပတိ နှစ်မျိုးလုံးပင်ကပ်ငြိခြင်းအနက်ကို ဟောနိုင်သောကြောင့် န လိမ္ပတီတိ န အလ္လီယတိ ဟု ဖွင့်သော ဋီကာများနှင့်ညီသည်။ သို့ဖြစ်၍ ၂-ပါဌ်သင့်။

---

(က) ဇာတ္တိလိင်ိ ပါတုဘူတန္တိ - လ - ဇာတ္တိသဏ္ဌာနံ ဥပ္ပန္နံ။ (ခ) တမေဝ ဥပဏ္ဍံ-လ-အနုဇာနာမိ။ (ဂ) ပုန ဥပဏ္ဍာ—လ—တိ အတ္ထော။ ဋ္ဌ။ ၂၃၈။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

ဥပဏ္ဍာ။ ။တိတ္တေသိတံ ဥပဋ္ဌပေတွာ ဈာယတီတိ ဥပဏ္ဍာ။ (ယော ပုဂ္ဂလဝိသေသော၊ သည်။ သ်ဿာ၊ ၏။ ဟိတေသိတံ၊ အကျိုးစီးပွားကို

http://www.dhammadownload.com


ရှာမှီးလေ့ရှိသည်၏ အဖြစ်ကို။ ဥပဠ္ဌပေတွာ၊ ရှေးရှုထင်စေ၍။ ဈာယတိ၊ ကြံစည်တတ်၏။ ဣတိ သော ဥပဇ္ဈာ။) ကဏ္ဍသာဓန။ ဥပပုဗ္ဗ+ဈေဓာတ်+ အ-ပစ္စည်း + အာပစ္စည်း။ တပည့်၏ အကျိုးစီးပွားကို ရှာမှီးလေ့ရှိခြင်းကို ရှေးရှုထင်စေ၍ ကြံစည်တတ်သော ဆရာ၏ သမ္ဗာသကံပ္ပ ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည်—ဈေဓာတ်အရတည်း။ ကြွင်းလွယ်ပြီ။

## ဥပဇ္ဈာသဒ္ဒါမှတ်ဖွယ်

ဥပဇ္ဈာသဒ္ဒါကား ဥပပုဗ္ဗ ဈေဓာတ်+အပစ္စည်း-ထိ၌ အာပစ္စည်းဖြင့် ပြီးသော ကိတ်နာမ်ပုဒ်။ ဂူတ္တိလိင် ကညာဒိဂိုဏ်း၊ အာကာရန္တ။ ရှူ။ ၅၉၉။ မှတ်ချက်။ ။ဝိမတိ၊ ၂။ ၃၃၂။ ပါစိတ်၊ ယော။ ၂၇၇။ နီတိ၊ သုတ္တ။ ၁၁၄၀-တို့၌ အမျိုးမျိုး ဖွင့်ကြသေးသည်။ ရှုလေတော့။

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဂူတ္တိသဏ္ဌာန်-ဖြင့် လိင်သဒ္ဒါသည်-လ-မဟော၊ အသွင် သဏ္ဌာန်အနက်ကို ဟောသတည်းဟု သိစေသည်၊ (နာမလိင်ဋ္ဌ။) အဓိပ္ပေါတ္တ ဖော်လေဦး။

မှတ်ချက်။ ။ဋ္ဌ။ ၂၃၇။ ဂိဟိလိင်ေ အဖွင့်ကြည့်။

က-ဝါကျ၌ ဥပ္ပန္နံ-ဖြင့် ပါတုဘူတ်၌ ဘူဓာတ်သည် ပတ္တိ=ရောက်ခြင်း၊ အနုကမ္မ=အစဉ်သနားခြင်း အနက်တို့ကိုမဟော၊ သတ္တာ=ထင်ရှားခြင်း၊ ဝါ-ဖြစ်ခြင်းအနက်ကို ဟောသတည်း—ဟု သိစေသည်။ (ဒုတိယဓာတွတ္ထ။)

မှတ်ချက်။ ။ဘူ သတ္တာယံ(ဘဝတိ) ဘူ ပတ္တိယံ (ဂူတ္တိဘူတော ပတ္တော) ဘူ အဝကမ္ပနေ (ဘာဝေတီတိ အနုကမ္ပတိ၊ နီတိ၊ ဓာ။ ၃၃၀။) ဤသို့ ဓာတ်များကို ရှု၍ ဗျ+နွအာဘော် ဖော်ရသည်။

ခ-ဝါကျ ပုဗ္ဗေ ဂဟိတဥပဇ္ဈာယမေဝ-၌ ဥပဇ္ဈာယ-ဖြင့် တမေဝ ဥပဇ္ဈံ၌ ဥပဇ္ဈံသဒ္ဒါသည် ဥပဇ္ဈာယ်ဟော ဥပဇ္ဈာယ သဒ္ဒါ၏ ဝေဝုစ် စကားလှယ် ပရိယာယ်တည်းဟု သိစေသည်။ (အဘိဓေယျတ္ထ။)

## ❁ နည်းနှင့် ဥပစာ

ပုရိသသဏ္ဌာနံ။ ။အကျိုးဖြစ်သောမုတ်ဆိတ်ကျင်စွယ်စသော့ယောကျ်ား အသွင်သဏ္ဌာန်၏ ပုရိသသဏ္ဌာန အမည်ကို အကြောင်းဖြစ်သော ပုမ္ဘော၊ ပုရိသဘာဝ၊ ပုရိသိန္ဒြေ၌ တင်စား၍ အကြောင်း ဖြစ်သော ပုမ္ဘော၊ ပုရိသဘာဝ၊ ပုရိသိန္ဒြေကို ပုရိသသဏ္ဌာနံ ဟု ဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။) သာရတ္ထ၊ ၂။ ၁၀၁။

http://www.dhammadownload.com


မှတ်ချက်။ ။ဠတ္တိလိင်္ဂ ပါတ္ထုဘုတံ၊ ဠတ္ထိသဏ္ဍာန် ဥပမာ-တို့၌လည်း ဤနည်းတူ ဥပစာတင်။

## ပါဠိဝိနိစ္ဆယ

ဓါဠိကာ၊ ဒါဠိကာ။ ။ဥတ္တရောဠ္ဌသာ (အထက်နှုတ်ခမ်း၏) ဥဘောသု ပဿေသု ဒါဠာကာရေန ဇာတာတိ ဒါဠိကာ-ဟု သီ၊ ဋီ၊ သစ်၊ ၂။ ၂၆၀-၌ ဖွင့်သည်။ ဤအဖွင့်နှင့် အညီ ဒါဠာ ဝိယ ဇာတာ ဒါဠိကာ ဟု ဝိဂ္ဂဟပြု။ ဒါဠာပုဒ်+ဣက-ပစ္စည်းဖြင့် ပြီးသည်။ ထိုကြောင့် ဒါဠိကာဟု သံယုတ်မဲ့ပါဌ်သာ သင့်သည်။

## နည်းနှင့် ဥပစာ

ပုရိသလိင်္ဂံ ဥတ္တမံ။ ။အကျိုးဖြစ်သော ယောကျ်ား အသွင်သဏ္ဍာန်၏ ပုရိသလိင်္ဂ ဟူသော အမည်ကို အကြောင်းဖြစ်သော ပုရိသိန္ဒြေ၌ တင်။ ဖလူပစာ။ အဝိနာဘာဝနည်း။

မှတ်ချက်။ ။ပုရိသသဏ္ဍာနနှင့် တူသည်။ သို့သော် သာရတ္ထ၊ ၂။၁၀၁-ဤပုရိသလိင်္ဂံပုဒ်အဖွင့်၌ တံနိဿယသာ လိင်္ဂဿဟု လိင်္ဂကို နိဿယ (ဌာန) ဟု ဆိုသည်။ သို့ဆိုလျှင် ပုရိသိန္ဒြေကား နိဿိတ(ဌာနီ)ဟု ဆိုရာရောက်သည်။ ထိုကြောင့် အောက်ပါအတိုင်း ဌာနူပစာတင်ရသည်။ ဣတ္ထိလိင်္ဂ-၌လည်း ဤနည်း အတိုင်းပင်။

တနည်း။ ။ဌာနဖြစ်သော အသွင်သဏ္ဍာန် ဟူသော လိင်္ဂ၏ ပုရိသလိင်္ဂ ဟူသော အမည်ကို ဌာနီဖြစ်သော ပုရိသိန္ဒြေ၌ တင်လေ။ ဌာနူပစာ။ နာနန္တရိကနည်း။

(က) လမ္ဗိဝတ္ထုမှိ တဿ—လ—တသ္မာ လမ္ဗီတိ ဝုတ္တော။
(ခ) လေပစိတ္တံ နာမ စိတ္တကမ္မရူပံ။ (ဂ) ဒါရုဓိတလိကာ နာမ ကဋ္ဌရူပံ။ ဋ္ဌ။ ၂၄၁။

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ လမ္ဗတိ-ဖြင့် လမ္ဗပုဒ်ကို လမ္ဗတီတိ လမ္ဗီဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ အ-ပစ္စည်း၏ကတ္တုသာဓနေ၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယာပစ္စယတ္ထ။

က-ဝါကျ၌ ဒီဃံ-ဖြင့် လမ္ဗ=တွဲလျားကျ၏ဟူသည် ရှည်ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com


က–ဝါကျ၌ အင်္ဂဇာတ်-ဖြင့် လမ္ဗပုဒ်ကို လမ္ဗတီတိ လမ္ဗံ ဟု ဝစနတ္ထပြု၍ လမ္ဗအရ အင်္ဂါဇာတ်ကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

က–ဝါကျ၌ တဿ ဘိက္ခုနော လ-ဝုတ္တော-ဖြင့် လမ္ဗံပုဒ်ကို လမ္ဗံ (ဒီဃံ အင်္ဂမ္ဗဇာတံ) အဿ အတ္ထီတိ လမ္ဗီဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်-ကို လည်းကောင်း၊ ဤပစ္စည်း၏ အဿတ္ထိအနက်၌ သက်သည်-ကိုလည်းကောင်း သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပဒွယတ္ထ။

ခ–ဝါကျ၌ စိတ္တကမ္မရူပံ-ဖြင့် လေပစိတ္တဟူသည် ပန်းချီဆေးရေးရုပ်တည်း ဟု သိစေသည်။ (ဘာဝတ္ထ၊ ဝါ-အဘိဓေယျတ္ထ။)

**မှတ်ချက်။** ။လေပဥ္စ၊ ဆေးဖြင့်ရေးအပ်သည်လည်း။ ဟောတိ၊ ဟုတ်၏။ တံ၊ ဟူသည်။ စိတ္တဉ္စ၊ ပန်းချီကားသည်လည်း။ ဟောတိ၊ ၏။ လေပ–စိတ္တံ=ဆေးဖြင့်ရေးအပ်သော ပန်းချီကား။

ဂ–ဝါကျ၌ ကဋ္ဌရူပံ-ဖြင့် ဒါရုဓီတလိကာဟူသည် သစ်သားမိန်းမရုပ်တည်း ဟု သိစေသည်။ (ဘာဝတ္ထ၊ ဝါ-အဘိဓေယျတ္ထ။)

**ဒါရုဓီတလိကာ။** ။ဒါရု ဧဝ ဓီတာ ဒါရုဓီတာ။ ဒါရုဓီတာ ဧဝ ဒါရု-ဓီတလိကာ။ ယဒနုပပန္နာတိသုတ္တေန လိကပစ္စယော၊(ပါရာ။ ယော။)

နီတိ၊ သုတ္တ-အလို ဓီတာ ဣဝ ဓီတလိကာ ဟု ဥပမာတဒ္ဓိတ်ဝစနတ္ထပြု။ ဓီတုပုဒ် လိကပစ္စည်း။ ဓီတာ ဣဝ၊ သမီးကဲ့သို့ (သမီးငယ်အရွယ်) ကစားဖွယ် ရာ အရုပ်ကလေးတည်း ဟု အနက်ပေး။

### နည်းနှင့်ဥပစာ

**လေပစိတ္တ။ ဒါရုဓီတလိကာ။** ။အစိတ်ဖြစ်သော ပန်းချီကားရုပ်၊ သစ်သား ပန်းပုရုပ်တို့၏ လေပစိတ္တ, ဒါရုဓီတလိကာ အမည်ကို အပေါင်းဖြစ်သော အနုပါဒိန္နက ဣတ္ထိရုပ်၌ တင်လေ။ ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။ (ဥပ လက္ခဏနည်း။)

(က) ဥပဟတိန္ဒြိယော-လ-ပသာဒေါ။ (ခ) ခါဏုကဏ္ဍကမိဝ -လ-န ဝေဒယတိ။ (ဂ) အဝေဒယန္တဿ-လ-အာပတ္တိ။ ဌ။ ၂၄၃။

### ဝါကျခွဲနှင့် ကျမ်းတက်

ခ–ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ က–ဝါကျကား အာရဗ္ဘ။

ဂ–ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ ခ–ဝါကျကား ပက္ခ။

http://www.dhammadownload.com


## ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

ဥပဟတံ။ ။ဥပဟညတေတိ ဥပဟတံ။ (ယံ ဣန္ဒြိယံ၊ ကို။ ဝါတပိတ္တာဒိဒေါသေဟိ။ လေ, သည်းခြေ စသော အပြစ်ဒေါသတို့သည်။ ဥပဟညတေ ဒူသီယတေ၊ သတ်အပ် နှောက်ယှက်အပ်၏။ ဣတိ တံ ဥပဟတံ။

**ဥပဟတိန္ဒြိယော။** ။ဥပဟတံ ဣန္ဒြိယံ ဧတဿာတိ ဥပဟတိန္ဒြိယော။ ဧတဿ ဘိက္ခုနော၊ အား။ ဝါ-၏။ ဥပဟတံ၊ လေ သည်းခြေတို့သည်-သတ်အပ်-နှောက်ယှက်အပ်သော။ ဣန္ဒြိယံ၊ သည်။ အတ္ထိ ဣတိ သော ဥပဟတိန္ဒြိယော။ (ဌာနီ ဌာန၊ အဘေဒ ဘေဒစပ်။)

**မှတ်ချက်။** ။ဥပဟတကာယပ္ပသာဒ=ကာယပ္ပသာဒ (ကာယိန္ဒြေ) ပျက်သည်ဟု ဆိုရာ၌ ကာယပ္ပသာဒ လုံးဝပျက်ခြင်း (ဝိနဋ္ဌ)ကား မဟုတ်။ ကာယပ္ပသာဒကို လေ, သည်းခြေတို့က နှောက်ယှက်သဖြင့် သစ်ငုတ်လို့, ဆူးလို ကာယဝိညာဉ်မဖြစ်ခြင်းကို ဥပဟတကာယပ္ပသာဒ-ဟု ဆိုသည်။ ဒူသိတ=လေ, သည်းခြေ စသည်တို့ အနှောက်အယှက်ခံရသော ကာယပ္ပသာဒ=ကာယိန္ဒြေ ဟု ဆိုလိုသည်။ သာရတ္ထ၊ ၂။ ၁၀၇။ **ဝိမတိ၊** ၁။ ၁၆၀။

---

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် ဥပဟတိန္ဒြိယော—၌ ဣန္ဒြိယအရ ကာယပ္ပသာဒ—(ကာယိန္ဒြေ) ကို ယူရမည်။ ကြွင်းသော ဣန္ဒြေတို့ကို မယူရဟု သိစေလည်း။

ဂ-ဝါကျဖြင့် အခင်းနီးအပ်သော (အဝတ်ရစ်ပတ် ဖုံးလွှမ်းအပ်သော) နိမိတ်ဖြင့် မေထုနပဋိသေဝန ပြုသောရဟန်းအား သက်ရှိအတွေ့(ဥပါဒိန္နဖဿ)ကို မခံစားရစေကာမူ မှိဝဲလိုစိတ် (သေဝနစိတ္တ)ကြောင့် ပါရာဇိကအာပတ်သင့်သကဲ့သို့ ဤနည်းတူပင် လေ, သည်းခြေစသည် အနှောက်အယှက်အဖျက်ဆီးခံရသော ကာယပ္ပသာဒရှိသောကြောင့် သက်ရှိအတွေ့ကို မခံစားရစေကာမူ မှိဝဲလိုစိတ်ကြောင့် ပါရာဇိကကျ၏ဟု သိစေသည်။ (ဘဝတ္တ။) သာရတ္ထ၊ ၂။ ၁၀၇။

---

## ❁ ပါဠိဝိနိစ္ဆယ

**ကဏ္ဍုက။ ကဏ္ဍူက။** ။ကဍိဓာတ်+ဏွုပစ္စည်း။ ဗိန္ဒုလာ၍ ကဏ္ဍုက ဟု ပြီးသည်။ ကဏ္ဍုတီတိ ကဏ္ဍုကော ဟု ဝိဂ္ဂဟပြု။ ကဏ္ဍုတိ၊ စူးဝင်တတ်၏ ဟု အနက်ပေး။ ဤအလို ကဏ္ဍုက သင့်သည်။

ကဏ္ဍူက ဟုရှိလျှင် ကဍိဓာတ်+ဏွုပစ္စည်း။ ကဍိတဗ္ဗော ဆန္ဒိတဗ္ဗောတိ ကဏ္ဍူကော-ဟု ဝိဂ္ဂဟပြု။ ဤအလို ကဏ္ဍူက သင့်သည်။ (တိပိဋက။ ခန်၊ အတွဲ။ ၅။ ကြည့်။)

http://www.dhammadownload.com


## နည်းနှင့်ဥပစာ

ဥပဟတကာယပ္ပသာဒေါ။ ။အပေါင်းဖြစ်သော ဒူသိတကာယပ္ပသာဒ, ဝိနဋ္ဌကာယပ္ပသာဒတို့၏ ဥပဟတကာယပ္ပသာဒအမည်ကို အစိတ်ဖြစ်သော ဒူသိတကာယပ္ပသာဒ၌ တင်စား၍ အစိတ်ဖြစ်သော ဒူသိတကာယပ္ပသာဒကို ဥပဟတကာယပ္ပသာဒေါဟု ဆိုသောကြောင့် ဧကဒေသျူပစာ။ဝါ-သမုဒါယူပစာ။

မှတ်ချက်။ ။ဒူသိတကာယပ္ပသာဒေါ၊ န ပန ဝိနဋ္ဌကာယပ္ပသာဒေါ။ (ဝိမတိ၊၁။၁၆၀)နှင့် အညီ ဥပစာတင်သည်။ အပေါင်းဖြစ်သော ဣန္ဒြေ ၂၂-ပါး၏ ဣန္ဒြိယအမည်ကို အစိတ်ဖြစ်သော ကာယိန္ဒြေ၌ တင်လျှင်လည်း ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာပင် ရသည်။

---

(က) ဆုပိတမတ္တဝတ္ထုသို့-လ-ဟောတိ။ (ခ) မေထုနဓမ္မသ-လ-တိဋ္ဌန္တိ။ (ဂ) သီလေ ပတ္တေ ပါရာဇိကံ။ (ဃ) ပဌမ ပါရာဇိကဿ-လ-ထုလ္လစ္စယံ။ (င) အယံ ပန-လ-ဝေဒိတဗ္ဗော။ (စ) တေနာဟ ဘဂဝါ အာပတ္တိသံဃာဒိသေသဿ။ ဌ။ ၂၄၃၊

## ဝါကျခွဲနှင့် ကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည် အာပတ္တိသံဃာဒိသေသဿ-ဟု ဟောတော်မူ၏။ တို့တိကာမျှသော ဝတ္ထု၌ မေထုနဓမ္မံ ပဋိသေဝိဿာမိ ဆုပိတမတ္တေ ပိပ္ပဋ္ဌိဿာရိ အဟောသိ-ဟု မြတ်စွာဘုရား ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် မေထုန်၏ရှေ့ဖြစ်သော လုံ့လ၌ ဒုက္ကဋ်အာပတ်ဖြစ်ရာသည် မဟုတ်လော။ သို့ဖြစ်ရာလျက် အဘယ့်ကြောင့် အာပတ္တိ သံဃာဒိသေသဿ ဟု ဘုရားရှင် မိန့်တော်မူသနည်း။ ဤသို့ အတွင်းငုပ်သော စောဒနာ (အန္တောလီနစောဒနာ)ကို နှလုံးသွင်း၍ ယင်းစောဒနာကိုဖြေခြင်းငှာ ယော မေထုနံ စသောပါဠိကိုမိန့်။ သာရတ္ထ၊ ၂။၁၀၈။

ကား-ယော မေထုနဓမ္မံ စသောပါဠိဖြင့် မေထုန်၏ရှေ့အဖို့၌ ဒုက္ကဋ်အာပတ်သာဖြစ်သင့်သော်လည်း ဤ ရဟန်းသည် မေထုန်၌ တပ်ခြင်းကင်း၍ ကာယသံသဂ္ဂကို သာယာသောကြောင့် အာပတ္တိ သံဃာဒိသေသဿဟု မြတ်စွာဘုရား မိန့်တော်မူ၏ဟူလို။

မှတ်ချက်။ ။င-ဝါကျနှင့် စ-ဝါကျပေါင်း၍ အဓိပ္ပာယ်ပြန်သည်။

ခ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏ။ ထို ၍ က-ဝါကျကား ယုတ္တိဒဋ္ဌိယ။

ဃ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏ၊ ဝါ-ကာရဏ။-ထို-၍ ခ-ဝါကျကား ယုတ္တိဒဋ္ဌိယ။ ဝါ-ဖလ။

http://www.dhammadownload.com


ဃ-ဝါကျတွင် ဣတရေသံ-လ-ထုလ္လစ္စယံကား ဝါကျာရမ္ဘ။ ထို-၍ ပဌမ-လ-သာမန္တကား အာရဒ္ဓ။

င-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ က-စသော ဝါကျများကား အရဒ္ဓ။

---

## ⊛ ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ကာယသံသဂ္ဂ**။ ။သံသဇ္ဇနံ သမ္ပယုဇ္ဇနံ သံသဂ္ဂေါ ကာယာနံ သံသဂ္ဂေါ ကာယသံသဂ္ဂေါ။ ကာယာနံ၊ မိန်းမယောကျ်ား နှစ်ပါးသော ကာယတို့၏။ သံသဂ္ဂေါ၊ ကောင်းစွာ အပြားအားဖြင့် ယှဉ်ခြင်း။ ကြိယာဝတ္တ၊ ကြိယာ။ ကာရက၊ ကာရကဝတ္တ စပ်။

† ကာယသံသဂ္ဂတ္တိ ဥဘိန္နံ ကာယာနံ သမ္ပယောဂံ။ ဝဇီရ။ ၁၇၀။

---

## ⊛ နည်းနှင့် ဥပစာ

**သီသံ န ပါပုဏာတိ**။ ။အတူဖြစ်သော ဦးခေါင်း၏ သီသအမည်ကို အတူရှိသော မဂ်တပါးဖြင့် မဂ်တပါး၌ဖြစ်စေခြင်း လုံ့လပယောဂ၌ တင်စား၍ မဂ်တပါးဖြင့် မဂ်တပါး၌ ဖြစ်စေခြင်း လုံ့လပယောဂကို သီသဟု ဆိုသော ကြောင့် သဒိ သူပစာ။ (နေယျတ္ထ၊ရှင်ဦး။) သာရတ္ထ၊ ၂။ ၁၀၈။

---

(က) ဘဒ္ဒိယဝတ္ထုသို့-လ-တံ နဂရံ။ (ခ) ဇာတိယာ ဝနံ-လ-လဒ္ဓနာမံ။ (ဂ) တံ တဿ-လ-ဟောတိ။ (ဃ) သော တတ္ထ-လ-ဝတ္တတိ။ (င) ကိလိန္နံ ပဿိတွာ-လ-ကိလိဋ္ဌံ ပဿိတွာ။ ဋ္ဌ။ ၂၄၃။

## ⊛ ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ က-ခ-ဝါကျကား အာရဒ္ဓ။

ဃ-ဝါကျကား ပက္ခန္တရ၊ ထို-၍ ခ-ဂ-ဝါကျကား ပက္ခ။

ဃ-ဝါကျတွင် ဒုတိယဝါကျကား ဝါကျာရမ္ဘ။ ထို-၍ ပထမဝါကျကား အာရဒ္ဓ။ င-ဝါကျကား ပက္ခန္တရ။ ဃ-ဝါကျကား ပက္ခ။

---

## ⊛ ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

ဇာတိ။ ။ဇနဓာတ်+တိပစ္စည်း။ ဇာယတီတိ ဇာတိ။

**ဇာတိယာဝနံ**။ ။ဇာတိယာ ဥပလက္ခိတံ ဝနံ ဇာတိယာဝနံ။(ဇာတိယာ မြတ်လေးပန်းဖြင့်။ ဝါ-မြတ်လေးပန်းချုံဖြင့်။ ဥပလက္ခိတံ၊ မှတ်အပ်သော။ ဝနံ၊ တောတည်း။) မဇ္ဈေလောပီ အလုတ္တတတိယာတပ္ပုရိသ်၊ ဇာတိပုဒ်+ ဝနပုဒ်။

http://www.dhammadownload.com


ဇာတိ-မြတ်လေးပန်း၊ ဝါ-မြတ်လေးပန်းချုံသည် မုချ။ ယင်း၏ တော ဒြပ်နှင့် လက္ခဏာ လက္ခဏာဝန္တ၊ အဘေဒ ဘေဒစပ်။ ဇာတိဝန-ကား မြတ်လေး ပန်း၊ ဝါ-မြတ်လေးပန်းချုံဖြင့်မှတ်အပ်သော တော (မြတ်လေးတော) ရ၏။

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် ဘဒ္ဒိယဟူသည် မြို့တည်း၊ လူသတ္တဝါမဟုတ်ဟု သိစေ သည်။ (ဘာဝတ္ထ။)

ခ-ဝါကျဖြင့် ဇာတိယာဝနံ ၌ ဇာတိသဒ္ဒါ၏ မြတ်လေးပန်းအနက်ကို ဟောသည်-ကိုလည်းကောင်း[၁]၊ ဌာနီဖြစ်သော မြတ်လေးပန်းကို ဆိုသဖြင့် ဌာနဖြစ်သော မြတ်လေးပန်းချုံကိုလည်း ယူရသည်-ကိုလည်းကောင်း[၂]၊ ယင်း တော၌ မြတ်လေးပန်းချုံတွေများသောကြောင့် ယေဘုယျအားဖြင့် မြတ်လေး တောဟုခေါ်သည်-ကိုလည်းကောင်း[၃]၊ ဇာတိယာနှင့် ဝနပုဒ်ကို ဇာတိယာ ဥပလက္ခိတံ ဝနံ ဇာတိဝနံ ဟု မဇ္ဈေလောပီအလုတ္တတတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၄] သိစေသည်။ ဝိမတိ၊ ၁။ ၃၆၀။

၁။ နာမလိင်္ဂတ္ထ၊ ၂။ ဘာဝတ္ထ၊ ၃။ ဘာဝတ္ထ၊ ၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ။

မှတ်ချက်။ ။ဂ-ဃ-င-ဝါကျတို့ဖြင့် ဘာဝတ္ထပြသည်။ င-ဝါကျ၌ ကိလိန္န=ကိလိဒဓာတ်+တ-ပစ္စည်း။ ကိလိဋ္ဌကား ကိလိသဓာတ်+တ-ပစ္စည်း။ နီတိ၊ ဓာ။ ၂၃၉။ သို့ ဓာတ်လဲ၍ဖွင့်သော်လည်း ဓာတွတ္ထပသက်မရှိသဖြင့် ဘာဝတ္ထအာဘောဂ်သာ ဖော်ရသည်။ ကိလိန္န၊ စွတ်စို၏ဟူသည် ကိလိဋ္ဌ=ညစ် နွမ်းပေရေသတည်း ဟု သိစေသည်-ဟူလို။

## ❁ နည်းနှင့်ဥပစာ

ဇာတိယာဝနေ (ပါဠိတော်)။ ။မြတ်လေးပန်းချုံတည်းဟူသော ဌာနီ ဖြင့် တောတည်းဟူသော ဌာနကိုမှတ်၍ မြတ်လေးပန်းချုံတည်းဟူသော အများကိုဆိုသဖြင့် စပယ်,ကြက်ရုံးတည်းဟူသော အနည်းကိုလည်းရသော ကြောင့် ယေဘုယျနည်း။

မှတ်ချက်။ ။ဥဿန္နတာယဟူသော ဟိတ်နှင့်အညီ တင်သောနည်းတည်း။

တနည်း။ ။ဌာနီဖြစ်သော မြတ်လေးပန်း၏ ဇာတိအမည်ကို ဌာနဖြစ် သော မြတ်လေးပန်းချုံ၌တင်စား၍ ဌာနဖြစ်သော မြတ်လေးပန်းချုံကို ဇာတိယာ ဟု ဆိုသောကြောင့် ဌာနူပစာ။ (အဝိနာဘာဝနည်း။)

မှတ်ချက်။ ။ဇာတိပုပ္ဖဂုမ္ဗာနံ အဋ္ဌကထာ၊ တံ နိဿယော ဂုမ္ဗော ဟူသော ဝိမတိအဖွင့်ကိုထောက်၍ ဌာနျူပစာတင်သည်။

http://www.dhammadownload.com


**တနည်း**။ ။အစိတ်ဖြစ်သော မြတ်လေးပန်း၏ ဇာတိအမည်ကို အပေါင်းဖြစ်သော မြတ်လေးစံပယ် ကြက်ရုံး စသောပန်း၌ တင်။ ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ ဥပလက္ခဏနည်း။

**မှတ်ချက်**။ ။ဝိမတိ-၌ ဇာတိယာ ဥပလက္ခိတံ အဖွင့်ကို ထောက်၍ ဤဥပစာတင်သည်။

**ဘဒ္ဒိယေ**။ ။အနီးရှိသော မြို့၏ ဘဒ္ဒိယေ-ဟူသောအမည်ကို အနီးဖြစ်သော မြတ်လေးတော၌တင်စား၍ အနီးဖြစ်သော မြတ်လေးတောကို ဘဒ္ဒိယေ ဟု ဆိုသောကြောင့် သမီပူပစာ။

**မှတ်ချက်**။ ။တဿ နဂရဿ ဥပစာရေ-ဖြင့်ပြသည်။ သမီပတ္တေ ဘုမ္မ-ဝစနံ ဖွင့်သည်နှင့်တူ၏။

**သင်္ဂါမသီသယောဓဘိက္ခု**။ ။အတူဖြစ်သော စစ်မြေဦး၌ စစ်သည်၏ သင်္ဂါမသီသယောဓ-အမည်ကို အတူရှိသောရဟန်း၌ တင်စား၍ အတူရှိသော ရဟန်းကို သင်္ဂါမသီသယောဓ ဟု ဆိုသောကြောင့် သဒိသူပစာ။ **သာရတ္ထ**။ ၂။ ၁၀၀။

---

(က) ဒိဝါ ပဋိသလ္လိယန္တေနာတိ ဒိဝါ နိပဇ္ဇန္တေန။ (ခ) ဒွါရံ သံဝရိတွာ-လ-ပိဒဟိတွာ နိပဇ္ဇိတုံ။ (ဂ) တ္တေ စ-လ-န ဝုတ္တာ။ (ဃ) ဝိဝရိတွာ-လ-ဒုက္ကဋံ ဝုတ္တံ။(င) ဘဂဝတော ဟိ-လ-ဌပိတာ။ (စ). အတ္ထာပတ္တိ-လ-စေတံ သိဒ္ဓံ။ ဋ္ဌ။ ၂၄၃။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။ ဂ-ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ က-ခ-ဝါကျကား အာရဒ္ဓ။ ဂ-ဃ-ဝါကျတွင် ဂ-ဝါကျကား စော+ဘော ဝါကျ။ ဃ-ဝါကျ-ပရိ+ဘော။ ပရိဟာရ ဝါကျ စသည်ခွဲလေ။

**မှတ်ချက်**။ ။စော+ဘော။ စော။ ပရိ+ဘော။ ပရိ။ လေးချက်ခွဲလေဦး။ ပါ+ဖြေ။ ပထမ။ ၃၆-၌ အကျယ်ရေးခဲ့ပြီ။

င-ဝါကျကား ယုတ္တိဒဠှီကရဏ။ ထို-၍ ဂ-ဃ-ဝါကျကား ယုတ္တိဒဠှီယ။

စ-ဝါကျကား အာဂမဒဠှီကရဏ။ ထို-၍ ဂ-ဃ ဝါကျကား အာဂမ ဒဠှီယ။

### စ-ဝါကျ ကျမ်းတက်

အဋ္ဌကထာ၌ ဆိုအပ်သောဇကားဖြင့်သာ ပြီးသည်မဟုတ်၊ ပါဠိနည်းဖြင့် လည်းပြီး၏ ဟုပြခြင်းငှာ အတ္ထာပတ္တိ ဒိဝါ စသည်မိန့်။ **ဆင်တဲ၊ ဂဏ္ဌိ**။ ၄၆၀။

http://www.dhammadownload.com


မှတ်ချက်။ ။မအူသျှ၌ ၈၊ ထိုမှတပါး-ဟု လည်းကောင်း၊ ရွှေဥမင်သျှ၌ အဋ္ဌကထာသာဓကမှ တပါး ပါဠိသာဓကကို ဆိုဦးအံ့ဟု လည်းကောင် အနက်ပေးသည်။ အဋ္ဌကထာသာဓကအဖို့ (ပက္ခ) မှ ပါဠိသာဓကအဖို့တမျိုး တပါး (အန္တရ) ကို ပြသောကြောင့် စ-ဝါကျကို ပက္ခန္တရ ဟု ထိုဆရာနှစ်ပါ ဝါဒကို မှတ်ရာ၏။

---

## ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့်ပတိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုလည်းကောင်း[၁]၊ သံ-ဥပသာရ၏ ဓာတွတ္ထဝိသေသက အဖြစ်ကို လည်းကောင်း[၂]၊ လီ ဓာတ်သည် ဤ၌ သိလေသန=ကပ်ရောက်ခြင်း သံမန်အနက်ကို မဟော၊နိပဇ္ဇန=အိပ်ခြင်း အနက်ကိုဟောသည်-ကိုလည်းကောင်း[၃] သိစေသည်။

၁။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

ခ-ဝါကျ၌ ပိဒဟိတွာ-ဖြင့် သံဝရိတွာ၌ သံ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဝရဓာတ်သည် ဝါရဏအနက် ဣစ္ဆာ အနက်တို့ကို မဟော- အာဝရဏ=ပိတ်ခြင်းအနက်ကို ဟောသည်-ကိုလည်း ကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတွတ္ထ။

---

## ❀ ပါဌ်ဝိနိစ္ဆယ

**ပိဒဟိတွာ။ပိဓဟိတွာ။** ။အပိပုဗ္ဗ+ဓာဓာတ်+တွာပစ္စည်း။ အပိ-၌ အ-ကို ချေ။ ဓာ ဓာ-ဟု ဒွေဘော်ပြု။ အဗ္ဘာသ ဓာ-၌ အာ-ကို အ-ရဿပြု။ ဓာ-၌ ဓ ကို ဟ-ပြု၊ အာ-ကို ဣ-ပြု။ အဗ္ဘာသ ဓ-ကို ဒ-ပြု၊ ပိဒဟိတွာ-ပြီး၏။ ထို့ကြောင့် ပိဒဟိတွာ ပါဌ်သာသင့်သည်။

---

## ❀ နည်းနှင့် ဥပစာ

**ဒွာရ။** ။ဌာနဖြစ်သော တံခါး၏ ဒွာရဟူသောအမည်ကို ဌာနီဖြစ်သော တံခါးရွက်၌ တင်စား၍ ဌာနီဖြစ်သော တံခါးရွက်ကို ဒွာရဟု ဆိုသောကြောင့် ဌာနူပစာ။ နာနန္တရိကနည်း။

မှတ်ချက်။ ။ဒွေကဝါဋ္ဌာ အရတ္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဣတော ဒွါရံ (နီတိ၊ဓာ။ ၁၅၀-) ဟု ဆိုသည်။ သံဝရိတွာ-ဟူသော သဒ္ဒါကို ထောက်၍ တံခါးကို ပိတ်လို့မရ၊ တံခါးရွက်သာ ပိတ်လို့ရသောကြောင့် ဌာနူပစာ တင်သည်။

http://www.dhammadownload.com


**တနည်း-ဒွါရ**။ ။အပေါင်းဖြစ်သော အဆောက်အအုံ၏ တံခါး, ဆဒွါရ အကြောင်းဥပါယ်တို့၏ ဒွါရအမည်ကို အစိတ်ဖြစ်သော အဆောက် အအုံ တံခါး၌ တင်စား၍ အစိတ်ဖြစ်သော အဆောက်အအုံ တံခါးကို ဒွါရဟု ဆိုသောကြောင့်။ ကေဒေသျူပစာ။ ဝါ-သမုဒါယူပစာ။

† ဂေဟဒွါရမ္ပိ ကာယဒွါရာနိပိ ဥပါယောပိ ဒွါရန္တိ ဝုစ္စတိ။ နီတိ၊ ၁။ ၁၅၀။

---

## ပါဠိဝိနိစ္ဆယ

**ရုက္ခသူစိကဏ္ဍကဒွါရံ**။ ။ရုက္ခသူစိဒွါရံ ကဏ္ဍကဒွါရံ-ဟု ပါဠိမူကွဲ နှစ်မျိုးရှိရာ သမာသ်နှင့် ဝါကျ အနက်မထူးသောကြောင့် လည်းကောင်း၊ ရုက္ခသူစိကဏ္ဍကဒွါရန္တိ ရုက္ခသူစိဒွါရံ ကဏ္ဍကဒွါရဥ္စ ရုက္ခသူစိဒွါရံ ကဏ္ဍကဒွါရ မိစ္စေဝ ဝါ ပါဌော။ (သာရတ္ထ၊ ၂။ ၁၀၇) ဋီကာဖွင့်သောကြောင့်လည်းကောင်း ၂-ပါဌ်သင့်။

---

## နည်းနှင့်ဥပစာ

**ကေ ဒုဿာဂါရဒွါရမေဝ**။ဋ။ ၂၄၄။ ။အစိတ်ဖြစ်သော ပုဆိုးတင်းတိမ် (ကန့်လန့်ကာ) တံခါး၏ ဒုဿာဂါရဒွါရအမည်ကို အပေါင်းဖြစ်သော ပုဆိုးတင်းတိမ်တံခါး, ဖျာတင်းတိမ်တံခါး၌ တင်လေ။ ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ ဥပလက္ခဏနည်း။

**ယက္ခဂဟိတကော, ယော စ ဗန္ဓိတွာ**။ ဋ။ ၂၄၆။ ။အစိတ်ဖြစ်သော ဘီလူးဖမ်းစားအပ်သူ၏ ယက္ခဂဟိတကအမည်ကိုအပေါင်းဖြစ်သော ဘီလူးဖမ်းစားသူ၊ သညာကင်းသူ၌ တင်လေ။ ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ ဥပလက္ခဏနည်း။ သာရတ္ထ၊ ၂။ ၁၁၁။

**ပထမပါရာဇိကအဖြေပြီး၏။**

http://www.dhammadownload.com



# ဒုတိယပါရာဇိက

❀

## ဓနိယဝတ္ထုအဖွင့်

❀

(က). ရာဇဂဟေတိ-လ-နဂရေ။ (ခ) တဒ္ဓိ-လ-ပုစ္ဆတိ။
(ဂ) အညေပေတ္တ-လ-ဝဏ္ဏယန္တိ။ (ဃ) ကိံ တေဟိ။
(င) နာမမေတံ-လ-နဂရဿ။ (စ) တံ ပနေတံ-လ-တိဋ္ဌတိ။

ဋ္ဌ။ ၂၄၇။

### ❀ ဝါကျစဉ်နှင့်ကျမ်းတက်

ခ-ဝါကျကား (ရာဇဂဟအမည်ရခြင်း၏ အကြောင်း, နာမလာဘဟိတ်, ဗျုပ္ပတ္တိနိမိတ်, သကတ်ကို ပြသောကြောင့်) ဝိတ္ထာရ။ ထို-၍ က-ဝါကျကား သခေပ။

မှတ်ချက်။ ။ယောဇနာ, သျှတ္ထိဋ္ဌကား ဒဋ္ဌီကရဏဟု ဆိုကြ၏။

### ဂဏ္ဌိကျမ်းတက်

ထို ရာဇဂဟ ဟူသောအမည်သည် တိဿ ဒတ္တ သိရိဝစုက စသည်တို့ကဲ့သို့ ရှဋ္ဌီ အမည်ဖြစ်လေသလော။ အမေးရှိ၍ တဒ္ဓိ စသည်ကိုမိန့်။ ၄၆၅။

ဂ-ဝါကျကား (သကဝါဒ အဖို့မှ တမျိုးတပါးသော အပရဝါဒကို ပြသောကြောင့်) ပက္ခန္တရ။ ထို-၍ ခ-ဝါကျကား ပက္ခ။

ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓ။

### ဃ-ဝါကျကျမ်းထက်

ဆရာ၊ ဝရာသည် ဂ-ဝါကျဖြင့်-လ-ဖွင့်ဆိုကြကုန်သောဟု ဆို၏။ (ဘာသာပြန်၍ ဌပနာထား) ယင်း တပါးသောဆရာတို့ ဆိုသောစကားသည် အကျိုးရှိပါသလော၊ အဘယ်သို့ မှတ်ရမည်နည်း-ကြောင့် ဃ-ဝါကျမိန့်။

င-ဝါကျကား ဝါကျာရမ္ဘ။ ဝါ-ကာရဏ။ ထို-၍။ ဃ-ဝါကျကား အာရဒ္ဓ၊ ဝါဖလ။

http://www.dhammadownload.com


**မှတ်ချက်**။ ။ကသ္မာ "ကိံ တေဟိ"တိ ဝုတ္တံ။ ယသ္မာ နာမ မေတံ တဿ နဂရဿ၊ တသ္မာ "ကိံ တေဟိ"တိ ဝု-တ္တံဟု အဓိပ္ပာယ်ရအောင် ဝါကျပြင်ရေး လိုက်လျှင် အထက်ပါဝါကျခွဲကို သဘောကျမည်သာ။

**စ-ဝါကျကား ဝါကျာရမ္ဘ**။ ထို-၍ခ-ဝါကျကား အာရဒ္ဓ။

**စ-ဝါကျနိဂုံးကာတက်**

ဤသို့ ခ-ဝါကျဖြင့် ယင်းမြို့ကို-လ-ရာဇဂဟ ဟု ဆိုအပ်သောဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းရာဇဂဟမြို့သည် ဌာန်ဝိသေသ ဖြစ်သောကြောင့် မြတ်သော သတ္တဝါတို့ သုံးဆောင် နေထိုင်ရာတည်းဟု ပြခြင်းငှာ စ-ဝါကျကို မိန့်။ သာရတ္ထ၊ ၂။ ၁၁၂။

**မှတ်ချက်**။ ။ဤသို့ ဝါကျ ခြားပြီးမှ ဆက်လာသော ဝါကျမျိုးကို "ပြတ်ကြီးစဉ်းစဉ်း၊ စုဒ်ထုတ်လျှင်းမူ၊ မှတ်ချင်း ဝါကျာရမ္ဘပြီ"ဟု နိယံ ဆရာတို့ ဆိုသည်။

စ-ဝါကျ၌ သေသကာလေ-လ-ပရိဂ္ဂဟိတံကား ဝါကျာရမ္ဘ။ ထို-၍ တံပနေတံ-လံ-ဟောတိ ကား အာရဒ္ဓ။

စ-ဝါကျ၌ ယက္ခပရိဂ္ဂဟိတံ ကား ဝါကျာရမ္ဘ။ ထို-၍ သေသကာလေ-လ-ဟောတိ ကား အာရဒ္ဓ။

စ-ဝါကျ၌ တေသံ-လ-တိဋ္ဌတိ ကား ဝါကျာရမ္ဘ။ ထို-၍ ယက္ခပရိဂ္ဂဟိတံ ကား အာရဒ္ဓ။

---

### ❀ ဝိဂ္ဂဟနှင့် ညာသ်ကောက်

**ဝေနံ့ာမကေ**။ ။ဝေ နာမံ ဧတဿ နဂရဿာတိ ဝေနာမကံ။ (ဧတဿ နဂရဿ၊ ထိုမြို့အား။ ဝေ နာမံ၊ ဤသို့ ရာဇဂြိုဟ်ဟူသော အမည်သည်။ အတ္ထိ၊ ၏။) ဤသို့ ရာဇဂဟဟူသောအမည်နှင့် မြို့ဒြပ်ကို သညာ သညီ စပ်၍ ကောက်လေ။

**နဂါ**။ ။န+ဂမု+က္ပ။ သညာသဒ္ဒါဖြစ်သောကြောင့် န-ကို အ-မပြုရ။

**နဂရံ**။ ။နဂါ အဿ သန္တီတိ နဂရံ။ (အဿ၊ ထိုမြို့အား။ နဂါ၊ ပြာသာဒ် စသော အဆောက်အအုံတို့သည်။ သန္တိ၊ ကုန်၏။ အဿတ္ထိ။ နဂပုဒ်+ ရ-ပစ္စည်း။ ဌာနီ+ဌာနစပ်။

**နဂရံ**။ ။န+ဃရ+တေ။ ဗဟုဗ္ဗီဟိ။ နံ သမ္ပုဏ္ဏံ ဃရံ ဧတ္ထာတိ နဂရံ။ ဌာနီ+ဌာနစပ်။ (ပုဒ်စစ်)။

http://www.dhammadownload.com



မန္ဒာတု။ ။မံ သဒ္ဒူပပဒ+ဓာ ဓာတ်။ ဝါ-ဓရ ဓာတ်။ တု ပစ္စည်း။
† မံ သိရိံ ဓာရေတီတိ မန္ဓာတု အလုတ္တသမာသော။ ပါရာ၊ ယော။ ၁၃၇။

## မန္ဓာတုသဒ္ဒါဂိုဏ်း မှတ်ဖွယ်

ယောဇနာ၌ မန္ဓာတု-ဟု နိပ္ဖန္နချသည်၊ မန္ဓာတာ-ဟု နိပ္ဖန္နမချ။ သို့ဖြစ်၍ ဓာရေတီတိ ဓာတုကဲ့သို့ မန္ဓာတုသဒ္ဒါကို ရတ္တာဒိဂိုဏ်းဟု ကြံဖွယ်ရှိ၏။သို့သော် သက္ကမန္ဓာတာဒီနဉ္စ-ဟူသော သတ္ထာဒိဂိုဏ်းဝင်သုတ်ကိုထောက်၍လည်းကောင်း သက္ကော စ မန္ဓာတာ စ သက္ကမန္ဓာတာ-ဟုဖွင့်သော ရူပသိဒ္ဓိဋီကာကိုထောက်၍ လည်းကောင်း မန္ဓာတုသဒ္ဒါကို သတ္ထာဒိဂိုဏ်းဝင်ပုဒ်ဟု မှတ်ရာ၏။

စက္က။ ။ကရ ဓာတ်+က-ပစ္စည်း။ တနည်း- စက္က ဓာတ်+အ-ပစ္စည်း။ (ကရ+က။ က-ကို စ-ပြု။ က-ဒွေဘော်ပြု။)

† ကရောတိ ဂမန မဒ္ဒနာဒိနတိ စက္ကံ။ ကရ ကရဏေ ဒွိတ္တံ၊ စတ္တာဒိ။ သူစိ။ (အံ၊ ဋီ၊ ၁။ ၁၄၁။ နီတိ၊ ဓာ။ ၂၀၂။ သီ၊ ဋီ၊ သစ်။ ၁။ ၁၅၉။)

သုံည။ ။သုနပုဒ်+ဏျ ပစ္စည်း။ဟိတတဒ္ဓိတ်။တနည်း-သုံနဓာတ်။ယ-ပစ္စည်း။
† သုနဿ ဟိတံ သုံညံ။ သော။ ဉျာဿ ညော။ သုနဂတိယံ ဝါ ယော။ သုနတိ တုစ္ဆဘာဝံ ဂစ္ဆတီတိ သုညံ။ သူစိ။

---

## ☸ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဧပံ နာမကေဖြင့် ရာဇဂဟ ဟူသည် ဂုဏ်စသည် မဟုတ်၊ ရာဇဂြိုဟ်ဟူသော အမည်တည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ၊ ဝါ-ဘာဝတ္ထ။)

က-ဝါကျ၌ နဂရေဖြင့် ရာဇဂဟ အရ မင်းအိမ်။ ဝါ-နန်းတော်ကို မယူရ၊ မြို့ဒြပ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျဖြင့် ရာဇဂဟံပုဒ်ကို၊ ဂယှတီတိ ဂဟော-ဟု ကမ္မသာဓနေ့ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[1]၊ အ-ပစ္စည်း၏ ကမ္မသာဓန၌ သက်သည်-ကိုလည်းကောင်း[2]၊ ရာဇူဟိ ဂဟော ရာဇဂဟော-ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[3]၊ ရာဇဂဟော-ဟု ပုလ္လိင်ရှိသင့်လျက် နပုလ္လိင် နဂရ သဒ္ဒါကိုငဲ့၍ ရာဇဂဟံ-ဟု ရှိသည်-ကိုလည်းကောင်း[4]၊ ရာဇဂဟ-၌ ရာဇအရ ပဓာနနည်းဖြင့် မဟာဂေါဝိန္ဒစသည်ကိုယူရမည်-ကိုလည်းကောင်း[5] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ၊ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ၊ ၄။ ဘာဝတ္ထ၊ ၅။ အဘိဓေယျတ္ထ။

F.65 A

http://www.dhammadownload.com



**ရာဇဂဟ**။ ။ရာဇူဟိ (ရာဇူနံ) ဂဟော ရာဇဂဟော။ ရာဇအရ မန္ဓာတု။ မင်း မဟာဂေါဝိန္ဒ စသည်ရ၏။ မြို့နှင့် သာမိ သံစပ်။

**မှတ်ချက်**။ ။သာရတ္ထ၊ ၂။ ၁၁၂-၌ ရာဇဂဟပုဒ် ဝိဂ္ဂဟများကိုရှုလေ။

http://www.dhammadownload.com



### နည်းနှင့် ဥပစာ

ရာဇဝလ္လဘေဟိ။ ၄၊ ၂၅၄။ အပေါင်းဖြစ်သော လဇ္ဇီရာဇဝလ္လဘာ, အလဇ္ဇီရာဇဝလ္လဘ-ရဟန်းတို့၏ ရာဇဝလ္လဘာ အမည်ကို အစိတ်ဖြစ်သော အလဇ္ဇီ ရာဇဝလ္လဘာ-၌တင်။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ။ရှင်း။)

ဒါရုဂေဟ။ ။အပေါင်းဖြစ်သော ဂြိုဟ်,ရာဟုဖမ်းခြင်း, ဒိဋ္ဌိအယူဟူသော အနှောင်အဖွဲ့, အိမ်အနက်တို့၏ ဂဟအမည်ကို အစိတ်ဖြစ်သော အိမ်အနက်၌ တင်။ ကေဒေသျူပစာ။ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ။ရှင်း။)

† အာဒိစ္စာဒိမှိ ဂဟဏေ၊ နိဗန္ဓေ စ ဃရေ ဂဟော။ ဓာန်။ ၉၁၉။

---

(က) မဂဓေမဟာမတ္တော-လ-မဟာမတ္တော။ (ခ) မဟတိယာ-လ-သမန္နာဂတော။ (ဂ) မဂဓရေညော ဝါ မဟာမတ္တော။ (ဃ) မဟာ အမစ္စောတိ ဝုတ္တံ ဟောတိ။ ၄။ ၂၅၅။

### ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို၍ က-ဝါကျကား ပက္ခ။

တနည်း- ခ-ဝါကျကား (မဟာမတ္တပုဒ်၏ ဝစနတ္ထကို ဆက် လက် ဖွင့် ပြသောကြောင့်) ဝါကျာဝယဝ္။ ထို-၍ က-ဝါကျကား အာဓာရ။

ဂ-ဃ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဝါကျကား ပက္ခ။ ဃ-ဝါကျကား ဝိတ္ထာရ။ ထို-၍ ဂ-ဝါကျကား သင်္ခေပ။

---

### ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

အမစ္စ။ ။သဗ္ဗကိစ္စေသု အမာ ဝတ္တတီတိ အမစ္စော။ နီတိ၊ သုတ္တ။ နှာ။၃၈၇။
(သဗ္ဗကိစ္စေသု၊ အလုံးခုံသော ကိစ္စတို့၌။ ရညာ၊မင်းနှင့်။အမာ၊အတူတကွ။ ဝတ္တတိ၊ ၏။) အမာပုဒ်+စ္စ ပစ္စည်း။

အမာ-ကား အလုံးစုံသော ကိစ္စတို့၌ မင်းနှင့် အတူတကွဖြစ်ခြင်း သဟ-ဝတ္တနဘောဂုဏ်သည် မုချ။ ယင်း၏ အမတ်ဒြပ်နှင့် ဂုဏ်ဂုဏောစပ်။ စ္စ-ပစ္စည်း အရကား-ထိုဖြင့် မှတ်အပ်သော အမတ်ဒြပ်ရ၏။

---

http://www.dhammadownload.com



အာဒေဘာဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ မဂဓရဋ္ဌေ မဟာမတ္တော-ဖြင့် မဂဓအရ မဂဓတိုင်းကိုယူရမည်-ကိုလည်းကောင်း¹၊ ဝါ-မဂဓသဒ္ဒါ မဂဓတိုင်းအနက်ကို ဟောသည်-ကိုလည်းကောင်း²၊ မဂဓနှင့် မဟာမတ္တကို မဂဓေ မဟာမတ္တော မဂဓမဟာမတ္တော—ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း³ သိစေသည်။

၁။ အဘိဓေယျဋ္ဌ။ ၂။ ဝါ-နာမလိင်္ဂတ္ထ၊ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျဖြင့် မဟာမတ္တပုဒ်ကို မဟတီ မတ္တာ ပမာဏံ ဧတဿာတိ မဟာ-မတ္တော—ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း¹၊ မတ္တာသဒ္ဒါသည် အက္ခရာဝယဝအနက်, အပ္ပကအနက်ကို မဟော။ သမိဒ္ဓိ=ပြည့်စုံခြင်းအနက်ကိုဟောသည်-ကိုလည်းကောင်း² သိစေသည်။ ( သာရတ္ထ၊ ၂။ ၁၂၂။ ဝဇိရ။ ၁၂၃။)

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ နာမလိင်္ဂတ္ထ။

* သံဂဏ္ဍေတဗ္ဗ၊ ဒ္ဓိပဒ။ ကြံ့ကြနည်းသိ၊ ဗဟုဗ္ဗီဟိ။ (သံဝဏ္ဏနာ)

ဂ-ဝါကျဖြင့် မဂဓအရ ဌာနဖြစ်သော တိုင်းကို မယူရ၊ ဌာနီဖြစ်သော မဂဓမင်းကို ယူရမည်-ကိုလည်းကောင်း¹၊ မဂဓနှင့် မဟာမတ္တကို မဂဓဿ မဟာမတ္တော မဂဓမဟာမတ္တော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း² သိစေသည်။

၁။ အဘိဓေယျတ္ထ၊ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ၊

ဃ-ဝါကျဖြင့် မဟာမတ္တသဒ္ဒါသည် အမတ်ကြီးဟော မဟာအမစ္စသဒ္ဒါ၏ ဝေဝစ်တည်းဟု သိစေသည်။ (အဘိဓေယျတ္ထ။)

မှတ်ချက်။ ။နာမလိင်္ဂတ္ထလည်း ဖော်လေ။

**မဂဓမဟာမတ္တော။** ။မဂဓတိုင်း၌ (အမျိုးစည်းစိမ်အစိုးရခြင်းစသည်ဖြင့်) များစွာသော အတိုင်းအရှည်ရှိသော။ (သာရတ္ထ။) မဂဓတိုင်း၌ များစွာသော အစိုးရခြင်းနှင့် ပြည့်စုံခြင်းရှိသော။ (ဝဇိရ။)

---

ပါဠိဝိနိစ္ဆယ

**ဣဿရိယမတ္တာယ။ ဣဿရိယပတ္တာယ။** ။ဝဇိရဗုဒ္ဓိ၌ ဣဿရိယမတ္တာ-ယာတိ သမိဒ္ဓိယံ မတ္တာသဒ္ဒေါ ဉာပေတိ-ဟုဆိုသဖြင့် ဣဿရိယမတ္တာယပါဌ်သာ သင့်သည်။ (ဆဋ်တဲ၊ ဂဏ္ဌိ။)

http://www.dhammadownload.com


## နည်းနှင့်ဥပစာ

**မဂ္ဂမဟာမတ္တော**။ ။ဌာနဖြစ်သော တိုင်း၏ မဂ္ဂအမည်ကို ဌာနီဖြစ်သော မဂ္ဂမင်း၌ တင်စား၍ ဌာနီဖြစ်သော မဂ္ဂမင်းကို မဂ္ဂဟု ဆိုသောကြောင့် ဌာနူပစာ။ (နာနန္တရိကနည်း။)

မှတ်ချက်။ ။မဂဓပုဒ်ကို မဂဓရေညောဟု ဖွင့်သဖြင့် ဌာနူပစာ ရသည်။

မဂဓ။ ။မဂေန သဒ္ဓိံ ဓာဝန္တီတိ မဂဓာ။ ဓာဝ ဂတိသုဒ္ဓိယံ၊ မံသေသု ဝါ ဂိဇ္ဈန္တီတိ မဂဓာ။ ဂိဓ၊ အဘိကင်္ခါယံ။ ဓာန်၊ ဋီ။ ၁၈၄။

---

(က) အနုသညာယမာနောတိ-လ ပစ္စဝေက္ခမာနော။
(ခ) ဘဏောတိ ဣဿရာနံ-လ-လပနံ။ ဋီ။ ၂၅၅။

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ပစ္စဝေက္ခမာနော-ဖြင့် အနုဥပသာရ၏ ဓာတွတ္ထာနုဝတ္တကဏ်၏ အဖြစ်ကိုလည်းကောင်း[1]၊ သံဥပသာရ၏ ဓာတွတ္ထဝိသေသကဏ်၏ အဖြစ်ကိုလည်းကောင်း[2]၊ ဉာဓာတ်၏ ရှုဆင်ခြင်ခြင်းအနက်ကို ဟောသည်-ကိုလည်းကောင်း[3] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

ခ-ဝါကျဖြင့် ဘဏေသဒ္ဒါသည် အစိုးရသော သူတို့က ရာထူးနိမ့်သူတို့ကို ခေါ်ဝေါ်သော အာလုပ်ပုဒ်တည်း-ဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

**အာဏာပေသိ**။ အဏ ဘူ စု ပေသနေ (စေခိုင်းခြင်း) အာဏာပေတိ၊ အာဏတ္တိ၊ အာဏာ။ ဓာတွတ္ထသင်္ဂဟကျမ်း။ ဤအလို အဏဓာတ်+ဏာပေပစ္စည်း+အဇ္ဇတနီ ဤဝိဘတ်၊ သ-အာဂုံ။

**အာဏာပုဒ်ကို** အာဏာပေသနေ ဘာဝေ အ၊ ဣတ္ထိယံ အာ-ဟု ဖွင့်သော သူစီအလို အာဏာပေသိ-ကား အာဏာ-ဓာတ်တည်း။ ကြွင်းတူပြီ။

---

(က) ဒါရူနံ ကိစ္စာတိ ဒါရူနံ ကာရဏာ။ (ခ) ပုရာဟံ ဟညာမီတိ အဟံ ဟညာမိ။ (ဂ) ယာဝ အဟံ-လ-ယျောသီတိ အတ္ထော။ (ဃ) ဣယံ့တိ စောဒနတ္ထေ နိပါတော။ ဋီ။ ၂၅၅။

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် ကိစ္စ-ပုဒ်ကို ကတ္တဗ္ဗန္တိ ကိစ္စ-ဟု ကမ္မသာဓန လည်းကောင်း[1] ကရဏံ ကိစ္စ-ဟု ဘာဝသာဓနလည်းကောင်း ဝစနတ္ထ မပြု၍ ကာရိယတိ

http://www.dhammadownload.com


ဓေတေနာတိ ကိုစ္စံ (ဆင်တဲဂဏ္ဍိ၊ ၄၇၂)ဟု ကရဏသာဓန ဝစနတ္ထပြုရမည်ကို လည်းကောင်း[1]၊ ရိစ္စ-ပစ္စည်းသည် ကမ္မသာဓန ဘာဝသာဓနနှင့် မသက်၊ ကရဏ သာဓနနှင့် သက်သည်ကိုလည်းကောင်း[2] သိစေသည်။

၁။ အဘိဓာနဋ္ဌ၊ ၂။ ဒုတိယပစ္စယဋ္ဌ၊ နာမလိင်္ဂဋ္ဌ။

ခ-ဝါကျဖြင့် ပုရာဟံကို ပုရာ အဟံ-ဟု ပဒစ္ဆေဒပြုရမည်ကိုလည်းကောင်း[1]၊ ပုရာပုဒ်ကို ဟညာမိနှင့်စပ်၍ အတ္ထယောဇနာရမည်ကိုလည်းကောင်း[2] သိစေသည်။

၁။ သန္ဓိလိင်္ဂ၊၁၁။ ၂။ သမ္ဗန္ဓ။

ဂ ဝါကျဖြင့် ပုရာဟညာမိ-မသတ်အပ်မီ။ ဝါ-မသတ်သေးခင်-ဟူသော ကာလပရိစ္ဆေဒအနက်ကို လည်းကောင်း[1]၊ ပုရာဟံ ဟညာမိ-တစ ါကျလုံးကို ယေ့ျာသိ-ဝါကျနှင့် စပ်၍ အနက်ယောဇနာရမည်ကိုလည်းကောင်း[2] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

ဃ ဝါကျဖြင့် နိပါတလိင်္ဂပဒ။ နိပါတလိင်္ဂတ္ထ ပြသည်။

## သဒ္ဒါရေး စိစစ်ခြင်း

ဟညာမိ-သဒ္ဒါကား ဟန+ယ+အတ္တနောပုဒ် ဧ-ဝိဘတ်။ အတ္တနောပုဒ် ဧ-ဝိဘတ်ကို မိ-ဝိဘတ်ပြန်၍ ဟညာမိ-ဟု ပြီးသည်။ ဧ-ဝိဘတ်သည် ပစ္စုပ္ပန် ကာလ၌ သက်သော်လည်း ပုရာနိပါတ်နှင့် ယှဉ်သောကြောင့် အနာဂတ် ကာလကို ဟောသည်။ ဤကား သဒ္ဒါရေးစိစစ်ခြင်းတည်း။

† ဇနေန ဟညာမိ။ ပါ၉၊ ယော။

* ယာဝ ပုရေ ပုရာ၊ သဒ္ဒါသုံးပါး၊ ယှဉ်ငြားသောခါ၊ နာဂတ်မှာ၊ သက်ပါဝတ္တမာန်ကိုတည်း။ (ဘုရားကြီး)

ယေ့ျာသိ။ ဣ-ဓာတ်+အပစ္စည်း။ ယေ့ျာသိ-ဝိဘတ်။ နောက် ဧ-သရ ကြောင့် ရှေ့ ဣ-သရ၊ အ-သရတို့ကို ချေ။ (နီတိ၊ သုတ္တ၊ နှာ၊ ၁၄။ ဥပေယျာသိ ဟုံစ်ကြည့်။)

---

## ❁ နည်းနှင့် ဥပစာ

ဌာနီဖြစ်သော မင်းမျိုး၏ ရာဇကုလအမည်ကို ဌာနဖြစ်သော မင်းအိမ်၌ တင်စား၍ ဌာနဖြစ်သော မင်အိမ်ကို ရာဇကုလ-ဟု ဆိုသောကြောင့် ဌာနျူ ပစာ။ (အဝိနာဘာဝနည်း။)

---

http://www.dhammadownload.com


(က) ပဌမာဘိသိတ္တောတိ-လ-ပဌမံ။
(ခ) ဝေရူပိ ဝါစံ ဘာသိတာတိ-လ-ဝုတ္တံ ဟောတိ။
(ဂ) ရာဇာနော ကိန္-လ-ပရိဘုဥ္ဇန္တိတိ။
(ဃ) တံ သန္ဓာယ သေ ဝဒတိ။ ၄။ ၂၅၆။

## ❀ ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ပဌမာဘိသိတ္တော၊** ။ပဌမံ အဘိသိတ္တော အယာတိ ပဌမာဘိသိတ္တော။ (အဘိသိတ္တော၊ အဘိသိက်သွန်းအပ်ပြီးသော။ အယ ရဉော၊အား။ ဝါ-၏။ ပဌမံ၊ ရှေးဦးစွာသည်၊ အတ္ထိ သော ရာဇာ ပဌမာဘိသိတ္တော။ ဗာဟိရတ္ထဗဟုဗ္ဗိဟိသမာသ်။ ပဌမပုဒ် အဘိသိတ္တပုဒ် တ ပုဒ်။

ပဌမာဘိသိတ္တ-ကား အဘိသိက်သွန်းပြီးသည်မှ ရှေးဦးစွာသောကာလသည် မှုချ။ ယင်း၏ မင်းဖြစ်နှင့် ကာလ ကာလဝန္တ၊ ဂုဏ်ဂုဏဝန္တစပ်။ တ—ကား ထို—ဖြင့် မှတ်အပ်သော မင်းဖြစ်ရ၏။

**ဘောရိ။** ။ဘီဓာတ်+ရက်ပစ္စည်း+နဒါဒိ ဤပစ္စည်း။

† ဘာယန္တိ ဧတာယာတိ ဘောရိ=ဒုန္ဒုဘိ။ မောဂ်။ ၇။ ၁၄၆။

---

## ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် အဘိသိက်သွန်းအပ်ပြီးသော မင်းအား ရှေးဦးစွာသော အချိန်အခါသည် ရှိ၏ဟူသည် အဘိသိက်သွန်းအပ်ပြီးသည်ဖြစ်၍ ရှေးဦးစွာပင် တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျ၌ အဘာသိ-ဖြင့် ဘာသိတာပုဒ်ကို အဘာသိတိ ဘာသိတာ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်—ကိုလည်းကောင်း[၁]၊ တုပစ္စည်း၏ အတီတကာလိက ကတ္တုသာဓန၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ၊

**ဘာသိတာ။** ။ဘာသဓာတ်+တုပစ္စည်း။ ပုလ္လိင်၊ သတ္တာဒိဂိုဏ်း။

---

## ❀ ပါဠိဝိနိစ္ဆယ

**ဘာသိတာ။ ဘာသိတွာ။ ဘာသိတံ။** ။ယံ တွံ အဘာသိ—ဟူသော အဋ္ဌကထာ၌ အဘာသိဟူသောအဖွင့်ကို ထောက်၍ အဘာသိတိ ဘာသိတာ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရသောကြောင့်လည်းကောင်း၊ ဘာသဓာတ် တုပစ္စည်း ဖြင့်ပြီးသောကြောင့်လည်းကောင်း၊ဘာသိတာတိပဒံ တွန္တပဒံ ဝိသေသနံဟု-

http://www.dhammadownload.com

ပါရာ၊ ယော-၌ ဖွင့်ပြသောကြောင့်လည်းကောင်း၊ ဤယောဇနာအလို-မဟာရာဇ၊ ကြီး။ ဒိန္နဥဒေဝ-လ-န္တုတိ၊ ဟူ၍။ ဝေရူပိံ ဝါစံ ဘာသိတွာ၊ ပြောဆိုဖူးသော။ တံ၊ သည်။ သရသိ၊ အောက်မေ့အမှတ်ရလေ့-ဟု အနက်ယောဇနာလျှင် အတ္ထယုတ္တိရှိသောကြောင့်လည်းကောင်း၊ အဋ္ဌကထာအလို-မဟာရာဇ၊ ကြီး။ တံ၊ သည်။ ပထမာဘိသိတ္တော ဒိန္နဥဒေဝ-လ-ဘုဥ္ဇန္တုတိ ဝေရူပိံ ဝါစံ ဘာသိတွာ၊ ပြောဆိုဖူးသည်။ ဟုတ္တာ၊ ၍။ သရသိ။ (ယခု) အောက်မေ့ သတိရလေ့ ဟု အနက်ယောဇနာလျှင် အတ္ထယုတ္တိရှိသည်သာဖြစ်သောကြောင့်လည်းကောင်း "ဘာသိတာ" ပါဌ် သင့်သည်။

ဘာသိတွာ။ ။ဘာသိတွာတိပဒံ သရသီတိပဒေ ပုဗ္ဗကာလကြိယာ-ဟု ပါရာ၊ ယော- ဖွင့်သောကြောင့်လည်းကောင်း၊ ဝဇိရဗုဒ္ဓိ၊ ၁၂၃-၌လည်း ဝေရူပိံ ဝါစံ ဘာသိတွာ တိ စ ပါဌော-ဟု ဖွင့်သောကြောင့်လည်းကောင်း၊ တံ န သုန္ဒရံ-ဟု ယင်းဘာသိတွာကို မပယ်မြစ်သောကြောင့်လည်းကောင်း၊ အဋ္ဌကထာ၌လည်း သယမေဝ ဘာသိတွာ ဟုဖွင့်ပြသောကြောင့်လည်းကောင်း၊ မဟာရာဇ ပထမာဘိသိတ္တော ဒိန္နဥဒေဝ-လ-န္တုတိ ဝေရူပိံ ဝါစံ ဘာသိတွာ၊ ပြောဆိုဖူးပြီ။ သရသိ၊ (ယခု) အောက်မေ့ သတိရလေ့ ဟု အနက်ယောဇနာလျှင် အတ္ထယုတ္တိရှိသည်သာဖြစ်သောကြောင့်လည်းကောင်း "ဘာသိတွာ" ပါဌ် သင့်သည်။

ဘာသိတံ။ ။ဘာသိတန္တိပိ အတ္ထိ၊ သော န ယုဇ္ဇတိ၊ ဟု ပါရာ၊ ယော-ဆိုသောကြောင့် "ဘာသိတံ" ပါဌ်ကား မသင့်။

ဝေရူပံ ဝါစံ။ ဝေရူပိံ ဝါစံ။ ။ဝေံ ရူပံ (ဝါစံ) ဧတိဿာ ဝါစာယာတိ ဝေံရူပါ (တံ ဝါစံ) ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု၍ ဝေရူပံ၊ ဤသို့သဘော ရှိသော။ ဝါစံ၊ ကို-ဟု အနက်ယောဇနာလျှင် အတ္ထယုတ္တိရှိသောကြောင့် "ဝေရူပံ ဝါစံ" ပါဌ် သင့်သည်။

ဝေရူပိံ ဟု ရှိလျှင် ဧဝံ ရူပံ ဝေရူပံ ဟု ကမ္မဓာရယ်တွဲ၊ ဝေရူပံ ဧတိဿာ အတ္ထီတိ ဝေရူပီ ဟု ဝစနတ္ထပြု၍ ဝေရူပိံ၊ ဤသို့သဘောရှိသော။ ဝါစံ၊ ကို ဟု အနက်ယောဇနာလျှင်လည်း အတ္ထယုတ္တိရှိသည်သာဖြစ်သောကြောင့် လည်းကောင်း "ဝေရူပိံ ဝါစံ" ပါဌ်လည်း သင့်သည်။

---

### နည်းနှင့် ဥပစာ

ဓမ္မဘေရိံ စရာပန္တိ။ ။ဌာနီဖြစ်သော တရားစည်၏ ဓမ္မဘေရီအမည်ကို ဌာနဖြစ်သော စည်ထမ်းသူလူ၌ တင်လေ၊ ဌာနျူပစာ။ အဝိနာဘာဝနည်း။ ပါ+ဖြေ။ ပထမ။ ၁၆၆-ဘေရိံ စရာပေသိ-၌လည်း ရေးခဲ့ပြီ။

---

http://www.dhammadownload.com

(က) လောမေန တွံ-လ-လောမံ။ (ခ) ကိံ ပန တံ။
(ဂ) ပဗ္ဗဇ္ဇာလိင်္ဂ။ (ဃ) ကိံ ဝုတ္တံ ဟောတိ-လ-မုတ္တေဝါသိ။
ဋ္ဌ။ ၂၅၆။

### ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဂ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓဝါကျ။

### ဆင်တဲဂဏ္ဍိ ကျမ်းတက်

လောမေန၌ လောမ မှုချဟောကို နှစ်စေလို၍ လောမမိဝ လောမံ-မိန့်။ သဒိသူပစာ၊ ဝါ-ဥပမာတဒ္ဓိတ်။

ပစ္စည်းအရ အမျှားဖြစ်၍ ကိံ ပန တံ ပဗ္ဗဇ္ဇာလိင်္ဂ-မိန့်-ဆင်တဲ၊ ဂဏ္ဍိ၊ ၄ဂ၂။

ခ-ဝါကျကား အယုတ္တစောဒနာဝါကျ။ ဂ-ဝါကျကား ဝိသဇ္ဇနာ၊ ဝါ-ပရိဟာရဝါကျ။

### ဃ-ဝါကျ ကျမ်းတက်

ဥပမာဖြစ်သော လောမနှင့် ဥပမေယျဖြစ်သော ပဗ္ဗဇ္ဇာလိင်္ဂကား အဘယ်နည်း။ နှစ်ပါးပင် မထင်ဖြစ်၏တကား-ကြောင့် ယထာ နာမ စသည်မိန့်။

ယင်းအလို-ဃ-ဝါကျကား တပ္ပါကဋီကရဏ၊ ထို-၍ က-ခ-ဂ-ဝါကျကား အပါကဋ၊ ဝါ-တပ္ပါကဋီကရဏီယ။

---

### အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် လောမံပုဒ်ကို လောမမိဝ လောမံ ဟု ဥပမာတဒ္ဓိတ် ဝစနတ္တပြုရမည်-ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

ခ-ဝါကျဖြင့် လောမအရ ရဟန်း၏အဖြစ်ဟု ဆိုအပ်သောအသွင်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

---

### နည်းနှင့် ဥပစာ

(၁) အရဟဒ္ဓဇ = ရဟန္တာတို့၏ တံခွန် (မုချ)
(၂) ။ = ရဟန္တာတို့၏ တံခွန်သဖွယ်ဖြစ်သော သင်္ကန်း။
(၃) ။ = ရဟန္တာတို့၏ သင်္ကန်းမှ တပါးသောသင်္ကန်း။
(၄) ။ = ယင်းသင်္ကန်းကို ဆောင်ယူသူ၊ ဝါ-ဝတ်သူ။

E.70 B

http://www.dhammadownload.com


အရဟာဒ္ဓဇော သတ္တိ အဝဏ္ဍရုပေါ-၌ အဝဏ္ဍရုပေါ-ဟူသော သဒ္ဒန္တရိက်ကို ထောက်၍ အရဟာဒ္ဓဇ၌ ဥပစာတင်ပုံကား -

ဌာနီဖြစ်သော သက်န်း၏ အရဟာဒ္ဓဇ အမည်ကို ဌာနဖြစ်သော သက်န်း ဝတ်သူ ရဟန်း၌တင်စား၍ ဌာနဖြစ်သော ရဟန်းဝတ်သူကို အရဟာဒ္ဓဇော ဟု ဆိုသောကြောင့် ဌာနျူပစာ။ (အဝိနာဘာဝနည်း။)

† အရဟန္တမဇော အရဟန္တာနံ ဓဇဘာရကော ပုဂ္ဂလော။ ပါရာ၊ ယော။ ၁၄၁။

ယံ ပဗ္ဗဇ္ဇလိင်္ဂဘူတံ အရဟာဒ္ဓဇံ ဓာရေယိ-၌ ဥပစာတင်ပုံကား -

အတူဖြစ်သော ရဟန္တာတို့၏ တံခွန်သဖွယ်ဖြစ်သော သက်န်း၏ အရဟာဒ္ဓဇ အမည်ကို အတူရှိသော ရှင်ဓနိယ သက်န်း၌တင်စား၍ အတူရှိသော ရှင်ဓနိယ သက်န်းကို အရဟာဒ္ဓဇ ဟု ခေါ်သောကြောင့် သဒိသူပစာ။ (အရဟာဒ္ဓဇ ၂-၃ ကိုရှု၍ ဥပစာတင်သည်။)

**မှတ်ချက်။** ။၁-အရဟာဒ္ဓဇနှင့် ၂-အရဟာဓဇကိုတဝ်လျှင် အတူဖြစ်သော ံခွန်၏ ဓဇအမည်ကို အတူရှိသော သက်န်း၌ တင်လေ။ သဒိသူပစာ။ တိတ္ထိ-ဒ္ဓဇလည်း နည်းတူမှတ်။

**လောမေန။** ။အတူဖြစ်သော သိုးမွေး၏လောမေနအမည်ကို အတူရှိသော ပဗ္ဗဇ္ဇာလိင်္ဂ၌ တင်လေ။ သဒိသူပစာ။

---

(က) မနုဿာ ဥဇ္ဈာယန္တိတိ-လ-ဥဇ္ဈာယန္တိ။ (ခ) အဝဇ္ဈာယန္တိ။
(ဂ) အဝဇာနန္တာ-လ-ခြိလောကေန္တိ။ (ဃ) လာမကတော-လ-အဇ္ဈော။ ဌ။ ၂၅၆။

## ❁ အာချာတပဂနှင့် သံဝဏ္ဏနာ

ခ-ဝါကျဖြင့် ဥဇ္ဈာယန္တိ-၌- ဥ-သဒ္ဒါသည် ဥ-ဥပသာရ မဟုတ်၊ ဥဂ္ဂတော သူရိယော-၌ကဲ့သို့ အဝဥပသာရ၏ ကာရိယတည်း-ဟု သိစေသည်။ (ဥပသဂ္ဂ-ပိုင်ပဒ။ ဝါ-သန္ဒိလိင်ပဒ။) ရူပသိဒ္ဓိ၊ တဒ္ဒိပရိသုတ်ကြည့်။

ဂ-ဝါကျ၌ အဝဇာနန္တာ ဈာယန္တိ-ဖြင့် အဝဈာယန္တိ-၌ အဝ-သဒ္ဒါ သည် ဝိယောဂ ဧသော အနက်ကို မဟော။ အဓောဘာဂ၊ ဝါ-အဝမညန အနက်ကို ဟောသတည်း-ဟု သိစေသည်။

ဂ-ဝါကျ ခြိလောကေန္တိ-ဖြင့် ဈေ-ဓာတ်သည် ဥဇ္ဈာန,ဥယျန-အနက်တို့ကို မဟော။ ခြိလောကနအနက်ကို ဟောသည်-ဟု သိစေသည်။ (ဓာတွတ္ထ။)

http://www.dhammadownload.com



ဃ-ဝါကျ၌ လာမကတော-ဖြင့် အဝဇ္ဇာယန္တိ-၌ အဝ-သဒ္ဒါသည် လာမက အနက်ကိုဟောသတည်း-ဟု သိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

က-ဝါကျ၌ စိန္တေန္တိ-ဖြင့် အဝဇ္ဇာယန္တိ-၌ဈေ-ဓာတ်သည် ဥဇ္ဈာန, ဈာယန စသောအနက်ကို မဟော။ စိန္တာ အနက်ကို ဟောသတည်း-ဟု သိစေသည်၊ (ဓာတွတ္ထ။)

မှတ်ချက်။ ။ပါ၊ ဖြေ။ ပထမ။ ၄၀၂-၄၀၃-၌ အကျယ်ရေးခဲ့ပြီ၊

(က) ခိယျန္တိတိ-လ ပကာသေန္တိ။ (ခ) ဝိပါစေန္တိ-လ-ပတ္တရန္တိ။ (ဂ) ဖြဟ္မစာရိနောတိ သေဋ္ဌစာရိနော။ (ဃ) ဖြဟ္မည္တိ သေဋ္ဌဘာဝေါ။ (င) ပုရာဏာဝေါဟာရိကော-လ-မဟာအမစ္စော။ ဋ္ဌ။ ၂၅၆-၇။

## အာဘော်ဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ကထေန္တိ-ဖြင့် ခိယျန္တိ-၌ ခိ-ဓာတ်သည် ဤ၌ ကုန်ခြင်း (ခယ) အနက်ကို မဟော။ အနေကတ္ထာဟိ ဓာတဝေါ-ပရိဘာသာနှင့် အညီ ကထန အနက်ကို ဟောသတည်း-ဟု သိစေသည်။ (ဓာတွတ္ထ။)

ခ-ဝါကျ၌ ဝိတ္ထာရိကံ ကရောန္တိ-ဖြင့် ဝိပါစေန္တိ-၌ ပစ-ဓာတ်သည် ကျက်ခြင်း, ရင့်ခြင်း အနက်ကို မဟော။ အကျယ်ချဲ့ခြင်း (ဝိတ္ထာရကရဏ) အနက်ကို ဟောသတည်း-ဟု သိစေသည်။ (ဓာတွတ္ထ။)

မှတ်ချက်။ ။ဝိပုဗ္ဗ ပစ-ဓာတ်၏ ရင့်ကျက်ခြင်း အနက်ကိုသာ မဟော။ ပတ္ထရအနက်ကိုလည်း ဟောသည့်အရာကိုနှလုံးထားတော်မူ၍ အဃဋ္ဋအတ္တော-လ-ဝေဒိတဗ္ဗော-မိန့်ဟု ကျမ်းတက်သော ဆင်တဲဂဏ္ဌိ ၄၇၃-၄ နှင့် အညီ အာဘော်တည်း။ မအ္ဘသျ။ ၃၁၉-၌ကား ဝိ-သည် ဝိတ္ထာရိကာ-အနက်ကို ဟောသည်။ ပစ-ဓာတ်သည် ကရဏအနက်ကို ဟော၏-ဟု ပြလို၍ ဝိတ္ထာရိကံ စသည်မိန့်-ဟု ဆိုသည်။ ဤအလို အောက်ပါအတိုင်း အာဘော်ဖော်ပါ။

ခ-ဝါကျ၌ ဝိတ္ထာရိကံ ကရောန္တိ-ဖြင့် ဝိပါစေန္တိ-၌ ဝိ-သဒ္ဒါ၏ ဝိတ္ထာရိကာအနက်ကို ဟောသည့်ကိုလည်းကောင်း၊ ပစ-ဓာတ်၏ ကရဏ အနက်ကို ဟောသည်ကိုလည်းကောင်း သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

တနည်း။ ။ခ-ဝါကျ၌ ဝိတ္ထာရိကံ ကရောန္တိ-ဖြင့် ဝိပါစေန္တိ-၌ ဝိ-သဒ္ဒါသည် ဝိသေသ စသော အနက်၌ မဖြစ်။ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကို

http://www.dhammadownload.com



လည်းကောင်း[၁]၊ ပစိ-ဓာတ်သည် ချက်ခြင်းအနက်ကို မဟော၊ ချဲ့ခြင်းဝိတ္ထာရ အနက်ကို ဟောသည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥသည္ဝသိဂ်တ္ထ။ ၂။ ဓာတွတ္ထ။

မှတ်ချက်။ ။ပစိ ဝိတ္ထာရေ (နီတိ၊ ဓာ။ ၂၉၂)နှင့်အညီ ပစိ-ဓာတ်ကပင် ဝိတ္ထာရအနက်ဟောသဖြင့် ဝိ-သဒ္ဒါကို ဓာတွတ္ထာနုဝတ္တက ကြံရသည်။

ဂ-ဝါကျဖြင့် ဖြဟ္မ-ကို သေဋ္ဌ-ဖွင့်။ နာမလိင်္ဂတ္ထ။

ဃ-ဝါကျ၌လည်း ဖြဟ္မ ကို သေဋ္ဌ-ဖွင့်။ ဖြဟ္မုနံ့ ဘာဝေါ ဖြဟ္မည်-ဟု ဘာဝတဒ္ဓိတ်ပြု။ ဖြဟ္မ-ပုဒ်+ဏျ-ပစ္စည်း။ နာမလိင်္ဂတ္ထ။ အဘိဓာနတ္ထ။ ပစ္စယတ္ထ၊

င-ဝါကျ၌ မဟာအမစ္စော-ဖြင့် မဟာမတ္တော-သဒ္ဒါသည် အမတ်ကြီး အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။ ပရိယာယ်ပြ အဘိ-ဓေယျတ္ထလည်း ဖော်လေ။)

င-ဝါကျ၌ ဝေါဟာရေ နိယုတ္တတ္တာ-ဖြင့် ဝေါဟာရိကော-ပုဒ်ကို ဝေါဟာရေ နိယုတ္တော ဝေါဟာရိကော-ဟု နိယုတ္တတဒ္ဓိတ် ဝစနတ္ထပြုရမည်ကို လည်းကောင်း[၁]၊ ဏိက-ပစ္စည်း၏ နိယုတ္တတဒ္ဓိတ်အနက်၌ သက်သည်ကိုလည်း ကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ၊ ၂။ ပစ္စယတ္ထ။

င-ဝါကျ၌ ဝိနိစ္ဆယဝေါဟာရေ-ဝယ် ဝိနိစ္ဆယ-ဖြင့် ဝေါဟာရိကော-၌ ဝေါဟာရသဒ္ဒါသည် ပညတ္တိ ဝါကိဗ္ဗ အနက်တို့ကို မဟော၊ ဆုံးဖြတ်ကြောင်း နီတိကျမ်းကိုဟောသတည်း-ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

င-ဝါကျ၌ ဂိဟိကာလေ ဖြင့် ပုရာဏအရ လူဖြစ်ရာအခါ။ ဝါ-လူ့ဘဝကို ယူရမည်-ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

င-ဝါကျ၌ ပုရာဏော-ပုဒ်ကို ဝေါဟာရိကော-ပုဒ်၌ စပ်ရသောကြောင့် ယင်း ပုရာဏော ဝေါဟာရိကော-ဖြင့် ပုရာဏော ဝေါဟာရိကော ပုရာဏ ဝေါဟာရိကော-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

---

## နည်းနှင့် ဥပစာ

ပြယုဂ်ကား။ ။မဟာမတ္တော-တည်း။ ဤ-၌ မဟာမတ္တော-ဟူသော နည်းသည် ရဟန်းဘဝမှ ရှေး၌ဖြစ်သော လူဖြစ်ရာအခါ၌ ခေါ်ဝေါ်အပ်သော မဟာမတ္တ ဟူသောအမည်ကို ရဟန်းဝတ်သောအခါ၌ ခေါ်ဝေါ်အပ်သော ကြောင့် ဘူတပုဗ္ဗဂတိကနည်း။

မှတ်ချက်။ ။မဟာအမစ္စော၊ ဝေါဟာရိကော-ပုဒ်တို့၌လည်း နည်းတူပင် မှတ်။

---

http://www.dhammadownload.com


(က) မာဂဓောတိ မာဂဓာနံ ဣဿရော။ (ခ) သေနိယောတိ သေနာယ သမ္ပန္နော။ (ဂ) ဗိမ္ဗိသာရောတိ တဿ နာမံ။ (ဃ) ပဗ္ဗာဇေတိ ဝါ တိ ရဋ္ဌတော နိက္ခာမေတိ။ ဋ္ဌ။ ၂၅၇။

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် မဂဓာနံ ဣဿရော မာဂဓော-အ ဣဿရတဒ္ဓိတ် ဝုစနတ္ထ ပြုရမည်ကို-လည်းကောင်း[၁] ဏ-ပစ္စည်း၏ ဣဿရအနက်၌ သက်သည်ကို-လည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

ခ-ဝါကျဖြင့် သေနိကော-ပုဒ်ကို သေနာ အဿ အတ္ထီတိ သေနိကော ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း[၁]၊ ဣက-ပစ္စည်း၏ အဿတ္ထိ၌ သက်သည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

ဂ-ဝါကျကား ဘာဝတ္ထ။ ဝါ-နာမလိင်္ဂတ္ထ။ သုပ္ပိယောတိ တဿ နာမံ။ ဒီ၊ ဋ္ဌ-နှင့် တူပြီ။

ဃ-ဝါကျ၌ နိက္ခာမေတိ-ဖြင့် ပဗ္ဗာဇေတိ-၌ ပပုဗ္ဗ ဝဇ-ဓာတ်၏ ဂတိ အနက်ဟောသည်ကို-လည်းကောင်း[၁]၊ ပ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

---

(က) ပဉ္စမာသကော ပါဒေါတိ-လ ဟောတိ။ (ခ) တေန လက္ခဏေန-လ ဝေဒိတဗ္ဗော။ (ဂ) သော စ ခေါ ပေါရာဏဿ-လ ရုဒြဒါမကာဒီနံ။ (ဃ) တေနဟိ လ ပဉ္စမာသကော။ ဋ္ဌ။ ၂၃၇။

## ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

**နီလ**။ ။နတ္ထိ လော (ဒေါသော) ဧတဿ ကဟာပဏဿာတိ နီလော။ (ဧတဿ ကဟာပဏဿ-အား။ လော၊ အပြစ်ဒေါသသည်။ နတ္ထိ၊ မရှိ။)

**နီလကဟာပဏ**။ ။နီလော စ သော ကဟာပဏော စာတိ နီလ-ကဟာပဏော။

**မာသ**။ ။မမ ဣဒန္တိ မသီယတိ အာမသီယတိ ဂဏှိယတီတိ, မာသောတိ ဝုစ္စတိ။ နီတိ၊ ဓာ။ ၁၆၇။ (အသပြာဟော မာသ-သဒ္ဒါတည်း။ မာသ+ဏ။)

**ဥိနံ**။ ။ဦဟာ-ဓာတ်+ဏ-ပစ္စည်း။ ဦဟာနံ ဦနော အပုဏ္ဏော။ မောဂ်၊ ၇။ ၁၀၇။

http://www.dhammadownload.com



**ကဟာပဏ**။ ။ကရိသ ပုဒ်+ပဏ ပုဒ်။ ရိသ-ကို ဟာ-ပြု၊ ကဟာပဏ-ဟု ပြီးသည်။

† ကရိသပ္ပမာဏော ကတော ပဏော ပဏီယော ဒဗ္ဗဘေဒေါ ကဟာ-ပဏော။ ဓာန်၊ ဋီ။

---

## နည်းနှင့် ဥပစာ

**ပါရာဇိကဝတ္ထုမှို ဝါ ပါရာဇိကေ ဝါ**။ ။အစိတ်ဖြစ်သော ပါရာဇိကဝတ္ထု, ပါရာဇိကသိက္ခာပုဒ်တို့၏ ပါရာဇိကဝတ္ထုမှို ဝါ ပါရာဇိကေ ဝါ အမည်ကို အပေါင်းဖြစ်သော ပါရာဇိကဝတ္ထု, သံဃာဒိသိသ်စသောဝတ္ထုတို့၌ တင်စား၍ အပေါင်းဖြစ်သော ပါရာဇိကဝတ္ထု သံဃာဒိသိသ်စသောဝတ္ထုတို့ကို ပါရာဇိကဝတ္ထုမှို ဝါ ပါရာဇိကေ ဝါ-ဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ (ဥပလက္ခဏနည်း။)

† သံဃာဒိသေသာဒီသု ပန ဝုတ္တာရပတ္တိသုပိ တဗ္ဗတ္ထုသု စ နာနတ္တံ နတ္ထေဝ။ ဝိမတိ၊ ၁။ ၁၆၉။

---

(က) ရဇကတ္ထရဏံ ဂန္တွာတိ ရဇကတိတ္ထံဂန္တွာ။ (ခ) တဥ္ဍိ ယသ္မာ-လ-ဝုစ္စတိ။ (ဂ) ရဇကဘတ္တိကန္တိ ရဇကာနံ ဘတ္တိကံ။ (ဃ)ရဇကာ-လ-ဗန္ဓန္တိ။ (င) တတော-လ-အတ္ထော။ ၄။ ၂၅၈။

## ဝါကျခွဲနှင့် ကျမ်းထောက်

ခ-ဝါကျကား ဝိတ္ထာရ၊ ဝါ-တပ္ပါကဋီကရဏ။ ထို့-၍ က-ဝါကျကား သခ်ေပ။ (ခ-ဝါကျ၌ ကာရဏ ဖလ။ အနိယတ် နိယတ်၊ ဥတ္တမဝါကျ ခွဲလေဦး။)

### ခ-ဝါကျ ကျမ်းထောက်

ဤသို့ က-ဝါကျဖြင့် ရဇကတ္ထရဏံ အရ ခဝါသည်တို့၏ အဝတ်တို့ကို ဖြန့်ခင်းရာ ဆိပ်ကမ်းကိုယူရမည် ဟု ဖြောင်မှုပြီး၍ ယခုအခါ၌ ဆိုအပ်ပြီးသောအနက်ကိုပင် ထင်စွာပြုလိုရကား ခ-ဝါကျမိန့်။

† ဝုတ္တမေဝတ္ထံ ဝိဘာဝေန္တော အာဟ တဥ္ဍိတိ အာဒိ။ သာရတ္ထ၊ ၂။ ၁၂၃။

ဂ-ဝါကျ ပက္ခန္တရ။ က-ခ-ဝါကျ ပက္ခ။

ရဇကာ ဗန္ဓန္တိ-ကား ဝါကျာရမ္ဘ။ ထို့-၍ ဂ-ဝါကျကား အာရဒ္ဓ။

http://www.dhammadownload.com



င–ဝါကျကား ပက္ကန္တရ။ ထို–၍ ဂ–ဝါကျကား ပက္ခ။ င–ဝါကျတွင် ထေနေတ္တာတိ အတ္တောကား ဝိတ္ထာရ။ ထို–၍ တတော–လ–အဝဟရိတ္တာကား သခေပ။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

ရဇကတ္ထရဏံ။ ။ရဇကာ အတ္ထရန္တိ တ္ထောတိ ရဇကတ္ထရဏံ။ သာရတ္ထ။ ၂။ ၁၂၃။ အတ္ထရန္တိ တ္ထောတိ အတ္ထရဏံ၊ ရဇကာနံ အတ္ထရဏံ ရဇကတ္ထရဏံ ဟု ဂရုကနည်း ဝိဂ္ဂဟာလည်းပြုနိုင်သည်။

**တိတ္ထ**။ ။တရဓာတ်+ထပစ္စည်း၊ ဝါ–ထက်ပစ္စည်း။

† တရ တရဏေ, အဿ ဣတ္တံ။ ပရရူပါဒိ တရန္တိ၂ နေနာတိ တိတ္ထံ။ မောဂ်၊ ၇။ ဂဂ။ နီတိ၊ ဓာ။ ၁၅၀။

**ရဇက**။ ။ရဉ္ဇဓာတ်+ဏွုပစ္စည်း။ ရဇ္ဇေတီတိ ရဇကော။ သူစိ။

**အတ္ထရန္တိ**။ အာပုဗ္ဗ+ထရ+အံ+အန္တိ။

**ပမာဒ** = ပမဇ္ဇန် ပမာဒေါ။ သူစိ။

## အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ ရဇကတိတ္ထံ–ဖြင့် ရဇကတ္ထရဏအရ ခဝါသည်တို့၏ အခင်းကို မယူရ၊ ခဝါသည်တို့ အဝတ်ဖွပ်ခြင်းရာဆိပ်ကမ်းကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ–ဝါကျဖြင့် ရဇကတ္ထရဏံပုဒ်ကို ရဇကာ အတ္ထရန္တိ တ္ထောတိ ရဇကတ္ထရဏံ ဟု ကတ္တုအဓိနော၀ဂရ, ကတ္တုဂဗ္ဘကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်–ကို လည်းကောင်း[၁]၊ ယုပစ္စည်း၏ အဓိကရဏသာဓန၌ သက်သည်–ကို လည်းကောင်း[၂]၊ အတ္ထရဏံ၌ ထရဓာတ်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတုပဒ။

ဂ–ဝါကျဖြင့် ရဇကဘဏ္ဍိကံပုဒ်ကို ရဇကာနံ ဘဏ္ဍိကံ ရဇကဘဏ္ဍိကံ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်–ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

င–ဝါကျ၌ ထေနေတွာ–ဖြင့် အဝ•ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကို လည်းကောင်း[၁]၊ ဟရဓာတ်သည် အပနယန=ပယ်ခြင်းအနက်ကို မဟော၊ အာဒါန=ယူခြင်းအနက်ကို ဟောသည်–ကိုလည်းကောင်း[၂]၊ ယူခြင်းဟူသည် ခိုးခြင်းကိုပင် ဆိုလိုသတည်း ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတွတ္ထ။ ၃။ ဘာဝတ္ထ။

http://www.dhammadownload.com



† ဟာရ အပနယနေ။ ဟရ အာဒါနေ။ အဒိန္နံ ဟရတိ။ နီတိ၊ ဓာ။ ၁၅၃။

† ထေန ထေယျေ။ စုရာဒိ လ-ထေနေတွာ။ နီတိ၊ ဓာ။ ၃၂၁။

### ပါဠိဝိနိစ္ဆယ

**ဘဏ္ဍိကံ။ ဘဏ္ဍကံ။** ။ဘဏ္ဍံ ဧတဿ အတ္ထီတိ ဘဏ္ဍိကော။ (ကဏ္ဍ+ ဣက)ရဇကာနံ ဘဏ္ဍိကော ရဇကဘဏ္ဍိကော၊ တံ ရဇကဘဏ္ဍိကံဟုအစိတ် အပေါင်း ဝိဂ္ဂဟပြု၍ ပြီးသောကြောင့် ရဇကဘဏ္ဍိကံ ရှိသော ပါဠ်သာ သင့်သည်။

**ပဝိသန္တာ၊ ပဝေသန္တာ။ ပဝေသေန္တာ။** ။ပဝိသန္တာကား ပပုဗ္ဗ+ဝိသ ဓာတ်+အ ပစ္စည်း+အန္တပစ္စည်း။ ရဇကာဟူသော ပကတိကတ္တား၊ ပူန္နတ္တိ-ဟူသော ကြိယာတို့ကို ထောက်၍ ပဝိသန္တာဟု ကတ္တုရုပ်ဖြင့်ပြီးသော ပါဠ်သာ သင့်သည်။ ပဝေသန္တာ၊ ပဝေသေန္တာတို့ကား ကာရိုက်ရုပ်ဖြစ်၍ မသင့်။

(က) ဂေါနိသာဒိနိဝိဋ္ဌော နာမ-လ. တီကာ ဃရာနိ ကတွာ နိဝိဋ္ဌော။
(ခ) သတ္တောတိ ဗဿသတ္တသကဋ္ဌသတ္ထာဒီသု ယောဂေ၀ုစိ။
(ဂ) ဣမဿ စ သိက္ခာပဒေ-လ-ဂဟိတန္တိ ဝေဒိတဗ္ဗံ။ ဋ္ဌ။ ၂၅၉။

### အနက်ယောဇနာ

ဂေါနိသာဒိနိဝိဋ္ဌော၊ နွားတို့၏ နေ့ကုန်ရာကဲ့သို့ (ထိုထိုအရပ်၌ ၂-အိမ် ၃-အိမ်ဆောက်၍) နေကုန်ရာဖြစ်သော။ (ဂါမော၊ ရွာ။) သံဝဏ္ဏနာနှင့်အညီ အနက်ယောဇနာပုံ။

ဂ-ဝါကျ၌ ဂါမောတိ၊ ရွာဟူ၍။ (အာကာရ။) ပဏ္ဍိတေန၊ သည်။ (ကတ္တား။) ဂဟိတံ၊ ယူအပ်၏ ဣတိ၊ ဤသို့။ ပဏ္ဍိတေန၊ သည်။ ဝေဒိတဗ္ဗံ၊ သိအပ်၏-ဟု ဖြည့်စွက်၍ အနက်ယောဇနာပါ။

### ဝါကျခွဲနှင့် ကျမ်းတက်

က-ဝါကျဟွင့် ယထာ ဂါဝေါ-လ-နိသီဒန္တိ-တဝါကျ။ဧဝံ-လ-နိဝိဋ္ဌော-ဘဝါကျ ခွဲထားပါ။ ယင်းတွင် ပထမဝါကျဖြစ်၍ ဂေါ+နိသာဒိ ၂-ပုဒ်ကို ဖွင့်၍ ဒုတိယဝါကျဖြင့် နိဝိဋ္ဌော-ကို ဖွင့်သည်။ (အာဘော်နှင့် ယှဉ်ကြည့်ပါ။) သို့ဖြစ်၍ အောက်ပါအတိုင်း ဝါကျခွဲရမည်။

http://www.dhammadownload.com


က—ဝါကျတွင် ဓဝံ-လ-နိဝိဋ္ဌော—ဟူသောဝါကျကား (ဂေါနိသာဒိ ပုဒ်တို့၏ အဖွင့်ဟူသောအဖို့မှ တမျိုးတပါးသော နိဝိဋ္ဌော—ပုဒ်၏အဖွင့်ကို ပြသောကြောင့်) ပက္ခန္တရဝါကျ မည်၏။ ထို-၍ ယထာ-ဂ-နိသီဒန္တိ—ဝါကျသည် (ဂေါနိသာဒိ-ပုဒ်တို့၏ အဖွင့်ဟူသော အဖို့ကို ပြခဲ့သောကြောင့်)ပက္ခ—ဝါကျမည်၏။

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။ (ပါဠိတော်ကြည့်ပါ။)

## ဂ-ဝါကျမှတ်ဖွယ်

ယောပန ဘိက္ခု ဂါမာ ဝါ-စသော မာတိကာပါဠိတွင် ဂါမာ ဝါ ဟူသော ပါဠိအရ ရွာမှ (ပစ္စည်းဥစ္စာကို) ခိုးယူမှသာ ပါရာဇိက ကျသည်၊နိဂုံးမြို့မှ ခိုးလျှင်ကား (နိဂမာ ဝါ နဂရာ ဝါ-ဟု မဟောသောကြောင့်) ပါရာဇိက မကျ-ဟု အဓိပ္ပာယ်သက်ရောက်နေသည်။ အမှန်မှာ ပါမ-သဒ္ဒါဖြင့် (ဥပလက္ခဏနည်းအားဖြင့်) နိဂမ, နဂရ-ကိုလည်း ယူရမည်—ဟု အဋ္ဌကထာမဖွင့်ပြလျှင် ဂါမာ ဝါ-ဟု ဟောထားသော ပါဠိဝယ် သံသယဖြစ်ဖွယ်ရှိသည်။ ယင်းသံသယကို ပယ်ဖြေကာ ဗုဒ္ဓအလိုတော်ကျ ဖွင့်ပြလိုသဖြင့် ဂ-ဝါကျတက်လာရသည်။ ဤသို့ ဂါမာသဒ္ဒါဖြင့် ဆက်နွယ်ကာ စောဒနာဖွယ်ကိုပယ်ဖြေလို၍ တက်လာသောကြောင့် ဂ-ဝါကျကို ဝါကျာရမ္ဘဝါကျ (ဥပန္យာသဝါကျ) ဟု မှတ်ရမည်။ ဌပနာကိုလည်း ဂါမာ ဝါ-ဟူသော ပါဠိကိုပင် ထားရမည်။ ဂ-ဝါကျကိုထောက်၍ ခ(ဝါကျကိုကား မယှဉ်မကင်းသာသောအားဖြင့် အာရဒ္ဓ-ဟု အမည်ပေးရသည်။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ခ ဝါကျ အာရဒ္ဓဝါကျ။

## ကျမ်းတက်ပုံ

ဆရာ၊ မြတ်စွာဘုရားသည် မာတိကာပါဠိ၌ ဂါမာ ဝါ-ဟု ဟောတော်မူ၏။ သို့ ဂါမာ ဝါ-ဟု ဆိုသဖြင့် ရွာမှခိုးယူမှသာ ပါရာဇိက ကျသည်။ နိဂုံးမြို့မှခိုးလျှင်ကား ပါရာဇိကမကျ-ဟု မှတ်ရမည်လော၊ အဘယ်သို့ မှတ်ရမည်နည်း-ဤသို့-ကြောင့် ဂ-ဝါကျကိုမိန့်။

ကာ ဂ-ဝါကျဖြင့် ဤ-ဒုတိယ ပါရာဇိကသိက္ခာပုဒ်၌ နိဂုံးကို လည်းကောင်း၊ ရွာကိုလည်းကောင်း ဂါမသဒ္ဒါဖြင့် (ဥပလက္ခဏနည်းအားဖြင့်) ယူအပ်၏။ သို့ဖြစ်၍ ရွာမှခိုးယူမှသာ ပါရာဇိကကျသည် မဟုတ်။ နိဂုံး မြို့မှ ခိုးလျှင်လည်း ပါရာဇိကကျသည်သာ-ဟု ငါပြဆို၏—ဟူလို။ E.71 B

http://www.dhammadownload.com


မှတ်ချက်။ ။အကယ်၍ ဂါမာ ဝါ-အရ ယူသင့်သော ဥပစာရတ္တ (နေယျတ္တကို) ဆရာ မဆိုသော် မြတ်စွာဘုရားအား အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ ရောက်ရာ၏-ဟု ဒေါသတင်၍ တက်လျှင် လီနတ္ထရစောဒနာ တက် ဖြစ်၏။ အဓိပ္ပာယ်ပြန်ရာ၌ ဒေါသချ၍ အဓိပ္ပာယ်ပြန်လေ။

**စာစပ်ပုံ**

အနိဝိသိတ္ဝာ-ကား ၍-ဟူ၍ အနက်ပေးသောကြောင့် ကတ္ဝာ-၌ပုဗ္ဗကာလ ကြိယာဝိသေသန၊ ကတ္ဝာ ကား အပရကာလ ကြိယာဝိသေသျတည်း။

မှတ်ချက်။ ။ဥပမာန, ဥပမေယျ၊ အပြင်နေ, အပြင်စပ်၊ အတွင်းနေ, အတွင်းစပ်-ဆိုရိုးအရ ယထာ-လ-ဝံ-၏ အပြင်ဘက်(လက်ဝဲဘက်)တွင်ရှိသော အနိဝိသိတွာ-ပုဒ်ကို ဝံ-၏ အပြင်ဘက် ကတွာ-၌ စပ်ရသည်။ ယထာ-လ-နိသီဒန္တိ-ဟူသော ဥပမာနအတွင်းဘက်ရှိ နိသီဒန္တိ-ကြိယာ၌ မစပ်ရ။

† အနိဝိသိတ္ဝာတိ ပဒံ ကတ္ဝာတိ ပဒေ ပုဗ္ဗကာလကြိယာ။· ပါရာ၊ ယော၊ ၁၄၃။

---

**ဝိဂ္ဂဟနှင့် ဉာဏ်ကောက်**

နိသာဒီ။ ။နိသီဒန္တိ ဧတ္ထာတိ နိသာဒီ။ (ဧတ္ထ ဌာနေ၊ ၌။ ဂါဝေါ၊ တို့သည်။ နိသီဒန္တိ၊ နေကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ နွားတို့၏ နေကုန်ရာ၏-အဖြစ်ကြောင့်။ တံ ဌာနံ၊ သည်။ နိသာဒီ၊ နိသာဒီ မည်၏။) အဓိကရဏသာဓန။ နိပုဗ္ဗ+သဒ ဓာတ်+ဏ၊ ဝါ-ဏီ-ပစ္စည်း။

နိ-အရကား ဓာတွတ္ထာနုဝတ္တက ဥပသဂ္ဂ ရ၏။

သဒဓာတ်-အရကား နေသော နွားတို့၏ စတုဇသန္တတိရုပ် အစဉ်သည် မှချ။ အဓိကရဏတ္ထ-ကား ထိုနွားတို့၏ စတုဇသန္တတိရုပ်အစဉ်အားတပ်သော နေရာခြံပ်၏ ဥပနိဿယကောဋ္ဌ၊ ဝါ-သုတ္တန်နည်း။ ပတ္ထကပနိဿယသတ္တိသည် ဖလူပစာ။ ဏ၊ ဝါ-ဏီ-ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော နေရာခြံပ် ရ၏။

ဂေါနိသာဒီ။ ။ဂုန္နံ နိသာဒီ ဂေါနိသာဒီ။ (ဂုန္နံ၊ တို့၏။ နိသာဒီ၊ နေကုန်ရာတည်း။) ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ဂေါပုဒ်+နိသာဒီပုဒ်။

ဂေါ-အရကား နွားတို့ ခြံပ်သည် မှချ။ ယင်း နွားတို့ခြံပ်၏ နေကုန်ရာ ခြံပ်နှင့် ဌာနီ ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဂေါနိသာဒီ-ဟူသော သမာသ်ပုဒ်လုံးအရကား ထို-ဖြင့်မှတ်အပ်သော နွားတို့ခြံပ်၏ရ၏။

http://www.dhammadownload.com


**မှတ်ချက်။** ။ဂါဝေါ နိသီဒန္တိ ဧတ္ထာတိ ဂေါနိသာဒိ-ဟု လဟုကနည်း ဝိဂ္ဂြိုဟ်လည်း ဆိုနိုင်သည်။ ကိတန္တသမာသ် ကောက်နည်းအတိုင်း ကောက်လေ။

**ဂေါနိသာဒိ။** ။ဂေါနိသာဒိ ဝိယ ဂေါနိသာဒိ။ ဂေါနိသာဒိ ဝိယ၊ နွားတို့၏ နေရာကဲ့သို့တည်း။ ဣတိ၊ ထို့ကြောင့်။ ဂေါနိသာဒိ၊ ဂေါနိသာဒိ မည်၏။ ဥပမာတဒ္ဓိတ်၊ ဂေါနိသာဒိ ပုဒ်+ဏ ပစ္စည်း။

ဂေါနိသာဒိ-ဟူသော တဒ္ဓိတ်ပုဒ်အရကား နွားတို့၏နေကုန်ရာ အရပ်ရ၏။ ယင်း၏ရွာဒြပ်နှင့် ဥပမာန, ဥပမေယျအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ **ဏ**-ပစ္စည်းအရကား ထို—ဖြင့် မှတ်အပ်သော ရွာဒြပ်ရ၏။

**ဝိနိဋ္ဌော။** ။နိဝိသန္တိ ဧတ္ထာတိ ဝိနိဋ္ဌော။ (ဧတ္ထ၊ ဤ ရွာ၌။ မနုဿာ၊ တို့သည်။ နိဝိသန္တိ၊ နေကုန်၏။ ဣတိ သော ဂါမော နိဝိဋ္ဌော။) အဓိကရဏ သာဓနေ။ နိ ပုဗ္ဗ ဝိသဓာတ်+တ ပစ္စည်း။(နိ+အရ ဓာတွတ္ထာနုဝတ္တကဘောဂုဏ် ကောက်။ ဝသဓာတ်အရ ကတ္တုဋ္ဌကား လူတို့၏စတုဇသန္တတိရုပ်အစဉ်ကောက်။ ကြွင်း နိသာဒိပုဒ် အကောက်ကိုမှီး၍ ကောက်လေ။)

**ဂေါနိသာဒိနိဝိဋ္ဌော။** ။ဂေါနိသာဒိ စ သော နိဝိဋ္ဌော စာတိ ဂေါနိသာဒိနိဝိဋ္ဌော။ ဂေါနိသာဒိ စ၊ နွားတို့၏ နေကုန်ရာကဲ့သို့ ဖြစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုနွားတို့၏နေကုန်ရာကဲ့သို့ဖြစ်၏ ဟူသည်။ နိဝိဋ္ဌော စ၊ လူတို့နေကုန်ရာသည်လည်း။ ဟောတိ၊ ဟုတ်၏။ ဣတိ ဂေါနိသာဒိ-နိဝိဋ္ဌော။ ကမ္မဓာရယ်သမာသ်။ ဂေါနိသာဒိပုဒ်+နိဝိဋ္ဌပုဒ်။

ဂေါနိသာဒိ-ဟူသော ဝိသေသနပုဒ် အရကား နွားတို့၏ နေကုန်ရာကဲ့သို့ ဖြစ်ခြင်း သဒိသဘောဂုဏ်သည် မုချ။ ယင်း၏ လူတို့နေကုန်ရာ (ရွာ) ဒြပ်နှင့် ဂုဏ်ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဂေါနိသာဒိနိဝိဋ္ဌော-ဟူသော သမာသ်ပုဒ်လုံးအရကား ထို—ဖြင့် မှတ်အပ်သော နွားတို့၏ နေကုန်ရာကဲ့သို့ နေကုန်ရာဖြစ်သော လူတို့နေရာ ရွာရ၏။

**အနက်ယောဇနာ။** ။ဂေါနိသာဒိနိဝိဋ္ဌော၊ နွားတို့၏ နေကုန်ရာ အရပ်ကဲ့သို့ (လူတို့) နေကုန်ရာဖြစ်သော ရွာ။

**မှတ်ချက်။** ။ဤကား အဋ္ဌကထာနှင့် အညီ ဝိဂ္ဂဟညာသ်ကောက်ပုံတည်း။ ဝါဒန္တရကို ဆက်လက်ရှုလေ။

## ယောဇနာဝိဂ္ဂဟ

နိသာဒနံ ပတိဋ္ဌာပနံ ပဝေသနံ (တည်နေခြင်း) နိသာဒေါ။ ဂုန္နံ ဝိယ နိသာဒေါ ဧတဿာတိ **ဂေါနိသာဒိ**။ နိဝေသိယတီတိ နိဝိဋ္ဌော။ (ကမ္မသာဓ်၊ နေအပ်၏-ဟုအနက်ပေး။) ဂေါနိသာဒိ စ သော နိဝိဋ္ဌော စာတိ ဂေါနိသာဒိ နိဝိဋ္ဌော။ ပါရာ၊ **ယော**။ ၁၄၃။

http://www.dhammadownload.com


ရှင်းလင်းချက်။ ။တေသ၊ ထိုရွာအား။ ဂုန္နံ၊ တို့၏။ နိသာဒေါ ဝိယ၊ တည်နေခြင်းကဲ့သို့။ နိသာဒေါ၊ တည်နေခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ သော ဂါမော ဂေါနိသာဒိ ဟု အနက်ကြံ။ ယောဇနာအလို အသိခက်၏။ ယင်း ယောဇနာကိုမှီး၍ အောက်ပါအတိုင်းကြံလျှင် သိလွယ်မည်။

### တနည်း-ဝိဂ္ဂဟများ

နိသီဒနံ (နေခြင်) နိသာဒေါ။ (ဘာဝသာဓ်။) ဂုန္နံ နိသာဒေါ ဂေါနိသာဒေါ။ ဆဋ္ဌီတပ္ပုရိသ်။ ဂေါနိသာဒေါ ဝိယ ဂေါနိသာဒေါ။ နွားတို့၏ နေခြင်းကဲ့သို့ နေခြင်း။ ဥပမာ တဒ္ဓိတ်။ ဂေါနိသာဒေါ အဿ အတ္ထီတိ ဂေါနိသာဒီ။ ဂေါနိသာဒ ပုဒ်+အံဿတ္ထိ ဤ-ပစ္စည်း။ (အဿ၊ ထိုရွာအား။ ဂေါနိသာဒေါ၊ နွားတို့၏ နေခြင်းကဲ့သို့ နေခြင်းသည်။ အတ္ထိ၊ ၏။ ဣတိ ဂေါနိသာဒီ။) နိဝသန္တိ ဧတ္ထာတိ နိဝိဋ္ဌော။ ဂေါနိသာဒီ စ သောနိဝိဋ္ဌော-စာတိ ဂေါနိသာဒိ နိဝိဋ္ဌော- အစိတ်အပေါင်တွဲ။ ဤအလို အောက်ပါ အတိုင်း အနက်ပေး။

**ဂေါနိသာဒိနိဝိဋ္ဌော။** ။နွားတို့၏ နေခြင်းကဲ့သို့ နေခြင်းရှိသော (လူတို့) နေကုန်ရာ ရွာ။

---

## ☸ ဓာတုပစ္စယာဒိ ဝိဘာဂ

**ဝီထိ။** ။ဝိ ဓာတ်+ထိက် ပစ္စည်း။ ဣတ္ထိလိင် ဣကာရန္တ၊ ရဉ္ဇာဒိဂိုဏ်း။ ဝိယန္တိ ဂစ္ဆန္တိ တောယာတိ ဝီထိ။ မောဂ်၊ ၇။ ၉၁။

**သန္ဒိဝေသော။** ။သံရှေး+နိရှေး+ဝိသဓာတ်၊ ဏ-ပစ္စည်း။ သူစိ။

### ဝီထိသန္နိဝေသောပုဒ် မှတ်ဖွယ်

ရွှေဥမင် သျှ၊ ၃၆ဝ-ဌ်-ခရီးလမ်း လမ်းငယ်ကို နှလုံးသွင်းခြင်း အစရှိသည်၏ အစွမ်းဖြင့်-ဟု အနက်ပေးသည်။ ယင်းအလို ဝီထိယာ သန္နိဝေသော-ဟု ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ်တွဲ။ ဝီထိယာ၊ကို။ သန္နိဝေသော၊ နှလုံးသွင်းခြင်း။

မအူ သျှ၊ ၃၂၆-ဌ်ကား-ခရီး, စုဝေး၍ နေကုန်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်-ဟု အနက်ပေး၍ သန္နိပတိတွာ နိဝေသော။ ဝီထိ စ နိဝေသော စ-ဟု ဝိဂ္ဂဟပြုသည်။ ယင်းအလို သန္နိဝေသောကို သန္နိပတိတွာ နိဝေသော-ဟုလည်းကောင်း၊ ဝီထိနှင့် သန္နိဝေသကို ဒွန်သမာသ်လည်းကောင်း တွဲစပ်ရမည်ဟု ပြသည်။

http://www.dhammadownload.com



ဘာသာဋီကာ၊ ၅၃၀-၌မူ လမ်းအားဖြင့် ကောင်းစွာတည်နေခြင်း အစ ရှိသည်တို့၏အစွမ်းဖြင့်-ဟု အနက်ပေး၏။ ဤအလို ဝီထိယာ (လမ်းအားဖြင့်) သန္နိဝေသော (ကောင်းစွာတည်နေခြင်း) ဟု တတိယာ တပ္ပုရိသ်သမာသ်ကြံ။

အတ္ထနေဒမတိ။ ။သန္နိဝေသော စ သဏ္ဌာနံ(ဓာန်။ ၇၇၁)ဟူသောဓာန် နှင့် သန္နိဝေသော-စုဝေး၍နေခြင်း။ ဝါ-အသွင်သဏ္ဌာန်-ဟူသော ဓာန်၊သျှ- အနက်တို့ကိုထောက်၍ ဝီထိယာ (လမ်း၏) သန္နိဝေသော၊ (စုဝေး၍ နေခြင်း၊ ဝါ-အသွင်သဏ္ဌာန်)ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်တွဲ။ ဝီထိသန္နိဝေသာဒိဝသေန၊ လမ်း၏ စုဝေး၍နေခြင်း၊ ဝါ-အသွင်သဏ္ဌာန် အစရှိသည်တို့၏ အစွမ်းဖြင့် ဟု အနက်ပေး။ နွားများ ဟိုတစု ဒီတစု နေသကဲ့သို့ အိမ်များကို စနစ်တကျ မဆောက် ဟိုဆောက် ဒီဆောက် လမ်းအသွင်သဏ္ဌာန်ပျောက်အောင် ဆောက် ထားသော ရွာမျိုးသည် "ဂေါနိသာဒိနိဝိဋ္ဌ" မည်သည်ဟု ပြလို၍ ဝီထိသန္နိ ဝေသာဒိဝသေန အနိဝိသိတ္ဒာ-လ-နိဝိဋ္ဌော-ဟု ဖွင့်သင့်သည်ဟူလို။

မှတ်ချက်။ ။ဤ ဝီထိသန္နိဝေသောပုဒ်ကို ဤ ဝိ၊ ဋ္ဌ၊ ၁-ကျမ်း၌သာ တွေ့ရသည်။ အခြားကျမ်းများ၌ မတွေ့ရ။ (အ-ဝဂ် ပါဠိပဒ ကြည့်။)

ဃရ။ ။ဃရဓာတ် + ဏ-ပစ္စည်း။ တနည်း။ ဂဟဓာတ် + ကံအနက်၌ ဏ-ပစ္စည်း။ (ဂဟ-ကို ဃရ-ပြု။)

† ဃရ သေစနေ။ ဏော။ ဃရတိ ကိလေသ သံ တ္တောတိ ဃရံ။ ဂ'ယှတီတိ ဝါ ဃရံ။ ဂဟာဿ ဃရာဒေသော။ ဓာန်၊ ဋီ။ ၂၀၅။ သူစိ။

ဇဃ်ာ။ ။ဇနဓာတ်+ဃ-ပစ္စည်း။ န-ကို နိဂ္ဂဟိတ် ပြု။

† ဇာယတိ ဂမနမေတာယာတိ ဇဃ်ာ = ပါကျ၊ဂ်ဝိသေသော။ မောဂ်၊ ၇။ ၃၇။

သကဋ္ဌ။ ။သကဓာတ်+အဋ္ဌ-ပစ္စည်း။

† သက္ကောတိ ဘာရံ ဝဟိတုန္တိ သကဋ္ဌော=ယာနံ။ မောဂ်၊ ၇။၅၃။

ဇဃ်သတ္ထ။ ။ဇဃ်ာယ ဂတော ဝိစရိတော (လှည့်လည်သွားလာသော) သတ္ထော ဇဃ်သတ္ထော။

သကဋ္ဌသတ္ထ။ ။သကဋ္ဌေန ဂတော ဝိစရိတော သတ္ထော သကဋ္ဌသတ္ထော။

မှတ်ချက်။ ။သတ္ထ-ပုဒ် ဝိဂ္ဂဟ ဉာဉ်ကောက် ပါ+ဖြေ။ပထမ-၃၁၃- ကြည့်။

http://www.dhammadownload.com



## အာသောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဂါဝေါ တတ္ထ နိသီဒန္တိ-ဖြင့် ဂေါနိသာဒိ ပုဒ်ကို ဂါဝေါ နိသီဒန္တိ ဧတ္ထာတိ ဂေါနိသာဒိ-ဟု အဓိကရဏသာဓန ကိတန္တသမာသ် ဝစနတ္ထ ပြုရမည်-ကို လည်းကောင်း[၁]၊ (တနည်း) နိသီဒန္တိ ဧတ္ထာတိနိသာဒီ - ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်-ကို လည်းကောင်း[၂]၊ ဏ-ပစ္စည်း (ဝါ ဏီ-ပစ္စည်း) ၏ အဓိကရဏသာဓန၌ သက်သည်-ကို လည်းကောင်း[၃]၊ ဂုန္နံ နိသာဒိ ဂေါနိသာဒိ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ကို လည်းကောင်း[၄]၊ နိသာဒိ သဒ္ဒါ၏ နိပုဗ္ဗ သဒဓာတ်၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ တနည်း (၂) အဘိဓာနဋ္ဌ။ ၃။ ဒုတိယပစ္စယဋ္ဌ။
၄။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ။ ၅။ ဒုတိယဓာတုပဒ။

**ဂေါနိသာဒီ။** ။နွားတို့၏ နေကုန်ရာ (အရပ်)။

က-ဝါကျ၌ ယထာ ဝေ-ဖြင့် ဂေါနိသာဒိပုဒ်ကို ဂေါနိသာဒီ ဝိယ ဂေါနိသာဒိ-ဟု ဥပမာတဒ္ဓိတ်ဆင့်ရမည်-ကို လည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်၌ သက်သည်-ကို လည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ပစ္စယဋ္ဌ။

**ဂေါနိသာဒီ။** ။နွားတို့၏ နေကုန်ရာကဲ့သို့။

တတ္ထ တတ္ထ ဒွေ့ တယော - ဖြင့် ဂါဝေါ နိသီဒန္တိ-ဟု ဆိုရာဝယ် နွားတို့ နေပုံထိုင်ပုံကို သိစေသည်။ (ဘာဝတ္ထ။)

တတ္ထ နိဝိဋ္ဌော-ဖြင့် နိဝိဋ္ဌောပုဒ်ကို နိဝိသန္တိ ဧတ္ထာတိ နိဝိဋ္ဌော - ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်-ကို လည်းကောင်း[၁]၊ တ-ပစ္စည်း၏ အဓိကရဏသာဓန၌ သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။

က-ဝါကျ၌ ယထာ ဝေစသော ဥပမာန ဥပမေယျ ၂-ဝါကျဖြင့် ဂေါနိသာဒိ စ သော နိဝိဋ္ဌော စာတိ ဂေါနိသာဒိနိဝိဋ္ဌော-ဟု ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

ဝီထိ - လ - အနိဝိသိတွာ၊ တတ္ထ-လ-ကတွာ-တို့ဖြင့် ဂေါနိသာဒိနိဝိဋ္ဌ=ရွာ ဆိုသည်မှာ အိမ်လမ်းစသည် စနစ်တကျ တည်ထောင်ထားသောရွာမဟုတ် ဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



## နည်းနှင့် ဥပစာ

**ယော ပန ဆိက္ခု ဂါမာ ဝါ**။ ။အစိတ်ဖြစ်သောရွာကို မှတ်၍ဆိုသဖြင့် အပေါင်းဖြစ်သော ရွာ, နိဂုံး, မြို့ တို့ကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း မည်၏။

**အစိတ်ဖြစ်သောရွာ၏** ဂါမာ-ဟူသော အမည်ကို အပေါင်းဖြစ်သော ရွာ, နိဂုံး, မြို့တို့၌ တင်စား၍ အပေါင်းဖြစ်သော ရွာ, နိဂုံး, မြို့ တို့ကို ဂါမာ - ဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။

**မှတ်ချက်။** ။ဌာမသ္မိံ စ သိက္ခာပဒေ - စသော ဂ-ဝါကျ အဖွင့်ကို ထောက်၍ ဥပစာတင်သည်။

**ဂေါနိသာဒီ။** ။အတူဖြစ်သော နွားတို့နေကုန်ရာအရပ်၏ ဂေါနိသာဒီ အမည်ကို အတူရှိသော ရွာ၌တင်စား၍ အတူရှိသောရွာကို "ဂေါနိသာဒီ" ဟု ဆိုသောကြောင့် သဒိသူပစာ။ (နေယျတ္ထ၊ ရှင်း။)

---

(က) ဂါမူပစာရောတိအာဒိ အရညပရိစ္ဆေဒဒဿနတ္ထံ ဝုတ္တံ။ (ခ) ဣန္ဒခီလေ ဌိတဿာတိ-လ-အဗ္ဘန္တရိမေ ဣန္ဒခီလေ ဌိတဿ။ (ဂ) တဿ ဟိ ဗာဟိရော-လ-အရညသင်္ခေပံ ဂစ္ဆတိ။ (ဃ) ယဿ ပန ဂေဟာ၊ တဿ-လ- ဌိတဿ။ (င) ယတြာပိ ဟိ-လ- "ဣန္ဒခီလော" တိ ဝုစ္စတိ။ (စ) တေန ဝုတ္တံ "ဂါမဒ္ဒါရဗာဟာနံ ဝေမဇ္ဈေ ဌိတဿာ" တိ။ ဌ။ ၂၅၉။

## အနက်ယောဇနာ

ဣန္ဒခီလေ၊ (တံခါးခုံ ၂-ခုရှိလျှင်) အတွင်းတံခါးခုံ၊ (တံခါးခုံ တခုရှိလျှင်၊ ဝါ—တံခါးခုံ လုံးဝမရှိလျှင်) ရွာတံခါးဘောင်တို့၏ အလယ်ဟူသော တံခါးခုံ အရာ၌။

---

## ဝါကျခွဲနှင့် ကျမ်းတက်

### က-ဝါကျ လီနတ္ထရ စော်ဒနာတက်

ဆရာ၊ မြတ်စွာဘုရားသည် ဂါမာ ဝါ အရညာ ဝါ-ဟူသော မာတိကာကို ဖွင့်ရာ ပဒဘာဇနီ၌ ဂါမူပစာရော စသောစကားကို မိန့်ဆိုတော်မူ၏။ (ဝိ၊ ၁။ ၅၆-ကြည့်ပါ။) ဂါမာ ဝါ အရညာ ဝါ-ဟူသော စကားမျှကိုသာလျှင်

http://www.dhammadownload.com



မာတိကာ၌ ဟောတော်မူသောကြောင့် (ဟိတ်) ဂါမော နာမ-စသည်ဖြင့် ဂါမလက္ခဏာကို ပြပြီးနောက် အရညကိုသာလျှင် (ဝါ-အရည လက္ခဏာကို သာလျှင်)ပြသင့်ပြထိုက်သည်မဟုတ်ပါလော။(အာဘောဂ။) (ယင်းသို့ဖြစ်ပါ လျက်) အဘယ်ကြောင့် ဂါမူပစာရော-စသော စကားကို ပဒဘာဇနီ၌ ဘုရား ဟောတော်မူပါသနည်း(ပုစ္ဆာ။) အကယ်၍ ဂါမူပစာရော စသော စကားကို မဟောသင့်ဘဲလျက် ဟောတော်မူချေသော် ဂါမာ ဝါ အရညာ ဝါ-ဟူသော မာတိကာနှင့် ဂါမူပစာရော-စသော ပဒဘာဇနီတို့ ဆန့်ကျင်ခြင်းဝိရောဓိဒေါသ၊ (ပုဗ္ဗာပရဝိရောဓိဒေါသ)မြတ်စွာဘုရားအား ရောက်ရာ၏။ (ဒေါသာရောပန= ဒေါသတင်) ဤသို့ ကြောင့် က-ဝါကျကိုမိန့်။

ကား-ပဒဘာဇနီ၌ ဂါမူပစာရကို ပြအပ်သည်ရှိသော် ဂါမ, ဂါမူပစာရမှ ကြွင်းသောအရပ်သည် အရညမည်၏-ဟု တော၏ အပိုင်းအခြား (အရည-ပရိစ္ဆေဒ)ကို ပြခြင်းငှာ (တောအပိုင်းအခြားကို သိလွယ်စေရန်) မာတိကာ၌ ဂါမာ ဝါ အရညာ ဝါ-ဟုသာ ဟောခဲ့သော်လည်း ပဒဘာဇနီ၌မူ ဂါမူ-ပစာရော-စသော စကားကို ဘုရားရှင် ဟောတော်မူ၏-ဟု က-ဝါကျဖြင့် ငါဖွင့်ပြသည်ဖြစ်ရကား သင်တင်တိုင်းသော မာတိကာ ပဒဘာဇနီ ဆန့်ကျင်သော ဝိရောဓိဒေါသ (ပုဗ္ဗာပရဝိရောဓိဒေါသ) မြတ်စွာဘုရားအား မရောက်၊ ဟောထော်မူသင့်၏ ဟူလို။ သာရတ္ထ၊ ၂။ ၁၂၄။

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ခ-ဝါကျ၌ ယဿ-လ-ဣန္ဒခီလာ-ကား အနိယမ ဝါကျ။ တဿ-လ-ဋ္ဌိတဿ-ကား နိယမ ဝါကျ။ အနိယမ, နိယမ ၂-ပါးစုံသောကြောင့် ဥတ္တမ ဝါကျ။

ဂ-ဝါကျကား ယုတ္တိဒဠှီကရဏဝါကျ။ ထို-၍ ခ-ဝါကျကား ယုတ္တိဒဠှီယ ဝါကျ၊

ဝါကျကြံပုံ။ ။ပါဠိ၌ ဣန္ဒခီလေ-ဟု သာမန် ရှိသည်ကို ခ-ဝါကျဖြင့် အဗ္ဘန္တရိမေ ဣန္ဒခီလေ=အတွင်းတံခါးခုံဟုဖွင့်ရာ မည်သို့သောယုတ္တိကိုထောက်၍ ဤသို့ ဖွင့်နိုင်သနည်း-ဟု မေးဖွယ်ရှိသည်။ တံခါးခုံ ၂-ခုရှိသော ရွာ၏ အပတံခါးခုံသည် အဘိဓမ္မာနည်းအားဖြင့် တော (အရည) အရတွင် ပါဝင် သည် ဟူသော ယုတ္တိကိုထောက်၍ အတွင်းတံခါးခုံကို ဂါမ-ဟု သိနိုင်သည်။ ဤသို့သော သဘာဝယုတ္တိကိုထောက်၍ ဣန္ဒခီလေ-ကို အဗ္ဘန္တရိမေ ဣန္ဒခီလေ ဖွင့်နိုင်သည် ဟု ခ-ဝါကျကို ခိုင်မြဲစေရန် ဂ-ဝါကျ တက်လာသဖြင့် ဂ-ဝါကျကို ယုတ္တိဒဠှီကရဏဝါကျဟု ဆိုရသည်။

http://www.dhammadownload.com


ဂ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် ဣန္ဒခီလေ–အရ အတွင်းတံခါးခုံကို ယူရသောဟု ဖွင့်ပြတော်မူ၏။ ဣန္ဒခီလေ–ဟူသော (သာမန်) ဆိုသည် မဟုတ်လော။ အဘယ်ကြောင့် အတွင်းတံခါးခုံ ဟု အထူး မှတ်အပ်သနည်း။–ကြောင့် ဂ–ဝါကျမိန့်။

မှတ်ချက်။ ။ ဆင်တဲဂဏ္ဍိ၊ ၄၈၇–နှင့်အညီ ဒဋ္ဌိဝါကျကာရကဏတက်ပုံတည်း။

ဃ–ဝါကျကား ဝါကျာရမ္ဘ။ ထို–၍ ခ–ဝါကျကား အာရဒ္ဓ။ တနည်း။ ဃ–ဝါကျကား ပက္ခန္တရ။ ခ–ဝါကျကား ပက္ခ။

ဝါကျာရမ္ဘကြံပုံ

ခ–ဝါကျဖြင့် တံခါးခုံ ၂–ခု ရှိသောရွာမှ အတွင်းတံခါးခုံသည် ဣန္ဒခီလမည်၏ ဟုဖွင့်ပြခဲ့၏။ တံခါးခုံတခုသာရှိသောရွာမှာ ဣန္ဒခီလ (တံခါးခုံ) အရအဘယ်ကိုယူရမည်နည်း–မေးဖွယ်ရှိ၍ ဃ–ဝါကျ တက်လာသောကြောင့် ယင်း ဃ–ဝါကျကို ဝါကျာရမ္ဘ–ဟု ကြံ။

ပက္ခန္တရကြံပုံ

ခ–ဝါကျဖြင့် တံခါးခုံ ၂–ခုရှိသော ရွာမှာ ဣန္ဒခီလအရ ပြပြီးနောက် တံခါးခုံ ၁–ခုရှိသောရွာမှာ ဣန္ဒခီလအရကိုပြလို၍ ဃ–ဝါကျတက်လာသဖြင့် ယင်း ဃ–ဝါကျကို ပက္ခန္တရဟုကြံ။

ဃ–ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် အနုရာဓမြို့ကဲ့သို့ တံခါးခုံ ၂–ခုရှိသောရွာ၏ အတွင်းတံခါးခုံသည် ဣန္ဒခီလမည်သောဟု ဆိုတော်မူ၏။ တံခါးခုံတခုသောရှိသောရွာ၏ ဣန္ဒခီလအရ အဘယ်ကိုယူရမည်နည်း။ တံခါးခုံတခုသာရှိသောရွာ၏ ဣန္ဒခီလအရကို မပြဆိုပြီလော–ကြောင့် ဃ–ဝါကျမိန့်။

ဃ–ဝါကျ၌ ယဿ ပန ဧကောကား အနိယမ၊ တဿ–လ–ဌီတဿကား နိယမ။

င–ဝါကျကား ယုတ္တိဒဋ္ဌိကရဏ ဝါ–ကာရဏ၊ ထို–၍ ဃ–ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။ ဝါ–ဖလ။

မှတ်ချက်။ ။ ရွာ၏ ဣန္ဒခီလတခုတွင်ပင် အလယ်ဆိုသော် ဣန္ဒခီလမရှိသော ရွာ၌ အသို့ဆိုအပ်မည်နည်း–ရှိ၍ ယတြာပိ ဟိ စသည်မိန့်ဟု–ဂ၊ ဟောင်း၊ ၄၈၇–၌ ကျမ်းတက်ပြသည်။ ယင်းအလို င–ဝါကျကို ဝါကျာရမ္ဘကြံရမည်။

E.72.B

http://www.dhammadownload.com



"တံခါးခုံလုံးဝမရှိသော ရွာမှာ ရွာတံခါးဘောင်တို့၏ အလယ်ကို ဣန္ဒခီလ – ဆိုအပ်၏ဟု ဆိုသဖြင့် တံခါးခုံတခုသာရှိသောရွာမှာလည်း ရွာတံခါးဘောင်တို့၏ အလယ်ကိုပင် ဣန္ဒခီလ ယူလေဟူသော အဓိပ္ပာယ်ပြီးစီးသောကြောင့် င–ဝါကျကို ယုတ္တိဒဠှီကရဏ၊ ဝါ–ကာရဏဝါကျ" ဟုမိမိတို့ကြံသည်။ ဃ–ဝါကျဖြင့် တံခါးခုံ တခုရှိသော ရွာမှာ ရွာတံခါးဘောင် ၂–တို့၏ အလယ်သည် ဣန္ဒခီလ မည်သည်ဟုဆိုရာ အဘယ်ကြောင့် ယင်းသို့ဆိုနိုင်သနည်း၊ ယင်းသို့ဆိုနိုင်ခြင်း၏ အကြောင်းကို မပြပြီလော–ဟု မေးဖွယ်ရှိ၍ င–ဝါကျမိန့်ဟု ကာရဏတက် ကျမ်းတက်လေ။

စ–ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို–၍ င–ဝါကျကား လဒ္ဓဂုဏ်၏ ဟေတု၊ ဝါ–ကာရဏဝါကျ။

ရှင်းလင်းချက်။ ။ တေန ဝုတ္တံ–ဟု တွေ့လျှင် (၁) အာဂမဒဠှီလား (၂) နိဂုံးလား (၃) လဒ္ဓဂုဏ်လား ဟု သုံးမျိုး ကြံဖွယ်ရှိရာတွင် င–ဝါကျ၌ ဟိ–ယသ္မာ လှန်၍ မူလဝါကျ (အရင်းခံ) ဖြစ်သော ဃ–ဝါကျသို့ပြန်စပ်။ တဖန်နောက်ဌာန (နောက်ဌာန်) ဖြစ်သော စ–ဝါကျ၌စပ်။ အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။ "အကြောင်းဟိမှန်၊ အရင်းပြန်၊ နောက်ဌာန်လဒ္ဓဂုဏ်" ဟူသောဆိုရိုးစကားအရ နောက်ဌာန (နောက်ဌာန်) ဖြစ်သော စ–ဝါကျကို လဒ္ဓဂုဏ်ဟု ကြံသည်။ င–ဝါကျ ကာရဏ။ စ–ဝါကျ ဖလ–ဟုလည်း ကြံနိုင်သည်။

---

❀ ဝိဂ္ဂဟနှင့် ဉာသ်ကောက်

အရညသခေ်ပ။ ။ အရညန္တိ သခေ်ပေါ အရည သခေ်ပေါ၊ အရညန္တိ၊ တော ဟူ၍။ သခေ်ပေါ၊ ရေတွက် သတ်မှတ်ခြင်း။ ဒွန္ဒာနာကမ္မဓာရယ်သမာသ်။ အရညပုဒ်+သခေ်ပပုဒ်။

အရည–အရကား တောဒြပ်သည် မုချ။ ယင်းတောဒြပ်၏ ရေတွက်ဘာတ် မှတ်ခြင်းကြိယာနှင့် ဝိသေသန ဝိသေသျအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဌာနူပစာ။ အရညသခေ်ပ ဟူသော သမာသ်ပုဒ်လုံးအရကား ထို–ဖြင့် မှတ်အပ်သော တော ဟု ရေတွက်သတ်မှတ်ခြင်းရ၏။

မှတ်ချက်။ ။အရညသခေ်ပ၊ တောဟု ရေတွက်အပ်သည်အဖြစ်သို့ ဟု သခေ်ပပုဒ်ကို ကမ္မသာဓန ဘာဝပုတန၊ ဝါ–ဘာဝလောပလည်း ကြံနိုင်သည်။ သင်္ဂဟ ပုဒ်ကဲ့သို့မှတ်။

အရည သခေ်ပန္တိ အရညန္တိ ဂဏနံ၊ ပါရာ၊ ယော။ ၁၄၃။

http://www.dhammadownload.com


## ဓာတုပစ္စယာဒိဝိဘာဂ

**အရည** ။အရဓာတ်+အညပစ္စည်း။

† အရိယတော ဂမျတေတိ အရညံ=ဝနံ။ မောဂ်။ ၇။ ၅၁။

**ဠူနခိလ**။ ။ဠူနသဒ္ဒူပပဒ+ခိပဓာတ်။ ပ-ကို လ-ပြု။တနည်း။ ဠူနပုဒ်+ခိလ-ပုဒ်။

† ဠူနေ့ဝ (သိကြားမင်းသည်သာလျှင်) ပါဒ့် ခိပတိ တ္ထော (ဤတံခါးခုံ၌) တိ ဠူနခိလော(သိကြားမ၀ိး၏ ခြေချရာဟူလို။)ခိပ ပေရဏေ ပဿလော။ အထဝါ ဠူ ဂမနံ.ဒဒါတီတိ ဠူနေ့ဝ၊ ဒွါရံ (တံခါးရဏ်။) တတ္ထ ဌပိတောခ်လော ကဏ္ဍကော ဠူနခိလော။ ဓာန်၊ ဋီ။ ၂၂၀။

**ပါဌဝိနိစ္ဆယ**။ ။ဠူနခိလ၊ ဠူနခိလ-ဟု ၂-မျိုးရှိရာ အထက်ပါ ဓာန်၊ ဋီကိုထောက်၍ ပထမပါဌ်သင့်ကြောင်း ဆုံးဖြတ်ပါ။

**အဗ္ဘန္တရ**။ ။ပါဠိပဒိကပုဒ်၊ တနည်း။ ။အဘိ+အတိ ဓာတ်+အရ ပစ္စည်း။

† ဒွယံ အဗ္ဘန္တရဝါစကံ ပါဠိပဒိကံ။ အထဝါ အတိ ဗန္ဓနေ အရော ဓာတွတ္ထာနုဝတ္တကော အဘိ။ ဓာန်၊ ဋီ။ ၇၇၁။

**အဗ္ဘန္တရိမ**။ ။အဗ္ဘန္တရ+ဣမ။ ဇာတတဒ္ဓိတ်။

**ပုရ**။ ။ပုဓာတ်+ရပစ္စည်း၊ ဝါ-ပုရဓာတ်+အပစ္စည်း။

† ပု ပါလနေ၊ ပုရ ပါလနေတိ စ။ ပုနာတိ ပုရေတိ စ ပရစက္ကာ ဒုဂ္ဂတာယာတိ ပုရံ။ ရော။ အ စ။ ပုရ အဂ္ဂဂမနေတိပိ ဓာတွတ္ထော။ ဓာန်၊ ဋီ။ ၁၉၉။

**ဗာဟိရ**။ ။ဗဟိပုဒ်+ဣရဏ်ပစ္စည်း။ ဗဟိ ဇာတော ဗာဟိရော။ ဓာန်၊ဋီ။ ၇၀၃။

**ဗာဟာ**။ ။ဝဟဓာတ်+ဏပစ္စည်း။ ဝဟန္တိ တေယာတိ ဗာဟာ။ သူစိ။

**ဝေမဇ္ဈ**။ ။ဝိ ပုဗ္ဗ+မဇဓာတ် (သံသုဒ္ဓိယံ)+ဈပစ္စည်း။ ဓာန်၊ ဋီ။ သူစိ။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် မာတိကာပါဠိ၌ ဂါမာ ဝါ-ဟုသာဒေသနာတော်လည်း ဂါမ၊ ဂါမူပစာရမှကြွင်းသောအရပ်သည် အရညမည်၏ဟု အရည=ဝါ-တော်အပိုင်အခြားကိုပြလို၍၊ ဝါ-ပြခြင်းငှာ ဂါမူပစာရော စသော ပဒဘာဇနီကို ဘုရားဟောတော်မူ၏ဟု သိစေသည်။ သို့သိစေသဖြင့်မာတိကာ၌-ဂါမာဝါ သဒ္ဒါဖြင့်

http://www.dhammadownload.com


ဂါမူပစာရကိုလည်း ယူရမည်ဟု ထပ်ဆင့်သိစေသည်။ (ဘာဝတ္ထု။) ဋီကာ အာဘော်။

ခ–ဝါကျ၌ တဿ အ ဇ္ဈတ္တ ရိမေ ဣန္ဒခီလေ–တံခါးခုံ ၂–ခုရှိသောရွာမှာ အတွင်းတံခါးခုံကို ဣန္ဒခီလအရ ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဃ–ဝါကျ၌ တဿ ဂါမဒွါရ ဗာဟာနံ ဝေမဇ္ဈေ–ဖြင့် တံခါးခုံ တခုသာ ရှိသော ရွာမှာ ရွာတံခါးဘောင်တို့၏ အလယ်ကို ဣန္ဒခီလအရ ယူရမည်ဟု သိစေ သည်။ (အဘိဓေယျတ္ထ။)

င–ဝါကျ၌ တတြ–လ–ဝုစ္စတိ–ဖြင့် တံခါးခုံမရှိသောရွာမှ ရွာတံခါးဘောင် တို့၏ အလယ်ကိုပင် ဣန္ဒခီလအရ ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

မှတ်ချက်။ ။ တံခါးဘောင်မရှိသော ရွာမှာ ခြံစည်းရိုးနှစ်ဘက်စွန်း (သို့) တံတိုင်း ၂–ဘက်စွန်းအလယ်ကို ဣန္ဒခီလအရ ယူရမည်–ဟု သာရတ္ထဋီကာ ဆရာက အဌကထာစကားကြွင်းကို ဆက်၍ဖွင့်သည်။

㊎ နည်းနှင့်ဥပစာ

ဂါမာဝါ။ ။ အစိတ်ဖြစ်သော ရွာ၏ ဂါမ–ဟူသောအမည်ကိုအပေါင်း ဖြစ်သော ရွာ, ရွာ၏ဥပစာတို့၌ တင်စား၍ အပေါင်းဖြစ်သော ရွာ, ရွာ၏ ဥပစာတို့ ကို 'ဂါမ'ဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ–အဝယဝူပစာ။ (ဥပလက္ခဏနည်း။)

မှတ်ချက်။ ။ က–ဝါက အဖွင့်ကို ထောက်၍ ဂါမာဟူသော မာတိကာ ပါဠိ၌ ဥပစာတင်ပုံတည်း။ ဣမသ္မိံ့ သိက္ခာပဒေ ဝါကျထောက်၍ ဥပစာကြံပုံကို သတိပြု။

မာတိကာယံ (ဂါမာဝါ–ဟူသောမာတိကာ–၌) ပန ဂါမဂ္ဂဟဏေ–နေဝ ဂါမူပစာရောပိ သင်္ဂဟိတောတိ ဒဋ္ဌဗ္ဗံ။ သာရတ္ထ၊ ၂။ ၁၂၄။

ဣန္ဒခီလေဌိတဿ။ ။ အပေါင်းဖြစ်သော အတွင်းတံခါးခုံ အပြင်တံခါးခုံ တို့၏ 'ဣန္ဒခီလေ' ဟူသောအမည်ကို အစိတ်ဖြစ်သော အတွင်းတံခါးခုံ၌ တင်စား ၍ အစိတ်ဖြစ်သော အတွင်းတံခါးခုံကို 'ဣန္ဒခီလေ' ဟု–ဆိုသောကြောင့် ဧကဒေ သျူပစာ၊ ဝါ–သမုဒါယူပစာ။ (နေယျတ္ထ။ ရုဠှီ။)

မှတ်ချက်။ ။ ခ–ဝါကျ၌ အ ဇ္ဈတ္တ ရိမေ–ဟူသောအဖွင့်ကိုထောက်၍ ဥပစာ တင်သည်။

တနည်း–ဣန္ဒခီလေ ဌိတဿ။ ဌာနီဖြစ်သော တံခါးခုံ၏ ဣန္ဒခီလအမည် ကို ဌာနဖြစ်သော ရွာတံခါးဘောင်တို့၏ အလယ်အရပ်၌ တင်စား၍ဌာန

http://www.dhammadownload.com


ဖြစ်သော ရွာတံခါးဘောင်တို့၏ အလယ်အရပ်ကို ‘ဣန္ဒခီလ’ ဟု ဆိုသောကြောင့် ဌာနန္တူပစာသဒ္ဒါ။ (အဝိနာဘာဝနည်း။)

မှတ်ချက်။ ။ ၄–ဝါကျသံဝဏ္ဏနာကိုထောက်၍ ဥပစာတင်သည်။

‘ဝေမဇ္ဈမေဝ ဣန္ဒခီလောတိ ဝုစ္စတီ’တိ ဣန္ဒခီလဌာနီယတ္တာ အဲသတိပိ ဣန္ဒခီလေ ဝေမဇ္ဈမေဝ တထာ ဝုစ္စတိ။ သာရတ္ထ၊ ၂။ ၁၂၄။

---

(က) မဇ္ဈိမဿာတိ ထာမမဇ္ဈိမဿ။ နော ပမာဏမဇ္ဈိမဿ။

(ခ) နေဝ အပ္ပထာမဿ။ န မဟာထာမဿ။ မဇ္ဈိမထာမဿာတိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၂၅၉။

◉ အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျသံဝဏ္ဏနာဖြင့် မဇ္ဈိမ–အရ အတိုင်းအတာပမာဏအလယ်အလတ်ကိုမယူရ၊ အားအလယ်အလတ်ကယူရမည်–ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

မှတ်ချက်။ ။ ယင်းဖြင့် မဇ္ဈိမဿ–၌ ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာရသည်ကို ပြသည်။

ခ–ဝါကျကား ပဒပိဏ္ဍတ္ထ အကျယ်ပြ ဝိတ္ထာရ၊ ထို–၍ က–ဝါကျကား သခေ်ပဝါကျ။

အနက်ယောဇနာ။ ။ မဇ္ဈိမဿ၊ အားလျစ်လျူရှိသော (အားအလယ်အလတ်ရှိသော။) ပုရိသသဉ်စပ်။

---

(က) လေဍ္ဍုပါတောတိ ၁။ ယထာ မာတုဂါမော ကာကေ–လ ခိဂတိ။ ၂။ ယထာ စ –လ–ခိပန္တိ။ ဇဝ် အခိပိတွာ။ ၃။ ယထာ တရုဏမနုဿာ–လ–ဇဝံ ခိတ္တဿ လေဍ္ဍုဿ ပတနဋ္ဌာနံ။ (ခ) ပတိတော ပန ယတ္ထ ပဋ္ဌတိ။ တံန ဂဟေတဗ္ဗံ။ ဋ္ဌ။ ၂၅၉။

◉ အနက်ယောဇနာ

လေဍ္ဍုပါတော။ ။ (ပစ်အပ်သော) ခဲ၏ကျရာအရပ်သည်။ လေဍ္ဍုပါတော၊ (ကျီးချောက်သောအမျိုးသမီး ခဲပစ်သကဲ့သို့လည်းကောင်း၊ ဥဒကုက္ခေပသိမ်၌ ရေကို ပစ်သကဲ့သို့လည်းကောင်း။ မပစ်ပဲနပျိုသော ယောကျ်ားတို့သည် အားအစွမ်းပြလျက် လက်ရုံးကိဆန့်ကာ ခဲပစ်သကဲ့သို့ ပစ်အပ်သော) ခဲ၏ကျရာအရပ်သည်။ (ပါမှ ပစာရောနမပြန်ပေ၊)

http://www.dhammadownload.com



### ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝါကျာ်ရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဗ္ဗ ဝါကျ။

### ခ-ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် လေဋ္ဌုပါတဟူသည် ပစ်အပ်သော ခဲကျရာအရပ်တည်း-ဟု ဆိုတော်မူ၏။ ခဲရောက်ရာဖြစ်သော အရပ်ဟူသမျှသည် ဂါမူပစာရမည်လော၊ (မဒ္ဒ၊သျ။ အာဘော်။) ကျသောခဲ၏ လိမ့်သွားရာ အရပ်ကို လေဋ္ဌုပါတဟုပင် ယူအပ်ပါသလော၊ (န ဂဟေတဗ္ဗံ-၌ န-ကို ပယ်၍ အာဘော်ပြုသည်။) အဘယ်သို့မှတ်ရမည်နည်း-ကြောင့်-ခ-ဝါကျမိန့်။

ကား-ခ-ဝါကျဖြင့် ကျသောခဲ၏လိမ့်သွားရာအရပ်ကို လေဋ္ဌုပါတ-ဟု မယူရဟု ငါပြဆို၏-ဟူလို။

က-ဝါကျတွင် ၁- ဝါကျကား အခိပိတ္ဗာ-၏ ဉပမာနတစ်မျိုးကို ပြ။ ၂-ဝါကျသည်လည်း ယင်းအခိပိတ္ဗာ-၏ ဉပမာနတစ်မျိုးကိုပြသည်။ သို့ဖြစ်၍ ၂-ကား ပက္ခန္တရ။ ၁-ကား ပက္ခ။

၃-ကား ခိတ္တဿ-၏ ဉပမာနဝါကျတည်း။

---

### ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

**ပါတော။** ပတတိ တ္တောတ် ပါတော။ (တ္တေဋ္ဌာနေ၌။ ပေ-ဍ္ဍု၊ သည်။ ပတတိ၊ ကျ၏။ ... ဘိ တံ ပါတော။)

**လေဋ္ဌုပါတော။** လေဋ္ဌုဿ ပါတော လေဋ္ဌုပါတော။ လေဋ္ဌုဿ၊ ၏။ ပါတော၊ ကျရာဘည်း။ ဣတိ လေဋ္ဌုပါတော။ ဆဋ္ဌီကပ္ပုရိသ်သမာသ်။ လေဋ္ဌုပုဒ်+ပါတပုဒ်။

လေဍ္ဍု-အရကား(မျိုရွယ်သောသူတို့ မိမိခွန်အားဗလကို ပြကြွလျက် သက်ရှုံးဆန့်တန်းကာ ခဲပစ်သကဲ့သို့) ပစ်အပ်သော ခဲခြပ်သည် မုချ။ ယင်း၏ကျရာ အရပ်နှင့် ဌာနီ ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။လေဋ္ဌုပါတ အရကား ခဲ၏ကျရာအရပ် ရ၏။ (အဋ္ဌကထာဖွင့်ကြည့်ပါ။)

---

### ဓာတုပစ္စယာဒိဝိဘာဂ

**ကာက။** ကာဓာတ်+က-ပစ္စည်း။

† ကာယတိ သဒ္ဒံ ကရောတီတိ ကာကော=ဝါယသော။ မောဂ်၊၇။၁၄။

http://www.dhammadownload.com



ဥဇု။ အရဓာတ်+ဇု–ပစ္စည်း။ အရ၌ အ–ကို ဥ–ပြု။ (သွတ္တ၌ က–ပစ္စည်း သက်၍ ဥဇုက ပြီး၏။)

အရတိ အကုဋိလဘာဝေန ပဝတ္တတီတိ ဥဇု=အဝင်္ကော။ မောဂ်၊၇။ ၄၅။

ပုတိတော။ ကျရာအရပ်မှ–ဟု အနက်ပေးသော ရှေ့ဥမင်သျှအလို။ ပတိ (=ပတ+က္က)+တော–ပစ္စည်း။

ပတိတော၊ ကျသော။ လေဍ္ဍု၊ ခဲသည်–ဟု အနက်ပေးသော မအူသျှအလို ပတဓာတ်+တ–ပစ္စည်း။ က္က–အာဂုံ။

## အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ လေဍ္ဍုသဒ္ဒာ ပတနဋ္ဌာန်–ဖြင့် ပါတောပုဒ်ကို ပတတိ ဧတ္ထာတိ ပါတော–ဟု အဓိကရဏသာဓ်ဝစန တ္တပြုရမည်–ကိုလည်းကောင်း၊[၁] က–ပစ္စည်း၏ အဓိကရဏသာဓ်အနက်၌သက်သည်–ကိုလည်းကောင်း၊[၂] ပါတ–အရဋ္ဌာနကို ယူရမည်–ကို လည်းကောင်း [၃]၊ လေဍ္ဍုနှင့် ပါတကို လေဍ္ဍုဿပါတော–ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္တ ပြုရမည်–ကိုလည်းကောင်း၊[၄] သိစေသည်။

၁။ အဘိဓာနတ္တ။ ၂။ ဒုတိယပစ္စယတ္တ။

၃။ အဘိမေယျတ္တ။ ၄။ အဘိဓာနတ္တ။ သမာသလိင်္ဂတ္တ။

## ပါဠိဝိနိစ္ဆယ

လေဍ္ဍု။လေဍ္ဍု။ လေဍ္ဍုတ္တော မတ္တိကာ ခဏ္ဍော။ (ဓာန်။ ၄၄၇) ဆိုသောကြောင့်လည်းကောင်း၊ ဓာန်ငြို သူစိတို့၌ လေဍ္ဍုဓာတ်+ဥ–ပစ္စည်းဖြင့် ရုပ်ပြီး ပြသောကြောင့်လည်းကောင်း'လေဍ္ဍု' ပါဠ်သင့်။

ဝိဂ္ဂဟ။ ။ လေဍ္ဍု သံဃာတေ ဥ–ဟု ဓာန်၊ ငြို၊ သူစိ။ အဋ္ဌ၊ သာ၊ ယော–တို့၌ဆိုသည်။ သံဃာတ–ကို သံ+ဟနဓာတ်ကြံ၍ ညှဉ်းဆဲခြင်း အနက်ဟောယူ ကာ 'လေဍ္ဍန္တိ ဟိ သန္တိ ဧတေနာတိ လေဍ္ဍု' ဟု ဝိဂ္ဂဟကြံသင့်၏။ ဓာန်၊ ငြိစသည် တို့၌ကား ယင်းလေဍ္ဍုပုဒ်၏ဝိဂ္ဂဟကို မတွေ့ရ။

လုဍိတွာ။ ။ လုဍီတွ။ လုဋ္ဌိတွာ။ ။ လိမ့်ခြင်း ပရိဝတ္တန အနက်ဟော ရာ၌ လုဍဓာတ်မရှိသောကြောင့် လုဋိတွာ ပါဠ်မသင့်။ လောမာနိ လုဉ္စိတွာ (=အမွေး တို့ကိုနုတ်၍) ဟူသောပုံစံကိုထောက်၍ လုဥ္စဓာတ်သည် နုတ်ခြင်းအနက်သာဟော နိုင်သည်။ လိမ့်ခြင်းအနက်ကို မဟောနိုင်၊ သို့ဖြစ်၍ လုဋ္ဌိတွာပါဠ်လည်း

http://www.dhammadownload.com


မသင့်။ သဒ္ဒရတ္တာ၊ ၂။ ၁၂၄-၌ လုဠိတ္တွာတိ ပရိဝတ္တေတွာ-ဟု ဖွင့်သည်။ ယင်း ပရိဝတ္တနအနက်ကို လုဠဓာတ်က ဟောသည်။ ဤသို့ဖြစ်၍ လုဠိတွာရှိသောပါဌ်သာ သင့်သည်။

ဥဋ္ဌာပေန္တော။ ဥဋ္ဌာပေန္တော၊ ဥပုဗ္ဗ ဌိဓာတ်ကား ဝေဟာသံဂတိ=ကောင်း ကင်ပျံသွားခြင်းအနက်ကို ဟောသည်။ (နီတိ၊ ဓာတု။ ၅၇။) ယင်းဓာတ်နောင် ဏာပေပစ္စည်း+အန္တပစ္စည်းသက်၊ ဥ-ဥပသာရနောက်၌ ဒွေဘော်လာ၍ ဥဋ္ဌာ- ပေန္တောပြီးသည်။ ဥဋ္ဌာပေန္တော၊ ပျံစေသောဟုအနက်ယောဇနာ။ ဤသို့သော သဒ္ဒယုတ္တိ အတ္ထယုတ္တိကိုထောက်၍ "ဥဋ္ဌာပေန္တော" ပါဌ် သင့်သည်။

ဥဋ္ဌာပေန္တော-ပါဌ်ရှိလျှင် ဥပုဗ္ဗ ဌာဓာတ် + ဏာပေပစ္စည်း + အန္တပစ္စည်း။ ဥဋ္ဌာပေန္တော၊ ထစေသော-ဟု အနက်ပေး။ ဤသို့သော သဒ္ဒယုတ္တိ အတ္ထယုတ္တိကို ထောက်၍ "ဥဋ္ဌာပေန္တော" ပါဌ်လည်းသင့်သည်။ ယင်းပါဌ် ၂-မျိုးတွင် ပထမ ပါဌ်ကား ယုတ္တတရပါဌ် (အကောင်းဆုံးပါဌ်) ဖြစ်သည်။

---

### ❁ နည်းနှင့် ဥပစာ

▸ လေဍ္ဍုပါတ (လေဍ္ဍုပတနဋ္ဌာန)။ ။အစိတ်ဖြစ်သော ပစ်အပ်သော ခဲကျ ရာအရပ်၏ လေဍ္ဍုပါတ (လေဍ္ဍုပတနဋ္ဌာန) အမည်ကို အပေါင်းဖြစ်သော ပစ်အပ်သောခဲကျရာအရပ်၏အတွင်း၌ တင်စား၍ ပစ်အပ်သောခဲကျရာအရပ်၏ အတွင်းကို လေဍ္ဍုပါတ (လေဍ္ဍုပတနဋ္ဌာန) ဟု ဆိုသောကြောင့် ဧကဒေသူ ပစာ၊ ဝါ-အဝယဝူပစာ။

မှတ်ချက်။ ။တတော အညဿ လေဍ္ဍုပါတဿ အဗ္ဘန္တရံ ဂါမူပစာရောေ နာမ-ဟူသော လာလတ္တံ့အဖွင့်နှင့် ကင်္ခါ၊ ၁၁၅-အလားတူ အဖွင့်တို့ကို ထောက်၍ ယင်းသို့ ဥပစာကြံသည်။

---

(က) ယဋ္ဌေတံ လ—ဝိရုဒ္ဓမိဝ ဒိဿတိ။ (ခ) ပါဠိယံ ဟိ—လ— တွေကမေဝ ဝုတ္တံ။ (ဂ) အဋ္ဌကထာယံ ပန-လ-ဝုတ္တောတိ?။ (ဃ) ဝုစ္စတေ။ (င) သစ္စမေဝ ပါဠိယံ ဝုတ္တံ—လ—ဂဟေတဗ္ဗံ။ ဋ္ဌ။ ၂၆၀။

### ❁ အနက်ယောဇနာ

စ၊ ဆက်။ သော အဓိပ္ပါယော၊ ကို။ အဋ္ဌကထာစရိယာနမေဝ၊ တို့သည်သာ လျှင်။ ဝိဒိတော၊ သိအပ်၏။ တနည်း။ သော အဓိပ္ပါယော၊ သည်။ အဋ္ဌကထာ စရိယာနမေဝ၊ တို့အားသာလျှင်။ ဝိဒိတော၊ ထင်ရှား၏။

E.73 A

http://www.dhammadownload.com

† အဋ္ဌ။ ပ။ ဝါထိပဒံ ဝိဒိတောတိပဒေ သမ္ဗန္ဓနီ။ ပါရာ၊ ယော။ ၁၄၄။

ဝုစ္စတေ။ ။တွေ့ ဋ္ဌာနေ၊ ဤဂါမူပစာရကိုဆိုရာ၌။ စောဒနာယ၊ ယင်္ဓတွတ်စသော စောဒနာစကားအား။ ပရိဟာရော မယာ ဝုစ္စတေ။ (ပါ+မြေ-ပထမ-၅၇၇-ကြည့်)

## ❀ ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဂ ၂-ဝါကျကား (ပါဠိတော်၌ ဤသို့ဤပုံဆို၍ အဋ္ဌကထာ၌ ဤနယ်ဖွင့်သည်ဟု ပါဠိတော်နှင့်အဋ္ဌကထာ ဆန့်ကျင်ပုံ အခြင်းအရာ=ဝိရုဒ္ဓါကာရကို ဖွင့်ပြသောကြောင့်) ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သခေပ။

### ခ-ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် မဟာအဋ္ဌကထာ၌ ဆိုအပ်သောစကားသည် ပါဠိတော်နှင့် ဆန့်ကျင်သကဲ့သို့ ထင်သောဟုဆို၏။ ပါဠိတော်နှင့် မဟာအဋ္ဌကထာစကားဆန့်ကျင်ပုံ(ဝိရုဒ္ဓါကာရ) ကို မပြပြီလော။ပါဠိတော်နှင့် အဋ္ဌကထာစကား ဆန့်ကျင်ပုံ (ဝိရုဒ္ဓါကာရ)ကားအဘယ်နည်း-ကြောင့် ခ-ဂ ၂-ပါကျမိန့်။

† ပါဠိယံ ဟီတိအာဒိ ဝိရုဒ္ဓါကာရဒဿနံ။ ပါရာ၊ ယော။ ၁၄၄။

### တနည်းဝါကျကြံပုံ

က-ဝါကျ၌ ကသ္မာတပ်။ ဟိကို ယသ္မာလှန်။ ဝုတ္တောတိ၌ ဣတိကို တသ္မာပြန်၍ အကြောင်းအကျိုး အရင်းအဖျား အပြန်အလှန် အနက်ယောဇနာကြည့်လျှင် ခ-ဂ-၂-ဝါကျကား ကာရဏဝါကျဖြစ်ကြောင်း ထင်ရှားပါလိမ့်မည်။

ခ-ဂ-၂-ဝါကျကား ကာရဏ။ ထို-၍ က-ဝါကျကား ဖလ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို ၍ ခ-ဝါကျကား ပက္ခ။

က-ခ-ဂ-ဝါကျကား ပုစ္ဆာ၊ ဝါ-စောဒနာဝါကျ။ ဃ-င-ဝါကျကား ပရိဟာရဝါကျ။

င-ဝါကျကား ပဋိညာတဗ္ဗဝါကျ။ ထို-၍ ဝုစ္စတေကား ပဋိညာဝါကျ။ (ပရိဟာရပါဒကဝါကျ။)

င-ဝါကျတွင် သစ္စမေဝ ပါဠိယံဝုတ္တံ-ဖြင့် ဃရူပစာရေ-လ-လေဍ္ဍုပါတော-ဟူသော သဒ္ဒါမှန်ကန်ပါသည်ဟု ဝန်ခံသော အဘျုပဂမပရိဟာရတည်း။

* သစ္စံ အာမ၊ ဝန်ခံပြ၍၊ ဖြေရတုံရှောင်း၊ ကြောင်းကျိုးနှစ်စု၊ တခုခုကို၊ ဟုတ်မှုဟုတ်ရာ ဝန်ခံသော်။

173 B

http://www.dhammadownload.com



† န နဝတ္တဗ္ဗံ၊ သစ္စံခ်တွေ၊ လိုက်၍ဖြေက၊ အဘျူပဂမဟု ပရိဟာရ အမည်ပေးလေသတည်း။ (ဘုရားကြီး)

၄-ဝါကျတွင် အစိပ္ပာယော ချီသော ဝါကျ၌သော စ ချီသောဝါကျတို့ကား ဝါကျာရမ္ဘသာ။

တသ္မာ-လ-ဂဟေတဗ္ဗံ-ကား လဒ္ဒဂုဏဝါကျ။

ထိုတသ္မာ ချီသော ဝါကျတွင် ယထာ-လ-ဂဟိတံကာ- ဥပမာနဝါကျ။

ဧဝံ-လ-ဂဟေတဗ္ဗံကား ဥပမေယျဝါကျ။

---

## ဝိဂ္ဂဟနှင့် ညာသ်ကောက်

တွေကံ။ တေံ ပရိမာဏ မဿာတိ တွေကံ။ အဿ ဝစနဿ၊ ထို ဃရူပစာရေ စဒ့သာစကားအား။ တေံ ပရိမာဏံ၊ ဤ ဃရူပစာရေ၌တဿ မဇ္ဈိမဿ ပုရိသဿ လေဍ္ဍုပါတော-ဟူသော အတိုင်းအရှည် ပမာဏသည်။ အတ္ထိ၊ ၌။ ဣတိ တံ ဝစနံ တွေကံ။ ပရိမာဏတဒ္ဓိတ်။ တေပုဒ်+တ္တကပစ္စည်း။

တေ-အရကား ဤ ဃရူပစာရေ-လ-လေဍ္ဍုပါတော-ဟူသော အတိုင်းအရှည်ပမာဏသည် မုချ။ ယင်း၏ ဃရူပစာရေ-လ-လေဍ္ဍုပါတော-ဟူသော စကားဖြပ်နှင့် ပမာဏ ပမာဏဝန္တအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစား တ္တကပစ္စည်းအရကား ထို ဖြင့်မှတ်အပ်သော ဤအတိုင်းအရှည်ရှိသော ဃရူပစာရေ စသောစကားဖြပ်ရ၏။

---

## ဓာတုပစ္စယာဒိဝိဘာဂ

ဝိရုဒ္ဓ။ ။ဝိပုဗ္ဗ+ရုဓိဓာတ်+တ-ပစ္စည်း။

† ရုဓိ အာဝရဏေ-ဝိရုဒ္ဓေါ။ နီတိ၊ ဓာ။ ၂၃၂။

---

## နည်းနှင့်ဥပစာ

သေသံ။ အပေါင်းဖြစ်သော ဂါမလက္ခဏာ, ဂါမူပစာရလက္ခဏာ, ဃရလက္ခဏာတို့၏ 'သေသ' ဟူသော အနည်ကို အစိတ်ဖြစ်သော ဂါမူပစာရလက္ခဏာ၌ တင်စား၍ အစိတ်ဖြစ်သော ဂါမူပစာရလက္ခဏာကို 'သေသံ'ဟု ဆိုသောကြောင့် ကေဒေသျူပစာ, သမုဒါယူပစာ။ (နေယျတ္ထ။ ရှင်း။)

ဥပစာဖြစ်လာပုံ။ ဂါမ, ဂါမူပစာရ, ဃရ, ဃရူပစာရ-ဟု ၄-မျိုးရှိရာတွင် ဥပမာနဝါကျ၌ 'ဃရူပစာရလက္ခဏံ' ဟု ဆိုပြီးနောက် ဥပမေယျဝါကျဝယ်

http://www.dhammadownload.com



သေသံ-ဟုဆိုရာ၌ ဃရူပစာရလက္ခဏာမှကြွင်းသော ဂါမလက္ခဏာ, ဂါမူပစာရလက္ခဏာ, ဃရလက္ခဏာ ၃-မျိုးလုံးပင် 'သေသ'အရ ယူနိုင်သည်။ ယင်း ၃-မျိုးတွင် ဂါမူပစာရလက္ခဏာတစ်ခုကိုသာ ဤ၌ လိုအပ်သောကြောင့် 'ဂါမူပစာရလက္ခဏံ သန္ဓာယ ဝုတ္တံ'ဟု သာရတ္ထဋီကာဖွင့်သည်။ သို့ဖြစ်၍ ဧကဒေသျူပစာ တင်သည်။ (သန္ဓာယ ဝုတ္တံ-ဟု ဖွင့်လျှင် ဤဉပစာမျိုး ရတတ်သည်ကို သတိပြု။)

---

( က ) အရည့် နာမ-လ-အရည်ံ နာမာတိ ဝေဒိတဗ္ဗံ။ ( ခ ) အဘိဓမ္မေ ပန-လ-ပဋ္ဌိမန္တိ ဝုတ္တံ။ ( ဂ ) အာရညကိင္ခာပဒေ-လ-ပဥ္စဓနု-ကတပ္ပမာဏန္တိ ဝေဒိတဗ္ဗံ။ ဋ္ဌ။ ၂၆၁။

## ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ ခ-ဝါကျကား ပက္ခ။

က-ဝါကျဖြင့် ဝိနည်းဒေသနာတော်လာ အရညအရကို ပြသည်။

ခ-ဝါကျဖြင့် အဘိဓမ္မာ ဒေသနာတော်လာ အရညအရကို ပြသည်။

ဂ-ဝါကျဖြင့် သုတ္တန်ဒေသနာတော်လာ အရညအရကို ပြသည်။ (သို့ဖြစ်၍ ပက္ခန္တရ၊ ပက္ခခွဲသည်။)

## ဂ-ဝါကျ အနုသန္ဓေတက်

ဤသို့ ခ-ဝါကျဖြင့် အဘိဓမ္မာဒေသနာတော်လာ မုချနိပ္ပရိယာယ အရညအရကို ဖွင့်ပြပြီး၍ ယခုအခါ၌ သုတ္တန်ဒေသနာတော်လာ အရညအရကို ဖွင့်ပြလိုရကား က-ဝါကျမိန့်။

**မှတ်ချက်**။ ။သာရတ္ထ၊ ၂။၁၂၆-၌ အဘိဓမ္မာ ဒေသနာတော်လာ အရညအရကား မုချနိပ္ပရိယာယ။ ဝိနည်းဒေသနာတော်နှင့် သုတ္တန်ဒေသနာတော်လာ အရညအရကား ပရိယာယ-ဟု ဆိုသည်။

## ဂ-ဝါကျ၌ ဧဝံ အာဂတတ္တာဝါကျ

အဋ္ဌကထာပိုဒ်ရေ-၉၂။ ဂါမောနာမာတိ ဧဝမာဒိ-မှစ၍ ပဥ္စဓနုသတပ္ပမာဏန္တိ ဝေဒိတဗ္ဗံ-တိုင်အောင်သောဝါကျတို့ဖြင့်ပါဠိတော်ဝယ်ဂါမောနာမ-လ အရညံနာမ-တိုင်အောင်သော ပဒဘာဇနီပုဒ်တို့၏ အကျယ်ကို ဖွင့်ပြတော်မူခဲ့

http://www.dhammadownload.com


သည်။ ယင်းအဖွင့်များအရ - ဃရ, ဃရူပစာရ, ဂါမ, ဂါမူပစာရ အရည-ဟု ကောဋ္ဌာသ ၅-မျိုးရှိကြောင်းသိနိုင်သည်။ ယင်းကောဋ္ဌာသ ၅-မျိုးကို အကျယ်ဖွင့်ပြပြီးနောက် အကျဉ်းချုံး၍ နိဂုံးအုပ်ခြင်းငှာ ဓေ ဘဂဝတာ-ဝါကျ တက်လာသည်။ ယင်း ဓေ ဝါကျ၌လည်း ကောဋ္ဌာသ ၅-မျိုး နာမည်များကို တွေ့ရမည်။ သို့ဖြစ်၍ အောက်ပါအတိုင်း ဝါကျခွဲရမည်။

ဂါမောနာမာတိ ဧဝမာဒိ-လ-ပဋ္ဌမနေ့သတပ္ပမာဏံ – တိုင်အောင်ကား နိဂမနိယဝါကျ။ ဝါ-စုဏ္ဏိယဝါကျ။ ဓေ ဘဂဝတာ-လ- ဒဿိတာ-ကား နိဂမန ဝါကျ။

မှတ်ချက်။ ၊လဒ္ဓဂုဏ်ပြ၊ ဒေါသတဖုံ၊ နိဂုံတဖြာ၊ သရုပ်မှာ လျှော်စွာဓေပြ။ နိယ်အရ ဝါကျလေးမျိုးတွင် ဓေဖြင့် နိဂမန (နိဂုံး) ပြသည်။

တသ္မာ-လ-ဝေဒိတဗ္ဗံကား လဒ္ဓဂုဏ ဝါကျ။ ထို-၍ ဓေ-လ-ဒဿိတာကား လဒ္ဓဂုဏိယ၊ ဝါ- ကာရဏဝါကျ။

---

## ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ယထာဝုတ္တံ။** ။ယံ ယံ ဝုတ္တံ ယထာဝုတ္တံ။ အဗျယီဘာဝသမာသ်။ ယထာဝုတ္တံ ပုဒ်ကို မှီး၍ကောက်။

**ယထာဝုတ္တလက္ခဏ။** ။ယထာဝုတ္တံ လက္ခဏံ ဧတဿာတိ ယထာဝုတ္တလက္ခဏော (တံ)။ ဂါမဂါမူပစာရ ၂-ခုကိုစွဲ။ လက္ခဏ လက္ခဏဝန္တ စပ်၍ကောက်။

**ပဋ္ဌမနေ့သတိကံ။** ။ပဋ္ဌမနေ့သတံ အဿ အတ္ထီတိ ပဋ္ဌမနေ့သတိကံ။ (အဿ သေနာသနဿ။ အား။ ပဋ္ဌမနေ့သတံ၊ ကုလ လေးတာပြန်ငါးရာသည်။ အတ္ထိ၊ ၏။) အဿတ္ထိတဒ္ဓိတ်၊ ပဋ္ဌမနေ့သတ+ဣက။

ပဋ္ဌမနေ့သတ–ကား ကုလလေးတာပြန်ငါးရာဖြစ်ရ၏။ ယင်း၏ ကျောင်းဖြစ်နှင့် ပမာဏ+ပမာဏဝန္တ စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဣက ကား ထို-ဖြင့် မှတ်အပ်သော ကျောင်းဖြစ်ရ၏။

**အာရညကံ။** ။အရညေ ဇာတံ အာရညကံ။ အရညပုဒ်+ကဏ် ပစ္စည်း။

အရည–ကား တောဖြစ်ရ၏။ ယင်း၏ ကျောင်းနှင့် ဌာန ဌာနီစပ်။ ဌာနူပစာ။ ကဏ်-ကား ထို-မှတ်အပ်သော ကျောင်းဖြစ်ရ၏။

**ဝိဘဇန္တေန။ ဝိဘဇ္ဇန္တေန။** ။ဘဇ သေဝါယံ ဘဇတိ။ နီတိ၊ ဓာ။ ၄၇။ ဘူဝါဒိဂဏော ပန ဘဝတီတိ ရူပံ။ နီတိ၊ ဓာ၊ ၂၉၅။ ဘဇ ဘူဘာဂသေဝါသု။ ဓာတွတ္ထ။ ဤဓာတ်ကျမ်းတို့၌ ဘူဝါဒိဖြစ်သော ဘဇဓာတ်သည် ဝေဖန်ခြင်း အနက်ဟော ဟု ဆိုသည်။ ဤ၌လည်း ဝေဖန်ခြင်းအနက်ကိုပင် လိုအပ်သည်။ သို့ဖြစ်၍ ဝေဖန်ခြင်းအနက် ဟောနိုင်သော ဝိပုဗ္ဗ+ဘဇဓာတ်+အန္တပစ္စည်း၊ ဘူဝါဒိရုပ်ဖြစ်သော ဝိဘဇန္တေန ပါဌ်သာ သင့်သည်။

ဘဇိ ဘဇ္ဇနေ၊ ဘဇ္ဇနံ တာပကရဏံ။ တိလာနိ ဘဇ္ဇတိ (နီတိ၊ ဓာ။ ၄၄) ကို ထောက်၍ ဘဇိဓာတ်သည် လှော်ခြင်းအနက်ကို ဟော၏။ ဝိဘဇ္ဇန္တေန ဟု ရှိလျှင် လှော်ခြင်းအနက်ဟော ဘဇိဓာတ်ဖြင့် ပြီးသည်ဖြစ်၍ ဝိဘဇ္ဇန္တေန၊ လှော်တော်မူတတ်သော မြတ်စွာဘုရားသည် ဟု အနက်ယောဇနာရမည်။ ဤအနက်လည်း ဤ၌မသင့်။ သို့ဖြစ်၍ ဝိဘဇ္ဇန္တေန ပါဌ် မသင့်။

**ပါဒတော၊ ပါဒကော။** ။ပဋ္ဌာယ သဒ္ဒါသည် အပါဒါနာပေက္ခ ဖြစ်၍ ယင်း၏အယှဉ်၌ အပါဒါန်ဟော တော-ပစ္စည်းဖြင့် ပြီးသော ပါဒတော ပါဌ်သာ သင့်သည်။

---

http://www.dhammadownload.com



## နည်းနှင့်ဥပစာ

ပါဒ် ဝါ။ ။ပါဒ် ဟူသော အကြောင်းဝါစကသဒ္ဒါ၏ ပါဒအမည်ကို အကျိုးဝါစ္စဖြစ်သော အသပြာတစ်ကျပ်၏ လေးဖို့ တစ်ဖို့ အကပ္ပိယဘဏ္ဍာ၌ တင်စား၍ အကျိုးဖြစ်သော အသပြာတစ်ကျပ်၏ လေးဖို့တစ်ဖို့သော အကပ္ပိယ ဘဏ္ဍာကို ပါဒ် ဝါ ဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနတ္တရိကနည်း။)

မှတ်ချက်။ ။ပါဒါရဟံ ဝါ အတိရေကပါဒ် ဝါ-တို့၌လည်း ဤပုဒ်ကို မှီး၍ နည်းဥပစာတင်လေ။ အစိုးရပုဗ္ဗာ၌ စတုတ္ထဘာဂေ၌ ရသင့်သော ဥပစာကို ဖော်ပြပါဟု မေးသည်ကား စတုတ္ထာယ ဘာဂေ စတုတ္ထဘာဂေဟု ဆဋ္ဌီတပ္ပုရိသ်ပြု၍ အဘေဒဘေဒူပစာ ဘိက္ခုစရိယ တစေသင်္ဃ နည်း ကြံပုံရသည်။ ဝိ။ ဋီ၊ ၁။ ၂၅၈-၌ ကဟာပဏဿ စတုတ္ထော ဘာဂေါ မာသော နာမ ကိုထောက်၍ စတုတ္ထော စ သော ဘာဂေါစာတိ စတုတ္ထဘာဂေါဟု ကမ္မဓာရယ်သာ ပြုသင့်၏။ ဥပစာ မကြံသင့်ဟု မှတ်။

---

(က) ပထဗျာရာဇာတိ သကလပထဝိယာ ရာဇာ ဒီပစက္ကဝတ္တိ အသောကသဒိသော။ (ခ) ယော ဝါ ပနညောပိ ကောဒိပေ ရာဇာ သီဟဠရာဇသဒိသော။ ဋီ။ ၂၆၀။

## အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ သကလပထဝိယာ ရာဇာ-ဖြင့် ပထဗျာရာဇာပုဒ်ကို ပထဝိယာ ဉာဿရော ရာဇာ ပထဗျာရာဇာ ဟု မဖွေလောပီ အလုတ္တသတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ပထဗျာပုဒ်ကို ပထဝီ+အာ ဟု ပဒစ္ဆေဒပြုရမည်-ကိုလည်းကောင်း[၂]၊ အာ-သဒ္ဒါ၏ သ္မိံဝိဘတ်၏ ကာရိယ အဖြစ်ကိုလည်းကောင်း[၃]၊ ပထဗျာသဒ္ဒါ၏ ပထဝီပုဒ်၏အဖြစ်ကိုလည်းကောင်း[၄]၊ သင်း ပထဝီအရ အလုံးစုံသောမြေကို ယူရမည်-ကိုလည်းကောင်း[၅] သိစေ သည်။

၁။ အဘိဓာန်ဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။ ၂။ သန္ဓိလိင်္ဂပဒ။ ၃။ ဝိဘတ္တိပဒ။ ၄။ နာမလိင်္ဂပဒ။ ၅။ အဘိဓေယျဋ္ဌ။

### ပထဗျာရုပ်ပြီးပုံ

ပထဝီ+သ္မိံ၊ နာ သ သ္မိံ နှ မာ (နီတိ။ သုတ္တ။ ၂၁၇။) ဖြင့် ပ-နေ ဝင် ၃နှောင်းသော သ္မိံဝိဘတ်ကို အာ-ပြု။ ပသံညာ စ-ဖြင့် ဤ-သရကို ယ- ပြု၊ ယ-ကို အာ-သို့ ကပ်၊ ဝ-ယာသို့ကပ်၊ ဝ-ကို ဗ-ပြု၊ ပထဗျာ-ပြီး၏။

http://www.dhammadownload.com


**အနက်ယောဇနာ**။ ။ပထဗျာရာဇာ၊ (လေးကျွန်းလုံး၌ စကြာရတနာကို လည်စေတတ်သော အသောကမင်းကဲ့သို့။ ဥပမာလင်္ကာရ။) အလုံးစုံသော မြေ၌ အစိုးရသောမင်း။

ခ-ဝါကျ၌ ကေဒီပေ ရာဇာ-ဖြင့် ပထဗျာရာဇာပုဒ်ကို ပထဝိယာ ကေ-ဒီပေ ဣဿရော ရာဇာ ပထဗျာရာဇာဟု မဇ္ဈေလောပီ အလုတ္တသတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၁]၊ ပထဝီအရ ပထမဝါကျကဲ့သို့ အလုံးစုံသောမြေကို မယူရ၊ တကျွန်းကိုသာ ယူရမည်-ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပါဌ။ ၂။ အဘိဓေယျတ္ထ။

## ဝါသဒ္ဒါလဲလှယ်ပုံ

ပထမဝါကျ၌ ပထဗျာအရ အလုံးစုံသောမြေကို ယူရ၍ ဒုတိယဝါကျ (ခ-ဝါကျ) ပထဗျာအရ တကျွန်းကိုသာ ယူရသည်။ ဤသို့ ပထဗျာအရ အဘိဓေယျတ္ထတမျိုးကို လဲလှယ်၍ပြလိုသောကြောင့် ခ-ဝါကျ၌ ဝါသဒ္ဒါ ထားရသည်။

## ဉာသ်ကောက်

ပထဝိယာ ဣဿရော ရာဇာ ပထဗျာရာဇာ။ (ပထဗျာပုဒ်+ရာဇာပုဒ်။)

ပထဗျာအရ အလုံးစုံသောမြေ၊ ဝါ-တကျွန်းသည် မုချ။ ယင်း၏ အစိုး ရသောမင်းဖြစ်နှင့် သံ+သာမိ၊ ဌာန+ဌာနီစပ်။ ပထဗျာပုဒ်လုံးအရကား ထို-ဖြင့် မှတ်အပ်သော အလုံးစုံသောမြေ၊ ဝါ-တကျွန်း၌ အစိုးရသောမင်း ရ။

**ဒုတိယဝါကပ်အလိုအနက်ယောဇနာ**။ ။ပထဗျာရာဇာ(သီဟိုဠ်မင်းကဲ့သို့။ ဥပမာလင်္ကာရ။)တကျွန်း၌ အစိုးရသောမင်း။

---

## ❁ နည်းနှင့် ဥပစာ

**ပထဗျာ**။ ။အပေါင်းဖြစ်သော အလုံးစုံသောမြေ၏ ပထဗျာဟူသော အမည်ကို အစိတ်ဖြစ်သော တကျွန်း၌တင်စား၍ အစိတ်ဖြစ်သော တကျွန်းကို ပထဗျာ ဟုဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သံမုဒါယူပစာ။(နေယျတ္ထ ရှင်း။)

ပထဗျာ၌ သို့ ဝိဘတ်ကို အာ-ပြုခြင်း၊ ဤသရကို ယ-ပြုခြင်း၊ ဝ-ကို ဗ-ပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်း ရသည်။

---

http://www.dhammadownload.com


(က) ပဒေသရာဇာတိ ကေဒီပယာ ပဒေသိဿရော ဗိမ္ဗိသာရပသေန-ဒိအာဒယော ဝိယ။ (ခ) မဏ္ဍလိကာ နာမ ယေ ဒီပပဒေသေပိ ကေ-မေက် မဏ္ဍလံ ဘုဉ္ဇန္တိ။ (ဂ) အန္တရဘောဂိကာ နာမ ဒွိန္နံ ရာဇူနံ အန္တရာ ကတိပယဂါမသာမိကာ။ ဌ။ ၂၆၈။

## (၄၂) အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ပဒေသိဿရော-ဖြင့် ပဒေသရာဇာပုဒ်ကို ပဒေသေ ဣဿရော ရာဇာ ပဒေသရာဇာ ဟု မဇ္ဈေလောပီ သတ္တမီတပ္ပုရိသ်သမာသ် ဝဇေ့ ဘွဲ့ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

က-ဝါကျ၌ ကေဒီပယာ-ဖြင့် ပဒေသ-တစိတ်တဒေသဟူသည် အလုံးစုံသော မြေ၏ တစိတ်တဒေသမဟုတ်၊ တကျွန်း၏ တစိတ်တဒေသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ။ပဒေသရာဇာ။(ဗိမ္ဗိသာရ ပသေနဒီ စသည်တို့ကဲ့သို့) တကျွန်း၏ တစိတ်တဒေသကို အစိုးရသောမင်း။

---

## (၄၃) နည်းနှင့် ဥပစာ

**ပဒေသရာဇာ။** ။အပေါင်းဖြစ်သော အလုံးစုံသောမြေ၏ တစိတ်တဒေသ၏ ပဒေသဟူသောအမည်ကို အစိတ်ဖြစ်သော တကျွန်း၏ တစိတ်တဒေသ၌ တင်စား၍ အစိတ်ဖြစ်သော တကျွန်း၏တစိတ်တဒေသကို ပဒေသ ဟု ဆိုသော ကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

ခ-ဝါကျ၌ မဏ္ဍလံ ဘုဉ္ဇန္တိ-ဖြင့် မဏ္ဍလိကာပုဒ်ကို မဏ္ဍလံ ဘုဉ္ဇန္တီ တိ မဏ္ဍလိကာ ဟု ဘုဉ္ဇန္တိတဒ္ဓိတ်ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၁]၊ ဣက ပစ္စည်း၏ ဘုဉ္ဇန္တိတဒ္ဓိတ်၌သက်သည်-ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

## ဉာဏ်ကောက်

မဏ္ဍလ-တဝန်းတလျား၊ ဝါ-တဝန်းတလျား၌ ဖြစ်ပေါ်သော အခွန်အတုတ်သည် မုချ။ ယင်း၏ မင်းတို့ဩပ်နှင့် အာရုံအာရမ္မဏိကစပ်-ဌာနူပစာ။ ဣက-ကား ထို-ဖြင့်မှတ်အပ်သော မင်းတို့ဩပ်ရ၏။

**အနက်ယောဇနာ။** ။မဏ္ဍလိကာ၊ (ကျွန်း၏တစိတ်တဒေသ၌သော်လည်း) တဝန်းတလျားကို၊ ဝါ-တခုသောရွာအပေါင်းကို၊ ဝါ-တခုသောရွာအပေါင်း၌ အခွန်အတုတ်ကို ခံစားခွင့်ရကုန်သော မင်းတို့။

---

http://www.dhammadownload.com


## ပါဠိဝိနိစ္ဆယ

မင်္ဂလ။ မင်္ဂလ္လ။ ။အဝယဝေန မင်္ဂလတီတိ မင်္ဂလံ၊ မဒိ ဘုသာယံ အလော၊ ဋ္ဌတ္တံ။ သူစိ။ မဒိဓာတ် အလပစ္စည်း၊ လ-ကို ဋ္ဌ-မပြုလျှင် မင်္ဂလံ၊ ဋ္ဌ-ပြုလျှင် မင်္ဂလ္လ သင့်သည်။ သို့ဖြစ်၍ မင်္ဂလိကာ၊ မင်္ဂလ္လိကာ ၂-ချက် သင့်ပင်။

## နည်းနှင့် ဥပစာ

မင်္ဂလံ ဘုဥ္ဇန္တိ။ ။အပေါင်းဖြစ်သော ရွာအပေါင်း, အဝန်းအဝိုင်း, နေအိမ် လအိမ်စသော အစုတို့၏ မင်္ဂလဟူသော အမည်ကို အစိတ်ဖြစ်သော ရွာအပေါင်း၌ တင်စား၍ အစိတ်ဖြစ်သော ရွာအပေါင်းကို မင်္ဂလံ ဟု ဆိုသော ကြောင့် ကေဒေသျူပစာ၊ သမုဒါယူပစာ။ (နေယျတ္ထ။ ရူဠှီ။)

မှတ်ချက်။ ။မင်္ဂလံ ဂါမသန္နိဿာဟော၊ ဗိမ္ဗေ ပရိမိ ရာသိသု။ ဓာန်၊ ၉၉၃-ကို ထောက်၍ အတ္ထုဒ္ဓါရ အတ္ထဒွေသင်္ခ ရနေကျကေဒေသျူပစာ တင်သည်။ ဘုဥ္ဇန္တိ ကြိယာကိုထောက်လျှင် အောက်ပါအတိုင်း ဥပစာတင်ရမည်။

တနည်း။ ။ဌာနဖြစ်သော ရွာအပေါင်း ဝါ-တဝန်း တလျှား၏ မင်္ဂလံ ဟူသောအမည်ကို ဌာနီဖြစ်သော ရွာအပေါင်း ဝါ-တဝန်းတလျှားမှ ဖြစ်ပေါ်သော အခွန်အတုတ်၌ တင်စား၍ ဌာနီဖြစ်သော အခွန်အတုတ်ကို မင်္ဂလံ ဟု ဆိုသောကြောင့် ဌာနူပစာ သဒ္ဒါ။ (နာနန္တရိကနည်း။)

ဂ-ဝါကျ၌ အန္တရာ ကတိပယဂါမသာမိကာ-ဖြင့် ဘောဂါပုဒ်ကို ဘုဥ္ဇိတဗ္ဗာတိ ဘောဂါ ဟု ဝစနတ္ထပြု၍ ဘောဂအရ ၂-ရွာ ၃-ရွာကို ယူရမည်-ကိုလည်းကောင်း[၁]၊ အန္တရာ ဘောဂါ အန္တရဘောဂါ ဟု သတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၂]၊ အန္တရဘောဂါ နှင့် သာမိကာ အန္တရဘောဂိကာ ဟု သာမိကတဒ္ဓိတ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း[၃]၊ ဣကပစ္စည်း၏ သာမိကတဒ္ဓိတ် အနက်၌သက်သည်-ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓေယျဋ္ဌ။ ၂။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။ ၃။ အဘိဓေနဋ္ဌ။
၄။ ပစ္စယဋ္ဌ။

ဂ-ဝါကျ၌ ဒွိန္နံ ရာဇူနံ-ဖြင့် အန္တရာ=အကြားဟူသည် မင်း ၂-ပါး တို့၏ အကြားတည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com


## ဝိဂ္ဂဟနှင့် ဉာသ်ကောက်

ဘုဉ္စိတဗ္ဗာတိ ဘောဂါ။ အန္တရာ ဘောဂါ အန္တရဘောဂါ။ (အန္တရာ-မင်း ၂-ပါးတို့၏ အကြား၌။ ဘောဂါ၊ ခံစားအပ်ကုန်သော ရွာတို့တည်း။)

အန္တရာ-မင်း ၂-ပါးတို့၏ အကြားသည် မုချ။ ယင်း၏ ခံစားအပ်သော ရွာတို့ဖြစ်နှင့် ဌာန+ဌာနီ၊ အဘေဒ+ဘေဒ စပ်။ ဌာနူပစာ။ အန္တရဘောဂ အရ ထို-ဖြင့် မှတ်အပ်သော မင်း ၂-ပါးတို့၏ အကြား၌ခံစားအပ်ကုန်သော ၂-ရွာ ၃-ရွာတို့ဖြစ် ရ၏။

အန္တရဘောဂါနံ သာမိကာ အန္တရဘောဂိကာ။

အန္တရဘောဂ-မင်း ၂-ပါးတို့ -လ- ၂-ရွာ ၃-ရွာတို့ဖြစ် ရ၏။ ယင်းတို့၏ အရှင်ဖြစ်သော မင်းတို့နှင့် သံ+သာမိ စပ်-ဌာနူပစာ။ ဣက-ကား ထို-ဖြင့် မှတ်အပ်သော အရှင်ဖြစ်သော မင်းတို့ဖြစ် ရ၏။

**အနက်ယောဇနာ။** ။အန္တရဘောဂ္ဂိကာ၊ မင်း ၂-ပါးတို့၏ အကြား၌ ၂-ရွာ ၃-ရွာတို့၏ အရှင်ဖြစ်ကုန်သော မင်းတို့။

**ကတိ။** ။ကိံ+ရတိပစ္စည်း၊ ကိံ၌ ဣံကို ချေ၊ ရ အနုဗန်ကို ချေ။ က-ကို အ-သို့ကပ် ကတိ ပြီး၏။ ယောဝိဘတ်သက်၊ မောဂ်အလို ယောဝိဘတ်ကို ဋိ (ဣ) ပြု။ ရူအလို ယောဝိဘတ်ကိုချေ။ (နိစ္စံ ယောလောပါဒိ ရသာတ္တံ။)

† ကတိသဒ္ဒေါ ဗဟုဝစနန္တော ဝ။ ကတိသဒ္ဒဿ အလိင်္ဂတ္တာ တိလိင်္ဂေပိ သမာနံ ရူပံ။ ရူ။ နှာ။ ၁၁၇။ (မောဂ်၊ ၄။ ၄၄။)

**ဝိဂ္ဂဟ။** ။ကိံ ပရိမာဏံ ဧတေသ (တေသ) န္တိ ကတိ။ ဧတေသံ၊ ထို ဝတ္ထုတို့၏။ ဝါ-တို့အား။ ကိံ၊ အဘယ်မျှသော။ ပရိမာဏံ၊ အတိုင်းအရှည်သည်။ အတ္ထိ၊ ရှိသနည်း။ ဣတိ ကတိ။

**မှတ်ချက်။** ။ဤ၌ ဂ မဟူသော စပ်ရာပုဒ်ကိုထောက်၍ ပုလ္လိင်၊ ပရိမာဏာ တဒ္ဓိတ်ပုဒ်၊ ဗဟုဝုစ်။ ပရိမာဏ ပရိမာဏဝန္တ စပ်။

**ကတိ၊ယ။** ။ကတိပုဒ်+အယစ် ပစ္စည်း။ ပ-လာ၍ ကတိပယပြီးသည်။ (ကတိပယသဒ္ဒါကား ကတိသဒ္ဒါ၏ အနက်၌ ဖြစ်၏။ ကတိသဒ္ဒတ္ထော-**ဆော့မ**။ ယင်းအလို ကတိ ဧဝ ကတိပယာ-ဟု သွတ္တပြု။)

ကတိပယသဒ္ဒါ ဧကဝုစ် ဗဟုဝုစ် ၂-မျိုးရှိသည်။ ဗဟုဝုစ်များ၍ ဧကဝုစ်နည်းသည်။ **နီတိ၊ သုတ္တ၊ ၁၃၉။ နီတိ၊ ပဒ၊ ၃၄၅။**

**မှတ်ချက်။** ။ဤကျမ်း နှာ-၅ဂ လည်းကြည့်။

**ကတိပယဂါမာ။** ။ကတိပယာ စ တေ ဂါမာ စာတိ ကတိပယဂါမာ။ **သချာ သချေ။ ဝိသေသန ဝိသေသျ စပ်၊ ကောက်။**

http://www.dhammadownload.com



(က) အဇ္ဈတ္တိကော် ဓမ္မဝိနိစ္ဆနကာ။ (ခ) တေ ဓမ္မသဘာဝံ နိသီဒိတ္ဝာ—လ—အနုသာသန္တိ။ (ဂ) ယေ ပန ဌာနန္တရပ္ပတ္တာ —လ—ရညော အာရောစေန္တိ။ (ဃ) ဂရုကံ ဌာနံ သယံ န ဝိနိစ္ဆနန္တိ။ ဌ။ ၂၆ဂ။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား (အဇ္ဈတ္တိကာပုဒ်၏ ဝစနတ္ထအကျယ်ကို ပြသောကြောင့်) ဝိတ္ထာရ။ ထို-၍ က-ဝါကျကား သင်္ခေပ။

ဂ-ဝါကျကား (အကြောင်းကိုဆက်လက်ပြသောကြောင့်) ဝါကျာရမ္ဘ။ ထို-၍ ခ-ဝါကျကား အာရဒ္ဓ။

## ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျ၌ အပရာဓာနုရူပံ စောရာနံ ဟု ဖွင့်ဆို၏။ အပရာဓာနုရူပံ သဗ္ဗေသံ ဟု မဆိုမူ၍ စောရာနံ ဟုသာ အဘယ်ကြောင့်ဆို သနည်း။ အပရာဓာနုရူပံ သဗ္ဗေသံ ဟုသာ မဆိုမူ၍ စောရာနံ ဟုသာ ဆိုရခြင်း ၏အကြောင်းကို မပြဆိုပြီလော-ကြောင့် ယေပန စသည်မိန့်။

ကား-ယေ ပန စသည်ဖြင့် ဌာနန္တရသို့ရောက်ကုန်သော လွန်ကျူးအပ်ပြီးသော အပြစ်ရှိကုန်သော အမတ်, မင်းသားတို့ကို မင်းအားပြောကြား ကုန်၏။ ဝန်လေးသောအရာဌာနကို ကိုယ်တိုင်မဆုံးဖြတ်ဝံ့ကုန်။ ထို့ကြောင့် သဗ္ဗေသံ ဟု မဆိုဘဲ စောရာနံ ဟု ဆို၏ဟူလို။

**မှတ်ချက်။** ။ဆင်တဲဂဏ္ဌိ၊ ၄၉၆-ကို မှီး၍ ကျမ်းတက်သည်။

## ဂ-ဝါကျ အဓိပ္ပာယ် ကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် တရားသူကြီးတို့သည် တရားသဘင်၌ ထိုင်၍ အပြစ်အားလျော်စွာ ခိုးသူတို့အား လက်ကိုဖြတ်ခြင်း အစရှိသည်ကို ပြု၍ ဆုံးမကုန်သော ဟု ဆို၏။ ရာထူးဌာနန္တရသို့ရောက်ကုန်သော အမတ်, မင်းသားတို့အပြစ်လွန်ကျူးလျှင် အဘယ်သို့ဆုံးမကုန်သနည်း။ ခိုးသူတို့အား ဆုံးမကုန်သကဲ့သို့ ဆုံးမကုန်သလော-ကြောင့် ယေပန စသည်မိန့်-(အဓိပ္ပာယ် ပါဌ်လျှောက်ပြန်။)

ဃ-ဝါကျကား ဗျတိရေက။ ထို-၍ ဂ-ဝါကျကား အနွယ။ (ဂ-ဝါကျ၌ အနိယမ နိယမ ခွဲလေဦး။)

---

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဓမ္မဝိနိစ္ဆနကာ။** ။ဓမ္မံ ဝိနိစ္ဆိနန္တီတိ ဓမ္မဝိနိစ္ဆနကာ။ ဓမ္မ+ဝိ+နိ+စိ+နုဋ ဏ္ဍု။ ကတ္တုသာဓန ကိတန္တ၊ ဒုတိယာတပ္ပုရိသ်။

http://www.dhammadownload.com


ဓမ္မ-တရားဒြပ်ရ။ ယင်း၏ တရားသူကြီးတို့ဒြပ်နှင့် အာရုံ အာရမ္မဏိက စပ်-ဌာနူပစာ။ ဝိ-ဥပသာရအရကား ခေတ္တဝတ္ထာနုဝတ္တက ဘောဂုဏ်ရ။ နိ-ဥပသာရပုဒ်အရကား ဇာတ္တဝတ္ထဝိသေသက ဘောဂုဏ်ရ။

စိခေတ်အရကား တရားသူကြီးတို့၏ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော ယောနိသောမနသိကာရသည် ဖလူ။ နောက်နောက် ၌ဖြစ်သော ပစ္စုပ္ပန်သံသရာအကျိုးတို့သည် ကာရဏူ။ နာ-ပစ္စည်းအရကား ရှုပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ဘောဂုဏ်ရ၏။ ဏှုပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော တရားသူကြီးတို့ဒြပ် ရ၏။

## ဝိဂ္ဂဟ မှတ်ဖွယ်

**သဘာ**။ ။သဟဘာသန္တ္ယဿန္တိ သဘာ။ သဟဘာသန္တိ ဧတ္ထာတိ သဘာ။ သဟ+ဘာသ+ကွိ။ ပရိသာ သဘာ။ ခါန်။ ၄၁၄။

**ဓမ္မသဘာ**။ ။ဓမ္မဿ ဝိနိစ္ဆယာ သဘာ ဓမ္မသဘာ။ ဓမ္မဿ၊ ကို။ ဝိနိစ္ဆယာ၊ ဆုံးဖြတ်ရာဖြစ်သော။ သဘာ၊ သဘင်၊ ဝါ-ပရိသတ်တည်း။ ဓမ္မနှင့်သဘာ အာရုံအာရမ္မဏိကစပ်။

**အပရာဓ**။ ။ရဓ ဟိံသာယံ-လ-အပရာဓော။ နီတိ၊ ဓာ။ ၂၁၁။ အပဂတော ရာဓော ယေန သော အပရာဓော၊ အပပုဗ္ဗော ရာဓ သံသိဒ္ဓိမှိ အ၊ သူစိ။

**ဟတ္ထပါဒစ္ဆေဇ္ဇာဒိ**။ ။ဟတ္ထာ စ ပါဒါ စ ဟတ္ထပါဒါ။ ဟတ္ထပါဒါနံ ဆေဇ္ဇာ ဟတ္ထပါဒဆေဇ္ဇာ။

ဟတ္ထပါဒစ္ဆေဇ္ဇာ အာဒိ ဧတေသ အနုသာသနဿာတိ ဟတ္ထပါဒစ္ဆေဇ္ဇာဒိ။ (ဟတ္ထပါဒစ္ဆေဇ္ဇ+အာဒိ+ဧတ) ပုဒ်လုံးအရလက်တို့ကို ဖြတ်ခြင်း, ခြေတို့ကိုဖြတ် ခြင်း စသည် မုချ။ ယင်း၏ နားရွက်ဖြတ်ခြင်းသတ်ခြင်းဟူသော ဆုံးမခြင်းတို့ နှင့် အာဒိ+အာဒိဝန္တစပ်ခြင်း ဌာနူပစာရတ္ထ။ ဧတအရ ထို-ဖြင့် မှတ်အပ်သော လက်တို့ကိုဖြတ်ခြင်း ခြေတို့ကိုဖြတ်ခြင်းအစရှိသော ဆုံးမခြင်းရ၏။

မှတ်ချက်။ ။ဟတ္ထပါဒစ္ဆေဇ္ဇာဒိ အနုသာသန္တိ၌ ရှေ့နာမ်ပုဒ်နှင့် နောက် ကြိယာပုဒ်တို့အရတူသည်ကို တွေ့ရမည်။ စာရိကံ စရိ၊ ဇနပဒစာရိကံ ပက္ကမိ သု တို့ကဲ့သို့ ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့အရ မကွဲပြားဘဲ ကွဲပြားသကဲ့သို့ ဆိုထား သောကြောင့် အဘေဒဘေဒူပစာပုဒ်မျိုး ဖြစ်သည်။ ယင်းပုဒ်မျိုးကို ကတွာ၊ ကရေတွာ စသည် ပါဌ်သေသထည့် အနက်ယောဇနာရမည်။ (မအူချုပ်၌ ဟတ္ထပါဒစ္ဆေဇ္ဇာ အာဒိ ဧတိဿာတိဟု ရှုတ္တိုလိုင်စွဲသည်။)

http://www.dhammadownload.com



**ဌာနန္တရ**။ ။ဌာနဉ္စ တံ အန္တရဉ္စာတိ ဌာနန္တရံ။ အန္တရအရအထူးသည် မုချ။ ယင်း၏အရာ (ဌာန) နှင့် ဝိသေသန ဝိသေသျ၊ ဂုဏ် ဂုဏေ ငပ်။ ဌာနူ။ ဌာနန္တရအရထူးသောအရာ၊ ဝါ-ရာထူးရ။ (ဝိသေသန ပရနိပါတကမ္မဓာရယ် သမာသ်။)

**ဝိနိစ္ဆယ**။ ။ဝိ+နိ+စိ+ဏ။ဝိနိစိယ=ဒေါဓာတ် သုတ်၌ ဓသဒ္ဒါဖြင့် နိဉပ- သာရ နောက်၌ ပထမက္ခရာ စ-ကို ဒုတိယက္ခရာ ဆ-ပြု၊ဝိနိဆယဖြစ်၏။အသာဒိသ ဒွေဘော် စ-လာ၍ ဝိနိစ္ဆယဟု ပြီးသည်။ (ရူ။)

**ဝိနိစ္ဆိနန္တိ**။ ။ဝိ+နိ+စိ+နာ+အန္တိ။ အထက်ပုဒ်အတူ စကို ဆပြု အသဒိ- သဒွေဘော်လာ။ ဝိနိစ္ဆိနန္တိ ပြီးသည်။ ဝိနိစ္ဆနကာ=ဝိ+နိ+စိ+ဏ္ဍ။

---

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဓမ္မဝိနိစ္ဆနကာ-ဖြင့် အက္ခဒဿာပုဒ်ကို အက္ခေ နိသီဒိတွာ ဝဋ္ဋာဝဋ္ဋံ ပဿန္တိ အနုသာသန္တီတိ အက္ခဒဿာဟု ဝစနတ္ထပြု၍ အက္ခဒဿာ အရ တရားသူကြီးတို့ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

မှတ်ချက်။ ။အက္ခဒဿာကို ဓမ္မဝိနိစ္ဆနကာဖြင့် ပရိယာယ်ဖွင့်သည်ဟု လည်း ကြံနိုင်သည်။

† အက္ခဒဿာတိ ဧတ္ထ အက္ခသဒ္ဒေန ကိရ ဝိနိစ္ဆယသာလာ ဝုစ္စတိ။ တတ္ထ နိသီဒိတွာ ဝဋ္ဋာဝဋ္ဋံ ပဿန္တီတိ အက္ခဒဿာ ဝုစ္စန္တိ ဓမ္မဝိနိစ္ဆန- ကာ။ သာရတ္ထ၊ ၂။ ၁၃၂။

ခ-ဝါကျ၌ တေ ဓမ္မသာလာယံ နိသီဒိတွာ အနုသာသန္တိ-ဖြင့် အက္ခ သဒ္ဒါ၏ တရားရုံး (ဓမ္မသာလာ=ဝိနိစ္ဆယသာလာ) အနက်ကိုဟောသည်-ကို လည်းကောင်း[၁]၊ အ-ပစ္စည်း၏ ကတ္တုသာဓနဉ်သက်သည်-ကိုလည်းကောင်း[၂]၊ အက္ခေ နိသီဒိတွာ (ဝဋ္ဋာဝဋ္ဋံ) ပဿန္တိ အနုသာသန္တီတိ အက္ခဒဿာဟု ကတ္တု သာဓနဝစနတ္ထပြုရမည်-ကိုလည်းကောင်း[၃]၊ ပဿန္တိ-ရှုကုန်၏ ဟူသည် အနုသာ- သန-တရားဆုံးဖြတ်ခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၄] သိစေ သည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဗုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဘာဝတ္ထ။

---

## ❁ ပါဠိဝိနိစ္ဆယ

**အက္ခဒဿာ**။ **အက္ခဒဿာ**။ ။အက္ခ သဒ္ဒူပပဒ ဒိသဓာတ်+အ-ပစ္စည်း။ ဒိသဓာတ်ကို ဒဿပြု၍ပြီးသောကြောင့် အက္ခဒဿာ ပါဠိသာသင့်သည်။

† ချာသာဒိန့် ဝိဝါဒါန့်၊ အက္ခဒဿော ပဒဋ္ဌရိ။ ဓာန်။ ၃၄၁။

http://www.dhammadownload.com


### နည်းနှင့် ဥပစာ

အက္ခ။ ။အပေါင်းဖြစ်သော လှည်းဝင်ရိုး, ရွှေ, ကြေ့ာကွင်း, ဝှန္ဒြေ, တရားရုံးတို့၏ အက္ခဟူသော အမည်ကို အစိတ်ဖြစ်သော တရားရုံး၌ တစ်လေကဒေသျူပစာ။ သမုဒါယူပစာ။ (နေယျတ္ထ၊ ရူဠှီ။)

မှတ်ချက်။ ။မောဂ်၊ ၇၊ ၃၁–၌ လှည်းဝင်ရိုး ကြေ့ာကွင်းဟော အက္ခသဒ္ဒါကို "အရန္တိ ယန္တိ တေနာတိ အက္ခောဟု ဝိဂ္ဂဟပြုသည်။ အရဓာတ် ခ-ပစ္စည်းတည်း။ တရားရုံးဟောရာ၌ကား အရန္တိ အနုသာသန္တိ ဝိနိစ္ဆိနန္တိ ဧတ္ထာတိ အက္ခောဟု ဝိဂ္ဂဟကြံရမည်။

† ရထင်္ဂက္ခော သုဝဏ္ဏသ္မိံ၊ ပါသကေ အက္ခမိန္ဒြိယေ။ ဓာန်။၈၉၃။

---

(က) မဟာမတ္တာတိ ဌာနန္တရပ္ပတ္တာ မဟာအမစ္စာ၊ (ခ) တေ ပိ တတ္ထ တတ္ထ-လ ရာဇကိစ္စံ ကရောန္တိ။, (ဂ) ယေဝါပနာတိ အခြေပိ-လ-အနုသာသန္တိ။ ဌ။ ၂၆၈။

ခ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ရာထူးဌာနန္တရသို့ ရောက်ကုန်သော အမတ်ကြီးတို့သည် မင်းမည်ကုန်သောဟု ဆို၏။ (ရာဇာနော နာမ ဟူသော ပါဠိတော်သို့စပ်၍ ဌပနာထားသည်။)ယင်းအမတ်ကြီးတို့သည် အဘယ်ကြောင့် မင်းမည်ကုန်သနည်း။ အမတ်ကြီးတို့ မင်းမည်ခြင်း၏ အကြောင်းကို မပြဆိုပြီလော။ (အမတ်ဟူသည် အမတ်ပင်မဟုတ်လော။) ကြောင့် ခ–ဝါကျမိန့်။

ခ–ဝါကျကား (အမတ်ကြီးတို့လည်း မင်းပင်ဖြစ်ကြောင်းကို ဆက်ပြသောကြောင့်) ဝါကျာရမ္ဘဝါကျ။ ထို-၌ က-ဝါကျကား အာရဗ္ဘ။

ဂ-ဝါကျ ပက္ခန္တရ။ ထို၌ က–ဝါကျကား ပက္ခ။

---

### ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

ရာဇကိစ္စံ။ ။ရညော ကိစ္စံ ရာဇကိစ္စံ။ တနည်း။ ရညာ ကတ္တဗ္ဗံ ကိစ္စံ ရာဇကိစ္စံ။ (သာဓက, သာခ၂စပ်၍ကောက်။)

ရာဇာနော အရကျမ်းညှိပုံ

သဗ္ဗေပိ တေ ဣမသ္မိံ အတ္ထေ "ရာဇာနော" တိ ဒဿေတိ (ဝိ၊ဋ္ဌ၊ ၁။ ၂၆၉)။ ဤအလို ရာဇာနောအရ ပထဗျာရာဇာအစ ယေဝါပန ရာဇာအဆုံး အလုံးစုံသော မင်းတို့ကိုရသည်။ ကင်္ခါအဋ္ဌကထာ၌ကား "ရာဇာနောတိ ဣဓ ဗိမ္ဗိသာရံ ယေဝ သန္ဓာယဝုတ္တံ ဟုဆိုသည်။ ယင်းအလို သန္ဓာယဉာာသိတဖြစ်၍ ရာဇာနောအရ ဗိမ္ဗိသာရမင်းကိုသာ ယူရသည်။

http://www.dhammadownload.com



ဝိ၊ ဋ္ဌ၊ ၁-၌ ရသမျှမင်းကိုရည်၍ ရာဇာနေ၁ဟု ဆိုသည်။ ကန်ခြင်းကား ပါဒ, ပါဒါရဟ, အတိရေကပါဒဖြင့် ယထာပဝေဏိ (ရှေးထုံးစံ) အတိုင်း အမှန်ပြုသည့်မင်းကို ရည်သည်ဟု အဋ္ဌကထာနှစ်စောင် မဆန့်ကျင်အောင်နိုးနှော ယူရမည်။

---

(က) ဟနေယျုန္တိ ပေါထေယျုံ စေဝ ဆိန္ဒေယျုဉ္စ။ (ခ) ပဗ္ဗာဇေယျုန္တိ နီဟရေယျုံ။ (ဂ) စောရောသိတိ ဧဝမာဒီနိ စ ဝတွာ ပရိဘာသေယျုံ။ (ဃ) တေနေဝါဟ ပရိဘာသေယျ ဝေသော တိ။ ဋ္ဌ။ ၂၆၈။

### ❀ ဝါကျခွဲ

ခ—ဝါကျ ပက္ခန္တရ။ က-ဝါကျ ပက္ခ။
ဂ—ဝါကျ ပက္ခန္တရ။ ခ-ဝါကျ ပက္ခ။
ဃ—ဝါကျ အာဂမဒဠှီကရဏ။ ဂ-ဝါကျ အာဂမဒဠှီယ။

**မှတ်ချက်**။ ။စောရောသိ ဗာလောသိ စသောစကားများကား ပရိဘာသန စကားများဖြစ်သည်ဟု ဂ-ဝါကျဖြင့် ဖွင့်ပြပြီးနောက် ယင်းမိမိ၏အဖွင့် သံဝဏ္ဏနာကို အာဂုံပါဠိဖြင့် ခိုင်မြဲစေလိုသဖြင့် ဃ-ဝါကျ တက်လာသည်။

---

### ❀ အာဘောဂနှင့်သံဝဏ္ဏနာ

က—ဝါကျဖြင့် ဟနေယျုံ၌ ဟနဓာတ်သည် ဟိံသာအနက်ကိုလည်းကောင်း ဓာတူနံ အတ္ထာတိသယ နည်းအားဖြင့် ဆိန္ဒနအနက်ကိုလည်းကောင်း ဟော၁သတည်းဟု သိစေသည်။

၁။ ဓာတွတ္ထ၊ ၂။ ဓာတွတ္ထ။

**ရှင်းလင်းချက်**။ ။ ဟနေယျုံဝါ။ (မာတိကာပါဠိ) ဟနေယျုံဝါတိ အတ္ထေန ဝါ-လ-ဆေဇ္ဇာယ ဝါဟနေယျုံ (ပဒဘာဇနီပါဠိ) ဟနေယျုန္တိ ပေါထေယျုံစေဝ ဆိန္ဒေယျုဉ္စ။ (အဋ္ဌကထာ)။ ဟနေယျုန္တိ တွေ ဟနန္ နာမ ဟတ္ထပါဒါဒီဟိ ပေါထနဉ္စေဝ သီသာဒိဆေဒနဉ္စ ဟောတီတိအာဟ ဟနေယျုန္တိ ပေါထေယျုံစေဝ ဆိန္ဒေယျုံစာတိ တေနေဝ ပဒဘာဇနီယဉ္စ ဟတ္ထေန ဝါ-လ-ဆေဇ္ဇာယဝါ ဟနေယျုန္တိ ဝုတ္တံ။သာရတ္ထ၊ ၂။ ၁၃၁။

မာတိကာပါဠိတော်၌ ဟနေယျုံဟု သာရှိသော်လည်း ပဒဘာဇနီပါဠိတော်မှာ ဟိံသာအနက် ဆိန္ဒန(ဆေဇ္ဇာယဖြင့်ပြသည်) တို့ကို ဘုရားရှင်ကိုယ်တိုင်ဖွင့် ပြတော်မူသည်။ ဤ ပဒဘာဇနီကို မျှော်ရှု၍ အဋ္ဌကထာ ဆရာက ဟနေယျုံကို

http://www.dhammadownload.com



ဟိ' သေယျ ဝါ ပေါထေယျ-ဟု ဓာတွတ္ထ သာမန် မဖွင့်ဘဲ ဆိန္နေယျ-ဟု အနက်လွန်ဖွင့် (အတ္ထာတိသယ) နည်းဖြင့် ဖွင့်ပြပါသည်ဟု သာရတ္ထဋီကာက ရှင်းလင်းချက်ထုတ်ပြသည် ဟူလို။ (ပါဠိ,ဌ၊ ဋီညွှိနှိုင်းချက်။)

ခ-ဝါကျဖြင့် ပဗ္ဗာဇေယျ၌ ပ-ဥပသာရ၏ ဓာတွတ္ထ ဝိသေသက အဖြစ်ကိုလည်းကောင်း၊ ဝဇဓာတ်၏ နိဟရဏအနက် ကိုဟောသည်-ကိုလည်းကောင်း၂ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

ဂ-ဝါကျဖြင့် စောရောသိ-လ ထေနောသိ ဟူသောပါဠိ၌ ပရိဘာသေယျ ပုဒ်ကိုဆောင်၍ အနက်ယောဇနာရမည်ဟု သိစေသည်။ (သမ္ဗန္ဓ။ ဝါ-ဘာဝ တ္ထ။)

ပရိဘာသေယျန္တိ ပဒံ အဇ္ဈာဟရိတွာ အတ္ထော ဝေဒိတဗ္ဗော။

သာရတ္ထ၊ ၂။ ၁၃၁။

---

### ❀ နည်းနှင့်ဥပစာ

ဟာနေယျ။ ။ အစိတ်ဖြစ်သော ဟာနနအနက်၏ ဟာနေယျ ဟူသောအမည်ကို အပေါင်းဖြစ်သော ဟာနနအနက် ဆိန္ဒနအနက်တို့၌ တင်စား၍ အပေါင်းဖြစ်သော ဟာနနအနက် ဆိန္ဒနအနက်တို့ကို ဟာနေယျ-ဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။ (ဥပလက္ခဏနည်း။ အတ္ထာတိသယနည်း။)

---

### ❀ အာဘောဂနှင့် သံဝဏ္ဏနာ

နိခါတန္တိ ဘူမိယံ ခဏိတွာ ဌပိတံ-ဖြင့် နိခါတံပုဒ်ကို နိခညတေတိ နိခါတံ ဟု ကမ္မသာဓ် ဝစနတ္ထ ပြုရမည်-ကိုလည်းကောင်း၁၊ တ-ပစ္စည်း၏ ကမ္မသာဓနေ၌သက်သည်-ကိုလည်းကောင်း ၂ နိခါတအရ မုချအားဖြင့် ထားအပ်သောတွင်းကို ယူအပ်သော်လည်း ဥပစာအားဖြင့် တွင်း၌ ထားအပ်သော ဘဏ္ဍာကို ယူရမည်-ကိုလည်းကောင်း၃ သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

---

### ❀ နည်းနှင့်ဥပစာ

နိခါတံ။ ။ ဌာနဖြစ်သောတွင်း၏ နိခါတအမည်ကို ဌာနီဖြစ်သော ထားအပ်သော ဘဏ္ဍာ၌ တင်စား၍၊ ဌာနီဖြစ်သော ထားအပ်သော ဘဏ္ဍာကို "နိခါတ" ဟုဆိုသောကြောင့် ဌာနူပစာ။ (နာနန္တရိကနည်း။)

F.79.A

http://www.dhammadownload.com


ဥပလဒ္ဓေါ။ ။ အကျိုးဖြစ်သော ရအပ်သော ရွှေအိုး၏ဥပလဒ္ဓေါဟူသော အမည်ကို အကြောင်းဖြစ်သော သိအပ်သော ရွှေအိုး၌ တင်စား၍ အကြောင်း ဖြစ်သော သိအပ်သော ရွှေအိုးကို ဥပလဒ္ဓေါဟု ဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

ရှင်းလင်းချက်။ ။ ဝိ၊ ဋ္ဌ၊ ၁။ ၂၇၀–၌ မယာ အသုကသ္မိံ နာမ ဌာနေ ဓဝရူပေါ နိဓိ ဥပလဒ္ဓေါ–ဟုဆိုရာ၌ ရပြီးသား ရွှေအိုးဟု အဓိပ္ပာယ်ရသည်။ စင်စစ် ရပြီးသား မဟုတ်၊ ဘယ်နေရာမှာ ရွှေအိုးရှိသည်ဟု ရွှေအိုးထားရာကို သိခြင်းမျှသာဖြစ်သည်။ သို့ဖြစ်၍ သာရတ္ထ၊ ၂။ ၁၃၂–၌ ဥပလဒ္ဓေါတိဉာတောဟု ဥပမာဖြစ်ကြောင်း ဖွင့်ပြသည်။

## ပမာဒလိခိတ (ပမာဒလေခ) မှတ်ဖွယ်

ပမာဒလိခိတန္တိ ဝေဒိတဗ္ဗန္တိ အပရာဘာဂေ ပေါတ္ထကာရုဠှကာလေ ပမဒ္ဒိတွာ လိခိတန္တိ ဝေဒိတဗ္ဗံ။ သာရတ္ထ၊ ၂။ ၁၃၂–နှင့်အညီ ပမာဒေန၊ (နောက်အခါပေထက် အက္ခရာတင်ချိန်တွင် ပေထက်အက္ခရာတင်သူတို့ မေ့လျော့သော အားဖြင့်။) လိခိတံ (ရေးသားအပ်သည်တည်း။) ဣတိ တသ္မာ ပမာဒလိခိတံ ဟု ဝိဂ္ဂဟကြံလေ။

---

(က) တတ္ထ ဇာတကန္တိ–လ–ဥပရိဇာတကံ။ (ခ) ကဋ္ဌ ဝါ လတံ–ဝါတိ–လ–ဒုက္ကဋမေဝ ဟောတိ။ (ဂ) အဋ္ဌဝိဓံ ဟောတံ–လ–ပဋိသဝဒုက္ကဋန္တိ။ ဋ္ဌ။ ၂၇၁။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ–ဝါကျကား ပက္ခန္တရ။ ထို–၍ က–ဝါကျကား ပက္ခ။

## ခ–ဝါကျလီနတ္ထရ ကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည် ကဋ္ဌ ဝါ လတံ ဝါ ဆိန္ဒတိ အာပတ္တိ ဒုက္ကဋဿဟု ဟောတော်မူ၏။ သစ်သားကိုလည်းကောင်း၊ နွယ်ကိုလည်းကောင်း ဖြတ်သော်သာလျှင် (ဧဝ အာဘော်) ဒုက္ကဋ်အာပတ် သင့်ပါသလော။ (အနွယ်အာဘော်) ကြွင်းသော မြက်သစ်ပင် စသည်တို့ကို ဖြတ်လျှင်ကား ဒုက္ကဋ်အာပတ်မသင့်ပြီလော။ (ဗျတိရေကာဘော်) အဘယ်သို့မှတ်ရမည်နည်းကြောင့် နကေဝလံ စသော သံဝဏ္ဏနာကိုမိန့်။

ခ–ဝါကျတွင် န ကေဝလံ ကဋ္ဌလတမေဝကား ဗျတိရေကဝါကျ။ ယံ ကိဉ္စိဝါကျကား အနွယဝါကျ။

ဂ–ဝါကျကား ယုတ္တိဒဠှီကရဏ။ ထို–၍ ခ–ဝါကျကား ယုတ္တိဒဠှီယ။

F.79 B

http://www.dhammadownload.com



## ဂ–ဝါကျကျမ်းထက်

ဆရာ၊ ဆရာသည် ခ ဝါကျဖြင့် အလုံးစုံ စိုသည်လည်းဖြစ် ခြောက်သည်လည်းဖြစ်သော, မြက်သစ်ပင်နွယ် အစရှိသည်ကို ဖြတ်သောရဟန်းအား သဟ–ပယောဂဖြစ်သောကြောင့် ဒုက္ကဋ်သာလျှင် သင့်သောဟု ဆို၏။ ဘူတဂါမ– ပါတဗျတာယ ပါစိတ္တိယံ သိက္ခာပုဒ်အရ ပါစိတ်အာပတ်သာ ဖြစ်သင့်သည်မဟုတ်လော၊ ဒုက္ကဋ်ဟူသော ဆရာစကားသည် အဘယ်သို့ သင့်ပါမည်နည်းကြောင့် ဂ–ဝါကျမိန့်။

မှတ်ချက်။ ။ ဆိုလိုသည်မှာ ဒုက္ကဋ် ဂ–မျိုးတွင် သဟပယောဂဒုက္ကဋ် ပါဝင်သဖြင့် ဤခ သဟပယောဂ ဒုက္ကဋ်အရာဖြစ်ရကား သဟပယောဂတ္တာ ဒုက္ကဋမေဝ ဟောတိ ဟူသော မိမိစကား ယုတ္တိရှိပါသည်ဟူလို။

တတ္ထ ထေယျစိတ္တေ–လ–ဒုက္ကဋမေဝ ဟောတိကား ဝိတ္ထာရ၊ ထို–၌ ဂ–ဝါကျကား သခေ်ပ။

ဂ–ဝါကျတွင် ပုဗ္ဗစယောဂဒုက္ကဋ်–သ–ပဋိသဝ ဒုက္ကဋ်ရုံကား သရူပဒဿန၊ ဝါ–သင်္ချေယျ၊ ဝါ–အာကာရဝါကျ။

အဌဝိဓံ–လ–ဒဿိတံကား သရူပဝန္တဒဿန၊ ဝါ–သချာ၊ ဝါ–အာကာရ–ဝန္တဝါကျ။

---

### ❁ ဝိဂ္ဂဟနှင့် ဉာဏ်ကောက် *

ပုဗ္ဗပယောဂ။ ။ ဘဏ္ဍဂ္ဂဟဏတော ပုဗ္ဗေ ပဝတ္တော ပယောဂေါ၊ ပုဗ္ဗမယောဂေါ။ မဇ္ဈေလောပီသတ္တာမီတပ္ပုရိသ်။ ပုဗ္ဗပုဒ်+ပယောဂပုဒ်။

ပုဗ္ဗအရ ဘဏ္ဍာကိုယူသည်မှ ရှေးအခါကာလသည် မှချ။ ယင်း၏ ဖြစ်သောလုံ့လပယောဂနှင့် ကာလ, ကာလဝန္တစပ်ခြင်း ဌာနူပစ။ ပုဗ္ဗပယောဂအရကား ဘဏ္ဍာကိုယူသည်မှ ရှေးအဖို့ဩဖြစ်သော လုံ့လပယောဂရ၏။

ပုဗ္ဗပယောဂဒုက္ကဋ်။ ။ ပုဗ္ဗမယောဂေန ပဝတ္တံ ဒုက္ကဋံ ပုဗ္ဗပယောဂဒုက္ကဋံ။အကြောင်းအကျိုးစပ်။

သဟပယောဂ။ ။ ပယောဂေန သဟ ယော ဝတ္တတိ သော သဟပယောဂေါ။ အားထုတ်ခြင်းနှင့် တကွဖြစ်သော ခိုးခြင်း။ သာရတ္ထ၊ ၂။ ၁၂၉။

အနာမာသ။ ။ အာမသိတဗ္ဗန္တိ အာမာသံ။ အာပုဗ္ဗ+မသ+ဏ။ နအာမာသံ အနာမာသံ။ (မသုံးသပ်အပ်သော ဝတ္ထုံ၊ ရ။)

http://www.dhammadownload.com



အနာမာသဒုက္ကဋံ။ ။ အနာမာသေ ပဝတ္တံ ဒုက္ကဋံ အနာမာသဒုက္ကဋံ။ (အနာမာသေ၊ မသုံးသပ်အပ်သော ရတနာဆယ်ပါး, စပါးခုနစ်မျိုး, အလုံးစုံသော လက်နက်ဘဏ္ဍာ, တူရိယာဘဏ္ဍာ, မိန်းမရုပ်ပုံ စသော ဝတ္ထုကြောင့်။ ပဝတ္တံ၊ ဖြစ်သော၊ ဝါ–သင့်သော။ ဒုက္ကဋံ၊ ဒုက္ကဋ်။) သာရတ္ထ၊ ၂။ ၁၃၃။

ဥပစိဏ္ဏ။ ။ ဥပစရိတဗ္ဗန္တိ ဥပစိဏ္ဏံ။ ဥပပုဗ္ဗ+စရဓာတ်+တ–ပစ္စည်း။ ဒုဋ္ဌု ဥပစိဏ္ဏံ ဒုရူပစိဏ္ဏံ။

ဒုရူပစိဏ္ဏဒုက္ကဋံ။ ။ ဒုရူပစိဏ္ဏေ ပဝတ္တံ ဒုက္ကဋံ ဒုရူပစိဏ္ဏဒုက္ကဋံ။ ဒုရူပ–စိဏ္ဏေ၊ (ငှက်ပျောသီး, အုန်းသီး စသော မသုံးသပ်ကောင်းသော အသီးအနှံတို့ကို သုံးသပ်ခြင်းတည်းဟူသော) မကောင်းစွာကျင့်အပ်သော အမှုကြောင့်။ ပဝတ္တံ၊ သော၊ ဒုက္ကဋံ၊ ဒုက္ကဋ်။

ဝိနယဒုက္ကဋံ။ ။ ဝိနယေ ပညတ္တံ ဒုက္ကဋံ ဝိနယဒုက္ကဋံ။သာရတ္ထ၊ ၂။ ၁၃၃ ဝိနယေ ပညတ္တံ အဝသေသံ ဒုက္ကဋံ ဝိနယဒုက္ကဋံ။ ဝိမတိ၊ ၁။ ၁၇၆။ (ဝိနယေ၊ ၌။ ပညတ္တံ၊ သော။ ဒုက္ကဋံ။ ပုဗ္ဗပယောဂစသည့် ဒုက္ကဋ်၇–မျိုးမှကြွင်းသော ဒုက္ကဋ်။ (ရဟန်းတော်များနှင့် မသင့်လျော်သောအမှု။) ဌာန ဌာနီ။ အာဓာရ အာဓေယျ။ အာတည်စပ်။

ဝိနယဒုက္ကဋံ။ ။ ဤ၌ ဆိုခဲ့ပြီးသော ဒုက္ကဋ် ၄–မျိုး၊ ဆိုလတ္တံ ဖြစ်သော ဒုက္ကဋ် ၇–မျိုးမှကြွင်းသော ရဟန်းတို့နှင့် မသင့်လျော်သော အမှုမှန်သမျှကို ဝိနယ ဒုက္ကဋ်အရ ယူရသောကြောင့် ပါဠိသေသနည်း။

အပေါင်းဖြစ်သော ဝိနည်း၌ပညတ်အပ်သော ဒုက္ကဋ်မှန်သမျှ၏ ဝိနယဒုက္ကဋံအမည်ကို အစိတ်ဖြစ်သော ဒုက္ကဋ် ၇–မျိုးမှကြွင်းသော ဒုက္ကဋ်၌တင်။ ဧကဒေသျူပစာ၊ ဝါ–သမုဒါယူပစာ။

ဉာတဒုက္ကဋံ။ ။ ဉာတေ အဝဒနတော ပဝတ္တံ ဒုက္ကဋံ ဉာတဒုက္ကဋံ။ (ဉာတေ၊ သံဃာကွဲပြားမည်ကို သိသည်။ သတိ၊ ဖြစ်လျက်။ အဝဒနတော မပြောဆိုခြင်းကြောင့်။ ပဝတ္တံ၊ ဖြစ်သော။ ဒုက္ကဋံ၊ တည်း။ အကြောင်းအကျိုးစပ်။)

ဥတ္တိဒုက္ကဋံ။ ။ဥတ္တိယာ ပဝတ္တံ ဒုက္ကဋံ။ (ဥတ္တိယာ၊ ဉတ်၌၊ ဝါ–ဉတ်ဆုံးသော အခါ၌။ ပဝတ္တံ၊ သော။ ဒုက္ကဋံ၊ တည်း။) ကာလ ကာလ ဝန္တစပ်။

ပဋိဿဝဒုက္ကဋံ။ ။ ပဋိဿဝေ ပဝတ္တံ ဒုက္ကဋံ ပဋိဿဝဒုက္ကဋံ။ (ပဋိဿဝေ၊ ဝန်ခံခြင်းကြောင့်။) အကြောင်းအကျိုးစပ်။ ဒုက္ကဋ် ၈–မျိုးပြဂါထာကို သာရတ္ထ ၂။ ၁၃၃–၌ ကြည့်။

http://www.dhammadownload.com


### ◉ အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ ကုန္တိယာဥပရိဇာတကံ–ဖြင့် တတ္ထ–၌တွဲပစ္စည်း၏ သတ္တမိအနက်၌ သက်သည် ကိုလည်းကောင်း၊ ၁ တ–သဒ္ဒါ၏ အိုး၏ အထက်အပေါ် ဟူသော အနက်ကိုစွဲသည်–ကိုလည်းကောင်း၊ ၂ တတ္ထ ဇာတကံ တတ္ထဇာတကံ–ဟု အလုတ္တသတ္တမိတပ္ပုရိသ်ဝစနတ္တပြုရမည်–ကိုလည်းကောင်း၊ ၃ သိစေသည်။

### ◉ နည်းနှင့် ဥပစာ

ကဌ ဝါ လတံ ဝါ။　　။ အစိတ်ဖြစ်သော သစ်နွယ်တို့၏ကဌ ဝါ လတံ ဝါ ဟူသောအမည်ကို အပေါင်းဖြစ်သော အလုံးစုံသော အစိုအခြောက်မြက် သစ်ပင်နွယ်စသည်တို့၌ တင်စား၍ အလုံးစုံသော အစို–လ–တို့ကို ကဌ ဝါ လတံ ဝါဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ–အဝယဝူပစာ။ (ဥပလက္ခဏာနည်း။)

ပဌမံ တာဝေတ္တေ (က) ဒုရှကတံ–လ–ကတန္တိ ဒုက္ကဋံ။ (ခ) အထ ဝါ ဒုဌံ ကတံ–လ–ဝေမ္မိ ဒုက္ကဋံ။ (ဂ) ဝုတ္တဌေတံ–ဒုက္ကဋံလ္လတိ–လ–ဝုစ္စတီတိ။ ဌ။ ၂၇၃။

### ◉ ဝါကျခွဲနှင့် ကျမ်းတက်

ပဌမံ တာဝေတ္တ–ကား ပါဒက ဝါကျတည်း။

ပဌမံ တာဝေတ္တတိ ဧတေသု ဒုက္ကဋထုလ္လစ္စယေသု ပဌမံ ဒုက္ကဋံတာဝ ဝေဒိတဗ္ဗန္တိ သမ္ဗန္ဓော။ ပါရာ၊ ယော။ ၁၄၉။

က–ဝါကျတွင် သတ္တာရာ–လ–ကတံ–ကား (ဒုရှ နိပါတ်၏ အဓိပ္ပာယတ္ထ အကျယ်ကို ဖွင့်ပြသောကြောင့်) ဝိတ္ထာရ။ ထို–၍ ဒုရှကတံကား သင်္ခေပ။

ဒုရှကတန္တိမဿ ဝိဝရဏံ သတ္တာရာ–လ–ကတန္တိ။ ပါရာ၊ ယော။ ၁၄၉။

ခ–ဝါကျကား ပက္ခန္တရ။　　ထို–၍ က–ဝါကျကား ပက္ခ။

ခ–ဝါကျတွင် ဝိရူပါ သာ ကိရိယာ–ကား ဝိတ္ထာရ။ ထို–၍ ဒုဌံ ကတံကား သင်္ခေပ။

ခ–ဝါကျတွင် ဘိက္ခူ ကိရိယာနံ–လ န သောဘတိ–ကား ဝိတ္ထာရ။ ထို–၍ ဝိရူပါ သာ ကိရိယာ ကား သင်္ခေပ။

ဂ–ဝါကျကား အာဂမဒဠှီကရဏ၊ ထို–၍ က–ခ ဝါကျကား အာဂမဒဠှီယ။

ဣဒါနိ ဝုတ္တမေဝတ္တံ ပရိဝါရပါဠိယာ နိဒဿေန္တော ဝုတ္တမ္ပိ စေတန္တိ အာဒိမာဟ။ သာရတ္ထ။　၂။ ၁၃၃။

http://www.dhammadownload.com


### ◉ အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ ဒုဋ္ဌုကတ်ဖြင့် ဒုဋ္ဌုပသာရသည် ဤသဒ စသောအနက်ကို မဟော၊ ဒုဋ္ဌုအနက်ကို ဟောသည်–ကိုလည်းကောင်း[1] ဒုဋ္ဌုကတ်ဒုကတ် ဟုံ ပါဒိပု ဗ္ဗပဒကမ္မဓာရာယ်သမာသ် ဝစနတ္ထပြုရမည်–ကိုလည်းကောင်း၊[4] ဒုကတ–ဟု ဆို လိုလျက် က–လာခြင်း ဝဏ္ဏာဂမနိရုတ္တိနည်း။ ဒုက္ကဋ တ–ကို မုဒ္ဓဇ ဋ–ပြန်ခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် ဒုက္ကဋ ဟု ရုပ်ပြီးသည်–ကိုလည်းကောင်း[2] သိစေ သည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၃။ဘာဝတ္ထ။

မှတ်ချက်။ ။ သတ္တာရာ–လ–ကတ်–ဖြင့် ဘာဝတ္ထပြု။

ခ–ဝါကျ၌ ဒုဋ္ဌ ကတ်–ဖြင့် ဒုက္ကဋ်၌ ဒု–သဒ္ဒါသည် ဤသဒ စသော အနက် ကို မဟော၊ ဒုဋ္ဌ=မကောင်းခြင်း၊ ဝါ–ပျက်ခြင်းအနက်ကို ဟောသည်–ကိုလည်း ကောင်း[1]၊ ဒုက္ကဋံပုဒ်ကို ဒုဋ္ဌံ ကတံ ဒုက္ကတံ ဟု ကမ္မဓာရာယ်သမာသ် ဝစနတ္ထ ပြုရမည်–ကိုလည်းကောင်း၊[4] ဒုကတ ဟုဆိုလိုလျက် က–လာခြင်း ဝဏ္ဏာဂမနိရု တ္တိနည်း၊ ဒုက္ကဋ တ–ကို မုဒ္ဓဇ ဋ–ပြန်ခြင်း ဝဏ္ဏ–ဝိကာရ နိရုတ္တိနည်းဖြင့် ရုပ်ပြီးသည် –ကိုလည်းကောင်း [2] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၃။ ဘာဝတ္ထ။

ခ–ဝါကျ၌ ဝိရူပါ–ဖြင့် ဒုဋ္ဌ ကတံ၌ ဒုဋ္ဌသဒ္ဒါသည် ဒုဋ္ဌဒေါသ သိက္ခာ ပုဒ်၌ ကဲ့သို့ ဖျက်ဆီးအပ် ဖျက်ဆီးတတ်သော ဒေါသအနက်ကို မဟော၊ ဖောက်ပြန်ခြင်း ဝိရူပအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

ခ–ဝါကျ၌ ကိရိယာဖြင့် ကတံပုဒ်ကို ကရဏံ ကတံ ဟု ဘာဝသာဓန ဝစန တ္ထပြုရမည်–ကိုလည်းကောင်း[1]၊ တ–ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်–ကို လည်းကောင်း [2] သိစေသည်။ သာရတ္ထ။ ၂။ ၁၃၇။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

ခ–ဝါကျ ဘိက္ခု–လ–န သောဘတိ–ဖြင့် ဘာဝတ္ထပြသည်။

ဂ–ဝါကျ၌ အပရဒ္ဓံ, ဝိရဒ္ဓံ,ခလိတံ–ဖြင့် ယင်း သဒ္ဒါသုံးမျိုးသည် ယဋ္ဌ ဒုက္ကဋံ ၌ ဒုက္ကဋသဒ္ဒါ၏ ဝေဝုစ် စကားလှယ်ပရိယာယ်တည်းဟု သိစေသည်။ သာရတ္ထ၊ ၂။ ၁၃၃။

---

### ◉ နည်းနှင့် ဥပစာ

ဒုက္ကဋံ။ ။ အကြောင်းဖြစ်သော မကောင်းစွာ ကျင့်အပ်သော အမှု၊ မကောင်းသော ဖောက်ပြန်သည့် အမှုအရာ၏ ဒုက္ကဋံအမည်ကို အကျိုးဖြစ်

http://www.dhammadownload.com



သော အာပတ်၌တင်စား၍ အကျိုးဖြစ်သောအာပတ်ကို ဒုက္ကဋံ ဟု ဆိုသော ကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။)

မှတ်ချက်။ ။ ရွှေဥမင်သျှ၊ ၄၀၂–၃–၌ မကောင်းသောအမှု ချွတ်ယွင်းသောအမှုရ၏။ ထိုအမှုကြောင့်ဖြစ်သော အာပတ်ကား ဖလူပစာအားဖြင့် ဒုက္ကဋ မည်ပါသတည်း ဟု တွေ့ရ၏ စာကူးလွဲဟန်တူသည်။ ကာရဏူပစာသာမှန်သည်။

(က) ဣတရံ ပန ထူလတာ လ–ထုလ္လစ္စယံ။ (ခ) သမ္ပရာယေ စဒုဂ္ဂတိ–လ–ဝေဒိတဗ္ဗော။ (ဂ) ကေသ သန္တိကေ–လ–အစ္စယော နတ္ထိ။ (ဃ) တသ္မာ ဝုတ္တံ–လ–ထုလ္လစ္စယန္တိ။ ၌။ ၂၇၃။

### ❀ ဝါကျခွဲနှင့် ကျမ်းတက်

ခ–ဝါကျကား (ထုလ္လစ္စယပုဒ်၏ ရုပ်ပြီးပုံကို ဆက်လက်ပြသောကြောင့်) ဝါကျာရမ္ဘ။ ထို–၍ က–ဝါကျကား အာရဒ္ဓ။

### ဝါကျကြံပုံ

ခ–ဝါကျ သမ္ပရာယေ စ–လ––အာဒီသု ဝိယ–ဟူသော ဥပမာနစကားကို ရှုလျှင် ယင်း ခ–ဝါကျကို အာဂမဒဠှီကရဏဝါကျဟု ကြံရဖွယ်ရှိသည်။ (သညာနိဒါနာ ဟိ ပပဉ္စသင်္ခါ ဝါကျပြန်ကြည့်ပါ။) သို့သော် ယင်း ဥပမာနဖြင့် က–ဝါကျဖြင့် ဆိုခဲ့သော ထုလ္လစ္စယပုဒ်၏ ကမ္မဓာရာယ်သမာသ်အဖြစ်ကို ထောက်ခံခိုင်မြဲစေသည်မဟုတ်၊ ထုလ္လစ္စယပုဒ်၏ ရုပ်ပြီးပုံကို ဆက်လက်ဖွင့်ပြခြင်းသာ ဖြစ်၏။ သို့ဖြစ်၍ ခ–ဝါကျကို ဝါကျာရမ္ဘ ဟု ဆုံးဖြတ်ရသည်။

အာဒီသု ဝိယ–စသည် ဥပမာနဖြင့် တက်လာလျှင် ၁–တပ္ပာကဋီကရဏ။ ၂။ အာဂမဒဠှီကရဏ။ ၃။ ဝါကျာရမ္ဘ ဟု သုံးမျိုးတွင် တမျိုးမျိုးဖြစ်တတ်သည်ကို သတိပြု။

### ခ–ဝါကျ ဋီကာတက်ပုံ

ဤသို့ က–ဝါကျဖြင့် ထုစ္စလ္လယံပုဒ်ကို ထူလော စ သော အစ္စယော စာတိ–ဟု ကမ္မဓာရာယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို ပြတော်မူပြီး၍ ယခုအခါ၌ထူလနှင့် အစ္စယပုဒ်တို့ သမာသ်တွဲစပ်ရာတွင် ထူလစ္စယ ဟု ဆိုသင့်လျက် ထုလ္လစ္စယ ဟု ရုပ်ပြီးပုံကို ဥပမာဖြင့် ဖွင့်ပြလိုရကား ခ–ဝါကျမိန့်။ သာရတ္ထ။ ၂။ ၁၃၄။

ဂ–ဝါကျကား ဝတ္ထာရ၊ ထို–၍ က–ဝါကျကား သခေ်ပ။

ဃ–ဝါကျကား နိဂမန–ထို–၍ ဂ–ဝါကျကား နိဂမနိယ၊ ဝါ–စုဏ္ဏိယ။

http://www.dhammadownload.com



### ⊛ ဝိဂ္ဂဟနှင့် ဉာသ်ကောက်

ထုလ္လစ္စယ။ ။ ထူလော စ သော အစ္စယောစာတိ ထုလ္လစ္စယံ။ ထူလ+ အစ္စယ။ ကမ္မဓာရာယ်။

ထူလ–ကြီးခြင်း၊ အပြစ်ကြီးခြင်း ထူလဘောဂုဏ်သည် မုချ။ ယင်း၏ အပြစ်နှင့် ဂုဏ် ဂုဏောစပ်။ ထုလ္လစ္စယ–အရကား ထို–ဖြင့် မှတ်အပ်သော (တပါးသော ရဟန်းတို့ထံ၌ ပြောကြားရမည့် အပြစ်တို့တွင် ယင်း ထုလ္လစ္စဉ်း အာပတ် အပြစ်နှင့်တူသော ကြီးသောအပြစ်၏ မရှိခြင်းကြောင့်) ကြီးသောအပြစ်ရ၏။

နည်းမှတ်ဖွယ်။ ။ ထုလ္လစ္စယော–ဟု ပုလ္လိင်ဖြင့် ဆိုသင့်လျက် ထုလ္လစ္စယံ ဟု နပုလ္လိင်ဖြင့်ဆိုသောကြောင့် လိင်္ဂဝိပလ္လာလ။

ဒုဂ္ဂတိ။ ။ ဒုက္ခာ ကုစ္ဆိတာ ဝါ ဂတိဒုဂ္ဂတိ။ သာရတ္ထ၊ ၂။ ၁၃၄။

သမ္ပရာယ။ ။ သံ ပုဗ္ဗ+ပရာ+ပုဗ္ဗ+ဣ–ဓာတ်။ အ–ပစ္စည်း၊ တနည်း။ ဏ–ပစ္စည်း။

သမ္ပရေတဗ္ဗော သမ္မာပုဏိတဗ္ဗောတိ သမ္ပရာယော။ (သတ္တေဟိ၊ တို့သည်။ ကမ္မကိလေသဝသေန၊ ကံ ကိလေသာတို့၏ အစွမ်းဖြင့်၊ ယော ပရလောကော၊ ကို။ သမ္ပရေတဗ္ဗော သမ္မာပုဏိတဗ္ဗော၊ အပ်၏။ ဣတိ သော သမ္ပရာယော။) ကမ္မသာဝန။ သာရတ္ထ၊ ၁။ ၁၈၇။

သံ–ကား ,ဓာတွတ္ထာနုဝတ္တက ဘောဂုဏ်ရ၏။

ကတ္တုရှ–ကား သတ္တဝါတို့ သန္တာန်၌ရှိသော ကံ ကိလေသာတို့သည် မုချ။ ကမ္မတ္ထ–ကား တမလွန်လောကဟူသော ရုပ်နာမ်ဓမ္မတို့၏ နာနာကမ္မဏိတ ပကတူပနိဿယ ပစ္စယုပ္ပန္န ဘောဂုဏ်ရ၏။ ဏ–ကား တမလွန်လောကဟူသော ရုပ်နာမ်ဓမ္မရ၏။

ထူလ။ ။ ထူလဓာတ်+အပစ္စည်း။ ထူလ ပရိဗြူဟနေ (ပွားခြင်း) အ။ ထူလနံ ထူလော သူစိ။

အစ္စယ။ ။အတိ+ဣ+ဏ။ အတိက္ကမိတ္ဗာ အယနံ (ဖြစ်ခြင်း) အစ္စယော။ သူစိ။

---

### ⊛ အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျဖြင့် ထုလ္လစ္စယံပုဒ်ကို ထူလော စ အစ္စယော စ ဟု ဒွန်သမာသ် လည်းကောင်း၊ ထူလဿ အစ္စယော ဟု တပ္ပုရိသ်သမာသ် လည်းကောင်း ဝိစနတ္ထ မပြုရ။ ထူလော စ အစ္စယော စာတိ ထူလစ္စယံဟု ကမ္မဓာရာယ်သမာသ် ဝိစနတ္ထ ပြုရမည် ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

http://www.dhammadownload.com



ခ—ဝါကျ၌ သံယောဂ ဘာဝေါ—ဖြင့် ထူလစ္စယံ ဟု ဆိုလိုလျက် လ-ဒွေဘော် လာသည်—ကိုလည်းကောင်း၊ ¹ လ-ဒွေဘော် လာသောကြောင့် ထူ-၌ ဦဒီဃ၏ ဥ-ရဿ၏ အဖြစ်ကိုလည်းကောင်း ² သိစေသည်။ သာရတ္ထ၊ ၂။ ၁၃၄။

၁။ သဒ္ဒါလိင်္ဂပဒ၊ ဝါ-ဘာ၁၀တ္ထ ၂။ သဒ္ဒါလိင်္ဂပဒ၊ ဝါ-ဘာ၁၀တ္ထ။

---

## ပါဠိဝိနိစ္ဆယ

ဒုဂတိ-ဟု ဆိုလိုလျက် ဒွေဘော်လာ၍ ဒုဂ္ဂတိ-ဟု ပြီးသကဲ့သို့လည်းကောင်း၊ ကဋုကဖလံ-ဟု ဆိုလိုလျက် ဒွေဘော်လာ၍ ကဋုကပ္ဖလံ-ဟု ပြီးသကဲ့သို့လည်းကောင်း၊ ထုလစ္စယံ-ဟု ဆိုလိုလျက် လ-ဒွေဘော်လာခြင်း၊ ဦ-ကို ဥ-ရဿပြုခြင်းဖြင့် ပြီးသောကြောင့် ထုလ္လစ္စယံပါဠ်သာ သင့်သည်။

---

## နည်းနှင့်ဥပစာ

**ထုလ္လစ္စယ။** ။ထူလစ္စယံ-ဟု ဆိုလိုလျက် လ-ဒွေဘော်လာခြင်း ဝဏ္ဏာဂမနိရုတ္တိနည်း။ ဦ-ကို ဥ-ရဿပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းရသည်။

ထုလ္လစ္စယော-ဟူသော ပုလ္လိင်ကို နပုလ္လိင်အားဖြင့် ဆိုသောကြောင့် လိင်္ဂဝိပလ္လာသနည်း။

**ထုလ္လစ္စယော။** ။ဒုက္ကဋ်ကဲ့သို့ ကာရဏူပစာ။ နာနန္တရိကနည်းတစ်လေဦး။

**မှတ်ချက်။** ။ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ—၌ ထူလံ မဟန္တံ အစ္စယံ တေိဿာပတ္တိယာတိ ထုလ္လစ္စယံ-ဟု အာပတ်ရအောင် ဗဟုဗ္ဗီဟိ ပြုသည်။ ဤအလို ထုလ္လစ္စယံ၌ ဥပစာမရ။ ဝိနယဝိနိစ္ဆယ ဋီ၊ ပထမအုပ်၌ ထူလော အစ္စယော ထုလ္လစ္စယော-ဟု ပုလ္လိင်ဖြင့် နိပ္ဖန္န ချသည်။

**ကဋုကပ္ဖလံ။** ။ကဋုကံ ဖလံ တေဿာတိ ကဋုကပ္ဖလံ။ (တေဿ ဝါပ ကမ္မဿ၊ ထိုမကောင်းမှုကံအား။ ကဋုကံ၊ ထက်သော၊ ဝါ-ဆင်းရဲသော။ ဖလံ၊ အကျိုးသည်။ အတ္ထိ၊ ၏။ ဣတိ တံ ကဋုကပ္ဖလံ။) အကျိုးအကြောင်းစပ်။

**မှတ်ချက်။** ။မောဂ္ဂ၊ ၂၅။ နေတ္တိ၊ ၁၂၀။ သံ၊ ၁။ ၅၆။ မော၊ ၄၊ ၁။ ၃၀၄။ နေတ္တိ၊ ၄၊ ၂၂၄-အဖွင့်တို့ကို ရှုလေ။

**ဥပစာ။** ။အကျိုးဖြစ်သော ထက်သော ဆင်းရဲသော အကျိုး၏ ကဋုကပ္ဖလ အမည်ကို အကြောင်းဖြစ်သော မကောင်းမှုကံ၌ တင်စား၍ အကြောင်းဖြစ်သော မကောင်းမှုကံကို ကဋုကပ္ဖလ-ဟု ဆိုသောကြောင့် ဖလူပစာ။ အဝိနာဘာဝနည်း။ (ကဋုကဖလ-ဟူလိုလျက် ဒွေဘော်လာ၍ ကဋုကပ္ဖလ-ဟု ဖြစ်ရကား ဝဏ္ဏာဂမနိရုတ္တိနည်း။)

http://www.dhammadownload.com



အစ္စယေသု တေန။ ။အပေါင်းဖြစ်သော ဝုဋ္ဌာနဂါမ်အပြစ်၊ ဒေသနာဂါမ်အပြစ်တို့၏ အစ္စယေသု အမည်ကို အစိတ်ဖြစ်သော ဒေသနာဂါမ်အပြစ်တို့၌ တင်စား၍ အစိတ်ဖြစ်သော ဒေသနာဂါမ်အပြစ်တို့ကို အစ္စယေသု ဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ၊ ရှင်း။)

† အစ္စယော တေန သဒမေ၃ နတ္ထီတိ ဒေသနာဂါမိသု အစ္စယေသု။ သာရတ္ထ၊ ၂။ ၁၃၄။

(က) သုတ္တာရုဠှံ သုတ္တေ အာရုဠှံ။ (ခ) သုတ္တေန-လ-အဓိဝစနံ။ (ဂ) ပါမင်္ဂါဒိနိ ဟိ-လ-သုတ္တမယာနိပိ။ (ဃ) မုတ္တာဝလိ-လ-ဂတား (င) ဝေဌနန္တိ-လ-ဝုစ္စတိ။ ဌ။ ၂၇၅။

## ❀ ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝါကျာရမ္ဘ၊ ဝါ-ပက္ခန္တရ။ ထို-၍ က-ဝါကျကား အာရဒ္ဓ၊ ဝါ-ပက္ခ။ (ထေယျသခ်ါတံ ဝါကျခွဲပြန်ကြည့်။)

ဂ-ဝါကျကား ယုတ္တိဒဠှီကရဏ။ ထို ၍ ခ-ဝါကျကား ယုတ္တိဒဠှိယ။

ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၍ က-စသောဝါကျတို့ကား အာရဒ္ဓ။

င-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

## ဝိဂ္ဂဟနှင့် ဉာသ်ကောက်

**သုတ္တာရုဠှ။** ။အာရုဟိယတေတိ အရုဠှံ။ (အာ+ရုဟ+တ။) သုတ္တေ အာရုဠှံ (တင်အပ်သီအပ်သော ဘဏ္ဍာတည်း။) သုတ္တာရုဠှံ။ (ချည်းနှင့် သီအပ်သော ဘဏ္ဍာ။ ဌာနီ ဌာနစပ်။ သုတ္တေန အာဝုတာသ ကြည့်။ ပကတိ ဝိကတိ စပ်။ သုတ္တမယကြည့်။)

**သုတ္တ။** ။သူဓာတ်+တ ပစ္စည်း။ နီတိ၊ ဓာ။ ၁၇၂။

## ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် သုတ္တာရုဠှံပုဒ်ကို သုတ္တေ အာရုဠှံ ဟု သတ္တမီ တပ္ပုရိသ် သမာသ် ဝဇ္ဇ...ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ။)

ခ-ဝါကျဖြင့် သုတ္တာရုဠှအရ ချည်ဖြင့်သီအပ်သောဘဏ္ဍာ၊ ချည်ဖြင့်ပြီးသော ဘဏ္ဍာ...ဟုမည်။ သုတ်၌ တင်အပ်သော ပါဠိမမှုကို မယူရဟု သိစေသည်။ (အဘိဓေယျတ္ထ၊)

ဂ-ဝါကျဖြင့် ပါဠိတော်ဝယ် သုတ္တာရုဠှ သရုပ်ကို ပါမင်္ဂ ဝါ-လ-ဝေဌနံ ဝါ ဟူ ဟောသော်လည်း သုတ္တာရုဠှအရ ပါမင်္ဂ စသည် ဘဏ္ဍာများ သာမက မုတ္တာဝလိ စသည်ကိုလည်း ဥပလက္ခဏနည်းဖြင့် ယူရမည်ဟု သိစေသည်။ (ဘာ...တ္ထ။)

F.80 B

http://www.dhammadownload.com



ငု-ဝါကျဖြင့် ဝေဌနအရ ရစ်ပတ်ခြင်း သာမညကို မယူရ၊ ဦးခေါင်း ရစ်ပတ်ကြောင်း ပုဆိုး၊ ဝါ-ခေါင်းပေါင်းကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္တ။)

## (၉) ပါဌ်ဝိနိစ္ဆယ

**မုတ္တာဝလိ၊ မုတ္တာဝဠိ။** ။အာဝလိ သဒ္ဒါကား အာပုဗ္ဗ+ဝလဓာတ်+ ဣပစ္စည်းတည်း။ လ-နှင့် ဠ-အထူးမရှိသောကြောင့် အာဝလိ၊ အာဝဠိ ၂-မျိုးသင့်သည်။ မုတ္တာနံ အာဝလိ (ဠိ) မုတ္တာဝလိ (ဠိ) ဟု သမာသ်တွဲ။ ၂-ပါဌ် သင့်သည်။

**အာဝုတ၊ အာဝုဋ္ဌ။** ။အာ ပုဗ္ဗ+ဝုဓာတ်+တ-ပစ္စည်းဖြင့် ပြီးသောကြောင့် လည်းကောင်း၊ တ-ကို ဋ္ဌ-ပြုရမည် ဟု အဆိုအညွှန်း မရှိသောကြောင့် လည်းကောင်း၊ အာဝုတသာ သင့်သည်။

† အာပုဗ္ဗော ဝု သံဝရဏေ ဓာတော၊ အာ သမန္တတော ဝုတံ အာဝုတံ။ သူစိ။

**ဝေဌန၊ ဝေဋ္ဌန၊ ဝေဓန။** ။ဝေဌဓာတ်+ယု ပစ္စည်းဖြင့်ပြီးသောကြောင့် ဝေဌနပါဌ်သာ သင့်သည်။ နီတိ၊ ဓာ၊ ၅၇။

## (၁၀) နည်းနှင့်ဥပစာ

**သုတ္တာရှင္မ်ိုး။** ။အပေါင်းဖြစ်သော သုတ်၌တင်အပ်သော ပါဠိဓမ္မ ချည်ဖြင့် ပြီးသော ဘဏ္ဍာ၊ ချည်ဖြင့်သီအပ်သော ဘဏ္ဍာတို့၏ သုတ္တာရှင္မ်ိုး အမည်ကို အစိတ်ဖြစ်သော ချည်ဖြင့် သီအပ်သောဘဏ္ဍာ၌ တင်လေ၊ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (ဤကား ခ-ဝါကျကို ထောက်၍ တင်သော ဥပစာ တည်း။)

**တနည်း။** ။အစိတ်ဖြစ်သော ပါမက်-လ-ဝေဌန-တို့၏ သုတ္တာရှင္မ်ိုးဟူသော အမည်ကို အပေါင်းဖြစ်သော ပါမက်-လ-ဝေဌနနှင့် မုတ္တာဝလိ စသည်တို့၌ တင်စား၍ အပေါင်းဖြစ်သော ပါမက်-လ-ဝေဌနနှင့် မုတ္တာဝလိ စသည် တို့ကို သုတ္တာရှင္မ်ိုး ဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။ (ဥပလက္ခဏနည်း။) (ဤကား ပါဠိတော်လာ ပါမက် စသော သုတ္တာရှင္မ်ိုး သရုပ်နှင့် ဃ-ဝါကျ အဖွင့်ကိုထောက်၍ တင်သော ဥပစာတည်း။)

**ဝေဌန။** ။ရစ်ပတ်ကြောင်းဂုဏ်၏ ဝေဌနအမည်ကို ဂုဏီဖြစ်သော ပုဆိုး၊ ဝါ-ခေါင်းပေါင်း၌ တင်စား၍ ဂုဏီဖြစ်သော ပုဆိုး၊ ဝါ-ခေါင်းပေါင်းကို

http://www.dhammadownload.com



ဝေဠှန ဟု ဆိုသောကြောင့် ဂုဏ္ဍပစာ။ (ဤကား ပဋ္ဌော-ဒြပ်ဖွင့်ကို ထောက်၍ ဉပစာတင်ပုံတည်း။ သီသဝေဠှန အဖွင့်ကိုထောက်လျှင် အောက်ပါအတိုင်း ဉပစာတင်လေ။)

ဝေဠှန။ ။အပေါင်းဖြစ်သော ရစ်ပတ်ကြောင်း ရစ်ပတ်စရာ မှန်သမျှ၏ ဝေဠှနအမည်ကို အစိတ်ဖြစ်သော ဦးရစ်ပေါင်း၊ ဝါ-ခေါင်းပေါင်း၌ တင်လေ။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

---

(က) မဟာ အဋ္ဌကထာယံ ပန-လ-တံ ပမာဏံ။ (ခ) ဣတရံ ပန-လ-တံ န ဂဟေတဗ္ဗံ။ (ဂ) ဝိနယဝိနိစ္ဆယေ ဟိ-လ-ဠှာတဗ္ဗံ။ (ဃ) သော ဝိနယဓမ္မတာ။ (င) အပိစ-ကုဋ္ဌံ န ဠှာနတ္တိ။ ဠ္ဌ။ ၂၇၆။

## ⊛ ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဗျတိရေကဝါကျ။ ဝ-ဝါကျာရမ္ဘ။ ထို့၍ က-ဝါကျကား အန္ဓယ၊ ဝါ-အာရဒ္ဓ။

ဂ-ဝါကျကား ယုတ္တိဒဠှိကရဏ။ ထို့၍ ခ-ဝါကျကား ယုတ္တိဒဠှိယ။

## ဂ-ဝါကျဆင်တဲဂဏ္ဌိကျမ်းတက်

အဋ္ဌကထာစရိယ ပမာဏအားဖြင့် သခေ်ပအဋ္ဌကထာ စသည်တို့၌ ဆိုသော စကားကို စဉ်လျက် အဘယ့်ကြောင့် မယူအပ်သနည်း-ရှိ၍ ဝိနယဝိနိစ္ဆယေ စသည်မိန့်။ ရင်းဂဏ္ဌိ၊ ၅၀၂။ (သာရတ္ထ၊ ၂။ ၁၃၆။) ယောဇနာ။ ၁၅၁-၌ ဟေတုံ ဉာပတိ-ဟု ကာရဏကျမ်းတက်သည်။

ဃ-ဝါကျကား ဝါကျာရမ္ဘ၊ ဝါ-ကာရဏ။ ထို့၍ ဂ-ဝါကျကား အာရဒ္ဓ။ ဝါ-ဖလ။

## ဃ-ဝါကျ ဆင်တဲဂဏ္ဌိကျမ်းတက်

ဟုတ်မှန်ရာ၌သာ တည်ရာဖြစ်သင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် ဂရုက၌ တည်ရာ၏ဟု ဆိုသနည်း-ရှိ၍ သော ဝိနယဓမ္မတာ-မိန့်။ (၅၀၂။)

င-ဝါကျကား ပက္ခန္တရ။ ထို့-၍ ဂ-ဝါကျကား ပက္ခ။

## င-ဝါကျဋီကာတက်

ဣဒါနိ သခေ်ပဋ္ဌကထာဒီသု ဝုတ္တံ ပါဠိယာပိ န သမေတီတိ ဒဿေန္တော အာဟ "အပိစာ"တိ အာဒိ။ သာရတ္ထ၊ ၂။ ၁၃၆။

မှတ်ချက်။ ။ဂ-ဝါကျဖြင့် ယုတ္တိအကြောင်းပြ၍ င-ဝါကျဖြင့် သာဓကပါဠိ အကြောင်းပြသည်။ ထို့ကြောင့် ပက္ခ၊ ပက္ခန္တရ ခွဲ၏။

http://www.dhammadownload.com



## ၄ - ဝါကျ ဝိမတိ ဘျမ်းတက်

န ကေဝလဋ္ဌေတ္တ ဂရုကတာ၀၊ သုတ္တာဂမနမ္ပိ အတ္ထိတိ ဒဿေန္တော အပိ. စာတိ အာဒိမာဟ။ ဝိမထိ၊ ၁။ ၁၇၇။

---

## ဝိဂ္ဂဟာနှင့် ဉာဏ်ကောက်

**ဝိနယဓမ္မတာ။** ။ဝိနယဿ ဓမ္မတာ ဝိနယဓမ္မတာ။ (ဝိနယဿ၊ ဝိနည်း၏။ ဓမ္မတာ၊ ထုံးစံဓမ္မတာတည်း။) ဆဋ္ဌီတပ္ပုရိသ်။ ဝိနယပုဒ် + ဓမ္မတာပုဒ်။ သာရတ္ထ၊ ၂။ ၁၃၆။

ဝိနယ—ကား ဝိနည်းသည် မုချ။ ဝိနည်းကို လေးစားသောသူသည် ဥပစာ အားဖြင့်ရ၏။ ယင်း၏ ထုံးစံဓမ္မတာနှင့် ဂုဏေ ဂုဏ်၊ သဘာဝဝန္တ သဘာဝ၊ အဘေဒ ဘေဒစပ်။ ဝိနယဓမ္မတာ—ကား ဝိနည်း၏ ထုံးစံဓမ္မတာ၊ ဝါ-ဝိနည်း လေးစားသူ၏ ထုံးစံဓမ္မတာရ၏။

**မှတ်ချက်။** ။မအူသျှ်ဒ္ဒ ဝိနယဿ ဝိနိစ္ဆယေ ဓမ္မတာ ဟု တနည်း ကြံသေး သည်။

**နည်းနှင့်ဥပစာ။** ။ဌာနီဖြစ်သောဝိနည်း၏ ဝိနယအမည်ကို ဌာနဖြစ်သော ဝိနည်းကို လေးစားသူ၌ တင်စား၍ ဌာနဖြစ်သော ဝိနည်းကိုလေးစားသူကို ဝိနယဟု ဆိုသောကြောင့် ဌာနျူပစာ။ (အဝိနာဘာဝနည်း။)

---

## ပါဌ်ဝိနိစ္ဆယ

**ဝစနတောပေတံ။ ဝစနတောစေတံ။** ။စ-သဒ္ဒေါ ဝိနယဝိနိစ္ဆယ အာဒိ ယောတုံ အပေက္ခတိ၊ ဝစနတောပေတမ္ပိ အတ္ထိဟု စသဒ္ဒါ ဝိနယဝိနိစ္ဆယေ ဟူသောအကြောင်းကိုငဲ့သည်။ ဝစနတောပေတံ ဟုလည်း ရှိသည်ဟု ယောဇနာဆိုသောကြောင့် လည်းကောင်း၊ စသဒ္ဒါ ပိသဒ္ဒါ နှစ်မျိုးလုံးပင် ယောဇ္ဇာပေက္ခနအနက်ကို ဟောနိုင်သဖြင့် အတ္ထယုတ္တိရှိသည်ချည်း ဖြစ်သောကြောင့် လည်းကောင်း ၂-ပါဌ်သင့်။

---

။ ဘဏ္ဍဒေယျံ နာမ ယံ ပရဿ နဋ္ဌံ၊ တဿ မူလံ ဝါ တဒေဝ ဝါ ဘဏ္ဍံ ဒါတဗ္ဗန္တိ အတ္ထော။ ၎။ ၂၇၀။

။ ဘဏ္ဍဒေယျန္တိ ဘဏ္ဍဉ္စ တံ ဒေယျဉ္စာတိ ဝိဂ္ဂဟော။ အတ္တနာ ဂဟိတ ဝတ္ထုံ ဝါ တဒဂ္ဃနကံ ဝါ ဘဏ္ဍံ ဒါတဗ္ဗန္တိ အတ္ထော။ ဝိ၊ ဝိနိစ္ဆယ၊ ဋီ၊ နှာ။ ၇၆။

## အာဘောဂနှင့် သံဝဏ္ဏနာ

ဘဏ္ဍံ ဒါတဗ္ဗံ-ဖြင့် ဒေယျပုဒ်ကို ဒါတဗ္ဗန္တိ ဒေယျံ ဟု ကမ္မသာဓ်ဝစနတ္ထပြု ချမည်-ကိုလည်းကောင်း[၁]၊ ဏျပစ္စည်း၏ ကမ္မသာနေ၌သက်သည်—ကိုလည်း

http://www.dhammadownload.com



ကောင်း²၊ ဘဏ္ဍနှင့် ဒေယျ-ကို ဘဏ္ဍဉ္စ တံ ဒေယျဉ္စာတိ ဘဏ္ဍဒေယျံ ဟု ဝိသေသနပရနိပါတ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း³ သိစေသည်။

တဒေဝ-ဖြင့် ဘဏ္ဍအရ ပျောက်ပျက်သွားသော ဘဏ္ဍာနှင့် အလားတူ ဘဏ္ဍာကို ယူရမည်-ကိုလည်းကောင်း¹၊ ဘဏ္ဍမိဝယာတိ ဘဏ္ဍံ ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည်-ကိုလည်းကောင်း²၊ ဣဝပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌ သက်သည်ကိုလည်းကောင်း³ သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓေ နတ္ထ။ ၃။ ပစ္စယတ္ထ။

ယံ ပရဿ နဋ္ဌံ၊ တဿ မူလံ-ဖြင့် ဘဏ္ဍအရ ပျောက်ပျက်သွားသော ဘဏ္ဍာကိုယူရမည်-ကိုလည်းကောင်း¹၊ ဒေယျအရ (ပျောက်သွားသောဘဏ္ဍာ၏) ပေးသင့်သောတန်ဖိုးကို ယူရမည်-ကိုလည်းကောင်း²၊ ဘဏ္ဍနှင့်ဒေယျကို ဘဏ္ဍဿ ဒေယျံ ဘဏ္ဍဒေယျံ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း³ သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓေယျတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ဝါ တဒေဝ ဝါ-၌ ဝါ-သဒ္ဒါ ၂ ခုဖြင့် ဘဏ္ဍဒေယျဉ္စ ဘဏ္ဍဒေယျဉ္စ ဘဏ္ဍဒေယျံ-ဟု သဒ္ဒသရူပေကသေသတဒ္ဓိတ် ဝစနတ္ထပြုရမည် ဟု သိစေသည်။ (အဘိဓာနတ္ထ။ တဒ္ဓိတလိင်္ဂပဒ။)

ဘဏ္ဍဒေယျံ။ ။ပျောက်ပျက်သွားသော ဘဏ္ဍာ၏ ပေးသင့်ပေးထိုက်သော တန်ဖိုး, အစားပေးအပ်သော (အစားပေးရမည့်) ဘဏ္ဍာနှင့်အလားတူ ဘဏ္ဍာ၊ ဝါ-ဘဏ္ဍာစား။

နည်းနှင့်ဥပစာ။ ။အတူဖြစ်သော ပျောက်ပျက်သွားသော ဘဏ္ဍာ၏ ဘဏ္ဍအမည်ကို အကူရှိသော အလားတူဘဏ္ဍာ၌ တင်စား၍ အတူရှိသော အလားတူဘဏ္ဍာကို ဘဏ္ဍဟု ဆိုသောကြောင့် သဒိသူပစာ။

မှတ်ချက်။ ။ဘဏ္ဍပုဒ်၊ ဘဏ္ဍဒေယျပုဒ်တို့၌ ကေသေသနည်း ရသည်။

## ဂိဝါနှင့်ဘဏ္ဍဒေယျအထူး

ဆရာတို့ကား "ခိုးယူ၍ ပျောက်လေပြီးသော ဥစ္စာ၏အဖိုးကို ပေးသည်ကား ဂိဝါမည်၏။ ထိုခိုးအပ်သောဘဏ္ဍာကိုပင် ပေးအပ်သည်ကား ဘဏ္ဍဒေယျမည်၏" ဟု မိန့်ကုန်၏။ (၁၂၈၉-ခုရိုက် သီလုံးဆရာတော်ရေး၊ ကခါထွက်ပုံတက်ပုံကျမ်း။ ၂၅၆။ ပညာသိပ္ပံပုံနှိပ်တိုက်။ ဆိုင်းတန်း၊ မန္တလေး။)

http://www.dhammadownload.com



**အာစရိယဝါဒ**။ ။ဘဏ္ဍဒေယျဆိုသည်မှာ ပြန်မပေးလျှင် မဖြစ်၊ ပြန်ပေးကို ပေးရမည်။ ပြန်မပေးက ပါရာဇိကကျသည်။ ဂီဝါ-မှာကား ဘဏ္ဍဒေယျနှင့် အလားတူဂီဝါ။ ဘဏ္ဍဒေယျနှင့်မတူ၊ ပြန်မပေးစေကာမူ ပါရာဇိကမကျသောဂီဝါဟု ၂-မျိုးရှိကြောင်း မှတ်သားခဲ့ဖူး၏။ **ကင်္ခါယော၊ မဟာဋီ။ ဒုတိယ**။ ၄၅-၌ တမျိုးဖွင့်သေး၏။

---

(က)ဩမင္ဒ နာမ-လ-ဥဇုဂတံ သိဒ္ဓံ။ (ခ) တတြ-လ-ပါရာဇိကံ။ (ဂ)ကသ္မာ ယသ္မာ-လ-ပါရာဇိကံ။ (ဃ) ဥမ္မင္ဒသာ-လ-ဂဠေတေ ပါရာဇိကံ (င) တသ္မိံ ယာဝ-လ-တာဝကုမ္ဘိဂတမေဝ ဟောတိ။ ဋ္ဌ။ ၂၇ဂ။ (၁၃၄၁-ခုသကျသီဟမေးပြီး ဝါကျ။)

## ဝါကျခွဲနှင့် ကျမ်းတက်

ခ—ဝါကျစသည်ကား ဝိတ္ထာရ၊ ထို-၍ က—ဝါကျကား သခေ်ပ။

ဂ—ဝါကျတွင် ကသ္မာကား ပုစ္ဆာ။ ယသ္မာ လ—လဘတိကားဝိသဇ္ဇနာ။ ယသ္မာ—လ-လဘတိ-ကား ကာရဏ။ ထို-၍ တတြ-လ-ပါရာဇိကံကား ဖလဝါကျ။ တတော-လ-ဟောတိကား အန္ဝယ။ န-လ-လဘတိကား ဗျတိရေက။

ဃ-ဝါကျကား ပက္ခန္တရ ထို-၍ ခ-ဝါကျကား ပက္ခ။

င-ဝါကျကား ယုတ္တိဒဠှီကရဏ။ ထို ၍ ဃ-ဝါကျကား ယုတ္တိဒဠှိယ။

---

## အာဘောဂနှင့် သံဝဏ္ဏနာ

က—ဝါကျ၌ အဓောမုခဆိုဒ္ဓံ-ဖြင့် ဩမင္ဒ ပုဒ်ကို အဝမသိ ယတေတ ဩမင္ဒ ဟု ဝစနတ္ထပြု၍ ဩမင္ဒအရ အောက်သို့ ရှေးရှုသော အပေါက်ကို ယူရမည်-ကိုလည်းကောင်း[၁]၊ ဩသဒ္ဒါ၏ အဝသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၂]၊ အဝဥပသာရ၏ အဓောမုခအနက် ဟောသည်—ကိုလည်းကောင်း[၃] သိစေသည်။

၁။ အာဒေသျေဓ္ဓ။ ၂။ သန္နိလိင်္ဂပဒ။ ၃။ ဥပသဂ္ဂလိင်္ဂ။

† မသ အာမသနေ ဝိဇ္ဈနေ စ။ မသီယိတ္ထာတိ မင္ဒော။ လ-ဩမင္ဒော။ ဥမ္မင္ဒော။ နိရုတ္တိ။ နှာ။ ၄၉၂။

က—ဝါကျ၌ ဥဒ္ဓံ မုခဆိုဒ္ဓံ-ဖြင့် ဥမ္မင္ဒပုဒ်ကို ဥဒ္ဓံ မသီယတေတိ ဥမ္မင္ဒ ဟု ဝစနတ္ထပြု၍ ဥမ္မင္ဒအရ အထက်သို့ ရှေးရှုသော အပေါက်ကို ယူရမည်—ကိုလည်းကောင်း၊ ဥ-ဥပသာရ၏ဥဒ္ဓံမုခ အနက်ကိုဟောသည် ကိုလည်းကောင်း[၁]၊ မ—ဒွေဘော်လာသည်—ကိုလည်းကောင်း[၂] သိစေသည်။

၁။ အာဒိဓေယျဓ္ဓ ၂။ ဥပသဂ္ဂယိင်္ဂ။ ၃။ သန္နိလိင်္ဂပဒ။

http://www.dhammadownload.com


က-ဝါကျ၌ ဥဇုဂတဆိဒ္ဓံ-ဖြင့် ဝေမင္ဂံပုဒ်ကို ဝိမသိယတေတိ ဝိမင္ဂါဝိမင္ဂံ ယေဝ ဝေမင္ဂံ-ဟု ဝစနတ္ထပြု၍ ဝေမင္ဂအရ ဩမင္ဂ ဥမ္မင္ဂ အပေါက်တို့နှင့် မတူ၊ တမူထူးခြားသော ဖြောင့်ဖြောင့်သွားသော အပေါက်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဩမင္ဂံ။ ။အောက်သို့ရှေးရှုသော အပေါက်၊ ဝါ-အောက်၌ မျက်နှာ၀ ရှိသော အပေါက်၊ ဝါ-အောက်ပေါက်။

ဥမ္မင္ဂံ။ ။အထက်သို့ ရှေးရှုသော အပေါက်၊ ဝါ-အထက်၌ မျက်နှာဝ ရှိသော အပေါက်၊ ဝါ-အထက်ပေါက်။

ဝေမင္ဂံ။ ။ဩမင္ဂ ဥမ္မင္ဂတို့နှင့် မတူ အထူးဖောက်အပ်သော အပေါက်၊ ဝါ-(မွတ်၏ အပေါက်ကဲ့သို့) ဖြောင့်ဖြောင့်သွားသော အပေါက်၊ ဝါ-အလယ်ပေါက်။

---

## ⊛ ပါဌ်ဝိနိစ္ဆယ

ဥလုက်၊ ဥလုံ၊ ဥဠုက်၊ ဥဠုင်္။ ။ဥလဓာတ်+ဥကပစ္စည်း။ ပုလ္လိင်။ ဥလတိ သမံ ဝေတိ ဥဒကမေတ္တ (ထောမ) ဟု ဖွင့်ပြသောကြောင့် ဥလုက်ပါဌ်သင့်သည်။ လ-နှင့် ဠ-အထူးမရှိဟု ဆိုသောကြောင့် ဥဠုက်လည်း သင့်သည်။

---

## ⊛ နည်းနှင့် ဥပစာ

ဂန္ဓိတမတ္တမေဝ ဗဟိဂတံ။ ။အကျိုးဖြစ်သော အပသို့ရောက်သောဆီ၏ ဗဟိဂတံ နာမ အမည်ကို အကြောင်းဖြစ်သော ရွှေလျှောကာမျှ ဆီ၌ တင်စား၍ အကြောင်းဖြစ်သော ရွှေလျှောကာမျှ ဆီကို ဗဟိဂတံ နာမ ဟု ဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

မုဋ္ဌရေန ပေါထေတွာ။ ။ဌ။ ၂၇၉။ အစိတ်ဖြစ်သော ဆောက်ပုတ်၏ မုဋ္ဌရေန အမည်ကို အပေါင်းဖြစ်သော ရိုက်ခွဲစရာ အရာဝတ္ထု မှန်သမျှ၌ တင်လေ။ ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။ (ဥပလက္ခဏနည်း။)

ကုမ္ဘိဇဇ္ဇရကရဏေန။ ။အပေါင်းဖြစ်သော ဆီဖြင့် ပြည့်သော အိုး၊ မပြည့်သော အိုးတို့၏ ကုမ္ဘိအမည်ကို အစိတ်ဆီဖြင့် ပြည့်သော အိုး၌ တင်။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

မာတိကာဥဇုကရဏေန။ ။အပေါင်း ရေဖြင့်ပြည့်သောမြောင်း, ရေဖြင့် မပြည့်သောမြောင်းတို့၏ မတိကာအမည်ကို အစိတ်ရေဖြင့် ပြည့်သောမြောင်း၌ တင်။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ ဋ္ဌ။ ၂၈၃-အဖွင့်ရှုလေ။

http://www.dhammadownload.com


စီဂရုဂံသော ဂါ။ ဠ။ ၂၈၃။ အစိုက်ဖြစ်သော သက်နီးဂါးကန်း၏ စီဂရုဂံသော အမည်ကို အပေါင်းဖြစ်သော သက်န်းဝါးတန်း သစ်သားတန်းစသည်၌ တင်။ ကေဒေသူပစာ။ ဝါ–အဝယဝူပစာ။ ဠ။ ၂၈၃–အဖွင့်ရှုလေ။

(က) နာဝဋ္ဌေ ပဋ္ဌမံ–လ–အာဟ။ (ခ) တသ္မာ ဣလ–လ–ဝေဒိတဗ္ဗော။

(ဂ) သီမာသမ္ဗန္ဓနေ–လ–ဝဋ္ဋတိ။ (ဃ)ဣလ ပုန–လ–နာဝါတွေဝ ဝုစ္စတိ။ ဠ။ ၂၈၉

## ဝါကျခွဲနှင့် ကျမ်းတက်

က–ဝါကျကား အနုသန္ဓိဝါကျ။

ခ–ဝါကျကား လဒ္ဓဂုဏ်။ ထို–၍ က–ဝါကျကား လဒ္ဓဂုဏီယ၊ ဝါ–ကာရဏ။

ဂ–ဝါကျကား (နဒီပါရသိမ်သမုတ်ရာ၌ အပ်သောလှေအထူးကို ပြသော ကြောင့်) ဝိသေသဝါကျ။ ထို–၍ ခ–ဝါကျကား သာမည။

ဃ–ဝါကျကား ဝါကျာရမ္ဘ။ ထို–၍ ဂ–ဝါကျကား အာရဗ္ဘ။

## ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

နာဝါ ။ ။ နဝတိ တရတိ ယာယာတိ နာဝါ။

မှတ်ချက်။ ။ နာဝါ နာမ ယာယ တရတိ ဟူသောပါဠိတော်၊ နု ထုတိယံ နဝတိ။ နီတိ၊ ဓာ။ ၁၁၂။ ကိုထောက်၍ ဓာတွန် အနေကတ္ထတ္တာ ပရိဘာသာအရ အရာဌာနအားလျော်စွာ နုဓာတ်ကို တရဏအနက်ယူ၍ ဝိဂ္ဂဟပြုသည်။ ဂဠုန်ပျံ၌ ဩရတော ပါရံ နေတီတိ နာဝါ–ဟု နီဓာတ်ကြံသည်။ ဓာန်၊ ဋီ၊ သူစိတို့၌ကား နု ထုတိယံ အ–ဟု ဆိုသည်။

နာဝဋ္ဌ။ ။ နာဝါယံ တိဋ္ဌတီတိ နာဝဋ္ဌ (ဘဏ္ဍံ)။ နာဝါသဒ္ဒူပပဒ+ ဌာ+ကွိ။

ဒေါဏိ (ဏီ)။ ။ဒုဓာတ်+ဏိပစ္စည်း။ နာဒါဒိ ဤသက်လျှင် ဒေါဏီ။ မသက်လျှင် ဒေါဏိ။ ဒေါဏိ ဝေ ဒေါဏိကာ ဟု သွတ္တဆင့်။ (မောဂ်၊ ၇။ ၆၁)

ဝေဏု၊ ဝေနု။ ။ ဝေဓာတ်+ဏု(နု) ပစ္စည်း။ ဝေ တန္တသန္တာနေ–ဝါယတီတိ ဝေဏု ဝေနု ဝါ။ ရူ–ကိုထောက်၍ ၂–ချက်သင့်။

http://www.dhammadownload.com


❀ အာဝေါဂနှင့် သံသဏ္ဍာန်

က–ဝါကျ၌ ယာဃ တရတိ–ဖြင့် နာဝါ၌ နဲ့တတ်သည် ထုတိအနက်ကို ဟောသော်လည်း ဓာတ္တုနံ အနေကတ္ထတ္တာ–ဟူသော ပရိဘာသာကြောင့် ဤ၌ ကူးမြောက်ခြင်း တရဏအနက်ကို ဟောသည်–ကိုလည်းကောင်း၊ နဝတီတရတိ ယာယာတိ နာဝါဟု ကရဏသာဓနဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေသည်။

၁။ ဒုတိယတတ္တတ္ထ။ ။ အဘိဓာနတ္ထ။ ။ ဒုတိယပစ္စယတ္ထ။

ခ–ဝါကျဖြင့် နာဝါအရ နိုလတ္ထအားဖြင့် ပကတိလှေကိုသာ ယူရသည် မဟုတ်သေး၊ နေယျတ္ထအားဖြင့် တဘက်ကမ်းသို့ ကူးမြောက်ကြောင်း ကူးစရာ ဆေးဆိုးကျင်း, ဝါးစည်း စသည်တို့ကိုလည်း ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

---

❀ ပါဠိဝိနိစ္ဆယ

မဒနဖလ ဝသာဒီနိ။ မဒ္ဒနဖလ ဝိသာဒီနိ။ ။ မဒ္ဒန ဖလဝသာဒီနိတိ ဧတ္ထ– သီဟဠဘာသာ ကိရ ဝသဏ္ဍတိ ဝိသင်္တိ အတ္ထော (ပဇိ၊ ၁၃၀)။ ဤဋီကာ အလို သီဟဠဘာသာ၌ ဝသယဒ္ဓါသည် အဆိပ်ကိုဟော၏။ ပါဠိဘာသာ၌ ဝိသသဒ္ဒါ အဆိပ်ဟော၏။ ထိုအဆိပ်ဟောခြင်း တူသောကြောင့် ၂–ပါဠိလုံးကိုပင် "သမင်စာ သီးအဆိပ်စသည် တို့ကို"ဟု အနက်တူပြန်နိုင်သည်၊ ထို့ကြောင့် ၂–ပါဌ်သင့်သည်။ မရဏဖလဝသာ ဒီနိ ရှိသောပါဌ်ကား မသင့်။

ပ္လဝဂ္ဂါ။ ပိလဝဂ္ဂါ။ ။ ပလုဓာတ်+အဂ္ဂပစ္စည်း။ ဥ–ကို သြပြု၊ သြကို အဝ–ပြု၊ ဟနတိမှ ဟဂ္ဂါ၊ ကိလေသောမှ က္လေသော ဖြစ်သကဲ့သို့ ပလဝဂ္ဂါမှ ပ္လဝဂ္ဂါ ဖြစ်လာသောကြောင့် ပ္လဝဂ္ဂါရှိသော ပါဌ်သာသင့်သည်။

ခဏိတွာ ဝါ၊ ခဏိတာ ဝါ။ ။ အန္တောခဏိတာတိ ပဒံ၊ ဓုဝနာဝါတိ ပဒဿ ဝိသေသနံ၊ ခဏိတွာတိပိ အတ္ထိ၊ ကတာတိ ပဒေ ပုဗ္ဗကာလ ကြိယာ။ (ပါရာ၊ ယော။ ၁၅၆။) ဤအလို–အန္တောခဏိတာ ဟုရှိလျှင် အန္တောခဏိတာ၊ အတွင်း၌ ထွင်းအပ်သော။ ဓုဝနာဝါ၊ သည်။ ဝဋ္ဋတိ၊ ၏။ ဟု ဓုဝနာဝါပုဒ်၌ ဝိသေသနစပ်။ ခဏိတွာ–ဟုရှိလျှင် ကတာ၌ ပုဗ္ဗကာလ ကြိယာဝိသေသနစပ်။ ယင်းသို့ ၂–ချက်စပ်၍ အဓိပ္ပါယ် ၂–မျိုးရသောကြောင့် ၂–ချက်သင့်။

---

http://www.dhammadownload.com



### ❀ နည်းနှင့် ဥပစာ

အစိတ်ဖြစ်သော ပကတိလေ့၏ နာဝါအမည်ကို အပေါင်းဖြစ်သော ပကတိလေ့နှင့်တကွ တဘက်ကမ်းသို့ကူးစရာ ဆိုးကျင်း ဝါးစည်းစသည်တို့၌ တင်စား၍ အပေါင်းဖြစ်သော ပကတိလေ့နှင့်တကွ တဘက်ကမ်းသို့ကူးစရာ ဆိုးကျင်း ဝါစည်း စသည်တို့ကိုလည်း နာဝါ–ဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါအဝက္ခူပစာ။ (ဥပလက္ခဏာနည်း။)

ဂရုဠပက္ခက။　။ ၄ ။ ၁၉၁ ။ အတူဖြစ်သော ဂဠုန်ဇောင်၏ ဂရုဠပက္ခ က အမည်ကို အတူရှိသော လှည်းအမိုး၌ တင်စား၍ အတူရှိသောလှည်း ဂရုဠပက္ခ ဟု ဆိုသောကြောင့် သဒိသူပစာ။

ဂရုဠပက္ခနယေနာတိ ဂရုဠပက္ခသဒိသေန။ ပါရာ၊ ယော။ ၁၇၁။

သီသဘာရ။　။ ၄ ။ ၂၉၃ ။ အစိတ်ဖြစ်သော ဦးခေါင်း၏ သီသအမည် ကို အပေါင်းဖြစ်သော ရှေ့လည်ပင်း၌ လည်မျို (ရေမျို)မှ အထက်၊ နောက် လည်ပင်း၌ ဆံပင်ဖျားအမွေးမှ အထက်၊ လည်ပင်း၏ နံပါး ၂–ဘက်တို့၌ နားပန်းဆံ တို့၏ အောက်အဖို့မှ အထက်တို့၌ တင်စား၍ ယင်းရှေ့လည်ပင်း၌– လ–အောက် အဖို့မှ အထက်ဟူသော အပေါင်းကို သီသဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ–အဂယဝူပစာ။ (ဥပလက္ခဏာနည်း။)

ကဏ္ဏစူဠိကာ ။　။ ၄ ။ ၂၉၃ ။ ဌာနဖြစ်သော နားရင်း၏ ကဏ္ဏစူဠိကာ အမည်ကို ဌာနီဖြစ်သော နားရင်း၌ ပေါက်သော အမွေး၊ ဝါ–နာပန်းဆံ၌တင်စား၍ နားရင်း၌ပေါက်သော အမွေး၊ ဝါ–နားပန်းဆံကို ကဏ္ဏစူဠိကာ–ဟု ဆိုသောကြောင့် ဌာနူပစာ။ (နာနန္တရိကနည်း။)

စူဠိကာ ။　။ အတူဖြစ်သော ဆင်နားရင်း၏စူဠိကာ အမည်ကို အတူရှိ သော အခြားပုဂ္ဂိုလ်တို့၏ နားရင်း၌ တင်လေ။ သဒိသူပစာ။ ကဏ္ဏမူလံ တု စူဠိကာ– ဟူသော ဓာန်ကိုထောက်၍ ဥပစာကြံသည်။

---

(က) ဝေတသု ဝဿိကာဒိနံ ပုပ္ဖနဝ်ာ ပုပ္ဖရာမော။ (ခ) အမ္ဗဖလာဒီနံ ဖလနကော ဖလာရာမော။ဋ္ဌ။ ၂၉၄။

### ❀ အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျဖြင့် ပုပ္ဖါနံ ပုပ္ဖနကော အာရာမော ပုပ္ဖါရာမောဟု မဇ္ဈေ လောပီဆဋ္ဌီတပ္ပုရိသ်သမာသ် ဝဇနတ္တပြုရမည်ကို လည်းကောင်း[၁]ပုပ္ဖအရ မိုးစွေ့ပန်းစသော ပန်းဟူသမျှကို ယူရမည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။

http://www.dhammadownload.com


ခ-ဝါကျဖြင့် ဖလာနံ ဖလနကောအာရာမော ဖလာရာမော-ပြုရမည် ဟု ပြ။ က-ဝါကျအာဘော်နည်းမှီး၍ ၂-ချက် ဖော်လေ။

မူလံ။ ။ အစိတ်ဖြစ်သော အမြစ်၏ မူလအမည်ကို အပေါင်းဖြစ်သော အမြစ် အဖု အဥတို့၌တင်။ ကေဒေသူပစာ။ ဝါ-အဝယဝူပစာ။ (ဥပလက္ခဏနည်း။)

ဟန္ဒော်ပိ မူလေနေဝ သင်္ဂဟိတော။ ဌ။ ၁၉၄။

(က) ဓမ္မံ စရန္တောတိ-လ-ဝိနိစ္ဆယံ ကရောန္တော။ (ခ) သာမိကံ ပရာဇေတိ -လ-ဇိနာတိတိ အတ္တော။ (ဂ) အာပတ္တိပါရာဇိ-ကဿ-လ-သဗ္ဗာသံ ပါရာဇိကံ။ (ဃ) တွေ့ စ သာမိကဿ-လ-ဝေ ဒီတဗ္ဗော။ (င) အနိက္ခိတ္တ-လ-ဟောတိ။ (စ) ဓမ္မံ-လ-ပါပုဏာတိ။ ဌ။ ၂၉၅။

## ❁ ဝါကျခွဲနှင့် ကျန်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ခ-ဝါကျကား ပက္ခ။

ဂ-ဝါကျတွင် န ကောလံ လ-တဿေဝကား ဗျတိရေက။ သဒ္ဓိစ္စ-လ-ပါရာဇိကံကား အနွယ။

ဃ-ဝါကျ ဝါကျာရမ္ဘ။ ထို-၍ ဂ-ဝါကျ အာရဒ္ဓ။

င-ဝါကျကား ယုတ္တိဒဠှီကရဏ။ ထို-၍ ဃ-ဝါကျကား အနွယ။

## ❁ ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

ကူဋဝိနိစ္ဆယိကာနံ။ ။ ကူဋော ဝိနိစ္ဆယော ကူဋဝိနိစ္ဆယော။ ကူဋဝိနိစ္ဆယေ နိယုတ္တာ ကူဋဝိနိစ္ဆယိကာ။

ကူဋဝိနိစ္ဆယိကာနန္တိ ကူဋဝိနိစ္ဆယေ နိယုတ္တာနံ ဝိနယဓရာနံ။ သာရတ္ထ၊ ၂။ ၁၄၃။

## ❁ အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ဝိနိစ္ဆယံ-ဖြင့် ဓမ္မအရ အဆုံးအဖြတ်တရားကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

က-ဝါကျ၌ ကရောန္တော-ဖြင့် စရန္တော၌ စရဓာတ်သည် လားခြင်း စား ခြင်းအနက်တို့ကို မဟော၊ ပြုကျင့်ခြင်းအနက်ကို ဟောသတည်းဟု သိစေသည်။ (ဒုတိယ ဓာတွတ္ထ။)

http://www.dhammadownload.com


စရ စရဏေ။ စရ တိဘက္ခဏေသု။ နီတိ၊ ဓာ။ ၁၄၇။

ခ–ဝါကျ၌ ဓိနာတိ–ဖြင့် ပရာဓေတိ၌ ပရာ ဥပသာရ၏ ဓာတွတ္ထာ–နုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊ ဓိဓာတ်၏ ပရာဇယ အနက်ဟောသည်–ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

မှတ်ချက်။ ။ ဤကား ဓိ ဘူ ကိ ဇယ ပရာဇယေ။ (ဓာတွတ္ထ) ဟူသည်နှင့် အညီ ဓိဓာတ် ပရာဇယအနက်ဟောရာ၌ အာဘော်တည်း။

တနည်း။ ။ ပရာဓေတိ၌ ပရာဥပသာရသည် ဓာတွတ္ထဗာဓက ဖြစ်၍ ဓိဓာတ်သည် ပရာဇယအနက်ကို ဟောသည်ဖြစ်၍–

ဓိနာတိဖြင့် ပရာဓေတိ ရှုံးစေ၏ ဟူသည် ဓိနာတိ=ဓာရားစွဲသောသူက အရှုံပိုင်ရှင်ကို အနိုင်ယူခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေသည်။ (ဘာဝတ္ထ။)

စ–ဝါကျ၌ ပရာဇယံ ပါပုဏာတိ–ဖြင့် ပရဇ္ဇတိ–၌ ပရာရှေးရှိသော ဇိဓာတ် ၏ အဖြစ်ကိုလည်းကောင်း၊[၁] ယင်း ဇိဓာတ်၏ ပရာဟူသော ဥပသာရကြောင့် ရှုံးခြင်းအနက်ကိုဟောသည်–ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ဓာတုပဒ။ ၂။ ဓာတွတ္ထ။

မှတ်ချက်။ ။ ဇိဓာတ်သည် ဇေတိ၊ ဇယတိဟု ဘူဝါဒိရုပ်၊ ဇိနာတိ–ဟု ကိယာဒိရုပ်၊ ဤနှစ်မျိုးသာ ဓာတ်ကျမ်းတို့၌ အတွေ့များသည်။ ဤပရဇ္ဇတိ ဟူသော ရုပ်ကား အကမ္မကဒိဝါဒိရုပ်ကဲ့သို့ ဖြစ်၏။ ဓာတွတ္ထဟာဂ်ဟ။ နှာ။ ၁၅၂–အမှာ ကြည့်ပါ။

---

### ◉ ပါဠိဝိနိစ္ဆယ

ဥက္ကောစ၊ ဥက္ကောဋံ။ ။ ဥက္ကောစ = ဥပုဗ္ဗ+ကုစဓာတ်+ဏ ပစ္စည်း။ ဥက္ကောဋ=ဥပုဗ္ဗကုဋဓာတ် ဏ ပစ္စည်း။ ဤနှစ်ပုဒ်လုံးသည် တံစိုးလက်ဆောင် အနက်ဟော ပုဒ်များ ဖြစ်ကြောင်း ပါရာ၊ ယော၊ ၁၇၂–၌ ဥက္ကောစ ဥက္ကောဋန္တိ စ ဒွေ ပရိယာယာ–ဟု ဆိုသောကြောင့် လည်းကောင်း၊ ဒီ၊ ၃၊ ၁။ ၇၈။ မ၊ ၃၊ ၁၁၅။ သိ၊ ဋီ၊ သစ်၊ ၁။ ၃၅၂–တို့၌ ဥက္ကောဋနသဒ္ဒါ လဥ္စဂ္ဂဟဏ=တံစိုးလက်ဆောင်ယူခြင်း အနက်ဟောနိုင်သည်ဟု ဆိုသဖြင့် ဥက္ကောဋသဒ္ဒါသည်လည်း ယင်း လဥ္စဂ္ဂဟဏ အနက်ကိုဟောနိုင်သောကြောင့် လည်းကောင်း ၂–ပါဠိသင့်သည်။

http://www.dhammadownload.com


အာပတ္တိ ပါရာဇိကဿ။ ။ အစိတ်ဖြစ်သော တရားစွဲဆိုသော ရဟန်း၏ အာပတ္တိပါရာဇိကဿ ဟူသောအမည်ကို အပေါင်းဖြစ်သော တရားစွဲဆိုသော ရဟန်း၊ ကူဋဝိနိစ္ဆယိကရဟန်း, ကူဋသက္ခိရဟန်းတို့၌ တင်စား၍ အပေါင်းဖြစ်သော တရားစွဲ–လ–ကူဋသက္ခိရဟန်းတို့ကို အာပတ္တိ ပါရာဇိကဿ ဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ–အဝယဝူပစာ။ (ဥပလက္ခဏနည်း။)

